သံလျင်မြို့မှ ဝိနယကျင့်ဝတ် သိက္ခာပုဒ်တို့

မညှိုးမပျက်ရန်လိုလား ဆန္ဒတူ သုတေသန ဆရာတော်များ

စုရုံးရေးသားအပ်သည့်

အရုဏသုတေသနစာတမ်းမည်သော

# အရုဏဋ္ဌ ပဒ္ဒီကာဋီကာ

## ရည်သန်ချက်

စာသင်တိုက် ကမ္မဋ္ဌာန်းတိုက်များနှင့် ဆွမ်းလောင်းသင်းများအား

ဓမ္မဒါနအဖြစ် ဖြန့်ဝေရန်။

၁၃၃၇-ခု။

ဣဋ္ဌာသယ ပိဋကတ် စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ဓမ္မဒါန ပထမအကြိမ်

၁၃၇၁၀

သံလျှင်မြို့မှ

ဝိနယကျင့်ဝတ် သိက္ခာပုဒ်တို့ မညှိုးမပျက်ရန် လိုလား

ဆန္ဒတူ သုတေသန ဆရာတော်များ

စုရုံးရေးသားအပ်သည့်

အရုဏ သုတေသနစာတမ်းမည်သော

# အရုဏဿ ပဋိကာဋီကာ

---

**ရည်သန်ချက်**

စာသင်တိုက် ကမ္မဋ္ဌာန်းတိုက်များနှင့်

ဆွမ်းလောင်းသင်းများအား

ဓမ္မဒါနအဖြစ် ဖြန့်ဝေရန်။

၁၃၃၇-ခု။

ဣဋ္ဌာသယ ပိဋကတ် စာပုံနှိပ်တိုက်
အမှတ် ၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၉၇၇၁)

ကင်းလွတ်ခွင့်အမှတ် (၀၃၀၀၂)

ထုတ်ဝေသူ.... ဦးညို ၁၇-စပါယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ .... ဦးသန်းမောင် (၀၇၉၄)
အမှတ် ၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ဣစ္ဆာသယ ပိဋကတ် စာပုံနှိပ်တိုက်၊
အမှတ် ၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ပဌမအကြိမ် စာအုပ်ရေ- ၁၀၀၀။

## ဓမ္မဒါန

၁၃၄၀-ခု၊ ကဆုန်လ။ ၁၉၇၈-ခု၊ မေလ။

# နိဒါန်း

---

နမော ဝိနယညုနော လောကနာထဿ။

* အရုဏ်ဆိုတာ ဘာလဲ၊
* အရုဏ် ဘယ်အချိန်မှာ တက်ပါသလဲ၊
* အရုဏ်နှင့် ဗုဒ္ဓ၏ဝိနယဥပဒေတော် ဘယ်လိုဆက်စပ်ပါသလဲ၊
* အရုဏ်တက်-မတက် အမှန်သိရှိအောင် ဘယ်လိုတိုင်းတာယူရမှာလဲ၊
* အရုဏ်ချိန်၌ ရှေးဟောင်းလက်ဘတို့သည် အတိအကျ ပြုလား၊ ခန့်မှန်းချက် ပြုလား၊

အထက်ပါ အမေးပုစ္ဆာ ပြဿနာ ၅-ချက်ကို ပြေလည်အောင် ဖြည့်စွမ်းနိုင်မည့် အရာကတော့ (အရုဏတ္ထပဋိကာဋီကာ)ခေါ် ကျမ်းစာစောင်ငယ်ပင် ဖြစ်ပေသည်။ ဤကျမ်းစာစောင်ငယ် ပေါ်ထွက်လာရပုံကို အနည်းငယ် ဖော်ပြရမည်ဆိုသော်-

တြိဥက္ကဋ္ဌ-ဝိသုဒ္ဓိနတ်စစ် ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွင်ထား စေဘုရားသည် ပဏိဓာန အာဒိစ၍ သုံးပါးဆယ်လီ ပါရမီနှင့် သုံးလီစရိယ ငါး၀ ပရိစာဂါ အပြာပြာသော ဗုဒ္ဓဖြစ်ကြောင်း တရားကောင်းတို့ကို သခ်ျေလေးရပ် တသိန်းကပ် ကာလပတ်လုံး မဆုတ်မနစ် အားသစ်ကြိုးပမ်း မနားတမ်းစုဆောင်းခြင်းကြောင့် ဘဒ္ဒမည်သာ ဤကမ္ဘာတွင် သညာသကျ ဂေါတမဟု သမ္ဗုဒ္ဓစင်စစ် ဖြစ်ပြီးသောခါ ကျွတ်ထိုက်သူ များဗိုလ်လူကို ကယ်ယူဆုံးမ (၄၅) နှစ်တိုင်တိုင် ဟောညွှန်ပြခဲ့သော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်သုံးဖြာတွင် သာသနာတော်၏အသက်ဟု အဆက်ဆက် ဆရာတော်များ မိန့်ကြားခဲ့ကြသည့် ဝိနည်း ပိဋကတ်သည် သာသနာ့ဝန်ထမ်း ရှင်ရဟန်း ဟူသမျှတို့ ရှောင်လွှဲ၍ မရဘဲ အသက်နှင့်ထပ်တူ ကျင့်ရမည့် သီလသိက္ခာ ကျင့်စဉ်ကြီး ဖြစ်သည်ကို အထူးဖော်ပြဘွယ်ပင် မလိုတော့ပါ၊ သာသနာ အရှည်တည်ကြောင်း ကျင့်စဉ်ကောင်းကြီး အစစ်ဖြစ်သည့် ထိုဝိနည်းတွင်-

## သူမပါ မပြီး အရေးကြီး

မပါလျှင်မပြီး အရေးကြီးသော(အရုဏ)ဟူသော (ဝါ)(အရုဏ်)ဟူသော ဝေါဟာရစကားလုံး စာပိုဒ်တိုကလေးနှင့် သက်ဆိုင်သော သိမှက်ဖွယ်ရာ ကိစ္စ

ရပ်များပင် ဖော်မပြလျှင်မပြီး ခေတ်အချိန်ကာလနှင့် ကိုက်၍ အရေးတကြီး လိုအပ်သော ကိစ္စရပ် ဖြစ်ကြောင်းကိုလည်း အနည်းငယ် ရှင်းပြရမည်ဆိုသော် အရုဏခေါ် အရုဏ်ကိစ္စသည် သာသနာတော်၏အသက် ဖြစ်ပါသည်ဆိုသော ဝိနည်း ပညတ်တော်ကို–

## ဝိနည်းကိစ္စ ငါ့ကိစ္စ

ဗုဒ္ဓဘုရားရှင်သည် တပည့်သာဝကတို့အား တာဝန်မလွှဲ ဗုဒ္ဓ ကိစ္စအဖြစ် ကိုယ်တော်တိုင် တာဝန်ယူပညတ်တော်မူသော ဗုဒ္ဓဘုရားရှင်၏ ဘုရားအဖြစ်သို့ ရောက်တော်မူချိန်မှအစ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ မှီရာနိဿယ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးနှင့်ဆိုင်ရာ ဝိနယပညတ်တော် များစွာ တို့မှာလည်း အရုဏ်နှင့်ဆက်စပ်၍ ပညတ်တော်မူခြင်း၊ လူဒါယကာ ဒါယိကာမ များ၏ ဒါနပြုခြင်းနှင့် ဥပုသ်စောင့်သုံးခြင်း ဆိုင်ရာတို့မှာလည်း (အရုဏ်) နှင့် ဆက်စပ်နေသည့် အရာများစွာရှိနေသည်ကို ထောက်ဆသော် ဗုဒ္ဓ ဘုရားရှင်၏ ဝိနယဥပဒေတော်နှင့် (အရုဏ်)တို့သည် မည်မျှဆက်စပ်၍ (အရုဏ်) မပါလျှင် မပြီး အရေးတကြီးကိစ္စတရပ်ဖြစ်ကြောင်းမှာ လယ်ပြင်ဆင်သွားသလို ထင်ရှား လှပါသည်။

## ခုမှကြုံတဲ့ ပြဿနာ

ထိုမျှလောက် မပါလျှင်မပြီး အရေးကြီးလှသော (အရုဏ်)နှင့်စပ်၍ ရှေး သာသနာရေး ခေတ်အဆက်ဆက်က(အရုဏ်)နှင့်စပ်၍ ပြဿနာရှိသင့်သလောက် ရှိမည်ဖြစ်သော်လည်း ယခုခေတ်ထက် ဝိနယကျင့်သုံးမှုတွင် ပိုမိုအားကောင်းချိန် ဖြစ်၍ အရုဏ်ကိစ္စပြဿနာ မပေါ်ခဲ့ပါချေ။ ဝိနယကျင့်သုံးမှု အားပျော့သော ယခုအချိန်တွင်ကား အရုဏ်ကိစ္စပြဿနာအတွက် အယူအဆအမျိုးမျိုး၊ နာနာ ဝါဒအမျိုးမျိုးကို လက်ညှိုးညွှန်လျက် တစတစ ပြဿနာပေါ်သည်ထက် ပေါ် လာပေပြီ။

## မရေရာသည့် အခြေအနေ

ထိုသို့ ပြဿနာပေါ်လာသော်လည်း အတိအကျဖြေရှင်းပေးမည့် ကျမ်းစာ နှင့် စာစောင်စာတမ်းတို့ ကျယ်ပြန့်စွာ မရှိသေးသဖြင့် တကျောင်း တဂါထာ၊ တရွာ-တပုဒ်ဆန်း ဆိုရိုးအတိုင်းပင် လက်ရှိအသုံးပြုနေကြသော ရှေးဟောင်း နာနာဝါဒလက်ာနှင့် ဇယားများ ထဲမှ နီး စပ် ရာ နှင့် စိတ်ကျရာဖြစ်သော

အထောက်သာကေမဲ့ အများသုံး လင်္ကာဇယား တို့ကိုသာ အများနည်းတူ ကြေနပ်နှစ်သိမ့်နေကြရပေသည်၊ အတိ အကျ စိစစ်သိရှိသူမှာ လူနည်းစုဘက်ကသာ ဖြစ်နေသည်။

## ခိုင်မာသည့် ဒေါက်တချောင်း

သို့ဖြစ်၍ ဝိနယဥပဒေတော်တွင် မပါလျှင်မပြီး အရေးကြီးသော အရဏ်ကိစ္စအတွက်ကြောင့် ဝိနယဥပဒေကျင့်သုံးမှုတွင် အားနည်းပျော့ညံ့မှု မဖြစ်ရအောင် ဝိနယဥပဒေခိုင်မာရေးကို ဒေါက်တချောင်းကူသည့် အနေဖြင့် သံလျင်မြို့မှ သမာဆန္ဒတူ အရဏ်ကိစ္စ၌ စိတ်ဝင်စားသူ ဆရာတော် (၁၀) ပါးတို့ စုဝေးဆွေးနွေးချက်ကိုမူတည်၍ သံလျင်တောရ တရားပြဌာန၏ မဟာနာယက ဓမ္မဝါဒီဆရာတော်အား အရဏ်ကိစ္စနှင့်စပ်၍ ခိုင်လုံထင်ရှား တိကျပြတ်သားစွာ သိရှိနိုင်အောင် သာသနာဝင်သူတော်စင်တို့ ကာလရှည်စွာ အကျိုးများအောင် ရေးသားပေးပါရန် အများဆန္ဒ တာဝန်ပေးချက် အရ ပေါ်ထွက်လာသည့် (အရုဏာတ္ထပဒီပိကာ-ဋီကာ)ခေါ် ဤကျမ်းစာစောင်သည် ဝိနယ ဥပဒေတော်ကို အခြေခံ၍ ပေါ်ထွက်လာရသည်ဖြစ်ခြင်းကြောင့် ဝိနယဥပဒေတော် ကျယ်ဝန်းသလောက် ကျယ်ဝန်းခွင့်ရှိနေသည်မှာ ယုံမှားဘွယ်ရာ မရှိပါ။

## ခေတ်ကာလလိုက် အတိုကြိုက်

သို့ဖြစ်စေကာ ခေတ်ကာလကိုမှီ၍ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ထိထိမိမိ တာဝန်ခံဆရာတော်က ရေးသားငြား သော်လည်း မပါလျှင်မပြီး ကျမ်းစာအတွက် ခိုင်လုံရန် အရေးကြီးသည့် အကိုးအကား သာကေပုဒ်ကို မရှောင်လွှဲ၍ မရသဖြင့် ထည့်စွက်ဖော်ပြထားခြင်းကြောင့် ကျမ်းစာ ပမာဏမှာ ခေါင်းစဉ်မာတိကာပေါင်း (၁၉၀) နှင့် ရှိုင်ဆိုက် (ဂ) ချိုးအရွယ်၊ ၃၅-ဖောင်ခန့်စာစောင် အဖြစ်သို့ ရောက်ရှိနေပေသည်။

## ဗဟုသုတစုံလင်မှု

ကျမ်းစာမှာ ခေါင်းစဉ် မာတိကာ များသလောက်ပင် (အရုဏ) ဟူသော စာပိုဒ်ပါ ပါဠိအက္ခရာ သုံးလုံးမှ သိမှတ်ဖွယ်ရာ ဗဟုသုတ ဖြစ်ဖွယ်ရာပေါင်း စုံလင်စွာပါရှိနေသည်ကို စာရှုသူတို့ တွေ့မြင်နိုင်ပေသည်။

စာစောင်ကို မူလပိုင်းနှင့် ပ- ဒု- တတိယပိုင်းထိ ၄-ပိုင်းကဏ္ဍ ခွဲခြားပြဆိုထားရာ မူလပိုင်း၌ စာရေးဆရာတော်၏ သမ္မာပဏိဓိနှင့် တကွ အရဏ်ကိစ္စနှင့်

စပ်ဆိုင်ရာ ရှေးဆရာတော်များ၏ နာနာဝါဒ လက်ာဇယား အမျိုးမျိုးကိုင်၊ အရဏ်ကိစ္စသည် ဗုဒ္ဓဘုရားရှင်မှအစ ဥပုသ်စောင့်သုံး သိတင်းသည်အဆုံး သာသနာတော်တရပ်လုံးနှင့် မည်သို့ဆက်စပ်နေပုံကို ရှင်းလင်းပြဆိုထားခြင်း။

ပဉ္စမပိုင်း၌လည်း (အရဏ) သဒ္ဒါ၏အနက်ကို ပါဠိ အဘိဓာန် အမျိုးမျိုး၊ ဟိန္ဒီ၊သက္ကဋ-အင်္ဂလိပ် အဘိဓာန်အမျိုးမျိုးနှင့် အဋ္ဌကထာ-ဋီကာအစောင်စောင်ဟူပါ ညှိနှိုင်းတိုက်ဆိုင်ပြီး ပြဆိုထားရုံမက မဂဓအဘိဓာန်ကျမ်း ထွက်ပေါ်ချိန်ကို မြန်မာသပိုင်းလာ ခု- နှစ်တို့ဖြင့် ရှာဖွေညှိနှိုင်း၍ပြဆိုထားခြင်းကြောင့် သပိုင်းသုတေသီတို့အတွက် လွယ်လင့်တကူ ရှာဖွေတွေ့ရှိနိုင်ပေမည်။

## လေးစားလောက်ပုံ ကျမ်းပေါင်းစုံ

ကျမ်း၏ဒုတိယပိုင်း၌လည်း (အရဏ)နှင့် ဆက်စပ်သော နံနက်ပိုင်းဆိုင်ရာ ပိဋကတ်လာ ဟောပုဒ်များကို ပိဋကတ်လာ ကျမ်းပေါင်း များစွာနှင့် ပါဠိ၊ မြန်မာ၊ ဟိန္ဒီ၊ သက္ကဋနှင့် အင်္ဂလိပ် အဘိဓာန်များမှ ရှာဖွေထုတ်နုတ်၍ ပြဆိုထားပြီးလျှင် ၎င်းဟောပုဒ်များ၏ အဘိဓေယျတ္ထ ဘာဝတ္ထများကို အဋ္ဌကထာ-ဋီကာနှင့် ရှေးပညာရှိများ၏ နိသျှဟောင်း-သစ်များကိုပါ တိုက်ဆိုင်ပြဆိုထားသည့်ပြင် အရဏ်ကိစ္စဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်ရာပေါင်းများစွာတို့ကို သဒ္ဒါရေးပါမကျန် ပိဋကတ်လာ သာဓကများဖြင့်စံပြုလျက် မီးမောင်းထိုးပြထားသည်ကို မာတိကာဖတ်ရုံနှင့်ပင် စာရှုသူတို့ လေးစားသင့်သော ကျမ်းစာ တစောင်ဖြစ်ကြောင်း သိရှိနိုင်ပေသည်။

## အရဏ်နှင့်ဗုဒ္ဓကိစ္စ ဝါဆိုဝါကပ်နှင့် ဗေဒင်ပညာ

ဤကျမ်းစာ၏ တတိယကဏ္ဍ၌ အရဏ်တက်ချိန်ကို အသေးစိပ် စိစစ်ပြဆိုထားရာတွင် အရဏ်နှင့်ဗုဒ္ဓကိစ္စ၊ အရုဏ်နှင့် နေ-လ-နက္ခတ်၊ သွားလာပုံများ၊ ဝါဆို-ဝါကပ်နှင့်ဆိုင်ရာ အထက်တန်းဗေဒင်ပညာများကိုပါ ဝိနယဥပဒေတော်နှင့် ဗေဒင်ပညာ မည်သို့ဆက်စပ်နေပုံကို စုံလင်စွာ ပြဆိုထားပေသည်။

ဤကျမ်းစာမူသည် ရေးသူ သံလျင်တောရ ဓမ္မဝါဒီဆရာတော်မှာ ဤကျမ်းစာကို ပြုစုချိန်၌ နိဒါန်းရေးသူသိရှိရသလောက် ကျန်းမာရေးချို့တဲ့ဆုံးအချိန်ဖြစ်နေစေကာ မခိုမကပ် ကျမ်းစာပေါင်း များစွာတို့ကို နှံ့စပ်အောင် ပင်ပန်းကြီးစွာ ကြည့်ရှုစိစစ်၍ ဖော်ပြသင့်သည့်အရာများကို မချန်မခြင်း ဖော်ညွှန်းပြဆိုထားသည်ကိုဖတ်ရှုရသဖြင့် ဆရာတော်၏စေတနာကို လေးစားကြည်ညိုရင်း

# နိဒါန်း

ဤကျမ်းစာစောင်သည် သုတ္တိစိတ္တ-သံုတဂဝေသီပုဂ္ဂိုလ်များ၊အရဟတ်ကိစ္စနှင့်စပ်ရာ ဝိနယဥပဒေတော်ကို စိတ်ပါဝင်စား အလေးဂရုထားကြသည့် လဇ္ဇီပေသလ၊ ဝိနယဂရုက ပုဂ္ဂိုလ်များတို့သည် ဗဟုသုတမှတ်စု စာအုပ်အဖြစ်ငှင်း၊ ပိဋကတ် ညွှန့်ပေါင်း စာစောင်အဖြစ်ငှင်း၊ အရဟတ်ဆိုတာ ဘာကိုခေါ်သည်၊ ဒီအချိန်ဟာ အရဟတ်တက်ချိန်ဘဲဟု အရဟတ်တက်ချိန်မှန်ကို (၉၉)ရာနှုန်းထိ မိမိကိုယ်တိုင် သိရှိမှတ်သား၍ငှင်း၊ နှောင်းခေတ် တပည့်ရဟန်း သာမဏေများအား ညွှန်ကြားရမည့် သာသနာ့တာဝန်ဆောင် ရဟန်းသာမဏေတို့ အိတ်ဆောင်တားထိုက်သော ကျမ်းစာတစောင်ဖြစ်ကြောင်းကို အပိုမပါ အရှိအတိုင်းဖော်ပြရင်း ဤကျမ်းစာကို ဖတ်ရှုသူတို့အဘို့ နိဒါန်းအတွက် အချိန်မဖြုန်းဘဲ ကျမ်းစာပါ အချက်အသက်တို့ကို နမော အာဒရံ အစခံသော ကျမ်းစာ နံပါတ်(၁) မျက်နှာမှ စတင်၍ ယခုပင်ဖတ်ရှုပါတော့ဟု အခွင့်ပြုရင်း ဤနိဒါန်းကို ရပ်ဆိုင်းပြီဖြစ်ပါကြောင်း။

သာသနာနှစ် ၂၅၁၉-ခုနှစ်၊
မြန်မာနှစ် ၁၃၃၇-ခုနှစ်၊နတ်တော်လပြည့်ကျော်
၁၂-ရက် တနင်္လာနေ့၊
ကမ္ဘာသုံးနှစ် ၂၉-၁၂-၇၅။

အရှင်ပညာသာမိ
သာသနဓဇသိရိပဝရ
ဓမ္မာစရိယ၊
မင်္ဂလာကန်ဦး စာသင်တိုက်၊
ဗိုလ်ချုပ်ရွာ၊ သံလျင်မြို့။

# အ ရုဏ် ကို စွ

## အဖြေမှန်ရှာနိုင်ရေးအတွက် လမ်းပြမေးခွန်း

အရုဏ်တက်ချိန်မှန်နှင့် နေထွက်ချိန်မှန်တို့ကို ကိုယ်တိုင်သိမြင်နိုင်ရေးအတွက် ကြိုတင်သုံးသပ် ခန့်မှန်းနိုင်ရန် အရေးပါ ပြဿနာ ၆-ချက်။

၁။ တနှစ်မှာ တရာသီတည်းမဖြစ်ပဲ သုံးရာသီရှိနေခြင်းသည်၎င်း၊ ၁၂-လ ရှိသည့်အနက် ၂၉-ရက်ရှိက ၆-လနှင့် ၃၀-ရက်ရှိက ၆-လဟု ၂-မျိုးခြားနား နေခြင်းသည်၎င်း အဘယ်အကြောင်းကြောင့် ရှိနေရပါသနည်း။

၂။ ယင်း ၁၂-လလုံးမှာ သို့မဟုတ် အထက်ပါ ၆-လစီမှာ အရုဏ်တက် ချိန်နှင့် နေထွက်ချိန်တို့ တူညီချက်မရှိပဲဖြစ်နေရခြင်းသည်လည်း အဘယ်အချက် ကြောင့်ပါနည်း။

၃။ တလလုံးမှာပင် အရုဏ်တက်ချိန်နှင့် နေထွက်ချိန်တို့ တူညီနေမည်လား၊ ကွဲလွဲနေမည်လား၊ ယင်းတူညီမှု မတူညီမှုအကြောင်းကား အဘယ်နည်း။

၄။ ထို့ပြင် ထိုထိုလတို့၌ လဆန်း ၁-ရက်မှ လပြည့်အထိ ၁၅-ရက်အတွင်း မှာလည်း အရုဏ်တက်ချိန်နှင့် နေထွက်ချိန်တို့ တပုံစံတည်း ရှိနေကြမည်လား။

၅။ ထို့ပြင် လဆန်း ၁-ရက်မှ ၈-ရက်အထိ ယင်း ၈-ရက် အတွင်းမှာပင် ပုံစံတူဖြစ်နေနိုင်မည်လား၊ ဖြစ်နိုင်-မဖြစ်နိုင်၏အကြောင်းကား အဘယ်ပါနည်း။

၆။ အလားတူ လဆုတ်ဘက်မှာလည်း တပတ်အတွင်း တပက္ခအတွင်းတို့ မှာလည်း ပုံစံတူဖြစ်နေမည်လား၊ ပုံစံကွဲဖြစ်နေမည်လား၊ ယင်းသို့ဖြစ်နေရခြင်း အကြောင်းရင်းကား အဘယ်နည်း။

ယင်း မေးခွန်း ခြောက်ချက်တို့၏ အဖြေမှန်ကို ဤကျမ်းစာပါ အပိုင်း ၄-ပိုင်း တို့ကို ဖတ်ရှုမိချိန်တွင် မိမိဖာသာ အဖြေထုတ်ပေးနိုင်ပါလိမ့်မည်။

## တကျမ်းလုံးကို အကျဉ်းချုပ်ပြချက်

ဤကျမ်းစာပါ အချက်တို့ကို အကျဉ်းချုပ် သိရှိရန်-

၁။ မူလပိုင်း၌ အရဏ်တက်ချိန်ပြ တုံး ခေါင်းလောင်းနှင့်လက်ာ ဇယား အဝဝတို့ မတူညီကြ၍ တူညီမှန်ကန်စွာ သိမြင်နိုင်ရန် စုပေါင်း ဆွေးနွေး တင်ပြထားသည်။

၂။ ပဌမပိုင်း၌ အရုဏ်ပုဒ်၏အရကိုကျမ်းဂန်စုံတို့ဖြင့် စိစစ်ပြထားသည်။

၃။ ဒုတိယပိုင်း၌ နံနက်ပိုင်းဟောပုဒ် ၁၀-မျိုး တို့ကို ပိဋကတ်ကျမ်းစုံ တို့ဖြင့် စိစစ်ပြထားသည်။

၄။ တတိယပိုင်း၌ ၁၂-လတို့၏ ပြောင်းလဲနေသော အရုဏ်တက်ချိန် မှန်ကို သိနိုင်ရန် ပိဋကတ်နှင့် လောကီယကျမ်းအဖုံဖုံတို့ဖြင့်ညှိနှိုင်း ယူပြီး ကုခိုင်နှုန်း ၉၉-ထိ အရုဏ်တက်ချိန်မှန်ကိုသိနိုင်သော စံနစ် တို့ကို ထုတ်ဖော်ပြထားသည်။

# မာတိကာ

---


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **နိဒါန်း** | |
| * အရဏ်အဖြေမှန် ရှာနိုင်ရေးအတွက် လမ်းပြမေးခွန်း ၆-ချက်၊ | စ |
| * တကျမ်းလုံးကို အကျဉ်းချုပ်ပြချက်၊ | ဆ |
| **မူလပိုင်းမာတိကာ-** | |
| ဗုဒ္ဓပဏ္ဍာမ | ၁ |
| အရုဏ်တက်ကိစ္စ သုတေသနပြုရချက်၏ ရှေ့ပြေးအကြောင်းများ | ၁ |
| ဒုတိယ တုံး ခေါင်းလောင်းတို့နှင့် အရုဏ်တက် တသားတည်းရှိရေး | ၂ |
| အရုဏ်တက်ချိန်ပြ ဒုတိယ ခေါင်းလောင်းသံ အလီလီ | ၃ |
| ရှေးသူဟောင်းတို့ ဝါဒအသီးသီး | ၃ |
| အရုဏ်တက်ချိန် ညွှန်ပြချက် အဖြာဖြာ | ၃ |
| ညွှန်ပြချက် တပုံစံတည်း ဖြစ်နိုင်လျှင် ကောင်းလေစွ | ၃ |
| ရှေးသူဟောင်းနှင့် နောက်ပညာရှင်တို့ အယူအဆ အဖုံဖုံ | ၄ |
| အမှတ် (၁) အင်းစိန် ကမာရွတ် ရွာမ ဆရာတော်ဘုရားကြီး၏အယူအဆ | ၅ |
| အမှတ် (၂) ပခုက္ကူနယ် အမည်မသိ ပညာရှိတဦး၏ အယူအဆ | ၅ |
| အမှတ် (၃) အမည်မသိ ပညာရှိတဦး၏ အယူအဆ | ၅ |
| အမှတ် (၄) မကာရလောပ မန်လည်ဆရာတော်ဘုရားကြီး၏ အယူအဆ | ၆ |
| အမှတ် (၅) လယ်တီဆရာတော်ဘုရားကြီး၏ အယူအဆ | ၁၁ |
| အမှတ်(၆)ရန်ကုန်ကျောင်းတော်ရာတိုက်ဆရာတော်ဦးသောမ၏အယူအဆ | ၁၃ |
| အမှတ် (၇) ပဲခူးမြို့ ရွှေကျင်ဂိုဏ်း ဆရာတော်များ၏ အယူအဆ | ၁၄ |
| အမှတ် (၈) မင်းဘူးနယ် ရန်ကင်းတောရ ဆရာတော်၏ အယူအဆ | ၁၆ |
| အမှတ်(၉) ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော်၏အယူအဆ | ၁၈ |
| အရုဏ်တက်ချိန်ပြ နာရီတူသူ မတူသူအရ ခြုံ၍ရှင်းပြချက် | ၂၁ |
| မြန်မာနိုင်ငံသုံး ၁၂-လတို့၌ နေထွက်နေဝင်ပြချက် အကျဉ်းချုပ် | ၂၂ |
| ဥရောပသုံး ၁၂-လတို့၌ နေထွက်နှင့်နေဝင်ပုံ ဇယား ၃-မျိုး | ၂၃ |
| ဥရောပသုံး ဇယား ၃-ခုတို့အား နှိုင်းယှဉ်ပြချက် | ၂၅ |

အကြောင်းအရာ　　စာမျက်နှာ

အရုဏ်ပြဇယားတွေ အမျိုးမျိုးရှိနေသလို အချိန်ပြ နာရီတွေလည်း
    အမျိုးမျိုးရှိနေပုံ　၂၇
ဗုဒ္ဓဝါဒပြ စက်နာရီမျိုး မပေါ်ထွက်လာသေး　၂၇
လူသုံးနာရီတွေနှင့် ကမ္ဘာ့မှုတည်နာရီကြီး　၂၇
နေ မပါက စံတော်ချိန်လုပ်၍ မရပုံ　၂၈
အကြမ်းစား လူသုံးနာရီ ဒိုင်ကွက်　၂၉
နေ သွားလာပုံ အဖုံဖုံ　၃၀
ဝါထပ်ရက်ငင်ပြုနေရချက်　၃၀
အရုဏ်ကိစ္စအတွက် ပြဿနာမဖြစ်သူနှင့်ဖြစ်သူ　၃၁
အရုဏ်နှင့်သဗ္ဗညုဘုရားများ　၃၃
လူဝတ်ကြောင်များအတွက်　၃၄
ရှင်သာမဏေများအတွက်　၃၄
ရဟန်း သံဃာများအတွက်　၃၅
အရုဏ်ကိစ္စအတွက် စုပေါင်းညှိနှိုင်းမှုပြုကြရန် အစပျိုးခဲ့ပုံ　၃၆
သံလျင်မြို့ပေါ်ရှိ စကြံဆရာတော်နှင့် အခြားဆရာတော်များထံ
    လျှောက်ကြားချက်　၃၇
ဆွေးနွေးညှိနှိုင်းရန် ကြွရောက်လာကြသော ဆရာတော်များ　၃၉
လူဘက်မှ လာရောက်လေ့လာသူများ　၄၀
ထိုနေ့ အာဟာရဒါန ကုသိုလ်ရှင်များ　၄၀
ဆွေးနွေးခန်းစပုံ　၄၁
စကြံဆရာတော်၏ မိန့်ကြားချက်　၄၂
မင်္ဂလာကန်ဦးဆရာတော်၏ တင်ပြချက်　၄၄
ဗိုလ်ကုန်းဆရာတော်၏ တင်ပြချက်　၄၅
သံလျင်တောရ ဆရာတော်၏ တင်ပြချက်　၄၆
ဒေါက်တာ အောင်ချစ်၏ စာဒနာတက်ချက်　၄၆
သံလျင်တောရ ဆရာတော်၏ ဖြေကြားချက်　၄၇

**ပထမပိုင်း မာတိကာ**

ရတနတ္တယပဏာမနှင့် ပဋိညာဉ်၊ ဥယျောဇန်　၄၉
အရုဏ်ကိစ္စအကျဉ်းချုပ်မှတ်တမ်းမှ အကျယ်ဖော်ပြခန်း　၅၂

အကြောင်းအရာ စာမျက်နှာ

### အရှေ့ဌ သိပြင်ရေး ပဌမဆင့်

အဘိဓာန်ကျမ်းများလာချက် ၅၃
အလင်္ကာကျမ်းများလာချက် ၆၅
အဋ္ဌကထာနှင့် ဋီကာကျမ်းများလာချက် ၆၇
စိစစ်ဖွယ်တရပ် ၇၃

### အရှေ့ဌ သိပြင်ရေး ဒုတိယဆင့်

အရှေ့ဌပုဒ်ကို အနက်ဖော်ရာ၌ သတိပြုရန်အချက် ၇၄
ပါဠိတော်နှင့် အဋ္ဌကထာ ၁၄-ကျမ်းလာ ပုံစံများ ၇၅

### အရှေ့ဌ သိပြင်ရေး တတိယဆင့်

မြန်မာနိုင်ငံအတွက် အကျိုးပြုနေသော မာဂဓ အဘိဓာန်ကျမ်း ၇၀
အထူးမှတ်ဖွယ် ပုံသကူမဟာထေရ် သီဟိုဠ်ကျွန်းသွားချိန် ၇၉
ပုသိမ်သား သာမဏေ ရှင်ဆဒ္ဒဝတို့ သီဟိုဠ်ကျွန်းသွားချိန် ၇၉
သက္ကဋကျမ်းတို့ကို အမှီပြုပုံ သိသာရုံဖော်ပြချက် ၈၀
အနှစ် ၂၀၀၀-အတွင်းပေါ် သက္ကဋအဘိဓာန် ၈၁
ပါဠိအဘိဓာန် ဋီကာ တကျမ်းသာ ပေါ်ထွက်နိုင်သေးခြင်း ၈၃
အဘိဓာန်ဋီကာ ပေါ်ထွက်လာချိန် ၈၃
အဘိဓာနပ္ပဒီပိကာသူစိကျမ်း ပေါ်ထွက်လာချိန် ၈၄
တိပိဋက ပါဠိ မြန်မာ အဘိဓာန် ပေါ်ထွက်လာချိန် ၈၄
ပါဠိနှင့် သက္ကဋအဘိဓာန် ၂-မျိုး နှိုင်းဆချက် ၈၅

### အရှေ့ဌ သိပြင်ရေး စတုတ္ထဆင့်

အရှေ့ဌပုဒ်၏ပါဠိ ကျမ်းဂန်ဆိုင်ရာများ ၈၇
ဂန္ထန္တရတို့မှ အရှေ့ဌပုဒ်အတွက် ဖော်ပြချက်များ ၈၉
တဒ္ဓိတ်နှင့် သမာသ်ဝါစကအဖြစ် ဖွင့်ပြပုံများ ၉၄
ဉာဏ်သက်လွယ်နိုင်အောင် ပုဒ်ပြောင်း၍ အနက်ပြောင်းသွားပုံ နမူနာ ၉၄
ဒြပ်ပုဒ်မှ ကြိယာပုဒ်ဖြစ်ကာ အနက်ပြောင်းပုံများ ၉၅
အရှေ့ဌပုဒ်အရ အထူးသုံးသပ်ရန် အချက် ၉၅

| အကြောင်းအရာ | စာမျက်နှာ |
|---|---|

## ဒုတိယပိုင်း မာတိကာ


| | |
|---|---|
| နံနက်ပိုင်းဆိုင်ရာ အချိန်ဟောပုဒ်များကို စိစစ်ခန်း | ၉၉ |
| အဘိဓာန်ကျမ်းများအဆို | ၉၉ |
| ပိဋကတ်ကျမ်းများလာ ပါတောပုဒ် အနက် | ၁၀၁ |
| အတိပ္ပဂေါနှင့် အတိပ္ပဂေါ ခေါ် အဓိပ္ပါယ် | ၁၀၃ |
| ပဘာတံနှင့် ဝိဘာတံ အဓိပ္ပါယ် | ၁၀၄ |
| ရတ္တိယာ ပစ္စူသ သမယံ အဓိပ္ပါယ် | ၁၀၅ |
| ပစ္စူသ သမယပုဒ်၌ အနက်ပြန်ဆိုပုံ အဖုံဖုံ | ၁၀၅ |
| သက္ကဋနှင့် ဟိန္ဒူကျမ်းတို့ အဆို | ၁၀၆ |
| စိစစ်ချက် | ၁၀၇ |
| အဋ္ဌကထာ၏ အဆို | ၁၀၈ |
| သိလက္ခန် ဋီကာသစ် အဆို | ၁၀၈ |
| နိဗ္ဗာနသံဝဏ္ဏနာဖြင့် ဖွင့်ဆိုပုံများ | ၁၀၉ |
| ဆိုလိုချက် | ၁၁၀ |
| မိုးချုပ်မိုးလင်းရှင်းချက် | ၁၁၁ |
| သောက်သည့် ထသည့် ရှင်းလင်းချက် | ၁၁၂ |
| နာရီအချိန်နှင့်တွဲ၍ ရှင်းပြချက် | ၁၁၃ |
| ပစ္ဆိမယာမ် ၃-ပိုင်း ခွဲခြားပုံ | ၁၁၄ |
| လက်တွေ့လေ့လာချက် | ၁၁၅ |
| ဗလဝ ပစ္စူသချိန် | ၁၁၇ |
| ပစ္စူသ သမယပုဒ်အနက် ဖော်ရေး | ၁၁၈ |
| ပုဗ္ဗဏှ၊ ပုဗ္ဗန္ဟ၊ ပုဗ္ဗဏှသမယတို့ စိစစ်ချက် | ၁၁၉ |
| နေ့နှင့်ညပိုင်းခြားပုံ | ၁၂၀ |
| ဆွမ်းခံ ၂-ကြိမ်ထွက်ရာဌာနများ | ၁၂၁ |
| ဆရာနှင့်ဒကာ ၂-ဘက်လုံး နားလည်ထားက ဝိနယဥပဒေမှ လွတ်နိုင်ပုံ | ၁၂၁ |
| နေ့-ည ယူပုံ အဖုံဖုံ | ၁၂၁ |
| သက္ကဋသဒ္ဒါကျမ်းများအဆို | ၁၂၃ |
| မြန်မာပညာရှိအချို့ လိုက်ယူပုံ | ၁၂၄ |
| ကာတန္တရဝုတ္တိ၏ အဆို | ၁၂၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လယ္ဘာသာကျမ်းအဆို | ၁၂၅ |
| တတ္တဒီပိကာကျမ်းအဆို | ၁၂၆ |
| သာရသင်္ဂဟနှင့် သိဒ္ဓန္တစန္ဒြိကာတို့အဆို | ၁၂၆ |
| စန္ဒကိတ္တိဂုဏ်ကာအဆို | ၁၂၇ |
| သုဗောဓိနီနှင့်တတ္တဒီပိကာတို့အဆို | ၁၂၇ |
| မြန်မာနိုင်ငံ ဗုဒ္ဓဝါဒီနယ်သုံး သဒ္ဒါကျမ်းများအဆို | ၁၂၈ |
| နောက်ဆရာများ ဖွင့်ဆိုချက်ကျမ်းများ | ၁၂၉ |
| အဋ္ဌတ္တနီနှင့် ပိဋကတ် | ၁၂၉ |
| ပုဗ္ဗဏှနှင့်ပုဗ္ဗန္ဒ ရှင်းလင်းချက် | ၁၃၂ |
| ရတ္တာဝသေသံရှင်းချက် | ၁၃၃ |
| ရတ္တိယာအစ္စယေနရှင်းချက် | ၁၃၃ |
| ကာလဃောဝနှင့် ပဋိကစ္စေဝရှင်းချက် | ၁၃၄ |

## တတိယပိုင်း မာတိကာ

| | |
|---|---|
| အရုဏ်တက်ချိန် စိစစ်ဖော်ပြခဏ်း | ၁၃၈ |
| အံရုဏ်နှင့် ဗုဒ္ဓ | ၁၃၈ |
| အရုဏ်နှင့် နေ | ၁၃၈ |
| လူသုံးအချိန်ပြစာပိုဒ်များ | ၁၃၉ |
| ကျမ်းဂန်လာ နေသွားခရီးနယ်ကြီး | ၁၄၀ |
| နေလတို့သွားရာ ခရီးသုံးကြောင်းအမည်များ | ၁၄၁ |
| နေသည် တနေ့မှာယူဇနာတသိန်းတိုင် သွားနေပုံ | ၁၄၃ |
| လောကဓာတ်ပညာနှင့် ဗုဒ္ဓပညာနှိုင်းဆရန် | ၁၄၃ |

## ဗေဒင်ပညာနှင့် ဆိုင်ရာများ

| | |
|---|---|
| ဗေဒင်ပညာနှင့် ဘုရားလောင်းများ | ၁၄၆ |
| ဗေဒင်ပညာတတ်သူတိုင်း ပူးတွဲသင်ယူသော ရှေးဟောင်းပညာများ | ၁၄၉ |
| ဗုဒ္ဓသည် ဗေဒင်ကျမ်းပြုသူတွေကိုပါသိမြင်ပုံ | ၁၅၁ |
| ဗေဒင်ကျမ်းပြုကြပုံ | ၁၅၂ |
| ဆန်း၊ သဒ္ဒါပညာနှင့် နတ်၊ ဗြဟ္မာများ | ၁၅၃ |

အကြောင်းအရာ စာမျက်နှာ

## နေ၊ လ၊ နက္ခတ်၊ တာရာဆိုင်ရာ

ဗုဒ္ဓနှင့် နေ၊ လ၊ နက္ခတ် ၁၅၅
မြန်မာနိုင်ငံသုံး အရေးပါသော ဗေဒင်ကျမ်းများ ၁၅၇
ကမ္ဘာ့လူသားနှင့် ယုဂ် ၄-ခု ၁၅၇
နေ၊ လ၊ နက္ခတ်ကြောင့် နှစ် ၅-မျိုးတို့ ပေါ်ထွက်ပုံ ၁၅၈
ယင်းလ ၅-မျိုးနှင့် ရက် ၅-မျိုးတို့ ပေါ်ထွက်လာပုံ ၁၅၉
လထပ်ကြပုံအဖုံဖုံ ၁၆၅
မြန်မာနိုင်ငံ၌ ၁၆၇
အစိုးရပက္ခဒိန်တော်ဆက်အဖွဲ့ အစီရင်ခံစာ ၁၆၉
မည်သူမျှမတတ်နိုင်ဖြစ်နေကြပုံ ၁၇၀
တတ်နိုင်သောနည်းရှိပုံ ၁၇၀
ဗေဒင်ကိန်းမှတ်နည်းကား မှန်ပုံ ၁၇၀
ကိုယ်စောင့်တရားဟူသည် ၁၇၂
စာတုဒ္ဒသီ ပန္နရသီနှင့် ဝိနယဥပဒေတော် ၁၇၂
နေဝန်းနှင့်တိုင်းတာရာများ ၁၇၃
ပြခဲ့ပြီးကျမ်းဂန်လာတို့ကို ပေါင်းရုံးပြချက် ၁၇၅
နေသွားမှုတပုံစံတည်း မရနိုင်ကြောင်း ပုံစံတရပ် ၁၇၇
နိုင်ငံတော်အစိုးရ၏တိုင်းတာပြခဏ်း ၁၇၇
စဉ်းစားဖွယ်အချက်စု ၁၈၀
ထောက်ဆရန်နောက်ပုံစံတရပ် ၁၈၃
အရုဏ်တက်ချိန်သိနိုင်ရန် တိုင်းတာနည်း ၄-မျိုး ၁၈၅
စက်နာရီဖြင့်တိုင်းတာယူပုံ ၁၈၆
နေနာရီဖြင့်တိုင်းတာယူပုံ ၁၈၆
ကျမ်းဂန်လာနေနာရီ ၁၈၇
စက်နှင့်နေတို့ ဒိုင်ကွက်ချင်းခြားနားပုံ ၁၈၉
နာရီ ၂-မျိုး အချိန်ကွာခြားမည် ၁၉၀
အချိန်ကွာခြားချက်ကြောင့် လူနှင့်ရဟန်းတို့၌ တာဝန်မဲ့ တာဝန်ရှိ ကွာခြားပုံ ၁၉၁
နေထွက်နှင့်နေဝင်ချိန် ဝိနယဥပဒေနှင့် မပတ်သက် ၁၉၁

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| အရုဏ်တက်ချိန်နှင့် မှန်းတည့်-မှန်းလွဲချိန် အရေးကြီးသည် | ၁၉၂ |
| ငှက်သတ္တဝါတို့ဖြင့်တိုင်းတာယူပုံ | ၁၉၂ |
| မျက်မြင်အနေဖြင့်တိုင်းတာယူပုံ | ၁၉၅ |
| သဘာဝအခြေအနေကိုလေ့လာမှု | ၁၉၅ |
| လက်တွေ့သုံးသပ် သုတေသနပြုကြည့်ရန် အခြားသဘာဝ အခြေအနေ တရပ် | ၁၉၇ |
| အခြား သဘာဝအခြေအနေများ | ၁၉၈ |
| နပုလ္လိင် အရုဏ်ပုဒ်၌ သုံးသပ်ဖွယ် | ၁၉၉ |
| နာရီအနေဖြင့် တိုင်းတာယူပုံ | ၂၀၂ |
| နာရီ ၂-မျိုး အချိန်ကွာခြားကြပုံ | ၂၀၃ |
| နေနာရီအချိန်သည် ဝိနည်းနှင့်လျော်သည် | ၂၀၃ |
| ၁၃၃၆-ခု ပြာသိုလ၌ တိုင်းတာယူပုံနမူနာ | ၂၀၄ |

အရုဏ်တက်ချိန် သိမြင်လွယ်အောင် ၁၂-လ အစဉ်လိုက်
အရုဏ်တက်လာချက်မြင်ရအင်ကို ဇယားတင်၍ပြထားခဏ်း

| | |
| --- | --- |
| ကြိုတင်သိထားဖွယ်များ | ၂၀၇ |
| နေ၏ကိစ္စများ | ၂၀၈ |
| အထွက်ခရီး ၆-လ၌ နေဖြတ်သွားပုံ | ၂၀၉ |
| အပြန်ခရီး ၆-လ၌ နေဖြတ်သွားပုံ | ၂၁၀ |
| နေသွားရာနယ်ပယ်စသည် ရှင်းလင်းချက် | ၂၁၁ |
| တနေ့၊တလစသည်၌ နေသွားနှုန်းများ | ၂၁၂ |
| ခရီးအနီးနှင့်အဝေးကြောင့် နေ့နှင့်ညအချိန် မတူညီကြပုံ | ၂၁၃ |
| နေ့တာနှင့်ညတာပေါ ပြောင်းလွဲကြပုံ | ၂၁၄ |
| အနီးပြန်လာ ၆-လ၌ အနီးခရီးချင်းပင် မတူညီကြပုံ | ၂၁၄ |
| နာရီ ၂-မျိုး အချိန်ချင်းညှိနှိုင်းပြချက် | ၂၁၅ |
| တနေ့တွက် နာရီ ၂-မျိုးပမာဏ | ၂၁၆ |
| ၁၂-လတို့၏ နာရီချင်း တွဲယှဉ်ပြချက် | ၂၁၆ |
| နေ့အဝေးသွား ၆-လဇယားနှင့် အနီးသွား ၆-လဇယား | ၂၁၇ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **အထက်ပါအချက်စုကိုခြုံ၍ ဆစ်ပိုင်းပြချက်** | |
| ၆-လ ထွက် ဝင် ခရီးသွားပုံ | ၂၂၁ |
| ၃-လ ပိုင်းခြားပုံ | ၂၂၁ |
| အပြန်ခရီးကြုံတွေ့ပုံ | ၂၂၂ |
| နေ့အလင်း အားအကောင်းဆုံးအချိန် | ၂၂၄ |
| အလင်းရှင်ဘုရားလောင်းများ လူ့ပြည်၌သန္ဓေယူချိန် | ၂၂၄ |
| တောထွက်၊ ဓမ္မစက်၊ တန်ခိုးပြ၊ ဝါဆို စသည်အချိန် | ၂၂၅ |
| မြန်မာပညာရှင်ကြီးများ၏ ကုံးဖွဲ့သီကြူးချက်များ | ၂၂၆ |
| ၁၂-လကို အချိန်ပြနာရီတို့နှင့်ညှိနှိုင်းပြချက် | ၂၃၂ |
| ၁၂-လတွက် ရှေးနာရီလက်ာ | ၂၃၃ |
| ရှေးသုံးနာရီနှင့် ၁၂-လတို့တွဲပြချက် | ၂၃၄ |
| ခေတ်သုံးစက်နာရီနှင့် ၁၂-လတို့တွဲပြချက် | ၂၃၅ |
| စက်နာရီနှင့် ၁၂-လတို့၌ နေထွက်- နေဝင်ချိန်ကို အကြမ်းစား တိုင်းတာပြချက် | ၂၃၆ |
| အမှန်၏ အနီးကပ်ဆုံးဖော်ပြရေး | ၂၃၈ |
| အရုဏ်တက်ချိန်မှန်ကန်စွာ သိမြင်နိုင်ရန် တိုင်းတာနည်းဖော်ပြခြင်း | ၂၃၉ |
| ဓမ္မသဘာဝကို ဉာဏ်ခြုံ၍ဆင်ခြင်ထားရန် ကမ္ဘာ့ပြက္ခဒိန်က ပြထားချက် | ၂၄၄ |
| အရုဏ်တက်ချိန် ၉၉-ရာခိုင်နှုန်းထိမှန်ကန်မှုရနိုင်သော စံနစ်ထူးပြခြင်း | ၂၄၅ |
| နမူနာအားဖြင့် တိုင်းတာကြည့်စို့ | ၂၄၆ |
| ဝါဆိုလအရုဏ်တက်ချိန်တွက်ပုံ | ၂၄၇ |
| စက္ကန့်၊ မိနစ်ပါ မမှားနိုင်သော တိုင်းတာချက် | ၂၄၈ |
| ပိုမိုခိုင်လုံစေသော အထောက်အကူတခု | ၂၄၉ |
| ဓမ္မတာအသံနှင့် နာရီ ၂-မျိုး ပူးတွဲကြည့်ချက် | ၂၅၀ |
| အရုဏ်တက်ချိန်တွက်နည်းပြခြင်း ရပ်ဆိုင်းခြင်း | ၂၅၁ |
| ဤကျမ်းစာပါအချက်စုကို ချုံးပြခြင်း | ၂၅၂ |
| ကျမ်းပြီးအဆုံး ချုပ်နိဂုံး | ၂၅၄ |
| မျှော်ရှုချက် | ၂၅၅ |

အရုဏတ္တပဋိကာဋီကာ ၄-ပိုင်းတို့၏မာတိကာသည်
ဤတွင် ပြီးလေပြီ။



အရဟာသုတေသန စာတမ်း မည်သော

# အရဟတ္တ ပဋိကာ ဋီကာ

## မူလပိုင်း

ဗုဒ္ဓပဏာမ

နမော အာဒရံ။

မဟာ ဥစ္စ သေဋ္ဌ ကာရုဏိကဿ ကပ္ပါသခ်ေ်ယျံ တိံသ ပါရမီ ပရိပူရဿ တိဝဋ္ဋ ဒုက္ခမိမုတ္တာ စိက္ခကဿ အတုလ နာထာရဟဿ သဗ္ဗညု သမ္မာ သမ္ဗုဒ္ဓဿ သရဏာဋ္ဌ ဂစ္ဆာမ နိစ္စံ။

### အရဟတ်တက် ကိစ္စ သုတေသန ပြုရချက်၏ ရှေ့ပြေး အကြောင်းများ

မြန်မာနိုင်ငံတော်သည် တိုင်းရင်းသား လူများစုတို့ ကိုးကွယ်မှု များရာကို ထောက်ထားချက်ယူပြီး ဗုဒ္ဓဝါဒီနိုင်ငံတော် (ဝါ) ဗုဒ္ဓဘာသာဝင် နိုင်ငံတော် ဖြစ်နေကြောင်းကို နိုင်ငံတော် အစိုးရနှင့်တကွ အခြား တိုင်းပြည်တို့ကပါ အသိအမှတ် ပြုထားကြပေသည်။ ယင်းအချက် မှန်ကန်ကြောင်းကို သက်သေပြစရာ အနေဖြင့် နိုင်ငံအဝှမ်းရှိ တောရော မြို့ပါ ဘုန်းတော်ကြီးများကျောင်းတို့မှ နေ့စဉ် နံနက်စော စက်နာရီ ၄-နာရီ ထိုးချိန်တွင် အများပြည်သူတို့ သတိဝင်၊ နိုးကြား လာကြစေရန် ထက်နှင့် အောက် ဒေသအလိုက် တုံးကြီး တုံးငယ် ခေါက်ခြင်း၊ သားရေစည် ကျောက်စည် ကြေးစည်များ တီးခြင်း ထိုးခြင်း၊ ခေါင်းလောင်း ထိုးခြင်းတို့ကို ရာသီမရွေး ၁၂-လပတ်လုံး ပြုနေလျက်ရှိရာ ယနေ့ထိပင် တွေ့မြင်နိုင်ကြတော့သည်။

ဇန္ဆာသယ ၅၉၅-၁

## အနှိုးအထနှင့် အလုပ် အမျိုးမျိုး စကြပုံ

ယင်း အစော ၄-နာရီမှာ စတင် ဆော်ဩပေးလိုက်သော တုံး စည် ခေါင်း လောင်းစသည်တို့ကို ခေါက်ကြ တီးကြ ထိုးပေးကြခြင်းသည် လွန်ခဲ့သည့်နေ့ အတွက် (လုံးဝအနားယူမှု ခေါ်) အိပ်စက်မှုကို တခန်းရပ်စေရန်နှင့် လာမည့် နေ့အတွက် ကြိုတင်ပြင်ဆင်ကြရန် နိုးကြ-ထကြလော့၊ ဆိုင်ရာကိစ္စတို့အတွက် ပြင်ဆင်ကြ-စီမံကြလော့- ဟု သတိ ပေးချက်နှင့် လှုံ့ဆော်ချက် တရပ်လည်း ဖြစ်တော့သည်။

ယင်း လှုံ့ဆော်ချက်ကြောင့် ကာဝန်ရှိသူတို့မှာ အိပ်ရာမှထကြ၊ ကိုယ်လက် သုတ်သင်ကြ၊ မျက်နှာသစ်ကြ၊ ဖိနပ်စီးကြ၍ အချို့မှာ ဘုရား ဝတ်ပြုကြ၊ ဘာသာရေးဓမ္မတို့ကို နှလုံးသွင်းကြသည်။ အချို့မှာ ရေနွေးကျိုကြ၊ ယာဂု ကြိုကြ၊ ဆွမ်းချက်ကြ၍ အချို့မှာ စီးပွားရေးအတွက် ချက်ကြ၊ ပြုတ်ကြ၊ ကြော် လှော်ကြ၊ ယာဉ်ရထားစသည် ပြင်ကြ၊ ဆင်ကြစသော ပုဂ္ဂိုလ်ရေးနှင့် စီးပွားရေး ဆိုင်ရာတို့ကို ပြုလုပ်စီမံကြတော့သည်။

## ဒုတိယ တုံးကြေးစည်တို့နှင့် အရုဏ်တက်ကိစ္စ

ပဥ္စမ ၄-နာရီက တီးခေါက်လိုက်သော တုံး ခေါင်းလောင်း စည် ကြေးစည် စသည်တို့ကြောင့် နိုးကြ ထကြပြီ၊ ဗုဒ္ဓဝါဒီဆိုင်ရာ ကျောင်းစရပ် ဓမ္မာရုံ ဇော် ကျောင်းနှင့် အိမ်စသည်တို့မှာ အရုဏ်တက်ချိန်တွင် (အရုဏ်စာ)အဖြစ် ပေး လှူကြ၊ သုံးစားကြရန် ကြိုတင်စီမံထားကြသော ယာဂု ဆွမ်း မုံ့သစ်သီး ချိုချဉ် ရသာစသော အဆင်ပြေစရာ တခုခုကို လှူဒါန်းကြ၊ စားသုံးနိုင်ကြရန်နှင့် ဆွမ်း လောင်းသင်းများအာဘို နေ့စဉ်ဆွမ်း ရက်ခြားဆွမ်း ရက်ပတ်ဆွမ်းများ လောင်း လှူရေးနှင့် ပုဂ္ဂလိက ကုသိုလ်ရှင်တို့အာဘို နေ့စဉ် နိစ္စဗဒ်ဆွမ်း လောင်းလှူရေးတို့ အတွက်(အရုဏ် တက်ပြီ၊ စားနိုင်ပြီ၊ လှူနိုင်ကြပြီ)ဟု အထိမ်းအမှတ် ပေးလိုက် သော အနေဖြင့် ယင်း (ဒုတိယ အကြိမ်) တီးခေါက် ပေးလိုက်သောတုံး၊ ခေါင်းလောင်း၊ ကြေးစည်စသည်တို့ကို ထိုးခေါက်ပေးကြခြင်းဖြစ်သည်။

## ဒုတိယ တုံး ခေါင်းလောင်းတို့နှင့် အရုဏ်တက် တသားတည်းရှိရေး

ယင်းဒုတိယအကြိမ် ထိုးခေါက်ပေးချက်သည် အရုဏ်တက်ချိန်ကိုပါ ပြော ကြားပေးသော (ကိစ္စရပ်တခု ဖြစ်နေ၍) ဤ ဒုတိယအခါပေးချက်နှင့် အရုဏ် တက်ချိန်တို့သည် တသားတည်း (အံဝင်- ခွင်ကျ) ရှိနေအောင် အထူးလိုအပ် နေတော့သည်။

## အရုဏ်တက်ချိန်ပြ ဒုတိယတုံး ခေါင်းလောင်းသံ အလိုလို

အာစော ၄-နာရီတွင်ခေါက်သော(ပဌမတုံးနှင့် စည် ခေါင်းလောင်းကိုသည်) အရုဏ်ကိစ္စကို မရည်ရွယ်ပေ၊ နိုးကြထကြရန်အတွက်သာ ရည်ညွှန်း ကိုးခေါက်ခြင်းဖြစ်၍ ပြဿနာ မဝင်ပါ။ (ဒုတိယအကြိမ်) တီးခေါက်သော တုံးနှင့် စည် စသည်တို့သည်သာ အရုဏ်တက်ချိန်နှင့် ဆက်စပ်နေ၍ ပြဿနာ ဝင်နေပေသည်။

ပြဿနာ ဝင်ပုံမှာ- စေတနာ ဖြူဖြောင့်စွာဖြင့် နေ့စဉ် နံနက်စောစောမှာ တုံး၊ ခေါင်းလောင်း စသည်တို့ကို ၂-ကြိမ် တီးခေါက် (ပေးနေသူပင်မှာ) ရှေးသူဟောင်းတို့ ညွှန်ပြချက်တခုခုကို ရရှိထားသူများ ဖြစ်ကြ၍ မိမိတို့ ရမှတ်ထားသော ထိုညွှန်ပြချက်အဆိုအတိုင်း တီးခေါက်ပေးနေခြင်းသာ ဖြစ်ပေမည်။

## ရှေးသူဟောင်းတို့ ဝါဒ အသီးသီး

အရုဏ်တက်ချိန် နေထွက်ချိန်နှင့် နေဝင်ချိန်တို့ကို ညွှန်ပြ ပေးထားသော ရှေးသူဟောင်းတို့၏ အယူဝါဒမှာလည်း (တမျိုးတည်း မဟုတ်ပဲ) အမျိုးမျိုး အသီးသီး ရှိနေပြန်ရာ ထိုရှေးသူဟောင်းတို့ ညွှန်ပြချက် (ကွဲလွဲသလို) အရုဏ်တက်အဖြစ် တီးခေါက်ပေးရချက်မှာလည်း တပုံစံတည်း မဖြစ်လာပဲ (အချိန်ပုံစံတွေအမျိုးမျိုး) ရှိနေပြန်၍ တူညီသွားလျှင် ကောင်းလှပေမည်။

## အရုဏ် တက်ချိန် ညွှန်ပြချက်အဖြာဖြာ

ရှေးသူဟောင်းတို့၏ ညွှန်ပြထားချက် စာတွေမှာ နံနက် ၅-နာရီမှာ အရုဏ်တက်အဖြစ် ညွှန်ပြသောစာက တမျိုး၊ ၅-နာရီနှင့် ၁၅-မိနစ်မှာ အရုဏ်တက်အဖြစ် ညွှန်ပြသောစာက တမျိုး၊ ၅-နာရီခွဲမှာ အရုဏ်တက်အဖြစ် ညွှန်ပြသော စာကတမျိုး၊ ၅-နာရီ၊ ၄၅-မိနစ်မှာ အရုဏ်တက်အဖြစ် ညွှန်ပြသော စာက တမျိုး-ဟု အမျိုးမျိုးရှိနေ၍ (ဒုတိယအကြိမ်) တုံး ကြေးစည် ခေါင်းလောင်း တီးခေါက်ကြသော (အများအကျိုးဆောင်ပုဂ္ဂိုလ်တို့မှ) မိမိရရှိထားသော ရှေးသူဟောင်းတို့၏ ညွှန်ပြချက် (စာအတိုင်းပင်) တီးခေါက်နေကြ၍ အပြစ်မဆိုသာတော့ပေ။

## ညွှန်ပြချက် တပုံစံတည်း ဖြစ်နိုင်လျှင် ကောင်းလေစွ

အရုဏ်ကိစ္စသည် လောကကိစ္စ မဟုတ်ပဲ ဗုဒ္ဓမြတ်ဘုရားဟော (ဝိနယသီလကိစ္စ) ဖြစ်နေ၍ နိုင်ငံ့တူ၊ လူမျိုးတူ၊ ဘုရားတူ၊ ကိုးကွယ်မှုတူတွေ ဖြစ်နေကြ၍ ရင်း၊ ညှိနှိုင်း တိုင်ပင်ကြလျှင် တူညီနိုင်ကြ၍ရင်း၊ (အောတူ-ပူအမျှ) ဆိုသလို

အချင်ချင်း မေတ္တာ မုဒိတာ ရှေ့ထားပြီး စုပေါင်း ဆွေးနွေး ညှိနှိုင်း တိုင်ပင်ကြလျှင် တပုံစံတည်း ဖြစ်လာရန် ခဲယဉ်းဖွယ် ရှိမည်မထင်ပေ။ ထို့ကြောင့် ရှေးသူဟောင်းတို့ ညွှန်ပြချက်အပေါ် ယုံကြည်ချက်ဖြင့် ရာသီမရွေး ၁၂-လပတ်လုံး နေ့စဉ် အရုဏ်တက်ချိန်ပြတုံး၊ ခေါင်းလောင်း၊ ထိုးစည်များကို တီးခေါက် ထိုးနှက်ပေးနေကြသော အရုဏ်တက် လင်္ကာ ဇယား အဖုံဖုံတို့ကို သိသာရုံ ဖော်ပြပါအံ့။

ရှေးသူဟောင်းနှင့် နောက်ပညာရှင်တို့ အယူအဆအဖုံဖုံ
အမှတ်(၁)

အင်းစိန်ခရိုင် ကမာရွတ်ရွာမဆရာတော်ဘုရားကြီး စီရင်ရေးသားခဲ့သော
အရုဏ်တက်နှင့် နေထွက် နေဝင်ပြ လင်္ကာ

ကူးကျွတ်နှစ်လီ၊ ဖြ-နာရီမှန်၊ ကြွင်းကျန်မာသ၊ ငါးလစီထား၊ ရှေ့ငါးနောက်ဆင့်၊ နာရီမှတ်ရှဲ၊ ပဏ္ဏာသ်-စတ္တာ၊ တိံသာ စတ် ပဏ်၊ ငါးတန်မိနစ်၊ ရှေ့ငါးဖြစ်၏၊ ကျန်လစ်နောက်ငါး၊ ခြောက်သွယ်ထား၍၊ ပဥ္စငါးနုတ်ပယ်၊ ကြွင်းဝယ်စဉ်မှန်၊ နောက်ငါးတန်တည့်၊ ဝင်ဟန်သိလို၊ မပိုဒွါဒသ်၊ နာရီမြတ်တွင်၊ ထွက်မှတ်ပွယ်ဖျက်၊ အရုဏ်တက်မှာ၊ နေထွက်စက်ဆုတ်၊ နာရီနုတ်က၊ မှန်ဟုတ်မပျက်၊ ထွက်ဝင်တက်သည်၊ မှတ်ကျက်လွယ်ကူစေကြောင်းတည်း။

## ယင်းလက်ာအရ အရုဏ်တက်, နေထွက်, နေဝင် ဇယား ခင်းပုံ

| | လစဉ် | အရုဏ်တက် နာရီ၊ မိနစ် | နေထွက် နာရီ၊ မိနစ် | နေဝင် နာရီ၊ မိနစ် |
|---|---|---|---|---|
| ၁ | တန်ခူး | ၅- | ၆- | ၆- |
| ၂ | ကဆုန် | ၄- ၅၀ | ၅- ၅၀ | ၆- ၅၀ |
| ၃ | နယုန် | ၄- ၄၀ | ၅- ၄၀ | ၆- ၂၀ |
| ၄ | ဝါဆို | ၄- ၃၀ | ၅- ၃၀ | ၆- ၃၀ |
| ၅ | ဝါခေါင် | ၄- ၄၀ | ၅- ၄၀ | ၆- ၂၀ |
| ၆ | တော်သလင်း | ၄- ၅၀ | ၅- ၅၀ | ၆- ၁၀ |
| ၇ | သီတင်းကျွတ် | ၅- | ၆- | ၆- |
| ၈ | တန်ဆောင်မုန်း | ၅- ၁၀ | ၆- ၁၀ | ၅- ၅၀ |
| ၉ | နတ်တော် | ၅- ၂၀ | ၆- ၂၀ | ၅- ၄၀ |
| ၁၀ | ပြာသို | ၅- ၃၀ | ၆- ၃၀ | ၅- ၃၀ |
| ၁၁ | တပို့တွဲ | ၅- ၂၀ | ၆- ၂၀ | ၅- ၄၀ |
| ၁၂ | တပေါင်း | ၅- ၁၀ | ၆- ၁၀ | ၅- ၅၀ |

### အမှတ် (၂) ပခုက္ကူနယ် အမည်မသိ ပညာရှိတဦး၏ အယူအဆ
### ၎င်း ရေးလင်္ကာ

ကူးသောင်း နှောင်းတုံ၊ ဆုန်-ပေါ်ဘိနှင်း၊ ယုန်-မြင်းလျှာတန်၊ ဆို-ပြန်ဆယ်ထပ်၊ ခေါင်း-ပြတ်လယ်တို၊ တော်-ပြိုပြန်နက်၊ ကျွတ်-ဟိန်းတွက်တည်း၊ မုန်း-သက်အောင်ထိပ်၊ နတ်-သားချိတ်တည်း၊ သို-သိတ်စိုးနန်း၊ တွဲ-သန်းခေါင်တွင်း၊ ပေါင်း-သင်းအင်းထွေ၊ စနေမှန်က၊ သုညချလျက်၊ ကြွင်းသမျှကို နံသင့်ဆိုသည်၊ ပဟိုရ်နာရီတွက်နည်းတည်း။

### အမှတ် (၃) အမည်မသိ ပညာရှင်တဦး၏ အယူအဆ

၎င်း ပညာရှင်က ပုံတူလုပ်သည်မှာ– ကူး-သောင်း၊ နှောင်း-တုံမှပေါင်း၊ သင်းအင်းတွေ့ အထိ ထပ်တူထားပြီး (စနေမှန်က) နံစနေမှ သုညပြုလျက်၊ ကြွင်းသမျှကို၊ နံသင့်ဆိုလေ၊ လရေတွက်စစ်၊ နေထွက်ဖြစ်သည်၊ တနာရီထက်၊

အရုဏ်တက်ပြန်၊ ကျန်တက်နာရီ၊ ဆယ့်နှစ်မှီအောင်၊ တည်ရန်ဖြစ်ရ၊ လိုသမျှသည်၊ လုံးဝနေပျောက်၊ ယွန်းချိန်တည်း-ဟု အဆုံးသတ် လင်္ကာသွားကို ပြောင်းလိုက်သည်။

ဇယားဖြင့်ပြရမှာ- အရုဏ်တက်ချိန်၊ နေထွက်ချိန်နှင့် နေဝင်ချိန် တို့မှာ အထက်ပါ ကမာရွတ် ရွာမ ဆရာတော်ရေးနှင့် (တထပ်တည်း) ဖြစ်နေပြန်သည်။ ထို့ကြောင့် ၎င်း အမှတ် ၂-နှင့် ၃-အတွက် ဇယားအနေဖြင့် ထပ်မံမဖော်ပြလိုတော့ပေ။

## အမှတ် (၄) မကာရလောပ မန်လည်ဆရာတော် ဘုရားကြီး၏ အယူအဆ အရုဏ်လေးပါး

မဲဇာမြစ်ဝှမ်း၊ ရွှေလီမြစ်ဝှမ်းသည် တောတောင် ထူထပ်၍ သစ်၊ ဝါးပေါများသော အရပ်များ ဖြစ်လေသည်။ ထိုအရပ်သူ အရပ်သားတို့သည် ဝါးနုထဲ ကောက်ဦးပေါ်ဆဲဖြစ်သော ဆောင်းကာလ၌ ဝါး၏အတွင်း ကောက်ညှင်းဆန် သွတ်သွင်း၍ မီးဖုတ်စားတတ် ကြလေသည်။ ထိုကောက်ညှင်း ကျည်တောက်ကို ရှမ်းများက "ခေါက်လန်"ဟုခေါ်၍ အညာသားများက "ပေါင်းတင်း" ဟု ခေါ်ကြလေသည်။ အောက်သားများကမူကား ၎င်းကို "ခဲတန်ချောင်း" ဟု ခေါ်ဝေါ်တတ်သေးသည်။

မန်လည် ဒါယကာ ဒါယိကာမတို့သည် ဆောင်းရာသီတွင် ဝါးနုများကို ရှာကာ ပေါင်းတင်းဖုတ်၍ ခရမ်းသီးဟင်း စသည်တို့နှင့်တကွ နံနက်စောစောတွင် သံဃာများအား ဆက်ကပ်လှူဒါန်းတတ်ကြလေသည်။ တရပ်တွင် ဒါယကာ တဦးသည် အထူး ဝီရိယစိုက်ထုတ်၍ ပေါင်းတင်းများကို ဖုတ်ပြီးလျှင် နံနက် အရုဏ်မတက်မီ ပြာသာဒ်ကျောင်းကြီးသို့ လာရောက်လှူဒါန်းလေသည်။

ပေါင်းတင်းအလှူရှင်ရောက်ခဲ့သဖြင့် ဦးပဉ္ဇင်းများ၊ ကိုရင်၊ ကျောင်းသားများသည် အိပ်စက်ရာမှထကာ သံဃာတော်များကပ်ရန် စီမံကြသည်။ ဦးပဉ္ဇင်း၊ ကိုရင်၊ ကျောင်းသားများ လှုပ်ရှားမှုဖြင့် ဆရာတော်ကြီး ကျိန်းစက်ရာမှ နိုးခဲ့သည်။ ကျိန်းစက်ရာမှနိုးလျှင် ဆရာတော်ကြီးက အခန်းပြင်ဘက်သို့ လှမ်းပြီး- "ဟဲ့- ဘာများတုန်း၊ စောစောစီးစီး လှုပ်လှုပ်ရှားရှား ဖြစ်နေကြတာက" ဟု မေးတော်မူလိုက်သည်။ ဦးပဉ္ဇင်းကြီးက "ပေါင်းတင်းကပ် ရောက်ခဲ့လို့ ပြင်ဆင်နေကြတာ ဘုရား့" ဟု လျှောက်လိုက်၏။ "ဟဲ့-အရုဏ်တက်ပြီလား" "မှန်ပါ၊ တက်လောက်ပါပြီဘုရား" ဦးပဉ္ဇင်းကြီးလျှောက်ချက်ဖြင့် ဆရာတော်ကြီးသည် ကျိန်းစက်ရာမှထ၍ မျက်နှာသစ်ပြီး ဘုရားဝတ်ပြုတော် မူသည်။ ထို့နောက် သွမ်းစားရာ ဌာန၌ ထိုင်တော်မူလျှင် ကိုရင်များ၊ ကျောင်းသား များသည်

ပေါင်းတင်းများကို ကပ်ရန် မယူခဲ့ကြသည်။ ထိုအခါ ဆရာတော်ကြီးက– "ဟဲ့- နေကြအုံး၊ အရုဏ် မလာသေးဘူး" ဟု မိန့်သဖြင့် ကပ်ရန် ပစ္စည်းကို ချထား၍ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားများ ငြိမ်သက်စွာ ထိုင်နေကြလေသည်။ ကိုအခါ ဆရာတော်ကြီးက "အိမ်း-ရဟန်းဆိုတာ အရုဏ်နှင့် အလုပ်လုပ်ရတာ အရုဏ်ကိုသိထားဘို့ အင်မတန်လိုတယ်၊ အရုဏ်ကိုမသိရင် အရုဏ်မတက်ဘဲစားမိလို့ အာပတ်သင့်တယ်၊ ဝါတွင်းမှာ အရုဏ်မတက်ခင်သွားမိလို့ ဝါပြတ်တယ်။ ပရိဝတ် မာနတ်ကို အရုဏ်မတက်မီ ချမိလို့ ညဥ့်ပြတ်တယ်။ ဒါကြောင့် အရုဏ်ကိုသိထားကြရမယ်။ သည်နေရာမှာ အရုဏ်နှင့်ပတ်သက်ပြီး၊ ၁-ဗေဒင်နည်း၊ ၂-သဒ္ဒါနည်း၊ ၃-ဝိနည်း နည်းရယ်လို့ သုံးမျိုး ပြားတယ်၊ ဗေဒင်နည်းကို သန်းခေါင်နှင့်ဆုံးဖြတ်တယ်။ သန်းခေါင်ရဲ့ဟိုဘက်က ယမန်နေ့၊ သန်းခေါင်ရဲ့ ဒီဘက်က ယနေ့ဖြစ်တယ်။ ဒါကြောင့် ဗေဒင် အလိုအားဖြင့် သန်းခေါင်ကျော်လျှင် အရုဏ်တက်ပြီလို့ဆိုသင့်တယ်။ သဒ္ဒါကျမ်းအလိုအားဖြင့် အရုဏ်ကို ပဟိုရ်ခေါ်တဲ့ "ယာမ်"နှင့် ဆုံးဖြတ်တယ်။ ကစ္စာယန သဒ္ဒါငယ် ကျမ်းမှာ–

အတီတရတ္တိယာ ယာမော၊ ပစ္ဆိမစ္စုမ မုဿဝါ။
ဘာဝိနိယာဒိပ္ပဟာရော၊ တဒဇ္ဇဝါဇ္ဇတေဟျဟော-

လို့ ဆိုထားတယ်။ တရက်အတွင်း နေ့ လေးပဟိုရ်၊ ညဥ့် လေးပဟိုရ်ရှိရာမှာ လွန်ခဲ့တဲ့ညဥ့်ရဲ့နောက်ဆုံး တပဟိုရ်ရဲ့ ထက်ဝက်နှင့် လာလတံ့သောညဥ့်ရဲ့ အစ တပဟိုရ်ရဲ့ထက်ဝက်၊ ဒီထက်ဝက်နှစ်ခုကို ပေါင်းလိုက်တော့ တပဟိုရ်ရတယ်။ အဲဒီရှေ့ထက်ဝက် နောက်ထက်ဝက် တပဟိုရ်က နေ့ဘက်ကိုပါတယ်။ ရိုးရိုးနေ့ လေးပဟိုရ်ရယ်၊ အဲဒီထက်ဝက်စပ်က ပဟိုရ်ရယ်ပေါင်းလျှင် နေ့အတွက် ငါး ပဟိုရ်ဖြစ်တယ်။ ညဥ့်အတွက်ကတော့ သုံးပဟိုရ်သာ ကျန်တယ်။ ဒါကြောင့် ရတနသုတ် ပါဠိတော်မှာ "တိယာမရတ္တိ- ညဥ့်သုံးယာမ်ပတ်လုံး" လို့ ဆိုတယ်။ သည်သဒ္ဒါနည်းအရ ဆိုလျှင် နောက်ဆုံးယာမ်ရဲ့ ထက်ဝက်မှာ အရုဏ်တက်တယ်လို့ ဆိုရမယ်။ သို့သော် ဒါကဝိနည်းမဟုတ်လို့ ရဟန်းတော်များနှင့် မဆိုင်ဘူး။ ရဟန်းတော်များနှင့် ဆိုင်တဲ့ဝိနည်း နည်းအရတော့ အရုဏ်ကို အရောင်နှင့် ဆုံးဖြတ်တယ်။ အဘိဓာန်ဋီကာကလဲ–

"သူရိယဿ၊ နေ၏။ ဥဒယတော၊ ထွက်သည်မှ။ ပုဗ္ဗေ၊ ရှေ့၌။ ဥဋ္ဌိတရံသိ၊ တက်သောအရောင်သည်။ အရုဏောနာမ၊ အရုဏ်မည်သည်။ သိယာ၊ ဖြစ်ရာ၏။ အရုဏဝဏ္ဏတာယ၊ နီသော အဆင်းရှိသည်၏ အဖြစ်ဖြင့်။ အရတိဂစ္ဆတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထိုကြောင့်။ အရုဏော၊ အရုဏ်မည်၏" လို့ ဆိုတယ်။

အရုဏ်ဆိုတာ ထွက်တော့မည့် နေမင်းရဲ့အဟုန်ကြောင့် အရှေ့ဘက်ကောင်းကင်မှာ လင်းလာတဲ့အရောင်ကို ဆိုလိုတာဘဲ၊ အဲဒီအရောင်ကလဲ လေးမျိုးပြားတယ်။ (၁) ရှေးဦးစွာ ကောင်းကင်မှာဖြူပြီး လင်းလာတယ်။ အဲဒါကို ပဌမ "အရုဏ်"လို့ ခေါ်တယ်။ ပဌမအရုဏ်ဟာ နုလွန်းသေးလို့ ရဟန်းတော်များအတွက် မအပ်သေးဘူး။ (၂) အဲဒီနောက်ကို ပြန်ပြီး မိုက်လာခဲ့တယ်။ အဲဒီမိုက်လာတဲ့အချိန်ကို "မယ်တော်ပြန်ချိန်"လို့ခေါ်ကြတယ်။ မယ်တော်ပြန်ချိန်လို့ ခေါ်တာက ဦးပဥ္စင်းမယ်တော် စုန်းမကြီးဟာ သားတော် ဦးပဥ္စင်းများထံက အပြန်မှာ သူ့ကို သူဘပါးမမြင်နိုင်အောင် စုန်းအတတ်နှင့်မှောင်ချပြီး ပြန်တယ် ဆိုတဲ့ပုံပြင် ရှေ့စကားအရ "မယ်တော်ပြန်ချိန်" ရယ်လို့ ခေါ်ဝေါ်ကြခြင်းဖြစ်တယ်။ အနာထပိဏ်အမည်ရတဲ့ သုဒတ္တသေဌေးဟာ ရာဇဂြိုဟ်ပြည် ဝိသာလသေဌေးထံအရောက်မှာ ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ကြားနာရလို့ ဘုရားဖူးဖို့ရာ ထွက်လာတယ်ဆိုတာ ပဌမအရုဏ်တက်ချိန်ပေါ့။ မြို့အပြင်ရောက်တော့ အလင်းရောင်ပျောက်ပြီး အမှောင်ရောက်ခဲ့တယ်ဆိုတာ မယ်တော်ပြန်ချိန်ဆိုတဲ့ ဒုတိယအရုဏ် ချိန်ပေါ့။ အဲဒီ ဒုတိယ အရုဏ် အချိန်ဟာလဲ မိုက်မှောင် သေးလို့ ရဟန်းတော်များ အတွက် မအပ်သေးဘူး။ သည်နောက်တော့ "အရုဏ်" ခေါ်တဲ့ မြနီရောင်၊ ကြေးနီရောင်၊ နီပြေးပြ "တတိယ အရုဏ်ရောင်"ပေါ်လာခဲ့တယ်။ အဲဒီ တတိယအရုဏ် ပေါ်လာခဲ့လျှင်တော့ ရဟန်းတော်များအတွက် အားလုံးအပ်ပြီလို့ မှတ်ရမယ်။ သည့်ရဲ့နောက်မှာတော့ ဇလပ်ပန်းကဲ့သို့ ဖြူဖွေးတဲ့ အရုဏ်ဖြစ်ပြီး နေထွက်ခဲ့တော့တာပဲ။ ဒါကြောင့် ရှေးဟောင်း ခဒ္ဒသိက္ခာနိသျမှာ–

> သေတာရုဏဉ္စ ပဌမံ၊ ဒုတိယံ ဂဒြဘာမုခံ။
> တတိယံ တမ္ဗဝဏ္ဏာဉ္စ၊ စတုတ္ထံ နန္ဒိယာဝဋ္ဋံ။

ပဌမံ၊ ပဌမအရုဏ်သည်။ သေတာရုဏဉ္စ၊ ဖြူသော အဆင်းလည်း ရှိ၏။ ဒုတိယံ၊ ဒုတိယ အရုဏ်သည်။ ဂဒြဘာမုခံ၊ မြည်း မျက်နှာကဲ့သို့ မည်းသော အဆင်းရှိ၏။ တတိယံ၊ တတိယအရုဏ်သည်။ တမ္ဗဝဏ္ဏာဉ္စ၊ ကြေးနီကဲ့သို့နီသော အဆင်းလည်း ရှိ၏။ စတုတ္ထံ၊ စတုတ္ထအရုဏ်သည်။ နန္ဒိယာဝဋ္ဋံ၊ ဇလပ်ဖြူပွင့် အဆင်းကဲ့သို့ ဖြူဝင်းသော အရောင်ရှိ၏-လို့ ဆိုထားတယ်။

**သတိပြုရန်။** ။ငှင်းဂါထာသည် ကျမ်းရင်း ဝိနယလင်္ကာရဋီကာ ပထမတွဲ စာမျက်နှာ ၂၇-ကျမ်းရင်းလာ ဂါထာနှင့်မတူသည်ကို နောက်တွင် တွေ့ပေအံ့။

အဲဒီအရုဏ်ရဲ့ ရှေ့ပြေးကတော့ အာနီခေါ်တဲ့ ကြယ်ကြီးပဲ၊ ဒီကြယ်ကြီးကို အရုဏ်တက်ခါနီးပေါ်လို့ "အရုဏ်ကြယ်"လို့ ခေါ်ကြတယ်။ အဲဒီကြယ်ကြီး ထွက်စဟာ အရုဏ်နုသေးတယ်။ ကြယ်ကြီးထွက်လို့ ဝါးတရိုက်လောက်ရှိလျှင် အရုဏ်တက်ပြီလို့ မှတ်ရမယ်။ နို့ပေမယ့် အရုဏ်ကြယ်ဟာ ဆောင်းရာသီ၊ မိုးရာသီများမှာ နှင်း၊ တိမ် ဖုံးအုပ်နေလို့ တခါတရံ မမြင်ရဘူး။ ဒါကြောင့် အရုဏ်တက်ချိန်ကို စက်နာရီနှင့် တိုက်ထားရတယ်။ စက်နာရီနှင့်တိုက်ထားဘို့ အတွက် နေသွားလမ်းကို ဦးစွာသိထားရမယ်။

နေမင်းဟာ ဝါဆိုလပြည့်ကျော် တရက်နေ့က စပြီး အနောက်ဝီထိ၊ အတွင်းလမ်းက ဗာဟိရဝီထိ၊ အပြင်လမ်းအထိ ထွက်သွား သွားတာဟာ ပြာသိုလပြည့်နေ့မှာ ဗာဟိရ၊ အပြင်စွန်းကိုရောက်တယ်။ အနောက်အတွင်းစွန်းက ဗာဟိရ အပြင်စွန်းအထိ ၆-လကြာတယ်။ အဲဒီ ၆-လကို ထက်ဝက်ချိုးလိုက်၊ သီတင်းကျွတ်လပြည့်နေ့ဟာ ဗဟိုကျတယ်။ ဒါကြောင့် သီတင်းကျွတ်လဟာ နေ့နာရီ ညနာရီမျှတယ်။ မြန်မာနာရီနှင့်ဆိုယင် နေ့နာရီ သုံးဆယ်၊ ညဉ့်နာရီ သုံးဆယ် ရှိတယ်။ (စက်နာရီနဲ့ဆိုယင် နေ့ ၁၂-နာရီ ညဉ့် ၁၂-နာရီစီ ရှိတယ်။) ဘဝါး အားဖြင့် ၃-ဘဝါး တိတိမှာ မွန်းတည့်တယ်။ အခု ပြောခဲ့တာက နေမင်း ဒက္ခိဏာယာဉ်လမ်းကြောင်း ထွက်သွား-သွားပုံ ဖြစ်တယ်။

ဥတ္တရာယာဉ်လမ်းကြောင်း နေမင်းဝင်သွားသွားတာက ပြာသိုလပြည့်ကျော် တရက်နေ့ကစပြီး ဝါဆိုလပြည့်နေ့ အထိ ခြောက်လဖြစ်တယ်၊ အဲဒီ ဥတ္တရာယာဉ် ၆-လကို ထက်ဝက်ချိုးလိုက်ယင် တန်ခူးလပြည့်နေ့ ဗဟိုကျတယ်၊ ဒါကြောင့် တန်ခူး လပြည့်နေ့ဟာ သီတင်းကျွတ်နေ့လိုပဲ နေ့နာရီ, ညဉ့်နာရီ တူမျှတယ်၊ ဘဝါးအားဖြင့်လဲ ၃-ဘဝါးမှာ မွန်းတည့်တယ်၊ မဇ္ဈေဝီထိ ဗဟိုလမ်းကျတဲ့ တန်ခူးလပြည့်နှင့် သီတင်းကျွတ်လပြည့်ဟာ နေ့နာရီ, ညဉ့်နာရီ တူမျှတဲ့အတွက် နံနက် စက် ၆-နာရီတိတိ အချိန်မှာ နေထွက်တယ်၊ ညနေ ၆-နာရီတိတိအချိန်မှာ နေဝင်တယ်၊ မဇ္ဈေဝီထိတိတိကျတဲ့ ဒီ တန်ခူးလနှင့် သီတင်းကျွတ်လကိုမူတည်ပြီး ထား၊ တလတလကို ဆယ်မိနစ် ခန့်မှန်းခြေဆုတ်တိုးလုပ်လိုက်ယင် နေထွက်ချိန်, နေဝင်ချိန်ကို သိတော့တာပဲ၊ ဒါကို ရှင်းရှင်းသိအောင် ဇယားပုံစံချလိုက်တော့-

ဗုဋ္ဌာသယ ၅၉၅-၂

## အရုဏ် နေထွက်၊ နေဝင်ချိန် ဇယားပုံစံ

| လအမည် | အရုဏ်တက်ချိန် | နေထွက်ချိန် | နေဝင်ချိန် |
|---|---|---|---|
| တန်ခူးလ | ၅-နာရီ တိတိ | ၆-နာရီ တိတိ | ၆-နာရီ တိတိ |
| ကဆုန်လ | ၄-နာရီ မိနစ် ၅၀ | ၅-နာရီ မိနစ် ၅၀ | ၆-နာရီ ၁၀-မိနစ် |
| နယုန်လ | ၄-နာရီ မိနစ် ၄၀ | ၅-နာရီ မိနစ် ၄၀ | ၆-နာရီ ၂၀-မိနစ် |
| ဝါဆိုလ | ၄-နာရီ မိနစ် ၃၀ | ၅-နာရီ မိနစ် ၃၀ | ၆-နာရီ ၃၀-မိနစ် |
| ဝါခေါင်လ | ၄-နာရီ မိနစ် ၄၀ | ၅-နာရီ မိနစ် ၄၀ | ၆-နာရီ ၂၀-မိနစ် |
| တော်သလင်းလ | ၄-နာရီ မိနစ် ၅၀ | ၅-နာရီ မိနစ် ၅၀ | ၆-နာရီ ၂၀-မိနစ် |
| သီတင်းကျွတ်လ | ၅-နာရီ တိတိ | ၆-နာရီ တိတိ | ၆-နာရီ တိတိ |
| တန်ဆောင်မုန်းလ | ၅ နာရီ မိနစ် ၁၀ | ၆-နာရီ မိနစ် ၁၀ | ၅-နာရီ ၅၀-မိနစ် |
| နတ်တော်လ | ၅-နာရီ မိနစ် ၂၀ | ၆-နာရီ မိနစ် ၂၀ | ၅-နာရီ ၄၀-မိနစ် |
| ပြာသိုလ | ၅-နာရီ မိနစ် ၃၀ | ၆-နာရီ မိနစ် ၃၀ | ၅-နာရီ ၃၀-မိနစ် |
| တပို့တွဲလ | ၅-နာရီ မိနစ် ၂၀ | ၆-နာရီ မိနစ် ၂၀ | ၅-နာရီ ၄၀-မိနစ် |
| တပေါင်းလ | ၅-နာရီ မိနစ် ၁၀ | ၆-နာရီ မိနစ် ၁၀ | ၅-နာရီ ၅၀-မိနစ် |

"ဟောဒီလို ဇယားပုံစံချရတယ်၊ ဒီလိုဇယားချပြီး နေထွက်ချိန်ကို သိခဲ့ရင် နေထွက်ချိန်က (တနာရီဆုတ်ပြီး) အရုဏ်ချိန်ကို သိရတယ်၊ ဥပမာ- တန်ခူးလမှာ ၆-နာရီ နေထွက်ယင် (နံနက် ၅-နာရီ) အရုဏ်တက်တယ်လို့ မှတ်ရမယ်၊ အခု နတ်တော်လ ဇယားကွက်ကို ကြည့်လိုက်စမ်း၊ ၆-နာရီ မိနစ် ၂၀-မှာ နေထွက်တယ် မဟုတ်လား၊ အဲဒါ တနာရီ ပြန်ဆုတ်လိုက်၊ ၅-နာရီ မိနစ် ၂၀-မှာ အရုဏ်တက်တယ်၊ ကိုင်း-နာရီ ကြည့်လိုက်စမ်း၊ ၅-နာရီ မိနစ် ၂၀-ရှိပြီလား"။

"မှန်ပါ ၅-နာရီ ခွဲသွားပါပြီ ဘုရား"

"အော - အရုဏ် တက်ခဲ့စေ၊ မွန်းတည့်လွယ်စေဆိုတဲ့ ရဟန်းတော်များ ဆောင်ပုဒ် အတိုင်း အရုဏ် တက်ခဲ့စေရမယ်၊ ၅-နာရီခွဲရင်တော့ အရုဏ်တက်ပါပြီ၊ ကဲ-ကပ်စရာရှိတာတွေ ကပ်ကြ"။

ဤသို့လျှင် ဆရာတော်ကြီးသည် နံနက် အရုဏ်ချိန်ကို ငံ့လင့်တော်မူယင်း တပည့်အများ မှတ်သားစေရန် အရုဏ်လေးပါးကို ခွဲခြား မိန့်ကြားတော်မူခဲ့ပေသတည်း၊ လွန်ခဲ့သောအနှစ် ၇၀-ကျော်က ဝါဒ ဖြစ်သည်။

( ကသာမြို့ မဟာလေးထပ် ဆရာတော်ထံမှရသည် )။

**သတိပြုဘွယ်။** ။အရုဏ်တက်နှင့် နေထွက်ချိန်သည် (၁-နာရီ) ကွာသည်ဟု အထက်ပါ ဆိုထားချက်သည် (ခန့်မှန်းချက်မျှ) အနေနှင့် ယူဆလာကြသော ရှေးပဝေသဏီက အယူဟောင်းတရပ်သာ ဖြစ်ပေသည်၊ အတိအကျကား မဟုတ်ပါပေ၊ ဥပမာ- မြန်မာနိုင်ငံအောက်ပိုင်းတွင် နေ့စဉ် ဒီရေ ၂-ကြိမ်တက်လျက် ရှိရာ လှေ, သမ္ဗန်, တုံကင်း စသည်တို့ဖြင့် အသက်မွေးသူတို့မှာ နာရီမဆောင်နိုင်ကြ၍ လဆန်း,လဆုတ်ရက်အလိုက် တရက် တကျပ်၊ ၂-ရက် ၂-ကျပ် စသည်ဖြင့် မှတ်ခုထားပြီး ထိုတကျပ်မှ တမတ်နှုတ်၊ ၂-ကျပ်မှ ၂-မတ်နှုတ်ပြီး ဘယ်နာရီမှာ ရေတက်မည်ဟု ခန့်မှန်း၍ပြောကြ၊ ယူဆကြရာတွင် အတိအကျကား မရနိုင်ပေ၊ တနာရီ ခန့်ဝန်းကျင်အတွင်းမှာ ရေတက်သည့် စံနစ်မျိုးသာ ဖြစ်ပုံကို သတိပြုရာ၏၊ အတိအကျ သိနိုင်ရေးကို တတိယပိုင်းတွင် တွေ့မြင်ပါလတ္တံ့။

### အမှတ်( ၅ ) လယ်တီ ဆရာတော်ဘုရားကြီး၏ အယူအဆ အရုဏ်နှင့် ဝါဆို ဝါကပ် အဆုံးအဖြတ်

၁၂၆၃-ခု၊သီတင်းကျွတ်လဆန်း ၁၅-ရက်နေ့တွင် တောင်ငူမြို့၊ လောကုတ္တရာ သိမ်ကုန်းကျောင်း ဘုန်းကြီး လျှောက်ထားချက်ဖြင့် လယ်တီ ဆရာတော်ဘုရားကြီးသည် အလုံမြို့ ရွှေတာဦး တောင်ပေါ်၌ ဝါဆိုစဉ် ရေးသား စီရင်တော်မူသော ဒဲဆုံးအဖြတ် ဖြစ်သည်။

### အ တိ တ် အ ရု ဏ်

ဝိမတိဝိနောဒနီဋီကာ၌-

စေံ စီဝရဝိပ္ပဝါသာဒီသု စ သဗ္ဗရတ္တိပရိယောသာနေ အာဂမနအရုဏာ ဝသေနေဝ အရုဏုဋ္ဌာပနံ ဒဿိတံ၊ န အတီတာရုဏာဝသေန။

ဟူသော စကားကို အစွဲအမှီပြု၍ ဝိနည်းတော်အရာ၌ အရုဏ်နှင့် စပ်သော အယူစကား အထွေထွေအလာလာ များလျက် ရှိကြသည်ကို နေရာကျသိမှတ်ရန် အတန်ငယ် ဆိုလိုက်ဦးအံ့။

ကောဒသေ အရုဏုဂ္ဂမနေ နိဿဂ္ဂိယံ ပါစိတ္တိယံ- ဟူသော စီဝရဒသာဟာတိက္ကန္တအရာ၌ (၁၁) အရုဏ်ရေတွက်သည်မှာ အကြင်နေ့၌ သင်္ကန်းရ၏၊ ထိုနေ့၏ အစ အဘို့ဖြစ်သော နံနက်က တက်ခဲ့ပြီးသော အရုဏ်ကစ၍ (၁၁) ရက် အရေအတွက်ကို ပြုအပ်၏။

လဆန်း ၁-ရက်နေ့မှာရခဲ့လျှင် လဆန်း ၁၁-ရက်နေ့ နံနက် အရုဏ်သည် ကောဒသမအရုဏ်ဖြစ်၏။ ထိုအရုဏ်မှာ နိဿဂ္ဂိဖြစ်၏။ ထိုအရုဏ်သို့မရောက်မီ အဓိဋ္ဌာန် ဝိကပ္ပနာလျှော်ရာ ဝိနည်းကံကိုပြု၍ ထားအပ်၏။

ဤကား-

ကောဒသေ အရုဏုဂ္ဂမနေတိ ဧတ္ထ ယသ္မိံ ဒိဝသေ စီဝရံ ဥပ္ပန္နံ၊ တဿ ယော အရုဏော၊ သော စီဝရုပ္ပန္နဒိဝသနိဿိတော၊ တသ္မာ တေန သဒ္ဓိံ ။

အစရှိသော အဋ္ဌကထာ ပါဠိ၏ အဓိပ္ပါယ် ပါတည်း။ ဤကား- အတိတ်အရုဏ်၏ အချက်ကို ပြဆိုချက်တည်း။

## အနာဂတ် အရုဏ်

ဒသာဟပရမံ အတိရေကစီဝရံ ဓာရေတဗ္ဗံ- ဟူသော ပါဠိတော် အရာ၌ ကား- ရက်အရေအတွက်သည် ပမာဏဖြစ်၏။ တရက်ရပြီ၊ နှစ်ရက်ရပြီ စသည်ဖြင့် ရေတွက်အပ်၏။

## စောဒနာဘွယ်

(က) လဆန်း ၂-ရက်နေ့မှာ ရလာသောသင်္ကန်းကို ဘယ်အခါမှာ တရက်ရပြီး ဆိုအပ်သနည်း-ဟု မေးခဲ့သော် လဆန်း ၂-ရက်နေ့နံနက် အရုဏ်တက်သော အခါမှာ ၁-ရက်ရပြီ-ဟု ဆိုအပ်၏။

(ခ) အဘယ်ရက်ကို ရ၍ပြီးသနည်း။ အတိတ်ဖြစ်သော လဆန်း ၁-ရက်ကို ရပြီး၊ ဤသို့ လွန်ခဲ့ပြီးသော လဆန်း ၁-ရက်၏ ရပြီးရက်ဖြစ်ကြောင်းကို ပြောဆိုသောအခါ လဆန်း ၂-ရက်နေ့နံနက် အရုဏ်နှင့်ပိုင်းခြား၍ ပြောဆိုအပ်၏။

ထို အရုဏ်မူကား- လဆန်း ၂-ရက်နေ့ အပါအဝင်ဖြစ်ခဲ့၍ ရပြီးရက်တွင် အပါအဝင် မဟုတ်ပေ၊ အဆုံးတိုင်ရပြီးရက်ကို ရေတွက်လို၍သာ ထိုအနာဂတ်ကို ပြဆိုရသည်။ ၂-ရက်နေ့သည် နာရီကုန်ဆုံး၍ ၃-ရက်နေ့နံနက် အရုဏ်တက်သော အခါ ၂-ရက်နေ့သည် ရပြီးရက် ဖြစ်ပြန်၏။ ထိုရက် အပါအဝင်ဖြစ်သော

၂-ရက်နေ့နံနက် အရုဏ်သည်လည်း ထိုရက်ရပြီးဖြစ်သော အခါမှာပင် ရပြီးဖြစ်လေ၏။ တက်ဆဲဖြစ်သော သုံးရက်နေ့ အရုဏ်ကိုမူကား- ရပြီးရက်ကို ရေတွက်လို၍သာ ဖော်ဆိုရသည်။ ဤကား- အနာဂတ် အရုဏ်၏အချက်ကို ပြဆိုချက်တည်း။

ဝါဆိုဝါကပ် အခဏ်းမှာလည်း–

ဝါဆိုလဆုတ် ၁-ရက် ဝါဆိုသောနေ့၌ ဝါဆိုပြီးသော ရဟန်းမှာ ထိုရက်သဥ္စကုန်ဆုံး၍ ဒုတိယရက် အရုဏ်တက်မှ ပဌမရက်ရပြီး ဖြစ်၏။ ပဌမရက်၏နံနက် အရုဏ်နှင့်တကွ ပဌမရက်ရပြီးဖြစ်ကြောင်းကို ဒုတိယ အနာဂတ်ရက်၏နံနက်အရုဏ်ဖြင့် ပိုင်းခြားအပ်၏။ ဤသို့ရပြီး ရက်ကိုပိုင်းခြားရာ ဌာန၌ အနာဂတ် အရုဏ်သည်သာ ပဓာန ဖြစ်ကြောင်းကို ပြတော်မူလို၍- "ဝေ စိဝရဝိပ္ပဝါသာဒီသုစ သဗ္ဗတ္ထ" အစရှိသော စကားကို ဝိမတိဝိနောဒနီ ဋီကာဆရာ ဆိုပေသည်။ ဝိနည်းတော် အရာ၌ အတိတ်အရုဏ်ကိုယူသင့်သောအရာ အနာဂတ်အရုဏ်ကိုယူသင့်သောအရာ ထွေလာထူးခြား များပြားမှုရှိ၍ဆိုသည် မဟုတ်ပေ။

ဤကား ဝိနည်းတော် တလျှောက်လုံး နေရာကျသိအပ်သော အရုဏ် ၂-ပါး၏အချက်ကို ပြဆိုအပ်သော အခဏ်းတည်း။

အရုဏ်နှင့်ဝါဆိုဝါကပ် အဆုံးအဖြတ် ပြီး၏။

---

ငင်းခုကား-ဟံသာဝတီပုံနှိပ်တိုက်မှ ၁၉၅၄-ခု၌ ထုတ်ဝေသော (သာသနဝိသောဓနီကျမ်း) ဒုတိယတွဲ စာမျက်နှာ ၁၇၃-မှ ၁၇၅-တိုင်အောင် ကူးယူ၍ ထုတ်နုတ်ဖော်ပြချက်ပေတည်း။ (မှတ်ချက်) ဖော်ပြပါ လယ်တီဆရာတော်ဘုရားကြီး၏ (အရုဏ်ကိစ္စ ဖော်ပြချက်သည် ဤ (အရုဏ္ဏတ္ထပဒီပကာဋီကာ)လာ ဘယ်နှစ်၊ ဘယ်လ၊ ဘယ်ရက်နံနက်၊ ဘယ်နာရီ ဘယ်မိနစ်မှာ အရုဏ်တက်-မတက်ကို သုတေသနပြုချက်နှင့်ကား တိုက်ရိုက် မသက်ဆိုင်ပါချေ။

## အမှတ်(၆) ရန်ကုန်မြို့ ကျောင်းတော်ရာတိုက် သာသနာပြု ဦးသောမ၏ အယူအဆ အရုဏ် ၄-ပါးကိုပြခြင်း

နီနီဖြူလင့်၊ ဇလပ်ပွင့်သို့၊ ရင့်စွာလွန်ဖြူ၊ အတူကြေးနီ၊ မည့်ရင့်နီမှောင်၊ ရေရောင်ရွှေသွား၊ လေးပါးအရုဏ်၊ ရွှေနှစ်စုံ မိုးနှင့်နေ့၊ နောက်နှစ်ထွေဆောင်း၊ သူတော်ကောင်းတို့ လေးပါးစုံ၊ ယင်း အရုဏ်ကိုလည်း မထိန်းမှတ်။

## ရှင်းအထွက် သာဓကဂါထာ

သေတဝဏ္ဏဉ္စ ပထမံ၊ ဒုတိယံ နန္ဒိယာဝဋ္ဋံ။
တတိယံ တမ္ဗဝဏ္ဏဉ္စ၊ စတုတ္ထံ ဂဒြဘာမုခံ။

ပထမံစ၊ ပထမအရုဏ် သည်ကား။ သေတဝဏ္ဏံ၊ နုနုရောင်လင်း ဖြူသော အဆင်းရှိ၏။ ဒုတိယံ၊နှစ်ခုမြောက်ထ ဒုတိယအရုဏ်သည်။ နန္ဒိယာဝဋ္ဋံ၊လင်းရောင် ဖြူရင့် ဇလပ်ပွင့်အဆင်းရှိ၏။ တတိယံ၊ သုံးခုမြောက်ထ တတိယ အရုဏ်သည် ကား။ တမ္ဗဝဏ္ဏံ၊ နီပြေရောင်လင်း ကြေးနီအဆင်း ရှိ၏။ စတုတ္ထံ၊ လေးခု မြောက်ထ စတုတ္ထအရုဏ်သည်။ ဂဒြဘာမုခံ၊ နီမှောင်မှည့်လင်း မြည်းမျက်နှာ အဆင်းရှိ၏။ ယင်း၏ ရှေ့အရုဏ် နှစ်ပါးကား နေ့ဥတုနှင့် မိုးဥတု နှစ်ပါးဘို့၊ နောက်အရုဏ်နှစ်ပါးကား ဆောင်းဥတု ကာလဘို့၊ ယင်း အရုဏ်လေးပါးကို သတိမထားကြသော လူ, ရှင်, ရဟန်းတို့အား ဝိကာလဘောဇန သိက္ခာပုဒ် ပျက်ခြင်း၊ သန္နိဓိပါစိတ် အာပတ်သင့်ခြင်း စသည် ထိခိုက်မည်၊ သတင်းသည် ဒါယကာ ဒါယိကာမတို့လည်း ဝိကာလဘောဇနနှင့် အဗြဟ္မစရိယ သိက္ခာပုဒ် ပေါက်ပျက်ကြမည်။ အထူး သတိထားသင့်ကြ၏။ ဤကား သတိထားရန် တခန်းတည်း။

**သတိပြုဘွယ်။** ။ရှင်းဆရာတော်အဆို၌ အရုဏ်တက်ချိန်ကို လုံးဝ ဖော်မပြ၊ ထို့ပြင် ဖော်ပြသော သာဓကဂါထာသည်လည်း မူလ ကျမ်းရင်းလာ ဂါထာနှင့်မတူ ကွဲလွဲနေ၍ သဒ္ဒါ အနေနှင့်ရှင်း၊ အနက် ပြန်ဆိုချက် အနေနှင့်ရှင်း ယုံမှားဖွယ်တို့ ဝင်နေသည်ကို သတိပြုရာ၏။ မူလကျမ်း ရင်းလာ ဂါထာမှန်ကား–

သေတာရုဏဉ္စ ပဌမံ၊ ဒုတိယံ နန္ဒိယာဝဋ္ဋံ။
တတိယံ တမ္ဗဝဏ္ဏဉ္စ၊ စတုတ္ထံ ဂဒြဘံ မုခန္တိ။

ရှင်းဂါထာသည် ဝိနယာလင်္ကာရ ဋီကာ ပထမတွဲစာမျက်နှာ ၂၇၊ ဒိဝါ သေယျ ဝိနိစ္ဆယကထာ၌ လာရှိပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀- ကျော်က ပေါ်လာသော ခုဒ္ဒသိက္ခာနိသျှမှ ပေါ်လာသည်ဟု ဆို၏။

## အပှတ်(၇) ပဲခူးမြို့ ရွှေကျင်ဂိုဏ်း ဆရာတော်ကြီးများ၏ အယူအဆ

ပဲခူးမြို့ ရွှေကျင်ဂိုဏ်းကြီး၌ ဝိနည်းဓိုရ်ဖြစ်တော်မူသော ကျေးဇူးရှင် ပုဗ္ဗာရုံ ဆရာတော်ဘုရားကြီး၏တပည့်(ညောင်လေးပင်မြို့ဇာတိ) အရှင် ဉာဏာလင်္ကာရ

မထေရ် ရေးသည်။ ထိုမထေရ်သည် နောင်အခါ ရွှေဂူကျောင်းတိုက်ကို အုပ်ချုပ်ရ၍ ရွှေဂူဆရာတော်ဟု ထင်ရှားတော့သည်။

ယင်းဆရာတော်ရေး (အရုဏပကာသနိကျမ်း)ကို အောက်ပါ ဆရာတော်ကြီးများ၏ သဘောတူအမိန့်ပေးချက်အရ သာသနာ ၂၄၇၈-ခု၊ ကောဇာ ၁၂၉၇-ခုနှစ်တွင် ပဲခူးမြို့ လိပ်ပြာကန်ရပ်ရှိ မြန်မာ့ဟိတပုံနှိပ်တိုက်၌ ရိုက်နှိပ်ထုတ်ဝေသည်။

**သဘောတူအမိန့်ပေး ဆရာတော်ကြီးများ**

၁။ မဟာစေတီဆရာတော်၊

၂။ ကလျာဏီဆရာတော်၊

၃။ ဝေဇယန္တာဆရာတော်၊

၄။ မင်းကျောင်းဆရာတော်၊

၅။ ကြခတ်ဝိုင်း စာချဆရာတော်၊

၆။ ရတနာသိရီဆရာတော်၊

၇။ မျက်နှာတော် ပရိယတ္တိစာသင်တိုက်ဆရာတော်။

**အချုပ်ဆိုလိုချက်**

(မေး) အရုဏ်အဲရာ ဆရာဝါဒတွေ များပြားသဖြင့် အလွယ်ဆုံးနည်းနှင့် မမှားနိုင်အောင် အရုဏ်ကို ဘယ်သို့ပြုကျင့်လျက် အကျဉ်းလက်ာဖြင့် ဘယ်သို့ မှတ်သားရပါမည်နည်း။

(ဖြေ) နံနက် နေမထွက်မီ ငါးမျက်စိနှင့်တူစွာ စဉ်းငယ်နီသော အရောင်သည်သာ အရုဏ်ဘဲဟု အမှတ်ပြုလျက် ဆွမ်းစားခြင်း စသည့် ကမ္မကို ပြုကျင့်ရာ၏။ လက်ာမှာ အောက်ပါအတိုင်းဖြစ်၏။

**လ-နှင့် အလျော် အရုဏ်တက်လက်ာတို့ ကာလ**

၁။ ငါးနာရီဝယ်၊ အရုဏ်သွယ်၊ ကျွတ်ရယ် တာကူးလ။

၂။ ငါးနာရီဝယ်၊ မိ-တဆယ်၊ ပေါင်း-ရယ် ဆောင်မုန်းလ။

၃။ ငါးနာရီဝယ်၊ မိ-နှစ်ဆယ်၊ တွဲရယ် နတ်တော်လ။

၄။ ငါးနာရီဝယ်၊ မိ-သုံးဆယ်၊ တက်တယ် ပြာသိုလ။

၅။ လေးနာရီဝယ်၊ မိ-သုံးဆယ်၊ တက်တယ် ဝါဆိုလ။

၆။ လေးနာရီဝယ်၊ မိ-လေးဆယ်၊ ယုန်ရယ် ဝါခေါင်လ။

၇။ လေးနာရီဝယ်၊ မိ-ငါးဆယ်၊ ဆုန်ရယ် သလင်းလ။

**အမှာ။** ။၎င်းလက်ာပါ (မိ) ကို မိနစ်ဟု ယူပါလေ။

သတိပြုဖွယ်။ ။နေသည် ဥတုသုံးပါး၊ ရတု ၆-ပါးအလိုက် လမ်းသုံးလမ်းဖြင့် လှည့်ပတ်ကာ နေ့ညမရပ် ဒလစပ် သွားနေသောကြောင့် အထက်ပါ လင်္ကာအတိုင်း နှစ်စဉ်လတိုင်းမှာ နေ့စဉ်အဖြစ် (တထစ်ချယူစွဲရန်) လက်တွေ့စူးစမ်းကြည့်သော် လင်္ကာတွေနှင့် ကိုက်ညီဘို့ မလွယ်လှပေ။

## အပှတ် (၈) မင်းဘူးခရိုင် ရန်ကင်းတောရ ဆရာတော်၏ အယူအဆ

မင်းဘူးခရိုင် စကုမြို့နယ် မြောင်းဦးရွာနှင့် ညောင်ကိုင်းရွာတို့ အနီးရှိ ရန်ကင်း တောရကျောင်း ဆရာတော် (အရှင်တိဿရ မဟာထေရ်) က တဆင့် ကူးယူတင်ပြပေးသော ၁၂-လတို့၌ အကြမ်းစား ဖော်ပြပေးသည့် အရုဏ်တက် ချိန်နှင့် နေထွက်ချိန်ပြ နာရီ မိနစ်ဇယား၊ ၎င်း၌ နေဝင်ချိန် မပြပေ။

| | လအမည်များ | အရုဏ်တက်ချိန် နာရီ၊ | မိနစ် | နေထွက်ချိန် နာရီ၊ | မိနစ် |
|---|---|---|---|---|---|
| ၁ | တာကူး | ၅- | ၃၆ | ၄- | ၀၀ |
| ၂ | ကဆုန် | ၅- | ၂၆ | ၅- | ၅၀ |
| ၃ | နယုန် | ၅- | ၁၆ | ၅- | ၄၀ |
| ၄ | ဝါဆို | ၅- | ၆ | ၅- | ၃၀ |
| ၅ | ဝါခေါင် | ၅- | ၁၆ | ၅- | ၄၀ |
| ၆ | တော်သလင်း | ၅- | ၂၆ | ၅- | ၅၀ |
| ၇ | သီတင်းကျွတ် | ၅- | ၃၆ | ၆- | ၀၀ |
| ၈ | တန်ဆောင်မုန်း | ၅- | ၄၆ | ၆- | ၁၀ |
| ၉ | နတ္တော် | ၅- | ၅၆ | ၆- | ၂၀ |
| ၁၀ | ပြာသို | ၆- | ၆ | ၆- | ၃၀ |
| ၁၁ | တပို့တွဲ | ၅- | ၅၆ | ၆- | ၂၀ |
| ၁၂ | တပေါင်း | ၅- | ၄၆ | ၆- | ၁၀ |

**သတိပြုဖွယ်။** ။အထက်ပါဇယားကို ကူးယူပြင်ဆင်ပေးသော ရန်ကင်းတောရ ကျောင်း ဆရာတော် အရှင်တိဿရ မဟာထေရ်ကပင် ထိုဇယားပါ အချိန်ဖော်ပြချက်တို့ကို ဧကန်အမှန်ဟု (တထစ်ချ မယူကြရန်) ပါဠိ, မြန်မာ ၂-ဘာသာဖြင့် အမှာစကား ထိုးသားသည်မှာ–

အယံ ကာလော န ဧကန္တော၊ နေကသမော ဟိ သဗ္ဗတ္ထ။
တသ္မာ စက္ခုပ္ပဟိ ပဿိတွာ၊ သစ္စကာလံ ဝိဇာနာထ။

အယံကာလော၊ အကြမ်းစား ညွှန်ပြထားသော ဤ အရုဏ်တက်ချိန်သည်။ ဧကန္တော၊ ဧကန်တထစ်ချ တခုတည်းဖြစ်နိုင်သော အချိန်သည်။ န၊ မဟုတ်။ ဟိ၊ ထိုစကားမှန်၏။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တိုင်း၌။ (ဝါ) အလုံးစုံသော နှစ်စဉ် နှစ်တိုင်း လတိုင်းတို့၌။ ဧကသမော၊ အရုဏ်တက်ချိန်ချင်း တထပ်တည်း တခုတည်းတူညီသည်။ န၊ မဟုတ်။ တသ္မာ၊ ထို့ကြောင့်။ စက္ခုပ္ပဟိ၊ မံသ, ပညာ ၂-ဖြာသော မျက်စိတို့ဖြင့်။ ပဿိတွာ၊ အရှေ့အရပ်၌ကြည့်ရှု ဆင်ခြင်၍။ (မံသ, ပညာဒ မျက်စိဖြင့် ကြည့်ရှု၍ ပညာမျက်စိဖြင့် ဆင်ခြင်ရမည်ကို ဆိုလို သည်) သစ္စကာလံ၊ မှန်ကန်သော အရုဏ်တက်ချိန်ကို။ (တုမှေ) အမှန် အတိ အကျ သိလိုကြ စိတ်ဝင်စားကြသည့် သင်ပညာရှိအများတို့သည်။ ဝိဇာနာထ၊ ပြောတိုင်းမယုံ ကိုယ်တိုင်ကြုံမိ ဉာဏ်မြင်နှင့်ညှိ၍ သိရှိတော်မူကြပါကုန်လော- ဟု သူ၏စာအုပ်တွင် မှာတမ်း မှတ်သွင်းသွားခဲ့ပေသည်။

ဆိုလိုသည်မှာ–လက်ာအနေထုတ်၍ ဇယားတွေဖြင့် ပြုလုပ်ပြသထားကြသော အရုဏ်ဘက်ချိန်မှန် နေထွက်ချိန်မှန်နှင့် နေဝင်ချိန်မှန်တို့ကို ပြဆိုထားချက် တို့သည် မျက်မြင်နှင့် တိုင်းတာကြည့်သော် မမှန်သည်ကများနေကြ၍ ထိုထို လက်ာတွေနှင့် ဇယားတွေကို (ဗုဒ္ဓဟောပမာ) တထစ်ချ မယူဆ မစွဲလမ်း ကြပါနှင့်ဟု ဆိုလိုပေသည်။

**မှတ်ချက်။** ။ရန်ကင်းတောရ ဆရာတော်၏ အရုဏ်တက်ချိန်မှန်ကို ယူဆရာမှာ ပစ္စုသချိန် အရုဏ်တက်ချိန်ကို ယှဉ်တွဲညှိနှိုင်းဖော်ပြထားသဖြင့် သဘာဝ လမ်းစဉ်ထည်း ဝင်ခဲ့၍ ဤ (အရုဏတ္ထပဋိကာဠိကာ) စာစောင်ကို စီစစ်ထုတ်ဝေကြသော သံလျင်မြို့ သုတေသန ဆရာတော်များ အယူ အဆနှင့် နီးကပ်ပေ၍ နှစ်ခြိုက်ဖွယ်တရပ်ဟု ယူဆကြသည်။

## အရုဏ်တက်ချိန်နှင့် နေထွက်ပေါ်ချိန်ကြားမှာ ၂၄-မိနစ် ကွာသည်ဆိုချက်၌ စဉ်းစားဖွယ်

ရန်ကင်းတောရ ဆရာတော်က အရုဏ်တက်ပြီး ၂၄-မိနစ်အကြာမှာ နေထွက်သည်၊ (တနည်း) နေမထွက်ခင် ၂၄-မိနစ်အချိန်မှာ အရုဏ်တက်သည်ဟုရှင်း၊ စာအုပ်စာမျက်နှာ ၂၀၄၊ ၂၀၅-တို့၌ ဆိုထားရာ ၎င်း ၂၄-မိနစ်အချိန်ပြ ချက်နှင့်မျက်မြင် လက်တွေ့ သုတေသနပြုချက်နှင့် ကွာခြားနေ၍ သံသယ ဖြစ်မိကြသည်။

ရှင်းပြချက်။ ။အရုဏ်တက်ချိန်မှန်နှင့် နေထွက်ချိန်မှန် သိလိုရေးအတွက် ၁၃၃၆-ခု၊ ပြာသိုလဆန်း ၆-ရက်က စ၍ ပစ္ဆိမယာမ်(တတိယပိုင်း) အစ လောက်ဖြစ်သော အစော ၃-နာရီခွဲလောက်က စ၍ ရေဒီယိုပြ နာရီနှင့်ကာလ ထမ္ဘာခေါ် နေနာရီ ၂-မျိုးတို့ဖြင့် နေ ထွက်ပေါ်လာချိန်အထိ ၂-လကျော် လေ့လာကြည့်ကြရာ ရေဒီယိုနာရီဖြင့် ပစ္စုသချိန်သည် ၅-နာရီ ၃၅-မိနစ် စ၍ နေနာရီမှာ ၅-နာရီနှင့် ၁၀-မိနစ်မှ စ-နေသည်။ ရေဒီယိုနာရီဖြင့် အရုဏသိခါ ခေါ် အရုဏ်နု ပေါ်လာချိန် ၅-နာရီ ၄၅-မိနစ်မှာ စ-လာ၍ နေနာရီမှာ ၅-နာရီ ၂၀-မိနစ်မှာ စသည်။အရုဏဂ္ဂမနခေါ် အရုဏ်ရင့် ပေါ်ချိန်သည် ရေဒီယို နာရီဖြင့် ၅-၅၀-နာရီမှာ ပေါ်လာ၍ နေနာရီမှာ ၅- ၂၅-နာရီမှာ ပေါ်လာလေ သည်၊ရေဒီယိုနာရီဖြင့် ၆-၄၂-ချိန်မှာ နေထွက်လာ၍ နေနာရီမှာ၆-၁၇-ချိန်မှာ ပေါ်ထွက်လာသည်။ ထိုအရ ချူးလိုက်သော် အရုဏ်နု ပေါ်ချိန်နှင့် နေထွက် ချိန်မှာ ရေဒီယိုချိန်ဖြင့် ၅၇-မိနစ်ကြာ၍ နေနာရီဖြင့်လည်း ၅၇-မိနစ် ကွာ၍ အရုဏ်ရင့်ပေါ်ချိန်နှင့် နေထွက်ချိန်မှာ ရေဒီယိုနာရီဖြင့် ၅၂-မိနစ် ကွာ၍ နေ နာရီမှာလည်း ၅၂-မိနစ်ပင် ကွာနေပေ၍ စဉ်းစာဖွယ် ဖြစ်နေသည်။ ပြာသို လဆုတ်ပိုင်းမှာ တိုင်းတာသော် ရေဒီယိုနာရီအားဖြင့် အရုဏ်နုနှင့် နေထွက် ၅၆-မိနစ်၊ အရုဏ်ရင့်နှင့် နေထွက် ၅၁-မိနစ် ကွာ၍ နေနာရီဖြင့် အရုဏ်နုနှင့် နေထွက် ၅၆-မိနစ်ကွာ၍ အရုဏ်ရင့်နှင့် နေထွက် ၅၁-မိနစ် ကွာနေသည်ကို မျက်မြင်တွေ့ဖြစ်နေ၍ ပညာရှိများ နှစ်သက်ရာ ယူကြရာ၏။

## အမှတ် ၉၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော် ကြီး၏ အယူ အဆ အရုဏ်တက် သတ်ပြုရန်

ယာဝကာလိကဆိုယင် နံနက် အာရုံတက်ပြီးမှ အကပ်ခံပြီး သုံးဆောင်ရ တယ်။ အရုဏ် မတက်ခင်က အကပ်ခံထားယင် အရုဏ်တက်တဲ့အခါ သန္နိဓိ ဖြစ် သွားတယ်။ အဲဒါကို မစားကောင်းတော့ဘူး၊ စားယင် သန္နိဓိ သိက္ခာပုဒ်အရ

ပါစိတ်အာပတ်သင့်တယ်၊ အရုဏ် မတက်ခင် စားယင်တော့ ဝိကာလဘောဇန သိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်တယ်။ တနေ့လုံး တညဥ့်လုံး မစားဘဲ ရှောင်ကြဉ်လာခဲ့ပြီးမှ အရုဏ်တက်ခါနီး တနာရီခန့် နာရီဝက်ခန့်အတွင်းမှာ စားသုံးမိလို့ အာပတ်သင့်တယ်ဆိုယင် တနေ့လုံး တညဥ့်လုံး ရှောင်ကြဉ်လာခဲ့တာတွေဟာ အလကားလို ဖြစ်သွားတယ်၊ ဝမ်းနည်းစရာဘဲ။

ဝိနယာလင်္ကာရ ဋီကာမှာ အရုဏ်တက်ချိန်နှင့် စပ်ပြီး ဆုံးဖြတ်ထားတာ ရှိပါတယ်။ သင့်လဲသင့်ပါတယ်။ နေမထွက်မီ တနာရီ နှစ်နာရီခန့်ဖြင့် အရုဏ်တက်သည်ဟု သတ်မှတ်အပ်ကြောင်း ပြဆို ထားပါတယ်။ အဲဒီမှာ တနာရီ နှစ်နာရီ ဆိုတာက ဘာနာရီလဲဆိုယင် အဲဒီဋီကာ ရေးတဲ့ခေတ်တုန်းက ဗမာပြည်မှာ စက်နာရီ မပေါ်သေးဘူး၊ နေ့နာရီ ၃၀၊ ညဥ့်နာရီ ၃၀-ဆိုတဲ့ ဗမာနာရီကို အသိအမှတ်ပြုနေကြတဲ့ အခါဖြစ်တယ်။ ဒါကြောင့် အဲဒီဋီကာမှာ ပြဆိုထားတဲ့ နာရီဟာ ဗမာနာရီဖြစ်ကြောင်း သိသာပါတယ်၊ အဲဒီ ဗမာနာရီ ၁-နာရီမှာ ယခု စက်နာရီဖြင့် ၂၄-မိနစ် ရှိတယ်၊ ဒါကြောင့် မကြာမီက မင်းဘူးမှ ဆရာတော်တပါးက ရေးသားစီရင်တဲ့ အရုဏ်တက်ချိန် အဆုံးအဖြတ်စာအုပ်မှာ နေမထွက်မီ ၂၄-မိနစ်၌ အရုဏ်တက်ကြောင်း ဆုံးဖြတ်ထားပါတယ်။

ဒါပေမဲ့ နေထွက်ပုံကို ထင်ရှားမြင်ရတဲ့ အရပ်မှာ ဆိုယင် မိမိတို့၏ မျက်မြင်ဖြင့်ပင် နေမထွက်မီ မည်မျှလောက် အချိန်က အရုဏ်ရောင်ထွက်ပေါ်လာတယ် ဆိုတာကို ဆုံးဖြတ်နိုင်ပါတယ်၊ အရုဏ်ရောင်ဆိုတာ နေမထွက်မီကပေါ်လာတဲ့ နေ၏အရောင်ဖြစ်ကြောင်း စဥ်းငယ်နီတဲ့ အရောင်ဖြစ်ကြောင်း အဘိဓာန်ကျမ်း စသည်မှာ (သူရိယဿောဒယတော ပုဗ္ဗုဋ္ဌိတရံသိ သိယာ ရုဏော) စသည်ဖြင့်၎င်း၊ (အရုဏော ကိဥ္စိရတ္တော) ဟူ၍၎င်း ပြဆိုထားပါတယ်၊ ဒါကြောင့် နံနက်လင်းစပြုတဲ့အချိန်မှာ နေထွက်မည့် အရပ်ဆီကို စောင့်မျှော်ကြည့်နေယင် နေမထွက်မီ မိနစ် ၃၀-ခန့်လောက်မှာ စဥ်းငယ်နီသော အရောင်ပေါ်ထွက်လာတာကို တွေ့ရပါလိမ့်မယ်၊ အဲဒီ စဥ်းငယ်နီတဲ့ အရောင် ပီပီသသပေါ်လာတဲ့ အချိန်ကို အရုဏ်တက်ချိန်လို့ မှတ်ယူနိုင်ပါတယ်၊ စက်နာရီ အလိုအားဖြင့်နေမထွက်မီ မိနစ် ၃၀-ခန့် အချိန်မှာ အဲဒီ အရုဏ်ရောင်ကို တွေ့မြင်ရတတ်ပါတယ်၊ ဒါကြောင့် နေမထွက်မီ မိနစ် ၃၀-ခန့် အချိန်ကို အစောဆုံး အရုဏ်တက်ချိန်လို့ မှတ်ယူသင့်ပါတယ်၊ ဒါပေမဲ့ ရှင် ရဟန်းများ ဥပုသ်သည်များမှာ အဲဒီ အချိန်ထက် ၅-မိနစ်ခန့်၊ ၁၀-မိနစ်ခန့် နောက်ချပြီး စားသုံးလျှင် သာပြီး သံသယကင်းဘွယ် ရှိပါတယ်။

နေထွက်ချိန် နာရီကိုတော့ ဗမာလနှင့် ကိန်းသေမှတ်ထားယင် အတိအကျ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဗမာလက ဝါထပ်ပြီးခါစမှာ အချိန်မှန်ပေမဲ့ တနှစ်တနှစ်မှာဆိုယင် ၁၁-ရက် သာသာလောက် စောစောလာပါတယ်၊ ၃-နှစ်ခန့်၊ ၂-နှစ်ကျော်ခန့်မှာ ရက် ၃၀-လောက် စောနေတဲ့အတွက် ပဌမဝါဆိုတလလုံးကို ပယ်ပြီး ဒုတိယဝါဆို တလထပ်ရတယ်၊ ဒါကြောင့် ဗမာလနှင့်ဆိုယင် နေထွက်ချိန်ဟာ အတိအကျ မှတ်ယူထားလို့ မဖြစ်ပါဘူး၊ ယခုနေအခါမှာ ကမ္ဘာသုံးလဖြင့် ရက်စဉ်အတိုင်း နေထွက်ချိန်, နာရီ, မိနစ်များကို အတိအကျပြထားတဲ့ စာရင်းဇယားတွေ ရှိပါတယ်၊ အဲဒီ စာရင်း ဇယား အရက နေထွက်ချိန်ပိုပြီး တိကျပါတယ်၊ ဒါကြောင့် အဲဒီ နေထွက်ချိန် စာရင်းဇယားဖြင့် နေမထွက်မီ ၄၅-မိနစ်ခန့် ၄၀-မိနစ်ခန့်မှာ အရုဏ်တက်တယ်လို့ ယူဆယင် သင့်လျော်ပါလိမ့်မယ်၊ ဒါပေမဲ့ ဆောင်းရာသီမှာ ဗမာပြည် တောင်ပိုင်းက နေထွက်စောတယ်၊ နွေရာသီမှာ မြောက်ပိုင်းက စောတတ်တယ်၊ အဲဒီနေထွက်အပြောင်းအလဲကိုလဲ သတိပြုသင့်ပါတယ်။

အဲဒီ အရုဏ်တက်ချိန်ဟာ ဝိကာလဘောဇန သိက္ခာပုဒ်အတွက် အရေးကြီးသည့်ပြင် ပရိဝတ် မာနတ် ဆောက်တည်ရာမှာလဲ အရေးကြီးပါတယ်၊ အရုဏ်မတက်သေးဘဲ ပရိဝတ် မာနတ်ကို ချမိယင် အဲဒီရက်ဟာ ရတ္တိစ္ဆေဒ ဖြစ်သွားပါတယ်၊ စာရင်းမဝင်တော့ပါဘူး၊ ဒါကြောင့် ပရိဝတ် မာနတ် အတွက်ဆိုယင် နေမထွက်မီ စက်နာရီဖြင့် တနာရီခွဲခန့်က ဆောက်တည်ပြီးတော့ နေထွက်ခါနီး မိနစ် ၂၀-လောက်ကျမှ ဝတ်ကိုချယင် သာပြီး စိတ်ချရပါတယ်။

ဎင်း ဖော်ပြပါ အချက်စုကို ၁၃၃၇-ခု၊ နတ္တော်လဆုတ် ၄-ရက်၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ၂၆-ကြိမ်မြောက် နှစ်ပတ်လည်ပွဲ အကြိုနေ့၌ မိန့်ကြားတော်မူသော အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ စာအုပ် စာမျက်နှာ ၁၀, ၁၁, ၁၂-တို့မှ ထုတ်ယူ ဖော်ပြသည်။

သံလျင်မြို့မှ သုတေသန ဆရာတော်များ၏ အရုဏ်တက်ချိန်ပြချက်ကို ဤကျမ်းစာ (တတိယပိုင်းတွင်) တွေ့ရှိကြပေလတ္တံ့။

**မှတ်ချက်**။ ။အထက်ပါ ပညာရှိ ၉-ဦးတို့ အနက် ၅၊ ၆၊ ၉-ပြ ဆရာတော် ၃-ဦးတို့မှာ အရုဏ်တက်ချိန်ပြနာရီ မိနစ်တို့ကို လုံးဝမဖော်ပြကြသည့်ပြင် နေထွက် နေဝင်ချိန်တို့ကိုလည်း ထုတ်ဖော်ပြဆိုခြင်း အလျင်းမရှိကြ၍ ဎင်းကိစ္စနှင့် စပ်၍တင်ပြရန် မရှိပုံကို သတိပြုကြရာ၏။

ဤကား အရုဏ်တက်ချိန်ပြ နာနာဝါဒတို့ပေတည်း။

## အရုဏ်တက်ချိန်ပြ နာရီတူသူ မတူသူ အရပ်ခွဲ၍ ရှင်းပြချက်

အထက်တွင် အရုဏ်နှင့်စပ်၍ စာအုပ်, စာတန်းထုတ်ကာ ဖော်ပြကြသော ပညာရှင် ၉-ဦးတို့ကို အမှတ် (၁) မှ အမှတ် (၉) အထိ ပုဒ်ငယ်မှု မူအတိုင်း တင်ပြခဲ့ပြီး စာရှုသူတို့ စိစစ်၍ လွယ်စေရန် တနေရာတည်း၌ ခွဲ၍ ပြပါအံ့။

၁။ တာကူးလ ၌-အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၇-ဖြင့် ဖော်ပြခဲ့သော ပညာရှိ ၅-ဦးတို့ အလိုမှာ နံနက် ၅-နာရီတွင် အရုဏ်တက်သည်ဟု ဆိုကြသည်၊ အမှတ် (၈) မင်းဘူး ရန်ကင်းတောရ ဆရာတော်ကမူ နံနက် ၅-နာရီနှင့် ၃၆-မိနစ်မှာ အရုဏ်တက်သည်ဟုဆိုသည်။

၂။ ကဆုန်လ ၌- ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ပညာရှိ ၅-ဦးတို့ အလိုမှာ နံနက် ၄-နာရီနှင့် မိနစ် ၅၀-မှာ အရုဏ်တက်သည်ဟု ဆိုကြသည်၊ အမှတ်(၈) ဆရာတော်ကမူ နံနက် ၅-နာရီနှင့် ၂၆-မိနစ်မှာ အရုဏ်တက်သည်ဟုဆိုသည်။

၃။ နယုန်လ၌- ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ပညာရှိ ၅-ဦးတို့ အလိုမှာ နံနက် ၄-နာရီနှင့် မိနစ် ၄၀-မှာ အရုဏ်တက်သည်ဟု ဆိုကြသည်၊ အမှတ်(၈) ဆရာတော်ကမူ နံနက် ၅-နာရီနှင့် ၁၆-မိနစ်မှာ အရုဏ်တက်သည်ဟု ဆိုသည်။

၄။ ဝါဆိုလ၌ ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ပညာရှိ ၅-ဦးတို့ အလိုမှာ နံနက် ၄-နာရီနှင့် မိနစ် ၃၀-မှာ အရုဏ်တက်သည်ဟု ဆိုကြသည်၊ အမှတ်(၈) ဆရာတော်ကမူ နံနက် ၅-နာရီနှင့် ၆-မိနစ်မှာ အရုဏ်တက်သည်ဟု ဆိုသည်။

၅။ ဝါခေါင်လ၌ ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ပညာရှိ ၅-ဦးတို့အလိုမှာ နံနက် ၄-နာရီနှင့် မိနစ် ၄၀-မှာ အရုဏ်တက်သည်ဟု ဆိုကြသည်။ အမှတ် (၈)ပြ ဆရာတော်ကမူ နံနက် ၅-နာရီနှင့် ၁၆-မိနစ်မှာ အရုဏ်တက်သည်ဟု ဆိုသည်။

၆။ တော်သလင်းလ၌ ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ပညာရှိ ၅-ဦးတို့ အလိုမှာ နံနက် ၄-နာရီနှင့် မိနစ် ၅၀-မှာ အရုဏ် တက်သည်ဟု ဆိုကြသည်။ အမှတ် (၈) ဆရာတော်ကမူ နံနက် ၅-နာရီနှင့် ၂၆-မိနစ်မှာ အရုဏ်တက် သည်ဟု ဆိုသည်။

၇။ သီတင်းကျွတ်လမှာ ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ၅-ဦးတို့က နံနက် ၅-နာရီမှာ အရုဏ်တက်၍ အမှတ် (၈) ကမူ ၅-နာရီ ၃၆-မိနစ်တွင် အရုဏ် တက်သည်။

၈။ တန်ဆောင်မုန်းလမှာ ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ၅-ဦးတို့က နံနက် ၅-နာရီ ၁၀-မိနစ်တွင် အရုဏ်တက်၍ အမှတ်(၈)ကမူ ၅-နာရီ ၄၆-မိနစ်တွင် အရုဏ်တက်သည်။

၉။ နတ်တော်လမှာ ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ၅-ဦးတို့က နံနက် ၅-နာရီ ၂၀-မိနစ်တွင် အရုဏ်တက်၍ အမှတ်(၈)ကမူ ၅-နာရီ ၅၆-မိနစ်တွင် အရုဏ်တက်သည်။

၁၀။ ပြာသိုလမှာ ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ၅-ဦးတို့က နံနက် ၅-နာရီ ၃၀-မိနစ်တွင် အရုဏ်တက်၍ အမှတ်(၈)ကမူ နံနက် ၆-နာရီနှင့် ၆-မိနစ်တွင် အရုဏ်တက်သည်။

၁၁။ တပို့တွဲလမှာ ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ၅-ဦးတို့က နံနက် ၅-နာရီ မိနစ် ၂၀-တွင် အရုဏ်တက်၍ အမှတ်(၈)ကမူ နံနက် ၅-နာရီနှင့် ၅၆-မိနစ်တွင် အရုဏ်တက်သည်။

၁၂။ တပေါင်းလမှာ ၁၊ ၂၊ ၃၊ ၄၊ ၇-အမှတ်ပြ ၅-ဦးတို့က နံနက် ၅-နာရီ ၁၀-မိနစ်တွင် အရုဏ်တက်၍ အမှတ်(၈)ကမူ နံနက် ၅-နာရီ ၄၆-မိနစ်တွင် အရုဏ် တက်သည်ဟု ဆိုနေကြသည်။ အခြား ဇယားတွေလည်း ရှိတုံသေး၏။ ဖော်ပြပါ အရုဏ်တက်ချိန်ပြချက်တို့သည် အယောက်၊ ယုတ္တိသာဓကကင်းသော ပြချက်တို့ဖြစ်၍၎င်း၊ (တလလုံး အတွက်) တပုံစံတည်း ပြထား၍၎င်း ခိုင်မြဲစွာ ယူဆယုံကြည်ရန် ခက်လှပေ၏။

ဤသည်တို့ကား ရှေးခေတ် နောက်ခေတ် ပညာရှင်များ
အရုဏ်တက်ချိန်ပြ အပိုင်းတည်း။

---

## မြန်မာနိုင်ငံသုံး ၁၂-လတို့၌ နေထွက် နေဝင်ပြချက် အကျဉ်းချုပ်

မြန်မာနိုင်ငံသုံး တာကူး၊ ကဆုန်စသော ၁၂-လတို့၌ နံနက်နေထွက်ချိန်နှင့် ညနေဘက် နေဝင်ချိန်တို့ကို အထက်ပါ ပညာရှင် ၉-ဦးတို့အနက် အမှတ် ၁၊၂၊၃၊၄-နှင့် ၈၊ ပေါင်း ဆရာတော် ၅-ပါးတို့ ပြဆိုချက်သည် တပုံစံတည်း ဖြစ်နေ၍ ထပ်၍ထုတ်မပြလိုတော့ပေ။ အထက်တွင် ၎င်းတို့၏ ဇယားများကို ဖော်ပြပေးခဲ့လေပြီ။ လိုသူတို့ အမှတ် ၁၊ ၂၊ ၃၊ ၄ နှင့် ၈-တို့မှာ ကြည့်ရှုနိုင်ကြပေပြီ။

ဩင်းချက်–ယင်းဆရာတော် ၅-ဦးတို့တွင် မင်းဘူး ရန်ကင်းတောရကျောင်းဆရာတော်ကား သူကူးယူတင်ပြပေးသော ဇယားပါအချိန်တို့ကား တထစ်ချ

မှတ်ယူရန် (မဟုတ်)မှ အတိအလင်း မှတ်ချက် သွင်းသွား၏။ ထိုအချက် ကြောင့်ပင် နေဝင်ချိန်ကိုပါ ဖော်ပြမှုပြုမသွားချက်ကို သတိပြုသင့်၏။

ထိုအရ အမှတ် ၁၊ ၂၊ ၃၊ ၄-ဦးတို့ ပြချက်အချိန်နှင့် ဂ-ပြချက် အချိန် တို့သည် မတူ၊ ကွဲလွဲလျက်ရှိပေသည်။ အရုဏ်တက်ချိန်ပြချက်မှာလည်း မတူ၊ ကွဲလွဲကြပေ၏။

**အညွန်း။** ။သံလျင်မြို့ သုတေသန ဆရာတော်များ၏အလိုကို ဂျုံကျမ်းစာ (တတိယပိုင်း)တွင် အကျယ်စီစစ်ပြထား၍ အမှန်သဘာဝ ကျ,မကျကို ယင်း တတိယပိုင်းတွင် ကြည့်ရှုကာ စီစစ်သုံးသပ်ကြရာ၏။

ဤကား ရှေးနှင့်နောက် မြန်မာပညာရှိတို့၏ နေထွက် နေဝင်ချိန်အတွက် အကျဉ်းဖော်ပြချက်တည်း။

---

## ဥရောပသုံး ၁၂-လတို့၌ နေထွက်နှင့်နေဝင်ပြပုံ ဇယား ၃-မျိုး
## အမှတ် (က)

**မြန်မာပညာရှင်တဦး၏အလို လင်္ကာနှင့်ဇယား အောက်ပါအတိုင်း**

အခြားပညာရှင်တဦးကမူ ဥရောပသုံး ၁၂-လတို့၌ နေထွက် နေဝင်ကိစ္စကို လင်္ကာအကျဉ်းနှင့် ဇယားခင်း၍ ပြထားပြန်၏။ လင်္ကာ(နုစိတ်သိလို၊ ထိုထို ဒေသ၊ နိသဒ္ဒကို၊ ဒွယမြှောက်ပွား၊ ဗျည်းနှင့်စား၊ မပွား နေထွက်ရ။ ။ ဒိနဒ္ဒမူ၊ နေဝင်ယူ၊ ထို့တူ မြှောက်စားကြ။ ။လင်္ကာအကျဉ်း၊ သင်္ကာရှင်း၊ ငြင်းခုံကင်းလွတ်ပ)ဟု ဆိုထားပြန်၏။

---

| | လစဉ် | ရက် | နေထွက် | | နေဝင် | |
|---|---|---|---|---|---|---|
| | | | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ဂျန္နဝါရီ | ၁ | ၆- | ၃၆ | ၅- | ၃၂ |
| | | ၃၁ | ၆- | ၃၇ | ၅- | ၅၁ |
| ၂ | ဖေဗွာဝါရီ | ၁ | ၆- | ၃၆ | ၅- | ၅၂ |
| | | ၂၀ | ၆- | ၂၁ | ၆- | ၅ |
| ၃ | မားချ် | ၁ | ၆- | ၂၁ | ၆- | ၅ |
| | | ၃၁ | ၅- | ၅၅ | ၆- | ၁၃ |
| ၄ | ဧပြီ | ၁ | ၅- | ၅၄ | ၆- | ၁၄ |
| | | ၃၀ | ၅- | ၃၂ | ၆- | ၂၂ |
| ၅ | မေ | ၁ | ၅- | ၃၁ | ၆- | ၂၃ |
| | | ၃၁ | ၅- | ၁၉ | ၆- | ၃၅ |
| ၆ | ဂျွန် | ၁ | ၅- | ၂၀ | ၆- | ၃၆ |
| | | ၃၀ | ၅- | ၂၃ | ၆- | ၄၃ |
| ၇ | ဂျူလိုင် | ၁ | ၅- | ၂၅ | ၆- | ၄၃ |
| | | ၃၁ | ၅- | ၃၅ | ၆- | ၃၇ |
| ၈ | ဩဂုတ်စ် | ၁ | ၅- | ၃၅ | ၆- | ၃၇ |
| | | ၃၁ | ၅- | ၄၄ | ၆- | ၁၆ |
| ၉ | စက်တင်ဘာ | ၁ | ၅- | ၄၄ | ၆- | ၁၆ |
| | | ၃၀ | ၅- | ၅၁ | ၅- | ၄၉ |
| ၁၀ | ဩက္ကတိုဘာ | ၁ | ၅- | ၅၁ | ၅- | ၄၉ |
| | | ၃၁ | ၆- | ၁ | ၅- | ၂၇ |
| ၁၁ | နိုဝင်ဘာ | ၁ | ၆- | ၂ | ၅- | ၂၆ |
| | | ၃၀ | ၆- | ၁၇ | ၅- | ၁၉ |
| ၁၂ | ဒီဇင်ဘာ | ၁ | ၆- | ၁၉ | ၅- | ၁၉ |
| | | ၃၁ | ၆- | ၃၅ | ၅ | ၃၁ |

၎င်း၌ အရုဏ်တက်ချိန် ဖော်မပြပေ၊ သတိပြုဘွယ်-လဆန်း တရက်မှ လကုန် အထိ တပုံစံတည်း ကိန်းသေပြထားသဖြင့် နေသွားနှင့် ဆန့်ကျင်နေ၍ သဘာဝ နှင့်ပါ ဆန့်ကျင်နေရာ ပညာရှိများ သတိမူရာ၏။

သတိပြုဖွယ်။ ။ဤသို့ ၁၉၇၄-ခုနှစ်နှင့် ၁၉၇၅-ခုနှစ် ဇယား ၂-ခုတို့မှာ တပုံစံတည်းဖြစ်နေသည်ကို သတိပြုရာ၏၊ ယင်းသို့ တပုံစံတည်းဖြစ်နေ၍ ၁၉၇၅-ခုနှစ် ဇယားကို အကျယ်မထုတ်ပြတော့ဘဲ သိသာရုံ အကျဉ်းချုံ၍သာ ဖော်ပြလိုက်သည်၊ ၁၉၇၆-ခုနှစ်အတွက် နေထွက်နှင့် နေဝင်ဇယားကို တိုင်းပြည်သို့ မထုတ်ဝေ၍ ဖော်ပြခွင့် မရတော့ပေ။

ဥရောပသုံး ဇယား ၃-ခုတို့အား နှိုင်းယှဉ်ပြချက်

| | | ရက်စွဲ | နေထွက် | | နေဝင် | |
|---|---|---|---|---|---|---|
| ၁ | အမှတ် (က) ဇယားလာ | ၁ | ၆ | ၃၆ | ၅ | ၃၂ |
| | ဂျန္နဝါရီလ၌ | ၃၁ | ၆ | ၃၇ | ၅ | ၅၁ |
| | အမှတ် (ခ) နှင့် (ဂ) | ၁ | ၆ | ၃၅ | ၅ | ၃၂ |
| | ဇယားလာ ဂျန္နဝါရီလ၌ | ၃၁ | ၆ | ၃၆ | ၅ | ၅၂ |
| ၂ | အမှတ် (က) ဇယားလာ | ၁ | ၆ | ၃၆ | ၅ | ၅၂ |
| | ဖေဖ္ဗာရီလ၌ | ၂၀ | ၆ | ၂၁ | ၆ | ၅ |
| | အမှတ် (ခ) နှင့် (ဂ) လာ | ၁ | ၆ | ၃၆ | ၅ | ၅၂ |
| | ဖေဖ္ဗာရီလ၌ | ၂၀ | ၆ | ၂၁ | ၆ | ၅ |
| ၃ | အမှတ် (က) ဇယားလာ | ၁ | ၆ | ၂၁ | ၆ | ၅ |
| | မားချ်လ၌ | ၃၁ | ၅ | ၅၅ | ၆ | ၁၃ |
| | အမှတ် (ခ) နှင့် (ဂ) လာ | ၁ | ၆ | ၂၁ | ၆ | ၅ |
| | မားချ်လ၌ | ၃၁ | ၅ | ၅၆ | ၆ | ၁၄ |
| ၄ | အမှတ် (က) ဇယားလာ | ၁ | ၅ | ၅၄ | ၆ | ၁၄ |
| | ဧပြီလ၌ | ၃၀ | ၅ | ၃၂ | ၆ | ၂၂ |
| | အမှတ် (ခ) နှင့် (ဂ) လာ | ၁ | ၅ | ၅၃ | ၆ | ၁၄ |
| | ဧပြီလ၌ | ၃၀ | ၅ | ၃၂ | ၆ | ၂၃ |

သိသာရုံ ၄-လမျှကို ပုံစံထုတ်ပြသည်။

ရွှေ၁သယ ၅၉၅-၄

သုံးသပ်ဖွယ်။ ။ဖော်ပြပါ က,ခ,ဂ,ဇယားသုံးခုတို့အနက် အမှတ်(က)ဇယားသည် ရှေးရှေး အစိုးရဟောင်းတို့၏ ဇယားဟောင်းကို မှီငြမ်းပြုကာ နှစ်ပေါင်း (ရာ-ထောင်များစွာ အတွက်ပါ) ကိန်းသေအနေ ဖော်ပြထားသော ဇယား ဖြစ်သည်၊ အမှတ် (ခ) ဇယားသည် ၁၉၇၄-ခုနှစ် အတွက် ဖြစ်၍ အမှတ်(ဂ) ဇယားသည် ၁၉၇၅-ခုနှစ် အတွက် နိုင်ငံတော် အစိုးရကထုတ်ဝေသော ဇယား ဖြစ်သည်၊အမှတ်(က)ဇယားသည် လ၏ အစရက်နှင့်အဆုံးရက် ၂-ရက်တွက်သာ ဖော်ပြ၍ ကျန်ရက်များ အတွက် (တွေးဆယူရန်) အမှာထိုးထားသည်၊ နိုင်ငံတော် အစိုးရက ထုတ်ဝေသောဇယားမှာ (တလလုံးအတွက်) အသေးစိတ် ဖော်ပြထားသည်၊ နံပါတ် (ခ) နှင့် (ဂ) တို့သည် နှစ်တွေပြောင်းသော်လည်း နေထွက်ချိန်နှင့် နေဝင်ချိန်တို့ မပြောင်းလဲပဲ တပုံစံတည်း ပြထားသည်၊ နံပါတ် (က) နှင့် (ခ-ဂ) တို့သည် အချို့သာဘူ၍ အချို့မှာ မတူညီ ဖြစ်နေရာ ဘယ်သူ ဟာက တိကျမှန်ကန်သည်ဟု ပြောဆိုယူဆရန် အခက်တွေ့နေရသည်၊ သို့ရာတွင် ဗုဒ္ဓဟော (အရုဏ်အရကို) ယင်းဇယား ၃-ခုလုံးက မဖော်ပြသဖြင့် (ဝိနယကိစ္စ အတွက်) ယင်းဇယား ၃-ခုလုံးမှာ ပြဿနာ မရှိ၊ တာဝန်မရှိ ဖြစ်နေပေသည်။

ဤသို့ ဝိနယဥပဒေနှင့် မပတ်သက်ပဲ လောကကိစ္စ သက်သက်အနေဖြင့်သာ ဖော်ပြထားသော ယင်းဇယား ၃-ခုတို့ကို ဖယ်ထားပြီး ဝိနယ ဥပဒေတော်နှင့် ပတ်သက်သည့် (အရုဏ်ကိစ္စကိုပါ) ဖော်ညွှန်းပြထားသော ကျန်ဇယား ၆-ခုတို့ကိုသာ သုံးသပ်ကြည့်ကြပါစို့။

ယင်း ၂-ကိစ္စကို နိုင်ငံတော် အစိုးရကကိုင်လျှင်-

ဖော်ပြပါ အရုဏ်တက်ချိန် မှန်မမှန် အတိအကျကို ရနိုင်သည်နှင့်နေထွက်ချိန်မှန် ကိစ္စ ၂-ရပ်တို့ကို ပြည်သူပြည်သားတို့ ကိုင်၍ အဖြေမှန် အတိအကျကို မရနိုင်ပေ၊ အခွင့်အာဏာရှိသော နိုင်ငံတော် အစိုးရက ကိုင်မှသာ အဖြေမှန် အတိအကျကို ရနိုင်ပေသည်။

အကြောင်းကား ယခုလက်ရှိ တနိုင်ငံလုံးကို ကောင်းအောင်ပြုပေးနေသော မိုးလေဝသဌာန, ဇလျှင်တိုင်းတာပေးနေသော ဌာနတို့ကို နိုင်ငံတော် အစိုးရက ကိုင်တွယ်နေသဖြင့် အမှန် အတိအကျ သိမြင်နေကြရသည်က ထင်ရှားသော သာဓကများ ဖြစ်ပေသည်။

ထို့ကြောင့် နေ့စဉ်အရုဏ်တက်ချိန်မှန်ကိုင်း, နေထွက်ပေါ်ချိန်မှန်ကိုင်း, မွန်းတည့်ချိန်မှန်ကိုင်း, ညနေ နေဝင်ချိန်မှန်ကိုင်း, စံတော်ချိန်မှန်ကိုင်း,

ထိုတဌာနတည်းကပင် ဖြေရှင်းပေးနိုင်၍ ဗုဒ္ဓဘာသာဝင်နယ်၌ ပူညံပူညံဖြစ်နေသော အရက်တက်ကိစ္စ, နေထွက်ကိစ္စ, မွန်းတည့်ကိစ္စတို့ကို ပြေလည်သွားအောင် နိုင်ငံတော် အစိုးရအား မေတ္တာ အထူးရပ်ခံအပ်ပါသည်။

## အရက်ပြဇယား အမျိုးမျိုးရှိနေသလို အချိန်ပြနာရီတွေလည်း အမျိုးမျိုး ရှိနေပုံ

အရက်ပြဇယားချင်း မတူညီကြပဲ အမျိုးမျိုး ရှိနေကြခြင်းမှာ အချိန်ပြနာရီချင်း မတူကွဲလွဲချက်ပေါ် မူတည်နေပြန်သည်၊ မြန်မာနှင့်တကွ ကမ္ဘာတဝှမ်းလုံးကပါ သုံးစွဲနေကြသော စက်နာရီတို့ကား နိုင်ငံအသီးသီးရှိ စက်ရုံအသီးသီးတို့မှ စီးပွါးရေးအတွက် ထုတ်လုပ် ဖြန့်ချီထားသော စက်နာရီများ ဖြစ်ကြ၍ အချိန်ပြခြင်း တသားတည်း မရှိနိုင်ကြပေ၊ သံနှင့် သံပတ်ကြီး သံပတ်သေးခေါ် ( ဆံချည် ) တို့ကို လိုက်၍၎င်း, သံပတ်အမာ, အပျော့ အလျော့ အတင်းကိုလိုက်၍၎င်း, အချိန်ပြခြင်း တသားတည်း၊ တပုံစံတည်း မရှိနိုင်ကြပေ၊ယင်းနိုင်ငံ အသီးသီးနှင့် စက်ရုံအသီးသီးကထုတ်လုပ်သော နာရီတွေက ဖော်ပြသော အချိန်တွေ ကွဲလွဲခြားနားကြသလောက် ထိုထိုနာရီတွေက ပြသော အချိန်ကို (အားကိုးအမှီပြုကာ) တဆင့် ဖော်ပြနေရသော အချိန်ပြကိစ္စတို့မှာလည်း ကွဲလွဲခြားနားလျက်ပင် ရှိကြရတော့သည်။

## ဗုဒ္ဓဝါဒပြ စက်နာရီမျိုး မပေါ်ထွက်သေး

ပေါ်လာပြီး စက်နာရီတို့မှာ- အများသုံး, စီးပွါးရေးသုံး, ခန့်မှန်းခြေသုံးနှင့် လောကရေးသုံး စက်နာရီမျိုးသာ ထွက်ပေါ်လာသေး၍ ဗုဒ္ဓဝါဒနှင့်အညီ (ဖော်ပြပေးနိုင်သော) ဘာသာရေးသုံး စက်နာရီမျိုးကား မပေါ်ထွက်လာသေးပေ။

အကယ်၍ ဖြစ်နိုင်လျှင် ဗုဒ္ဓဝါဒီ မြန်မာနိုင်ငံသားများနှင့် အခြားဗုဒ္ဓဝါဒီ နိုင်ငံအသီးသီးတို့ပါ (အရုဏ် တက်ချိန် အတိအကျ) ကို ဖော်ပြပေးနိုင်သော ဘာသာရေးသုံး(သီးခြားနာရီတမျိုး) ပေါ်ထွက်လာပါက လွန်စွာအကျိုးရှိကြ ဝမ်းမြောက်ကြရပေမည်၊ မျက်မမြင်များသုံးရန် နာရီတို့ကား ပေါ်ထွက်လာ၏။

## လူသုံးနာရီတွေနှင့် ကမ္ဘာ့နာရီကြီး

ကမ္ဘာအဝှမ်းရှိ စက်ရုံအသီးသီးမှ ထုတ်လုပ်ကြသော စက်နာရီ ဟူသမျှ တို့သည်ကား ဓမ္မနယ်သုံး နာရီမျိုး မဟုတ်ပဲ လူနယ်သုံး နာရီတွေသာ ဖြစ်ကြ၍

ယင်းလူသုံးနာရီတွေ၏ အမှီပြုရာ (နာရီကြီးကား) ကမ္ဘာ့နာရီ ခေါ် (နေဝန်းကြီးပင်) ဖြစ်တော့သည်။

အလင်းနှင့် အမှောင်ခေါ် နေ့နှင့်ညကို စက်နာရီတွေက လုပ်မပေးနိုင်ပေ၊ လုပ်ပေးနိုင်သော အရာကား (ထိုနေဝန်းကြီးပင်) ဖြစ်ပေသည်၊ ထို့ကြောင့် (နေဝန်းကြီးက) စက်နာရီတွေ အလိုကို မလိုက်ပဲ စက်နာရီတွေကသာ နေ၏ အလိုသို့ လိုက်နေကြရပေသည်။

## စက်နာရီတွေက နေအလိုလိုက်နေကြရပုံ

အစိုးရရှိသော နိုင်ငံတိုင်းမှာ ( စံတော်ချိန် ) ဟု သတ်မှတ်ထားလျက်ရှိကြတော့သည်၊ ယင်း "စံတော်ချိန်" ဟူသည် ကမ္ဘာအဝှမ်းကလာသော စက်နာရီတွေအတိုင်း အသုံးချပါက စံနစ်တကျ (ပုံမှန်ချိန်) မရနိုင်၍ ရနိုင်အောင် ကမ္ဘာမြေပေါ်ဒေသ အသီးသီးမှာ ကည့်ရှုနေကြသော မိမိတို့နိုင်ငံနှင့် ကောင်းကင်သွားနေဝန်းကြီး အလင်းနှင့် ကိုက်ယူပြီး (စံတော်ချိန်) လုပ်ယူကြရပေသည်၊ ယင်းအနေနှင့် တိုင်းတာ၍ ယူထားသောအချိန်ကို စံတော်ချိန်ဟူ၍၎င်း, ရေဒီယိုတိုင်းဟူ၍၎င်း ခေါ်ဆိုနေကြလေသည်။

## နေမပါက စံတော်ချိန်လုပ်၍မရပုံ

အုပ်စိုးသော အစိုးရရှိသည့် နိုင်ငံနှင့် နိုင်ငံသားအားလုံးတို့ တပြေးညီစွာ သိရှိလိုက်နာဘို့အတွက် "စံပြအချိန်" (ဝါ) စံတော်ချိန် ရှိရပေမည်။ မရှိ၍ မဖြစ်နိုင်တော့ပေ၊ ထိုထိုစက်ရုံတွေ ထုတ်လုပ်လိုက်သော စက်နာရီတွေအတိုင်း စံပြချိန်ခေါ် စံတော်ချိန်ကား အလိုလို ဖြစ်မလာနိုင်ပေ။ ထို့ကြောင့် နေထွက်ချိန်နှင့် နေဝင်ချိန်တို့ကို (လူလုပ်၍မရ) သူ့သဘာဝအတိုင်း ပေါ်ထွက်လာပြီး ပြန်ကွယ်မှုရှိနေ တွေ့နေရသော (နေဝန်းကို) လစဉ်မက နေ့စဉ်ပါ(တိုင်းယူပြီး) စက်နာရီနှင့်တွဲကာ (စံတော်ချိန်)အဖြစ် မှတ်မှတ်ယူထား ရလေသည်။ နေက ရွေ့သွားနေသည်ကို လူက လူအများသုံးအချိန် (တသားတည်းဖြစ်နေအောင်) လူလုပ်နာရီဖြင့် (နေ့စဉ်) နေ၏ အခြေအနေသို့ လိုက်ပြီး စံတော်ချိန်အဖြစ် တိုင်းတာကြေငြာ ပေးနေရပေသည်။

## ဒိုင်ကွက် ၂-မျိုး

(က) လူ့ကိစ္စတွေ တိုင်းတာယူရေး လွယ်ကူစေရန် လူလုပ်နာရီတွေမှာ "ဒိုင်ကွက်"ခေါ် မျက်နှာပြင်ငယ်တခုထားပြီး နေ့နှင့်ညပါ အသုံးပြုနိုင်အောင်

(တစ်ကစ၍ ဆယ့်နှစ်အထိ) ဂဏန်း ၁၂-ကွက်ရေးထားသော နာရီဒိုင်ကွက်က တမျိုး။

(ခ) ကမ္ဘာသား အားလုံးအတွက်ပါမက ကမ္ဘာသားများ ကိုယ်တိုင်မှီခိုနေ ကြသော ရေ၊ မြေ၊ တော၊ တောင်၊ သစ်ပင်၊ အရွက်၊ အသီး၊ အပင် စသည်တို့ အတွက်ပါ ကောင်းကင်ကဆောင်ရွက်ပေးနေသော (ကမ္ဘာ့ နာရီကြီး) ပေါ် နေဝန်းကြီး၏ သွားလာရာ ဒိုင်ကွက်ကြီးကတမျိုးဟု ဒိုင်ကွက် ၂-မျိုး ရှိနေသည်။ ယင်းနေဝန်း၏ ဒိုင်ကွက်ကြီးကား ၄-ကျွန်းလုံးကို ဝန်းရံထားသော (စကြ ဝဠာ တောင်ဝှမ်းကြီး) တခုလုံး အတွင်းပင် ဖြစ်သည်။ အကျယ် ပမာဏကို နောက်ပိုင်းတွင် တွေ့ရှိပေလတ္တံ့။

## အကြမ်းစားလူသုံး နာရီဒိုင်ကွက်

နေ၏သွားရာ ဒိုင်ကွက်ကြီးသည် လွန်စွာ ကျယ်ဝန်းလှသည့် လူ့ အနေဖြင့် တိကျစွာ သိမြင်နိုင်ရန် မလွယ်ရကား၊ အကြမ်းစားအဖြစ် သုံးပြုရ၍ လူသုံး (နာရီဒိုင်ကွက်ကိုသာ) ကမ္ဘာသားအပေါင်းတို့ သုံးစွဲနေကြရပေတော့သည်။

## နေ၏ ဖန်တည်းချက်ကို လောက ၃-မျိုးလုံး လိုက်နာနေကြရပုံ

ကမ္ဘာ့နာရီကြီးပေါ် နေဝန်းသည် လေးကျွန်းလုံးကို ဝန်းရံ ထားသော (စကြဝဠာ တောင်ဝှမ်းကြီး)ပေါ် ယင်းနယ် (ဒိုင်ကွက်ကြီးအပေါ်)သွားလာ နေခြင်းသည် အပျင်းပြေအနေ အကြောင်းမဲ့အနေ သွားလာနေခြင်းမျိုး မဟုတ် ပေ။ အဟုတ်မှာ- သက်ရှိ သတ္တလောကနှင့်တကွ သက်မဲ့ သင်္ခါရလောကနှင့် ဩကာသလောက ၃-မျိုးလုံးတို့ကိုပါ ဖန်တီးပေးရန် တာဝန်ရှိ၍ ထိုသို့ ကျယ်ဝန်းစွာ သွားလာနေရခြင်း ဖြစ်ပေသည်။

ပုံစံပြရသော်-

၁။ ဆောင်း၊ နွေ၊ မိုး-ဟု အပူ အအေးကွဲကာ ဥတု ၃-မျိုးရှိလာရခြင်း သည့်ရင်း။

၂။ ယင်း ဥတု ၃-မျိုး တို့၏ ရှေ့ပိုင်း နောက်ပိုင်း မတူ၍ ရတု ၆-မျိုး ရှိလာရခြင်းသည့်ရင်း။

၃။ ယင်း ရတု တမျိုးလျှင် ၂-ပိုင်း ကွဲပြန်၍ ၁၂-လ ဖြစ်လာ ရခြင်း သည့်ရင်း။

၄။ ယင်း ၁၂-လတွင် ညဘက်နာရီကြီးဖြစ်သော (လဝန်း)နှင့် ဆက်စပ် ကာ နေ၏အဝင်နှင့်အထွက်ကို အကြောင်းပြု၍ တလမှာ နေ့ပေါင်း

၂၉-နှင့် ၃၀-ရှိသလို ညပေါင်းလည်း ၂၉-နှင့် ၃၀-ရှိလာ၍ ၁၂-လ ခေါ် တနှစ်မှာ နေ့ရက်ပေါင်း ၃၆၀-ခန့် ရှိလာရခြင်းသည်ငှင်း။

၅။ ယင်းတနေ့မှာပင် နံနက်ပိုင်း၊ နေ့ပိုင်း၊ ညပိုင်းဟု ၃-ပိုင်း ရှိလာသလို ညပိုင်းမှာလည်း ညဦးပိုင်း၊ သန်းခေါင်ပိုင်း၊ ည နောက်ပိုင်း-ဟု ၃-ပိုင်းပင် ရှိလာရခြင်းသည်ငှင်း။

ဤသို့ အပူ၊ အအေး၊ ဥတု၊ ရတု၊ လ၊ ရက်၊ နေ့၊ ည-တို့ ဖြစ်ပေါ်လာရခြင်းသည် ဖော်ပြပါ ကမ္ဘာ့နာရီကြီးခေါ် (နေ) ကို အကြောင်းခံ အမှီပြု၍ ဖြစ်ပေါ်လာရခြင်းပင် ဖြစ်တော့သည်။

## နေသွားလာပုံ အဖုံဖုံ

ဖော်ပြပါ အပူ၊ အအေး၊ ဥတု၊ ရတု-စသည်တို့ တကန့်စီအနေ ခြားနားစွာ ဖြစ်ပေါ်လာရခြင်းမှာ (နေကြောင့်)ပင်ဖြစ်ရာ ထိုသို့ ဖြစ်ပေါ်ရခြင်းမှာလည်း ယင်းနေ၏သွားလာသော (လမ်းတို့) တမျိုးတပုံစံတည်း မဟုတ်ပဲ ပုံစံအမျိုးမျိုးဖြင့် သွားနေချက်ကြောင့် ယင်းနေကို အမှီပြုနေကြသော သက်ရှိ သက်မဲ့ အရာတို့ပါ ပုံစံအမျိုးမျိုး ဖြစ်ပေါ်လာရတော့သည်။

အညွှန်း- နေသည် လမ်းအမျိုးမျိုးကသွားနေပုံကို နောက်ပိုင်းမှာ ပိဋကတ်လာ သာဓကများနှင့် ဖော်ပြပါလတ္တံ့။

## ပုံသေဇယား ဖြစ်သင့်-မသင့်

ကမ္ဘာကြီးကို ချယ်လယ်နေသော ကောင်းကင်မှ နေဝန်း၏ စွမ်းရည်နှင့် သွားနေချက်တို့ကို အထက်ဖော်ပြပါအတိုင်း တွေ့မြင် သိရှိနေရသဖြင့် နေ၏ ကိစ္စကို တမျိုးတည်းတပုံစံတည်းထား၍ မရနိုင်ဖြစ်နေရာ တသက်လုံး ကမ္ဘာ တည်နေသမျှပတ်လုံး နှစ်စဉ် နေသွားမှုကို (တပုံစံတည်း) ပုံသေဇယားလက်ာ တို့နှင့် ညှန်ပြရန် ဖြစ်သင့်-မသင့်ကို သုံးသပ်ရန် လိုပေသည်။

## ဝါထပ်ရက်ငင် ပြုနေရချက်

ယင်းနေ၏ သွားလာမှုသည် တရာသီနှင့် တရာသီငှင်း၊ တရတုနှင့် တရတု သည်ငှင်း၊ တလနှင့် တလသည်ငှင်း၊ တရက်နှင့်တရက်သည်ငှင်း၊ မတူညီချက် ကြောင့် ၁၂-လခေါ် တနှစ်ပြည့်ချိန်မှာ ရက်ပေါင်း ၃၆၀- မပြည့်လာပဲ ၃၅၄-ရက်သာရှိနေ၍ နေသွားလမ်း ရာသီစက်ဝန်းနှင့် လူသားတို့ သတ်မှတ် သုံးစွဲသောရက်ပေါင်းလည်း (၃၆၀) ကိုက်ညီစေအောင် နေဘက်မှ (သူရိယ

မာသ)နှင့်လည်း ကိုက်ညီကြအောင် (ဝေဒပညာ နည်းဖြင့်) ၂-နှစ် တကြိမ် သော်၎င်း၊ ၃-နှစ်တကြိမ်သော်၎င်း၊ (ဝါဆပ်ပေးမှု)ခေါ် ဝါလတပ်၍ ပေးနေရတော့သည်။

ယခုအခါ ကမ္ဘာ့သက္ကရာဇ်ခေါ် ခရစ်နှစ် သုံးစွဲသူတို့မှာလည်း ၂၀-ရက် တလ၊ တခါတလေ ၂၉-ရက်တလ၊ ၃၀-ရက်တလ၊ ၃၁-ရက် တလအဖြစ် လုပ်ထားသော်လည်း (သူရိယမာသ)နှင့် မကိုက်ညီဖြစ်နေ၍ ၄-နှစ်တကြိမ်မှာ (တလ-ထပ်တိုး) ယူရပြန်သည်။

ထိုဝါထပ်နှစ်တို့မှာ ၁၂-လမဟုတ်ပဲ ၁၃-လဖြစ်နေရာ ၁၂-လအနေဖြင့် လက်ာလုပ်၊ ဇယားခင်း၍ အရုဏ်တက်ချိန်၊ နေထွက်ချိန်၊ နေဝင်ချိန်တို့ကို (ကြိမ်းသေအဖြစ်) ညွှန်ပြနေခြင်းကို စဉ်းစားသင့်ပြန်သည်။

**ညွှန်းချက်**– နေသွားကိစ္စနှင့် ဗေဒင်ကျမ်းကိစ္စတို့ကို စီမံကြသော ဝေဒပညာရှင် ရှေးရသေ့ကြီးတွေ ရှိခဲ့ကြကြောင်းကို (ဗုဒ္ဓကိုယ်တိုင်) ထောက်ခံထားချက် ရှိပုံကို အောက်တွင် ဖော်ပြချက် တွေ့ပါအံ့။

## အရုဏ်ကိစ္စအတွက် ပြဿနာ မဖြစ်သူနှင့်ဖြစ်သူ

ကမ္ဘာ၏နာရီကြီးလည်းဖြစ်၊ အလင်းဓာတ်မီးကြီးလည်းဖြစ်၊ ဆေးလည်းဖြစ် ဘေးလည်းဖြစ်နိုင်သော (နေ) အတွက် (ကမ္ဘာသား အားလုံးတို့မှာ) ပြဿနာ အသီးသီးရှိကြသော်လည်း ယင်းနေမှ ပေါ်လာသော (အရုဏ်ရောင်)နှင့်ပတ်သက်၍မူ ကမ္ဘာသားအားလုံးတို့မှာ ပြဿနာ(မရှိကြ၊ မဖြစ်ကြပါ၊) ပြဿနာ ရှိကြ၊ ဖြစ်ကြသူတို့မှာ- ယင်းနေကို (မှတ်တိုင်သဖွယ် ထားပြီး) ယင်းနေမှထွက် ပေါ်လာသော (အရုဏ်ရောင်)နှင့် တွဲစပ်၍ (ဓမ္မနှင့် ဝိနယကိစ္စတို့ကို) ညွှန်ပြပေးသွားတော်မူသော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်အပေါ် လေးစား ယုံကြည်သူ၊ ဗုဒ္ဓဟော ဝိနယဒေသနာလာ(သိလကိစ္စဆိုင်ရာကို) လေးစားလိုက်နာသူနှင့် ဓမ္မမာမက သီလမာမကဖြစ်ကာ အပါယ် ဘေးကိုပါ ကြောက်ရွံ့သူ၊ ဗုဒ္ဓဝါဒီ (လူနည်းစု) ရဟန်း၊ ရှင်၊ လူအချို့တို့မှာ ယင်းပြဿနာ ရှိကြဖြစ်ကြပေသည်။

## ဘုရားနှင့်သီလကို ကျောပေးနိုင်က ဤပြဿနာ ကွယ်သွားရာ၏

အရုဏ်အတွက် ပြဿနာ ဖြစ်လာရှိလာခြင်းသည် ဘုရားအပေါ် လေးစား ယုံကြည်မှုများခြင်း ဘုရားဟော (သီလကိစ္စအရကို) သဘောပေါက် လေးစား ယုံကြည်မှုမလျော့ခြင်းတို့ကြောင့် ပြဿနာရှိလာခြင်း ဖြစ်ပေသည်၊ယင်း ဘုရား အပေါ်နှင့် ဘုရားလာ သီလကိစ္စအပေါ် လေးစားယုံကြည်မှု မလျော့ခြင်း

များခြင်းအကြောင်းမှာလည်း အောက်ပါ ကောင်းကျိုးတို့နှင့် လွဲဖယ်သွားမည်ကို စိုးရိမ်သောကြောင့်ပင် ဖြစ်သည်၊ ယင်း ကောင်းကျိုးတို့ကား သီလကို အခြေခံမှုတည်မှ ရရှိနိုင်သော-

၁။ အပါယ် ၄-နယ်မှ လွတ်မြောက်နိုင်သော ကျင့်ဝတ်များမှာရင်း၊
၂။ ကာမသုဂတိဘုံသွား ကျင့်ဝတ်များမှာရင်း၊
၃။ ရူပနှင့် အရူပဘုံသွား ဈာန်နှင့် အဘိညာဏ် ကျင့်ဝတ်များမှာရင်း၊
၄။ နိဗ္ဗာန်ဘုံသွား ဝိပဿနာကျင့်ဝတ် အရိယာမဂ်နှင့် ဖိုလ်ကျင့်ဝတ်များမှာရင်း၊

ဤ သီလကိစ္စကို (ဖယ်ထားက) လိုအပ်သော ကျင့်ဝတ်နှင့် ကောင်းကျိုးများ လုံးဝ မဖြစ်နိုင်, မရနိုင်တော့၍ ဘုရား ဟောသော သီလနှင့် (ကျယ်ဝန်းစွာ ယှဉ်တွဲဆက်စပ်) နေသော ဤ (အရုဏ်ကိစ္စကို) ဥပေက္ခာပြု လျစ်လျူရှု၍ မရတော့သဖြင့် သဲကွဲမှန်ကန်စွာ သိရှိအောင် လေ့လာ၍ စိစစ်ရ ရတော့သည်၊ ဤသို့ လေ့လာ စိစစ်ရခြင်းသည်လည်း အောက်ပါ အချက်များကြောင့် ဖြစ်တော့သည်။

## စဉ်းစားသုံးသပ်ဖွယ်အသွယ်သွယ်

၁။ လူလုပ်စက်နာရီတွေဘက်ကကြည့်လျှင် နိုင်ငံအသီးသီး, စက်ရုံအသီးသီးတို့မှ ထုတ်လုပ်ထားကြသဖြင့် စက်နာရီချင်း အချိန်ပြချက်တို့မှာ မတူညီဖြစ်နေပြန်သည်။

၂။ ယင်းစက်နာရီတို့မှာလည်း ပကတိ စက်နာရီပြအချိန်, အလုပ်ရုံကြီးအချို့ ပြစက်နာရီပြအချိန်, အစိုးရရေဒီယိုပြ စက်နာရီ အချိန်ဟု ၃-၄-မျိုး ရှိနေပြန်သည်။

၃။ ယင်း စက်နာရီတို့ကို (စံထားပြီး) အရုဏ်တက်ချိန်, နေထွက်ချိန်, နေဝင်ချိန်တို့ကို လက်ာပြုကာ ဇယားဖြင့် ပြထားချက်တို့ကလည်း မူအမျိုးမျိုး ရှိနေပြန်၍ ပုံစံတူမရနိုင် ဖြစ်နေပြန်သည်။

၄။ ယင်း မူအမျိုးမျိုးတည်းမှ မိမိတို့ လက်ခံရရှိထားသော မူအတိုင်း အရုဏ်တက်ချိန်ပြ ဘုံး, ခေါင်းလောင်း, ကြေးစည်, ကြေးမောင်းတို့ကို ခေါက်ကြ တီးကြ, ထိုးကြသည်တို့မှာလည်း အမျိုးမျိုး ရှိနေပြန်၍ တူညီချက် မရနိုင် ဖြစ်နေပြန်သည်။

၅။ ယင်းအရက်တက်အဖြစ် ဆော်ဩ ညွှန်ပြပေးသော (ဒုတိယအကြိမ် လာ) တုံး, ခေါင်းလောင်း, ကြေးစည်, ကြေးမောင်းသံတို့ကို (အရက်တက် အဖြစ်စံထားပြီး) အရုဏ်ဘွမ်းကပ်ကြ, လောင်းကြ ခံယူကြ စားသုံးကြသည် မှာလည်း တူညီမှုမရနိုင်ပဲ အမျိုးမျိုးဖြစ်နေပြန်သည်။

ဤသို့ ဗုဒ္ဓဟော ( အရုဏ်တက်ကိစ္စ အပုန်သိဘို့ အတွက် ) လောကသုံး နာရီများ, လက်ခံ, ဇယားများနှင့် ၎င်းတို့ကို အားကိုးပြု၍အသုံးပြုနေကြသော အရုဏ်တက်ချိန်ပြတုံးများ, ခေါင်းလောင်းများ, ကြေးမောင်း, ကြေးစည်များ မှာလည်း အမျိုးမျိုးအတွေ့တွေ့ ရှိနေပြန်၍ ဝိနယဥပဒေတော်ဘက်ကကြည့်လျှင် သံသယဖြစ်ဖွယ် စဉ်းစား စိစစ်ဖွယ် အသွယ်သွယ်တို့ တွေ့ကြုံနေရတော့သည်။

ထို့ပြင် အချို့မှာ အရှေ့လောကဓာတ်မှ အလင်းရောင် တခုခုတွေ့လျှင် အရုဏ်တက်ပြီ ဟူ၍၎င်း, အချို့မှာ နံနက်စော လက်ဝါးထောင် ကြည့်၍ လက်ကြားမြင်လျှင်အရုဏ်တက်ပြီဟူ၍၎င်း ယူဆ အသုံးပြုနေချက်တို့သည်လည်း သံသယဖြစ်ဖွယ် စဉ်းစား စိစစ်ဖွယ်တွေ ဖြစ်နေပြန်တော့သည်။

## အရုဏ်နှင့် သဗ္ဗညုတဘုရားများ

ဤအရုဏ်တက်ကိစ္စသည် သုံးလောကထွတ်ထား သဗ္ဗညု မြတ်ဘုရားများ မှာပင် သတိပြု တိုင်းတာ ဆောင်ရွက်နေရသော ကိစ္စတော့ ရှိနေပြန်၍ တပည့် သာဝက ဖြစ်နေကြသော ရဟန်းတော်တို့မှာ တာဝန်ပို၍ ရှိနေ သက်ဆိုင်နေ တော့သည်။

## အရုဏ်နှင့် သီလကိစ္စ, ဒါနကိစ္စ

ဝိကာလဘောဇန-သိက္ခာပုဒ် သီလပျက်ပြိုရေး, မပျက်ပြိုရေးသည် ဤအရုဏ် တက်ကိစ္စအပေါ် တည်နေပေသည်၊ နံနက်စော (အရုဏ် ဒါန) မြောက်ရေး မမြောက်ရေးမှာလည်း ယင်းအရုဏ်တက်ကိစ္စအပေါ်မှာ တည်နေပေသည်၊ မိမိက အရုဏ်တက်ပြီဟု (ထင်မှတ်ရုံနှင့်) အရုဏ်က မိမိထင်သလို လိုက်၍ဖြစ်နေသည် မဟုတ်ပြန်ပေ၊ ထို့ပြင် မိမိအထင်မှားမိ၍ လွဲချော်ခြင်း ဖြစ်သွားပါသည်ဟု ဝန်ခံရုံနှင့်လည်း ဝိနယဥပဒေက (ခွင့်လွှတ်မည်) မဟုတ်ပြန်ပေ၊ ဗုဒ္ဓဟောထား ချက်အတိုင်း လိုက်နာဆောင်ရွက်မှသာ ဝိနယဥပဒေက ခွင့်လွှတ်ပေမည်၊ ပုံစံ ပြရသော်–

ဇမ္ဗူသာယ ၁၉၅-၅

## က-လူဝတ်ကြောင်များ အတွက်

ဗုဒ္ဓဟော ပုညကိရိယဝတ္ထု ၁၀-ပါးနှင့် ပါရမီ ၁၀-ပါး စာရင်းဝင် စာရိတ္တသီလ, အာဘိသမာစာရိက သီလတို့ကို လေးစားယုံကြည်၍ ဥပေါသထ သီလ, နဝင်္ဂသီလ, ဂဟဋ္ဌ ၁၀-ပါးသီလတို့ကို စောင့်ထိန်းထားကြသော ဗုဒ္ဓဝါဒီ လူဝတ်ကြောင်တို့မှာ ပိုင်းခြားထားသော (ကာလနှင့်ဝိကာလ) အရ အရုဏ်မတက်ခင် (ယာဝကာလိက စာရင်းဝင်) ဘောဇဉ် ၅-ပါးဆိုင်ရာ အစာမျိုးတို့ကို စားသုံးမိခဲ့သော် ဝိကာလဘောဇန သိက္ခာပုဒ်ကို ချိုးဖျက်လိုက်ခြင်းကြောင့် စောင့်ထိန်းထားသော သီလကျိုးပျက်သွားလေပြီ၊ ပါရမီလုပ်ငန်းနှင့် တွဲ၍ ဆောက်တည် ထားသော (သီလမျိုး) ဖြစ်ကာ ပို၍ အကျိုးပျက်တော့သည်။

ထို့ပြင် အရုဏ်မတက်ခင် ရေမွှေးနှင့် နံ့သာများကို လိမ်းမိခဲ့သော်၎င်း, ပန်းပန်မိခဲ့သော်၎င်း, သီချင်းဆိုမိ, တီးမှုတ်မိ, ကမိ, ပွဲသဘင် ကြည့်မိခဲ့သော်၎င်း, မြင့်မြတ်သော နေရာမျိုးမှာ နေထိုင်မိခဲ့သော်၎င်း, ခံယူ စောင့်ထိန်းထားသော လက်ရှိသီလစု ပျက်စီး သွားတော့သည်၊ ဤကား ကိုယ်တိုင် သီလပျက်စီး ရပုံတည်း။

သူတပါးသီလကိုပါ ညှိုးနွမ်း ပျက်စီးစေသော အမှုတို့မှာ ဝိနယနှင့် ဓမ္မကိစ္စဘက်မှာ မလေးစား မကျွမ်းကျင်သဖြင့် သဒ္ဓါစေတနာ သန့်မိ၍ အရုဏ်မတက်ခင် ရဟန်းသံဃာတော်တို့အား (ယာဝကာလိက စာရင်းဝင်) ဘောဇဉ် ၅-ပါး ဆိုင်ရာ မုံ့, ဆွမ်း, ဟင်း, အသားကြော်, အကင်, အပြုတ်, နို့, သစ်သီးစသော ဘောဇဉ်တို့ကို လှူမိ, ဆက်ကပ်မိလျှင် မိမိကြောင့် ရဟန်း သံဃာတော်တို့မှာ အကပ်မခံအပ်, မခံရ, မသုံးဆောင်အပ်, မသုံးဆောင်ရသော အစာမျိုးကို အကပ်ခံမိ,သုံးဆောင်မိ၍ ရဟန်းနှင့်သက်ဆိုင်ရာသီလများ ညှိုးပျက်စေသည့်ပြင် လှူဒါန်းသူ မိမိမှာလည်း မလှူသင့်ချိန်မှာ လှူမိ၍ လှူရကျိုး မနပ်လှတော့ပေ၊ ထို့ပြင် အရုဏ်မတက်မီ အစောကြီး ဘုရားအား ဆွမ်း, မုံ့, သစ်သီး စသည်တို့ လှူမိမှုကိုလည်း အလားတူ သတိပြုသင့်တော့၏။

## ခ-ရှင်သာမဏေများ အတွက်

ကိုရင်ခေါ် ရှင်သာမဏေများမှာလည်း အရုဏ်မတက်မီ ဘောဇဉ် ၅-ပါး ဆိုင်ရာ အစာမျိုးတို့ကို စားမျိုမိလျှင် အထက်ပါ လူများကဲ့သို့ပင် သီလပျက်စီး ရလေတော့သည်၊ သီလပျက်စီးမှန်းသိလျက် ဆရာဥပဇ္ဈာယ်တို့ကို အသိမပေး

မလျှောက်ထားပဲ နေခဲ့လျှင် လိင်္ဂထေနကနှင့် သံဝါသထေနက စသောပြစ်မှုတို့ကိုပါ ကျူးလွန်ပြီးဖြစ်သွား၍ နစ်နာလှတော့သည်။

ထို့ပြင် ဝိနယဥပဒေလာ (သဟသေယျ) သိက္ခာပုဒ် သည်လည်း အရဏ်ကိစ္စနှင့်တွဲနေ၍ ရှင်သာမဏေများက (ရှင်ရဟန်းလောကဲ့သို့) ထိုသိက္ခာပုဒ်နှင့် အရဏ်ကိစ္စကို သိနားလည်ထားပါက သရဏဉပဇ္ဈာယ်နှင့် ရဟန်း သံဃာတို့မှာ ထိုသိက္ခာပုဒ်အတွက် အပြစ်သင့်မှုမှ ကင်းလွတ်နိုင်ကြသည်။

## ဂ-ရဟန်းသံဃာများအတွက်

ဤအရဏ်ကိစ္စသည် ရဟန်းသံဃာများနှင့် များစွာ သက်ဆိုင်နေရာ ပို၍ သတိပြုသင့်လှတော့သည်။ ဥပမာ- ယာဝကာလိက စာရင်းဝင် ခဲဘွယ် ဘောဇဉ်တို့ကို အရဏ်မတက်ခင် အရဏ်တက်ပြီထင်၍ စားသုံးမိခဲ့လျှင် ဝိကာလဘောဇနသိက္ခာပုဒ်ဆိုင်ရာ အာပတ်စုသင့်ရောက်တော့သည်။ ယာမကာလိက အစာနှင့် သတ္တာဟကာလိကအစာတို့မှာလည်း ဤအရဏ်နှင့် တိုင်းတာရသော အစာမျိုး ဖြစ်၍ တိုင်းတာချက်မမှန်က သက်ဆိုင်ရာအာပတ်နှင့် စွန်းငြိတော့သည်။

· ထို့ပြင် ယာဝကာလိကအစာတို့ကို အရဏ်မတက်ခင် ကျောင်းမှာဖြစ်စေ၊ ရွာတွင်းမှာဖြစ်စေ၊တောမှာပဲဖြစ်စေ၊ ခံယူသောအနေနှင့်သော်၎င်း၊ စားသုံးမည့်အနေနှင့်သော်၎င်း၊ ခံယူမိသော် ပဌမ (ခံယူမိပြစ်) သင့်၍ စားသုံးမိခဲ့သော် (စားသုံးမိပြစ်) ဒုတိယထပ်ဆင့် သင့်ပြန်၏။ အရဏ်မတက်ခင် ကိုင်တွယ်မိပြန်သော် ယင်းကိုင်တွယ်မိပြစ် ဦးစွာသင့်လာတော့၏။

ထို့ပြင် သဟသေယျ သိက္ခာပုဒ်မှာ၎င်း၊ ဒသာဟာတိက္ကန္တ ဖြစ်ရှိရာမှာ၎င်း၊ တိစီဝရိက် ဆောင်ရာမှာ၎င်း၊ ဂရုကအာပတ်သင့်၍ အရဏ်အတွင်း ဒေသနာမကြားမိရာမှာ၎င်း၊ ပရိဝတ် ဆောက်တည်ရာမှာ၎င်း၊ မာနတ်ဆောက်တည်ရာမှာ၎င်း၊ ဝါကပ်ပြီး ရတ္တိစ္ဆေဒဖြစ်ရာမှာ၎င်း၊ ကထိန်ကိစ္စဆိုင်ရာ စသည်တို့မှာ၎င်း၊ အရဏ်ကိစ္စပါနေရာ ရဟန်းတော်များအဘို့ ယင်း အရဏ်ကိစ္စကို တိကျမှန်ကန်စွာ သိမြင် သွားအောင် လေ့လာထားဘို့ (အထူး) လိုအပ်လှပေ၏။ အကယ်၍ မလေ့လာ မသိရှိဖြစ်နေပါက ဖော်ပြပါ ဝိနယပြစ်မှုတို့နှင့် စွန်းငြိဒဏ်တွေ့ ခံနေကြရပေမည်။ ကျူးလွန်မိအပြစ်ကတော့ (ကန်တော့ဆွမ်း အနေ) ခွင့်လွှတ်မည် မဟုတ်ပေ။

## အရဟတ်ကိစ္စအတွက် စုပေါင်းညှိနှိုင်းမှု ပြုကြရန် အစပျိုးခဲ့ပုံ

အထက်ပါ တွေ့ကြုံရချက်တို့ကို ထောက်ဆကြပြီး ဗုဒ္ဓညွှန်ပြသော (အရဟတ်) အရနှင့် (အရဟတ်တက်ချိန်)အရတို့ကို သဲကွဲမှန်ကန်စွာ ဘာသာဝင်တိုင်း သိမြင်နိုင်ကြရအောင်–

၁။ ရှေးသူဟောင်းတို့ လက်သုံး လက်ဝါနှင့် ဇယားတို့ကိုရင်း။

၂။ ထိုထို ပညာရှင်တို့၏ အယူအဆ အဝဝတို့ကိုရင်း။

၃။ ထေရဝါဒ ပိဋကတ်ကျမ်းလာ ဗုဒ္ဓဟော ပါဠိတော်များနှင့် ၎င်းတို့ အဖွင့်အဋ္ဌကထာများ၊ ၎င်းတို့ အဖွင့်ဋီကာကျမ်းများလာ အဆို အမိန့်အရ တို့ကိုရင်း။

၄။ အခြား မှီငြမ်းပြုသင့်သော ဂန္ထန္တရအရတို့ကိုရင်း။

၅။ မျက်မြင်၊ လက်တွေ့၊ တိုင်းတာယူချက် အရတို့ကိုရင်း၊ ယုတ္တိပြ ခိုင်လုံ၍ ဓမ္မာဓိဋ္ဌာန်ကျလည်းရနိုင်အောင်(အချိန်ယူသုံးသပ် လေ့လာကြပြီး) "ကာလေန ဓမ္မသာကစ္ဆာ"အရ လျှော်ကန်ချိန်မှာ (စုပေါင်း၊ ဆွေးနွေးညှိနှိုင်းကာ) အပြေ မှန်ထုတ်ယူကြရန် ပရိယတ္တိပညာစွမ်းရည်ရှိကြပြီး၊ သမ္မာဆန္ဒလည်းရှိသူ အချင်းချင်းလည်း ယုံကြည်လေးစားရင်း ရှိသူ သံလျင်မြို့ပေါ်မှ ဤအရဟတ် ကိစ္စကို စိတ်ဝင်စားချက်တူသူ သံဃာတော်ဘက်မှ မူတည် ၃-ဦးနှင့် သံလျင်တောရ ဆရာတော်က ၁၃၃၆-ခု၊ သီတင်းကျွတ်လဆန်း ၁၃-ရက် (၂၀-၁၀-၇၄) တနင်္လာနေ့တွင် အောက်ဖော်ပြပါ လျှောက်လွှာကို ပေးပို့ ဆက်ကပ်လိုက် လေ၏။

မိတ္တူလျှောက်လွှာ
ရက်စွဲ၊ ၁၃၃၆-ခု၊ သီတင်းကျွတ်လဆန်း ၁၃-ရက်၊
တနင်္လာနေ့၊ ၂၀-၁၀-၇၄။

**စကြံ့ဆရာတော်ဘုရားသို့-**

အထူး လျှောက်ထားချက်တရပ်

အကြောင်းအရာ။ ။**အရဏ်နှင့် အရဏ်တက်ချိန်ကိစ္စ ဆွေးနွေးညှိနှိုင်းကြရန်**

ဆရာတော်ဘုရား....

၁။ အရဏ်နှင့်စပ်၍ "အာဂါရိက လူသားတို့မှာ ပြဿနာမဂ္ဂလိုက ပဖြဲ နေနိုင်ကြသော်လည်း အနာဂါရိက သာသနဝန်ထမ်းတို့ဘက်မှ ရှင်သာမဏေတို့ မှာပင် ယင်းကိစ္စအတွက် ပြဿနာအချို့ ရှိနေ၍ သမဏ ရဟန်းတော်များ အတွက်မူ (ပြဿနာများစွာ)ရှိနေသော ကိစ္စတရပ် ဖြစ်နေပါသည်။

၂။ ဤအရဏ် တက်ချိန်နှင့် စပ်၍ မြန်မာနိုင်ငံ၌ (နာနာဝါဒ) ဖြစ်နေ ကြရာ....

(က) အချို့မှာ (စက်နာရီ) နံနက် ၄-နာရီခွဲလျှင် အရဏ်တက်ပြီဟု ယူဆ ကာ စားသုံးနေကြသော ဝါဒတရပ်။

(ခ) အချို့မှာ နံနက် ၅-နာရီ ထိုးလျှင် အရဏ်တက်သည်ဟု ယူဆကာ စားသုံးနေကြသော ဝါဒတရပ်။

(ဂ) အချို့မှာ ၅-နာရီကျော်မှ၊ အချို့မှာ ၅-နာရီခွဲမှ၊ အချို့မှာ ၅-နာရီ နှင့် မိနစ် ၄၀-ရှိမှ၊ ၄၅-ရှိမှ၊ ၅၀-မိနစ်ရှိမှ အရဏ်တက်သည်ဟု ယူဆ ကာ စားသုံးနေကြ၍ နာနာဝါဒ ဖြစ်နေပါသည်။

၃။ ဤကိစ္စသည် "ဝိနယောနာမ သာသနဿ အာယု"အရတွင် သက်ဝင် နေပါ၍ လဇ္ဇီနှင့် သီလဝန္တအဖြစ်လိုလား သာသနာ့ဝန်ထမ်းများအဘို့ ဗုဒ္ဓအလို တော်ကျဖြစ်ရှိရန် လိုအပ်သောကိစ္စတရပ် ဖြစ်နေပါသည်။

၄။ ထိုအရ နာခံမှတ်ယူလိုသည်မှာ—

(က) ဆရာတော်ဘုရားများ၏ အာစရိယ ပရမ္ပရ လက်ခံကျင့်သုံးခဲ့သော ဝါဒများကိုရင်း။

(ခ) ဆရာတော်ဘုရား၏ ဉာဏ်အမြင်ဖြင့် ယုံကြည်ယူဆချက်ကိုရင်း။

(ဂ) ထိုထိုကျမ်းဂန်တို့၏ အဆိုအမိန့်အရတို့ကိုရင်း၊ ကြားနာမှတ်သား ကာ ဆွေးနွေးညှိနှိုင်း လိုပါသည်ဘုရား။

သို့ပါ၍ ထိုကိစ္စသဘာဝကျ ပြေလည်စေရန် အချိန်ယူကာ စိစစ်သုံးသပ်တော်မူပြီးလျှင် လျော်ကန်ချိန်ကို (ရွေးချယ် သတ်မှတ်ပြီး) စုရုံးဆွေးနွေးနိုင်မည့် နေ့ရက်ကို (ကြိုတင်) မိန့်ကြားစေလိုပါသည်ဘုရား။

ဤကိစ္စကို ဗိုလ်ကုန်းဆရာတော်နှင့် မင်္ဂလာကန်ဦးစာသင်တိုက် ဆရာတော်များထံသို့လည်း အလားတူလျှောက်ကြားစာ ပေးပို့ထားပါသည်။

## စုရုံးဆွေးနွေးရန်ဌာန

ဆရာတော်ဘုရား ထံမှ အချိန်သတ်မှတ် ပေးချက် ရရှိချိန်မှာ ဆွမ်းဒါနကိုလည်း ပြုလုပ်လိုပါ၍ အရှင် ဆရာတော်များနှင့် အခြား သင့်လျော်သော ဆရာတော်များကိုပါ ပင့်ဖိတ်ပြီး (သံလျင်တောရမှာ) ဆွမ်းဘုဉ်းပေး တွေ့ဆုံ စုရုံးကြကာ ဆွေးနွေးမှတ်သား နာယူလိုလှပါသည်ဘုရား။

ပဋ္ဌာနာဆရာတော်ဘုရား၏ ကြည်ရွှင်သာယာလျက် ရှိနေမှုကို သိတင်းကျွတ်လပေါင်း (တထောင်တိုင်တိုင်) မြင်တွေ့လိုပါသည်ဘုရား။

အစဉ်လေးစားလျက်ရှိသူ
ဝပ္ပဝါဒီ
သံလျင်တော။ ရ

## လျှောက်လွှာပေးပို့သော ၃-ဌာန

၁။ ဆရာတော် ဦးနာဂ၊ အစိုးရ ဓမ္မာစရိယ၊ စကြံ့ကျောင်း၊ သံလျင်မြို့။

၂။ ဆရာတော် ဦးစန္ဒိမာ၊ တရားပြ ဆရာတော် ဗိုလ်ကုန်းကျောင်း၊ သံလျင်မြို့။

၃။ ဆရာတော် ဦးပညာသာမိ၊ အစိုးရဓမ္မာစရိယ၊ မင်္ဂလာကန်ဦး စာသင်တိုက် ဗိုလ်ချုပ်ရွာ သံလျင်မြို့တို့ ဖြစ်ကြသည်။

## အချိန်ပေးပြန်ကြားချက် ရရှိလာခြင်း

ဖော်ပြပါလျှောက်ထားချက်အရ အချိန်ယူလေ့လာနေကြရာ ၄၈-ရက်မြောက်နေ့ဖြစ်သော ၁၃၃၆-ခု၊ နတ်တော်လဆန်း ၁-ရက် စနေနေ့တွင် မင်္ဂလာကန်ဦးဆရာတော်မှတဆင့် မဟာထေရ်ကြီးဖြစ်သူ စကြံ့ ဆရာတော်ဘုရားထံမှ ပြန်ကြားချက်ရသည်မှာ ၁၃၃၆-ခု၊ နတ်တော်လဆန်း ၃-ရက် (၁၆-၁၂-၇၄) တနင်္လာနေ့ နံနက်ပိုင်းကစ၍ ဆွေးနွေးကြရန်ဟု ပြန်ကြားချက် ရရှိလေ၏။

## ဆွေးနွေးညှိနှိုင်းရန် ကြွရောက်လာကြသော ဆရာတော်များ

ယင်းသည် ၁၃၃၆-ခု၊ နတ်တော်လဆန်း ၃-ရက် နံနက်ပိုင်းတွင် ကြွရောက်လာကြသော သံဃာဘက်မှ ဆရာတော်များမှာ....

၁။ နန်းဦးဆရာတော်၊
၂။ စကြံ့ဆရာတော်၊
၃။ သံလျင်တောရဆရာတော်၊
၄။ ဗိုလ်ကုန်းဆရာတော်၊
၅။ ဘုံကျော်ဆရာတော်၊
၆။ မင်္ဂလာကန်ဦးဆရာတော်၊
၇။ ရင်းတိုက်စာချ ဦးပဏ္ဏဝဆရာတော်၊
၈။ ကျုံပျော်-အရှင်ဇဝနညာဏဆရာတော်၊
၉။ ဂွမြို့ အရှင်နိပုဏဆရာတော်၊
၁၀။ အင်းစိန်-ဦးဣန္ဒိယဆရာတော်များ ဖြစ်ကြသည်

## လူဘက်မှ လှူလာသူများ

၁။ အရဏ်ဆွမ်းလောင်းသင်းမှ ဦးစိန်ကြီးနှင့် ဦးလှစိန်။
၂။ သုတေသနပြုသူများအဖြစ် ဒေါက်တာ-အောင်ချစ်၊ ကမ်းလွန်ရေနံ-အော်ပရေတာ ဦးအောင်မြင့်၊ ဗိုလ်မှူး ဟောင်း- ဦးတင်သိန်းနှင့် အခြား ၂-ဦး။
၃။ တရားသုတေသနဌာနတို့မှ ဦးအောင်သိန်းနှင့် ပုဂ္ဂိုလ် ၂-ဦး၊ ဦးဆင်၊ ဦးဗန်နီး၊ ဦးမောင်စိန်။
၄။ ဗုဒ္ဓ၏ တရားစစ်များ ပြန့်ပွားရေးအဖွဲ့ချုပ်မှ နာယက-ဦးဘလွင်နှင့် ဦးမြရှိန်၊ အတွင်းရေးမှူး- ဦးမောင်ကြီး၊ စာရင်းစစ်- ဦးကြင်စိန်နှင့် သက်နှီးကျွန်းမှ ယောဂီ ၂-ဦး။
၅။ တက္ကသိုလ်ကျောင်းသားအချို့နှင့် အ-ထ-က ကျောင်းသားအချို့။

## အမျိုးသမီးများဘက်မှ

သံလျင် အဖွားသဲမြစ်၊ ဆရာမကြီး- ဒေါ်မိမိ၊ ဆရာမကြီး- ဒေါ်ဖွားစီ၊ ဒေါ်ခေင်၊ ဒေါ်နွဲ၊ ဒေါ်အုံး၊ ဒေါ်ရွှေသို့၊ ဒေါ်ငယ်၊ ဒေါ်သန်းရွှေ၊ ဒေါ်ကြည်၊ ဒေါ်နုနု၊ ဒေါ်ပုညာ၊ ဒေါ်ဝဏ္ဏာ။

## ထိုနေ့အာဟာရ ဒါန ကုသိုလ်ရှင်များ

(က) နံနက်ပိုင်း၌....
၁။ ဒေါ်ခေင်နှင့် ဒေါ်ရွှေသို့တို့က မုန့်ဟင်းခါးဒါန။
၂။ ဦးဘလွင်၊ ဒေါ်လှကြင်တို့က မုန့်ချိုသွင်း၊ မုန့်ကျွဲသဲနှင့် ဘယာကြော် ဒါန။
၃။ ဦးအုံးခင်-ဒေါ်အုံးတို့က ကိုကိုးဒါန။
၄။ ဦးစိန်ကြီးက နံပြား ပဲပြုတ်နှင့် တို့ရွှေဒါန။

(ခ) နေ့လည်ပိုင်း၌....
၁။ ဗိုလ်ကုန်း ဆရာတော်က ကြက်သားဟင်း၊ ချဉ်ရည်ဟင်းနှင့် ငါးပိကြော် ဒါန။
၂။ ဒေါ်သဲမြစ်နှင့် သမီး-ဒေါ်မိမိက ပုဇွန်ထုပ်ဟင်းနှင့် ပြန်ကြော်ဒါန။
၃။ ဒေါ်ဖွားစီက ငါးဆုပ်ဟင်းနှင့် ဟင်းချိုဒါန။
၄။ ဦးမောင်ကြီး-ဒေါ်လှတင်တို့က ပုဇွန်ထုပ်ဟင်းနှင့် ပြန်ကြော် ဒါန။

၅။ ဦးကြင်စိန်-ဒေါ်မမလေးတို့က ငါးဆီပြန်ဟင်းဒါန။
၆။ အထက်နံပါတ် ၂၊ ၃၊ ၄၊ ၅-တို့က ကောက်ညှင်းထုပ်၊ ငှက်ပျောသီး၊ ဘီစကွတ်မုန့်နှင့် ကော်ဖီဒါန။
၇။ ဦးမြရှိန်-ဒေါ်ကြင်ရင်တို့က ငှက်ပျောပေါင်းမုံ့ဒါန။
၈။ ဦးဆင်-ဒေါ်နွဲ့တို့က တို့စရာမျိုးစုံဒါန။
၉။ ကျောင်းအမကြီး ဒေါ်လုံးနှင့် ဒေါက်တာ-အောင်ချစ် မိသားစုတို့က ကြက်သားဟင်း၊ ငါးခြောက်ကြော်၊ သရက်သီးသနပ်နှင့် ပုံဆန်းဒါန ပြုကြပါသည်။

---

## ဆွေးနွေးခဏ်းစပုံ

## ဆွေးနွေးမှု စတော့မည်ဟု ကြေငြာခြင်း

ဇွင်းနေ့ နံနက် ၈-နာရီ ခွဲဝါနီးတွင် စားသောက်ခန်းကို ရပ်ဆိုင်းစေပြီး "အလုပ်ကိစ္စ စတော့မည်"ဟု သံလျင်တောရ ဆရာတော်က စတင် မိန့်ကြားကာ လုပ်ငန်းသဘောကို အကျဉ်းချုပ် ဖော်ပြသည်မှာ "ယနေ့ ဆွေးနွေးကြမည့်ကိစ္စက အရဏ်ကိစ္စနှင့် အရဏ်နှင့်တွဲစပ်နေသော အာဟာရကိစ္စ၊ သီလညှိုးပျက်ရကိစ္စတို့ ဖြစ်ကြောင်း၊ ဤအရဏ်ကိစ္စသည် ဟန့်စတဒါပြုရသော ဝါဆိုလုပ်ငန်းနှင့် ပဝါရဏာလုပ်ငန်းမျိုးနှင့်လည်း မတူပါ။ တလမှာတခါကြုံရသော လပြည့်ကိစ္စနှင့် လကွယ်ကိစ္စမျိုးနှင့်လည်း မတူပါ။ နေ့ထွက်မှုနှင့် ပူးတွဲဖြစ်ပေါ်နေသော (နေ့စဉ်ကိစ္စကြီး)တခု ဖြစ်နေပါသည်။

ထို့ပြင် ဤအရဏ်ကိစ္စသည် ဗုဒ္ဓဝါဒီမဟုတ်သူများနှင့် ဗုဒ္ဓဝါဒီဖြစ်စေကာ ဉပုသ်သီလမရှိသူတို့အဘို့ ပြဿနာမရှိကြပါ။ သို့ရာတွင် ဉပုသ်သီလ၊ သာမဏေရသီလနှင့် သမဏသီလ စောင့်ထိန်း ထားရသော သူတို့အတွက် စွန်းငြိချက် ပြဿနာဝင်လျက် ရှိနေပါသည်။

ဤတွင်မက စေတနာ သဒ္ဓါ ထက်သန်စွာနှင့် နံနက်စော အရဏ်ဆွမ်းလောင်းလှူကြ၊ အရဏ်ဆွမ်းနှင့် မုံ့ဆွမ်းများ ပင့်ဘိတ်ကပ်ကြသူများအပြင်၊ ဘုရားကိုရည်မှန်း၍ အရဏ်အစောဆွမ်း၊ သစ်သီးဆွမ်းစသည်တို့ကို လှူဒါန်းလေ့ရှိကြသူ ဘာသာဝင် ဒကာ-ဒကာမများ အတွက်လည်း ပြဿနာဝင်နေသော ကိစ္စတရပ် ဖြစ်ပါသည်။

ထို့ပြင် ယင်းအရဏ်တက်ချိန်ကို အကြောင်းပြုပြီး တုံးများ၊ ခေါင်းလောင်းများ၊ ထိုးစည်များနှင့် ကြေးစည်များကို တီးခေါက်ပေး၊ ထိုးနှက် ပေးနေကြ

သော ပုဂ္ဂိုလ်များအတွက်လည်း ပြဿနာဖြစ်သော ကိစ္စထူးတရပ် ဖြစ်နေ၍၊ ယခုရောက်ရှိလာကြသော ဗုဒ္ဓဘာသာ ဒကာ-ဒကာမ စာရင်းဝင် အရုဏ်ဆွမ်း လောင်းလှူနေကြသောဥပါသကာနှင့်ဥပါသိကာတို့ပါ အထူးမှတ်သား နားလည် ထားသင့်သော (အထူးကိစ္စ) ဖြစ်နေ၍ အာရုံ စူးစိုက်ကြရန် တိုက်တွန်းပါ သည်-ဟု အတိုချုပ်လမ်းခင်းတင်ပြသွားပါသည်။

## အရုဏ်ပြဿနာအတွက် သုတေသနပြုချက်စတင်ခြင်း

ထို့နောက် နံနက် ၈-နာရီခွဲတိတိ အချိန်တွင် နန်းဦးဆရာတော် ဘုရားကြီး အား အခမ်းအနား သဘာပတိအဖြစ်တင်မြှောက်ကြပြီး၊ ဤကိစ္စအတွက် ဆရာ တော်များ၏ မိန့်ကြားချက်နှင့် ယူဆချက်တို့ကို မှတ်သားရန် သံလျင်ဟောရ ဆရာတော်က တာဝန်ယူသဖြင့် သုတေသနကိစ္စကို စတင်တော့လေသည်။

## စကြံ့ဆရာတော်၏ မိန့်ကြားချက်

၁။ အရုဏော ကိဋ္ဌိရတ္တော-ဟူသော အဘိဓာန် သဂ္ဂကဏ္ဍ ဂါထာနံပါတ် ၆၇-အရ စဉ်းငယ်နီသော အရောင်သည် (အရုဏ်ရောင် မည်၏) ဟု ဆိုချက် အရဖြင့်ငှင်း။

ယင်း အဘိဓာန် အနေကတ္ထဝဂ် ဂါထာနံပါတ် (၉၈၁) တွင်လည်း အရုဏော ရံသိဘေဒေစာ- ဗျတ္တရာဂေ စ လောဟိတေ-ဟု လာလျက် အရုဏ် ရောင်သည် အဗျတ္တရာဂ- စဉ်းငယ်နီရောင်နှင့် လောဟိတ-အနီရောင်ဟုပင် ထပ် ညွှန်းသဖြင့်ငှင်း, ရှေ့နောက်ပြတထပ်တည်း ရှိနေချက်ကို ထောက်ဆ၍ (အရုဏ) အရ၏ (အရောင်သည်) အဖြူရောင်, အဝါရောင်နှင့် အညို အပြာရောင်တွေကို မယူသင့်ပဲ (အနီရောင်ကိုသာ) ယူသင့်ကြောင်း အဘိဓာန် ကျမ်းရင်းနှင့်ပင် လုံလောက်ပါသည်ဟု မိန့်ကြားတော်မူ၏။

ငှင်း မိန့်ကြားချက်ပါ (အရုဏ) ပုဒ်၏ အရောင်အဖြစ် (အနီရောင်ကိုသာ) ယူသင့်ကြောင်းကို သုတေသနပြုကြသော ဆရာတော်အားလုံးက သဘောတူ လက်ခံကြတော့သည်။

၂။ ထို့နောက် ယင်း (အရုဏ) အရကို (ပစ္စူသသမယေ) အရနှင့်ကပ်၍ ရှင်းပြသည်မှာ- ပစ္စူသသမယသည် ညအမှောင် ဓာတ်ကို ဖောက်ထွက်ပြီးစ၍ (လင်းဖြူလာချိန်ကို) ဆိုသည်၊ ငှင်းကို (မိုးသောက်ထ) အချိန်၊ (ဝါ) အရောင် ဟုဆိုသည်၊ တနည်းပြောသော်- အရုဏသီသာယ၊ အရုဏ်ဦး, အရုဏဦးခေါင်း၊ အရုဏ်ညွှန်းအရနှင့် ပစ္စူသသမယ-အရ အတူဖြစ်သည်။

သို့ဖြစ်၍ ပစ္ဆုသသမယနှင့် အရဟာသိသတို့က ရှေ့က အရင်ထွက်လာသည်၊ အရဟာက နောက်ကထွက်လာသည်၊ ထို့ကြောင့် ပစ္ဆုသနှင့် အရဟာ အရတို့ တခြားစီ-ဟု မိန့်ကြားသည်၊ ၎င်းကိုလည်း ကျန်ဆရာတော်များက လက်ခံကြပေသည်။

၃။ ထို့နောက် စကြံ့ဆရာတော်က အရဟာအရနှင့် ပစ္ဆုသအရတို့၌ ပို၍ ရှင်းစေခြင်းငှါ ၎င်းနှင့်ဆိုင်ရာ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာနှင့် ဥဒါန်း အဋ္ဌကထာ လာချက်တို့ကို (နှုတ်ငုံဆောင်ထား၍) ဘက်၍ မိန့်ကြားတော်မူသည်မှာ–

(က) ရတ္တာဝသေသန္တိ ဗလဝပစ္ဆုသေ ပရိနိဗ္ဗုတတ္တာ ရတ္တိယာ အဝသေသံ စုလ္လကဒ္ဓါနံ–အရဖြင့်၎င်း။

(ခ) မရဏပဋိသံယုတ္တာယ ကထာယ ဝိတိနာမေသုံ၊ တေသဥ္စ တံ ကထံ ကထေန္တာနံ မုဟုတ္တေနေဝ အရုဏံ ဥဂ္ဂစ္ဆတိ-အရဖြင့်၎င်း, အရုဏ်တက်သည်က နောက်ကျ၍ ဗလဝပစ္ဆုသအချိန်က ရှေ့ကျနေကြောင်း ထင်ရှားသည်ဟုမိန့်၏။

မြန်မာလိုဆိုလိုချက်-တညမှာ ၃-ပိုင်းရှိသည့်အနက် နောက်ဆုံးအပိုင်းကို ပစ္ဆိမယာမ်ခေါ်သည်၊ ယင်း နောက်ဆုံးအပိုင်းကို ၂-ပိုင်းထပ်ခွဲပြီး အဆုံးပိုင်းကို (ရတ္တာဝသေသ) ပိုင်းခေါ်သည်၊ ယင်းည၏ နောက်ဆုံး အစိတ်အပိုင်းကို ပစ္ဆုသအချိန် (ဝါ) ဗလဝပစ္ဆုသ- အချိန်ဟု ခေါ်သည်။

ယင်း ဗလဝပစ္ဆုသ ခေါ် အရုဏ်တက်လုနီး လင်းအားကြီး အချိန်တွင် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်ခဲ့သည်၊ ယင်း ပရိနိဗ္ဗာန်စံပြီး၍ အရုဏ်မတက်မီ ရဟန္တာအချင်းချင်း သေခြင်းနှင့်စပ်သော တရားစကားများကို ပြောဆိုနေကြစဉ် (မုဟုတ္တ) ခေါ် (အချိန်တိုကလေး) အတွင်းမှာပင် (ဝါ) ခေတ်သုံး (မိနစ်ပိုင်းကလေး) အတွင်းမှာပင် အရုဏ်တက်လာသည်။

ထိုအရ ပစ္ဆုသအချိန်ကရှေး, အရုဏ်တက်ချိန်က နောက်ဖြစ်ပုံ ထင်ရှားသည်ဟု ရှင်းပြသွားသည်၊ ဤကား မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ စာမျက်နှာ (၁၇၇-နှင့် ၁၇၈) တို့လာ အထက်ပါ စကားစုအတွက်ရှင်းလင်းချက်ဖြစ်သည်။

ထို့နောက် ဥဒါန်း အဋ္ဌကထာ ဗောဓိဝဂ် တတိယဗောဓိဝဏ္ဏနာ စာမျက်နှာ (၄၆) လာ အောက်ပါဂါထာစုကို နှုတ်ငုံထားပြီး မိန့်ကြားသွားသည်မှာ–

ဘဂဝါပိ (ပ) ပစ္ဆိမယာမေ ပဋိစ္စသမုပ္ပါဒေ ဉာဏံ ဩတာရေတွာ နာနာနယေဟိ တေဘူမကသင်္ခါရေ သမ္မသိတွာ ဣဒါနိ အရုဏော

ဥဂ္ဃဋိတညုတိတိ သမ္မာသမ္ဗောဓိ ပါပုဏိ (ပ) သဗ္ဗညုတပ္ပတ္တိ သမနန္တရ မေဝစ အရဟော ဥဂ္ဃဋိတဉ္စတိ။

ဟု နှုတ်ငုံဆောင်ရွက်ပြီး ရှင်းပြသည်မှာ-

(က) ပစ္ဆိမယာမပိုင်း၏ နောက်ဆုံးပိုင်း အတွင်းမှာ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်များကို ရတော်မူသည်၊ ၎င်း ဉာဏ်တော်များကို ရရှိချိန်သည် (ပစ္စူသသမယ) ခေါ်သည်။

(ခ) သဗ္ဗညုတပ္ပတ္တိ သမနန္တရမေဝစ အရဟော ဥဂ္ဃဋိတဉ္စတိ- အရ ၎င်း ဉာဏ်တော်များ ရပြီးနောက်ပိုင်းကို (အရုဏ်တက်ချိန်) ခေါ်သည်ဟု ရှင်းပြသွားပေသည်။

ထို့နောက် ဒီဃနိကာယ မဟာဝဂ္ဂ အဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ (၁၄၃) နိမိတ္တောဘာသကထာ အဖွင့် အရှင်သာရိပုတ္တမဟာထေရ် ပရိနိဗ္ဗာန်ပြုခဏ်းလာ-

ဂစ္ဆ မဟာဉပါသိကေ တိ ဖြာဟ္မဏိ ဥယျောဇေတွာ ဝုဋ္ဌ ကာ ဝေလာတိ အာဟ၊ ဗလဝပစ္စူသကာလော ဘန္တေတိ- အရနှင့်-

အထ ထေရော အရုဏသိခါယ ပညာယမာနာယ မဟာပထဝိံ ဥန္နာဒယန္တော အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယိ-အရတို့မှ-

ဗလဝပစ္စူသကာလောနှင့် အရုဏသိခါယ ပညာယမာနာယ ပရိနိဗ္ဗာယိ- အရကိုလည်း အထက်ပါအတိုင်း မှတ်သင့်သည်ဟု မိန့်ကြားပေသည်။

ထို့ပြင် သံယုတ္တနိကာယ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ နာလန္ဒဝဂ် စုန္ဒသုတ် အဖွင့် စာမျက်နှာ ၂၅၂-လာ "ပရိနိဗ္ဗာယိနှင့် ယာဝ အရုဏုဂ္ဂ မနာပရိဒေဝိ" အရမှာလည်း ပစ္စူသ သမယချိန်မှာ ပရိနိဗ္ဗာန်ပြုကြောင်း မယ်တော် သာရီ ပုဏ္ဏေးမကြီး ငိုကြွေးနေစဉ်မှ အရုဏ် တက်ကြောင်းတို့ကို ရှင်းလင်းမိန့်ကြား သွားပေသည်။

ထိုအချိန်မှာ ၁၀-နာရီထိုးသွား၍ စကြံ့ ဆရာတော်ဘုရား ရပ်နားလိုက်ပြီး ကန်ဦးဆရာတော်၏ သုတေသနပြုချက်ကို စတင်ပြရန် အခွင့်အရေး ပေးလိုက်တော့သည်။

## မဂ်လာကန်ဦးဆရာတော်၏ တင်ပြချက်

နံနက် ၁၀-နာရီထိုးချိန်တွင် ကန်ဦးဆရာတော်က မိန့်ကြားသည်မှာ အရုဏ်၏ အရောင်နှင့်ပတ်သက်၍ စကြံ့ဆရာတော် မိန့်ကြားသွားသော အဘိဓာန်လာချက် နှင့်ပင် လုံလောက်နေ၍ ထပ်၍ရှင်းနေရန် မလိုတော့ပါ။ စကြံ့ဆရာတော် ညွှန်ပြ

သွားချက်အတိုင်း မိမိသဘောကျ လက်ခံသလို ဆရာတော်များလည်း လက်ခံနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း မိန့်ကြားကာ အောက်ပါ အချက်စုကို ဆက်၍ မိန့်ကြားသွားလေသည်။

## အရုဏ်တက်ချိန်

အရုဏ်တက်ချိန်နှင့်ပတ်သက်၍ ထောက်ဆ တိုင်းတာရန် သာမကတရပ်ကို ထုတ်ပြလိုကြောင်း၊ ၎င်းသာဓကကား–

သတ္တက အင်္ဂုတ္တရ နိကာယ ၅-ခုမြောက် မဟာရညဝဂ် ၁၀-သုတ်မြောက် နန္ဒမာတာသုတ် ပါဠိတော် စာမျက်နှာ ၄၄၄-လာ–

၁။ နန္ဒမာတာ ဥပါသိကာ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ ပါရာယနံ သရေန ဘာသတိ-အရနှင့်၊

၎င်းစာမျက်နှာ ၄၄၅-လာ။

၂။ သာဓု ဘဂိနိ၊ တေဇ္ဇေဝ မေ ဟောတု အာတိကေယျံ သေ့ဝ သာရိပုတ္တာ မောဂ္ဂလာနပ္ပမုခေါ ဘိက္ခု သံဃော အကတပါတရာသော၊ ဝေဠု-ကဏ္ဏကံ အာဂမိဿတိ-အရတို့ကိုထောက်ဆ၍ ပစ္စူသ သမယအချိန်နှင့် အရုဏ်တက်ချိန်တို့ ခြားနားနေကြောင်း၊ ပစ္စူသအချိန်က (ယမန်နေ့ဘက်က)ဖြစ်၍ အရုဏ်တက်ချိန်နှင့် (သေ့)အရတို့က (နောက်နေ့ဘက်က)ဖြစ်နေပုံတို့ကို ခွဲခြား၍ သိသင့်ကြောင်းတို့ကို မကျယ်မကျဉ်း ရှင်းပြသွားပါသည်။

**အထူးမှာသွားချက်။** ။၃။ ထို့ပြင် မျက်မှောက် ခေတ်သူ ခေတ်သားတို့ မှတ်ယူလွယ်အောင် ခေတ်သုံး "စက်နာရီ အရုဏ်တက်ချိန်တို့ကို တနည်းနည်းဖြင့် (စံထားပြီး ပြဋ္ဌန်းရန်) အထူးလိုအပ်လှပါသည်ဟု အကြံပေးတင်ပြသွားပါသည်။

## ဗိုလ်ကုန်းဆရာတော်၏ တင်ပြချက်

နံနက် ၁၀-နာရီနှင့် ၁၀-မိနစ်တွင် ဗိုလ်ကုန်းဆရာတော်က မိန့်ကြားသည်မှာ အရုဏ်ရောင်နှင့် ပတ်သက်၍ စကြံဆရာတော် ရှင်းပြသွားချက်ဖြင့် သိသာထင်ရှားနေ၍ ထပ်၍ မရှင်းလိုတော့ကြောင်း၊ ဤ အရုဏ်ကိစ္စနှင့်စပ်၍ ဝိနယကုက္ကုစ္စမှ လွတ်ကင်းကြရအောင် အများယူထားကြသော လက်ာနှင့်ဇယားပါ စက်နာရီချိန်တွေ၏ နောက် ၂၄-မိနစ် ၂၅-မိနစ်ခန့် (စောင့်ဆိုင်းပြီး) အရုဏ်ဆွမ်း၊အရုဏ်စာတို့ကိုအကပ်ခံ လက်ခံ၍သုံးဆောင်ကြလျှင် ဝိနယစွန်းမှလွတ်ဖွယ်ရှိမည်ထင်ကြောင်း စသည်တို့ကို တင်ပြအကြံပေးသွားပါသည်။

## သံလျင်တောရဆရာတော်၏ တင်ပြချက်

နံနက် ၁၀-နာရီ ၁၆-မိနစ်တွင် သံလျင်တောရ ဆရာတော်က မိန့်ကြား သည်မှာ တလခွဲကျော် အချိန်ယူကာ အရုဏ်နှင့်စပ်၍ ပါဠိတော် အဋ္ဌကထာ၊ ဋီကာစသော ကျမ်းဂန်တို့၌ ရှာဖွေသုံးသပ်ကာ သုတေသနပြုထားကြသော စကြံ ဆရာတော်၊ ကန်ဦးဆရာတော်နှင့် ဗိုလ်ကုန်းဆရာတော်တို့၏ မိန့်ကြားသွားချက် များကို အကျဉ်းချုပ်လိုက်၍ တို့မှတ်ထားပါသည်။ နောက်အကျယ် ဖော်ထုတ် ရေးသားသွားပါမည်။ဆွမ်းဘုဉ်းပေးချိန်နီးနေ၍ မိမိအတွက် အတိုချုပ်မျှ တင် ပြချိန်ရပါသည်ဟု နိဒါန်းပြုပြီး(အရုဏ)ပုဒ်အရ (အရောင်နှင့် အရ)တို့ကိုရင်း၊ ပေါ်ထွက်လာချိန်နှင့် ရာသီလိုက်၍ ပြောင်းလဲနေပုံ စသည်တို့ကိုရင်း၊ ပါဠိ အဘိဓာန်၊ သက္ကဋအဘိဓာန်၊ ဟိန္ဒူအဘိဓာန်၊ အင်္ဂလိပ်အဘိဓာန်အရတို့ဖြင့်ရင်း၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာလာ အရတို့ဖြင့်ရင်း၊ အကျဉ်းမျှတင် ပြပြီး၊ ဆွမ်းဘုဉ်းပေးချိန်ရောက်လာ၍ ရပ်နားလိုက်ပြီး ထိုနေ့ တင်ပြကြဆွေးနွေး ကြသော ဆရာတော်များ၏ မိန့်ကြားချက်အကျယ်တို့နှင့် သံလျင်တောရ ဆရာ တော်၏ ကိုးကားတင်ပြချက်အကျယ်တို့ကို ဖော်ထုတ်ရေးသားပြီး သုတေသန ပြုကြသော ဆရာတော်များအား ထပ်၍ ပြင်ဆင်ဖြည့်စွက် နိုင်ကြအောင် ရှေး ဦးစွာ(မူကြမ်း)အဖြစ် တင်ပြပါမည်။ ထိုနောက် ဆရာတော် အသီးသီးတို့ ထပ်မံပြင်ဆင် ဖြည့်စွက်ချက်တို့ကို စုယူပြီး (မူချော)အဖြစ် ရေးသား တင်ပြ ပါမည်။ နောက်ပိုင်း မှ သင့်သလိုစိစစ်ကြရန် ဖြစ်ပါသည်ဟု ကတိပြုချက်အရ သံလျင်တောရ ဆရာတော်အား ထိုနေ့ အကျဉ်းမိန့်ကြားချက်တို့ကို အကျယ် ဖော်ထုတ်ရေးသားရန် တာဝန်လွှဲအပ်ကြပြီး နေ့ဆွမ်းကပ်လှူချိန် ရောက်လာ၍ ဆွေးနွေးခဏ်းကို ခေတ္တ ရပ်နားလိုက်ကြတော့သည်။

## ဒေါက်တာအောင်ချစ်၏ စောဒနာတက်ချက်

ဆွမ်းဘုဉ်းပေးပြီး၍ နံနက်ပိုင်းက တင်ပြချက်တို့ကို အရုဏ် သုတေသနပြု ဆရာတော်များ ဖြည့်စွက်ပြင်ဆင်ချက်များ ပြောကြားပြီးချိန်တွင် ထိုနေ့ဆွမ်း ဒကာလည်းဖြစ်၊ ကျောင်းဒကာသားလည်းဖြစ်သော ဒေါက်တာ အောင်ချစ်က စဉ်းစားဖွယ်တရပ်ကို စောဒနာပြု၍ လျှောက်ထားသည်မှာ အရုဏ်ရောင်သည် (အနီရောင်)ဟု ဆရာတော်များ တပုံစံတည်း မိန့်ကြားသွားချက်အရ အရုဏ်၏ အရောင်အရကို ရှင်းလင်းသွားပါပြီ၊ မရှင်း မလင်း ဖြစ်မိတာက နံနက်စော မိုးမှောင်ကျချိန်နှင့် မိုးရွာချနေချိန်မှာ အနီရောင်မြင်ဘို့ရာ မလွယ်ကူ၍ ထိုသို့

မိုးမှောင်ကျ မိုးရွာချနေချိန်မှာ (အရုဏ်တက်ကိစ္စကို) ဘယ်သို့ယူဆရမည်ကို သိလိုပါကြောင်း တင်ပြလာ၏။

၎င်း၏မေးချက်ကို သံလျင်တောရဆရာတော်ကပင် ဖြေကြားသည်မှာ နံနက် မိုးမှောင်ကျ၊ ဆောင်းတွင်း ဆီးနှင်းများ ကျနေချိန်မှာ အရုဏ်ရောင်အနီကို မျက်စိဖြင့်မမြင်နိုင်သည်မှာ မှန်ပေသည်။ သို့ရာတွင် အရုဏ်ရောင် ကိုသည်မှာ နေ၏အရောင်ပင်ဖြစ်၍ ယင်းနေ၏အရောင်ဖြင့် နိုးလာသူ၊ အစာရှာထွက်သူတွေ ရှိနေကြ၍ ၎င်းတို့၏လုပ်ရှားပြုမူချက်အရကို တောက်ဆ၍၎င်း၊ လက်တွေ့လေ့လာချက်အနေဖြင့်၎င်း၊ ကျမ်းဂန်တို့ ပုံစံဖြင့် ညွှန်းပြချက်အရဖြင့်၎င်း၊ နံနက်စော မိုးမှောင်၊ ဆီးနှင်းများကျနေချိန်မှာ အရုဏ်တက်ချိန်ကို သိနိုင်သော ပုံစံရှိကြောင်း ရှင်းပြသည်မှာ- နံနက်စော၌ မိုးမှောင်ကျနေစေကာ နေမထွက်လာမီမှာ နေ၏အရောင်သည် ရွေ့ပြေးလာလျက်ရှိရာ ယင်းနေ၏အရောင် ကိုးလာချက်ကြောင့် နေရောင်ဖြင့်နိုးလေ့ တိုးလေ့ အစာရှာထွက်လေ့ရှိကြသော ကျီးငှက် ဆက်ရက် (၀၊) ဇရက်ငှက်တို့မှာ ယင်းရွေ့ပြေး နေရောင်၏ ထိုးချက်ကြောင့် မိတ်ထားသောမျက်ခွံလွှာတို့မှာ ထိုးဆွ စူးရှသလိုဖြစ်လာ၍ အချင်းချင်းအချက်ပေး ဆော်ဩပေးသည့်အနေဖြင့် အော်ဟစ်သံတွေ ပြုလာကြတော့သည်။ ထို့နောက်အဝေးနယ်သို့ ထိုမိုးမှောင် အတွင်းမှာပင် အတွဲလိုက် အုပ်လိုက် အစာရှာထွက်လေ့ ရှိကြတော့သည်။

ယင်းသို့ ထိုအချိန်ရောက်က (နေ့စဉ်) အော်ဟစ်ကြ၊ ထကြ၊ အစာရှာထွက်နေကြသည့် နံနက်စောတိုင်း သတိပြုလေ့လာကြည့်က နေ့စဉ်တွေ့မြင်နေကြရ၍ (နာရီကောင်တွေ) ၀၊-အရုဏ်တက် ဆော်နိုးကောင်တွေဟုပင် သမုတ်ခံရသည်အထိ သူတို့၏ပြုမူချက်တို့က ပုံသေလိုတွေ့မြင်နေရ၍ နံနက်စော၌ မိုးရွာခြင်း၊ မိုးမှောင်ကျခြင်းတို့ ဖြစ်လာစေကာ နေရောင်ကိုအမှီပြု အသက်မွေးနေကြသော (နာရီကောင်တွေ) ဓမ္မတာအလိုက်ရှိနေကာ နေ့စဉ်နံနက်တိုင်း နမူနာပြနေကြသဖြင့် (၀၊) အရုဏ်ကိစ္စကို အကူအညီ ပေးနေကြသဖြင့် မိုးမှောင်ကျနေစဉ်မှာပင် အရုဏ်တက်ချိန်ကို အလွယ်ဖြင့် သိမြင်နိုင်ပေသည်။ မိုးမှောင်ကလည်း နေ့စဉ်ကျနေသည် မဟုတ်ပါပေ။

ကျမ်းဂန်လာအဆိုမှာလည်း နန္ဒိမုခိယာ ရတ္တိယာတိ အရုဏုဂ္ဂတတ္တာ ၀၀ အရုဏောဘာသာယ သူရိယာလောကူပဇီဝိနော သတ္တော နန္ဒာ ပနမုခိယာ ရတ္တိယာ ဇာတာယ-ဟု ဥဒါန်းအဋ္ဌကထာ နန္ဒဝဂ် ယသောဇသုတ် အဖွင့် စာမျက်နှာ ၁၆၈-မှာ လာရှိပေသည်။

ဆိုလိုသည်မှာ အရုဏ်တက်လာချက်ကြောင့် အရုဏ်ရောင်ခေါ် နေရောင်ကို အမှီပြု အသက်မွေးနေကြရသော သတ္တဝါတွေကို မျက်နှာရှင်ပြစေသော ည အဆုံးပိုင်းဖြစ်လာသည်။ ဝါ၊ နိုးစေ မျက်စိပွင့်စေသော အချိန်ပိုင်းရောက်လာသည်ဟု ဆိုထားသဖြင့် နေမှထွက်ပေါ်လာသော ပဏ္ဍုသနေရောင်နှင့် အရုဏနေရောင် ၂-ရောင်တို့ကြောင့် အိပ်မှုမှနိုးကြ၊ မျက်စိဖွင့်ကြ၊ အော်ဟစ်ကြ အချင်းချင်း သတိပေးကြ၊ အစာရှာသွားရန် စီစဉ်ကြခြင်းတို့က "အရုဏ် တက်နေပြီ" ကို သိစေနိုင်မတော့သည်ဟု ဆိုလိုကြောင်းကို ညွှန်ပြပေးလိုက်သဖြင့် ဒေါက်တာအောင်ချစ်မှာ ရှင်းလင်းကြေနပ် သွားတော့သည်။ ဤကိစ္စအတွက် အခြားကျမ်းဂန် လာချက်တို့နှင့် အကျယ်ကို နောက်ဆက်တွင် တွေ့မြင်ပါလတ့်။

ဤတွင် မူလပိုင်းဆိုင်ရာ စိစစ်ချက်များ ပြီး၏။

# အရုဏာဝတ္ထုပဋိကာ ဋီကာ

---

## ပဉ္စမပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ပဏာမနှင့် ပဋိညာဉ်

က- ဝိနယေ နိပ္ပလတ္တာယ၊ ပုရေ သေဋ္ဌဗုဒ္ဓတ္တယံ။
ဂစ္ဆန္တော အရုဏာဋီကံ၊ ကဿံ ကတပဋိညိတံ။

### အနက် မြန်မာ

ပုရေ၊ မှတ်တန်းဝင် ဖြစ်လာ ဤကျမ်းစာကို ဖွဲ့ကာကုံးစီ ရေးသားမှု မပြု လုပ်မီ။ သေဋ္ဌဗုဒ္ဓတ္တယံ၊ ကိုယ်တိုင်လည်းမြတ်ပေ, သူတပါးတို့ကိုလည်းမြတ်စေ, မြင့်တက်စေနိုင်သည့် စောဗုဒ္ဓေစချီ သရဏအရာ မဟာမည်လတ် ထွတ်ဥက္ကဋ္ဌတွင် ညီ ရတနာမြတ် သုံးဆင့်အဆီကို။ ဂစ္ဆန္တော၊ ဦးစွာရွှေဖျား ညွတ်ဝတ်တွားကာ ဦးနှိမ်ဖြာလျက်။ ဝိနယေ၊ ပဋိပတ်အစ ကျင့်သီလမြတ်ပေါ်ရာ ဝိနယမည်သာ မိသိက္ခာဥ်။ နိပ္ပလတ္တာယ၊ မတရားဝင်နေ့၍ သီလအင်အားတွေ့ မလျော့ မပျော့သွားစေခြင်းငှါ။ နိပ္ပလတ္တာယ၊ ဘုရားရှင်ခွါဖဲ မျက်နှာတော်လွှဲဖယ်သွား သဖြင့် မတရားပွေ့ကာ အမှားတွေ့အသီးသီး ဝင်ဖိစီးနေ၍ တရားထီးနှီးကာ မားမားကြီးအနေ မတားဆီးနိုင်စေကာ အားနည်းချက်ပွေ့၍ ခေတ်တရစ် မလျော်ချိန်မှန် တထစ်တသစ်နှင့် အလော်မာတွေ့ ပေါ်မလာစေခြင်း အလို့ငှါ။ အရုဏာဋီကံ၊ အရုဏ်နှင့်ဆိုင်ရာ အကျယ်ဖွင့်ပြသည့် ဋီကာကို။ အရုဏာဋီကံ၊ သိမှတ်ဖွယ်နည်း အဝဝစုံသည့် ပိဋကတ်နယ်မှာ မှီးကြဘို့ နိဿယည်းပြု သိုက်မြုံနှယ် ပေါ်တင့် အရုဏ်ကိစ္စ အဖွင့်မည်သာ ကျမ်းဋီကာကို။ အရုဏာဋီကံ၊ အရုဏ်နယ် အတွက်စုံစွာ အကျယ်ဖော်ဖွင့်လျက် အဘက်ဘက်ကျမ်း ဂန္ထအကိုးသာဓကစုံ တို့ဖြင့် အဖုံဖုံဖွင့်ခဏ်း ရှင်းပြချက်တွေ့ တင့်စေလျှမ်းသည့် "အရုဏာတ္ထပဋိကာ" ဟု အမည်တန်း အဖွင့်ဋီကာတွင် ကျမ်းကို။ ကတပဋိညိတံ၊ ဝန်ခံကတိ ထားရှိခဲ့ သည့်အတိုင်း ကတပဋိညိတံ ၁၃၃၆-ခု, နတ်တော်လဆန်း ၃-ရက်၊ (၁၆-၁၂-၇၄) တနင်္လာနေ့ နံနက်ပိုင်းက ထိုနေ့အရုဏ်ကိစ္စ သုတေသနပြုကာ တင်ပြ သွားကြသော ဆရာတော်များ၏မိန့်ကြားချက်တို့ကို ရှေးဦးစွာ(မူကြမ်းအဖြစ်)

တင်ပြပြီးထိုနောက် ဆရာတော် အသီးသီးတို့၏ထပ်မံပြင်ဆင် ဖြည့်စွက်ချက်တို့ကို စုယူပြီး (မူချောအဖြစ်) ရေးသားတင်ပြပါမည်ဟု ဝန်ခံရဘိ လျှောက်ထားခဲ့သည့်အတိုင်း။ ကဿံ၊ ရေးသားတင်ပြရပေအံ့။ ကဿံ-ကရိဿာမိ၊ အရဟ်ကိစ္စတိအကျကို မိမိရရအနေ သိရှိကြရလေအောင် ဖော်ဆောင်ညွှန်ပြ ၄-ကဏ္ဍခွဲခြားကျမ်းဂန်စုံတွေကို ကိုးကားပြီး ခြားနားခွဲဝေ အပိုင်းလိုက်ဖွေလျက် ဇယားပုံအထွေထွေ ရေးထားပေး သွားပြီး အတွေး မမှားနိုင်အောင် ရေးသား စီရင်ရပေတော့အံ့။

## ဥ ငယျ ၁ ဇ နံ

ခ- ဂဝေသိ မံ သုဒ္ဒက္ကရံ၊ သဝေဒနာနာဂန္တွေဘိ။
ဝိစာရံ ပဝိသံ ကတွာ၊ မာနေထ ဗုဒ္ဓဝိနယေတိ။

## ဆော်ဩတိုက်တွန်းချက်

သဝေဒနာနာဂန္တွေဘိ၊ ဝေဿမည်လျှမ်း ဗေဒင်တဖြာ သဒ္ဒါကျမ်းတို့နှင့် တကွ အဘိဓာန်နှင့် အလင်္ကာတခန်းဖွင့်တုံ ကျမ်းမျိုးပေါင်းအပုံပုံတို့မှ။ သုဒ္ဒက္ကရံ၊ အသံဘဝင်ရပ် အထဲဝင်ကာဖြစ်ရသလို အလွဲတွေဝင်မညှပ်နိုင်အောင် လွန်စွာပင်တွဲစပ် ခဲကပ်စွာ။ ဂဝေသံ-ဂဝေသန္တော၊ မြတ်ဗုဒ္ဓ၏ သုဒ္ဓသာသနာမှန်လိုလား သူတော်စင်များတို့မှာသဒ္ဒါရင့်ထွားစေတတ် ရှာမှီးဆည်းပူး၍ ထုတ်ယူထားအပ်သော။ ဣမံ ဋီကံ၊ "အရဟတ္တပဋိကာ" ခေါ်လတ် ဤဋီကာငယ် ကျမ်းတရပ်ကို။ ဝိစာရံ-ဝိစာရေန္တော၊ အဆီအနှစ် အထွေထွေကို စိစိစစ်စစ်အနေ မွေညစ်ညစ်ယူဆုတ်ကာ။ ပဝိသံကတွာ၊ ထိုထိုဖော်ပြကျမ်းစကားတို့၏ ဆိုလိုပေချက် အဓိပ္ပါယ်များကို ပေါ်လွင်ထင်ရှားလာရန် စိတ်ဝင်စားချက် တွေသန်လျက်။ ဗုဒ္ဓဝိနယေ၊ မြန်ကမ္ဘာနှင့် သံသရာနယ်တလွှား သံဿာတွေ ကွယ်ပျောက်သွားနိုင်သည့် စောဘုရားညွှန်ပြ ဝိနယခေါ်မှတ် အကျင့်မြတ်ထင်ရှား သီလ အာစာရဆိုင်ရာ ဝိနည်းဒေသနာတရားတို့ကို။ သာဓဝေါ၊ လူရှင်အနေ မခွဲခြား အယူလျှော်ပေ မြင့်ပေသည့် သူတော်စင်အများတို့သည်။ မာနေထ၊ သီလ သာသနာ ထပ်ပျက်မညှိုးရအောင် မြတ်နိုးနိုင်တော် မူကြပါကုန်လော။ မာနေထ၊ ငါးထောင် နှစ်ကြိမ် ၁ါခါ ခွန့်ရှည်ချက် တည်နေကြာအောင် ကြည်ဝေသဒ္ဓါ အထပ်ထပ် တိုးကြပြီး ဤသာသနာအလွယ်နှင့် ပြတ်ပျက်ကွယ်မညှိုး မသိုးမဆိုးကြရအောင် မြတ်နိုးရှင်ဖြာ အစုစုပြုကာ ခုမ ယုယပြီး ဂရုကတ စဉ်မကွာ ယခုကာစပြီး ပြုနိုင်ကြပါစေကုန်သတည်း။

ဣတိ၊ ဤသည်ကား။ (ဝါ) ကျမ်းပြုအစရှေ့ပိုင်း ဂန္ထကာရက အရာ၃-

၁။ ပဏာမ ခေါ် ရတနာသုံးပါးတို့အား ညွတ်တွား ပန်ထွာမှု၊

၂။ ပဋိညာဏ် ခေါ်ထားရှိသော ဝန်ခံချက်အတိုင်း လေးစားဆောင်ရွက်မှုနှင့်-

၃။ ဥယျောဇန ခေါ် သဒ္ဒါမိုးတို့ရွာဖြိုးပွါးတိုးအောင် ဆော်နှိုးတိုက်တွန်းချက်တို့ကို ပေါင်းလျက်ဆောင်ပြ ပြုလုပ်ရအစဉ် စာရှုသူတိုင်းထင်လာမြင်လာအောင် ထုံးစဉ်အရ ဖော်ဆောင်၍ ပြုရသော အာဒိကမ္မ ခဏ်းကဏ္ဍပေတည်း။

ဤတွင် အရှဏ္ဍဝပဋ္ဌိကာ ဋီကာကျမ်း၏

ပဏာမ, ပဋိညာဏ်နှင့် ဥယျောဇန ဆိုင်ရာစုရုံး ပြီးဆုံးခဲ့လေပြီ။

# အရက်ဂဃ္ဃ

## အကျဉ်းချုပ် မှတ်တမ်းမှ အကျယ်ဖော်ပြခြင်း

၁၃၃၆-ခု၊ နတ်တော်လဆန်း ၃-ရက် (၁၆-၁၂-၇၄) တနင်္လာနေ့ နံနက်က သံလျင်တောရတွင် ဆရာတော် (၁၀) ပါးတို့ အကျယ်ဆွေးနွေး ညှိနှိုင်း တင်ပြချက်တို့ကို တောရဆရာတော်က အကျဉ်းချုပ် မှတ်ယူထားရာ ဗုဒ္ဓဝါဒီ လူ ရှင် ရဟန်း အများတို့ပါ မှတ်ယူသိမြင်နိုင်ကြအောင် အကျယ် ဖော်ထုတ်တင်ပြထားချက်-

### နေရောင်နှင့် အရဟံရောင်

နေ၏အရောင်သည် (များစွာရှိပုံ) အရဟံ၏ အရောင်မှာ (တခုထဲသာရှိပုံ) ကို ကျမ်းဂန်တို့မှ လာရှိသည်မှာ-

### က-နေ၏အရောင်များစွာရှိပုံ

အဘိဓာနပ္ပဒီပိကာကျမ်း သဂ္ဂကဏ္ဍ ဂါထာနံပါတ် ၆၂-၆၃-တို့တွင်-

၁။ သတရံသိ - အရောင်မျိုးတရာရှိသည်၊ (ဝါ) အရောင်စုံများစွာ ရှိသည့်နေ။
၂။ သဟဿရံသိ - အရောင်မျိုး ဟထောင် ရှိသည်၊ (ဝါ) အရောင် ပေါင်းများစွာ ရှိသည့်နေ။
၃။ ပဘာကရော - အရောင်တွေ ပြုပေးနေသောနေ။
၄။ အံသုမာလီ - အရောင်ဟူသော ပန်းကုံးရှိသောနေ။
၅။ ဘာနုမာ - အရောင်စုံရှိသောနေ။
၆။ ရံသိမာ - ၎င်း။
၇။ ဘာကရော - အရောင်စုံ ဖန်တီးနိုင်သောနေ။
၈။ ဘာနု - အရောင်ဖြင့် ထွန်းပပေးသောနေ။

ဤသို့ စသည်ဖြင့် နေမှာအရောင်မျိုးများစွာ ရှိပုံကို ဖော်ပြထားသည်။

မှတ်ချက်။ ။ဣန္ဒာဝုဓ ခေါ် သက်တန့်ပေါ်လာချိန်မှာ ကြည့်လျှင် ၎င်း နေပူ မိုးရွာဖြစ်နေချိန်မှာ ကြည့်လျှင်၎င်း၊ အရောင်စုံထွက်နေသည်ကိုတွေ့မြင် နိုင်ပေသည်။

ထို့ပြင် နေကို ၅-စက္ကန့်မျှ စိုက်ကြည့်ပြီး မျက်စိပိတ်ကာ ကြည့်လျှင်လည်း အရောင်မျိုးစုံကို တွေ့မြင်နိုင်ပြန်သည်၊ ထို့ပြင် ပြဒါးမသုတ်သော မှန် ၂-ချပ်ကို နေရောင်ခံကြည့်လျှင်လည်း အရောင်မျိုးစုံထွက်နေပုံကို တွေ့ရှိနိုင်ပြန်သည်။

## ၁။ အရုဏ်၌ သိမြင်ရေး ပဌမအဆင့်

## ခ-အရုဏ်ရောင်

အရုဏ်ရောင်ကား- နေ၏အရောင် များစွာထဲမှ (အနီရောင်ရှ) သို့မဟုတ် (အနီရောင်တမျိုးကိုသာ) အရုဏ်ရောင်ဟု ကျမ်းဂန်တို့က ဆိုသည်၊ ကျန် နေမှ လာသော အဖြူ, အဝါ, အပြာ, အစိမ်း, ခိုရောင် စသည်တို့ကိုကား အရုဏ်ရောင် ဟုမဆို (နေရောင်) ဟုသာခေါ်နိုင်၍ ယင်း အရုဏ်ရောင်ဟု မခေါ်နိုင်ကြောင်း ကို အောက်ပါ ကျမ်းဂန်လာချက်တို့ဖြင့် သိသာနိုင်တော့သည်။

## ဂ-အဘိဓာန် ကျမ်းများ လာချက်

## ၁။ အဘိဓာနပ္ပဒီပိကာ ကျမ်း အဆို

ၚင်းကျမ်း သဂ္ဂကဏ္ဍ ဂါထာနံပါတ် ၆၇-၌ "အရုဏော ကိဉ္စိရတ္တော"ဟု ဆိုချက်အရ စဉ်းငယ်နီကျောင် (ဝါ) အနီနုရောင်, ပန်းရောင်ကို (အရုဏ်ရောင်) ဟု ဆိုခြင်းတရပ်။

ၚင်းကျမ်း အနေကတ္ထဝဂ်ဂါထာနံပါတ် ၉ဂ၁-၌"အရုဏောရံသိ ဘေဒေစ၊ ဗျတ္တရာဂေစ လောဟိတေ" ဟု ဆိုချက်မှာလည်း- အရုဏော၊ အရုဏ်ရောင် ဟူသည်-အဗျတ္တရာဂေ၊ အနီနုရောင်, လောဟိတေ၊ အနီရောင်ဟုပင်လာသည်။

ရံသိဘေဒေ-အရမှာလည်း နေရောင်စုံများစွာထဲက (အနီရောင်ထူး) ကိုပင် ညွှန်သဖြင့် အရုဏ်ရောင်အရကို (အနီရောင် တမျိုးထဲကိုသာ) ဖော်ပြထား၍ နေမှလာသော ကျန် အဖြူ, အဝါ, အစိမ်းစသော အရောင်တို့ကို မယူနိုင်တော့ပေ၊ ယင်း အဖြူစသည်တို့ကိုကား (နေရောင်အနေဖြင့်သာ) ယူနိုင်၍ အရုဏ် ရောင်အဖြစ်ကား မယူနိုင်ပုံကို သိသာပေတော့သည်။

## ၂-အဘိဓာနပ္ပဒီပိကာ ဋီကာ အဆို

ယင်း ဋီကာမှာလည်း သဂ္ဂကဏ္ဍလာ "ကိဉ္စိရတ္တော" အရကို အဗျတ္တရတ္တ ဝဏ္ဏော အရုဏော နာမ-ဟု ဖွင့်ပြခြင်းတရပ်၊ အနေကတ္ထဝဂ်လာ အဗျတ္တရာဂေ အရကိုလည်း ကိဉ္စိရတ္တေ-ဟု အပြန်အလှန် ဖွင့်ထားသည်၊ လောဟိတေ-အရကို လည်း ရတ္တေ-ဟုပင် ဖွင့်ပြသဖြင့် အရုဏ်ရောင် အရကို (အနီရောင်တမျိုးကိုသာ) ယူရန် ထင်ရှားနေတော့သည်။

## ၃-အဘိဓာနပ္ပဒီပိကာ သူစိအဆို

၎င်း ကျမ်းမှာလည်း အဘိဓာန်ဋီကာ အတိုင်း ထပ်တူဖွင့်ပြထား၍ အရုဏ်ရောင်အရကို (အနီရောင် တမျိုးတည်းကိုသာ) ယူရန်ဖြစ်ပေတော့သည်။

## ၄-တိပိဋက ပါဠိ-မြန်မာ အဘိဓာန် အဆို

ထို့ပြင် နိုင်ငံတော်အစိုးရကထုတ်ဝေသော တိပိဋက ပါဠိ-မြန်မာ အဘိဓာန် အတွဲ ၃၊ စာမျက်နှာ (၃၇၈) ၌ အရုဏပုဒ်၏ အရောင်ကို စဉ်းငယ်နီသော အရောင်,အနည်းငယ်နီသော အရောင်, အနီပျော့ရောင်, အနီရောင်-ဟုပင် အဘိဓာနပ္ပဒီပိကာကျမ်းကို အကိုးပြု၍ ဖွင့်ပြထားပြန်သဖြင့် အရုဏ်ရောင် အရသည် အနီရောင်ပင် ဖြစ်နေတော့သည်။

## ၅။ ပဒတ္ထမဉ္ဇူသာ အဘိဓာန် အဆို

ထို့ပြင် နိုင်ငံတော်အမွေနှင့် ပစ္စည်းထိန်း ဝန်ဟောင်း တရားလွှတ်တော် ရှေ့နေကြီး အမေရိကန် နှစ်ခြင်းကောလိပ်ကျောင်း ပါဠိမြန်မာဆရာ ဦးဟုတ်စိန်-( ဘီ-အေ-ဘီ-အယ်လ် ) ရေး ပဒတ္ထမဉ္ဇူသာခေါ် ပါဠိ မြန်မာ အဘိဓာန် စာမျက်နှာ ( ၁၂၆ ) လာ အရုဏပုဒ် အရကိုလည်း (စဉ်းငယ် နီမြန်းသော နေရောင်) ဟူ၍၎င်း၊ အရုဏတာ-နီမြန်းသည်၏ အဖြစ်ဟုပင် လာရှိ၍ အရုဏ်ရောင်အရ (အနီရောင်ကိုသာ) ယူသင့်ပုံ ထင်ရှားပြန်တော့သည်။

## ၆-ပါဠိ အဘိဓာန်ချုပ် အဆို

ထို့ပြင် မြန်မာဘာသာ (မဟာဝိဇ္ဇာဘွဲ့ရ)လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေး ပါဠိအဘိဓာန်ချုပ် စာမျက်နှာ (၁၄၁)လာ အရုဏပုဒ်၏ အနက်မှာလည်း အရုဏ (ပုံ) စဉ်းငယ်နီသော အရောင်ဟုပင် အနက်ပြန်ဆိုထားသည်။

## ၇။ သက္ကတအဘိဓာန် အဆို

ထို့ပြင် ပါဠိ မာဂဓဘာသာတို့နှင့် ရင်ဘောင်တန်းလျက်ရှိနေသော သက္ကတ ဘာသာခေါ် သံစကရိတ်ဘာသာဖြင့် ထုတ်ဝေသော (သံစကရိတ်သျှဗ္ဗ ဒါရထ-ကောတုဘ-အဘိဓာန်) စာမျက်နှာ ၁၂၇-လာ အရုဏ်ပုဒ်ကို (လ-လ်ရန်ဂ်)ဟု (ဟိန္ဒူလို)ဘာသာဋီကာအဖြစ်ပြရာ လာ-လ်-နီသော၊ ရန်-ဂ်-အရောင်ဟု ဆိုထားသဖြင့် နီသောအရောင်၊ ဝါ-အနီရောင်ဟုပင် ဖွင့်ဆိုသဖြင့် ပါဠိ ကျမ်းစာတို့နှင့် တထပ်တည်းရှိနေပေသည်။

ယင်း (အနီရောင်သည်) အခြား အနီရောင် မဟုတ်ပဲ၊ နေမှလာသော အနီရောင်ကိုယူစေရန် ထပ်၍ဖွင့်ပြပြန်သည်မှာ (ဥဂတေ ဟုအေ ဆူ ကာရန်-ဂ်)ဟု ဖွင့်ဆိုသဖြင့် တက်လာသော နေ၏အရောင်ကို ယူပါဟု ဆိုထားပေသည်။

ယင်းဟိန္ဒူဘာသာဖြင့် ဖွင့်ပြချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဖွင့်ပြချက်ကရှိနေ၍ ယင်းဟိန္ဒူဘာသာလာ (လာ-လ်-)အရကာ ဘာကိုဆိုသည်၊ ရန်-ဂ် အရကာ ဘာကိုဆိုသည်ကို။

## ၈။ ဟိန္ဒီ-အင်္ဂလိပ် အဘိဓာန်အဆို

Hindi English Ebition-standard illustrated dictionary စာမျက်နှာ ၉၅၉-နှင့် ၉၆၀-တို့တွင် လာလ်ကို red ဟူ၍၎င်း၊ ruddy ဟူ၍၎င်း ဖွင့်ပြသဖြင့် red ရက်ဒ်-နီသော၊ ruddy ရဒ္ဒီးနီသော နီ၍နေသော-ဟု အင်္ဂလိပ်-မြန်မာ အဘိဓာန်တို့က ဖွင့်ဆိုသဖြင့် လာ-လ် အရ (အနီ)ကို ဆိုလိုကြောင်း သိသာနိုင်ပြီ။

ထိုနောက် ရန်-ဂ် အရကို colour ဟူ၍၎င်း၊ tinc ture ဟူ၍၎င်း၊ ယင်းအဘိဓာန် စာမျက်နှာ ၉၁၆ တွင် ဖွင့်ပြထားသဖြင့် colour အရကလည်း အရောင်နှင့်အဆင်းကိုဆိုသည်။ tinc ture အရကလည်း အဆင်း-အသွေးနှင့် အရောင်ကိုပင်ဆိုသဖြင့် လာ-လ်-က နီသော၊ရန်-ဂ်-က အရောင်အဆင်း ၂-ခု ပေါင်း (လာ-လ် ရန်-ဂ်) အရသည် အနီရောင်၊ အနီသွေး၊ အနီ အဆင်းဟု ဆိုပေသည်။

ထိုအရ ပါဠိလို အရုဏော၊ သက္ကဋလို အရု-ဏ်၏-အရသည် (အနီရောင်)ကို ဝါ-နေကထွက်လာသော အနီရောင်ကိုပင်ဆိုသဖြင့် ပါဠိကျမ်းစာတို့နှင့် ထပ်တူ ဖြစ်ရှိနေတော့သည်။

## ၉။ ဒေါက်တာ-ဂျပ်ဆင် အဘိဓာန်အဆို

အမေရိကန်လူမျိုး ခရစ်ယာံ သာသနာပြု ဒေါက်တာ ဂျပ်ဆင်ဦးစီး၍ မြန်မာ စာပေ ပညာရှိ ခန္ဓပြု-ဦးသီရိ၊ ဦးစိ၊ ဦးမိုးဦးနှင့် မုံရွာ-ဦးစံငြိမ်းတို့ ကြီးကြပ်စီမံခဲ့သော (မြန်မာနှင့် အင်္ဂလိပ် အဘိဓာန် စာမျက်နှာ ၉၉-၌ (အရုဏ်)ပုဒ်ကို ဖွင့်ပြရာတွင် အရုဏ်(pron အရုဏ်) ( pali အရုဏော) n - dawning light, the morning dawn, aurora ပဌမ အရုဏ်၊ ဒုတိယ အရုဏ်၊ ရွှေကြောင့်ကို နေအရုဏ်ခိုက်သကဲ့သို့ pali-aruno-light red, darkred$\frac{3}{4}$ ဟု ၂-ဆင့်ဖွင့်ပြရာ၌ ရှေ့ဖွင့်ပြချက်စကားစုမှာ မထင်ရှား မပြတ်သားပေ၊နောက်

ဖွင့်ပြချက်လာ high red-လိုက်ထိရက်ဒ်) အရက(ရောင်နီ၊ အလင်းနီ)ကို ပြ၍ dark red(ဒါးက်ရက်ဒ်) အရက (အမှောင်နီ၊ ဝါ- အနီရင့်)ဟု ဖွင့်ပြချက် အရပ်သည် အထက်ပါဋ္ဌိကျမ်းတို့နှင့် တူညီနေသည်။

## ၁၀။ အဂါဝေါ်၏ မြန်မာ-အင်္ဂလိပ် အဘိဓာန်အဆို

ထို့ပြင် R, G. S, agarwal ရေး မြန်မာ-အင်္ဂလိပ် အဘိဓာန် စာမျက် နှာ ၁၁၄၉-လာ အရုဏ်၏အရကိုဖွင့်ပြရာမှာ အထက်ပါ ဒေါက်တာ ဂျပ်ဆင်၏ ဖွင့်ချက် ၂-ဆင့်အနက် ပဌမဖွင့်ချက်နှင့် ထပ်တူဖော်ပြထားသဖြင့် dawning light အရ မိုးသောက်အရုဏ်ရောင် ဟူ၍၎င်း၊ the morning dawn အရ နံနက် အရုဏ်ရောင် ဟူ၍၎င်း၊ aurora အရ အရုဏ်၊ အရုဏ်တက်ရောင်-ဟု ဆိုထားသဖြင့် မပြီးသ ဖြစ်နေသည်။

## ၁၁။ အင်္ဂလိပ်-မြန်မာ အသံထွက် အဘိဓာန်အဆို

ရန်ကုန်မြို့ ဘားမားဂျာနယ်ပုံနှိပ်တိုက်မှ ရိုက်နှိပ်သော ၁၉၅၂-ခုနှစ်ထုတ် ဝေသစ် အင်္ဂလိပ် - မြန်မာအသံထွက် အဘိဓာန် စာမျက်နှာ ၂၉၄-၌ dawn ဒေါန်း (V. I)အရုဏ်တက်သည် ရောင်နီလာသည်၊ ပေါ်ကွန်းသည်ဟု ဆိုရာမှာ ရောင်နီလာသည်ဖြင့် သိသာပေသည်။

## ၁၂။ ဦးထွန်းငြိမ်း အဘိဓာန်အဆို

ထို့ပြင် ဦးထွန်းငြိမ်း I, S, O, ၏ အင်္ဂလိပ်-မြန်မာ အဘိဓာန် စာမျက် နှာ ၂၂၁၊ dawn အရကို (နာမ်ပုဒ်) အဖြစ် အရုဏ်တက်၊ အရုဏ်တက်ချိန်၊ မိုးလင်း၊ မိုးလင်းချိန်၊ မိုးသောက်ချိန်၊ မိုးလင်းစ၊ လင်းအားကြီး အစ၊ အစ အဦး-ဟု ခပ်သွေးထွေး ဆိုထားသည်။ ထို့နောက် ၎င်း dawn ကိုပင် (ကြိယာပုဒ်)အဖြစ် ပြရာမှာ အရုဏ်တက်သည်။ ရောင်နီလာသည်၊ မိုးစျေလင်းသည်၊ မိုးသောက်သည်၊ လင်းစပြုသည်၊ ထင်ရှားလာသည်၊ ထင်မြင်လာသည် ပေါ်လာသည်၊ ထွန်းပေါ်လာသည်-ဟု ဖွင့်ချက်တွင် (ရောင်နီ လာသည်)ဟု ဆိုထားချက်က ပါဋ္ဌိကျမ်းတို့နှင့် တူညီနေသည်။

ထို့ပြင် ၎င်းအဘိဓာန် စာမျက်နှာ ၆၆-လာ aurora အော်ရိုရာ အရ ကိုလည်း အရုဏ်၊ အရုဏ် တက်သော အရောင်၊ ရောင်နီ-ဟု ပြန်ဆို ထား ပေသည်။

မှတ်ချက်။ ။ယင်း aurora (အော်ရိုရာ)ပုဒ်သည် (အရုဏ်) ပုဒ်ကပြောင်း သွားသောပုဒ်များဖြစ်လေမလားဟု တွေးဆမိသည်။ အကြောင်းကား ပါဠိ(ဟဒယ)ကို အင်္ဂလိပ်မှာ (ဟားတ်) ဟု လာနေခြင်းရှစ်ပေါ‌- ပါဠိ(အဋ္ဌ)ကို အင်္ဂလိပ်မှာ (အိတ်) ဟုလာနေခြင်း (ကိုး) ပေါ ပါဠိ (နဝ)ကို အင်္ဂလိပ်မှာ (နိုင်း)ဟု လာနေခြင်း၊ (ကသိန်း)လာ ပါဠိ (လက္ခ)ကို အင်္ဂလိပ်မှာ (လက်ခ်)ဟု လာနေခြင်း စသည်ကို ထောက်ဆ ကာ တွေးဆမိခြင်း ဖြစ်သည်။

## ၁၃။ ဒေါက်တာဘဟန် အဘိဓာန်အဆို

ထို့ပြင် ရန်ကုန် ယူနီဗာစိတီ ဥပဒေ ပါမောက္ခဟောင်း ဝတ်လုံတော်ရ ဒေါက်တာ- ဘဟန် M, A, Ph, D, D. Litt; L. L. D ရေး ယူနီဗာစိတီ အင်္ဂလိပ်-မြန်မာ အဘိဓာန်(အတွဲ-၄) စာမျက်နှာ ၁၁၈-လာ (အရုဏ်ပေါ) dawn အရကို မြန်မာပြန်ဆိုရာ မှာလည်း အရုဏ်တက်သည်၊ မိုးလင်းသည်၊ လင်းစပြုသည်၊ မိုးသောက်သည် (ရောင်နီပေါ်သည်)ဟု ဝါစကဝေါ ဟာရိယာ ပုဒ်အဖြစ် ပြန်ဆိုခြင်းတပိုင်း။

၎င်းပြင် ဝါစ္စပုဒ်ခေါ် နာမ်ပုဒ်အဖြစ်ဖြင့် ယင်း dawn ပုဒ်ကို ပြန်ဆိုသည် မှာ ကျီးနိုးချိန်၊ မလင်းတလင်းအချိန်၊ ဝေလီဝေလင်းအချိန်၊ လင်းအားကြီး အချိန်၊ လင်းချက်ဆော်၊ လင်းချက်တွန်၊ မိုးသောက်၊ မိုးလင်း၊ အရုဏ်တက် ချိန်-စသည်ဖြင့် ခပ်ထွေးထွေး ပြန်ဆိုထားလေသည်။ သို့ရာတွင် (ရောင်နီ ပေါ်သည်)ဟု ပြန်ဆိုချက်သည် ပါဠိကျမ်းလာတို့နှင့် တူညီပေ၏။

မှတ်ချက်။ ။၎င်းဒေါက်တာ ဘဟန်သည် ဦးထွန်းငြိမ်း I. S. O. အင်္ဂလိပ်- မြန်မာ အဘိဓာန်ပြုစဥ်က ကူညီပြုစုပေးခဲ့သည်ဟု ဦးထွန်းငြိမ်း၏ အမှာ စာမှာ တွေ့ရှိရပေသည်။

## ၁၄။ ချိမ်းဘား အဘိဓာန်အဆို

ထို့ပြင် လန်ဒန်ချိမ်းဘား ကုမ္ပဏီမှထုတ်ဝေသော twentieth century အဘိဓာန်စာမျက်နှာ ၆၂-လာ (အရုဏ်)ပေါ aurora ပုဒ်ကို rosy ပုဒ်နှင့် ဖွင့်ပြထားသဖြင့် နှင်းဆီပန်းရောင်၊ ဝါ- နီတွေးရောင်၊ ဝါ- ပန်းရောင်ဟု ဆိုထားသဖြင့် အရုဏ်ရောင်ကို (အနီနုရောင်)ဟုပင် ဆိုလိုကြောင်း သိမြင်နိုင် ပြန်သည်- တချက်။

ထို့ပြင် a rich orange colour ဟူသော ဖွင့်ချက်ဖြင့်လည်း လိမ္မော်ရောင်ရင့်၊ ဝါ- ဝင်းထိန်သော လိမ္မော်ရောင်ဟု ဆိုပြန်၍ (အနီရင့်ရောင်)ဟု ဆိုလိုသဖြင့် သိသာနိုင်ပြန်သည်။

## ၁၅။ အောက္စဖို့ဒ် အဘိဓာန်အဆို

ထို့ပြင် လန်ဒန် အောက္စဖို့ဒ် ယူနီဗာစီတီမှထုတ်ဝေသော the concise oxford dictionary of curuent english အဘိဓာန် မှာလည်း အထက်ချိမ်းဘားအဘိဓာန်က ဖော်ပြသော aurora ပုဒ်၏အဖွင့် rosy အရကို coloured like a red rose ဟု ဖွင့်သဖြင့် (နှင်းဆီပန်းနှင့် တူသော အရောင်)ဟု ဆိုထားသဖြင့် အရုဏ်ရောင်အရ "နှင်းဆီပန်း အနီရောင်" ကိုပင် ဆိုပြန်၍ သိသာနိုင်ပေပြီ။

## ၁၆။ ကျန်အဘိဓာန်များအဆို

ဖော်ပြပါ အရုဏ်ရောင်ပြသော aurora ပုဒ်အဖွင့် rosy အရကို အထက် အောက္စဖို့ဒ် အဘိဓာန်ဖွင့်သလိုပင် ချိမ်းဘား၏ အဘိဓာန်၊ သန်ဒိုက်အဘိဓာန်နှင့်တကွ ဂျပ်ဆင်အဘိဓာန်၊ ဦးထွန်းငြိမ်းအဘိဓာန်၊ ဒေါက်တာ-ဘဟန် အဘိဓာန်-စသည်တို့မှာလည်း အလားတူ တပုံစံတည်း ဖွင့်ဆိုကြ၍ အရုဏ်ရောင်သည် နှင်းဆီပန်းရောင်နှင့် တူကြောင်းကို သဘောသက်နိုင်ရာတော့၏။

## ၁၇။ လန်ဒန်ပါဠိ-အင်္ဂလိပ် အဘိဓာန်အဆို

လန်ဒန်မြို့ ကမ္ဘာကျော် T. W. rhys davids ရေး၍ လန်ဒန်မြို့ ပါဠိအသင်းကြီးမှ ၁၉၂၁-ခုနှစ် ထုတ်ဝေသော pali english dictionary စာမျက်နှာ ၇၀-လာ အရုဏ aruna ပုဒ်ကို of colour of Fire ruddy dawn reddish ဟု ဖွင့်ဆိုလေသည်။

**အဓိပ္ပါယ်မှာ။** ။မီးရောင်ရှိသည်၊ အနီရောင်ရှိသည်၊ အရုဏ်နီရောင် ရှိသည်၊ နီတီတီ-နီကြင်ကြင်အရောင်ရှိသည်ဟု ဆိုထားသဖြင့် ပါဠိကျမ်းတို့နှင့် တူညီနေပေသည်။

**မှတ်ချက်။** ။ကမ္ဘာသုံး encyclopadia ခေါ် ကမ္ဘာ့အဘိဓာန်ချုပ် ဟူ၍ ၎င်း၊ ကမ္ဘာ့ဗဟုသုတ ဒီပနီဟူ၍၎င်း၊ ကမ္ဘာ့ စွယ်စုံကျမ်းကြီးများ ဟူ၍ ၎င်း ခေါ်ဆို သုံးစွဲနေကြသော အင်္ဂလိပ်ဘာသာ အဘိဓာန်ကျမ်း

ကြီး၌ အရုဏ်ကိစ္စကို ဖော်ပြမှုမပြုပေ။ အလားတူပင် မြန်မာနိုင်ငံသုံး မြန်မာ့စွယ်စုံကျမ်းတို့မှာလည်း ယင်းအရုဏ်ကိစ္စ လုံးဝ မဖော်ပြပြန်ပေ။

### ၁၈။ ဆံစ်ကရိ-တ်-အင်္ဂလိပ် အဘိဓာန် အဆို

ထို့ပြင် ၁၈၉၉-ခုနှစ်က လန်ဒန်မြို့ အောက်စဖို့ဒ် ပုံနှိပ်တိုက်မှ ထုတ်ဝေသော sanskrit-english dictionary· စာမျက်နှာ (၈၈) ၌ (နာဂရိအက္ခရာဖြင့်)အရု-ဏ်-ကို reddish, brown, Dawning, ruddy ဟု ဖွင့်ပြထားသည်။

**အဓိပ္ပါယ်မှာ။** ။နီတီတီရှိသော, နီကြန်ကြန်ရှိသော, ဇော်ဂျီရောင်ရှိသော, အရုဏ်ရောင် နီရောင်ရှိသော, နီတွေးသော, နီမြန်းသော ဟုဆိုလိုသဖြင့် ပါဠိအဘိဓာန်တို့နှင့် တူညီပြန်သည်။

### ၁၉။ သက္ကဋ အင်္ဂလိပ် အဘိဓာန် အဆို

ထို့ပြင် vaman shir ramaptle· M.A ရေး၍ ၁၉၆၅- ခုနှစ်၌ ပူနားမြို့ မိုတီလာ ကမ္ဘာမှ ထုတ်ဝေသော sanskrit english dictionary လာ (ဟိန္ဒူအက္ခရာ) အရု-ဏ်-ပုဒ်ကို reddish brown the colour of the morning as opposed darkness, The dawn, redcolour of the sun ဟု ဖွင့်ပြထားသည်။

**အဓိပ္ပါယ်မှာ။** ။နီကြင့်ကြင့်ဇော်ဂျီရောင်, အမှောင်ခွင်းသော နံနက်မိုးသောက်ရောင်, အရုဏ်ရောင်, အနီရောင်, နေ၏အရောင်ဟု ဆိုပေသည်၊ ၎င်းဖြင့်လည်း သိသာပေသည်။

### ၂၀။ အင်္ဂလိပ် သက္ကဋ အဘိဓာန် အဆို

ထို့ပြင် ပတ္တနားနှင့် နယူဒေလီမြို့တို့မှ ထုတ်ဝေသော english and sa· nskrit dictionary· စာမျက်နှာ (၁၅၆) လာ dawn ပုဒ်ကို အရုဏား၊ ပရာပတံ၊ ပ့ရတယုဆား၊ ဝိဘာတံ၊ ဘာတား၊ ပရတား ကာလား-ဟုဖွင့်ပြထားသည်။

**အဓိပ္ပါယ်မှာ။** ။အရုဏား အရ အရုဏ်နီရောင်ကို ဆိုသည်၊ ပရာပတံ၊ ပရတယုဆား၊ ဝိဘာတံ၊ ဘာတား ၄-ပုဒ်ကား-မိုးသောက်, မိုးသောက်ထ, လင်းလုဆဲ အနက်တို့ကို အနက်တူဟောကြောင်း သက္ကဋကျမ်းတို့မှာ လာရှိသည်၊ အောက်တွင်တွေ့ရှိပါလတ္တံ့၊ ပရတား ကာလား-ကား-မိုးသောက်ချိန် မိုးသောက်ထချိန်ဟု ဆိုပေသည်။

## ၂၁။ ဟိန္ဒီ အင်္ဂလိပ် အဘိဓာန် အဆို

ထို့ပြင် ဗာရာဏသီမြို့ ရှရိဂါ စာအုပ်တိုက်မှ ၁၉၄၆-ခုနှစ် ထုတ်ဝေသော hindi english dictionary အဘိဓာန် စာမျက်နှာ ၆၈-တွင် ဟိန္ဒီ အက္ခရာဖြင့် အရု-ဏ်နှင့် အရု-န်-၂- ပုဒ်ကို break of day, the colour of the dawn, dark red colour. ဟုဖွင့်ပြထားသည်။

အဓိပ္ပါယ်မှာ။ ။မိုးလင်းချိန်, အရုဏ်ရောင်, မှောင်နီရောင်, (ဝါ) အနီရင့်ရောင် ဟု ဆိုပေသည်၊ ၎င်း အရဖြင့်လည်း သိသာ၏။

## ၂၂။ ဟိန္ဒီ အင်္ဂလိပ် အိပ်ဆောင် အဘိဓာန် အဆို

ထို့ပြင် ပါမောက္ခ R.C.pathak, B.A, L.T ရေး ဟိန္ဒီ အင်္ဂလိပ် အိတ်ဆောင် အဘိဓာန် စာမျက်နှာ ၉၀-တွင်၎င်း, အရုဏ်ပုဒ်ကို (၁) the dawn, break of day ဟူ၍၎င်း, (၂) the male cock ဟူ၍၎င်း၊ (၃) အရုဏ်ပရိယာယ်ကို့မူ (ဣ) a fairy.ဟူ၍၎င်း၊ (၄) အရုဏာအိ(ဣ) ကိုမူ the colour of the dawn ဟူ၍၎င်း, (၅) အရုဏိဘာ (ဣ) ကိုမူ tauminess, redness. ဟူ၍၎င်း၊ (၆) အရုဏောဒယ (ပုံ) ကိုမူ day break ဟူ၍ ဖွင့်ပြထားလေသည်။

အဓိပ္ပါယ်မှာ။ ။ ၁-အရ အရုဏ်-အရုဏ်တက်ချိန်မိုးလင်းချိန်ဟု ဆိုသည်၊ ၂-အရမှာ-ကြက်ဖဟု ဆိုသည်၊ ၃-အရမှာ ဣတ္ထိလိင်ဖြစ်က နတ်သမီးဟု ဆိုသည်၊ ၄-အရ ဣတ္ထိလိင်ဖြစ်၍အရုဏာရောင်စုဆိုသည်၊ ၅-အရမှာ ဇော်ဂျီ ရောင်နှင့် အနီရောင်ဟု ဆိုသည်၊ ၆-အရမှာ မိုးလင်းချိန်ဟု ဆိုသည်။

## ၂၃။ အင်္ဂလိပ် ဟိန္ဒီ အဘိဓာန် အဆို

ထို့ပြင် ဗာရာဏသီမြို့ ပျောက်ဈေးကြီးရှိ ဘာဂဝါ စာအုပ်တိုက်ကြီးမှ ထုတ်ဝေသော anglo Hindi dictionary အဘိဓာန် စာမျက်နှာ (၆၆) လာ အရုဏ်အနက်ဟော aurora ပုဒ်ကို dawn, colour of sky at sunrise, ဟု ၂-ချက် ဖွင့်ပြထား၏။

အဓိပ္ပါယ်မှာ။ ။အရုဏ်တက်- အရုဏ်တက်ချိန် ဟူ၍၎င်း, နေထွက်လာခိုက် ကောင်းကင်ရောင်ဟု ဆိုလိုသည်၊ဟိန္ဒီလိုဖွင့်သည်မှာ-ဟရုဏ၊ အရုဏော ဒယ ဟုဖွင့်သည်၊ အဓိပ္ပါယ်မှာ- အင်္ဂလိပ်လို ဖွင့်ချက်နှင့် အတူပင် ဖြစ်သည်။

ထို့ပြင် dawn ပုဒ်ကိုလည်း the first light, day break, rise, of anything ဟု ဖွင့်ပြသည်။

အဓိပ္ပါယ်မှာ။ ။ပဋ္ဌမပေါ်လာတဲ့အရောင်, မိုးလင်းလာချိန်, တစုံတရာထွက်ပေါ်လာချိန်ဟုဆိုရာ ဆိုလိုချက်ကား တူသော်လည်း (အနီရောင်ထွက်လာချိန်)ဟု တိုက်ရိုက်မဖော်ပြခြင်းသာ ခြားနားပေသည်။

## ၂၄။ အင်္ဂလိ ဟိန္ဒီ အဘိဓာန် အဆို

ထိုပြင် ဒေါက်တာ A.N. kapur M.A, ph.D- ရေး၍ နယူဒေလီမြို့ ရာ-ဂျအင် ကုမ္ပဏီမှ ထုတ်ဝေသော ideal pocket dictionary [anglo hindi] အဘိဓာန်စာအုပ်စာမျက်နှာ(၂၃၅) ၌အရုဏ်ဟော dawn ပုဒ်ကို ဖွင့်ပြသည်မှာ နာမ်ပုဒ် အဖြစ်ဖြင့် (၁) beginning of day ဟူ၍၎င်း၊ (၂) start of any thing ဟူ၍၎င်း၊ (၃) first thing ဟူ၍၎င်း၊ ကြိယာပုဒ်အဖြစ်ဖြင့် (၁) to begin to show light ဟူ၍၎င်း၊ (၂) to oppear slowly ဟူ၍၎င်း ဖွင့်ပြလေသည်။

အဓိပ္ပါယ်မှာ။ ။နာမ်ပုဒ်အဖြစ် ပြရာ၌ (၁) အရ နေ့၏အစဟူ၍၎င်း၊ (၂) အရ တစုံတရာ၏ စတင်ချက် ဟူ၍၎င်း၊ (၃) အရ အဦး ဆုံး အရာဟူ၍၎င်း ဖွင့်ပြထားသည်၊ ၎င်း စသည် နေထွက်စနှင့် စပ်ရာတို့ကို ဆိုလိုသည်၊ ၎င်းကိုဟိန္ဒီလိုဖွင့်ပြန်သည်မှာ (နာမ်အနေဖြင့်) ၁-ပရာတား ကာလ်၊ ၂- ဆုရှအာတ်၊ ပရာရမ္ဘ၊ ၃-ပရဋ္ဌမ ပရကာဆ်-ဟု ဖွင့်သည်၊ (ကြိယာပုဒ်အနေဖြင့်) ၁-ဒီ-န် နိကလနား၊ ၂-ဇိုရေဇိုရေ ပရဂဋ္ဌ ဟိုနာ-ဟု ဖွင့်ပြသည်၊ အဓိပ္ပါယ်မှာ- နာမ်ပုဒ်အနေအရ ၁- မိုးလင်းစ မိုးသောက်စ၊ ၂-အစချိန် ရောက်လာချက် (အစပြုချက်)၊ ၃-ဦးစွာပေါ်လာချက်-ဟုဆိုလိုသည်၊ ကြိယာပုဒ်အနေ အရ ၁-နေ့ကို ထုတ်ဖော်လိုက်သည်၊ ၂-အလင်းတဖြေးဖြေး ပေါ်ထွက်လာသည်ဟု ဆိုလိုသည်။

## ၂၅။ ဟိန္ဒီသျှဗ္ဗဒ အဘိဓာန်အဆို

ထို့ပြင် ယူပိနယ်-ဗာရာဏသီမြို့မှ ၁၉၆၂-ခုနှစ် ထုတ်ဝေသော "ဘာဂဝပ် အာဒရသျှ ဟိန္ဒီသျှဗ္ဗဒကောသျှ" အဘိဓာန် စာမျက်နှာ ၄၁-၌ ပုလ္လိင် အရုဏ် ပုဒ်ကို လာ-လ်-ရန်-ဂ် ဟူ၍၎င်း၊ ပရာတားကာ-လ် ဟူ၍၎င်း ဖွင့်ပြလေသည်။

အစိပ္ပါယ်မှာ။ ။လာ-လ်-ရန်-ဂ် အနီရောင်၊ ပရာတားကာလ် မိုးလင်း၊ မိုး သောက်ချိန်ဟု ဆိုထားရာ အထက်ပါတို့နှင့်ဆင်တူပင် ဖြစ်တော့သည်။

## ၂၆။ သက္ကဋနှင့် ဟိန္ဒီရှေးဟောင်း အဘိဓာန်အဆို

အဘိဓနပ္ပဒီပိကာခေါ် ပါဠိ အဘိဓာန် မပေါ်မီ နှစ်ပေါင်း ရာပေါင်း များစွာအချိန်က ပေါ်ထွက်လာသော "ရှရီအမရဆိဟ"ရေး (အမရကောသ အဘိဓာန်) စာမျက်နှာ ၄၄၁၊ နာနတ္ထဝဂ်၌ အရုဏော (ပု) ကာ ဆူရယ၊ ဆူရယကာ ဆာရထိ၊ ဆန္ဒယာ ဆမယကီ၊ လာလိမာ၊ ကုသျှဋ္ဌ၊ ကျာဉ်ရအရ တဟိုက်၊ အောက်ရှိ အရုဏော (တရိ) ကာလာ-လ်-ရဂ်-ဝါလာ ဇက်အရ ထဟိုက်ဟု ဟိန္ဒီဘာသာဋ္ဌီကာဖြင့် ဖွင့်ဆိုထားသည်။

အစိပ္ပါယ်မှာ။ ။ပုလ္လိင်အရုဏော သဒ္ဒါသည် နေ၊ နေရထားထိန်း၊ နံနက်၊ ညနေ-ဆည်းဆျာ ချိန်လာ အနီရောင်နှင့် နူနာဟူသော ၄-နက်မှာဖြစ် သည်။ တိလိင် အရုဏော သဒ္ဒါမှာ အနီရောင်ရှိသော အရာဆိုသည့် အနက်ကိုဟောသည်ဟု ဆိုသည်။

## ၂၇။ သက္ကဋနှင့်ဟိန္ဒီ ခေတ်သစ် အဘိဓာန်အဆို

ကျမ်းပြုနှင့် စာပေပညာ နာမည်ကျော် ဆွဂ္ဂီယစတုဗ္ဗေဒ္ဒါရကာ ပရဆာဒ် ဆမ္မာ M. R. A. S နှင့် ပဏ္ဍိတ ကရိဏာသစျာ၊ ဗျာကရဏ ဝေဒန္တာစရိယ ပညာရှင် ၂-ဦးတို့ ညှိနှိုင်း၍ ရှေးခေတ်သုံး သက္ကဋနှင့် ဟိန္ဒီဘာသာဋ္ဌီကာတို့ကို မျက်မှောက်ခေတ်နှင့်လျော်အောင် စီမံရေးသား၍ အလာဟာဘတ်မြို့ စာအုပ် တိုက်မှ ထုတ်ဝေသည့် "ဆံဆကရိတ သျှဗ္ဗဒါရထ ကောစ္ဆတုဘ" အဘိဓာန် စာမျက်နှာ ၁၂၇-၌ အရုဏ (ပုံ) (ရိ-ဥန-န်) ၁၊ လာ-လ် ရန်-ဂ်၊ ၂၊ ဥဂ တေဟူ ဇဆူရယကာရန်-ဂ်၊ ၃၊ ဆာဓယ လာလိဘာ၊ ၄၊ ဆူရယ၊ ၅၊ ဆူ ရကာ ဆာရထိ-စသည် အကျယ် ဖွင့်ထားသည်။ နောက်၌ အကျယ် တွေ့ရှိ ပေအံ့။

အစိပ္ပါယ်မှာ။ ။သက္ကဋ-ပုလ္လိင် အရုဏ သဒ္ဒါသည် (ရိ-ဥနန်)မှ (အရုဏ) ဖြစ်လာသည်။ ၎င်းကို ဟိန္ဒီဘာသာ ဋ္ဌီကာဖြင့် ဖွင့်ပြသည်မှာ ၁- အနီရောင်၊ ၂- နေထွက်လာချိန် နေ၏ အရောင်၊ ၃- အနီရောင် ချယ်လယ်ထားသော အရာ၊ ၄-နေ၊ ၅-နေရထားထိန်းဟု ဆိုသည်။

## အရုဏပုဒ်နှင့် သမာသ်တင့်တ် တွဲစပ်ထားရာပုဒ်လည်း အနီရောင်ကိုပင် ဟောပုံများ

### ၂၈။ လယ်တီပါဠိ အဘိဓာန်ချုပ်အဆို

ထို့ပြင် ယင်း(အရုဏ)ပုဒ်နှင့် "သမာသ်ပုဒ်အဖြစ်" တွဲစပ်ကိုလည်း အနီရောင်အဖြစ်သာ သုံးစွဲပုံကို လယ်တီပဏ္ဍိတ-ဟောဝိဇ္ဇာ ဦးမောင်ကြီးရေး ပါဠိ အဘိဓာန် စာမျက်နှာ ၁၄၁-မှာကား-

၁။ အရုဏ ကမလံ - ကြာနီ။

၂။ အရုဏ လောစနော- မျက်စိနီသော ခိုငှက်။

၃။ အရုဏော ပလော- ကျောက်နီ။

၄။ အရုဏဝတီ- အရုဏ်အဆင်းရှိသော မြေနီတဂျီးဟု လာပြပေသည်။

### ၂၉။ ဦးဟုတ်စိန် အဘိဓာန်အဆို

ထို့ပြင် အမေရိကန် သာသနာပြုကျောင်း ပါဠိဆရာ ဝတ်လုံတော်ရ ဦးဟုတ်စိန်၊ဘီ-အေ၊ ဘီ-အယ်လ်-ရေး ပဒတ္ထမဉ္ဇူသာ ပါဠိ မြန်မာ အဘိဓာန် စာမျက်နှာ ၁၂၆-မှာလည်း-

၁။ အရုဏတာ - နီမြန်းသည်၏အဖြစ်။

၂။ အရုဏရံသိ - တက်သစ်နေ၏ နီမြန်းသောအရောင်။

၃။ အရုဏဝဏ္ဏ မတ္တိကာ- နေအရုဏ်အဆင်းကဲ့သို့ ရှိသောအဆင်းရှိသော မြေညက်။

၄။ အရုဏဝတီ မတ္တိကာ- နံနက်အရုဏ်အဆင်းကဲ့သို့ နီမြန်းသောအရောင် ရှိသော မြေညက်။

၅။ နယနာ ရုဏတာ- မျက်စိနီသည်၏ အဖြစ်ဟု ဆိုထားသဖြင့် အရုဏာပုဒ်၏ အဆင်းအရောင်မှာ (အနီရောင်ကိုသာ) ဆိုထားကြပေသည်။

### ၃၀။ အစိုးရထုတ် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်အဆို

ထို့ပြင် နိုင်ငံတော်အစိုးရကထုတ်သော တိပိဋက ပါဠိ-မြန်မာ အဘိဓာန် အတွဲ(၃) စာမျက်နှာ ၅၀၀-မှာလည်း-

၁။ အရုဏဝဏ္ဏ(တိ)အရုဏ်အဆင်းရှိသော၊ စဉ်းငယ် အနည်းငယ် နီသော အဆင်းရှိသော။

၂။ အရုဏဝဏ္ဏပဘာ (တိ) အရုဏ်အဆင်းနှင့် တူသော အဆင်းရှိသော၊ စဉ်းငယ် အနည်းငယ်နီသော အဆင်းရှိသော။

၃။ အရုဏပဏ္ဏမဏ္ဍိကာ (ထီ) စဉ်းငယ်နီသော အဆင်းရှိသော မြေညက်။

၄။ အရုဏဝဏ် ပဏ္ဍိကာ(ထီ) ၎င်း-ဟု ဆိုထားပေသည်။

## ၃၁။ သက္ကဋ အဘိဓာန်အဆို

ထို့ပြင် သံသကရိုက် သျှဗ္ဗဒါရထ ကောဿတုဘခေါ် သက္ကဋ အဘိဓာန် စာမျက်နှာ ၁၂၇-မှာလည်း-

၁။ အရုဏက္ခ (ဝိ) နီသောမျက်စိရှိသူ၊ (ဝါ) မျက်စိနီသူ (ဝိ-ကား ငါ်လေသန)ဟု ဆိုလိုသည်။

၂။ အရုဏောပလ (ပုံ) နီသော ကျောက်ရတနာ၊ (ဝါ) ကျောက်နီ။

၃။ အရုဏကမလ (နှ) နီသော-ကြာ၊ (ဝါ) ကြာနီ။

၄။ အရုဏလောစန (ပုံ) မျက်စိနီသောငှက်၊ (ဝါ) ကာပေါတ-ခိုငှက်၊ ပါရေဝတ-ချိုးငှက်။

၅။ အရုဏိတ (ဝိ) နီသောအရောင်ရှိသည်အဖြစ်၊ နီသောအရောင် ရှိသည် ဟု ဆိုထားသည်။

**မှတ်ချက်။** ။အရုဏောပလကို (ကျောက်နီ)ဟုပင် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ အဘိဓာန်မှာ ဆိုထားရာ ဤ သက္ကဋအဘိဓာန် ကျမ်းလာကို ကောက်ထားရေးသားခြင်းပင် ဖြစ်တော့သည်။ သက္ကဋကျမ်း ၎င်းပုဒ်အလွှင့် (အာသာ ကာမှာ) "လာလ်နာမ-က်ရတန်" ဖွင့်ဆိုသဖြင့် အနီအမည်ရ ကျောက်ရတနာဟု ဆိုပေသည်။

## ၃၂။ အဘိဓာန် ဋီကာအဆို

ထို့ပြင် အဘိဓာန်ဋီကာကျမ်းပြု ပင်းယပညာရှင် စတုရင်္ဂဗလဘွဲ့ရ အမတ်ကြီးကလည်း ကိံရုဏော အဘိဏှ ရတ္တာဝဏ္ဏော အရုဏောနာမ၊ ယထာ မဇ္ဈသာစက္ခုဟု ပုဒ်စဉ်ဖွင့်ပြရာ ငါးကြင်း၏မျက်စိရောင်နီကဲ့သို့ နီပုံကို ဥပမာ ဆောင်ပြသွားသည်။

## ၃၃။ အဘိဓာနပ္ပဒီပိကာသူစိ အဆို

ထို့ပြင် ၎င်းပ္ပဒီကာ ဆရာကမူ- အရုဏော ဝဏ္ဏော တေသာ ဝတ္တတီတိ အရုဏော၊ ကုင္ကုမရတ္တဝဏ္ဏသမန္နာဂတောတိ အတ္ထော၊ (ထိုအခိုက်) နီသော

အဆင်းရှိ၍ အရဏာမည်ပုံ ခေါ်ပုံကိုပြသည်။ အတဝါ အရဏိ ဂစ္ဆတိ သုဝဏ္ဏ ဘာဝေန ပဝတ္တတီတိ အရဏော၊ (ထိုအခိုက်) တနည်းလည်ပြသော်- ရွှေအဆင်း အနေဖြင့် ဖြစ်ပေါ်တတ်၍ အရဏာဟုခေါ်ကြောင်း ပြသည်။

ကီဒိသော တဿ ဝဏ္ဏောတိ-ဌေ အဗျတ္တရတ္တဝဏ္ဏ တဿ ဝဏ္ဏော ဘဝေ၊ ယထာ မစ္ဆဿ အက္ခီတိ-ဟု ဖွင့်ချက်အရ ဘယ်လို အဆင်းမျိုးကို အရဏာ၏ အဆင်းခေါ်သည်။ (ဝါ) အရဏ်၏အဆင်းဟု ခေါ်ပါသနည်းဟု မေးခွန်း ထုတ်လိုက်ပြီး စဉ်းငယ် နီသောအဆင်းသည် အရဏ်၏အဆင်းဟု ခေါ်သည်။ ပုံစံပြရသော် ငါးကြင်း၏မျက်စိအဆင်းနှင့် တူပေသည်ဟု အဘိဓာန်ဋီကာနှင့် ခပ်ဆင်ဆင်ပင် ဖွင့်ပြထားပေသည်။

ဤသည်တို့ကား အဘိဓာန် ကျမ်းအဖွင့်တို့မှ အရဏာအရပွင့်ပြကြပုံ မှတ်ယူ ဘွယ် အစုံစုံတို့တည်း။

## (ခ) အလင်္ကာဆိုင်ရာ ကျမ်းများလာချက်

### ၁။ အလင်္ကာကျမ်းအဆို

ထို့ပြင် သုဗောဓာ လင်္ကာရခေါ် အလင်္ကာကျမ်း ဂုဏာဝဗောဓ (တတိယ ပိုင်း) သဒ္ဒါလင်္ကာရ နိဒ္ဒေသခဏ်း ဂါထာနံပါတ် ၁၂၀-လာ။

အလင်္ကာရေဒ္ဒ္တာ ဝဒနံ၊ မုနိနော ဓရရံသိယော၊ သောဘန္တေ ရုဏာရံသိဝ၊ သမ္ဘတန္တမ္ဗုဇောဒရေ-မှ အရဏာ သဒ္ဒါ သည်လည်း (အနီရောင်ကိုပင် ဟော ကြောင်းကို-

မုနိနော၊ မြတ်စွာဘုရား၏။ ဝဒနံ၊ မျက်နှာတော်ကို။ အလင်္ကရောန္တာ၊ လမ်းဖြာစေအောင် တန်းဆာမသွေ့ ဆင်ပေးနေကုန်သော။ အာဓရရံသိယော ထက်-အောက်ပွင့်ငုံ နှုတ်ခမ်းတော် အစုံတို့မှ ဖူးကြည့်ရပုံ မည်း ကျီးအာသီး၊ ပင်ပေါ်မှည့်ကဲ့သို့ တအိအိထွက်ပေါ်လာနေသော နီမြန်းသည့်အရောင်တို့သည်။ အမ္ဗုဇောဒရေ၊ အထွေထွေအမှောင်ကို ကော်ပင့်သွားလေမည့် နေအရောင်ကို မျှော်လင့်စားလျက်ရှိပေသည့်ခန့်ညားဂုဏ်ထိုက် ပဒုမ္မာကြာငုံတိုက်၌။ သမ္ဘတန္တာ၊ တစတစဖြင့်ဖောက်ကာ ကျရောက်သာကုန်သည်ဖြစ်၍။ အရဏာရံသိဝ၊ တလက် လက်ဖြစ်ကာ ထွက်သစ်ပေါ်လာသော နေလုလင်၏ ပန်းနှင်းဆီအရောင်ဖျန်း သလို နီမြန်းသော အရဏ်တော်၏အရောင်ကဲ့သို့။ သောဘန္တေ၊ တင့်တယ်ကြပေ ကုန်၏။ သောဘန္တေ၊ အကျင့်နယ် အခြေမောက်လှ၍ အမြင့်ကြွယ် ဝေကာ မထောက်ဆနိုင်အောင် အော်-တင့်တယ်ဝေဝေဆာဆာ တောက်ပလျက် ရှိနေ တုံတော့တကား။

## ၂။ ဋီကာဟောင်း အဆို

ထို့ပြင် ၎င်းဂါထာ အဖွင့် ဋီကာဟောင်း စာမျက်နှာ ၁၄၄-မှာလည်း အရောန် ရံသိယော သံပက္က ဗိမ္ဗဖလောပမံ-ဟု ကျီးအာသီးမှည့် အရောင်နှင့် နှိုင်းခိုင်းပြထားသဖြင့် အရုဏာအရ အနီရောင်သာ ဖြစ်ကြောင်း ထင်ရှားလှတော့သည်။

## ၃။ ရုဒ္ဒဌာယိဘာဝပိုင်း အဆို

ထို့ပြင် ၎င်း အလင်္ကာကျမ်း (ပဉ္စမပိုင်း) ဘာဝါဝဗောဓမှ ရုဒ္ဒဌာယိဘာဝကိုညွှန်ပြသော ဂါထာနံပါတ် ၃၆၂-လာ။

ကောဓော မစ္ဆရိယာဒီဟိ၊ ပေါသေ တာသ မဒါဒိဘိ။
နယနာ ရုဏတာဒီဟိ၊ ရုဒ္ဒေါ နာမ ရသောဘဝေ-

မှ အရုဏသဒ္ဒါသည်လည်း အနီရောင်ကိုပင် ဟောကြောင်းကို-

မစ္ဆရိယာဒီဟိ၊ ဝန်တိုခြင်း ဒေါသ ထွက်ခြင်း စသည်တို့ ကြောင့်၎င်း။ တာသ-မဒါဒိဘိ၊ စိတ်တုန်လှုပ်ခြင်း တာသ၊ မာန်ယစ်ခြင်း မဒ အစရှိကုန်သော ဗျဘိစာရီ ဘာဝတို့ကြောင့်၎င်း။ ပေါသေ၊ အကန်းပမာ ဘရမ်း ဘတာနှင့် ကြမ်းကြုတ်စွာသော စိတ်ကိုးတို့ ဖြစ်ပေါ်လာခဲ့ပါမူ။ နယနာ-ရုဏတာဒီဟိ၊ မျက်စိနီခြင်း၊ အသွားနိခြင်း အစရှိကုန်သော အာနုဘာဝတို့ဖြင့်။ ကောဓော၊ အရမ်းလုပ်တတ် ကြမ်းကြုတ်စွာသော အမျက်ဒေါသခေါ် ကောဓဌာယီဘာဝ ဖြစ်သော။ ရုဒ္ဒေါနာမရသော၊ ရုဒ္ဒမည်စွ ရသထင်ထင် ခေါ်မည်တွင်သည်။ ဘဝေ၊ အဖြစ်နှင့်လျော်စွာ ဖြစ်ပေါ်၍လာပေ၏။ ဤနေရာလာ အရုဏသဒ္ဒါသည်လည်း အနီရောင်ကိုသာ ဟောကြောင်း ထင်ရှားတော့သည်။

## ၄။ ဋီကာသစ်အဆို

ထို့ပြင် ၎င်းအဖွင့်ဋီကာသစ် စာမျက်နှာ ၃၅၃-ကလည်း နယနာရုဏတာ ဒီဟိ နေတ္တရတ္တ သဘာဂ် သြဋ္ဌပ္ပိဋ္ဌနာဒီဟိဟု ဖွင့်ပြရာ နေတ္တရတ္တ မျက်စိနီခြင်း၊ မျက်နှာနီခြင်း၊ နှုတ်ခမ်းညှိုးနွမ်းခြင်းစသည်ကို ဖွင့်ပြသဖြင့် ယင်းအရုဏ အရသည် အနီရောင်ကိုသိုကြောင်း သိသာနိုင်တော့သည်။

ဤကား အလင်္ကာကျမ်းဆိုင်ရာတို့လာ အရုဏအရ ဖော်ပြချက်တည်း။

## (ဂ) အဋ္ဌကထာနှင့် ဋီကာကျမ်းတို့ မိန့်ချက်များ

### ၁။ ဇာတ်အဋ္ဌကထာအဆို

ထို့ပြင် ဇာတ်အဋ္ဌကထာ (အတွဲ ၅) အသိတိနိပါတ် သုဝဏ္ဏသာမဇာတ် စာမျက်နှာ ၄၃၀-လာ-

ဇိဃညရတ္တိံ အရုဏသ္မိံ မူဟတေ ယာ ဒိဿတိ ဥတ္တမရူပဝဏ္ဏိနီ။

ဟူသော ပါဠိတော်ဂါထာကို ဖွင့်ဆိုရာ၌-

ဇိဃညရတ္တိန္တိ ပစ္ဆိမရတ္တိံ၊ ရတ္တိပရိယောသာနေတိ အတ္ထော၊ ဥဂ္ဂဟတေတိ အရုဏေ ဥဂ္ဂတေ၊ ယာတိ ယာ ပုရတ္ထိမာဒိသာ ရတ္တသုဝဏ္ဏတာယ ဥတ္တမရူပဓရာ ဟုတွာ ဒိဿတိ။

ဆိုလိုသည်မှာ အရုဏ်ရောင်နီ တက်လာချိန်မှာ အရှေ့အရပ်သည် နီဖလံ ရွှေရောင်သဖွယ်ရှိလာ၍ (ဝါ) ရွှေနီရောင်သဖွယ် ရှိလာ၍ မြတ်သောအဆင်း အသွင်ကို ဆောင်ပြနေ၏ဟု ဆိုလိုသည်။

ဤအဋ္ဌကထာအဆိုမှာလည်း အရုဏ်၏ အရောင်သည် (အနီရောင်) ကိုပင် ညွှန်ပြနေ၍ ရှေးအဘိဓာန် အဆိုတို့နှင့် ထပ်တူပင်ဖြစ်နေတော့သည်။

### ၂။ ဝိမတိဋီကာအဆို

ထို့ပြင် ဝိမတိဝိနောဒနီဋီကာ (ပဌမတွဲ) စာမျက်နှာ ၃၁၁- စိဝရဝဂ် လာ ပဌမကထိနသိက္ခာပုဒ် အဖွင့်မှာလည်း-

အရုဏောတိ စေတ္ထ သူရိယုဂ္ဂမနဿ ပုရေစရော ဂဓုနဿနုရတ္တော ပဘာ ဝိသေသောတိ ဒဋ္ဌဗ္ဗော။

**အနက်ဖော်သော်**-စ၊ ပုဒ်တစိတ်၏ အဖွင့်ကို ဖော်ပြဦးအံ့။ (ဝါ) တဿ ယော အရုဏော-ဟူသော ၃-ပုဒ်ထဲမှ "အရုဏော" ပုဒ်၏ (ဝါ) ပုဒ်ဘစိတ်၏ အဖွင့်ကို ဖော်ပြဦးအံ့။ အရုဏောတိ ဧတ္ထ၊ အရုဏော ဟူသော ဤကိစ္စ ဤ အချက်မှာ။ သူရိယုဂ္ဂမနဿ၊ ထွက်ပေါ်လုဆဲနေ၏။ (ဝါ) မကြာမီထွက်ပေါ် လာတော့မည့် နေဝန်း၏။ ပုရေစရော၊ ရှေ့ပြေးဖြစ်သော။ (ဝါ) နေဝန်းနှင့် အနီးကပ်ဆုံးဖြစ်၍ ထွက်ပေါ်လုဆဲဆဲရှိနေသော နေဝန်း၏ ရှေ့နားမှာဖြစ်ပေါ် နေသော။ (ဝါ) မြင်တွေ့နေရသော။ ဝဓုနဿနုရတ္တော၊ အရောင် အထပ်ထပ် တိုးပွါး လာချက်ကြောင့် အခဲပြင်ကြီးအနေ နီမြန်းနေသော။ (ဝါ) အနီ ရောင် အပြင်ကြီး ဖြစ်ပေါ်နေသော။ ပဘာဝိသေသော၊ အနီရောင် အထူး

တည်း။ (ဝါ) နေ၏ ရောင်ခေါင်းများစွာထဲမှ အနီရောင် အထူးပေတည်း။ (ဝါ) အနီရောင်အထူးကို။ အရုဏောဘတိ၊ အရုဏ်ရောင်ဟူ၍။ ဒဋ္ဌဗ္ဗော၊ ဉာဏ်ဖြင့် ခွဲခြား၍ ကွဲပြားစွာမှတ်ယူအပ်၏။ (ဝါ) မှတ်လေ။

**မှတ်ပွယ်**။ ။ဝေတ္ထစနှင့် စေတ္တာဟု ၂-မျိုးရှိချက် အနက် "စေတ္ထ"ဖြင့် ဖွင့်ပြထား လျှင် (ပုဒ်တစ်ပုဒ်၏) အနက် အဓိပ္ပါယ်ကိုသာ ယူပါဟုဆိုလိုသည်း ဝေတ္ထစ ဖြင့် ဖွင့်ပြခဲ့မူ ၂-ပုဒ်မှစ၍ တဝါကျလုံး၏ အနက် အဓိပ္ပါယ်ကို ယူပါဟု ဆိုလိုသည်။

ထို့ကြောင့် အဋ္ဌကထာနှင့် ဋီကာသွား ပါဠိကျမ်းတို့ကို ရေးသားရာ၌ ရေးနည်း ဥပဒေကို ညွှန်ပြသည်မှာ-

၁။ ဝေတ္ထစမှာ၊ လိနတ္ထာ၊ စုဒ်လာအခြေပြ။

၂။ ကြောင်းကျိုးအနက်၊ ငုပ်သည့်ချက်ကြောင့်၊ နှစ်သက်မရှိ၊ အရုစိတင်၊ မျက်မြင်အာဘော်၊ ထားပြီးသော်ပင်၊ သူမေးလျှင်၊ ပယ်နှင်ဆုတ်ကာပြ။

၃။ စေတ္တာပုဒ်မှာ၊ ဝိသယာ၊ ပြန်ကာဗျတိပြ။

ဟုနည်းဥပဒေ လာရှိပေသည်။

ဆိုလိုချက်ကား- အကြောင်း အကျိုး အနက် ဤ-၂- ချက်တို့ အနက် တချက်ချက်သည် ဂူဠ္ဌတ္ထ- လိနတ္ထ ဖြစ်နေခဲ့လျှင် စောဒကဝင်ဟတ်၍ ၎င်းကို အဖြေပေးရာ၌ ၂-ပုဒ်ကစ၍ ပုဒ်အများအတွက် ဖြေရန်ရှိသော် (ဝေတ္ထစ) ပုဒ်ဖြင့် ၎င်း၍ ဖြေရ၏၊ တပုဒ်သဲအတွက် ဖြေရန်ရှိသော် (စေတ္ထ) ပုဒ်ဖြင့်၎င်း၍ ဖြေရ၏ဟု ဆိုလိုသည်။

၄။ ထိုပြင် ဒဋ္ဌဗ္ဗကား သန္နိဋ္ဌာန်၊ဝေဒိတဗ္ဗံကားသံသယ-ဟူသော ပါဠိနယ ပဒေသအရ အထက်ပါ ဝိမတိဝိနောဒနီ ဋီကာပြတွင် "အရုဏောဘတိ ဒဋ္ဌဗ္ဗော"ဟု "ဒဋ္ဌဗ္ဗ"ပုဒ်နှင့် ဖွင့်ပြသွားသဖြင့် တကယ်အမှန် သန္နိဋ္ဌာန်အနေ မှတ်ကြလေဟု ဆိုသွားပေသည်။

ဤ ဋီကာလာချက် အရမှာလည်း အရုဏ်ရောင်ကို (ဝစုန ဃနရတ္တော) ပုဒ် စုအရ (အနီပြင်ကြီးကို) ယူပါဟု ဆိုထားသဖြင့် အနီရောင်သာ အရုဏ်ရောင်ဟု သိသာနိုင်ပြန်တော့သည် ပာချက်။

## ၃။ ဝိနယာလင်္ကာရဋီကာ အဆို

ထို့ပြင် ဝိနယာလင်္ကာရ ဋီကာ (ပဋ္ဌမတွဲ) ဒိဝါသေယျ ဝိနိစ္ဆယကထာ စာမျက်နှာ(၂၁-၂၂-၂၃) တို့၌လည်း အဘိဓာန် စာကိုယ်နှင့် ဋီကာတို့ကိုရင်း၊

အထက်ဖော်ပြပါ ဇာတ်အဋ္ဌကထာနှင့် ဝိမတိဝိနောဒနီဋီကာတို့ကိုရင်း၊ ကိုးကား၍ အောက်ပါဆုံးဖြတ်ချက်တို့ကို ညွှန်ပြသွားပေသည်၊ ညွှန်ပြပုံမှာ-

ကီဒိသော တဿ ဝဏ္ဏော- အရုဏ်၏ အရောင် အဆင်းက ဘယ်လိုအရောင် အဆင်းမျိုး ဖြစ်ပါသလဲ-ဟု ပုစ္ဆာထုတ်ပြီး သူ့ဟာသူဖြေပြသွားသည်မှာ-

(က) ၁။ အရုဏော ကိဉ္စိရတ္တော-ဟူသော အဘိဓာန် စာကိုယ်ကိုရင်း၊
၂။ ကိဉ္စိရတ္တော အဗျတ္တရတ္တဝဏ္ဏော အရုဏောနာမ-ဟူသော အဘိဓာန် ဋီကာလာကိုရင်း၊
၃။ ဝဇုနုဿနရတ္တော ပဘာဝိသေသော- ဟူသော ဝိမတိ ဋီကာ လာကိုရင်း ကိုးကားပြီး တသ္မာ သူရိယဿ ရတ္တပ္ပဘာယေဝ အရုဏော နာမ၊ န သေတပ္ပဘာဒယောတိ ဒဋ္ဌဗ္ဗံ-ဟူ၍ ညွှန်ပြချက်အရ နေ၏ အနီရောင်ကိုသာ အရုဏ်၏အရောင်ဟု ယူပါ၊ အဖြူရောင် စသည် တို့ကို အရုဏ်ရောင်အဖြစ်မယူပါနှင့်ဟု ဆုံးဖြတ်ချက်ချခြင်းတရပ်။

(ခ) အထက်၌ ပြခဲ့ပြီး ဇာတ်အဋ္ဌကထာလာချက် အရကို ကိုးကားပြီး- ဧဝံ အရုဏုဂ္ဂတသမယေ ပုရတ္ထိမဒိသာယ ရတ္တဝဏ္ဏတာ ဝုတ္တာ၊ တသ္မာ တသ္မိံ သမယေ အရုဏဿ ဥဋ္ဌိတတ္တာ ပုရတ္ထိမာယ ဒိသာယ ရတ္တာဘာဝေါ ဝိညာယတိ။

ဟူ၍ ပြချက်အရ အဓိပ္ပါယ်ကား-
အရုဏ်တက်ချိန်မှာ အရှေ့မျက်နှာအရပ်၌ နီသောအဆင်းကို (ဝါ) အနီရောင်ကို ဆိုထား၍ အရှေ့အရပ်မှ အနီရောင်လာချိန်ကို အရုဏ်တက်ချိန်ဟု သိသင့်ကြောင်း ဆုံးဖြတ်ချက်တရပ်။

(ဂ) ထို့နောက်- ကိံ ပစ္စက္ခသိဒ္ဓေါ ဧသော၊ ဥဒါဟု အနုမာနတော-ဟု မေးခွန်းထုတ်သည်။

အဓိပ္ပါယ်ကား။ ။ဤအရုဏ်ရောင် အရကို သိမြင်ရေးဟာ မျက်မြင်, မျက်တွေ့ လုပ်ငန်းမျိုးလား၊ သို့မဟုတ်- မှန်းဆသိ လုပ်ငန်းမျိုးလား-ဟု အမေး ထုတ်ပြီး မှန်းဆသိ လုပ်ငန်းမျိုးမဟုတ်, မျက်မြင် မျက်တွေ့လုပ်ငန်း မျိုးသာဖြစ်သည်ဟု ဖြေညွှန်းသွားသည်။

ထိုဖြေညွှန်းချက်အရ အရုဏ်ရောင်အနီရောင်သည် ပေါ်လာပြီလော၊ မပေါ် သေးဘူးလားဟု တွေးတောမနေပဲ မျက်စိဖြင့် ကြည့်လိုက်လျှင် သိနိုင်သော အရာဖြစ်၍ နာရီကိုကြည့်သည်ထက် အရုဏ်ရောင်ကိုကြည့်သည်က သေချာပါ သည်ဟု ဆိုလိုသည်။ နိဂုံးညွှန်းသွားသည်မှာ-

(ဃ) ဣမံ ပဥှဝိဿဇ္ဇနံ သာဓုကံ မနသိ ကရိတွာ ပဏ္ဍိတော ဟိ ရတ္တောဘာသော ယေဝ အရုဏောတိ ပစ္စေတဗ္ဗော၊ သလ္လက္ခေတဗ္ဗောတိ။

**ဆိုလိုချက်။** ။သူတင်ပြထားသော အမေးနှင့် အဖြေကို ကောင်းစွာ နှလုံးသွင်းပြီး အနီရောင်ကိုသာ အရုဏ်ရောင်ဟု ပညာရှိတို့ ယုံကြည်သင့် မှတ်သင့် မှတ်ထိုက်သည်ဟု နိဂုံးအနေဖြင့် ချမှတ်သွားပေသည် တရပ်။

## ၄။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာအဆို

ထို့ပြင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပဌမတွဲ) ပထဝီကသိဏ နိဒ္ဒေသ စာမျက်နှာ ၁၂၀-၌-

နီလာဒိဝဏ္ဏံ မတ္တိကံ အဂ္ဂဟေတွာ ဂင်္ဂါဝဟေ မတ္တိကာသဒိသာယ အရုဏဝဏ္ဏာယ မတ္တိကာယ ကသိဏံ ကာတဗ္ဗံ-ဟု လာချက်၌-

ဆိုလိုသည်မှာ အညိုရောင်စသည် အဆင်းရှိသော မြေညက်မျိုးကို မယူမူ၍ (သိဟိုဠ်ကျွန်းရှိ) ပဟာဂင်္ဂါ အမည်တပ်ထားသော (ချောင်းငယ်မျှရှိ) ယင်း ဂင်္ဂါမြစ်ဘေးမှ ပြိုကျသော (ဝါ)ရာဝဏ ဂင်္ဂါခေါ် မြစ်ကမ်းမှ ပြိုကျသော မြေညက်၏အဆင်းနှင့်တူသော အရုဏ်နီအဆင်းရှိသော မြေညက်ဖြင့် ကသိုဏ်း ဝန်း၏အရောင်ကို ပြုသင့်၏ဟု ဆိုထားသဖြင့် (အရုဏဝဏ္ဏ) အရသည် အနီရောင်ကိုပင် ဆိုနေကြောင်း သိသာပြန်သည်။

ထိုနောက် ၎င်းကျမ်း စာမျက်နှာ ၁၂၁-လာ သုပရိသောဓိတာယ အရုဏဝဏ္ဏာယ မတ္တိကာယ-မှ အရုဏဝဏ္ဏာယ အရကိုလည်း အနီရောင်ကိုပင် ပြဋ္ဌန်းသည်ဟု ယူဆပါလေ။

## ၅။ ပဟာဋီကာအဆို

ထို့ပြင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာအဖွင့် မဟာဋီကာ (ပဌမတွဲ) စာမျက်နှာ ၁၄၃-၌၊

ဂင်္ဂါဝဟေတိ ဂင်္ဂါသောတေ၊ သီဟဠဒီပေ ကိရ ရာဝဏဂင်္ဂါနာမ နဒီ၊ တဿာ သောတေန ဆိန္နတဋ္ဌာနေ မတ္တိကာ အရုဏဝဏ္ဏော၊ တံ သန္ဓာယ ဝုတ္တံ ဂင်္ဂါဝဟေ မတ္တိကာသဒိသာယ အရုဏဝဏ္ဏာယာတိ အတ္ထော-

ဟု ဖွင့်ပြပြန်သည်။

**ဆိုလိုချက်။** ။အရုဏဝဏ္ဏာယ အရကို အရုဏပ္ပဘာဝဏ္ဏာယဟု ဖွင့်ပြသဖြင့် အရုဏ်ရောင်အရ (အနီရောင်) အဆင်းကိုပင် ဆိုနေကြောင်း သိသာနိုင်ပြန်တော့သည်။

### ၆။ ဓမ္မပဒ အဋ္ဌကထာအဆို

ထို့ပြင် ဓမ္မပဒ အဋ္ဌကထာ (ပဋ္ဌမတွဲ) စာမျက်နှာ ၂၀၃၊ ဗာလဝဂ် ကောသလမင်းကြီး မတရားကြံစည်ခန်းလာ-

(က) ကုမုဒုပ္ပလာနိစေဝ အရုဏဝတီမတ္တိကဥ္စ အာဟရ။
(ခ) ကုမုဒုပ္ပလေဟိ သဒ္ဓိံ အရုဏဝတီမတ္တိကာနာမ နာဂဘဝနေ ဥပ္ပဇ္ဇတိ။
(ဂ) ကုမုဒုပ္ပလေဟိ သဒ္ဓိံ အရုဏဝတီမတ္တိကံ အာဟရ။
(ဃ) ကုမုဒုပ္ပလေဟိ သဒ္ဓိံ အရုဏဝတီမတ္တိကံ အဒါသိ။

ယင်း ၄-ချက်လာ "အရုဏဝတီ မတ္တိကံ" အရတို့သည်လည်း အရုဏ်ရောင် အဆင်းရှိသော "အနီရောင်မြေညက်" (ဝါ) အရုဏ်နီရောင် အဆင်းရှိသော မြေနီကိုပင်ဆိုသဖြင့် အထက်ပါကျမ်းဂန်တို့နှင့် အလားတူပင် သိနိုင်တော့သည်။

### ၇။ ပေတဝတ္ထု အဋ္ဌကထာအဆို

ထို့ပြင် ပေတဝတ္ထု အဋ္ဌကထာ အမ္ဗသက္ကရ ပေတဝတ္ထုအဖွင့် စာမျက်နှာ ၂၀၁-လာ၊ ဂစ္ဆ ဘဏေ အမုမှိ ဌာနေ ကော ပေါက္ခရဏီ အတ္ထိ၊ တတော အရုဏဝဏ္ဏမတ္တိကံ၊ ရတ္တုပ္ပလာနိစ. အာနေဟိ-ဟူသော စကားတို့မှ "အရုဏ-ဝဏ္ဏမတ္တိကံ"အရသည်လည်း အရုဏ်နီအဆင်းရှိသော မြေညက်ကိုပင် ရသဖြင့် အထက်ပါတို့နှင့် အလားတူဟု သိပါလေ။

### ၈။ ပါရာဇိကဏ် အဋ္ဌကထာအဆို

ထို့ပြင် ပါရာဇိကဏ္ဍ အဋ္ဌကထာ (ပဋ္ဌမတွဲ) ဗာဟိရနိဒါနကထာ စာမျက်နှာ ၅၆-လာ၊ အရုဏဝဏ္ဏမတ္တိကံ အရကိုလည်း အလားတူ သိရာ၏။

### ၉။ သာရတ္ထဒီပနီ ဋီကာအဆို

ထို့ပြင် သာရတ္ထဒီပနီဋီကာ (ပဋ္ဌမတွဲ) ဗာဟိရနိဒါနကထာ စာမျက်နှာ ၁၆၄-လာ၊ အရုဏဝဏ္ဏမတ္တိကဥ္စ အရကိုလည်း အလားတူသိနိုင်ပေပြီ။

### ၁၀။ ဝိမတိ ဋီကာ အဆို

ထို့ပြင် ဝိမတိဝိနောဒနီဋီကာ (ပဋ္ဌမတွဲ) ဗာဟိရနိဒါနကထာ စာမျက်နှာ ၃၃-လာ အရုဏဝဏ္ဏမတ္တိကန္တိ နာဂဘဝနသမ္ဘဝံ-မှ အရုဏဝဏ္ဏမတ္တိကံ-အရကို လည်း ရှေးအတိုင်း သိနိုင်တော့ပြီ။

## ၁၁။ ဒီပဝံသ အဆို

ထို့ပြင် မြန်မာမူ ဒီပဝံသ ကောဒသမပရိစ္ဆေဒ ရာဇာဘိသေက ကဏ္ဍ စာမျက်နှာ ၆၁-ဂါထာနံပါတ် ၃၄-လာ-

အဝေါပိ မံ ဒုဿယုဂံ၊ ကေဒ္ဒူ ဟတ္ထပုဉ္ဆနံ။
ဟရိစန္ဒနံ မဟဂ္ဃံ၊ အရုဏဝဏ္ဏမတ္တိကံ-

မှ အရုဏဝဏ္ဏမတ္တိကံ အရနှင့် ၎င်းကျမ်း ဒွါဒသမပရိစ္ဆေဒ စာမျက်နှာ ၆၂-ဂါထာနံပါတ် ၃-လာ-

အနောတတ္တော ဒကံ ကာဇံ၊ ဥတ္တမံ ဟရိစန္ဒနံ။
အရုဏဝဏ္ဏမတ္တိကံ၊ အဉ္ဇနံ နာဂဗာဟတ်-

ပါ အရုဏဝဏ္ဏမတ္တိကံ အရကိုလည်း အထက်ပြခဲ့ပြီးတို့အတိုင်း သိသာနိုင်ပေပြီ။

## ၁၂။ ဘင်္ဂလိ ဒီပဝံသ အဆို

ထို့ပြင် မူရင်း ဘင်္ဂလိဘာသာဖြင့် လာရှိသော ဒီပဝံသကျမ်း စာမျက်နှာ ၅၅-ဂါထာနံပါတ် ၃၅-လာ အရုဏဝဏ္ဏမတ္တိကံ အရနှင့် ၎င်းကျမ်း ဒွါဒသမပရိစ္ဆေဒ ဂါထာနံပါတ် ၃-လာ အရုဏဝဏ္ဏမတ္တိကံ အရ ၂-မျိုးတို့ကိုလည်း အထက်ပါတို့အတိုင်း သိနိုင်ပေတော့ပြီ။

ကျန် ထိုထို ကျမ်းဂန်တို့လာ (အရုဏဝဏ္ဏမတ္တိကံ) ပုဒ်အရတို့ကိုလည်း ဤနှင့်အလားတူ သိနိုင်ကြပေလတ္တံ့။

## ပဘာနှင့်တွဲသုံးသော အရုဏပုဒ် အနက်-

## ၁၃။ ဥဒါန်း အဋ္ဌကထာ အဆို

ထို့ပြင် အရောင်ပေါ (ပဘာ) ပုဒ်နှင့် တွဲစပ်သုံးထားသော အရုဏပုဒ်ကား ဥဒါနအဋ္ဌကထာ နန္ဒဝဂ် ယသောဇသုတ် အဖွင့် စာမျက်နှာ ၁၆၀- တွင်-

ရတ္တိယာ အရုဏာဿ ဥဂ္ဂတတ္တာ ဝေ အရုဏပ္ပဘာယ-လာ (အရုဏပ္ပဘာယ) အရမှာလည်း အနီရောင် ထွက်ပေါ်လာချက်ကိုပင် ဆိုကြောင်း သိသာနိုင်ပြန်သည်။

## ၁၄။ ပဏ္ဏာသဋီကာ အဆို

ထို့ပြင် မဇ္ဈိမပဏ္ဏာသဋီကာ ဂဟပတိဝဂ် ဥပါလိသုတ်အဖွင့် စာမျက်နှာ ၃၄-လာ အရုဏုဂ္ဂံ နပညာယတီတိ တသ္မိံ ပဒေသေအရုဏပ္ပဘာ နပညာယတိ။

အန္ဓကာရေ ဝေ ဟောတိ-မှ "အရုဏုပ္ပဘာ" ခေါ် အရုဏ်ရောင် အရကို လည်း အထက်ပါအတိုင်း သိနိုင်ပေပြီ။

## အရုဏ်ရောင်ကိစ္စ တခန်းရပ်ချက်

အရုဏပုဒ်အဆင်းနှင့် အရောင်အရ အနီရောင်ကိုသာ ယူသင့်ပုံကို ဖော်ပြပြီး ကျမ်းဂန်တို့ဖြင့်ပင် သိသာလုံလောက်ပြီဖြစ်၍ မချဲတော့ပဲ ဤမျှဖြင့် အရုဏ်ရောင် ကိစ္စကို တခန်းရပ်နားတော့သည်။

---

## စိစစ်ဖွယ်တရပ်

အဘိမာန် သဂ္ဂကဏ္ဍ ဂါထာနံပါတ် ၆၅-လာ သူရသော ဒယတော ပုဗ္ဗ-ဋ္ဌိတရံသိ သိယာ ရုဏော-လာ "ပုဗ္ဗဋ္ဌိတရံသိ" ပုဒ်ကို ရှေးဦးစွာ တက်သော အရောင်သည်၊ (ဝါ) ရှေးဦးစွာ တက်လတ်သော အရောင်သည်-ဟု ပညာရှိ အများတို့ ပေးထားသော အနက်၌ စဉ်းစား စိစစ်ဖွယ်ရှိနေသည်၊ ရှိပုံမှာ- နေမှ (ရှေးဦးစွာ) ထွက်လာသော အရောင်သည် အရုဏ်နီရောင် (မဟုတ်ပဲ) ပစ္စူသ ရောင်ခေါ် အလင်းဖြူရောင်သာ ရှေးဦးစွာ ထွက်လာမြဲဖြစ်နေ၍ ဖော်ပြပါ (ပညာရှိ) အများတို့ ပေးထားသော (ရှေးဦးစွာတက်သော)(ဝါ) ထွက်သော အရောင်) ဟူသော အနက်ကို စဉ်းစားဖွယ် ဖြစ်နေသည်။

မျက်မြင် လက်တွေ့၌ ပစ္ဆိမယံ၏ အဆုံးပိုင်း "ပါတနှင့် ပဘာတနယ်သို့" ကူးရာ၌ အရုဏုဂ္ဂမနခေါ် အရုဏ်နီရောင် ရှေးဦးစွာ မတက်လာသေးပဲ၊ ယင်း အရုဏ်ရောင် တက်လာနိုင်ရေး အတွက် နေမှ (ရှေးဦးစွာ ထွက်လာသော အရောင်သည်) အဖြူရောင်ခေါ် အလင်း ဖြူရောင်သာ (ဦးစွာ ပေါ်လာ ဖြစ်သာ၍) အရုဏ်နီရောင်က ဒုတိယပေါ်ထွက်လာသော အရောင်တွင် ပါဝင် နေသဖြင့် ထိုဖြစ်မြဲ သဘာဝနှင့်လျော်ကန်အောင် ထိုအနက်ကို ပြင်သင့်သည် ဟု ထင်မိ ယူဆမိသည်၊ မျက်မြင်ဖြစ်ပေါ်နေသော သဘာဝနှင့် လျော်ကန် အောင် (အနက်ပြင်ခဲ့သော်) အောက်ပါအတိုင်း ပေးသင့်ရာ၏၊ ယင်း အနက် ကား-ဉဒယတော၊ ထွက်ပေါ်လတ္တံ့ ဖြစ်သော။ (ဝါ) မိနစ် ၄၀-ကျော် ၄၅-၅၀-ခန့်ကြာမှ ထွက်ပေါ်လတ္တံ့ ထွက်ပေါ်လာမည် ဖြစ်သော။ သူရဿ၊ နေဝန်း၏။ ပုဗ္ဗဋ္ဌိတရံသိ၊ ရှေ့အနီးမှာ တည်ရှိသော။ (ဝါ) ရှေ့အနီးတဝိုက် တပြင်မှာ တည်ရှိနေ တည်ရှိလာသော အနီရောင်သည်။ အရုဏော သိယာ၊ အရုဏ်ရောင် ဖြစ်၏။

ဇဋ္ဌာသယ ၅၉၅-၁၀

**တနည်း**။ ။အရုဏော၊ အရုဏ်ရောင်ဟူသည်။ ဥဒယံတော၊ ထွက်ပေါ် လတ္တံ့ဖြစ်သော။ (ဝါ) မိနစ် ၄၀-ကျော် ၄၅-၅၀-ခန့်ကြာမှ ထွက်ပေါ် လာမည်ဖြစ်သော။ သူရဿ၊ နေဝန်း၏။ ပုဗ္ဗဒိသာဘာဂေ၊ အရှေ့အရပ် တည်ရှိလာ ဤနေရာတွင် ... တည်ရှိသော အနီရောင်ပင်ဖြစ်၏။

ယင်းသို့ (ပုဗ္ဗဒိသာဘာဂေ) အရကို (ရှေးဦးစွာ) အစား (ရှေ့အနီးမှာ တည်ရှိ သော အနီရောင်သည်)ဟု ဥပစာရတ္ထအဖြစ် ပြောင်းပါက ပစ္စုပ္ပန်ကတိစ အရောင် တို့နှင့် မစွန်းငြိတော့ပဲ တိကျမှန်ကန်သောအနက်ဖြစ်နိုင်သည်ဟု ယူဆမိပေသည်။

**ပုံစံ**- မဇ္ဈာ ဃောသန္တိ၊ ဂဂ်ါယံ ဃောသော တိဋ္ဌတိ- အရတို့ဖြင့် နှိုင်းဆ ကာ သိသာနိုင်တော့သည်၊ အရုဏ၌ သိမြင်ရေး ပဌမဆင့် ဤမျှဖြင့် တခန်း ရပ်သည်။

---

## ၂။ အရုဏ၌ သိမြင်ရေး ဒုတိယဆင့်

### အရုဏပုဒ်ကို အနက်ဖော်ရာ၌ သတိပြုရန် အချက်-

အထက်၌ ဖော်ပြခဲ့သော အရုဏပုဒ်၏ အနက်သည်-

၁။ နီသော - နာမဝိသေသန အနက်၊
၂။ အနီ - ဂုဏနာမ်ပုဒ် အနက်၊
၃။ အနီရောင် - ဂုဏနာမ်ပုဒ် အနက်၊

ယင်း ၃-နက်တို့ဖြင့် တင်ပြခဲ့ခြင်း ဖြစ်သည်၊ သို့ရာတွင် ကျမ်းဂန်တို့မှာ အခြား ဒြဗ်ဟောနှင့် ကိရိယာဟော အဖြစ် ဖော်ပြထားချက်တွေ ရှိနေပြန်၍ ယထာရဟ လျော်ကန်ရာ ရွေးချယ်တတ်ရေး, ဌာနဌာနံကောသလ္လ အခြေ အနေနှင့် အရာဌာန သိမြင်တတ်ရေးတို့ဖြင့် ချိန်ဆ စိစစ်၍ ယူနိုင်ကြရန် လိုအပ် သဖြင့် ပုံဆောင်၍ ဖော်ပြပါဦးအံ့။

**ဥပမာ**။ ။(က) သွားဟူသော မြန်မာစကား၌-

၁။ အံသွား၊ အစွယ်သွား၊ ရှေ့သွား- ဟူသော ဒြဗ်ဟော (သွား) ရှိသလို-
၂။ သွားပါ၊ သွားသည်၊ သွားသဲ-ဟူသော ကိရိယာဟော (သွား) ကလည်း ရှိနေသလိုရင်း၊

(ခ) အသွားဟူသော မြန်မာစကားမှာလည်း-

၁။ အသွားအပြန် ဟူသော ကိရိယာဟော (အသွား) နှင့်၊

၂။ အနှောင့်အသွား ဟူသော ဒြဗ်ဟော (အသွား) ရှိနေသလိုရင်း၊

လူမျိုးအသီးသီးတို့၏ ဘာသာစကားတိုင်းမှာလည်းပုဒ်ပေါင်းကများမ်လည်းဟော ကိရိယာလည်း ဟောနိုင်သော ပုဒ်ပျိုးရှိနေပုံတို့ကို ထောက်ထား သိမြင်ပြီး အောက်ပါ ကျမ်းဂန်များလာ (အရုဏ်) ပုဒ်၏ အရတို့ကိုလည်း ယထာရဟ ယထာနုရူပအဖြစ် သုံးသပ်ပြီး လျော်ကန်ရာကို ရွေးချယ်သုံးနိုင်ကြရာ၏။

## ပုံ စံ များ

### ၁။ ဒီ-မဟာဝဂ္ဂပါဠိတော်လာ

ဒီဃနိကာယ မဟာဝဂ္ဂပါဠိတော် မဟာပဒါနသုတ် စာမျက်နှာ (၆) ၌-

(က) သိဒ္ဓိဿ ဘိက္ခဝေ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ အရုဏော နာမ ရာဇာ ပိတာ အဟောသိ။

(ခ) အရုဏဿ ရညော အရုဏဝတီ နာမ နဂရံ ရာဇဓာနီ အဟောသိ။

၎င်း ပါဠိတော် (က) လာ "အရုဏ" နှင့် (ခ) လာ "အရုဏ" ၂-ပုဒ်လုံး ၏ အရသည် မင်း၏ အမည်ကို ဟောသော (အရုဏ-နာမ်ပုဒ်ဖြစ်၍) အရုဏ် ရောင်ဟော အရုဏပျိုး မဟုတ်ပုံ သဘောသက်ရန် တချက်။

တဖန် ယင်း (ခ) လာ "အရုဏဝတီ" အရသည်လည်း မြို့၏ အမည်ဟော ဖြစ်နေပြန်၍ အရုဏ်အဆင်းရှိသော ကြာပန်းစသည်ဟော မဟုတ်ပြန်ပေ။

### ၂။ မဟာသမယသုတ် ပါဠိတော်လာ

ထို့ပြင် ဒီဃနိကာယ မဟာဝဂ္ဂပါဠိတော် မဟာသမယသုတ် စာမျက်နှာ ၂၀၈-လာ သုက္ကာ ကရမ္ဘာ အရုဏာ၊အာဂုံ ဝေဃနသာသဟ-၎င်းမှ (အရုဏ) အရကား အရုဏအမည်ရှိ (နတ်ကို) ညွှန်ပြသော နာမ်ပုဒ်ဖြစ်နေပေသည်။

### ၃။ ဗုဒ္ဓဝံသ ပါဠိတော်လာ

ထို့ပြင် ဗုဒ္ဓဝံသပါဠိတော် သိခိဗုဒ္ဓဝံသ စာမျက်နှာ ၃၆၇-ဂါထာ နံပါတ် ၁၅-လာ နဂရံ အရုဏဝတီ နာမ၊ အရုဏော နာမ ခတ္တိယော-လာ အရုဏ၊ အရ တို့သည်လည်း မြို့နှင့်မင်း၏ အမည်ဟော နာမ်ပုဒ်တို့ ဖြစ်နေသည်။

### ၄။ ဗုဒ္ဓဝံသ အဋ္ဌကထာလာ

ထို့ပြင် ၎င်း အဋ္ဌကထာ စာမျက်နှာ ၂၀၅-လာ အရဟာဝတော နာမ၊ ရညော နှင့် အရဟာဝတီ နဂရေ-အရတို့သည်လည်း မင်းနှင့်မြို့ဟော အရဟာပုဒ်မျိုး ဖြစ်နေပုံ ထင်ရှားပြန်တော့သည်။

### ၅။ ဇာတက အဋ္ဌကထာလာ

ထို့ပြင် ၃ုဒ္ဒကနိကာယ ဇာတက အဋ္ဌကထာလာ (ပဥ္စမတွဲ) နိဒါနကထာ စာမျက်နှာ ၅၀-လာ အရဟော နာမ ခတ္တိယော ပိတာ၊ အရဟာဝတီ နာမ နဂရံ အဟောသိ-တို့မှ အရဟာ အရ တို့သည်လည်း မင်းနှင့် မြို့အမည်ပြ ပုဒ်ပင် ဖြစ်ပေသည်။

### ၆။ ထေရိဂါထာ အဋ္ဌကထာလာ

ထို့ပြင် ခုဒ္ဒကနိကာယ ထေရိဂါထာ အဋ္ဌကထာ ဒုကနိပါတ် စာမျက်နှာ ၄၂-လာ ၁-အရဟာရညော-အရသည်၎င်း။

၎င်း အဋ္ဌကထာ စာမျက်နှာ (၄၃) လာ ၂-နဂရေ အရဟာဝတိယာ၊ ၃-အရဟော နာမ ခတ္တိယော-တို့မှ အရဟာ အရတို့သည်၎င်း။

၎င်း အဋ္ဌကထာ စာမျက်နှာ ၆၀-လာ အထက်စာမျက်နှာ ၄၃-နှင့် ထပ်တူ ဖြစ်သော အရဟာ-အရတို့သည်၎င်း၊ မင်းအမည်နှင့် မြို့အမည်ပြ အရဟာပုဒ်တို့ ဖြစ်တော့သည်။

### ၇။ ထေရီ အပဒါန် ပါဠိတော်လာ

ထို့ပြင် ထေရီအပဒါန် ပါဠိတော် သုမေဓဝဂ် သတ္တုပ္ပလ မာလိကာ ထေရီ အပဒါန် စာမျက်နှာ ၁၉၃-လာ နဂရေ အရဟာဝတိယာ အရဟော နာမ ခတ္တိယော၊ တဿ ရညော အဟံ ဘရိယာ၊ ဝါရိကံ စာရယာမဟံ-တို့မှ အရဟာ အရတို့သည်လည်း အထက်ပါတို့နှင့် ပုံစံတူတို့တည်း။

### ၈။ ဥပ္ပလဒါယိကာ ထေရီအပဒါန်လာ

ထို့ပြင်၎င်းပါဠိတော် ခတ္တိယဝဂ် ဥပ္ပလဒါယိကာ ထေရီအပဒါန် စာမျက်နှာ ၂၀၃-လာ-

နဂရေ အရဟာဝတိယာ၊ အရဟော နာမ ခတ္တိယော။
တဿ ရညော အဟံ ဘရိယာ၊ စေတ္တံ စာရယာမဟံ-

မှ အရဟာ အရတို့သည်လည်း အထက်နှင့် အလားတူပင်။

## ၉။ အပဒါန် ပါဠိတော်လာ

ထို့ပြင် အပဒါန်ပါဠိတော် (ဒုတိယတွဲ) ထေရီအပဒါန်ပါဠိတော် ကျေပေါ်သထိကဝဂ် ဥပ္ပလဝဏ္ဏာထေရီ အပဒါန် စာမျက်နှာ ၂၇၂-လာ-

နာဂါနံ ပဝရံ ပုပ္ဖံ၊ အရုဏံ နာမ ဥပ္ပလံ-မှ အရုဏအရကား (ကြာပန်း) ဟော အရုဏ နာမ်ပုဒ် ဖြစ်ပေသည်။

## ၁၀။ ထေရာပဒါန် ပါဠိတော်လာ

ထို့ပြင် ထေရာပဒါန် ပါဠိတော် (သတ္တ စိန္တနိယဝဂ်) ဝတ္တဒါယကတ္ထေရာပဒါန် စာမျက်နှာ ၁၂၉-လာ၊ အရုဏဝါ သတ္တဇနာ၊ စက္ကဝတ္တိ မဟဗ္ဗလာ-ဂါထာမှ အရုဏ၏အရမှာ အရုဏအမည်ရှိ (စကြာမင်း)ကို ပြည့်နှိုးသော နာမ်ပုဒ်တခု ဖြစ်သည်။

## ၁၁။ သံယုတ် ပါဠိတော်လာ

ထို့ပြင် သံယုတ္တနိကာယ သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် ဗြာဟ္မဏသံယုတ် ဒုတိယဝဂ် အရုဏဝတီသုတ် စာမျက်နှာ ၁၅၇-လာ၊ ဘူတပုဗ္ဗံ ဘိက္ခဝေ ရာဇာ အဟောသိ အရုဏဝါနာမ၊ ရညော ခေါ ပန ဘိက္ခဝေ အရုဏဝတော အရုဏဝတီနာမ ရာဇဓာနီ အဟောသိ-မှ အရုဏပုဒ် အရတို့ကိုလည်း အထက်မှိုး၍ သိသာလေပြီ။

## ၁၂။ အင်္ဂုတ္တရ အဋ္ဌကထာလာ

ထို့ပြင် အင်္ဂုတ္တရနိကာယ ကေနိပါတ အဋ္ဌကထာ (ပဌမတွဲ) နိဝရဏပ္ပဟာနဝဂ် အဖွင့် စာမျက်နှာ ၂၈-လာ၊ သာမဏေရဿ အရုဏဝတိယသုတ္တန္တံ သဇ္ဈာယန္တဿ-မှ အရုဏ၏အရမှာ သုတ်၏အမည်ကိုသာ ညွှန်ပြထား၍ ၎င်းအတိုင်းသာ သိမှတ်ရာ၏။

## ၁၃။ ဒု-အင်္ဂုတ္တရ အဋ္ဌကထာလာ

ထို့ပြင် အင်္ဂုတ္တရ အဋ္ဌကထာ (ဒုတိယတွဲ) စူဠနိကာယသုတ် စာမျက်နှာ ၂၀၆-လာ-

၁။ အရုဏဝတိ သုတ္တန္တအတ္ထုပ္ပတ္တိယံ။
၂။ အရုဏဝတီသုတ္တန္တေ။
၃။ အရုဏဝတီနဂရေ။

၄။ အရဏဝတော ရဇော။
၅။ အရဏဝတိံ နိဿာယ-

တို့မှ ၁-နှင့် ၂-အရသည် သုတ်အမည်ကို ပြသည်၊ ၃-နှင့် ၅-ကား မြို့ကို ပြသည်၊ ၄-ကား မင်းအမည်ကို ပြသည်။

### ၁၄။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ

ထို့ပြင် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ(ဒုတိယတွဲ) ပုညတော ဇူဒိကထာ အဖွင့် စာမျက်နှာ ၂၇၅-လာ-

၁။ အရဏဝတိံနဂရေ၊ ၃။ အရဏဝတိံ ပိဿာယ၊
၂။ အရဏဝတိံ နိဿာယ၊ ၄။ အရဏဝတောရဇော၊

တို့မှ ၁-၂-၃ အရတို့ကား မြို့ကိုပြ၍၊ ၄-ကား မင်းကို ပြလေသည်။

ဤသို့ ဌာနာရဟ အရာဌာနသို့လိုက်၍ "အရဏဝ"ပုဒ်၏အရကို စိစစ် ခွဲခြားပြီးယူမှ ကျမ်းဂန်အလိုတို့နှင့် မဆန့်ကျင်ပဲ အမှန်ဆိုက်ရောက်ကြပေမည်။

ဖော်ပြပါ စိစစ်ချက် ခွဲခြားဖော်ပြချက်တို့ဖြင့် "အရဏ"ပုဒ်၏အနက်မှန်ကို ခွဲထုတ်နိုင်လောက်ပြီဖြစ်၍ အရဏဥ္ဇသိမြင်ရေး ဒုတိယဆင့်ကို ဤမျှဖြင့် တခန်း ရပ်တော့သည်။

အရဏဥ္ဇသိမြင်ရေး ဒုတိယဆင့် ဤတွင်ပြီး၏။

---

## ၃။ အရဏဥ္ဇသိမြင်ရေး တတိယဆင့်

### မြန်မာနိုင်ငံအတွက် အကျိုးပြုနေသော ပာဂဝအဘိဓာန်ကျမ်း

ကျမ်းအမည်ရင်း (အဘိဓာနပ္ပဒီပိကာ) မြန်မာအများစုခေါ် (ပါဠိ အဘိဓာန်)ဟူ၍ရင်း၊ (အဘိဓာန်ကျမ်း) ဟူ၍ရင်း ခေါ်တွင် ပေါ်လွင်နေသော (မာဂဓအဘိဓာန်ကျမ်းစာ)သည် မြန်မာပြည်ဘွား လူများစုအတွက် ယနေ့တိုင် အကျိုးပြုခဲ့ကျက်ရှိ၏။ နောင်လည်း ဆက်၍အကျိုးပြုလတ့်ပင် ဖြစ်ပေမည်။ ၎င်းကျမ်းသည် သီဟိုဠ်ကျွန်းတွင် ပေါ်ထွက်လာသော ကျမ်းဖြစ်ရာ အကျဉ်းချုပ် ဖော်ပြရသော်- သီဟိုဠ်ကျွန်းရှိ ရှေးခေါ် (ပုလတ္ထိနဂရ) ယခု ခေတ်ခေါ် (ပေါလုနရုဝမြို့)တွင် သာသနာ ၁၆၉၀-ခု၊ မြန်မာ ကောဇာ ၅၁၆-ခုနှစ်တွင် နန်းတက်သော သီဟိုဠ်ဘုရင် ပဌမ ပရက္ကမဗာဟုမင်း၏ မဟာဇေတဝန်ကျောင်းတိုက်ဖြင့် ကိုးကွယ်ပူဇော်ခြင်းခံရသူ ပါဠိနှင့်သက္ကဋ ၂-ဘာသာတို့မှာ

အထူးကျွမ်းကျင်တော်မူသော "အရှင်မောဂ္ဂလာန" မထေရ်ကျော် ပြုစုသော ကျမ်းသစ်ဖြစ်ပေသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ ပုဂံမြို့၌ ထီးလှိုင်ရှင်ခေါ် ကျန်စစ်မင်းကြီး၏ မြေးတော်ချစ် ကမ္ဘာကျော်အလောင်းစည်သူ မင်းတရားနှင့် သားလတ်ဖြစ်သူ နောင်ရာဇဝင်တွင် (ကုလားကျမင်း) ဟု တွင်ရစ်မည့် (နရသူ) မင်းတို့ စိုးစံနေချိန်ဖြစ်သည်။

**အထူးမှတ်ဖွယ်ကား။** ။ယင်း နရသူမင်းသည် ခမည်းတော်အလောင်းစည်သူ မင်းကြီးနှင့် နောင်တော် (အောင်ပင်လယ်ကန်ကြီး ဒါယကာ) မင်းရှင်စော ၂-ဦးတို့အား (လုပ်ကြံမှုကြောင့်) မြို့နှင့် နယ်တို့ကပါ (ဘုရားတမျှ)ကိုးကွယ်ထားသော (ပံ့သကူ မဟာထေရ်မြတ်)သည် စိတ်မချမ်းသာလှ၍ မြန်မာနိုင်ငံမှ လွတ်ရာ သီဟိုဠ်ကျွန်းသို့ ကူးထွက်သွားချိန်ဖြစ်ပေသည်။

ဆိုလိုသည်မှာ-ပံ့သကူမဟာထေရ် သီဟိုဠ်ကျွန်းသို့ကြွသွားချိန်နှင့် မင်းဆရာရှင်မောဂ္ဂလာန မထေရ် (အဘိဓာနပ္ပဒီပိကာကျမ်း) ရေးသား ပြုစုချိန်သည် တိုက်ဆိုင်နေသဖြင့် အချိန်ကို တိုင်းတာကြည့်သော်- ယင်း ကျမ်းပြုချိန်သည် ကောဇာ ၅၂၀-ခန့်မှ ယခုရောက်ဆဲ ကောဇာ ၁၃၃၇-ခုတို့ကို တိုင်းတာလိုက်လျှင် အနီအဘိဓာန်ကျမ်း ပေါ်လာချိန်သည် နှစ်ပေါင်း ၈၂၀-ဝန်းကျင်ချိန်က ပေါ်ထွက်လာသည်ဟု ခန့်မှန်းနိုင်တော့သည်။

## ပုသိမ်သား ရှင်ဆပ္ပဒတို့ သီဟိုဠ်ကျွန်းသွားချိန်

သီဟိုဠ်ကျွန်းမှာ ရဟန်းအဖြစ် ခံယူကာ ၁၀-နှစ်ကြာ ပညာသင်ယူပြီးမှ မြန်မာနိုင်ငံသို့ ပြန်ကြွလာကာ ကစ္စည်း၊ သဒ္ဒါကျမ်းအဖွင့် (သုတ္တနိဒ္ဒေသကျမ်း) နှင့် သင်္ဂြိုဟ်အဖွင့် (သခင်္ခေပဝဏ္ဏနာဋီကာကျမ်း) ၂-စောင်ပြု ပုသိမ်နယ် ဆပ္ပဒရွာသား သာမဏေ ရှင်သဒ္ဓမ္မဇောတိပါလနှင့် ဆရာ ဥတ္တရာဇီဝမဟာထေရ်တို့ သီဟိုဠ်ကျွန်းကြွချိန်တွင်မူ ထိုအဘိဓာန်ကျမ်းနှင့် မောဂ္ဂလာန်သဒ္ဒါကျမ်းတို့ပါ ပေါ်ထွက်လာနေပြီး ဖြစ်ပေမည်။

အကြောင်းကား- ပံ့သကူမထေရ်က နရသူမင်းလက်ထက်ကြွသွား၍ ဥတ္တရာဇီဝမထေရ်နှင့် ရှင်ဆပ္ပဒခေါ် ရှင်သဒ္ဓမ္မဇောတိပါလတို့ သီဟိုဠ်သို့ကြွချိန်ကား ယင်းနရသူ၏ သားငယ် (နရပတိစည်သူမင်း) လက်ထက်မှ ကြွရောက်သောကြောင့်ဟု ရာဇဝင်လာအချိန်က ခွဲပြပေးချက်ကြောင့်ပင် ဖြစ်သည်။

## ယင်း အဘိဓာန် ဖော်ပြပုံ

သီဟိုဠ်နိုင်ငံမှ ရေးသား၍ မြန်မာနိုင်ငံလူများသုံး (အဘိဓာနပ္ပဒီပိကာကျမ်း) ၌ အမည်လာ အဘိဓာန အနေပြ ဂါထာပေါင်း ၁၂၀၃-ဂါထာ၊ ပုဒ်ပေါင်း ၄၂၀၀-ကျော်တို့ကား ပိဋကတ်၌ အသုံးများရာပုဒ်တို့ကို ရွေးချယ်ပြထားခြင်းဖြစ်သည်၊ နိကာယ် ၅-ရပ်လာ ရှိရှိသမျှ ပုဒ်အားလုံးတို့ကို ထုတ်ယူပြထားခြင်းကား မဟုတ်သေးပေ၊ နယပဒေသ ခေါ် နည်းပေး နည်းညွှန်မျှသာ ဖြစ်ပေသည်။

## အဘိဓာန်ချင်း နည်းမှီးပုံ

ယင်း အဘိဓာနပ္ပဒီပိကာကျမ်းကိုလည်း မဂဓတိုင်းတွင် ပါဠိဘာသာနှင့် (စင်ပြိုင်) ရှိနေကြသော (ဝါ) ပါဠိဘာသာထက်ပင် ရှေးကျနေကြသော ရှေးရှေး သက္ကဋ အဘိဓာန်ကျမ်းများနှင့် ပရာကရိ-တ်- အဘိဓာန်ကျမ်းများတို့ အမြောက်အမြားရှိနေ၍ ယင်းရှေးဟောင်း သက္ကဋနှင့်ပရာကရိ-တ်-အဘိဓာန်များကို နည်းမှီးပြီး (ဇိနဝစနာဂုရူပ) ခေါ် ဘုရားဟောချက်တို့နှင့် လျော်ကန်ရာတို့ကို ရွေးနုတ်ကာ ပါဠိနှင့် သက္ကဋ ၂-မျိုးရောစပ်ပြီး အကျဉ်းချုပ်လမ်းပြ အနေ ဖော်ပြထားသော ကျမ်းဖြစ်ပေသည်။

## သက္ကဋ အဘိဓာန်တို့ကို အမှီပြုပုံ သိသာရုံဖော်ပြရသော်

ဤပါဠိ အဘိဓာန်ကျမ်းလာ ကဏ္ဍဖွဲ့ပုံ ဝဂ်ဖွဲ့ပုံတို့က အစ ထိုထို သက္ကဋ အဘိဓာန်လာ ကဏ္ဍနှင့် ဝဂ်အမည်တို့ကို နည်းမှီးတုယူပြီး တင်ပြထားပုံတို့ကို အောက်ပါနမူနာတို့ဖြင့် သိသာနိုင်ပေမည်။

သျှရီအမရသိဟ် ခေါ် သိရီအမရသိဟ ဆရာရေး (အမရကောသ သက္ကဋ အဘိဓာန်ကျမ်း) လာ ကဏ္ဍအမည်နှင့် ဝဂ်အမည်တို့မှာ-

(က) ကဏ္ဍအမည်များ သဂ္ဂါဒိကဏ္ဍ, ဘူမျာဒိကဏ္ဍ, သာမညကဏ္ဍ ၃-ခုဖြင့် ပြဆိုရာ လက်ရှိပါဠိ အဘိဓာန်ကျမ်းမှာလည်း သဂ္ဂကဏ္ဍ, ဆကဏ္ဍ, သာမညကဏ္ဍ ဟုပင် ထပ်တူအမည်ဖြင့် ပြသားပုံ တချက်။

(ခ) ဝဂ်တို့၏ အမည်များမှာလည်း သဂ္ဂါဒိကဏ္ဍ၌-

| | |
|---|---|
| ၁။ သဂ္ဂဝဂ် | ၆။ သဒ္ဒါဒိဝဂ်၊ |
| ၂။ ဗျောဗဝဂ် | ၇။ နဋ္ဋဝဂ်၊ |
| ၃။ ဒိနဝဂ် | ၈။ ပါတာလဘောဂိဝဂ်၊ |
| ၄။ ကာလဝဂ် | ၉။ နရကဝဂ်၊ |
| ၅။ ဓိဝဂ် | ၁၀။ ဝါရိဝဂ်-ဟု ၁၀-ဝဂ်။ |

ဘူမျာဒိကဏ္ဍ၌-

| | |
|---|---|
| ၁။ ဘူမိဝဂ် | ၆။ မနုဿဝဂ်၊ |
| ၂။ ပုရဝဂ် | ၇။ ဗြာဟ္မဏဝဂ်၊ |
| ၃။ သေလဝဂ် | ၈။ သတ္တိယဝဂ်၊ |
| ၄။ ဝနောသဓိဝဂ် | ၉။ ဝိသယဝဂ် |
| ၅။ သီဟာဒိဝဂ် | ၁၀။ သုဒ္ဒဝဂ် ဟု- ၁၀-ဝဂ်။ |

သာမညကဏ္ဍ၌-

| | |
|---|---|
| ၁။ ဝိသေသျာဓိနဝဂ် | ၄။ အဗျယဝဂ်၊ |
| ၂။ သံကိဏ္ဏဝဂ် | ၅။ လိင်္ဂါဒိသင်္ဂဟဝဂ် ဟု-ငါးဝဂ် |
| ၃။ နာနတ္ထဝဂ် | |

ပေါင်း ၂၅-ဝဂ်လာရှိ၏။

လက်ရှိ ပါဠိအဘိဓာန်ကျမ်းမှာ ၁၂-ဝဂ်မျှ ပြထားသည်၊ ယင်း ၁၂-ဝဂ်၏ အမည်တို့မှာလည်း ဖော်ပြပါ ၂၅-ဝဂ်ထဲမှ ရွေးထုတ် ပြသထားခြင်း ဖြစ်ပုံ သိသာနိုင်ပေသည်၊ လက်ရှိ ပါဠိအဘိဓာန် ပဏာမပြအပြီး ပရိဘာသာပိုင်း မှာလည်း-

နိဃဏ္ဍုယုတ္တိဉ္ဉာနီယ၊ နာမလိင်္ဂံ ကထီယတိ-ဟု တိုက်ရိုက် ဝန်ခံထားသည့် အတိုင်း "နိဃဏ္ဍု" ခေါ် သက္ကဋ အဘိဓာန်ကျမ်းတို့ကို အမှီပြုကာ လိင်အဆုံး အဖြတ်ပုဒ်အဆုံးအဖြတ်တို့ကို ပြပါသည်ဟု ဝန်ခံချက်က ထင်ရှားလှတော့သည်။

## အနှစ် ၂-ထောင်အတွင်းပေါ် အဘိဓာန်

မြန်မာပြည်သုံး ဖော်ပြပါ ပါဠိ အဘိဓာန်မှာ လွန်ခဲ့သောအနှစ် ၈၀၀-ကျော်က ပေါ်လာ၍ ၎င်း ပါဠိအဘိဓာန် အမှီပြုသော (အမရကောသ အဘိဓာန်) ကား နှစ်ပေါင်း နှစ်ထောင် အတွင်း ပေါ်လာ၍ အလွန်ရှေးကျ သော အဘိဓာန်ဟု သက္ကဋနှင့် ဟိန္ဒူပညာရှင်တို့ မှတ်ချက်ချကြသည်။

## ဋီကာပေါင်း ၄၀-ကျော်

ယင်း နှစ်ပေါင်း (နှစ်ထောင်) အတွင်း ပေါ်ခဲ့သော အမရကောသ အဘိဓာန်ကို ဖွင့်ပြပေးကြသော ဋီကာပေါင်းကား ၄၀-ကျော် ရှိခဲ့ပေရာ (ဗဟုသုတ) ရှိရုံ ယင်း ဋီကာကျမ်း အမည်များကို ဖော်ပြပေးပါအံ့။

၁။ အစ္စုတ ဥပဓျာယ ရေး ဗျာချာပဒီပဋီကာ။

၂။ အာသာဓရ ဆရာရေး ကိရိယာကလာပဋီကာ။

၃။ ကာသိနာထ ဆရာရေး ကာသိကာဋီကာ။
၄။ မဒ္ဒက္ခိရဆွာမိရေး အမရကောသ ဥဒါနဋီကာ။
၅။ ဂေါဆွာမ ဆရာရေး ဗာလဗောဓိနီဋီကာ။
၆။ နယနာနန္ဒရာမစန္ဒရ ဆရာရေး အမရကောမုဒိဋီကာ။
၇။ နာရာယနသမ္မ ဆရာရေး အမရကောသပဉ္စိကာဋီကာ။
၈။ နာရာယနဝိဇ္ဇာဝိနောဒဆရာရေး သဒ္ဒတ္ထသံဒီပိကာဋီကာ။
၉။ နီလကဏ္ဍ ဆရာရေး သုဗောဓိနီဋီကာ။
၁၀။ ပရမာနန္ဒ ဆရာရေး အမရကောသမာလာဋီကာ။
၁၁။ ဗရီဟပ္ပတိ ဆရာရေး အမရကောသပဉ္စိကာဋီကာ။
၁၂။ ဘရတမလ္လိက ဆရာရေး မုဂ္ဓဗောဓဋီကာ။
၁၃။ ဘာနုဇီဒိက္ခိတဒွိတိယ ဆရာရေး ဗျာချာသုဓာဋီကာ။
၁၄။ မဥ္ဇုဘဒ္ဒ ဆရာရေး ဂုရုဝါလပ္ပဗောဓိနီဋီကာ။
၁၅။ မထုရေသ ဝိဇ္ဇာလင်္ကာရ ဆရာရေး သာရသုန္ဒရီဋီကာ။
၁၆။ မလ္လိနာထ ဆရာရေး အမရပဒပါရိဇာတဋီကာ။
၁၇။ မဟာဒေဝတိတ္ထ ဆရာရေး ဗုဓမနောဟာရဋီကာ။
၁၈။ မဟေသွရ ဆရာရေး အမရဝိဝေကဋီကာ။
၁၉။ မုကုန္ဒသမ္ပာ ဆရာရေး အမရဗောဓိနီဋီကာ။
၂၀။ ရဃုနာထစက္ကဝတ္တိ ဆရာရေး တိကဏ္ဍစိန္တာမဏိဋီကာ။
၂၁။ ရာခဝေန္ဒရ ဆရာရေး အမရကောသဗျာချာဋီကာ။
၂၂။ ရာဓနာထ ဆရာရေး တိကဏ္ဍဝိဝေကဋီကာ။
၂၃။ ရာမပ္ပသာဒ ဆရာရေး ဝေသမယကောမုဒိဋီကာ။
၂၄။ ရာမသမ္မ ဆရာရေး အမရကောသဗျာချာဋီကာ။
၂၅။ ရာမဆွာမိ ဆရာရေး အမရဝုတ္တိဋီကာ။
၂၆။ ရာမိဿရသမ္မာ ဆရာရေး ပဒီပမဉ္ဇရီဋီကာ။
၂၇။ ရာယာမုကုဒ ဆရာရေး ပဒစန္ဒိကာဋီကာ။
၂၈။ လက္ချမကာသတ္တ် ဆရာရေး အမရဗျာချာဋီကာ။
၂၉။ လိင်္ဂဘဒ္ဒ ဆရာရေး အမရဗောဓိနီဋီကာ။
၃၀။ လောကနာထ ဆရာရေး ပဒမဉ္ဇနီဋီကာ။
၃၁။ သက္ကရာစရိယ ဆရာရေး ဗျာချာမိတဋီကာ။
၃၂။ သီရိသရ ဆရာရေး အမရဋီကာ။
၃၃။ သဒ္ဒါနန္ဒ ဆရာရေး ဋီကာသဗ္ဗသဝဋီကာ။

၃၄။ ရုံဂါစရိယ ဆရာရေး အမရပဉ္စမုကုရဋီကာ။
၃၅။ ၎င်းဆရာရေး ဗရိဟာဝိတ္တိဋီကာ။
၃၆။ အပ္ပိယဒိကွိတဆရာရေး ဗရိဟာဝိတ္တိဋီကာ။
၃၇။ ဘာနုဒိကွိတဆရာရေး ဂုရုဝါလပ္ပဗောဓိနီဋီကာ။
၃၈။ မာနယဘဒ္ဒဆရာရေး ၎င်းဋီကာ။
၃၉။ လိင်္ဂမသုရိဆရာရေး ၎င်းဋီကာ။
၄၀။ ၎င်းဆရာရေး အမရကောသပဒ ဝိဝ္ဗိတိဋီကာ။
၄၁။ ဝိဒ္ဒါနုဆရာရေး ကာမဓေနုဋီကာ စသည်။

၎င်းဋီကာတို့ကား- နှစ်ပေါင်း တထောင်ကျော်က ပေါ်ထွက် လာသော ဋီကာဟောင်းများ ဖြစ်ကြသည်။ နောက် ခေတ်ပေါ် ကမ္ဗသဋီကာ၊ ဒိပ္ပနိဋီကာနှင့် မဏိပ္ပဘာဋီကာ စသည်တို့ များစွာရှိသေးသည်။ ၎င်းတို့ကား "အမရကောသ အဘိဓာန်" တကျမ်းတည်းကို ဖွင့်ကြသော ဟိန္ဒူဋီကာ- ကျမ်းများ ဖြစ်ကြသည်။

## ပါဠိအဘိဓာန် ဋီကာတကျမ်းသာ ပေါ်ထွက်နိုင်သေးခြင်း

လွန်ခဲ့သောနှစ်ပေါင်း ၈၂၀-ခန့်က သီဟိုဠ်ကျွန်းမှ စတင်ပေါ်ထွက်လာသော ပါဠိအဘိဓာန်ကျမ်း၏ အဖွင့် (ဋီကာကျမ်း)သည် ယနေ့ထိ (တကျမ်းမျှသာ) ပေါ်ထွက်လာသေးသည်။ ၎င်းအဘိဓာန်ဋီကာကျမ်းကို သာသနာ ၁၈၉၅-ခု ကောဇာ ၇၁၄-ခုနှစ်တွင် ပင်းယမြို့၌ ထီးနန်းစိုးအုပ်လာသူ ဆင်ဖြူ ၄-စီးရှင် ၄-စီးရှင်ခေါ် ဘုရင်သီဟသူရ မင်းလက်ထက် ထိုမင်း၏ မင်းတိုင်ပင် အမတ်ကြီး (သိရိစတုရင်္ဂဗလ) ဘွဲ့ရ စွယ်စုံပညာရှင် အတွင်းဝန်ကြီး ပြုစုရေးသားသောကျမ်း ဖြစ်ပေသည်။

## အဘိဓာန်ဋီကာ ပေါ်လာချိန်

ပါဠိ အဘိဓာန်ကျမ်းက ကောဇာ ၅၂၀-ခန့်မှာ ပေါ်လာ၍ ၎င်းအဖွင့် အဘိဓာန်ဋီကာကား ကောဇာ ၇၂၀-ခန့်မှာ ပေါ်လာရာ ကျမ်း ၂-ကျမ်း၏ ပေါ်ချိန်သည် အနှစ် ၂၀၀-မျှ ကွာခြားကြသည်။ ယနေ့မှ ထောက်ဆသော် ဋီကာပေါ်ချိန်သည် ၆၁၇-နှစ်ခန့်ရှိ၍ ပါဠိအဘိဓာန် ပေါ်ချိန်ကား ၈၁၇-နှစ်ခန့် ရှိခဲ့လေပြီ။

## ဋီကာ ၄၀-ကျော်နှင့် ဋီကာတကျမ်း သုံးသပ်ဖွယ်

သက္ကဋ အမရကောသ အဘိဓာန်ကျမ်း ပေါ်ပြီးနောက် အဖွင့်ဋီကာကျမ်း ပေါင်း ၄၀-ကျော် ပေါ်ထွက်လာသော်လည်းပါဠိအဘိဓာန်ကျမ်းပေါ်လာပြီး အနှစ် ၆၀၀-ကျော်ကြာချိန်တွင် အဖွင့်ဋီကာ တကျမ်းသာ ပေါ်ထွက်နိုင်သေး ပါတကား။

## အဘိဓာနပ္ပဒီပိကာ သူစိကျမ်း ပေါ်လာခြင်း

သာသနာ ၂၄၃၆-ခု၊ ကောဇာ ၁၂၅၄-ခု၊ မြန်မာနိုင်ငံတို ဗြိတိသျှ စိုးအုပ်၍ ၇-နှစ်ရှိလာချိန်တွင် သီဟိုဠ်ကျွန်းမှ သဒ္ဒါပညာထူးချွန်ချက် (ပဝရ နေရုတ္တိကာစရိယ မဟာဝိဘာဝီ)ဟု သံဃာက်မှ ဘွဲ့ချီခံရသော (အရှင် သုဘူတိ မဟာထေရ်)သည်(အဘိဓာနပ္ပဒီပိကာသူစိ)အမည်ခံကျမ်းကို သီဟိုဠ်အက္ခရာဖြင့် ရေးသားခဲ့လေသည်။

ရေးသားပုံမှာ- သီဟိုဠ်ဖြစ် ပါဠိဖြစ် ပါဠိအဘိဓာန်ကျမ်းကို အ-အစ ဟ-အဆုံးထားကာ (အက္ခရာဝလိ)ခေါ် အက္ခရာစဉ်ပြုလုပ်ပြီး အဘိဓာန်ဋီကာက ဖွင့်ဆိုပြသည့် အတိုင်း ဝိဂြိုဟ်စသည်ပြု၍ ရှင်းပြထားခြင်း ဖြစ်ရာ မူလပါဠိ အဘိဓာန်ကို နိုင်ငံခြား အဘိဓာန်များကဲ့သို့ ခေတ်မှီ အဘိဓာန်အသွင် စီမံပေးခြင်းဖြစ်သည်။ သီးခြား အဘိဓာန်လည်းမဟုတ်၊ အဘိဓာန် ဋီကာလည်း မဟုတ်ပေ။

**မှတ်ချက်။** ။သီဟိုဠ်ကျွန်းကို လူဖြူ နိုင်ငံခြားသား အနှစ် ၄၀၀-ကျော် အုပ်ချုပ်ခံရ၍ နိုင်ငံခြား ဗဟုသုတ ဗမာပြည်ထက်ပို၍ သိနှင့်သည်။

## တိပိဋက ပါဠိ-မြန်မာအဘိဓာန် ပေါ်လာခြင်း

သာသနာ ၂၅၀၇-ခု၊ ကောဇာ ၁၃၂၅-ခု၊ ခရစ် ၁၉၆၄-ခုနှစ်က စ၍ မြန်မာနိုင်ငံတော်အစိုးရက စီမံထုတ်ဝေသော တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းက-စ၍ အက္ခရာစဉ်ဖြင့်ထုတ်ဝေခဲ့ရာ အတွဲ ၁-မှ ၉-အထိ ၉-တွဲ ထွက်ပေါ် လာခဲ့သည်။ (ထောမေဃာမိ)မှာ ၉-တွဲ ဆုံးသွားသဖြင့် ဒ-မှ ဟ-ထိ အက္ခရာ ၉-လုံးနှင့် (ထ-တပိုင်း)ကျန်သေး၍ အတွဲမည်မျှ ထွက်ပေါ်လာမည်ကို မသိရ သေးပေ။

၎င်းအဘိဓာန်သည် ပါဠိ အဘိဓာန်ကဲ့သို့ ဝါစ္စနှင့် ဝါစက ပုဒ်တွေကို ဂါထာဗန္ဓအနေဖြင့် ဖွဲ့ကုံးထားချက်မျိုး မဟုတ်ပဲ နိသျှည်းအဖြစ် ဖော်ပြ ထားသော ခေတ်ပေါ် အဘိဓာန်မျိုးပင် ဖြစ်သည်။

## ပါဠိနှင့် သက္ကဋအဘိဓာန် ၂-မျိုး နှိုင်းဆချက်

၁။ သီဟိုဠ်ကျွန်း အရှင် မောဂ္ဂလာနထေရ်ရေး ပါဠိ-အဘိဓာန်မှာ ကဏ္ဍ ၃-ခု၊ ဝဂ် ၁၂-ခု၊ ဂါထာ ၁၂၀၃-ဂါထာ၊ ပုဒ်ပေါင်း ၄၂၁၂-ပုဒ်မျှ ပါရှိလေသည်။

၂။ အင်ဒိယားနိုင်ငံ သျှရိအမရသိဟ သရာရေး (အမရကောသ) ခေါ် သက္ကဋအဘိဓာန်မှာ ကဏ္ဍ ၃-ခု၊ ဝဂ် ၂၅-ခု၊ ဂါထာ ၁၅၈၂-ဂါထာ ပုဒ်ပေါင်း ၁၃၅၀၀-ကျော် ပါရှိလေသည်။

## သက္ကဋနှင့် ဟိန္ဒီအဘိဓာန် အခြေအနေ

သီဟိုဠ်၊ မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီယား၊ လော၊ ပါယက်နမ်-စသော ဗုဒ္ဓဝါဒီနိုင်ငံများ အသုံးပြုသော ပါဠိ အဘိဓာန်မှာ (ဟကျမ်းမျှ) ရှိသေးရာ သက္ကဋ၊ ဟိန္ဒီတို့နှင့် နှိုင်းစာကြည့်သော်–

၁။ ပုံနှိပ်ပြီး သက္ကဋအဘိဓာန်ပေါင်း ၆၀-ကျော်။

၂။ ပုံနှိပ်ပြီး ဟိန္ဒီအဘိဓာန်ပေါင်း ၄၀-ကျော် ရှိနေရာ ပုံမနှိပ်ရသေးပဲ ပရပိုက်ထဲ ပေရွက်ထဲမှာ ရှိနေသေးသော (လက်ရေးမူ) အဘိဓာန်တွေ များစွာ ရှိသေးသည်။

**အညွှန်း။** ။ရှေးခေတ်ခေါ် ကာသိတိုင်း ဗာရာဏသီမြို့ ယခုခေတ်ခေါ် ယူပီနယ် ဗဏာရပ်စ် မြို့ရှိ Queen's University ကွီးန်(စ်) ယူနိဗာစိတီ ကျောင်းတော်ကြီးမှ စာကြည့် ပိဋကတ် တိုက်ကြီးတွင် ဖော်ပြပါ သက္ကဋနှင့် ဟိန္ဒီအဘိဓာန်များအပြင် ပရာကရိ-တ်နှင့် ဂျိ-န် အဘိဓာန်ဝါမူတို့ပါ ၁၉၅၇-ခု နှစ်က တွေ့မြင်ခဲ့ဘူးပေသည်။

သိသာရုံ သက္ကဋအဘိဓာန်ကျမ်း အမည်များ ဖော်ပြရသော်–

၁။ အနေကတ္ထတိလကမ္ဗအဘိဓာန်
၂။ အနေကတ္ထမဉ္ဇရီ။
၃။ အနေကတ္ထသင်္ဂဟကောသ။
၄။ အဘိဓမ္ဗာကောသ။
၅။ အဘိဓာနရာဇိန္ဒကောသ။
၆။ အမရကောသနာမစန္ဒိကာ။
၇။ အာချာတစန္ဒိကာ။
၈။ ဥပနိသဒ္ဒကမဟာကောသ။
၁၁။ ကောသဝတံသ။
၁၂။ ဂဏိတိယကောသ။
၁၃။ ဇိနရတနကောသ။
၁၄။ တိကဏ္ဍသိသကောသ။
၁၅။ ဓမ္မကောသ။
၁၆။ နာနတ္ထမဉ္ဇရီ။
၁၇။ မေဒိနီကောသ။
၁၈။ ဝေဒိကကောသ။

| | |
|---|---|
| ၉။ ကေတ္တနာမမာလာ။ | ၁၉။ သဒ္ဒသာဂရ။ |
| ၁၀။ ကလပဒ္ဒကောသ။ | ၂၀။ သဒ္ဒတ္ထစိန္တာမဏိကောသ- |

စသည်တို့ ဖြစ်ပေသည်။ ၎င်းအဘိဓာန်ကျမ်းတိုင်းမှာ အဖွင့်ဋီကာ ကျမ်းတွေ ပူးတွဲပါလျက် ရှိတော့သည်။

## သက္ကဋ-အမရကောသ အဘိဓာန်

## ဗုဒ္ဓ၏အမည်များ ဖော်ပြပုံ

ယင်းဟိန္ဒူနယ်သုံး အမရကောသ အဘိဓာန် သဂ္ဂဝဂ်၌ ဗုဒ္ဓ၏အမည်များ ကိုလည်း သီးခြားဖော်ပြချက် ပါရှိနေရာ ၎င်းတို့သည်လည်း ပညာရှိပ်သစ္စာ ပါဠိ-မာဂဓဘာသာကို လေးစားကြောင်း သိသာရုံ ဖော်ပြပါအံ့။

### ဖော်ပြသော ဗုဒ္ဓ၏ အမည်တော်များကား

| | | |
|---|---|---|
| ၁။ သဗ္ဗညု | ၇။ ဘဂဝါ | ၁၃။ အဒွယဝါဒေါ၊ |
| ၂။ သုဂတော | ၈။ မာရဇိတော | ၁၄။ ဝိနာယကော၊ |
| ၃။ ဗုဒ္ဓေါ | ၉။ လောကဇိနော | ၁၅။ မုနိန္ဒော၊ |
| ၄။ ဓမ္မရာဇာ | ၁၀။ ဇိနော | ၁၆။ သိရိဓနော၊ |
| ၅။ တထာဂတော | ၁၁။ ဆာဘိညော | ၁၇။ သတ္ထာ၊ |
| ၆။ သမန္တဘဒ္ဒေါ | ၁၂။ ဒသဗလော | ၁၈။ မုနိ၊ |

၎င်း ဘာသာဋီကာက (ဗုဒ္ဓကေ အဋ္ဌာရသ် နာမ်ဟိုက်) ဟု ဗုဒ္ဓ၏ အမည်တော် ၁၈-ပါးရှိကြောင်း တင်ပြထားလေသည်။

၎င်းတို့ အောက်၌ ဇိနော- အရ မာရ်ငါးပါးဆိုပုံ၊ ဆာဘိညော-အရ အဘိညာဏ် ၆-ပါး ဆိုပုံ၊ ဒသဗလော-အရ အားတော် ၁၀-ပါးကို ဆိုပုံ တို့ကို မှတ်ချက်အဖြစ် ပြထားလေသည်၊ ထို့ပြင်-

| | |
|---|---|
| ၁။ သကျမုနိ | ၄။ သုဒ္ဓေါဒနော၊ |
| ၂။ သကျသိဟော | ၅။ ဂေါတမော၊ |
| ၃။ သဗ္ဗတ္ထသိဒ္ဓိ | ၆။ အက္ကာဗန္ဓု၊ |
| | ၇။ မာယာဒေဝီသုတော။ |

ယင်း ၇-ပုဒ်တို့သည်ကား ၇-ဆူမြောက် ဂေါတမဘုရား၏ အမည်ထူးများ ဟု မှတ်ချက်ချထားလေသည်၊ ဤသို့ သူတို့ဘက်မှ ဗုဒ္ဓကို မြင်ကြသည်။

ထို့ပြင်- ၁။ မုတ္တိ ၅။ နိသ္သော၊
၂။ ကေဝလံ ၆။ အမိတံ၊
၃။ နိဗ္ဗာနံ ၇။ မောက္ခော၊
၄။ သေယျော ၈။ ဥပဝဂ္ဂေါ-

ယင်း ၈-ပုဒ်တို့ဖြင့် နိဗ္ဗာန်၏ အမည်များကို ပြထားပြန်သည်။

ထို့ပြင်- ၁။ ဓမ္မော ၄။ သုဂတံ၊
၂။ ပုညံ ၅။ ဝိသော၊
၃။ သေယျော-

ယင်း၅-ချက်တို့ဖြင့် ဓမ္မအမည်ကိုလည်း ပြထားပြန်သည်။

## သုံးသပ်ပွယ်

ပါဠိအဘိဓာန်မှာ- ဗုဒ္ဓအများနှင့်ဆိုင်သော အမည်ဟော ၃၂-ပုဒ် ဂေါတမဗုဒ္ဓအတွက် ၇-ပုဒ်ပေါင်း ၃၉ ပုဒ် ပြထားရာ ပါဠိအဘိဓာန်လာနှင့်တော့ လုံးဝမတူပါ၊ သို့ရာတွင် ပါဠိအဘိဓာန် (မပေါ်ထွက်မီ) သူတို့ရှာတွေ့သမျှ ဖော်ပြထားခြင်း ဖြစ်ပေသည်၊ နိဗ္ဗာန်ဟောပုဒ်မှာလည်း ပါဠိကျမ်းဂန်တို့မှာ ၁၀၀-ကျော်ရှိစေကာ သူတို့ကြားသိသမျှ ၈-ပုဒ်ကို ဖော်ပြခြင်း ဖြစ်ပေသည်။

**သတိပြုဖွယ်။** ။အမရကောသ အဘိဓာန်ကျမ်းပြု ပဏ္ဍိုလ်သည် ဗုဒ္ဓဝါဒီမဟုတ်၊ (ဟိန္ဒုဝါဒီ) ဖြစ်စေကာ ကျမ်းပြုဆရာတို့ ဥပဒေ အရ (ပရပက္ခ) ခေါ်သူတပါး ကိုးကွယ်သော ဗုဒ္ဓဆိုင်ရာကို သုတေသနပြုရာမှာ အမှန် သဘာဝကို ရှေ့ရှုပြီး ဗုဒ္ဓဂုဏ်ပုဒ် နိဗ္ဗာန်ဂုဏ်ပုဒ် စသည်တို့ကို ရိုးသားစွာ ဖော်ပြသွားပုံကို သတိပြုသင့်လှပေ၏။

အရဏဌ္ဌ သိမြင်ရေး တတိယဆင့် ဤတွင်ရပ်ဆိုင်း၏။

---

## အရဏဌ္ဌ သိမြင်ရေး စတုတ္ထဆင့်

(က) အရဏပုဒ်၏ ပါဠိကျမ်းဂန် ဆိုင်ရာများ-

ပါဠိကျမ်းဂန်တို့မှ (အရဏ) ပုဒ်သည်-

၁။ နီသော ၄။ အနီအဆင်းရှိသော အရာ ၇။ နတ်အမည်၊
၂။ အနီရောင် ၅။ မင်းအမည် ၈။ သုတ်အမည်၊
၃။ အနီအဆင်း ၆။ စကြာမင်းအမည် ၉။ မြို့အမည်-

တို့ကို ဟောသည့်ပုံ ရှေ့ပဌမနှင့် ဒုတိယ ၂-ဆင့်တို့ဖြင့် ပါဠိပိဋကတ် ကျမ်းဂန်တို့မှ ရွေးထုတ်၍ ပြခဲ့ပေပြီ၊ ယခုကား ရှေး ၂-ဆင့်လာ အနက်များတွင်မက အခြား ဒြပ်ဟောနှင့် ကိရိယာဟော (အရုဏပုဒ်တွေ့) ရှိနေသေးပုံကို သိမြင်နိုင်စေရန် ပါဠိကျမ်း စာရင်းဝင်တို့မှ စ၍ ဖော်ပြပါအံ့။

## ၁။ ပါဠိအဘိဓာန် ဋီကာလာ

အဆက်တွင် အကျယ်ဖော်ပြခဲ့ပြီးပါဠိအဘိဓာန်ကျမ်းသည် သက္ကဋအဘိဓာန်ကျမ်းတို့ကို နည်းမှီတုယူပြီး (ကျမ်းစာတခု) ပြုသွားကြောင်းကို ပါဠိ သက္ကဋ ၂-ဘာသာ ကျွမ်းကျင်ထားသော အဘိဓာန်ဋီကာ ဆရာသည်ပင် မူလစတင်ပေါ်ထွက်လာသော ပါဠိအဘိဓာန်ကျမ်းရင်းမှာ မပါသေးသော (အရုဏ) ပုဒ်အနက်တို့ကို ထိုထို သက္ကဋကျမ်းတို့မှ (နယပဒေသ) ရစေရန် ထုတ်ပြထားချက်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

အဘိဓာန်ဋီကာ အရညဝဂ်ဆိုင်ရာ အခဏ်း၌-

၁။ အရုဏော ကိဉ္စိရတ္တက္ကေ၊ သဉ္ဈာရာဂေ အနူရုကေ။
နိသဒ္ဒေ ကပိလေ ကုဋ္ဌေ၊ ဒဗ္ဗေစ ဝစ္စလိင်္ဂကော။
၂။ အရုဏာ-တိဝိသာ သာမာ၊ မဉ္ဇဋ္ဌာ-တိဝုတာသုစ။
ဥသိရေ နိဝိသာယဉ္စ၊ သိင်္ဂီ မဂ္ဂုရဝလ္လဘာ-

ဟု သက္ကဋခေါ် ဂန္ထန္တရတို့မှ လာရှိချက်ကို ဂါထာဖွဲ့၍ ဖော်ပြသွားပေသည်။

### ပုဒ်နက်များ

၁။ ကိဉ္စိရတ္တော၊ အနီနုရောင်။
၂။ အက္ကော၊ နေ။
၃။ သဉ္ဈာရာဂေါ၊ ညနေဆည်းစျာရောင်။
၄။ အနူရုကော၊ မကြာခဏမြည်ချက်။
၅။ နိသဒ္ဒေါ၊ အသံမထွက်ခြင်း။
၆။ ကပိလော၊ ကြောင်သောအဆင်း, ညိုရွှေရောင်။
၇။ ကုဋ္ဌံ၊ နူနာ။
၈။ ဒဗ္ဗော၊ နေဇာမြက်-ဥစ္စာ။
၉။ အတိဝိသာ၊ တိဝုည်ပင်။
၁၀။ သာမာ၊ ကြံ့ဟင်းညိုပင်, ဥပါသကာပင်။
၁၁။ မဉ္ဇဋ္ဌာ၊ နီပဆေးပင်, ထန်းကျင့်ရောင်။

၁၂။ တိဝုတာ၊ ကြံ့ဟင်းဖြူပင်။
၁၃။ ဥသိရ၊ ပန်းရင်းမြက်, ၎င်းအမြစ်။
၁၄။ နိဝိသာ၊ ရေမှော်, အသိပ်မရှိသောအာရာ။
၁၅။ သိင်္ဂိ၊ ချင်း, ကြက်ကက်ပင်, ငါးခူမ, ရွှေ။
၁၆။ မဂ္ဂရော၊ မကောင်းမှု။
၁၇။ ဝလ္လဘာ၊ အနွယ်သီး, အကျွမ်းဝင်ခြင်းကို ဖြစ်ကြသည်။

၎င်းတို့ကား အရုဏာပုဒ်ကထွက်သောအနက်ကိုတည်း၊ လိင်လိုက်၍ အနက် ပြောင်းလွဲသည်ကိုလည်း သတိပြုပါလေ။

## ၁။ ဂန္ထန္တရတို့မှ အရုဏာပုဒ်အတွက် ဖော်ပြချက်များ

အဘိဓာန်ဋီကာ ဆရာသည် (အရုဏ) ပုဒ်၏ (အနက်ထူးတို့ကို) ပါဠိနှင့် တနိုင်ငံတည်းထွက် သက္ကဋ္ဌစာပေတို့မှ ထုတ်ပြသွားသလို ပို၍စဉ်းစားနိုင် သုတေ သနပြုနိုင်ကြစေရန် အခြား သက္ကဋ္ဌအဘိဓာန်စသည်တို့မှလာရှိချက်တို့ကို တင်ပြ ပါဦးအံ့။

## ၂။ အမရကောသ အဘိဓာန်လာ-

၎င်းကျမ်း၌ အရုဏသဒ္ဒါသည်....
၁။ ဒိနဝဂ်တွင် နေကိုဟောပုံ။
၂။ ဓိဝဂ်တွင် နှင်းဆီပန်းကိုဟောပုံ။
၃။ နာနတ္ထဝဂ်တွင် (က) ပုလ္လိင်-အရုဏသည် နေ၊နေရထားထိန်း (ဝါ) နေနတ်သား၊ ညနေဆည်းဆာ ရောင်နှင့် အနူရောဂါ ၄-နက်ကိုဟောပုံ။

(ခ) တိလိင်-အရုဏသဒ္ဒါသည် အနီရောင်ရှိရာစုကို ဟောကြောင်း ဖော်ပြ ထားသည်။

## ၃။ ဆံစကရိတ သဒ္ဒတ္ထကောစ္ဆတုဘ အဘိဓာန်လာ-

ပုလ္လိင် အရုဏ သဒ္ဒါသည်....

၁။ အနီရောင်။
၂။ တက်နေရောင်။
၃။ ညနေဆည်းဆာရောင်။
၄။ နေ။
၅။ နေရထားထိန်း။
၁၃။ ခြသေ့်လည်ဆံ။
၁၄။ ပန်းဝဏ္ဏ။
၁၅။ ဟင်းသပြဒါး။
၁၆။ အနီမှုန့်။
၁၇။ ဆိုးမှုန့်။

| | |
|---|---|
| ၆။ တပို့တွဲလမြင်ရနေဝန်း။ | ၁၈။ နီပါးဆေးပင်။ |
| ၇။ သကာရည်၊ ကြံသကာ။ | ၁၉။ နီသော ရတနာ။ (ရတနာနီ) |
| ၈။ နူနာရောဂါ။ | ၂၀။ နှောင့်ရှက်ခြင်း၊ ရှုပ်ထွေးခြင်း။ |
| ၉။ အဆိပ်ပါသောချိပ်တောင့်ငယ်။ | ၂၁။ နှာဖြင့်လေထုတ်မှု။ |
| ၁၀။ စေတမန်။ | ၂၂။ ဟိန္ဒူဘုရားသျှိဝ။ |
| ၁၁။ ဂန့်ကော်ပင်။ | ၂၃။ နှောင်အိမ်။ |
| ၁၂။ ခန္ဓာကိုယ်။ | ၂၄။ နီဗ္ဗန္တဏ်။ |

၂၅။ စိတ်-စသည်တို့ကို ဟောကြောင်း လာရှိလေသည်။

၎င်းတို့ကိုထောက်ဆသဖြင့် အရုဏ ပုဒ်နက်၏ ကျယ်ဝန်းပုံကို သုံးသပ်နိုင်တော့ရာ ထိုထိုကျမ်းဂန်တို့မှာ တွေ့ရှိရာ၌ ယထာရဟ ယထာနုရူပ-လျော်ကန်ရာ စီစစ်ရွေးထုတ်၍ အသုံးပြုတတ်ဘို့ လိုတော့ဟည်။

ထို့ပြင် အထက်၌ဖော်ပြခဲ့သော ဗေဒိနိကောသ၊ သဒ္ဒတ္ထ စိန္တမဏိကောသ၊ နာနတ္ထမဥ္ဇရီနှင့် သဒ္ဒသာဂရ- စသော သက္ကဋ အဘိဓာန် ၆၀- ကျော်တို့လာ "အရုဏ" ပုဒ် အနက်တွေကိုပါ စုရုံးလိုက်လျှင် အနက်တွေများစွာ ပေါ်ထွက်ရာ၏ဟု သဘောပေါက်စေသော်။

## က-ဝါစကပုဒ်အဖြစ်ဖွင့်ပြချက်များ

### ၄။ အလင်္ကာကျမ်းလာ

ထို့ပြင် သုဗောဓာလင်္ကာရ ခေါ် အလင်္ကာကျမ်း စတုတ္ထပိုင်း အတ္ထာလင်္ကာရာဝဗောဓမှ ကာရကန္တရ ဝိဘာဝနာ အတွက် ပုံစံထုတ်ရာ ဂါထာနံပါတ် ၂၅၁-ပြ၊

အနုဋ္ဌိတာ သိတံ နေတ္တံ၊ မဓရော ရဉ္ဇိတာရုဏော။
သမာနတာ ဘမုစာယံ၊ ဇိန နာဝဋ္ဌိတာ တဝ။

၎င်း ဂါထာပါ (အရုဏ) သဒ္ဒါသည် နီမြန်း၏ ဟူသော (ကြိယာ) ကို ဟောသည်၊ ဝိသေသနနှင့် ဒြဗ်တို့ကို မဟောပြန်ပေ။

အနက်ပြန်ဆိုသော်-

ဇိန၊ ငါးမာရ်အောင်မြင် အို-ဘုရားရှင်။ တဝ၊ အရှင်မြတ်၏။ နေတ္တံ၊ တလက်လက်နှင့် ပြုံးခေါ်ရောင် မူနေသည့် ၂-ဘက်သော မျက်လုံးတော် အစုံ

သည်ကား။ အနဉ္စိတံ၊ ဆေးနက်တို့ဖြင့်လည်း မဆိုးမလိမ်းရ နက်လင်း ညိုစေနိုင်တဲ့ မျက်စဉ်းမျိုးကိုလည်း မခပ်ရပါပဲလျက်။ အသိတံ၊ တလက်လက်ပြောင်ပြီး နက်မှောင်လျက် ရှိတော်မူပါပေ၏။ အစရော၊ ထက်အောက် ၂-ဖုံ နှုတ်ခမ်းတော်မြတ် အစုံသည်ကား။ အရဉ္စိတော၊ ချိပ်ရည် ဆေးပန်းဆီတို့ဖြင့် မဆိုးမလိမ်းရပါပဲလျက်။ အရုဏော၊ စိရရီလှမ်းကာ နီမြန်းလျက် ရှိတော်မူပါပေ၏။ အယံဘမုစ၊ မှင်ကေရောင်နှင့် ဖုံးနေသည့် နှစ်ဘက်လှတဲ့ ဤမျက်ခုံးတော် အစုံသည်လည်း အနာဝဥ္စိတာ၊ ကြောင့်ကြသမှု ကော့ညွတ်အောင် မပြုလုပ်ရပါပဲလျက်။ သမာနတာ၊ ကော့ညွတ်လျက် ရှိနေပေ၏။ သမာနတာ၊ ကမ္ဘာအလီလီ မပြောင်းသဒ္ဒါတွေနှင့် ညွတ်ခဲ့ပြီး ပါရမီအဖုံဖုံကို အကောင်းဖြာကာ အကြောင်းသာသာနှင့် ဆွတ်ခဲ့နိုင်လို့ (အော်) ပြောင်းကာ ကောင်းစွာသာ ကော့ညွတ်လျက် ရှိတုံပေတော့ တကား။

ယင်း အလင်္ကာကျမ်းလာချက်၌ နှုတ်ခမ်းတော်ကို ဝါစ္စထား၍ ၎င်း၏အရောင်အနီကို ဝါစကအဖြစ် (ဝါ) ကြိယာအဖြစ်ထားကာ အရာဌာနလိုက်ပြီး အရုဏကို သုံးသွားပေသည်။

## ၅။ ဋီကာဟောင်းလာ

ယင်း ဂါထာအဖွင့် အလင်္ကာ ဋီကာဟောင်းကလည်း လာခါရာဂါဒိနာ အရုဏောရတ္တော-ဟု ကိတ်ဝါစက ခေါ် ကိတ် ကြိယာဖြင့် ဖွင့်ပြထားပေ၏။

**အဓိပ္ပါယ်မှာ။** ။ချိပ်ရည်ဖြင့် မဆိုးရပါပဲလျက် အရုဏော ရတ္တော (နီ၏) ဟု ဆိုပေသည်။

## ၆။ ဋီကာသစ်လာ

ထို့ပြင် ၎င်း ဂါထာအဖွင့် အလင်္ကာဋီကာသစ်ကမူ ကေနစိရာဂေန အရဉ္စိတော သမာနော အရုဏော ရတ္တော ဟောတိ-ဟု အာချာတ် ဝါစကဖြင့် ဖွင့်ပြသွားသည်။

ဆိုလိုသည်မှာ- ဆိုးရည် တစုံတရာဖြင့် မဆိုးရပါပဲလျက် အရုဏောကို ရတ္တော ဟောတိ-နီ၏၊ ကိတ်ကြိယာအစား အာချာတ်ကြိယာဖြင့် ဖွင့်သွားသည်ဟု ဆိုလိုသည်။

ယင်း ဋီကာအလာတို့ကို ထောက်ဆ၍လည်း အရုဏအရကို နီသော အနီရောင်ဟူသော အနက်တို့ကို မယူရပဲ (နီ၏) ဟူသော ဝါစကအနက် (ဝါ) ကြိယာနက်ကိုသာ ယူကြောင်း သဘောပေါက်ရာ၏။

## ၇။ အဘိဓာန်ဋီကာလာ

သက္ကဋကျမ်းတို့မှ အဘိဓာန်ဋီကာဆရာ ဆောင်ပြထားသော(အရုဏ)ပုဒ်၏ အနက်ထူးတွေဖြစ်သော အထက်ပါ ပုဒ်တွေထဲမှ-

၁။ နီသဒ္ဒေါ၊ အသံမထွက်၊ (ဝါ) အသံမမည်၊
၂။ အနုရာဂေါ၊ ချစ်ခင် မည်သည်၊
၃။ နိဝိသာ၊ အသိပ်မရှိ၊ အသိပ်ကင်းသည်၊
၄။ ဝလ္လဘာ၊ အကျွမ်းဝင်၏။

စသော အနက်တို့သည်လည်း (ကြိယာနက်) တို့ပင် ဖြစ်ကြသည်၊ ၎င်း တို့သည် အရုဏပုဒ်၏ အနက်တွေပင် ဖြစ်၏။

## ၈။ အမရကောသ အဘိဓာန်လာ

ထို့ပြင် အမရကောသ အဘိဓာန် နာနတ္ထဂဂ်လာ (တိလိင်က) အရုဏပုဒ် သည် "အနီရောင်ရှိရာကို" ဟောနိုင်သည်ဟု အထက်တွင် ပြခဲ့သည့် အတိုင်း အနက်ဖော်သော် အရုဏော၊ အနီရောင်ရှိ၏-ဟု (တဒ္ဓိတ်ဝါစကအဖြစ်) အနက် ဖော်ရာ၏။

## ၉။ သံစကရိတ သဒ္ဒတ္ထကောဿတုဘ အဘိဓာန်လာ

ထို့ပြင် ၎င်း အဘိဓာန်လာ ရတနာဒီ ရှုတ်ထွေးခြင်းနှင့် မောက္ခာ နိဗ္ဗာန် ဟော အရုဏပုဒ်နက်ကိုလည်း (ကြိယာဟော) ပုဒ်အဖြစ် သိရာ၏။

ဆိုလိုသည်မှာ- အရုဏော၊ ရှုတ်ထွေး၏။ အရုဏော၊ ဒုက္ခမှ လွတ်မြောက်၏။ (ဝါ) ငြိမ်းအေး၏-ဟု ဆိုလိုသည်။

## ၁၀။ အပဒါန် အဋ္ဌကထာလာ

ထို့ပြင် အပဒါန် အဋ္ဌကထာ (ဒုတိယတွဲ) စာမျက်နှာ ၁၈၇-၌- .

အရုဏ ဝတိယာ နဂရေတိ အာသမန္တတော အာလောကံ ကရောန္တော ဥဏ္ဏာတိ ဥဂ္ဂစ္ဆတီတိ အရုဏော-ဟု ဖွင့်ချက် အရ အရုဏပုဒ်ကို ဝန်းကျင်ပါ လင်းရောင်ပေးကာ ထွက်ပေါ်လာသည်၊ (ဝါ) ထွက်ပေါ်လာတတ်သည်ဟု ကိတ်ဝါစကအနက်ကို ဖော်ထုတ်ပြသွား၏။

## ၁၁။ အဘိဓာန် ဋီကာလာ

ထို့ပြင် အဘိဓာန်ဋီကာ သဂ္ဂကဏ္ဍ စာမျက်နှာ ၅၇-ပါယာနံပါတ် ၆၅-လာ အရုဏပုဒ်၏ အရကို-

အရုဏ ဝဏ္ဏဟာယ အရုဏ် ဂဏှာတိပ်ိ အရုဏော-ဟု ဖွင့်ချက် အရ ယင်း အရုဏပုဒ်ကို အရုဏ်ရောင်ဝေါ် အနီရောင် အဆင်း ဖြစ်ပေါ်လာသည်၊ (ဝါ) ဖြစ်ပေါ်တတ်သည်ဟု ကိတ်ဝါစကနက်ဖြင့် ဖော်ယုတ်ပြ၏။

## ၁၂။ အဘိဓာနပ္ပဒီပိကာ သူစိလာ

ထို့ပြင် အဘိဓာနပ္ပဒီပိကာသူစိ စာမျက်နှာ ၄၃-၄၄-တို့၌-

၁။ အရတိ ဂစ္ဆတိတိ အရုဏော၊

၂။ ပါပသို့ အရတိ ဂစ္ဆတိတိ ဝါ အရုဏော။ အရ ဂပနေ ဥဏော၊

၃။ အထဝါ အရတိ ဂစ္ဆတိ သုဝဏ္ဏဘာဝေန ပဝတ္တတိတိ အရုဏော၊ အရ ပဝတ္တနေ ဥဏော-ဟု အသပဒဝိဂ္ဂဟဖြင့် ၃-ချက် ပြထားရာ-နံပါတ် ၃-ဝိဂ္ဂဟသည် ဤနေရာ၌ ယူရန် ဂဟေတဗ္ဗ ဝိဂ္ဂဟဖြစ်သည်။

ထိုအရ အရုဏ်၏ အနက်မှာ ရွှေအဆင်း အနေ ရွှေရောင် အနေဖြင့် ဖြစ်ပေါ်တတ်သည်-ဟု ပကတျတ္ထသံဝဏ္ဏနာအနက်ကို ယူရ၏။

## ၁၃။ ဝိနယာလင်္ကာရ ဋီကာလာ

ထို့ပြင် ဝိနယာလင်္ကာရဋီကာ (ပဌမတွဲ) ဝေါဟာရဝိနိစ္ဆယကထာ စာမျက်နှာ ၂၁-မှာလည်း အရတိ ဂစ္ဆတိ ရတ္တဝဏ္ဏဘာဝေန ပဝတ္တတိတိ အရုဏော-ဟု အထက်ပါ အသွားမျိုးပင် လာရှိသည်။

ယင်း အရုဏ၏ အနက်ကိုလည်း အနီရောင် အနီအဆင်းအနေဖြင့် ဖြစ်ပေါ်တတ်သည် ဟု ကိတ်ကြိယာနက် အဖြစ် ဖော်ယူရာ၏။

ဤကား အရုဏပုဒ်ကို ကိတ်ဝါစကအဖြစ်
အနက်ဖော်ပုံ အကျဉ်းတည်း။

## တဒ္ဓိတ်နှင့်သမာသ်ဝါစကအဖြစ် ဖွင့်ပြပုံများ

### ၁။ အဘိဓာနပ္ပဒီပိကာသူစိလာ

ၚင်းကျမ်း စာမျက်နှာ ၄၄-၌ အရုဏော ဝဏ္ဏော တေဿာတိတိ အရုဏော ဟု ဖွင့်ရာ၌ မူလ ကိတ်ဝါစက ဖြစ်နေသော "အရုဏ" ပုဒ်အပေါ်မှာ အဿတ္ထိ တဒ္ဓိတ်ဝါစကဖြင့် ထပ်ဆင့်နေပုံကို ပြသည်၊ ထို အခိုက် နီသော အဆင်းရှိသည်ဟု တဒ္ဓိတ်ဝါစက အနက်ပေးရာ၏၊ ဝါစ္စအနက်၊ (ဝါ) ဒြဗ်နက်အဖြစ် (ဝါ) နာမ် အနက်အဖြစ် ပေးလိုသော် အရုဏော၊ နီသော အဆင်းရှိသော အရောင်၊ "ပန်ဆင်သူ" (ဝါ) အရာဝတ္ထုစု အဘိဓေယျတ္ထ အလိုက် အနက်ပြန်ဆို ရပေသည်။

### ၂။ အဘိဓာန် ဋီကာလာ

ထို့ပြင် အဘိဓာန်ဋီကာ စာမျက်နှာ ၅၇-ဂါထာနံပါတ် ၆၅-လာ အရုဏ ပုဒ်အဖွင့်၌ အရုဏဝဏ္ဏတာယ အရုဏ ဂစ္ဆတီတိ အရုဏော-ဝါကျမှ အရုဏ ဝဏ္ဏတာယ ပုဒ်၌ အရုဏဝဏ္ဏဟု ဗဟုဗ္ဗီဟိသမာသ် ဝါစကနှင့် မူတည်ပြီး (တာ) ဟူသော တဒ္ဓိတ်ပုဒ်ဖြင့် ထပ်ဆင့်ကာ "အရုဏဝဏ္ဏတာယ" ဟု သမာသ်ဝါစက အပေါ် တဒ္ဓိတ်ဝါစက ထပ်ဆင့်ပြီး ပြထားချက်ကို ယောက်ဆပြီး ယင်း အရုဏ နှင့်တွဲလျက်ပုဒ်တို့ကို "နီသော အဆင်းရှိသည်၏ အဖြစ်" စသည် ပြန်ဆိုရာ၏။

### ၃။ ဝိနယာလင်္ကာရလာ

ထို့ပြင် ၎င်းဋီကာ (ပဌမတွဲ) စာမျက်နှာ ၂၁-လာ အရတိ ဂစ္ဆတိ ရတ္တ ဝဏ္ဏဘာဝေန ပဝတ္တတီတိ အရုဏော-ဝါကျပါ "ရတ္တဝဏ္ဏဘာဝေန" ပုဒ်၌ ဗဟုဗ္ဗီဟိ သမာသ်အပေါ် တပ္ပုရိသ်သမာသ်ဆင့်ကာ ဖွင့်ပြထားပြန်၍ ၎င်းလာ အရုဏပုဒ်ကို သမာသ်ဝါစက ၂-ထပ်သွင်း၍ အနက်ပေးရာ၏၊ ပေးပုံကား-အရုဏော၊ နီသော အဆင်းရှိသည်၏ အဖြစ်ဖြင့် ဖြစ်လာ၏-ဟု ပေးရာ၏။

### ဉာဏ်သက်လွယ်နိုင်အောင် ပုဒ်ပြောင်း၍ အနက်ပြောင်းပုံ နမူနာများ

(က) ၁။ သဒ္ဒါက သဒ္ဒေါ သဒ္ဒံ ဖြစ်နေခိုက် အနက်မှန် ပြန်ယူရပုံကိုၚင်း။
၂။ ပညာက ပညော ပညံ ဖြစ်နေခိုက် ။ ။
၃။ စိတ္တံက စိတ္တော စိတ္တာ ။ ။ ။
၄။ ဇီဝိတိန္ဒြိယောက ဇီဝိတိန္ဒြိယံ ဇီဝိတိန္ဒြိယာ ။ ။
၅။ ဝိတရာဂစိတ္တံက ဝိတရာဂစိတ္တော ဝိတရာဂစိတ္တာဖြစ်နေခိုက် အနက် မှန် ပြန်ယူရပုံကိုၚင်း။

အဘိဓေယျတ္တကို (ဝါ) အဘိဓေယျ ပိုင်ကို လိုက်၍ ပုဒ်ထပ်ချက် 'အနက်ပြန်ဆိုချက် ပြောင်းလဲ ယူရချက်တို့ကို သဘောပေါက်က ဉာဏ်သက်လွယ်နိုင်တော့သည်။

## ဒြဗ်ပုဒ်မှ ကြိယာပုဒ်ဖြစ်ကာ အနက်ပြောင်းပုံများ

အထူးအနေဖြင့် ဒြဗ်ပုဒ်သက်သက်တွေ ဖြစ်နေကြသော ပဗ္ဗတ၊ သမုဒ္ဒနှင့် ဆတ္တ၊ ပုတ္တ၊ ဝတ္တ၊ စီဝရ၊ ဃဋ္ဋ-စသည်တို့ သည်ပင် "အနေကတ္ထ ဝါစက" ဖြစ်သော (ပစ္စယ) တခုခုနှင့် တွဲဖက်ချက်ကြောင့်-

၁။ ပဗ္ဗတ-က ပဗ္ဗတာယတိ။ ၅။ ပတ္တ-က ပတ္တိယတိ။
၂။ သမုဒ္ဒ-က သမုဒ္ဒါယတိ။ ၆။ ဝတ္တ-က ဝတ္ထိယတိ။
၃။ ဆတ္တ-က ဆတ္တိဟတိ။ ၇။ စီဝရ-က စီဝရိယတိ။
၄။ ပုတ္တ-က ပုတ္တိယတိ။ ၈။ ဃဋ္ဋ-က ဃဋ္ဋိယတိ-စသည်ဖြင့်

ဒြဗ်ပုဒ်က (ဝါ) နာမ်ပုဒ်က (အာချာတ်ကြိယာပုဒ်အထိ) ဖြစ်သွားရ ဖြစ်သွားနိုင်ပုံကို ထောက်ရှုကာ "အရုဏ" ပုဒ်၏ အနက်အကျယ် ပြန့်ပုံတို့ကို သဘောသက်နိုင်ကြရာသတည်း။

## အရုဏပုဒ်အရ အထူးသုံးသပ်ရန်အချက်တခု

ရှေး၌ အကျယ်ဖော်ပြခဲ့သောအရုဏပုဒ်၏အရကို သကပက္ခ အဘိဓာန်ကျမ်းများအလိုဖြင့်၎င်း၊ ပရပက္ခ အဘိဓာန်ကျမ်းများအလိုဖြင့်၎င်း၊ သကပက္ခ အဋ္ဌကထာဋီကာကျမ်းများအလိုဖြင့်၎င်း (အနီနုရောင်)ကို တသံတည်း အခြေညီတူ ထွက်ကြပုံကို ပါဠိအဘိဓာန်ကျမ်းက-

(က) ၁။ အရုဏော ကိဉ္စိရတ္တောအရ အနီနုရောင်ကို အရုဏအရဆိုပုံ။
၂။ အရုဏောရံသိ ဘေဒေစ၊ ဗျတ္တရာဂေစ၊ လောဟိတေ အရဖြင့်လည်း အနီနုရောင်နှင့် အနီရောင်ကို အရုဏအရဆိုပုံကို၎င်း။

(ခ) အလင်္ကာကျမ်းက ၁-အရုဏရံသိဝ၊ ၂-နာယနာ ရုဏတာဒီဟိတို့ဖြင့်၎င်း။

(ဂ) အလင်္ကာဋီကာဟောင်းက သုပက္ကဗိမ္ဗဖလောပမံဖြင့်၎င်း။

(ဃ) ၎င်းဋီကာသစ်က နာယနာရုဏတာဒီဟိ နေတ္တရတ္တတို့ဖြင့်၎င်း။

(င) ဇာတ်အဋ္ဌကထာက ရတ္တသုဝဏ္ဏတာယဖြင့်၎င်း။

(စ) ဝိမတိဋီကာက အရုဏောတိစေတ္ထ ဝဆုနဃနရတ္တောဖြင့်၎င်း။

(ဆ) ဝိနယာလင်္ကာရ ဋီကာက ဝဓုန ဃနရတ္တော ပဘာဝိသေသော ဖြင့်ရင်း။
(ဇ) ဝိသုဒ္ဓိမဂ် အဋ္ဌကထာက အရုဏဝဏ္ဏမတ္တိကာယဖြင့်ရင်း။
(ဈ) ၎င်းမဟာဋီကာက အရုဏပ္ပဘာဝဏ္ဏာယဖြင့်ရင်း။
(ည) ဓမ္မပဒအဋ္ဌကထာက အရုဏဝတီမတ္တိကံ အာဟာရဖြင့်ရင်း။
(ဋ) ပေတဝတ္ထု အဋ္ဌကထာက ၎င်းဖြင့်ရင်း။
(ဌ) ပါရာဇိကကဏ် အဋ္ဌကထာက ၎င်းဖြင့်ရင်း။
(ဍ) သာရတ္ထဒီပနီဋီကာက ၎င်းဖြင့်ရင်း။
(ဎ) ဒီပဝံသက ၎င်းဖြင့်ရင်း။
(ဏ) ဥဒါန်းအဋ္ဌကထာက အရုဏပ္ပဘာယဖြင့်ရင်း။
(တ) မဇ္ဈိမပဏ္ဏာသဋီကာက အရုဏပ္ပဘာဖြင့်ရင်း။

အနီနုရောင်နှင့် အနီရောင်ကို အရုဏအရဆိုပုံတို့ကို အကျယ်ဖော်ပြခဲ့လေပြီ။ သို့ရာတွင် အောက်ပါ အဋ္ဌကထာ ၂-ကျမ်းလာ (အရုဏ)ပုဒ်၏ အရသည် (အနီရောင်)ဖြစ်သင့် မသင့်ကို ပုံစံဖြင့် သုံးသပ်ကြပါစို့။

### ၁။ မဟာနိဒါနသုတ်

ဒီဃနိကာယ မဟာဝဂ္ဂ အဋ္ဌကထာ မဟာနိဒါနသုတ် အဖွင့် စာမျက်နှာ ၄၃-၌ အရုဏပ္ပဘာရဉ္ဇိတေ ဂဂနပ္ပဒေသေ ဩသဓိ တာရကာဝိယစ။ အတိ မနောဟရာယ သိရိယာ ဝိရောစတိ-ဟု လာ၏။

၎င်းလာ အရုဏပ္ပဘာရဉ္ဇိတေ စာပိုဒ်မှ (အရုဏပ္ပဘာ)၏ အရကို (အနီရောင်)ဟု ယူသင့်-မယူသင့် စဉ်းစားထိုက်ပေသည်။

အကြောင်းကား- ၁။ ၎င်းစာပိုဒ်နှင့် အခြား စာပိုဒ်တို့သည် “အရုဏ်တက်”ဆိုင်ရာ ရောင်နီတက်ကိစ္စကို ဖော်ပြသောနေရာမဟုတ်ပဲ “ဥဏ္ဏာ” ခေါ် မျက်မှောင်ကြားရှိ (အဖြူရောင်ရှိသော) မွေးရှင်တော် ကိစ္စကို ဖော်ပြနေရာ ဖြစ်နေသည်က တကြောင်း။

၂။ ၎င်းအဖွင့် ဩဒါတာတိ ပရိသုဒ္ဓါ၊ ဩသဓိ တာရက သမာန ဝဏ္ဏာ-ဝါကျဖြင့်လည်း အဖြူရောင်စာရင်းဝင် လရောင်၊ ကြယ်ရောင်တို့နှင့် အရောင်တူဟု ဖွင့်ပြချက်ကတကြောင်း။
၃။ ရဇတ ပဋ္ဋပုဉ္ဇကံဝိယ-အရဖြင့်လည်း ငွေရည်မြှုပ်၊ ငွေရည်ပွက် အဆင်းကို ပြည့်နေခြင်းကတကြောင်း။

၄။ ခီရဓာရာဝိယ- အရဖြင့်လည်း နို့ရည် အဆင်းကို ပြထားခြင်းကြောင့် တကြောင်း။

ဤသို့ ဥဏ္ဏာခေါ် ဥဏ္ဏလုံ မွေးရှင်တော်၏ ပင်ကို အရောင်က (အဖြူ ရောင်)ဖြစ်နေ၍ ယင်းအဖြူရောင်တွေ ဖြစ်နေကြသော ကြယ်ရောင်၊ငွေရောင်နှင့် နို့ရည်ရောင်တို့ကို ဥပမာဆောင်ပြနေချက်တို့ကြောင့် ယင်းအဋ္ဌကထာ (အရုဏ) ၏ အရသည် (အရုဏ်နီရောင်ကို) မဆိုလိုပဲ (နေရောင်ဖြူကိုသာ) ဆိုလိုကြောင်း (တပိုင်း) သုံးသပ်သင့်ပေသည်။

ထို့ပြင် အထက်တွင် အကျယ်ပြခဲ့သော (အရုဏ) ပုဒ်၏ အရများစွာ တို့တွင် (နေ) ကိုလည်း ရကြောင်း အဘိဓာန်ဋီကာနှင့် သက္ကဋ အဘိဓာန်တို့ ကလည်း ဖော်ပြထားကြသဖြင့် ဤ ဒီဃနိကာယ်လာ (အရုဏပ္ပဘာရဉ္စိတေ)မှ အရုဏအရ (နေ)ကို ယူ၍ (ပဘာ) အရ ယင်း နေ၏အရောင် များစွာထဲက အထက်ပါ (ဥပဓာနပုဒ်တွေ)အရ (အဖြူရောင်)ကို ယူမှသာ ဥဏ္ဏလုံ မွေးရှင် တော်၏ အရောင်အရနှင့် ကိုက်ညီပေမည် တပိုင်း။

ယင်းအကြောင်းတွေကို ထောက်ပြီး အနက်ပေးခဲ့သော်-

အရုဏပ္ပဘာရဉ္စိတေ၊ နေ၏ အဖြူရောင်ဖြင့် လိမ်းကျံထားသော။ ဂဂနပ္ပ-ဒေသေ၊ ကောင်းကင်ပြင် နယ်တခွင်၌။ ဩသဓိ တာရကာဝိယစ၊ လနှင့်ကြယ် ရောင်တွေကဲ့သို့ရင်း။ အတိမနောဟရာယ၊ စိတ်နှလုံးကို လွန်စွာ ဆွဲဆောင်နိုင် ပေသော။ သိရိယာဝိယစ၊ အသရေ ရောင်ကဲ့သို့ရင်း။ ဝိရောစတိ၊ တင့်တယ် တော်မူပေ၏။ ဝိရောစတိ၊ အရင့်နယ်မှာ အခွင့်ကြယ်ပေ အဝဝ၊ မြင့်ထယ် အသရေတွေကြွနေ၍၊ အော်.... တင့်တယ်တော်မူလှပါပေတကား-ဟု ပေးသင့် တော့သည်။

ဤသို့ ယူမှသာ ဥပမေယျ (ဥဏ္ဏာ) အရနှင့် ဥပမာနပြ လ, ကြယ်, ငွေ, နို့ရည်တို့သည် (ဝိရောဓိ) မဖြစ်ပဲ လိုက်လျော ကိုက်ညီနိုင်၍ ယင်း အဋ္ဌကထာ လာ (အရုဏ) ၏အရကို အဖြူရောင်၏မှီရာ (နေ) ကိုယူ၍ (ပဘာ) ၏ အရကို (အဖြူရောင်ကို) ယူခဲ့လျှင် ဥပမေယျနှင့် ဥပမာနတို့ အရသည် သဘာဝဆိုက်၍ ကိုက်ညီကြမည်ကို ပညာရှင်တို့ သတိမူသင့်တော့သည်။

### မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာလာ

ထို့ပြင် မဇ္ဈိမနိကာယ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဗြာဟ္မဏဝဂ် ဗြဟ္မာယု သုတ်အဖွင့် စာမျက်နှာ ၂၆၄-လာ "ဥဏ္ဏာ"ပုဒ်၏ အဖွင့်မှာလည်း အထက်ပါ

ဋ္ဌာသယ ၅၉၅-၁၇

ဒီဃနိကာယလာနှင့် ပုံစံတူ ဖြစ်ကြ၍ အထက်ပါ အတိုင်း ထပ်တူသုံးသပ်နိုင်ကြပြီ။

## အရဏာအတွက် တခန်းရပ်ခြင်း

အထက်၌ ဖော်ပြပါ အချက်စုသည် အရဏာ၏ အရောင်အရကို သာဓကတို့ဖြင့် ရှင်းလင်းပြခြင်း၊ အရဏာပုဒ်၌ အနက် အဖွံ့ဖုံ ရှိနေပုံတို့ကို ကျမ်းဂန်စုံတို့ဖြင့် ဖော်ပြပေးခြင်း၊ အရဏာ-အရကို ဌာနအလိုက် အသုံးအမျိုးမျိုးရှိနေပုံတို့ကို ခွဲခြားဖော်ပြခဲ့ခြင်းတို့ ဖြစ်သည်။

ထို့ပြင် ယင်း အရဏာ အတွက် အသေးစိတ် သိမြင်နိုင်ကြအောင် ပဌမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် အနေဖြင့် ၃-ဆင့်ခွဲခြားကာ အဆင့်ဆင့် စီစစ်ဖော်ပြခဲ့ပေပြီ၊ နောက်ပိုင်း၌ (အရဏာတက်ချိန်) ကို စီစစ်ဖော်ပြရပေဦးမည်။

ဤမျှခွဲခြား ဖော်ပြလိုက်သဖြင့် အရဏာ-အရ သိမှတ်ဖွယ်ရာတို့သည် ပြည့်စုံလုတမျှ ရှိနေ၍ ဤမျှဖြင့် တခဏ်းရပ်လိုက်တော့သည်။

စတုတ္ထဆင့်နှင့်တကွ ပဌမပိုင်း ဤတွင်ပြီး၏။

# ဒုတိယပိုင်း

## နံနက်ပိုင်းဆိုင်ရာ အချိန်ဟောပုဒ်များကို စိစစ်ခြင်း

နံနက်ပိုင်းအတွက် အသုံးပြုနေကြသော အချိန်ဟောပုဒ်တွေ များစွာရှိနေရာ ယင်း အချိန်ဟောပုဒ်တွေကို ခွဲခြား၍ သိမြင်ပါက အရုဏ်တက်ချိန်ကို မှတ်ယူရန် လွယ်ကူပေမည်၊ ထို့ကြောင့် နံနက်ပိုင်းဆိုင်ရာ အချိန်ဟော အချိန်ပြပုဒ်တွေကို ထုတ်နုတ်ပြီး စိစစ်ပြပါဦးအံ့။

### နံနက်ပိုင်း အချိန်ပြပုဒ်များ

၁။ ပါတော၊ ပါတောဝ၊ အတိပါတော။
၂။ အတိပ္ပဂေ၊ အတိပ္ပဂေဝ။
၃။ ပဘာတံ၊ ဝိဘာတံ။
၄။ ပစ္စူသော၊ ဗလဝပစ္စူသော။
၅။ ရတ္တိယာ ပစ္စူသ သမယေ။
၆။ ပုဗ္ဗဏှော၊ ပုဗ္ဗဏှသမယော၊ ပုဗ္ဗန္ဟော။
၇။ ရတ္တာဝ သေသံ။
၈။ ရတ္တိယာ အဝသေသံ စုလ္လဒ္ဓါနံ။
၉။ ရတ္တိယာ အစ္စယေန။
၁၀။ ကာလဿေဝ၊ ပဋိကစ္စေဝ-စသည်တို့ ဖြစ်သည်။

၎င်း တို့၏ အဓိပ္ပါယ်ကို အစဉ်အတိုင်း ရှင်းလင်း ဖော်ပြသွားပါအံ့။

### က-အဘိဓာန်ကျမ်းများ အဆို

#### ၁။ ပါတောပုဒ်

၁။ အဘိဓာန်ကျမ်း အဗျယဝဂ် ဂါထာနံပါတ် ၁.၁၅၂-၌ ပါတော ပဂေ သမာ-ဟု ဆိုသဖြင့် နိပါတ်ပုဒ်ဖြစ်သော ပါတောနှင့် ဂဂေ ၂-ပုဒ်လုံးသည် (နံနက်စော) ဟူသော အနက်တူ ဖြစ်ကြသည်ဟု ဆိုထားသည်။

၎င်းကို (က) နိဿျဟောင်းရေး ကျော်အောင်စံထား ဆရာတော် ကမူ ပါတော၊ နံနက်။ ပဂေဝ၊ နံနက်။ သမာ၊ အနက်တူကုန်၏- ဟု အနက်ပြန် ဆိုသည်။

(ခ) နိသျှသစ်ရေး အဘယာရာမ ဆရာတော်ကမူ ပါတော-ပဂေဇ္ဇမေ၊ ပါတောနှင့် ပဂေ ဤ ၂-ပုဒ်တို့သည်။ သမာ၊ နံနက်စောစော ဟူသော အနက် အားဖြင့် တူကုန်၏-ဟု ပြန်ဆိုသည်။

(ဂ) ပါဠိ အဘိဓာန်ချုပ်ရေး လယ်တီပဏ္ဍိတ ဦးမောင်ကြီးကမူ ပါတော၊ (ဗျ) နံနက်စောစော-ဟု ပေးပြီး ပါတော သဒ္ဒါ၊ နံနက်ဆည်းဆာ (အရုဏ် တက်) ဟု ပေးသည်။

(ဃ) ပဒတ္ထမဥ္ဇူသာ အဘိဓာန်ဆရာ ဦးဟုတ်စိန်ကမူ ပါတော၊ (နိ) နံနက် အခါ၌ နံနက်စောစော၌-ဟု ပေးသည်။

၂။ အဘိဓာနပ္ပဒီပိကာသူစိ-ရေး ဆရာကမူ၊ ပါတော၀ ပိဏ္ဍာယ ပါဝိ- သိတျာဒီသု ပုဗ္ဗဏှေ-ဟု ဖွင့်ပြသဖြင့် ရှေ့ပိုင်းအချိန်ဟု ဆိုလိုသည်။ ပါတောနှင့် ပုဗ္ဗဏှလည်း အနက်တူဟု ဆိုလိုသည်။

၃။ သက္ကဋ- အမရကောသ အဘိဓာန် အဗျယဝဂ် မှာလည်း ပဂေနှင့် ပါတော ၂-ပုဒ်တို့သည် နံနက် စောစောကိုပင် ဟောသည်ဟုဆိုသဖြင့် ပါဠိ အဘိဓာန်နှင့် ထပ်တူပင် ပြဆိုသည်။

၄။ ဆံစကရိတ သဒ္ဒတ္ထကောဇ္ဈတုဘ အဘိဓာန်မှာလည်း အဗျယပါတော ပုဒ်သည် နံနက်ပိုင်းကိုရင်း၊ နေ့၏ ရှေ့ဦးပိုင်း အချိန်ကိုရင်း ဟောကြောင်း လာရှိသည်။

ထို့ပြင် ပလ္လိင်ပါတရသောပုဒ်သည်ကား နံနက်ပိုင်းအစာကိုဟောကြောင်း လာရှိသည်။

၅။ ဘာဂဝဒ်၏ ဟိန္ဒူ အဘိဓာန်မှာကား ယင်းပါတောပုဒ်သည် နံနက် စောအချိန်ကိုရင်း၊ အရုဏ်တက်ချိန်ကိုရင်း ဟောကြောင်းပြထားသည်။ထို့ပြင် (ကမ္မ)နှင့် တွဲ၍ (ပါတောကမ္မံ)ဟု နေသော်၊ နံနက်စောချိန်ရှိ ဘာသာရေး လုပ်ငန်းကို ပြဆိုပေသည်။

၆။ ထို့ပြင် ဒေါက်တာ-ဂျပ်ဆင်၏ မြန်မာ အင်္ဂလိပ်အဘိဓာန်မှာမူ-

က။ နံနက်စော - early Morning.

ခ။ စောစောကြီး - very early.

ဂ။ စောစောစီးစီး - early,

ဃ။ လင်းအားကြီး - to be near dawn or to break as the day ဟု ပြထားပေသည်။

၇။ ထို့ပြင် oxford အဘိဓာန်မှာကား စောလျသော စောနေသောဟု (နာမဝိသေသန)အနေဖြင့်၎င်း၊ အစောကြီး စောစောစီးစီးဟု (ကြိယာ ဝိသေသန) အနေဖြင့်၎င်း ပြဆိုရာမှာ ဒေါက်တာ – ဂျပ်ဆင် ပြချက်နှင့် ထပ်တူ ပြထားပေသည်။

၈။ ထို့ပြင် chamber ချိမ်းဘား အဘိဓာန်မှာကား နံနက်စောချိန်ကို ပြရာ၌ နေ့၏ ပဌမပိုင်းအဖြစ်ဖြင့်၎င်း၊ နံနက်ချိန်အတွက် နေရာယူထားသည် အဖြစ်ဖြင့်၎င်း၊ နေမထွက်မီ အချိန်အဖြစ်ဖြင့်၎င်း၊ စောစောပိုင်း အဖြစ်ဖြင့်၎င်း၊ နံနက် ၄-နာရီနှင့် ၈-နာရီကြား အချိန်ဖြင့်၎င်း ဖွင့်ပြထားလေသည်။

၉။ ထို့ပြင် ရိုဖက်ဆာ အာရ်- စီ- ပတ်သက်၏ အင်္ဂလိပ် ဟိန္ဒီအဘိဓာန်မှာကား အထက်ပြထားပြီး အဘိဓာန်လာ တို့နှင့် ခပ်ဆင်ဆင်ပင် ပြထားပေသည်။

ဤသည်တို့ကား (ပါတော)ပုဒ်၏အနက်ကို သကပက္ခ၊ ပရပက္ခ အဘိဓာန်တို့မှ ဖော်ပြကြပုံ နမူနာပင်တည်း။ ပိဋကတ်ကျမ်းလာ (ပါတော)၏အနက်ကို အောက်၌ ဆက်၍ရှုပါလော့။

## (ခ) ပိဋကတ်ကျမ်းများလာ ပါတောပုဒ်အနက်

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော် ၄-ရာဇဝဂ် ဗောဓိရာဇကုမာရသုတ် စာမျက်နှာ ၃၀၀-တွင်–

> ဣမေဟိ ပဉ္စဟိ ပဓာနိယင်္ဂေဟိ သမန္နာဂတော ဘိက္ခု တထာဂတံ ဝိနာယကံ လဘမာနော သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတိ၊ ပါတ မနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ-

စသည်လာ၏။

၎င်းပါဠိတော်လာ သာယံ-အရ-ညဘက် အချိန်ကိုပြ၍ ပါတောအရဖြင့် နံနက်ဘက် အချိန်ကို ပြည့်နှံ့ရာ အတိအကျ သိမြင်ရန်ကို အောက်ပါအဖွင့်ဖြင့် သိနိုင်ပေမည်။

၂။ ၎င်းအဖွင့် မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ စာမျက်နှာ ၂၂၆-တွင်–

(က) သာယံ အနုသိဋ္ဌော ပါတော ဝိသေသံ အဓိဂမိဿတီတိ အတ္ထင်္ဂတေ သူရိယေ အနုသိဋ္ဌော "အရုဏုဂ္ဂမနေ" ဝိသေသံ အဓိဂမိဿတိ။

(ခ) ပါတ မနုသိဋ္ဌော သာယန္တိ အရုဏုဂ္ဂမနေ အနုသိဋ္ဌော သူရိ-
ယတ္ထင်္ဂမနဝေလာယံ-

ဟု ဖွင့်ပြထားသဖြင့်-

(အေ) ပါတော-၏အရကို (အရုဏ်တက်ချိန်ကို) ဆို၍၊

(ဘီ) သာယံ-၏အရကို (နေဝင်ချိန်)ဆိုကြောင်း သိသာတော့သည်။

၎င်းကိုထောက်၍ "ပါတော"ပုဒ်ဖြင့်ပြဆိုသော အချိန်ကို ကောက်ယူနိုင်ကြ
ပေပြီ။

သတိပြုဖွယ်။ ။ပါတော-ဟူသော နိပါတ်ပုဒ်ကို ပါဠိတော်နှင့် အဋ္ဌကထာ
တို့၌(ပါတံ)ဟု ပြည့်နှံချက်သည် သတိချပ်ဖွယ်တရပ်တည်း၊ စက္ခာပါထံ
ကဲ့သို့ (ပါတမနုသိဋ္ဌော)ဟု ရှိနေက ပို၍ ရှင်းတော့သည်။

၃။ ထို့ပြင် သံယုတ္တနိကာယ သဂါထာဝဂ္ဂသံယုတ် ၃-ကောသလသံယုတ်
ပါဠိတော် ဒုတိယဝဂ် ပဥ္စရာဇသုတ် စာမျက်နှာ ဂ၁-၌-

ပဒုမံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ။

၎င်းလာ "ပါတော" ၏ အရကို-

၄။ ၎င်း သံယုတ် အဋ္ဌကထာ စာမျက်နှာ ၁၃၉-၌ ပါတောတိ-
ကာလဿေဝ-အရ အစောပိုင်း အချိန်မျိုးကို ပြ၏၊ သို့ရာတွင် အောက်ပါအဖွင့်
တို့ဖြင့် သိသာနိုင်ပေမည်။

၅။ ထို့ပြင် အင်္ဂုတ္တရပါဠိတော် ပဉ္စကနိပါတ စတုတ္ထပဏ္ဏာသက ၂၀-
ဗြာဟ္မဏဝဂ် ပိင်္ဂိယာနီသုတ် စာမျက်နှာ ၂၀၉-လာ-

ပဒ္မံ ယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တမာဒိစ္စမိဝန္တလိက္ခေ။

၎င်း ပါဠိတော်လာ ပါတော ၏ အရကို-

၆။ ၎င်း အဖွင့် အင်္ဂုတ္တရ အဋ္ဌကထာ (တတိယတွဲ) စာမျက်နှာ ၇၁-၌-
ပါတောတိ- ပဂေဝ သူရိယုဂ္ဂမနကာလေ-ဟု ဖွင့်ပြသဖြင့် (နေမထွက်ပေါ်မီ
နံနက်စောချိန်ကို) ပါတော-အရ ဖြစ်သည်ဟု ညွှန်ပြထားလေသည်။

၇။ ထို့ပြင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ဒုတိယတွဲ) ၁၂-ဣဒ္ဓိနိဒ္ဒေသ စာမျက်နှာ
၁၆-မှာလည်း ၎င်း အထက်ပါ ဂါထာကိုပင် ကိုးကားပြထားသည်။

၈။ ၎င်းလာ ပါတော ၏အရကို ၎င်းအဖွင့် မဟာဋီကာ (ဒုတိယတွဲ) စာမျက်နှာ ၂၁-၌-

ပါတောတိ ပဂေဝ၊ အယဥ္စတ္ထ အတ္ထော၊ ယထာ ကောကနဒ သန်ါတံ
ပဒုမံ ပါတော သုရိယုဂ္ဂမနသ ဝေလာယံ ဖုလ္လံ ဝိကသိတံ-

စသည်ဖြင့် ဖွင့်ပြထားသည်။

ဤဋီကာ အလို ပါတော-၏ အချိန်သည် နေထွက်ပေါ်ချိန်ကို ပြထားသဖြင့် အထက်ပါ အဋ္ဌကထာတို့နှင့်(ကွဲပြား ခြားနားနေချက်ကို) သတိပြုရန်ဖြစ်သည်။

မှတ်ချက်။ ။ဝိသုဒ္ဓိမဂ် နိသျရေး ပြည်ဆရာတော်ကြီးကမူ ပါတော၊ နံနက် နေတက် အခါ၌-ဟု ဆိုသွားသဖြင့် ဋီကာကို ကြည့်ပေးပုံ ရသည်၊ အင်္ဂုတ္တရအဋ္ဌကထာဖွင့် (ပဂေဝ) သဘော မပါရှိသဖြင့် အရုဏ်တက်ပြီး ချိန် (ဝါ) နေထွက်ချိန် ဆိုရာ ကျသွားတော့သည်။

၉။ ထို့ပြင် ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ (ပဌမတွဲ) အပ္ပမာဒဝဂ် စူဠပန္ထကထေရဝတ္ထု စာမျက်နှာ ၁၁၅-မှာလည်း အထက်ပါ ဂါထာလာရှိ၍ အလားတူ သိနိုင်တော့သည်။

## ၁။ ပါတောဝနှင့် အတိပါတော

ဖော်ပြပါ ပါတော ပုဒ်၏ အရကို ထောက်ဆ၍ ပါတောဝ၊ စောစောကပင် စောစောကြီးကပင်။ အတိပါတော၊ အလွန်စောစွာ, စောစောစီးစီးကြီး- စသော အနက်တို့နှင့် ၎င်း၏ အချိန်ပြကို (ပါတော) အရ ထောက်ဆပြီး သိနိုင် တော့၍ မချဲ့တော့ပဲ ဤမျှဖြင့် တခန်းရပ်လိုက်၏။

## ၂။ အတိပ္ပဂေါနှင့် အတိပ္ပဂေါခေါ် အစိပ္ပါယ်

၎င်း အတိပ္ပဂေါ-ပုဒ်သည် အတိနှင့် ပဂေမှလာရာ အတိ-က ဥပသာရပုဒ်၊ ပဂေ-က နိပါတ်ပုဒ်၊ ယင်း ၂-ပုဒ် တွဲစပ်၍ အတိပ္ပဂေ-မှ "အတိပ္ပဂေါ"ဖြစ်လာ သည်၊ ယင်း ၂-ပုဒ်လုံးပင် (အဗျယ) ပုဒ် ဖြစ်နေသည်။

ယင်း ပဂေ-သည် ပါတော ပဂေသမာ-ဟု ပါဠိအဘိဓာန်နှင့် အမရကောသ အဘိဓာန်တို့ လာချက်အတိုင်း "စောစော" အနက်ကို ဟောသဖြင့် ဌာနာရဟ အရာဌာနကို လိုက်ကာ လျော်ကန်အောင် ယူရပေမည်။

ထိုအရ အတိ၊ အလွန်, လွန်စွာ, ပဂေါ၊ စောသေး၏-စသည်ဖြင့် လျော်သလို အနက်ပေးရာ၏၊ ပုံစံကား-

ဒီဃနိကာယ ပါထိကဝဂ္ဂ ပါဠိတော် ပါထိကသုတ် သုနက္ခတ္တ ဝတ္ထု စာမျက်နှာ ၁-၌-

အထခေါ ဘဂ္ဂဝတော တေဒဟောသိ၊ "အတိပ္ပဂေါ ခေါ" တာဝ အနုပိယာယံ ပိဏ္ဍာယ စရိတုံ၊ ယံနူနာဟံ ယေန ဘဂ္ဂဝဂေါတ္တဿ ပရိဗ္ဗာဇကဿ အာရာမော၊ ယေန ဘဂ္ဂဝဂေါတ္တော ပရိဗ္ဗာဇကော၊ တေနုပသင်္ကမေယျန္တိ။

ဤပါဠိတော်လာ "အတိပ္ပဂေါခေါ" အရ (စောလွန်းသေးသည်) ဟု ဆိုသည်မှာ အနုပိယနိဂုံးနေ၌ မြို့ငယ်ကလေးသို့ ဆွမ်းခံဝင်ဘို့ရန်သာ စောလွန်း သေး၏-ဟု ဆိုလိုသဖြင့် အရုဏ်တက်ချိန်နှင့် (မပတ်သက်) ဟု သတိပြုရာ၏။

က။ ၎င်းအဖွင့် အဋ္ဌကထာကလည်း အတိပ္ပဂေါခေါတိ အတိဝိယ ပဂေါ ခေါ၊ နံ တာဝ ကုလေသု ယာဂုဘတ္တံ နိဋ္ဌိတန္တိ-ဟု ဖွင့်ချက်ဖြင့်၊ ဆွမ်းခံအိမ် တို့မှာ ယာဂုကိစ္စ ဆွမ်းကိစ္စစု ကြို-ချက်မှုမပြီးနိုင်သေး၊ (ဝါ) ပြီးချိန်မဟုတ် သေးဟု ဆိုသဖြင့် သိသာနိုင်ပေပြီ။

ခ။ ၎င်း၏အဖွင့် ဋီကာကလည်း အတိဝိယ ပဂေါခေါတိ အတိဝိယ ပါတောဝ-ဟု ဖွင့်ပြပြန်သဖြင့် အရုဏ်ကိစ္စမဟုတ်ပုံ သိသာနိုင်ပေပြီ။

ဤ၌ "အတိပ္ပဂေါခေါ" ပုဒ်၏အဓိပ္ပါယ်ကို သိနေကြပြီဖြစ်၍ ကျန် အတိပ္ပ ဂေါပုဒ်၏ အနက်အဓိပ္ပါယ်ကိုလည်း သိနိုင်ပေတော့ပြီ။

ဤကား နံပါတ် ၂၊ အတိပ္ပဂေါနှင့် အတိပ္ပခေါ-ဟူသော (နံနက်ချိန်ပြ) ပုဒ် ၂-ခုတို့၏ အခြေအနေနှင့် သဘောအဓိပ္ပါယ်ကို ဖော်ပြချက်ပေတည်း။

## ၃။ ပဘာတံနှင့် ဝိဘာတံအဓိပ္ပါယ်

ယင်းပုဒ်တို့၏အနက်ကို ပါဠိ အဘိဓာန် သဂ္ဂကဏ္ဍ ဂါထာနံပါတ် ၆ဂ-၌ ပဘာတဉ္စ ဝိဘာတဉ္စ၊ ပစ္စူသော ကလ္လမပျထ-ဟု ဆိုချက်အရ ယင်း ၄-ပုဒ် လုံးသည် (မိုးသောက်ချိန်)ကို ဟောကြောင်း ပြထားလေသည်။ ၎င်းကို-

(က) အဘိဓာန်နိဿယဟောင်းက ဤ ၄-ပုဒ်လုံးသည် အလင်း မိုးသောက် ကိုပြသည်ဟု ဆိုသည်။

(ခ) အဘိဓာန် နိဿယသစ်ကမူ မိုးသောက် မိုးလင်းဟု ပေးထားသည်။

၁။ အမရကောသအဘိဓာန်မှာကား ပဘာတံ၊ကလ္လံ၊ ဥသော၊ အဟမုခံ၊ ပစ္စူသော၊ ဤ ၅-ပုဒ်တို့သည် မိုးသောက်ဟော-ဟု လာသည်။ ၎င်းအဘိဓာန်၌ (ဝိဘာတံ)ပုဒ် မပါရှိပေ။

၂။ ဆံစကရိတသဒ္ဒတ္ထ ကောဝ္ထတုဘာ အဘိဓာန်မှာလည်း အမရကောသ အဘိဓာန်နှင့် အနက်တူပြထားလေသည်။

ယင်း အဘိဓာန်တို့ကို ထောက်ဆ၍ ပဘာတံ၊ ဝိဘာတံ၊ ကလ္လံ၊ ပစ္စူသ၊ ၄-ပုဒ်တို့သည် (နံနက်စော အချိန်ပြ)ပုဒ်တို့ပင် ဖြစ်ကြသည်။

သို့ရာတွင် နံပါတ် ၄-ပြ ပစ္စူသအရနှင့် ဗလဝပစ္စူသအရတို့သည် အရဏ်တက်ချိန်နှင့်ဆက်စပ်နေရာ အောက်တွင် အကျယ်ဖော်ပြမည် ဖြစ်သဖြင့် ယင်းနံပါတ်စဉ် ၄-နှင့်စပ်သော ပစ္စူသနှင့် ဗလဝပစ္စူသ အရတို့ကို ဤနေရာတွင် မပြဆိုသေးပဲ နံပါတ် ၅-လာ ရတ္တိယာ ပစ္စူသ သမယေပုဒ်တို့ကိုသာ ကျော်၍ ပြသွားပါအံ့။

ဤကား နံပါတ် ၃၊ ပဘာတံနှင့် ဝိဘာတံတို့၏ အဓိပ္ပါယ်တည်း။

## ၅။ ရတ္တိယာ ပစ္စူသ သမယံ အဓိပ္ပါယ်

၁။ ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂ ပါဠိတော် ဗြဟ္မဇာလသုတ် စာမျက်နှာ ၂-၌ အထခေါ သမ္ဗဟုလာနံ ဘိက္ခူနံ ရတ္တိယာ ပစ္စူသ သမယံ ပစ္စုဋ္ဌိ-တာနံ အယံ သံခိယ ဓမ္မော ဥဒပါဒိ။

လိုရင်းပုဒ်အနက်- ရတ္တိယာ၊ ညဉ့်၌။ (ဝါ) ညဉ့်၏။ ပစ္စူသ သမယံ၊ မိုးသောသောအခါ၌။ ပစ္စုဋ္ဌိတာနံ၊ အိပ်ရာမှနိုးကြ ထကြကုန်သည်ဖြစ်၍။ (ဝါ) နိုးကြ ထကြကုန်သော။ သမ္ဗဟုလာနံ၊ များစွာကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။

သတိချပ်ဖွယ်။ ။ဤ "ပစ္စူသ သမယ"ကို ပညာရှိများ အနက်အသီးသီး ပေးထားကြရာ ၎င်း၏အနက်ပေးချက်နှင့် ဆိုလိုချက်တို့ ထူးခြားဟန်တို့ကို သတိချပ်မိရန် အောက်တွင် ဖော်ပြပေးပါဦးအံ့။

### ပစ္စူသသမယပုဒ်တို့၌ အနက်ပြန်ဆိုကြပုံ အဖုံဖုံ

၁။ ကောဇာ ၆၀၇-ခု၊ လွန်ခဲ့သော နှစ်ပေါင်း ၆၅၀-ခန့်က ပုဂံမြို့ ရွှေကျောင်း ဆရာတော်ရေး သီလက္ခန္ဓ ပါဠိတော် နိဿျ၌ ပစ္စူသသမယံ-မိုးသောက် အခါဟု ပြန်ဆိုသည်။

၂။ ပုဇွန်းကြီး နေရင်း အရှင်အရိယာလင်္ကာရဆရာတော်ရေး ဒီဃနိကာယ် သီလက္ခန္ဓပါဠိတော်နှင့် မဟာဝဂ္ဂပါဠိတော်တို့၌ မိုးသောက်အခါ၌ မိုးသောက်ထ အခါ၌ဟု ပြန်ဆိုသည်။

၃။ ပခုက္ကူ မအူဆရာတော်ရေး ပါရာဇိကဏ်အဋ္ဌကထာ၌ မိုးသောက်ထ အခါ၌ဟု ပြန်ဆိုသည်။

၄။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိသျရေး ပြည်-ဆရာတော်ကြီးကမူ၊ ၎င်းနိသျ (တတိယတွဲ)၌ နံနက်စောစော၌ဟု ပြန်ဆိုသည်။

၅။ မြင်းခြံခရိုင် တောင်သာမြို့ ငှက်တွင်းချောင်ကျောင်း ကျွန်းရွာ ဆရာ တော်ရေး ပါရာဇိကဏ်အဋ္ဌကထာ မဟာနိသျသစ်၌ကား မိုးသောက်ယံ အခါ ၌ဟု ပြန်ဆိုသည်။

၆။ ပဌမ ကျော်အောင်စံထား ဆရာတော် ၁၁၀၀-ခု၊ ရေးပြီးသည့် အဘိဓာန် နိသျပောင်း၌ကား- အလင်း မိုးသောက်ချိန် (ဝါ) မိုးသောက် အလင်းချိန်ဟု ပြန်ဆိုထားသည်။

၇။ မန္တလေး အဘယာရာမ ရွှေဂူဆရာတော်ရေး အဘိဓာန်နိသျသစ်၌မူ မိုးသောက်ချိန် မိုးလင်းချိန်ဟု ပြန်ဆိုသည်။ ၎င်းကျမ်းကို ကောဇာ ၁၂၇၀-ခုနှစ် ရေးသားသည်။

၈။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေး ပါဠိအဘိဓာန်ချုပ်၌ မိုးသောက်ချိန်၊ မိုးလင်းချိန်၊ အရုဏ်တက်ချိန်ဟု ပြန်ဆိုထားသည်။

၉။ ဦးဟုတ်စိန်ရေး ပဒတ္ထမဉ္ဇူသာ အဘိဓာန်၌ မိုးသောက်သောအခါ မိုးသောက်ယံအခါဟု ပြန်ဆိုထားသည်။

၁၀။ မဟာဝဂ္ဂပါဠိဒေတာ် ဆဋ္ဌ မြန်မာပြန်၌မူ ညဥ့်၏အဆုံး မိုးသောက် ယံ၌ဟု ပြန်ဆိုလေသည်။

၁၁။ မန္တလေးဝိသုဒ္ဓါရုံ အရှင်ဓမ္မာဝုဓာဘိဝံသရေး သီလက္ခန် အဋ္ဌကထာ နိသျသစ်၌မူ မိုးမှောင်ပယ်ဖျောက် အလင်းရောက်သော အခါ၌-ဟု ပြန်ဆို ထားသည်။

၁၂။ ညောင်ဦးနှင့် ညောင်တုံး အရှင်နန္ဒဝံသ ဆရာတော်ရေး ပခုက္ကူမူ သုတ်သီလက္ခန် အဋ္ဌကထာ နိသျသစ်၌ကား အမိုက်ကိုဖျောက် အလင်းရောက် သည့် မိုးသောက်ခါနီး (လင်းအားကြီး အချိန်၌)ဟု ပြန်ဆိုထားလေသည်။

## သက္ကဋနှင့် ဟိန္ဒူကျမ်းတို့အဆို

၁၃။ သက္ကဋ-သဒ္ဒတ္ထကောစ္ဆတုဘ အဘိဓာန် (ပုလ္လိင်) ပစ္စူသသည် နေ-အမိုက်မှောင်ကို ဖယ်ရှားနိုင်သည်။ မိုးလင်းခြင်း၊ အရုဏ်တက်ခြင်း၊ အလင်း ရောင်ပြူထွက်လာခြင်းတို့ကို ဟောသည်။ (နပုလ္လိင်) ဖြစ်က မိုးလင်းချိန်၊ နံနက် စောချိန်နှင့် သားမျိုး ၈-ပါးထဲမှ သားတမျိုးဟု ဆိုသည်။

၁၄။ အမရကောသ အဘိဓာန်၌ကား- ပုလ္လိင်နှင့် နပုလ္လိင် ပစ္ဆူသသည် ကလ္လံ အဟမုခံ ဥသော၊ ၃-ပုဒ်တို့ အနက်တူပုံ၊ ပဘာတ အချိန်နှင့် ပါတ ကာလအချိန်ကိုပြသည်ဟု ဆိုသဖြင့် မိုးသောက်ချိန်နှင့် နံနက်စော အချိန်ကို ညွှန်းဆိုထားသည်။

၁၅။ ဘာဂဝ၏ ဟိန္ဒူအဘိဓာန်၌မူ နံနက်စောချိန်၊ မိုးလင်းချိန်၊ အရုဏ် တက်ချိန်ဟု ဆိုထားသည်။

၁၆။ ဒေါက်တာ-ဂျပ်ဆင်၏ အဘိဓာန်ကမူ မိုးလင်းစပြုချိန်ဟု ဆိုထား လေသည်။

## စိစစ်ချက်

ပစ္ဆူသမှထွက်သော ဖော်ပြပါအနက်တို့တည်းမှ မိုးသောက်ချိန်၊မိုးသောက် ယံအခါ၊ မိုးသောက်ထ အခါတို့သည် ပေါရာဏသုံးများဖြင့် သုံးနှုန်းထား၍ နောက်ခေတ်လူများအတွက် ဆိုလိုရင်းသိရန် မလွယ်ကူဖြစ်နေတော့သည်။

တဖန် ယင်း မိုးသောက်ချိန်၊ မိုးလင်း နံနက်စောစောချိန် အရတို့မှာ(ဘယ်သို့ သော အချိန်ကို) ဆိုလိုသည်ဟု (တိကျစွာ) သိရှိရန်လည်း အခက်ဖြစ်နေ ပြန်သည်။

ဖော်ပြပါ ပညာရှိတွေ ပေးထားသော အနက်တွေတည်းမှ နံပါတ် ၁၁၊ ၁၂၊ ၁၆-တို့လာ အနက်တို့သည် (ပစ္ဆူသ) အချိန်အတွက် မှန်းဆရန် (နီးစပ်ဖွယ်) ရှိပေမည်။

သို့ရာတွင် နံပါတ် ၁၂-လာ (လင်းအားကြီး) ဟူသော အနက်မှာ (ဗလဝ ပစ္ဆူသ) ထဲ ဝင်သွားဟန်တူ၍ စဉ်းစားဖွယ် ဖြစ်နေသည်။

## တိကျစွာသိနိုင်ရေး

ပါဠိလို ပစ္ဆူသ၊ သက္ကဋ လို ပရတျူဆ် (တနည်း) ပရတျူဆသ်၏ အနက် ပုဒ်နှင့် အချိန်အတိအကျတို့ကို ခန့်မှန်း သိသာနိုင်အောင် အောက်ပါ အဋ္ဌကထာ ပြ ဋီကာပြနှင့် လက်တွေ့လေ့လာချက်တို့ကို သုံးသပ်ကြည့်ကြပါဦးစို့။

ဤ ပစ္ဆူသ၏ အရသည် (နံနက်စောစောပိုင်း) နှင့်စပ်သည်၊ ယင်း နံနက် စောပိုင်းသည်လည်း ညဉ့်၏ နောက်ပိုင်းခေါ် "ပစ္ဆိမယံ" နှင့် စပ်နေပြန်သည်၊ ယင်း ပစ္ဆိမယံမှာလည်း တပိုင်းတည်း မဟုတ်ပဲ၊ရှေ့ပိုင်း, အလယ်ပိုင်း,နောက်ပိုင်း ဟု ၃-ပိုင်း ရှိနေသည့် အနက် (နောက်ဆုံးပိုင်း) နှင့် စပ်နေပြန်၍ ယင်း ၃-ပိုင်း အရကို ဦးစွာ တင်ပြပါအံ့။

## ၁။ အဋ္ဌကထာ အဆို

သီလက္ခန္ဓအဋ္ဌကထာ ဗြဟ္မဇာလသုတ် ပရိဗ္ဗာဇက ကထာ စာမျက်နှာ ၄၈-၌
ပစ္ဆိမယာမံ ပန တယော ကောဋ္ဌာသေ ကတွာ ပုရေ ဘတ္တတော
ပဋ္ဌာယ နိသဇ္ဇာယ ပိဋ္ဌိတာယ သရီရဿ ကိလာသုဘာဝ မောစနတ္ထံ။

၁။ ဧကံ ကောဋ္ဌာသံ စင်္ကမေန ဝီတိနာမေတိ။
၂။ ဒုတိယ ကောဋ္ဌာသေ ဂန္ဓကုဋိံ ပဝိသိတွာ ဒက္ခိဏေန ပဿေန သတော သမ္ပဇာနော သီဟသေယျံ ကပ္ပေတိ။
၃။ တတိယ ကောဋ္ဌာသေ ပစ္စုဋ္ဌာယ နိသီဒိတွာ ပုရိမဗုဒ္ဓါနံ သန္တိကေ ဒါန သီလာဒိဝသေန ကတာဓိကာရပုဂ္ဂလဒဿနတ္ထံ၊ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေတိ၊ ဣဒံ ပစ္ဆိမယာမကိစ္စံ။

၎င်း စကားစုမှ- တတိယကောဋ္ဌာသေ ပစ္စုဋ္ဌာယ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလောကေတိ-အရသည် လိုရင်း ဖြစ်သည်။

**ဆိုလိုသည်မှာ။** ။ပစ္ဆိမယံခေါ် ည၏ နောက်ဆုံးပိုင်းကို ၃-ပုံ ထပ်ဆင့်ပုံပြီးလျှင် တတိယပုံအတွင်းမှာ ဘုရားရှင် ထတော်မူပြီး ကျွတ်ထိုက်သော လောကီသားတို့ကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူချိန် ဖြစ်သည်၊ ယင်း ထတော်မူချိန်နှင့် လောကီသားတို့အား ကြည့်တော်မူချိန်သည် (ပစ္စူသသမယ) အချိန်ဖြစ်သည်ဟု ဆိုလိုသည်၊ ယင်းအချက် ပို၍ထင်ရှားအောင် ၎င်း၏ အဖွင့်ဋီကာဆိုချက်ကို သုံးသပ်ကြပါစို့။

## ၂။ သီလက္ခန် ဋီကာသစ် အဆို

၎င်း ပစ္စူသအဖွင့် ဋီကာသစ် စာမျက်နှာ ၃၈-၌-

> သော ယေဝ သမယောတိ (ပစ္စူသသမယောတိ) ရတ္တိယာ ပစ္ဆိမယာမ ပရိယာပန္နော ကာလဝိသေသောတိ ဝုတ္တံ၊ တသ္မိံ (တသ္မိံ ပစ္စူသ သမယေ) ဝိသာခပုဏ္ဏမဒိဝသေ ဤဒိသေ ရတ္တိယာ ပစ္ဆိမသမယေတိ ဝုတ္တံ ဟောတိ။

ဟု ဖွင့်ပြထားလေသည်။

**ဆိုလိုသည်မှာ။** ။ပစ္စူသသမယ-ဟူသည် ညဥ့်၏ ၃-ခုမြောက် ပစ္ဆိမယံ တည်းမှာ အကျုံးဝင်နေသော အချိန်ထူးကို ဆိုလိုသည်၊ (ဝါ) ယင်း အချိန်ထူးကိုပင် "ပစ္စူသသမယ" အချိန်ဟု ခေါ်သည်။

ဆက်၍ ရှင်းပြပြန်သည်မှာ- ကဆုန်လပြည့်နေ့ ယာဖော်ပြနေသော အချိန်ထူးခေါ် ညဉ့်၏ ၃-ခုမြောက် ပစ္ဆိမယံ အချိန်တည်းတွင် ပါဝင်နေ အကျုံးဝင်နေသော အချိန်ထူးမှာ ဘုရားအဖြစ်သို့လည်း ရောက်ခဲ့သည်၊ နောက်သက်တော် ၈၀-မြောက် ထိုနေ့ည အချိန်ထူးမှာပင် ပရိနိဗ္ဗာန်လည်း စံဝင်သွားသည်-ဟု ဆိုလိုသည်။

ဤမျှဖြင့် လူတိုင်းနားလည်နိုင်ပါမည်လော-

ဖော်ပြပါ ပစ္စူသ အချိန်ကို ဤမျှရှင်းပြရုံနှင့် ဆိုလိုသော အချိန်အရကို စာဖတ်သူတိုင်း တိကျစွာ သိနားလည်နိုင်မည် မဟုတ်သေး၍ ထပ်၍ ရှင်းပြပါဦးအံ့။

## နိဗ္ဗစန သံဝဏ္ဏနာဖြင့် ဖွင့်ပြပုံများ

### ၁။ သိလက္ခန္ဓဋီကာသစ်ဖွင့်ပုံ

ပစ္စူသတိ တိမိရံ နာသေတီတိ ပစ္စူသော-ပတိပုဗ္ဗ၊ ဥသ ရုဇာယံ။ ပစ္စူသ-သည် ပတိ ရှေးရှိသော ဥသ-ဓာတ်၊ ထိုးကြိတ်ခြင်း,နာကြီးစေခြင်း အနက်ရှိ၏။

ဆိုလိုသည်မှာ- အမိုက်မှောင်ကို ထိုးကြိတ်ပစ်တတ်၊ ဖျက်ဆီးပစ်တတ်၊ ပျက်စီးစေတတ်၍ ပစ္စူသခေါ်သည်ဟု ဆိုလိုသည်။

### ၂။ အဘိဓာန် ဋီကာဖွင့်ပုံ

ပစ္စူသတိ ဝိနာသေတိ တိမိရန္တိ ပစ္စူသော၊ ပတိပုဗ္ဗ၊ ဥသရုဇာယံ။

အဓိပ္ပါယ်မှာ အထက်ပါအတိုင်းပင်။

### ၃။ အဘိဓာနပ္ပဒီပိကာသူစိ ဖွင့်ပုံ

ပစ္စူသေတိ တိမိရန္တိ ပစ္စူသော၊ ပတိပုဗ္ဗော ဥသရုဇာယံ၊ အ။

အဓိပ္ပါယ်မှာ အထက်ပါအလားတူ သိသာပြီ။

### ၄။ ဆံစကရိတ သဒ္ဒတ္ထ ကောဓ္ဆတုဘ အဘိဓာန်ဖွင့်ပုံ

(က) ပစ္စူသတိ နာသယတိ အန္ဓကာရန္တိ ပစ္စူသော (ပုံ) ပတိဥသ-က စာမျက်နှာ ၇၅၀၊ (တနည်း)။

(ခ) ပုံ-နပုံ ပစ္စူသတိ ရုဇတိကာမုတန္တိ ပစ္စူသော၊ ပတိဥသ-အသိ။

က-၏ အဓိပ္ပါယ်မှာ အမိုက်မှောင်ကို ဖယ်ရှား ဖျက်ဆီးတတ်၍ ပစ္စူသခေါ်၏။ ၎င်းပစ္စူသသည် ပုလ္လိင်အခိုက်ကို ဆိုသည်။

၁-၏ အဝိပ္ပါယ်မှာ ပုလ္လိင်နှင့် နပုလ္လိင် ၂-လိင် ဆက်ဆန်သော ပစ္စုသပုဒ် သည်ကား ကာမကိစ္စစုကို ထိပါးတတ် ထိခိုက်နာကျင် စေတတ်၍ ပစ္စုသ ခေါ်သည်။

**သတိပ္ပုပ္ပယ်။** ။အထက်ပါ ပါဠိ ၃-ကျမ်းတို့၏ ဆိုပုံနှင့် သဒ္ဒါနီတိကျမ်းတို့၏ ဆိုပုံတို့ဟူနေကြရာ သဒ္ဒါနီတိကျမ်းက အလျင်ပေါ်၍ တဦးက တဦးကို အတုယူပေရာ၏။

## ကောက်ချက်

ဤပစ္စုသ-ပုဒ်ရင်း၏ အဓိပ္ပါယ်က အပိုက်မှောင်ကို ဖယ်ရှား ဖျက်ဆီး ချက်သဘောကို ညွှန်ပြနေသဖြင့် ညဥ့်-ပစ္စိမယာမ်ရှိ အပိုက် မှောင်ကို (ဦးစွာ စတင်၍ ဖယ်ရှား၊ ဖျက်ဆီး ပေးသော အချိန်ကို) ပစ္စုသ သပယအချိန်ဟု ဆိုထားပေသည်။

**တဆင့်ရှင်းချက်။** ။ပစ္စုသ-၌ ပတိနှင့် ဥသ(တနည်း)ဥသ-ဟု ၂-ပုဒ်ရှိနေရာ ပတိပုဒ်၏အနက်ကို ၁၅-နက်များ ရှိကြောင်း ပါဠိ အဘိဓာန်က ပေါ်ပြ ထားရာ ယင်း ၁၅-နက်ထည်းမှ-

၁။ ပတိဒါန- အစားထိုးအနက်ဖြင့် အမှောင်ကို ဖယ်ရှားပြီး အလင်းကို အစားထိုးပေးတတ်၍လည်း ပစ္စုသခေါ်တွင်ပုံ တရပ်။

၂။ ပဋိဗောဓ- ပွင့်ခြင်းအနက်ဖြင့် အမှောင်ကို ဖယ်ရှား၊ ဖျက်ဆီးပြီး၊ အလင်းပွင့်ပေါ်လာတတ်၍လည်း ပစ္စုသခေါ်တွင်ပုံ တရပ်။

၃။ ဂတိ- ရောက်လာခြင်းအနက်ဖြင့် အမှောင်ကိုဖယ်ကာ အလင်းသို့ ရောက်လာတတ်၍လည်း ပစ္စုသဟု ခေါ်တွင်ပုံ တရပ်။

၄။ အဘိမုချ- ရှေ့ရှုခြင်းအနက်ဖြင့် အမှောင်ကိုတွန်းဖယ်ကာ အလင်း ဘက်သို့ ရှေ့ရှုလာတတ်၍လည်း ပစ္စုသ ခေါ်တွင်ပုံ တရပ်။

၅။ နိသေဓ- တားမြစ်ခြင်း အနက်ဖြင့် အမှောင်ကို တားမြစ် ဖယ်ရှား တတ်၍လည်း ပစ္စုသဟု ခေါ်တွင်ပုံ တရပ်။

၆။ နိဝတ္တိ- မြစ်တားခြင်းအနက်ဖြင့် အမှောင်ကိုမြစ်တား ဖယ်ရှားတတ် ၍လည်း ပစ္စုသဟု ခေါ်တွင်ပုံ တရပ်။

၇။ ပဋိနိဝတ္တိ- ပြန်ထားခြင်းအနက်ဖြင့် အမှောင်ကိုဖယ်ထုတ်ကာ အလင်း ကိုပြန်ပြီးထားတတ်၍လည်း ပစ္စုသဟု ခေါ်တွင်ပုံ တရပ်။

ဤသို့ ပတိ-ဥပသာရပုဒ်၏ အနက်ကျယ်သလောက် ပစ္စူသမှာ အနက်တွေ ကျယ်နိုင်ပေတော့သည်။

ထို့ကြောင့်–

ဥပသဂ္ဂါ နိပါတာ စ၊ ပစ္စယာ ဓာတဝေါ စိမေ။

နေကေ နေကတ္ထဝိသယာ၊ ဇဝံ နေရုတ္တိကာဗြဝုံ–

ဟု ရှေးသဒ္ဒါ ပညာရှင်တို့ မှာတမ်းပြုသွားချက်အရ ဥပသာရပုဒ်၊ နိပါတ်ပုဒ်၊ ပစ္စည်းနှင့်ဓာတ် ဤ ၄-ပုဒ်တို့သည်(အနက်များစွာကို ဟောစွမ်းနိုင်သည်) ဟု ဆိုချက်အရ ပတိ-ဥပသာရပုဒ်နှင့် ဥသ(တနည်း) ဦသဓာတ်ပုဒ် အ-ပစ္စည်း၊ (တနည်း) က-ပစ္စည်း ၃-ပုဒ်တို့ကိုပေါင်းထားသော (ပစ္စူသ)ဟူသော ကိတ်နာမ်ပုဒ်မှ သဒ္ဒါနယ် သဒ္ဒါမျက်စိဖြင့် ကြည့်သော် များစွာသော အနက်တွေ ထွက်နိုင်ပုံကို သဘောသက်ကြရာ၏။

ဆိုလိုချက်ကား– အထက်ဖေါ်ပြချက်တို့အရ အမှောင်ကိုဖယ်ရှား ဖျက်ဆီးပြီး အလင်းကို အစားထိုးပေးခြင်း၊ အလင်းပွင့်ပေါ်လာခြင်း၊ အလင်းဘက်သို့ ရှေးရှုလာခြင်း၊ ရောက်လာခြင်းတို့ကို 'ပစ္စူသ" ဟု ခေါ်သဖြင့် ယင်း (ပစ္စူသသမယ) အချိန်ကား– အမိုက်မှောင်တည်းသို့ အလင်းဓာတ်(စဝင်လာချိန်ကို) ဆိုရာ ပစ္ဆိမယံ၏ ၃-ပုံတို့ အနက် နောက်ဆုံးပုံရောက် အပိုင်းအချိန်တွင် သူ့နောက်မှ အရုဏ်နီရောင်လာနိုင် ပေါ်လာနိုင် မြင်နိုင်အောင် ယင်း အရုဏ်နီရောင် (မပေါ်လာမီ) နေမှလာသော (အဖြူရောင်ဦး) စပေါ်လာချိန်ကို ဆိုသည်။

ယင်း အဖြူရောင်သည်၊ ဝါ- မိုးသောက်ရောင်သည် အမှောင်တည်းမှာ (အရုဏ်နီရောင်)မပေါ်မချင်း မိနစ် ၂၀-ကျော်မျှ (အဖြူရောင် အဆင့်ဆင့် သန်း နေ၊ ပြန့်နေသောအချိန်ကို) ပစ္စူသမယအချိန်ဟု ဆိုလိုသည်။ ဝါ- မိုးသောက်ထချိန်ဟု ဝါ-အမှောင်ကို အလင်းသောက်မျိုချိန်ဟု ဝါ-မိုးစလင်းချိန်ဟု ဝါ- ညဥ့်၏အဆုံး မိုးသောက်စချိန်ဟု ဝါ-မိုးသောက်ထချိန်ဟု၊ ဝါ- မိုးမှောင်ပယ်ဖျောက်၊ အလင်းရောက်ချိန်ဟု၊ ဝါ-အမိုက်ကိုပယ်ဖျောက် တလင်းရောက်သည့်(အရုဏ်တက်လုနီး)အဖြူအလင်းရောင်ကြီးပေါ်ထွက်နေချိန် ဟု ဆိုလိုသည်။

## မိုးချုပ်–မိုးလင်းရှင်းချက်

မိုး–ဟူသောစကားမှာ အနက်များစွာဝင်နေသည် ဝင်ပုံမှာ–

၁။ မိုးတွင်းဟု ဆိုခိုက် ရွာသွန်းသောမိုးကို ဆိုလိုသည်။

၂။ မိုးရွာသည် မိုးစွေသည်ဟု ဆိုခိုက် ၎င်းနှင့်ထပ်တူ။

၃။ မိုးသည် ကာရာမ်သည်ဆိုခိုက်၊ ဖုံးအုပ် ကွယ်ကာသည်ဟု ဆိုလိုသည်။
၄။ အမိုး အကာ အလားတူ။
၅။ မိုးပြီး စကား ပြောသည် အခိုက် အထက်စီးနှင့် ပြောသည်ဟု ဆိုလိုသည်။
၆။ မိုးမိုး ဆိုခိုက် လူနာမည်ကိုလည်း ခေါ်လည်၊ မိုးထွေ ရှာလာမည် လာ၍(အာမေဍိတ်)အနေဖြင့် ပြောခြင်းကိုလည်း ခေါ်သည်၊ ဆက်၍ မိုးသွားပါဟုလည်း ခေါ်သည်။
၇။ မိုး မိုး မတ်မတ် မိုတိုး မတ်တတ် ဆိုခိုက် လူလုံးပြသည်၊ ထူထူ ထောင်ထောင် လုပ်သည်ဟု ဆိုလိုသည်။
၈။ မိုးကောင်းကင်ဟု ဆိုခိုက် အပေါ်ကောင်းကင်ရှိ အပြာရောင်တပြင် ကြီးကို ဆိုလိုသည်။
၉။ မိုးချုပ်သည်ဟု ဆိုခိုက် အထက်အဇတာကာသရှိ အပြာရောင်တပြင် လုံးပါ အမှောင်အုပ်သွင်းသည်၊ အလင်းပျောက်သွား ချုပ်ကွယ်သွား သည်ဟု ဆိုလိုသည်။
၁၀။ မိုးလင်းသည်ဟု ဆိုခိုက် ယင်းအထက်အဇတာကာသရှိ အပြာရောင်ပြင် ကြီးလင်းလာသည်ဟု ဆိုလိုသည်။

ဤမျှဖြင့် (မိုး)ဟူသော စာပိုဒ်အရ ယူသင့်ရာကို ယူနိုင်ပေရာ၏။

## သောက်သည် ထသည် ရှင်းလင်းချက်

သောက်-ဟူသော စာပိုဒ်သည်လည်း အသုံးအမျိုးမျိုး ရှိနေပြန်၍ ယထာ ရဟယူရပုံတို့မှာ–

၁။ သောက်သည် စားသည် ဆိုခိုက် ပါးစပ်ခံတွင်းဖြင့် မျိုသည်၊ စားသည်၊ သောက်မျိုသည်ဟု ဆိုလိုသည်။
၂။ ဆေးသောက်သည်မှာ ၎င်းနှင့်အလားတူ။
၃။ ဆေးလိပ်သောက်သည်ဟု ဆိုခိုက် ရှူသည်၊ ဖွာသည်ဟု ဆိုလိုသည်။
၄။ သောက် သောက်ဟဲ့ဟု ဆိုခိုက် ရေစသည်ကို သောက်ခိုင်းချက်ကို ဆိုလိုသည်။
၅။ သောက်သောက်လဲဟု ဆိုခိုက် စည်ကားသည်၊ များပြားသည်ဟု ဆိုလိုသည်။
၆။ ပညာရည်နို့ သောက်စို့သည်ဟု ဆိုခိုက် ပညာကို နည်းခံယူသည်ဟု ဆိုလိုသည်။

၇။ နေရောင်ခြည် သောက်ချိုးသည်ဟု ဆိုခိုက် နေရောင်ကို လှုံသည်ဟု ဆိုလိုသည်။
၈။ မိုးသောက်သည်ဟု ဆိုခိုက် အထက်အဇဋာကာသ မိုးကောင်းကင်ကြီးမှာ အလင်းရောင်စ ပေါ်လာသည်၊ ဝင်လာသည်၊ အလင်းရောင်ဟတ်သည်၊ ခပ်သည်၊ လှုပ်သည်ဟူ၍ငှင်း၊ မိုးကောင်းကင်ကြီးက အလင်းရောင်ကို (သောက်မျိုသည်) ဟူ၍ငှင်း ဆိုလိုသည်။ ၎င်းသည် ဥပစာရ အလင်္ကာသုံး ဖြစ်သည်။
၉။ မိုးသောက်ထသည်ဟု ဆိုခိုက် မိုးကောင်းကင်ကြီးမှာ အလင်းရောင်ပေါ်လာ၍ အမှောင်မှ ထသည်၊ အမှောင်ထု ကင်းစပြုသည်ဟု ဆိုလိုသည်။
၁၀။ မိုးသောက်ယံဟု ဆိုခိုက် ညဉ့် ပစ္ဆိမယံ ၃-ပုံမှ နောက်ဆုံးပုံ နောက်ဆုံးပိုင်းတွင် အလင်းရောင် စပေါ်လာချိန် ဟုဆိုလိုသည်။

**မှတ်ချက်။** ။မိုးသောက်ကို ပစ္ဆိမယံမှ ယံနှင့်တွဲပြီး "မိုးသောက်ယံ" ဟု သုံးနှုန်းထားခြင်း ဖြစ်သည်။

၁၁။ မိုးသောက်စ-ဟုဆိုခိုက် မိုးကောင်းကင်ကြီးမှာ အလင်းရောင် စပေါ်ချိန်ကို ဆိုလိုသည်။

၎င်း အချက်တို့ကို ထောက်ဆ၍ အထက်ပါ "ပေါရာဏ သုံး"တို့၏ ဆိုလိုချက်ကို သိသာနိုင်တော့ပြီ။

## အ ထူး သ တိ ပြု ဖွ ယ်

ဤအခဏ်း၌ မိုး အရ (အမှောင်ကို) ဆိုလို၍ မိုးသောက်သည်မှာ အလင်းက အမှောင်ကို သောက်သည်၊ မိုး သောက်ထသည်မှာ အမှောင်ထဲမှ အလင်းထလာသည်၊ မိုးသောက်စသည် အမှောင်ကို အလင်းမျိုမှု၊ သောက်မှု၊ ဖြိုခွင်းမှု စလာချိန်ဟု ဆိုလိုသဖြင့် အထက်ပါ အားလုံးကို သဘောပေါက်နိုင်ကြရာပြီ။

## နာရီအချိန်နှင့်တွဲ၍ ရှင်းပြချက်

သီလက္ခန် အဋ္ဌကထာ လာချက်ကို မှုတည်၍ တညမှာ အပိုင်းကြီး ၃-ပိုင်းရှိပုံ နောက်ဆုံးပိုင်းမှာ ၃-ပိုင်း ထပ်ခွဲယူရပုံတို့ကို အထက် ဖော်ပြခဲ့ပြီး ယင်း အပိုင်းအရကို နာရီနှင့်တွဲ၍ ရှင်းပြလျှင် (ပစ္စုသသမယ) အချိန် အရကို ကွင်းကွင်းထင်းထင်းကြီး မြင်နိုင်မည်ဖြစ်၍ နာရီ ၂-မျိုးဖြင့်တွဲကာ အချိန်ကို ရှင်းပြပါအံ့။

တညမှာ စက်နာရီအားဖြင့် ၁၂-နာရီ၊ ရေ သဲ နာရီအားဖြင့် နာရီ သုံးဆယ် ရှိရာ-အပိုင်းကြီး ၃-ပိုင်းနှင့် တွဲစပ်လိုက်လျှင် သိမြင်လွယ်၍ တွဲစပ်ယူလိုသော်–

ညယံ ၃-ပိုင်း စက်နာရီ ရေသဲနာရီ စက်နာရီအပိုင်းအခြား–

၁။ ပုရိမယံ-ရှေးဦးပိုင်း ၄-နာရီစီ ၁၀-နာရီစီ ညနေ ၆-နာရီမှ ၁၀-နာရီ။
၂။ မဇ္ဈိမယံ-အလယ်ပိုင်း ၄-နာရီစီ ၁၀-နာရီစီ ည ၁၀-နာရီမှည ၂-ချက်တီး။
၃။ ပစ္ဆိမယံ-နောက်ပိုင်း ၄-နာရီစီ ၁၀-နာရီစီ ည ၂- ချက်တီးမှ မိုးလင်း ၆-နာရီထိ။

တဖန် နောက်ပိုင်း ပစ္ဆိမယံကို ၃-ပိုင်းထပ်၍ ခွဲပြန်ရာ–

တပိုင်းမှာ စက်နာရီ ၁-နာရီနှင့် မိနစ် ၂၀-စီရသည်၊ ရေ သဲ နာရီအားဖြင့်မူ တပိုင်းမှာ ၃-နာရီနှင့် ၂၀-ဗိဇနာရီစီရှိသည်။

**မှတ်ချက်။** ။ဤနေရာ၌ ရှေးသုံးရေနာရီနှင့် သဲနာရီကို ထည့်သွင်း ဖော်ပြရခြင်းကား အောက်မှာ (ဝေဒကျမ်း) ဆိုင်ရာကို ကိုးကား ဖော်ပြဖွယ် ရှိနေသည်၊ ယင်း ဝေဒကျမ်းသုံးမှာ စက်နာရီသုံး· မဟုတ်ပဲ (နာရီ-ဗိဇနာ-ပြန်-ခယာ) စသည်တို့ဖြင့်သာ လာရှိ၍ ၎င်းကို ကြိုတင်သိနှင့်ထားရန် ဤနေရာမှာ ထည့်သုံးပေးရခြင်း ဖြစ်သည်။

## ပစ္ဆိမယံ ၃-ပိုင်း ခွဲခြားပုံ

၁။ ပစ္ဆိမယံ ပဌမပိုင်း၊ ည ၂-ချက်တီးမှ ၃-နာရီနှင့် ၂၀-မိနစ်။
၂။ မဇ္ဈိမယံ ဒုတိယပိုင်း၊ ည ၃-နာရီ ၂၀-မိနစ်မှ ၄-နာရီနှင့် ၃၀-မိနစ်။
၃။ ပစ္ဆိမယံ တတိယပိုင်း၊ည ၄-နာရီ ၄၀-မိနစ်မှ နံနက်စော ၆-နာရီထိ။

ယခု ဖော်ပြနေသော "ပစ္စူသသမယ" ၏ အချိန်ကား ပစ္ဆိမယံ တတိယပိုင်းလာ နံနက်စော ၄-နာရီ မိနစ် ၂၀-မှစ၍ အရုဏ်ရောင်ခေါ် အရောင်နီရောင် (မပေါ်မီအကြား) ကို ညွှန်ပြနေခြင်း ဖြစ်သည်။

**သတိပြုဖွယ်။** ။ပစ္စူသသမယ အချိန်ကို (စက်နာရီ) နှင့် ကိုက်မပြခင် သတိပြုရန်မှာ တနှစ်တွင် နွေ,မိုး, ဆောင်း-ဟု ဥတု ၃-ပါး၊ ရတု ၆-ပါး၊ လ ၁၂-မျိုး ရှိနေသဖြင့် (နေ၏သွားလမ်း) မှာလည်း တနေရာတည်းက သွားနေသည် မဟုတ်ပဲ ဥတုနှင့် ရတု အချိန်တို့အလိုက် လမ်းပြောင်းလျက် သွားနေရ၍ တနှစ်နှင့် တနှစ်, တရာသီနှင့်တရာသီ, တရတုနှင့် တရတု, တလနှင့်တလ, တပတ်နှင့်

တပတ်, တရက်နှင့်တရက်တို့မှာ အရုဏ်တက်ချိန်, နေထွက်ချိန်, မွန်းတည့်ချိန်နှင့် နေဝင်ချိန်တို့မှာ မတူညီကြပေ။

ယင်းသို့ အခြေခံတွေ မတူညီချက်ကြောင့် ဟိုလနှင့်ဤလ၊ ဟိုအပတ်နှင့်ဤအပတ်၊ ဟိုနေ့နှင့် ဤနေ့တို့မှာ အချိန်ပြနာရီတွေ မတူညီနိုင်ကြ၍ နိုင်ငံအသီးသီးက ရောက်ရှိလာကြသော စက်နာရီတွေ အတိုင်း (နေ့နှင့်ညတို့) အသုံးမှာ မတူညီနိုင်ပဲ ဖြစ်နေရာ နိုင်ငံတော် အစိုးရတို့က (နေ) နှင့် အချိန်ကိုက်ယူပြီး ရေဒီယို နာရီအဖြစ် (ဝါ) စံတော်ချိန် နာရီအဖြစ် (ထာဝစဉ်) ပြုပြင်ပေးနေရပေသည်။

ငင်း တို့ကို အခြေခံအဖြစ် သိရှိထောက်ဆပြီး လတိုင်း, နေ့တိုင်းကို တသမတ်တည်းထားကာ အရုဏ်တက်, နေထွက်, မွန်းတည့်, နေဝင် အရတို့ကို (တပုံစံတည်း အဖြစ်) ပြုလုပ် အသုံးပြုရန် (မရနိုင်ပုံကို) ကြိုတင် သတိပြုဘွယ်ဖြစ်တော့သည်။

**အညွှန်း။** ။နေ့ရှိသမျှ တပုံစံတည်း ထား၍ နေသွား- နေလာကိစ္စကို မယူသင့်၊ မယူနိုင်ပုံကို ဗြိတိသျှအစိုးရက ကင်းဝန်မင်းကြီးအား တိုက်တွန်း၍ ကင်းဝန်မင်းကြီးက မဖြစ်နိုင်ကြောင်း ငြင်းပုံကို နောက်ပိုင်းတွင် တွေ့ရှိကြပေလတံ့။

## လက်တွေ့ လေ့လာချက်

တရက် နှစ်ရက်မျှ မဟုတ်ပဲ ရက်များစွာ အတွင်း နေ့စဉ် စက်နာရီတို့နှင့် ပစ္စူသချိန်၊ အရုဏ်တက်ချိန်၊ နေထွက်ချိန် စသည်တို့ကို လေ့လာကြည့်ချက်မှ နမူနာပုံစံအနေဖြင့်တင်ပြရသော် ၁၃၃၆-ခု၊ ပြာသိုလဆန်း ၆-ရက် သောကြာနေ့ (၁၇-၁-၇၅)နေ့မှ ယင်းပြာသိုလဆန်း ၁၂-ရက် ကြာသပတေးနေ့အထိ (၂၃-၁-၇၅) ၇-ရက် မှတ်တမ်းအရကို တင်ပြရသော်-

## ၇-ရက် လက်တွေ့ တိုင်းတာယူချက်

### ၁၃၃၆-ခု

| ပြာသို လဆန်း | ဂျန္နဝါရီလ | ပစ္စူသချိန် | | အရုဏ်တက်ချိန် | | နေထွက်ချိန် | | နေဝင်ချိန် | |
|---|---|---|---|---|---|---|---|---|---|
| ရက်စဉ် | ရက်စဉ် | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် |
| လွန်း ၆-ရက် | ၁၇ | ၅ | ၄၁ | ၅ | ၅၀ | ၆ | ၄၂ | ၅ | ၅၄ |
| လွန်း ၇-ရက် | ၁၈ | ၅ | ၄၁ | ၅ | ၅၀ | ၆ | ၄၂ | ၅ | ၅၅ |
| လွန်း ၈-ရက် | ၁၉ | ၅ | ၄၁ | ၅ | ၅၀ | ၆ | ၄၂ | ၅ | ၅၅ |
| လွန်း ၉-ရက် | ၂၀ | ၅ | ၄၂ | ၅ | ၅၁ | ၆ | ၄၂ | ၅ | ၅၅ |
| လွန်း ၁၀-ရက် | ၂၁ | ၅ | ၄၃ | ၅ | ၅၂ | ၆ | ၄၁ | ၅ | ၅၆ |
| လွန်း ၁၁-ရက် | ၂၂ | ၅ | ၄၃ | ၅ | ၅၂ | ၆ | ၄၁ | ၅ | ၅၆ |
| လွန်း ၁၂-ရက် | ၂၃ | ၅ | ၄၃ | ၅ | ၅၂ | ၆ | ၄၁ | ၅ | ၅၇ |

မှတ်ချက်။ ။ပစ္စူသချိန်နှင့် အရုဏ်တက်ချိန်တို့ အကြား ဤနှစ် ဤလမှာ ၉-မိနစ်နှင့် ၁၀-မိနစ်ခန့် ရှိပေသည်။ နောက်နှစ် နောက်လတွေအတွက် ဤအတိုင်း (ဖြစ်မည်မဟုတ်ပေ)။

အရုဏ်တက်ချိန်နှင့် နေထွက်ချိန်အကြား ၄၅-မှ ၅၂-မိနစ်ခန့် ရှိသည်။ ၁၅-စက္ကန့် ၂၀-စသည် ကွာခြားမည်ကို ဉာဏ်ဖြင့်ခွဲ၍ သုံးသပ်နိုင်ရာ၏။

ထိုအရ နံနက်စော ၅-နာရီနှင့် ၄၁-မိနစ်အထိ (ပစ္ဆိမယံ၏ တတိယပိုင်း) အချိန်ဖြစ်၍ ထိုအတွင်း (ဤမှာဘက်နေ့ဘက်သို့)ပါနေ၍ ၅-နာရီနှင့် ၄၀-မိနစ် ကျော်သွားလျှင် (အရုဏ-သိခါ) ခေါ် (အရုဏ်နုချိန်) ဝင်လာ၍ (ဟိုမှာနေ့ဘက်သို့) ကူးရောက်သွားလေပြီ။

ထိုကြောင့် ဝိနယဂရုက အရှင်မြတ်များ အတွက် (ဗလဝအရုဏ) ခေါ် (အရုဏ်နီအရင့် လာချိန်မှ) အကပ်ခံမည်။ သုံးဆောင်မည် ဆိုလျှင် (ဝိနယကုက္ကုစ္စမှ) ကင်းလွတ်နိုင်ကြ၍ ညတာရှည်သော (ပြာသိုလမှာ) နံနက် ၆-နာရီ ထိုးမှ အကပ်ခံမည်။ စားသုံးမည် ဆိုလျှင် (ဥတုရာသီ အရ) သင့်လျော်လှ

ပေသည်။ သို့ရာတွင် ညတာတဖြေးဖြေး တိုသွားကြသော အခြား ၁၁-လတို့နှင့်ကား တပုံစံတည်းမှတ်ယူထား၍ မရနိုင်ဟု (ကာလာနုရူပ၊ ဌာနာနုရူပ) ထောက်ဆ၍ သဘောပေါက်နိုင်ကြရာ၏။ ဆက်၍ လက်တွေ့လေ့လာချက်တို့ကို နောက်ပိုင်းတွင် ဖော်ပြပါဦးအံ့။

အထက်ပါ ပုံစံတို့ကိုထောက်ဆ၍ (ပစ္စူသချိန်-နှင့် အရုဏ်တက်ချိန်)တို့၏ ခြားနားပုံကို သိမြင်နိုင်တော့သည်။

## ဗလဝ ပစ္စူသချိန်

ယင်း ဗလဝပစ္စူသချိန်ဟူသည် နံနက်စော အရှေ့မျက်နှာမှ အလင်းဖြူရောင်ကြီး (ပိုမိုအားကောင်း လာချိန်ကို) ဆိုသဖြင့် အရုဏ်တက်လာတို့ အကြာဆုံး (တမိနစ်ခန့်) သို့မဟုတ် (စက္ကန့် ၃၅-၄၀-ခန့်အလို)လောက် အချိန်အတွင်းကို (ဗလဝပစ္စူသအချိန်)ဟု ယူဆနိုင်တော့သည်။

## ၂။ အခြားပုံစံတခု

ဣဒ မာယသ္မာ အာနန္ဒော ရတ္တိယာ-၌ ပစ္စူသ သမယံ ပစ္စုဋ္ဌာယ။
(ဒီဃ-မဟာဝဂ္ဂပါဠိတော် ဇနဝသဘသုတ် စာမျက်နှာ ၁၆၄)

ဝှင်းပါဠိတော်လာ (ရတ္တိယာ)၏ အရကို ပစ္ဆိမယံ၏ (တတိယမြောက်) ညနောက်ပိုင်းကို ယူပါ။ (ပစ္စူသ သမယံ)၏အရကို အထက်တွင်ပြခဲ့ပြီးအတိုင်း ယင်း ပစ္ဆိမယံ၏ (တတိယမြောက်)ည နောက်ပိုင်းမှ (ဝါ) ညနောက်ဆုံးပိုင်းနှင့် အရုဏ်နီရောင် (မလာခင်) အဖြူရောင်ခြည်ပေါ်သော အချိန်ကိုယူပါလေ။

## ၃။ နောက်ပုံစံတခု

> ကိံ ပန ဘဂဝါ ကာလံ အဇာနိတွာ နိက္ခန္တောတိ နအဇာနိတွာ၊ ပစ္စူသကာလေယေဝ ဟိ ဘဂဝါ၊ ဉာဏဇာလံ ပတ္ထရိတွာ လောကံ ဝေါလောကေန္တော ဉာဏဇာလဿ အန္တော ပဝိဋ္ဌံ။

(ပါထိကဝဂ္ဂအဋ္ဌကထာ ၂-ပါထိကသုတ်၊ သုနက္ခတ္တဝတ္ထုဝဏ္ဏနာ စာမျက်နှာ ၁) ၎င်းလာ (ပစ္စူသကာလေ) အရကိုလည်း အထက်ပါအတိုင်း သိပါလေတော့။

## ၄။ နောက်ပုံစံတခု

နန္ဒမာတာ ဥပါသိကာ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ ပါရာယနံ သရေန ဘာသတိ။

သတ္တက-အင်္ဂုတ္တရပါဠိတော် မဟာယညဝဂ်၊ နန္ဒမာတာသုတ်(၄၄၄)။

၎င်းလာ (ရတ္တိယာ ပစ္စူသသမယံ)အရမှာလည်း အထက်နှင့်ထပ်တူပင်။

## ၅။ အခြားပုံစံတခု

ရတ္တာဝသေသန္တိ ဗလဝပစ္စူသေ ပရိနိဗ္ဗုတတ္တာ ရတ္တိယာ အဝသေသံ စူဠလ္လကဒ္ဓါနံ။

(ဒီဃ-မဟာဝဂ္ဂ အဋ္ဌကထာ မဟာပရိနိဗ္ဗာနကထာ ၁၀၇) ၎င်းလည်း အလားတူ။

အညွှန်း။ ။ပစ္စူသ၊ ပစ္စူသ သမယ၊ ပစ္စူသကာလ၊ ပစ္စူသဝေလာ၊ ဗလဝ ပစ္စူသ၊ ရတ္တိယာပစ္စူသသမယံ၊ ရတ္တိယာအဝသေသံ-စသော အလား တူပုဒ်တွေသည် ထိုထို ပါဠိတော်၊ အဋ္ဌကထာ ဋီကာ ယောဇနာတို့၌ များစွာရှိသေးရာ ၎င်းတို့၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ အထက်ပါတို့နှင့် တူကြပြီဖြစ်၍ ထပ်၍မချဲတော့ပဲ ဖော်ပြပါအတိုင်း သဘောပေါက်ကြ ပါကုန်လော။

## ပစ္စူသ သမယပုဒ်အနက် ဖော်ရေး

အနက်ဖော်ချက်သည် သဒ္ဒတ္ထနက် (ဝါ) ပုဒ်နက် အနေဖြင့် ဖော်ပြချက် တမျိုး၊ အဓိပ္ပါယတ္ထ အဓိပ္ပါယ်နက်အနေဖြင့် ဖော်ပြချက် တမျိုးဟု ၂-မျိုး ရှိရာ ယင်း ၂-မျိုးလုံးပင် မူရင်းသဒ္ဒါနက်ကို မလွတ်စေပဲ လျော်သလို ပြန်ဆိုနိုင် ပေသည်။ ထိုအရ-

၁။ သဒ္ဒတ္ထ-အနေဖြင့် အနက်ဖော်သော် "ပစ္စူသ သမယ"ပုဒ်၌ ပစ္စူသ ပတိ-ဥသ-အနှင့် သမယ- သံ- အယ- အ-တို့ကို မူတည်ပြီး ဥပသာရအနက်၊ ဓာတ်အနက်၊ ပစ္စည်းအနက် ကျယ်သလောက် အနက်တွေ ကျယ်နိုင်သည်။ ထို့ကြောင့် သိသာရုံဖော်ပြသော်-

က။ ပစ္စူသ သမယော၊ ညဥ့်အမှောင်ကို ဦးစွာပယ်ဖျောက်ချိန် ဖယ်ရှား ချိန် (ဝါ) မိုးသောက်စချိန် ဟူ၍၎င်း။

ခ။ ညဥ့်အမှောင်နေရာမှာ အလင်းဖြူရောင်ကို စတင်အစားထိုးချိန် (ဝါ) အမှောင်တိုက်မှ လင်းစပြုချိန် (ဝါ) မိုးသောက်ထချိန်၊ အမှောင်ကို အလင်းကစ၍ မိုးသောက်ချိန် ဟူ၍၎င်း စသည်ဖြင့် ပြန်ဆိုနိုင်ပေသည်။ ဤကား- သဒ္ဒတ္ထသဘော။

၂။ အဓိပ္ပါယတ္ထ-အနေဖြင့် အနက်ဖော်သော် ကေဝလဒဗ္ဗာလက္ခတ္ထတနက် သဂုဏဒဗ္ဗာလက္ခတ္ထတနက်ဟု နှစ်မျိုးရှိပြန်ရာ ဌာနအလိုက် လျော်သလို နေနိုင်တော့သည်။ ထိုအရ-

က။ ပစ္စူသ သမယော ပစ္ဆိမယံ၏ တတိယပိုင်း အချိန်အတွင်း အလင်းဖြူရောင်စတင်လာချိန် (ဝါ) ညဥ့်အချိန်အဆုံး၌ မိုးလင်းစင် စတင်လာချိန်ဟူ၍၎င်း။

ခ။ အရုဏ်နီရောင် ပေါ်လာနိုင်အောင် ညအမှောင်ထုကို ရှေ့မှဖယ်ရှားပေးကာ အလင်းဖြူရောင်ဝင်လာနေချိန် စသည်ဖြင့်၎င်း၊ သဒ္ဒါနက်လည်းမလွတ်စေပဲ ဆိုလိုရင်း အဓိပ္ပါယ် ပေါ်လွင်အောင် ပေးသွားသော အနက်မျိုးကို ဆိုလိုသည်။ ဤကား- အဓိပ္ပါယတ္ထ။

နံပါတ် ၅-ရတ္တိယာ ပစ္စူသ သမယအရကို ဤမျှဖြင့် သိသာနိုင်ပေပြီ။

## ၆။ ပုဗ္ဗဏှ ပုဗ္ဗန္ဟ ပုဗ္ဗဏှသမယံ ပုဗ္ဗန္ဟသမယံ စိစစ်ချက်

ပုံစံ- ဘိက္ခု ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရ မာဒါယ ဝေရဉ္ဇံ ပိဏ္ဍာယ ပဝိသိတွာ။

(ဝိနယ-ပါရာဇိကဏ္ဍ ပါဠိတော် ဝေရဉ္စကဏ္ဍ-၇)

၎င်းအဖွင့်ကား- ပုဗ္ဗဏှသမယေန္တိ ဒိဝသဿ ပုဗ္ဗဘာဂသမယံ၊ ပုဗ္ဗဏှ-သမယေတိ အတ္ထော၊ ပုဗ္ဗဏှေ ဝါ သမယံ ပုဗ္ဗဏှသမယံ၊ ပုဗ္ဗဏှေ ဧကံ ခဏန္တိ ဝုတ္တံ ဟောတိ။

(ပါရာဇိကဏ္ဍ အဋ္ဌကထာ ဝေရဉ္စကဏ္ဍဝဏ္ဏနာ-၁၄၅)

### အနက်ပေးပုံ

၁။ ပါဠိတော်လာ- ပုဗ္ဗဏှသမယံ- ကို။ (နံနက်အခါ၌) ပါဠိတော် နိသျဆရာနှင့် ပညာရှိအများတို့ ပေးကြသည်။

၂။ အဋ္ဌကထာနိသျဆရာကမူ ဒိဝသဿပုဗ္ဗဘာဂသမယံကို ထောက်ရှုပြီး နေ့၏အဘို့မှာ ဖြစ်သောအခါ၌-ဟု ပေး၏။

## အချိန်စိစစ်ချက်

၁။ နံနက်အခါ၌-ဟူသော ပဌမအနက်အရ အရုဏ်တက်ကစသော နံနက်လား၊ နေထွက်ကစသော နံနက်လားဟု မသဲကွဲသေးပေ။

၂။ နေ၏ ရှေ့အဘို့ဖြစ်သော (ဝါ) ရှေ့အဘို့မှာဖြစ်သော အခါ၌ဟူသော ဒုတိယအနက်၌ (ဒိဝသဿ-နေ့၏) အရပါနေ၍ (အရုဏ်တက်မှစ၍) ယူသင့်ပုံကို ဖော်ထားသည်ဟု ယူဆဖွယ်ရှိသည်။

## နေ့ နှင့် ည ပိုင်း ခြား မှု

### ၁-ပါဠိတော်အဆို

ယတော ဥဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီမဟာ။
ယဿ စုဂ္ဂမာနဿ၊ သံဝရီပိ နိရုဇ္ဈတိ။
ယဿ စုဂ္ဂတေ သူရိယေ၊ ဒိဝသောတိ ပဝုစ္စတိ။
(ဒီဃနိကာယ-ပါထိကဝဂ္ဂ ပါဠိတော်၊ အာဋာနာဋိယသုတ် ၁၅၉)

အဓိပ္ပါယ်။ ။နေထွက်လာသော် ညဉ့်အမှောင် ချုပ်ကွယ်သွားသည်၊ ယင်း နေထွက်သောအချိန်ကို (ဝါ) နေထွက်လာ၍ အမှောင်ချုပ်ကွယ်သွား ချိန်ကို (နေ့)ဟု ခေါ်သည်ဟု ဆိုလိုသည်။ အမှောင်မချုပ်ကွယ်ချိန်ကို (ဝါ) အမှောင်ရှိနေချိန်ကို (ည)ဟုခေါ်သည်ဟု ဗျာတိရေကအားဖြင့် သိသာနိုင်၏။

### ၂။ အဋ္ဌကထာ အဆို

ရတ္တိန္ဒိဝါတိ တတော သူရိယတ္ထင်္ဂမနတော ယာဝ အရုဏုဂ္ဂမနာ ရတ္တိ၊ အရုဏုဂ္ဂမနတော ယာဝ သူရိယတ္ထင်္ဂမနာ ဒိဝါတိ ဧဝံ ရတ္တိန္ဒိဝါ ပညာယိံသု။

(ဒီဃ-ပါထိကဝဂ္ဂ အဋ္ဌကထာ အဂ္ဂညသုတ်-၅၂)

အဓိပ္ပါယ်။ ။အရုဏ်တက်က နေဝင်အထိကို (နေ့) ခေါ်သည်။ နေဝင်က အရုဏ်တက်အချိန်အထိကို (ည)ခေါ်သည်ဟု ဆိုလိုသည်။

ငင်းကိုမူတည်၍ ပုဗ္ဗဏှသမယ၏ အချိန်ပိုင်းမှာ အရုဏ်တက်အချိန်မှ မွန်းမတည့်မီအဘွင်းသည် (နေ့၏ အရှေ့အဘို့ဖြစ်သောအချိန် (ဝါ) နေ့၏ ရှေ့ပိုင်း ဖြစ်သောအချိန် ဖြစ်၍) ယင်းအချိန်အတွင်းကို ပုဗ္ဗဏှ သမယအချိန်ဟု ဆိုနိုင် တော့သည်။

ထို့ပြင် အထက်ပါဋ္ဌတော်တွင် နိဝါသေတ္တာ ပတ္တစိဝရ မာဒါယ ပိဏ္ဍာယ ပဝိသိတ္ဘာ-ဟု ပါနေသဖြင့် (ဆွမ်းခံထွက်ချိန်ကို) ရည်ညွှန်းထားရာ နိုင်ငံနှင့် ဒေသ ဌာနတို့သို့လိုက်၍ ဆွမ်းခံထွက်ချိန်ချင်း (တူညီနိုင်မည်) မဟုတ်ကြပေ။

နိုင်ငံဓလေ့၊ လူမျိုးထုံးစံ၊ ဒေသအယူ၊ အစွဲ၊ အကြီးအကဲကို၏ ဩဇာအာဏာ စသည်သို့လိုက်၍လည်း (ဆွမ်းခံထွက်ချိန်ချင်း) တူညီကြမည် မဟုတ်ကြပေ။

## ဆွမ်းခံ ၂-ကြိမ် ထွက်ရာဌာနများ

ယခုအခါ တောရွာမဟုတ်ပဲ မြို့အမည်ခံ ဖြစ်လာသော ဌာနကြီးများရှိ ရှင်နှင့်ရဟန်းတော်များမှာ နံနက်စောစောတကြိမ်၊ မွန်းလတ်တကြိမ်ဟု ၂-ကြိမ် တိုင်တိုင် နေ့စဉ် ဆွမ်းခံထွက်နေကြရပေသည်။ ဘုန်းကံရှိ၍ ဆွမ်းခံလုံးဝမထွက် ရပဲ သုံးဆောင်နိုင်သူနှင့် ၂-ကြိမ်မထွက်ပဲ တကြိမ်သာ ဆွမ်းခံထွက်ရုံနှင့် ပြည့်စုံ သူများလည်း ရှိပေသည်ဟု ခြွင်းချက်ပြုရပေမည်။

## နံနက်စောဆွမ်းခံထွက်နှင့် အရုဏ်ငြိစွန်းတတ်

မွန်းလတ်ချိန်ဆွမ်းခံထွက်သူတို့မှာ အရုဏ်နှင့်ငြိစွန်းမှု လုံးဝ မရှိနိုင်ကြပေ၊ သို့ရာတွင် နံနက်စောဆွမ်းခံထွက်ရသူတို့မှာ အရုဏ်ဥပဒေနှင့် ငြိစွန်းတတ်၍ ဤ စာစောင် ထွက်ပေါ်လာခြင်းလည်း ဖြစ်ပေသည်။

## ဆရာနှင့်ဒကာ ၂-ဘက်လုံး နားလည်ထားပါက ဝိနယဥပဒေမှ လွတ်နိုင်သည်

ယင်း ပဗ္ဗဇ္ဇာသမယပိုင်းဝင် အရုဏ်ကိစ္စကို ဆရာဘက်နှင့် ဒကာဘက် ၂-ဘက် လုံးက သိရှိနားလည်ထားပြီးဖြစ်ကြပါက နံနက်စော အရုဏ်ဒါနပြုချိန်ကို ဥတု ရာသီနှင့် လတို့အလိုက် ကျမ်းဂန်နှင့်အညီ ညှိနိုင်းကြပြီး သူ့ရာသီ သူ့လအလိုက် (အချိန်ပြစာရင်း)ကို ဆွမ်းလောင်းရုံမှာ (ချိပ်ဆွဲ ထားပါက) လူတိုင်းပင် သိသွားနိုင်၍ စွန်းငြိမှုတွေမလာ ပြဿနာလည်းမဝင်ပဲ သဒ္ဒါ စေတနာ သန့်သန့် နှင့် ပုညကုသိုလ်မှု ပွါးဘို့သက်သက်သာ ဖြစ်ကြပေတော့မည်။

## နေ့-ညယူပုံ အဖုံဖုံ

တနေ့အဖြစ်ယူပုံနှင့် တညအဖြစ်ယူပုံတို့သည် သဒ္ဒါကျမ်းနှင့် ဗေဒင်ကျမ်းကို မှီး၍ ယူပုံများနှင့် ဗုဒ္ဓ၏ဒေသနာကို မှီ၍ ယူပုံတို့ အဖုံဖုံရှိနေရာ သုံးသပ် ဝေဖန်နိုင်ရန် အကျဉ်း အကျယ်ခွဲ၍ ဖော်ပြပါအံ့။

ဇဋ္ဌာသယ ၅၉၅-၁၆

(က) အကျဉ်းရှင်းချက်-

တနေ့အဖြစ် ပိုင်းခြားပုံများ

၁။ လွန်ခဲ့သော သန်းခေါင်မှ လာလတ့ံ သန်းခေါင် အတွင်းကို တနေ့ဟု မှတ်ယူသော ဝါဒက တခု။

၂။ လွန်ခဲ့သော ညဥ်ပစ္ဆိမယံ ထက်ဝက်ခေါ် (စက်နာရီအားဖြင့်) နံနက် ၄-နာရီမှ လာလတ့ံ ညဥ် ပဌမယံထက်ဝက်ခေါ် (စက်နာရီအားဖြင့်) ည ဦး ၈-နာရီ ထိကို တနေ့ဟု မှတ်ယူသော ဝါဒက တခု။

၃။ ယမန့ အိပ်ရာထချိန်မှ လာမည့် အိပ်ရာဝင်ချိန်ထိကို တနေ့ဟုမှတ်ယူ သော ဝါဒက တခု။

၄။ ယနေ့ အရုဏ်တက်မှ နောက်နေ့ အရုဏ်တက် အထိ တနေ့ဟုမှတ်ယူ သော ဝါဒက တခု။

၅။ ယနေ့ နေထွက်မှ နောက်နေ့နေထွက်ကို တနေ့ဟု မှတ်ယူသော ဝါဒက တခု အားဖြင့် ဝါဒ ၅-မျိုး ရှိနေပေသည်။

(ခ) အကျယ်ရှင်းချက်-

တနေ့ဟူသည်-

၁။ ဒိဝသောတု အဟံ ဒိနံ- ဟူသော အဘိဓာန် သဂ္ဂကဏ္ဍ ဂါထာ ၆၇-အရဖြင့် ဒိဝသ, အဟ,ဒိန ၃-ပုဒ်တို့သည် (တနေ့) ဟူသော အနက်ကိုဟော၏။

၂။ အဟောရတ္တ-ဟူသော ၎င်း ကဏ္ဍဂါထာ ၇၄-အရဖြင့် အဟော-ပုဒ် သည်လည်း (တနေ့) ဟူသော အနက်ကို ဟော၏။

၃။ ဒိဝါတွဟေ-ဟူသော အဘိဓာန် အနေကတ္ထဝဂ် ဂါထာ ၁၁၄၇-အရ ဒိဝါနှင့် အဟ ၂-ပုဒ်တို့သည် တနေ့ အနက်ကို ဟော၏။

၄။ အဇ္ဇအတြာဟေ-ဟူသော ၎င်းဝဂ် ဂါထာ ၁၁၅၅-အရ အဇ္ဇနှင့်အဟ ၂-ပုဒ်တို့သည် တနေ့ အနက်ကို ဟော၏။

၅။ ထို့ပြင် ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှာ လာရှိကြသော-

| | | |
|---|---|---|
| က။ အဋ္ဌကာလ၊ | ဆ။ အဋ္ဌတန၊ | ဍ။ ဒိန၊ |
| ခ။ အဋ္ဌသမယ၊ | ဇ။ အဋ္ဌတနကာလ၊ | ဎ။ ဒိဝသ၊ |
| ဂ။ အဋ္ဌဝေလာ၊ | ဈ။ အဋ္ဌတနသမယ၊ | ဏ။ ဒိဝါ ပုဒ်နှင့်၊ |
| ဃ။ အဋ္ဌတဂ္ဂ၊ | ည။ အဋ္ဌတနဝေလာ၊ | တ။ ဃသရော၊ |
| င။ အဋ္ဌက္ခု၊ | ဋ။ အဋ္ဌဒိဝသ၊ | ထ။ ဝါသရော- |
| စ။ အဋ္ဌက္ခု၊ | ဌ။ အဋ္ဌော ။ | |

ပုဒ်တို့သည်လည်း တနေ့ အနက်ကို ဟောကြသည်။

**မှတ်ချက်။** ။ဃသရောနှင့် ဝါသရော ၂-ပုဒ်ကား စိန္တာမဏိ သက္ကဋ ဋီကာမှ လာသည်။

## သက္ကဋ သဒ္ဒါကျမ်းများ အဆို

### ၁။ ကာတန္တရ ဝုတ္တိ အဆို

ပုဗ္ဗာပရဉာဘယဒိဝသာနံ အစ္စုရတ္တေနသဟာမဇ္ဈပ္ပဝတ္တိဒိဝသော အဋ္ဌတနော
ဆိုလိုချက်-

၁။ ရှေးလွန်ပြီး သန်းခေါင် အချိန်မှ နောက်လာမည့် သန်းခေါင်အချိန် အကြားကို (တနေ့) ဟု မှတ်ယူသော ဝါဒ။

မြန်မာပြည်ဖွား (မကာရလောပဘွဲ့ခံ) တောင်တွင်းထေရ်ကျော် ခင်ကြီး ပျော်ရေး အာချာတ်ပုဒ်စစ်ကျမ်းမှာလည်း ပြီး ဟူ၍ပေးအပ်သော လွန်လေပြီး သော ညဉ့်ထက်ဝက်မှ စ၍ လာလတ့်သော ညဉ့်ထက်ဝက်တိုင်ရှိသော ကာလ သည် အဋ္ဌမည်၏ဟု ယင်း ကာတန္တရဝုတ္တိ အတိုင်းပင် ဆိုထား၏။

### ၂။ သိဒ္ဓန္တကောမုဒီ အဆို

အတီတာယ ရတ္တိယာ ပစ္ဆိမဓေနာ အာဂါမိနိယာ ပုဗ္ဗဓေနစ သဟိတော ဒိဝသော အဋ္ဌတနော။
ဆိုလိုချက်-

၂။ လွန်ခဲ့ပြီးည၏ ပစ္ဆိမယံထက်ဝက်မှ လာလတံ့ည၏ ပဌမယံ၏ ထက်ဝက် တိုင် တနေ့လုံး အပါအဝင်သည် အဋ္ဌမည်၏၊ (ဝါ) တနေ့မည်၏-ဟု ဆိုသည်။ ဤကား တဝါဒ။

## မြန်မာပညာရှိ အချို့လိုက်ယူပုံ

ရာဇဝင်လာ ကျစွာမင်း ၂-ဦးရှိ၍ စစ်ကိုင်း အသင်္ခယာစောယွမ်း၏ သား ကျစွာမင်းကို မဆိုလို၊ ပုဂံ ထီးလို မင်းလိုလည်းခေါ် ဇေယျသိင်္ခမင်း၏ သား ကျစွာမင်းကိုသာ ဆိုလိုသည်။

သာသနာ ၁၇၇၀-ခု၊ ကောဇာ ၅၉၆-ခု၊ လွန်ခဲ့သော နှစ် ၇၄၀-ကျော်က ပုဂံပြည်၌ နန်းတက်သော ဇေယျသိင်္ခမင်း၏ သား ပိဋကတ်ပညာရှင် ကျစွာမင်းကြီးလက်ထက် ပုဂံမြို့နေ အရှင် ယသထေရ် ရေးသားသော (ကစ္စာယနသာရ) သဒ္ဒါငယ်ကျမ်း အာချာတနိဒ္ဒေသပိုင်း ဂါထာနံပါတ် ၂၄-၌-

၃။ အတီတရတ္တိယာ ယာမော၊ ပစ္ဆိမော စ မဟုသာဝါ။
ဘာဝိနိယာဒိပ္ပဟာရော၊ တဒစ္စဝါဇ္ဇတေဟျပော။

အနက်ပြန်သော်-

အတီတရတ္တိယာ၊ လွန်ခဲ့ပြီး ညၣ၏။ ပစ္ဆိမော ယာမော၊ နောက်ဆုံးယံ။ အမုသာ၊ ၍ပစ္ဆိမ နောက်ဆုံးယံ၏။ အစ္စံဝါ၊ ထက်ဝက် ရောက်ချိန်ဖြစ်သော နံနက် ၃-နာရီမှ ၄ နာရီ အထိ အချိန်ရင်း။ ဘာဝိနိယာ၊ လာလတံ့ညၣ၏။ အာဒိပ္ပဟာရော၊ ပဌမယံခေါ် ၆-နာရီ ထိုးပြီးချိန်မှ ၁၀-နာရီ အထိ အချိန်။ တဒစ္စံဝါ၊ ယင်း ပဌမယံ ၄-နာရီထဲမှ ထက်ဝက်နှုတ်၍ ညဦး ၈-နာရီ အထိ အချိန်ရင်း။ ဘောဟိ၊ ထိုပြဆိုခဲ့သော ရှေ့ပိုင်းမှ ပစ္ဆိမယံ တဝက်နှင့် နောက်ပိုင်းမှ ပဌမယံ ထက်ဝက် အပါအဝင်။ အဟော၊ တနေ့လုံးပါ။ အဇ္ဇ၊ အဇ္ဇအချိန်မည်၏။

ဆိုလိုချက်မှာ။ ။အထက် နံပါတ် ၂-သိဒ္ဓန္တကောမုဒိကျမ်းလာ အတိုင်းပင် ဖြစ်၏။

### ရင်းကျမ်း၏ အစ ပဋိညာဉ်ပြုထားချက်မှာ-

ဝက္ခံ ကစ္စာယနသာရံ၊ နိဿာယ ဇယ်ဒါသကံ-ဟု ဆိုထားသဖြင့် အင်ဒီးယားဖြစ် ဇယ်ဒါသက သဒ္ဒါကျမ်းကို အမှီပြုပြီး ရေးသားပါသည်ဟု ဆိုထားသည်။

### ၄။ ကာရိကာကျမ်း အဆို

ထို့ပြင် ပုဂံပြည် ကျစွာမင်းလက်ထက် အာနန္ဒာစေတီတော် အနီး ဝါဆိုကျောင်း၌ သီတင်းသုံးတော်မူသော ဓမ္မသေနာပတိထေရ်ရေး (ကာရိကာ

သဒ္ဒါငယ်ကျမ်း) အာချာတကာရိကာပိုင်း ဂါထာနံပါတ် ၄၉၂-နှင့် ၄၉၃-တို့၌ လာသည်မှာ-

က- အတီတရတ္တိယံ ယာပော၊ ပတ္တိပေါ အဇ္ဇုပုသဝါ။
ဘာဝိယာ ပဟာရောစာပိ၊ ဟာဒ္ဒုပပိဝါ ဟာယော။

ခ- သော ဝေသော အဝဓိမဇ္ဈော၊ ကာလော အဇ္ဇတနော မတော။
တန္နိသေဝနယော အညော၊ သော နအဇ္ဇတနော မတော။

ဟု ဆိုထားသည်၊ အကက် ကစ္စာယနသာရနှင့် ထပ်တူဖြစ်နေ၍ အနက်ပြန်ဆိုရန် မလိုတော့ပေ။

## သုံးသပ်ဖွယ်တရပ်

အထက်ပါ သိဒ္ဓန္တကောမုဒီနှင့် ကစ္စာယနသာရ ကာရိကာလာ ၃-ကျမ်း၏ ပြဆိုချက်၌ အဇ္ဇ အရ ပိုင်းရာတွင် လာလတ့်ည၏ ပဍ္ဍမယံ ထက်ဝက်တွင်ဖြတ်ပြီး ယူထားသဖြင့် နောက်နေ့၌ အဇ္ဇ အရယူခဲ့သော် ကျန် ပဍ္ဍမယံထက်ဝက် မဇ္ဈိမယံ တခုလုံးနှင့် ပစ္ဆိမယံတငုလုံးတို့ ကျန်နေသဖြင့် ၎င်း ယူဆချက် အတွက် အချိန်တွေ ပျောက်နေ၍ စဉ်းစားသုံးသပ်ဖွယ် ဖြစ်နေသည် ဟူ၏။

## ၃။ ကာတန္တရဝုတ္တိ၏ အဆိုတချက်-

အာညယာ ဥဠှာန အာညယာ သံဝေသနာ အဟော ဥဘယတောအုရတ္တံ ဝါ လောကတော သိဒ္ဓံ၊ ၁၆။

**အနက်ပြန်သော်-**

အာညယာ ဥဠှာနာ၊ လောကစဉ်လာ အိပ်ရာထချိန်မှ စ၍။ အာညယာ သံဝေသနာ၊ နောက်အိပ်ရာဝင်ချိန် တိုင်အောင်သည်။ အဟော၊ တရက်မည်၏။

(ဝါ) တနည်းဆိုသော်။ ဥဘယတော၊ ရှေ့နှင့်နောက် ၂-ညဥ့်မှ။ အဍ္ဍုရတ္တံ၊ သန်းခေါင်တိုင်သည်။ (ဝါ) ရှေ့နောက် သန်းခေါင် ၂-ခုကြားသည်။ လောကတော၊ လောကသဘာဝအားဖြင့်။ သိဒ္ဓံ၊ တနေ့အဖြစ်ပြီးတော့၏။ အဓိပ္ပါယ် သိသာပြီ။

## ၄။ လဃုဘာသကျမ်း အဆို

ကေစိ တု အရုဏောဒယာ အာရဗ္ဘ အရုဏောဒယ ပရိယန္တော ကာလော-ဟု ဆိုသည်။

အနက်ပြန်သော်-

ကေစိ တု၊ အချို့ဆရာစုကား။ (ဝါ) ဗုဒ္ဓနှင့် ဝါဒတူဆရာစုကား။ အရုဏော ဒယာ၊ ဤမှာဘက် အရုဏ်တက်ကို။ အာရဗ္ဘ၊ အစပြု၍။ အရုဏောဒယပရိ ယန္တော၊ ဟိုမှာဘက် အရုဏ်တက်တိုင် အပိုင်းအခြားကို။ ကာလော၊ တနေ့ ကာလ ဟု ယူ၏။

အဝိပ္ပါယ်ကား။ ။သိသာပြီ၊ ၎င်းတို့ကား (ဝါ) ဟိန္ဒူဝါဒီတို့ကား ဗုဒ္ဓ ဝါဒကို (ကေစိဝါဒ)ဟု ဆိုထားသည်ကို သတိပြုရာ၏။

## ၅။ တတ္ထဒီပိကာကျမ်းအဆို

အညေသု သူရိယောဒယာ အာရဗ္ဘ သူရိယောဒယပရိယန္တော ဣစ္စာဟု လောကိကာနံ ဟိယျ အဇ္ဇ သွေဣတိ တဂြော ဗျဝဟာရဒဿန-တော-ဟု ဆိုလေသည်။

အနက်ပြန်သော်-

အညေသု၊ အချို့ဆရာစုတို့မှာ။ သူရိယောဒယာ၊ ဤမှာဘက် နေထွက် လာချိန်ကို။ အာရဗ္ဘ၊ အစပြု၍။ သူရိယောဒယပရိယန္တော၊ ဟိုမှာဘက် (ဝါ) ဟိုဘက်နေ့ နေထွက်ချိန်ဖြင့် ပိုင်းခြားချိန်သည်။ ကာလော၊ တနေ့ကာလချိန် မည်၏။ ဣစ္စာဟု၊ ဤသို့ ဆိုကြကုန်၏။ လောကိကာနံ၊ လောကသားတို့၏။ ဟိယျ အဇ္ဇသွေဣတိ၊ ပနေ့- ဒီနေ့- နက်ဖြန် ဟူ၍။ တဂြော၊ ထိုထိုကျမ်းတို့ ၌ပင်။ဗျဝဟာရဒဿနတော၊ အသုံးသိုး အချိန်ခွဲခြားယူချက်ကိုမြင်ရတော့၏။

## အပိုဗဟုသုတ မှတ်ဖွယ်ကား

## ၆။ သာရသင်္ဂဟနှင့် သိဒ္ဓန္တစန္ဒြိကာတို့အဆို

အတိတာယ ရတ္တိယာ ပဌမဒွယံ၊ ဝတ္တမာနာဒီနံ အာဂါမိနိယာ ပဌမ ဒွယံ၊ သော အဇ္ဇတနော၊ အညော အနဇ္ဇတနော။

အနက်ပြန်သော်-

ဝတ္တမာနာဒီနံ၊ တနေ့အဖြစ်ယူရန်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတံ့ အချိန်တို့တွင်။ အတိတာရတ္တိယာ၊ လွန်ခဲ့ပြီးည၏။ ပဌမဒွယံ၊ ပုရိမနှင့်မဇ္ဈိမယံ ၂-ခု။ အာဂါမိ နိယာ၊ လာလတံ့ည၏။ ပဌမဒွယံ၊ ပုရိမနှင့် မဇ္ဈိမယံ ၂-ခုသော ထိုဖော်ပြပါ လွန်ပြီးညယံ ၂-ခုနှင့် လာလတံ့ယံ ၂-ခုအကြားသည်။ အဇ္ဇတနော၊ တနေ့

မည်၏။ အဍ္ဍော၊ ကျန်အချိန်စုသည်။ အနဂ္ဃတနော၊ တနေ့၏အပြင်ဘက်အချိန်စုမည်၏။ အဝိပ္ပါယ်သိသာပြီ။

## ၇။ စန္ဒကိတ္တိဋ္ဌိကာအဆို

အတီတရတ္တိယာ ပစ္ဆိမပဟာရဒွယံ၊ သကလောဒိဝသော အာဂါမိ-
နိယာ ရတ္တိယာ ပုဗ္ဗပဟာရဒွယံ၊ သော အဇ္ဇကနော၊ တတော အဍ္ဍော
ကာလော အနဇ္ဇတနော။

**အနက်ပြန်သော်-**

အတီတရတ္တိယာ၊ လွန်ခဲ့ပြီးည၏။ ပစ္ဆိမပဟာရဒွယံ၊ ပစ္ဆိမယံ၏ နောက်ပိုင်းယံ ၂-ခု။ သကလောဒိဝသော၊ နေထွက်မှ နေဝင် တနေ့လုံး။ အာဂါမိနိယာ ရတ္တိယာ၊ လာလတ့်ည၏။ ပုဗ္ဗပဟာရဒွယံ၊ ပုရိမနှင့် မဇ္ဈိမယံ ၂-ခု။ သော၊ပေါ်ထုတ်ပြီး ရှေ့ယံ ၂-ခု တနေ့လုံးနှင့် နောက်ညလာယံ ၂-ခုဟုစုသည်။ အဇ္ဇတနော၊ တနေ့မည်၏။ တတော၊ ဖော်ပြခဲ့သော ထိုအချိန်စုမှ။ အဍ္ဍောကာလော၊ ၎င်း၌မပါဝင်သော ကာလစုသည်။ အနဇ္ဇတနော၊ အဇ္ဇ၏အပထဲဝင်၏။ (ဝါ) အနဇ္ဇတနမည်၏။ အဝိပ္ပါယ်သိသာပြီ။

## ၈။ သုဗောဓိနီနှင့် တတ္တဒီပိကာတို့အဆို

အတီတရတ္တိယာ အန္တိမံ ယာမဒ္ဒယံ၊ အာဂါမိနိယာ၊ ပဌမယာမဒ္ဒယံ၊
မဇ္ဈပဝတ္တိဒိဝသော၊ သကလော ဧသော အဇ္ဇသဒ္ဒဂေါစရကာလော။

**အဝိပ္ပါယ်။** ။လွန်ခဲ့သောည၏ အဆုံးဖြစ်သော ပစ္ဆိမယံစွန်း ၂-ခု လာလတ်ည၏ ပုရိမနှင့် မဇ္ဈိမယံ ၂-ခု၊ ရှေ့နှင့်နောက်ည ၂-ခုအကြားရှိ တနေ့လုံး၊ ၎င်းအချိန်စုကို အဇ္ဇသဒ္ဒါက ဟောသော အချိန်မည်၏၊ (ဝါ) တနေ့ဟုပြောသော အချိန်တည်း။

ဤသည်တို့ကား- ထိုထိုဒေသနှင့် လူမျိုးအလိုက် ယူဆခဲ့ကြသော ရှေးအစဉ်အလာ (အဇ္ဇ)ခေါ် တနေ့အဖြစ်ယူဆကြပုံ အဗုဒ္ဓဝါဒီ နယ်သုံးသဒ္ဒါကျမ်းတို့မှလာရှိချက် အဖုံဖုံတို့မည်၏။

## မြန်မာနိုင်ငံ ဗုဒ္ဓဝါဒီနယ်သုံး သဒ္ဒါကျမ်းများမှ (အဋ္ဌ) အရ ဖော်ပြကြပုံတို့ကား

၁။ ကစ္စည်း သဒ္ဒါကြီး အာချာတ်ပိုင်း သုတ်နံပါတ် ၄၁၉-၌ သမိ-ပေဋ္ဌတ္တနိ-ဟု သုတ်တည်ထားလေသည်။

၂။ ဗာလာဝတာရ စာမျက်နှာ ၃၄-တွင် သမိပေဋ္ဌတ္တနိ-ဟုပင် တည်ထားလေသည်။

၃။ သဒ္ဒနိတိသုတ္တမာလာ အာချာတကပ္ပ သုတ်နံပါတ် ၈၈၇-၌မူ အဋ္ဌတနိ သမိပမို-ဟု ရှေ့နောက်ပြောင်းကာ သုတ်တည်သွားလေသည်။

၄။ မောဂ္ဂလာန ဗျာကရဏကျမ်း ဆဋ္ဌကဏ္ဍ တျာဒိပိုင်း သုတ်နံပါတ် ၄-၌ ဘူတေ-ဟုတည်ပြီး အီ၊ ဥံ-မှ အ-မှေဟု တပိုင်း။

သုတ်နံပါတ် ၅-၌ အနဋ္ဌတနေဟု တည်ပြီး အာ၊ ဦမှ သေ၀ှံ၊ ဣမှ သေဟု ဝိဘတ်တို့ကိုပါ ထည့်ပြထားလေသည်။

ထို့ပြင် အထက်ကပြခဲ့ပြီး ကာတန္တရဝုတ္တိမှလာသော-

အာဉာယျာစ ဥဋ္ဌာနာ၊ အဉာယျာစ သံဝေသနာ။
သေဋ္ဌတနော ကာလော၊ အဟောရတာနူရတံဝါ-ဟု
ၡင်းဝုတ္တိစာမျက်နှာ ၃၀၄-မှာ အကိုးပြည့်နှုန်းထားလေသည်။

၅။ လယ်တီ ဆရာတော်ရေး နိရုတ္တိဒိပနီ အာချာတ ကဏ္ဍမှာမူ သုတ်ကို ဘူတေ ဤ၊ ဥံ-ပ-အာ၊ မှေ-ဟု မောဂ္ဂလာန်လာ အတိုင်းတည်ပြီး ဝုတ္တိစာမျက်နှာ ၄၇၂-မှာကား....

အထ အဋ္ဌတနိ ဝုစ္စတေ-ဟု အစချီကာ ဤ- ဥံ- စသော ဝိဘတ်တို့ဖြင့် ရုပ်ပြီးပုံတို့ကိုသာ ပြယုဂ်ထုတ်၍ပြသွားသည်။ အဋ္ဌ-ခေါ် တနေ့ဖြစ်ပုံကိုကား လုံးဝရှင်းပြချက် မပြုတော့ပေ။

### ၆။ ကာတန္တရ ရူပမာလာ

ထို့ပြင် မြန်မာပြည်သုံး "ကစ္စည်း သဒ္ဒါကြီးကျမ်း"၏ မူတည်မှီရာဖြစ်သော ဂျိန်ဘာသာပါမောက္ခ သီရိမင်္ဂလဗုဒ္ဓပဏ္ဍိတရေး ကာတန္တရဗျာကရဏသုတ်နှင့် ၎င်း အဖွင့်"ရူပမာလာ"ကို "ပရာကရိ-တ်"ဘာသာဖြင့် ဖွင့်ပြသွားသူ သီရိမဒ္ဒဝသေန ပဏ္ဍိတ ၂-ဦးတို့ တွဲစပ်ရေးသားသွားသော နောင်အချိန်မှာ "ဂျယပူရ" ခေါ် ဂျေပူမြို့ သီရိဝိရပုံနှိပ်တိုက်မှထုတ်ဝေသည့် "ကာတန္တရရူပမာလာ" ဗျာကရုဏ်း

ဒုတိယပိုင်း တျာဒျန္တပကရဏ်-အဋ္ဌကထာ သုတ်နံပါတ် ၆-တွင် "ဝေဝမေဝ အဒျတ္တနိ"ဟု သက္ကတ္ဋရူလိုသုတ်တည်ပြီး ဟေ့ကရိ-ဝ် ဘာသာဖြင့် ဖွင့်ပြကား လေသည်။

## ၇။ ပဟာဘာသာပဒီပကျမ်းလာ

ထို့ပြင် အာချာတ်ပိုင်းလာ အဇ္ဇတနိနှင့်ပတ်၍ ယင်း "မဟာဘာသာပဒီပ ကျမ်း" နံပါတ် ၁၁၁-တွင်ကား "အဇ္ဇတနေလင်"ဟု သုတ်တည် သွားလေ သည်။

## ဂ။ ပါဏိနိသဒ္ဒါကျမ်းလာ

ထို့ပြင် ဟိန္ဒူနယ်တွင် သဒ္ဒါကျမ်းတို့အနက် ရှေးအကျဆုံးဖြစ်၍ ထိပ်တန်း က ထားရသဖြင့် နာမည်အကျော်ကြားဆုံးဖြစ်သော ရသေ့ဆရာ သိရိပါဏိနိ ရေးသားသွားသည့် (ဝုတ္တိနှင့် ပြယုဂ်မပါ) သုတ်သက်သက်မျှ ဖြစ်သော ပါဏိနိကျမ်း နံပါတ် ၅၇-မှာကား အဇ္ဇအတွက် "ကာလော ပသဇ္ဇနေဓ တုလျ့" ဟု သုတ်တည်သွားလေသည်။

## နောက်ဆရာများ ဖွင့်ဆိုကျမ်းများ

ယင်း သုတ်သက်သက်မျှ ရှိနေသော "ပါဏိနိ" မူတည် သဒ္ဒါကျမ်းကို သဒ္ဒါ ပညာ ပြည့်ဖြိုးကြွယ်ကြသော နောက်ခေတ်ပညာရှင်တို့က-

၁။ ပါဏိနိယ သိက္ခာ၊ ၅။ ပါဏိနိယ ပငဝသိကာ၊
၂။ ပါဏိနယသိုကျ၊ ၆။ ပါဏိနိယမိတ္တကုရာ၊
၃။ ပါဏိနိယ ပဒီပ၊ ၇။ ပါဏိနိယသိဒ္ဓန္တကောမုဒီ၊
၄။ ပါဏိနိယပဗောဓ၊ ဂ။ ပါဏိနိယဗျာရကာဝါဒရတနံ-

စသော အမည်တို့ဖြင့် သုတ်, ဝုတ္တိ, ဥဒါဟရုဏ် အစုံဟို ထည့်သွင်းကာ နာမည်ကျော်ကျမ်းပြု သူရိယနာရာယနသုက်၊ မဒေနာမောဟ-န် ဃောသော၊ ဂေါပါလဿူတြိဒသျှန၊ ဂိရဃရလာလ်သျှတြိ၊ မထုရာပရာဆင်နှင့် နာမည်ကျော် သီရိသူရိယနာရာယနသုက် စသော သဒ္ဒါကျော် ဆရာတို့က ဖွင့်ပြရေးသား သွားကြလေသည်။

## အဇ္ဇတ္တနိနှင့် ပိဋကတ်

ပါဠိတော် အဋ္ဌကထာနှင့် ဋီကာကျမ်းတို့တွင် (အဇ္ဇတ္တနိ) ဟု လာရှိချက် မရှိပေ၊ ရှိသည်ကား- အထက်တွင် ဖော်ပြခဲ့သော-

**ဣဆ္ဆာသယ ၅၉၅-၁၇**

၁။ အဇ္ဇတန၊ ၄။ အဇ္ဇတနဝေလာ၊
၂။ အဇ္ဇတနကာလ၊ ၅။ အဇ္ဇကျော်း၊
၃။ အဇ္ဇတနသမယ၊ ၆။ အဇ္ဇ ဟု- ၁ဝနေ့နှင့်သာ ရှိကြသည်။

သဒ္ဒါကျမ်း၌သာ (အဇ္ဇတ္တနိ) ဟု ဖြစ်လာရခြင်းကား "ဝတ္တိစ္ဆာနုဝသာ (တနည်း) ဝတ္တိစ္ဆာနုဗဒ္ဓါသဒ္ဒပ္ပဝတ္တိ" ဟူသော ပရိဘာသာ အရ သဒ္ဒါအရာသုံး "ဝိဘတ္တိ" ခေါ် ဝိဘတ်အရကို လိုလား၍ အဇ္ဇတ္တနိ ဖြစ်လာရသည် ဟူ၏။
ပုဒ်ထပ်ချက်ရှင်းလိုက်သော်- မူတည် "အဇ္ဇ" ပုဒ်သည်-

၁။ ဇာတိခာန် အဇ္ဇယဝဂ် ဂါထာနံပါတ် ၁၂၀၃-လာ-
ဒါနိ ဝေါ ဒါစနံ ဒါဇ္ဇ၊ ထံ တတ္တံ ဥ ဇ္ဇအာဒယော။
သမာသောစာ ဗျသိဘာဝေါ၊ ယာဒေသောစာ ဗျယံဘဝေ။
ဒအရ နိပါတ်ပုဒ် အဇ္ဇ က တခု။

၂။ ကစ္စည်းကျမ်း နာမ် တတိယ, စတုတ္ထ, ပဉ္စမပိုင်းလာ ဣမသဒ္ဒဿစ၊ ဣမဿ ဟ ဓ ာ စ၊ယ ဝ တံ တ လ ဏ ဒကာရာနံ ဗျဉ္ဇနာနိ စ လ ၃ ဇ ကာရတ္တံ- သုတ်တို့ အဓိအရင်ကို ပေါင်းစပ်၍ ပြုတားသော အဇ္ဇ ကတခုဟု ၂ ခုနေရာ ယာ့ အစိရင် (အဇ္ဇတ္တနိ) လာ (အဇ္ဇ) ကား ဣပနှင့် ဒ-တို့မှ ဖြစ်လာသော အဇ္ဇ ဖြစ်သည်။

ထိုအရ ပုဒ်ခွဲသော် အဇ္ဇ(အ-ဒ)အ-ဣဒ-ဇ္ဇ၊ဒ သည် သတ္တမျဝိဘတ်ပေါ် သတ္တမိ အနက် ယူတားသော ဒ-ဖြစ်၍ အ-ဣမ-ဒ-သို့-အ-ဒ-ဣမသို့ မှ အဇ္ဇ ဖြစ်လာ သည်၊ ယင်း သို့ ဝိဘတ်သည် အချိန်ကာလကို ညွှန်ပြထားသဖြင့် ဣမသို့၊ ဤ အချိန်၌။ အဇ္ဇ၊ ဤအချိန်၌-ဟု ပေးရာ၏။

**သတိပြုရန်။** ။အဇ္ဇ မှ ဒ-ပစ္စည်းသည် ကညာ-နဒီ-တို့မှ အာ-ဤ ပစ္စည်းကဲ့သို့ (နာမ်ပစ္စည်း) မျှသာ ဖြစ်သည်၊ တဒ္ဓိတ်နှင့် ကိတ်ပစ္စည်းမျိုး မဟုတ်၍ (ပုဒ်နှင့်ပုဒ်ချင်းစပ်လျှင် သမာသ်၊ ပုဒ်နှင့်ပစ္စည်းစပ်လျှင် တဒ္ဓိတ်) ဟု ဆိုရိုးတည်းသို့ (မဝင်ကြောင်း) သတိပြုရာ၏။

## အဇ္ဇမှ အဇ္ဇတနဖြစ်ပုံ

ထို့နောက် ဖတ်ရှုသူတို့ ဆိုလိုချက်ကို သိနိုင်စေရန် ပုဒ်တွေထင်သင့်၍ လာပြန်သည်မှာ အဇ္ဇ-ဣမသို့ (ကာလေ) ဘဝေါ အဇ္ဇတနော-ဟု ဘာဝတဒ္ဓိတ် ထပ်ဆင့်လိုက်သဖြင့် ပုဒ်တိုးလာသလို အနက်ပါ တိုးလာသည်မှာ-

အဇ္ဇ-ဣမသ္မိံ (ကာလေ) ဤအချိန်၌။ ဘဝေါ၊ ဖြစ်လာသည်တည်း။ (ဝါ) ဖြစ်လာသော အရာတည်း။ အဇ္ဇတ္တနော၊ ဤအချိန်၌ ဖြစ်လာသည်။ (ဝါ) ဖြစ်လာသော အရာဟု အနက်ဖော်ရာ၏။

ဤဘဝတဒ္ဓိတ်ဆင့်ရာ၌ ဘဝပုဒ်၏ အစား တနပုဒ်ကို ပစ္စည်းအဖြစ်ထားပြီး စီရင်ထားခြင်း ဖြစ်သည်။

အကယ်၍ ယင်း အဇ္ဇတ္တနကို တဒ္ဓိတ်အဖြစ် မထားလိုပဲ သမာသ် အဖြစ် ထားလိုသော် အဇ္ဇ-ဣမသ္မိံ (ကာလေ) ဘဝေါ အဇ္ဇဘဝေါဟုနေလျှင် တဒ္ဓိတ် ပုဒ်မဖြစ်ပဲ သမာသ်ပုဒ်အဖြစ်သာ ရှိမည်။ အနက်ကား တူမျှကြသည်။ တန-သည် ဘဝနှင့် အနက်တူဖြစ်သည်ဟု သတိပြုရာ၏။

ထိုအရ ဝတ္တိစ္စာခေါ် ကာယကံရှင်၏ ဆန္ဒအတိုင်း ၂-မျိုးအနက် ထားလို ရာ ထားနိုင်ရန် ဝါကျပုံစံခွဲပြသော်–

၁။ အဇ္ဇ-ဣမသ္မိံ (ကာလေ) ဘဝေါ အဇ္ဇဘဝေါဟု တဝါကျ။

၂။ အဇ္ဇ-ဣမသ္မိံ (ကာလေ) ဘဝေါ အဇ္ဇတ္တနော-ဟု တဝါကျနေနိုင်ရာ နံပါတ် ၁-က သမာသ်ပုဒ်၊ နံပါတ် ၂-က တဒ္ဓိတ်ပုဒ်ဟု သိရာ၏။ တန-သည် ဘဝနှင့် အနက်တူဟု သိရာ၏။ (တ္တ)မှ တ-တလုံးကား ဒွေဘာဝ အနက်မရှိ။

### အဇ္ဇတ္တနီဖြစ်ပုံ

က။ ၁။ အဇ္ဇတ္တနေ ဘူတာ အဇ္ဇတ္တနီ။
  ၂။ အဇ္ဇတ္တနေ ပကာသိတာ အဇ္ဇတ္တနီ။
ခ။ ၁။ အဇ္ဇတ္တနေ ဘူတာ အဇ္ဇတ္တနဘူတာ။
  ၂။ အဇ္ဇတနေ ပကာသိတာ အဇ္ဇတ္တန ပကာသိတာ။

အနက်ကား–

က–၁။ အဇ္ဇတ္တနေ၊ ဤနေ့၌။ ဘူတာ၊ ဖြစ်လာကြသောဝိဘတ်တို့တည်း။ အဇ္ဇတ္တနီ၊ ဤနေ့၌ ဖြစ်လာကြသော ဝိဘတ်တို့။

၂။ အဇ္ဇတ္တနေ၊ ဤနေ့၌။ ပကာသိတာ၊ ဖော်ပြအပ်သော ဝိဘတ်တို့တည်း။ အဇ္ဇတ္တနီ၊ ဤနေ့၌ ဖော်ပြအပ်သော ဝိဘတ်တို့။ ခ-မှ ၁-နှင့် ၂-တို့ သိသာပြီ။

သို့ဖြင့် အဇ္ဇတ္တနီအရကား အဇ္ဇခေါ် ယနေ့အဖြစ်ကို ဖော်ပြသောဝိဘတ်ကို ယူပါဟု ဆိုလိုသည်။ သဒ္ဒါနည်းဖြင့် များစွာချဲ့နိုင်သေးသည်။

ဤမျှဖြင့် အဇ္ဇ- အဇ္ဇတန- အဇ္ဇတ္တနိဖြစ်ပုံတို့ကို သိသာနိုင်ကြတော့သည်။

ဤသည်တို့ကား ဒေသနှင့် လူမျိုးအလိုက်၊ စွဲယူချက်အလိုက်၊ အဇ္ဇခေါ် တနေ့ချိန်ကို ယူဆကြပုံအမျိုးမျိုးကို ဖော်ပြလိုက်ခြင်းဟည်း။

## ပုဗ္ဗဏှနှင့် ပုဗ္ဗန္ဟ ရှင်းလင်းချက်

ပုဗ္ဗနှင့်အဟ-မှ "ပုဗ္ဗဏှ" ဖြစ်လာသည်။ တနည်း၊ "ပုဗ္ဗန္ဟ" ဖြစ်လာသည်။

## သမာသ် ၂-မျိုးပြု၍ အသုံးပြုကြပုံ

၁။ အဟဿ ပုဗ္ဗော ပုဗ္ဗဏှော၊ ပုဗ္ဗန္ဟော ဝါ။

အဟဿ၊ နေ့၏။ ပုဗ္ဗော၊ ရှေ့ပိုင်းအချိန်ဘည်း။ ဝါ၊ ရှေးဦးပိုင်း အချိန် တည်း။ ပုဗ္ဗဏှော၊ နေ့၏ရှေ့ပိုင်းအချိန်။ ဝါ၊ ရှေ့ဦးပိုင်းအချိန်။ ဝါ၊ နံနက် ခင်းပိုင်းအချိန်။

ဤ၌ ဏ-ကြီးနှင့် န-ငယ် အာဂုံလာပြီး ဗ္ဗနှင့် အဟ-မှ အ-နှင့်တွဲ၊ ဟ-နှင့် အာဂုံ ဏ-ကြီးတွဲသော် "ဏှ" ဖြစ်၍ အာဂုံ န-ငယ်နှင့်တွဲသော် "န္ဟ" ဖြစ်ရာ ပုဗ္ဗဏှ နှင့် ပုဗ္ဗန္ဟတို့ ဖြစ်သွား၏။

**တနည်း။** ။အဟ-မှ (ဟ)ကို ဏှပြု၍ ပုဗ္ဗဏှ၊ ဟ-ကို (န္ဟ) ပြု၍ ပုဗ္ဗန္ဟ ဖြစ်လာသည်ဟုလည်း အဘိဓာန်ဋီကာတို့ ဆိုပြန်သည်။ အလားတူ မဇ္ဈဏှော၊ မဇ္ဈန္ဟော၊ မဇ္ဈဏှကော၊ မဇ္ဈန္ဟိကော၊ သာယဏှော၊ သာယန္ဟော၊ အဇ္ဇဏှော၊ ပဏှော-တို့ကိုလည်း သိရာ၏။

ဤအခိုက်၌ အဟနှင့် ပုဗ္ဗကို တပ္ပုရိသ် သမာသ်အဖြစ်တွဲယူချက်ဖြစ်သည်။

## နောက်တနည်း

၂။ မောဂ္ဂလာန သဒ္ဒါကျမ်း ဆရာကမူ ပုဗ္ဗော စ သော အဟော စေတိ ပုဗ္ဗဏှော-ဟု ကမ္မဓာရယ် သမာသ်အဖြစ် တွဲစပ်ပြထားသည်။ ထိုအခိုက် ရှေ့ပိုင်း ဖြစ်သောနေ့ (ဝါ) ရှေ့ပိုင်းနေ့ဟု ဆိုလိုသည်။

၎င်းပုဒ်မျိုးအတွက် (ပုဗ္ဗ၊ ပရ၊ ဇ္ဇ၊ သာယ၊ မဇ္ဈေ၊ အဟဿဏှော)ဟု သိးခြားသုတ်တည်ပြီး ပုဗ္ဗာဒိဟုတ္တရ ပဒဿအဟဿဏှာဒေသော ဟောတိ-ဟု ဝုတ္တိဖွင့်ကာ ပုဗ္ဗဏှော၊ အပရဏှော၊ အဇ္ဇဏှော၊ သာယဏှော၊ မဇ္ဈဏှော၊ ပဏှော-ဟု ဥဒါဟရဏ်ပါ ထုတ်ပြသွားလေသည်။

**အဓိပ္ပါယ်မှာ။** ။ပုဗ္ဗ၊ အပရစသော ရှေ့ပုဒ်တို့ကြောင့် နောက်ဖြစ်သော (အဟ) ပုဒ်ကို (ဏှ) ပြုဟု ဆိုထားသည်။

ဤနေရာ၌ ဒီဃနခ ပုဒ်ကဲ့သို့ ရှေသော လက်သဲဟုဆိုက ဒီဃော စသော နခေါစေတိ ဒီဃနခေါဟုတွဲ၍ လက်သဲ၏အရှည်ဟု ဆိုက နခဿဒီဃော ဒီဃ နခေါ-ဟု တွဲရသလို သဘောပေါက်ရာ၏။

အလားတူ သာရိပုတ္တထေရော၊ ပိတုပုတ္တော၊ ရာဇကုမာရော- စသော ပုဒ်တို့ မှာလည်း ဝတ္တိစ္ဆာလိုက်၍ သမာသ်မျိုးပါ ကွဲသွားတော့သည်ဟူလို့။ ဤမျှဖြင့် နံပါတ် ၆-ပြ ပုဗ္ဗဏှနှင့် ပုဗ္ဗနှအရ သိသာနိုင်ပေပြီ။

## ၇။ ရတ္တာ၀ သေသံ ရှင်းချက်

ပုံစံ-ရတ္တာ၀သေသန္တိ ဗလဝပစ္စူသေ ပရိနိဗ္ဗုတတ္တာ ရတ္တိယာ အဝသေသံ စုလ္လကဒ္ဓါနံ။

(ဒီဃ မဟာပရိနိဗ္ဗာနသုတ္တ အဋ္ဌကထာ- ၁၀၇)

ဆိုလိုချက် ရတ္တိယာ အဝသေသံ စုလ္လကဒ္ဓါနံကို ထောက်၍ ညဥ့်၏အကြွင်း မျှဖြစ်သည့် အချိန်အသေးစား၊ ဝါ- အချိန်တိုကလေးဟု ဆိုချက်အရ ပစ္စူသ အချိန်အတွင်းကိုပင် ဆိုလိုသည်။ ထို့ပြင် ဗလဝပစ္စူသေ ပရိနိဗ္ဗုတတ္တာ-က လည်း ထောက်ခံထားပြန်၍ စုလ္လကဒ္ဓါနံခေါ် အနီးငယ်မျှ အချိန်ကလေးအရ နှင့် ဗလဝပစ္စူသ အရတို့ အတူဖြစ်နေပုံ ထင်ရှားနေတော့၏။

## နံပါတ် ၈-အရ ကျော်သွားရေး

ဤနံပါတ် ၇-ချက်၌ ရတ္တာ၀သေသံနှင့် ရတ္တိယာ အဝသေသံ ပုဒ်တို့ ပူးတွဲ ပါဝင်နေသဖြင့် နံပါတ် ၈- လာရတ္တိယာ အဝသေသံနှင့် စုလ္လကဒ္ဓါနံ အရတို့ ကို သီးခြားထပ်ပြရန် မလိုတော့ရာ၊ ၎င်းတို့ကို ထောက်ဆပြီး ထိုထိုကျမ်းဂန် တို့လာ ရတ္တာ၀သေသံနှင့် ရတ္တိယာ အဝသေသံအရတို့သည် ပစ္စူသသမယ အရကို ဆိုလိုသည်ဟု သဘောသက်ကြပါစေသော်-

## ၉။ ရတ္တိယာ အစ္စယေန ရှင်းချက်

ပုံစံ-နန္ဒမာတာ ဥပါသိကာ တဿာ ရတ္တိယာ အစ္စယေန သကေနိဝေသနေ ပဏီတံ ခါဒနီယံ ဘောဇနီယံ ပဋိယာဒါပေသိ။

(သတ္တင်္ဂုတ္တရပါဠိတော် မဟာယညဝဂ် နန္ဒမာတာသုတ်-၄၄၅)။

ဤ၌ ရတ္တိယာ အစ္စယေန အရသည် ပစ္စူသချိန်နှင့် အရုဏ်ချိန်တို့ကို (မဆို လိုပေ၊) မိုးထိန်ထိန်လင်းနေချိန်ကို ဆိုသည်။ ဝါ၊ နေထွက်ပေါ်ပြီး ချိန်ကို ဆိုလိုသည်။

အကြောင်းကား- နန္ဒမာတာသည် ပစ္ဆုသအချိန်မှာ ပါရာယနသုတ်ကို သရဇ္ဈာယ်ချက်ကြောင့် ဝေသဝဏ် နတ်မင်းကြီးနှင့် စကား ပြောဆိုနေချိန် နတ်မင်းက အဂ္ဂသာဝကမထေရ်ကျော် ၂-ပါးတို့နှင့် နောက်ပါ သံဃာတော်တို့ အတွက် နံနက်စာဆွမ်းကိုစီစဉ် လှူဒါန်းရန် တိုက်တွန်းပြောဆို နေမှုတို့က ပစ္ဆုသနှင့် အရုဏအချိန်တို့ကို (ကုန်လွန်သွားစေ၍) မိုးထိန်ထိန် လင်းလာချိန် ကိုသာ ယူသင့်သည်ဟူလို။

ယင်း အချက်စုတ်ကို တောက်ဆ၍ (ရတ္တိယာအစ္စယေန) ပုဒ်ကိုတွေ့ရှိက ရှေ့နောက်ကိစ္စတို့ကိုပါ ထောက်ရှုပြီးမှ ဘယ်အချိန်ကို ယူသင့်ပုံ နှိုင်းချိန်ရှိပေမည် ဟု ဆိုသည်။

ဤကား နံပါတ် ၉-အရပေတည်း။

## ၁၀။ ကာလဿေဝနှင့် ပဋိကစ္စေဝရှင်းချက်

ဝင်းပုဒ်ကို စောစောသာလျှင် ဟူ၍ဝင်း၊ စောစောကလျှင် ဟူ၍ဝင်း၊ စောစောင်ကပင် ဟူ၍ဝင်း၊ ပညာရှိအများ ပေးလျက်ရှိသည်။

ကောဇာ ၁၂၅၀-ပြည့်ဟု မှတ်တမ်းအရ လွန်ခဲ့သောနှစ်ပေါင်း ၈၇-နှစ်က ဝေယံဘုံသာ ဆရာတော်ရေးသွားသော ဝိနယမဟာဝဂ္ဂ ပါဠိတော်နိဿျတွင် ကာလဿေဝ နံနက်ကလျှင်ဟူ၍ဝင်း၊ စောစောကလျှင် ဟူ၍ဝင်း၊ ၂-နက်ပြန် ဆိုသွားလေသည်။

ပညာရှိအချို့ကမူ ကာလဿေဝ စောစောအခါဟူ၍ဝင်း၊ နံနက်စောစော ဟူ၍ဝင်း၊ နံနက်စောအခါဟူ၍ဝင်း၊ ပေးထားကြပြန်သည်။

ပုံစံ- ၁။ အနုဇာနာမိ ဘိက္ခဝေ ထေရေန ဘိက္ခုနာ "ကာလဝတော" အာရောစေတုန္တိ။

၂။ တေန ခေါ ပန သမယေန အညတရော ထေရော "ကာလ ဝတော" နဿရတိ။

(ဝိနယ မဟာဝဂ္ဂပါဠိတော် ဥပေါသထက္ခန္ဓက- ၁၅၈)။

ယင်းကာလဝတောကို ဝင်းအဖွင့်အဋ္ဌကထာ စာမျက်နှာ ၃၄၁-၌ ကာလ ဝတောတိ ကာလဿေဝ ပဂေဝါတိအတ္ထောဟု ဖွင့်ပြလေသည်။

ဤ၌ ကာလဝတော ပုဒ်ကို "ကာလဃောဝ၊ ပဂေဝ"ဟု ဖွင့်သဖြင့် ယင်း ကာလဝတော၊ ကလေဃောဝနှင့် ပဂေဝ ၃ ပုဒ်တို့သည် အနက်တူဟု ဆိုလိုပေသည်။ အနက်ပြန်သော် စောစောသာလျှင် စသောအထက်ပါ ၈-နက်တို့မှ လိုရာအနက် သုံးနိုင်တော့သည်ဟု ဆိုလိုပေသည်။ သို့ရာတွင်- မည်ကဲ့သို့သော စောစောကို ယူရပါမည်နည်း။

ကာလဃောဝပုဒ်ကို စောစောသာလျှင် အစ နံနက်စောအခါ၌ အထိ ၈-နက် ၈-မျိုးပေးထားကြရာ မည်ကဲ့သို့သော (စောစောကို) ယူရမည်ကို စီစစ်ဖွယ် ရှိနေသည်။

ထိုအရ နံနက်စောစော အနေကိုယူခဲ့သော် ပစ္စူသအချိန်ကစ၍ ယူရမည် လား၊ သို့မဟုတ် အရုဏ်တက်ချိန်က စ၍ ယူရမည်လော၊ သို့မဟုတ် နေထွက် ချိန်ကစ၍ ယူရမည်လော၊ သို့မဟုတ် နေထွက်ပြီး နောက်အချိန်က စ၍ ယူရ မည်လော စီစစ်ဖွယ်ရှိနေသည်။

ယင်းသို့ဖြစ်နေ၍ (မည်သည့်စောစောမျိုး)ဟု ခွဲခြားသိနိုင်ရန် ပင်ရင်းဗုဒ္ဓ ဟော ပါဠိတော်လာချက်ကို သုံးသပ်ကြည့်သော်- ဥပုသ်နေ့မှာ အတူ ဥပုသ် ပြုကြရမည့် တကျောင်းတိုက်အတွင်းရှိ ရဟန်းတော်တို့အား ယနေ့ ဥပုသ်နေ့မှန်း သိထားကြအောင် သိထားနှင့်အောင် (ကြိုတင်အသိပေးထားရန်ကို) ဆိုလိုသဖြင့် ယင်း (စောစောအရကား) နံနက် စောစောမျိုး၊ အရုဏ်တက် စောစောမျိုးကို မဆိုလိုပေ၊ (ကြိုတင်အသိပေးချက်မျှကိုသာ) ဆိုလိုကြောင်း သိသာပေသည်။

ထိုသဘာဝအရ ကိုယ်တော်တွေ ခရီးမထွက်ခင် သိနှင့်ထားမှုမျိုးနှင့်သာ ဆိုင်၍ ဥပုသ်မပြုမီ ပြောကြားထားခြင်းသည် (စောစောပြောကြားထားခြင်း ပင်ဖြစ်၍) ဤကာလဃောဝနှင့် ကာလဝတော၊ ပဂေဝတို့၏ (စောစော) အရ သည် (ကြိုတင်ပြုချိန်ကိုသာ) ဆိုလိုရင်းဖြစ်ကြောင်း သတိပြုရာ၏။ ပစ္စူသချိန်၊ အရုဏ်ချိန်တို့နှင့် မပတ်သက်ပုံကိုလည်း မှတ်ရာ၏။

အလားတူပုံစံ-

> သဒ္ဓိဝိဟာရိကေန ဘိက္ခဝေ ဥပဇ္ဈာယမှိ သမ္မာဝတ္တိတဗ္ဗံ၊ တတြာယံ- သမ္မာဝတ္တနာ- ကာလဃောဝ ဝုဋ္ဌာယ ဥပါဟနာ ဩမုဉ္စိတွာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ဒန္တကဋ္ဌံ ဒါတဗ္ဗံ-စသည်-
>
> (ဝိနယ-မဟာဝဂ္ဂပါဠိတော် မဟာခန္ဓက ဥပဇ္ဈာယဝတ္တကထာ-၅၈)။

ဆိုလိုချက်။ ။ဥပဇ္ဈာယ်ဆရာအပေါ်မှာ ပြုလုပ်ပေးရမည့် သဒ္ဓိဝိဟာရိက တပည့်၏ဝတ္တရားတွေ(များစွာကို)ပြထားရာ ယင်းပြုပေးရမည့် ဝတ္တရားများစွာ တို့ကို ဆရာမပြုလုပ်ခင် တပည့်က (ကြိုတင်ပြုပေးရမည့် အချက်ကို)ဟောညွှန် ထားသဖြင့် ၎င်းလာ (ကာလဿေဝ)၏အရ (စောစော)ဆိုသည်မှာ နံနက် စောစောအတွက် အဓိကမဟုတ်ပဲ နေ့ပိုင်းတာဝန်၊ ညပိုင်းတာဝန်တို့မှာလည်း တပည့်က (စောစော)ခေါ် ကြိုတင်ပြုလုပ်ပေးရမည့် အချက်ကို ဆိုလိုရင်းဖြစ်၍ အထက်ပြခဲ့ပြီး (ပါတော) စောစောမျိုးနှင့် မတူပုံကို သတိပြုတင့်လှပေ၏။

စဉ်းစားဖွယ်ပုံစံတရပ်-

အထခေါ် ဘဂဝါ ကာလဿေဝ သရီရပဋိဇဂ္ဂနံ ကတွာ ဘိက္ခုသံဃ ပရိဝုတော ပိဏ္ဍာယ စရိတုံ အာတုမာဘိမုခေါ် ပါယာသိ။
(ဝိနယ-သာရတ္ထဒီပနီဋီကာ ပဌမတွဲ ပဌမ မဟာသင်္ဂီတိကထာ ဝဏ္ဏနာ-၃၁)။

၎င်း၌ ဘဂဝါ ကာလဿေဝ၊ ပိဏ္ဍာယ စရိတုံ-ဟုလာရှိရာ ယင်း"ကာလ-ဿေဝ"အရကို ပိဏ္ဍာယစရိတုံကိုထောက်လျှင် ပစ္စူသချိန်နှင့် အရုဏုဂ္ဂမနချိန် တို့ကို ယူဖွယ်ရှိနေသည်။

သို့ရာတွင် ထိုကိစ္စသည် ဝိနယ-မဟာဝဂ္ဂ ပါဠိတော်-၆၊ ဘေသဇ္ဇခန္ဓက၊ ဝုဓုပဗ္ဗဇိတ ဝတ္ထု ၃၄၇-၃၄၈ မှာလာသဖြင့် ရဟန်းဆိုးကြီးစာရင်း အသွင်း ခံရသူ သုဘဒ္ဒရဟန်းကြီးဝတ္ထုနှင့် စပ်လေသည်။

ထိုအရ ဝိနယပါဠိတော်ရင်းမှာ ဘုရားနှင့် ဝုဓုပဗ္ဗဇိတ သုဘဒ္ဒတို့ တွေ့ဆုံ ရာကား ဆွမ်းခံရာမှာ တွေ့ဆုံကြခြင်းမဟုတ်ပဲ ဘုရားထံသို့ သုဘဒ္ဒကလာပြီး-သူချက်ကြိုထားသောယာဂုတို့ကို အလှူခံရန်ပင့်ဘိတ်ချိန်မှာတွေ့ကြ၍ ဋီကာလာ (ကာလဿေဝ ပိဏ္ဍာယစရိတုံ) အရတို့ကို (စဉ်းစားဖွယ်) ဖြစ်နေသည်ဟု ဆိုလိုပါသည်။

ယင်းရှင်းလင်းချက်တို့အရ ဤနံပါတ် ၁၀-ဖြင့်ပြထားသော "ကာလဿေဝ" အရသည် (ကြိုတင် ပြုလုပ်ရမည့် အချိန်ကို) ညွှန်ပြချက်အဖြစ် တွေ့ရှိရ၍ (ပါတော)မှလာသော နံနက်စောစောမျိုး မယူဆပဲ (ပဋိကစ္စေဝ)မှလာသော ရှေးဦး၊ ရှေ့ပိုင်း၊ ရှေ့အချိန်မျိုးနှင့်သာ သက်ဆိုင်သည့် (စောစောမျိုး)ဟု ယူဆ မိပေသည်။

ပဋိကစ္စေဝ။ ။ရှေးဦးကပင်၊ မဆွကပင်၊ ကြိုတင်လျက်ပင်၊ မရောက်မီ၊ မလာမီ၊ မရောက်ခင်၊ မလာခင်ကပင်လျှင်၊ အစောကပင်လျှင်၊ ကြိုတင်စီမံ

ထားပြီးလျှင်၊ ဗမာစာကြီးက ပင်လျှင်- စသော အနက်များသည် ဤ "ပဋိကစ္စေ၀" မှပင် ထွက်လာရာ နံနက်စောမျိုးမဟုတ်ပဲ ကိစ္စမလာခင် ကြိုတင်စီမံထားမှုမျိုးကိုသာ ဆိုပေသည်။

သဘောမှန်နှင့် အနက်မှန်ကို မြင်နိုင်အောင် ပုဒ်ရင်းကိုခွဲစိတ်ပြီး အနက်ကိုယူသော် ပဋိ-ကတ-ဧဝ-မှ ပဋိကစ္စေ၀ဖြစ်လာ၍ ပဋိ၊ ရှေ့ကနေပြီး ရှေ့ကထားပြီး ကြိုတင်ပြီး။ ကတ၊ စီမံထားမှု။ ဧဝ၊ သာ, ပင်, လျှင်, ၍ပင်, လျက်ပင်, ၃-ပုဒ်ပေါင်းလိုက်သော် ပဋိကစ္စ၀ (၀ါ) ပဋိ-ကတ၊ ရှေ့ကနေလျက် ကြိုတင်စီမံထားပြီးလျှင် စသည်များစွာ ထွက်နိုင်တော့သည်။ ပဋိ-ဥပသာရနှင့် ကတ-ဓာတ်တို့၏ (အနက်များစွာ) ရှိနေပုံကိုလည်း သတိပြုနိုင်တော့သည်။

ဤသို့ ဒေသ၊ ကာလ၊ ပုဂ္ဂလ-စသည်တို့လိုက်ပြီး ယထာရဟ လျော်ကန်သလို ယူကြရ၍ ဖော်ပြခဲ့ပါ (အချိန်ဟော) ပါတော-အစ ပဋိကစ္စေ၀-အဆုံးရှိသော ပုဒ် ၁၀-မျိုးတို့၏ အနက်မှန်ဖော်ယူပုံတို့ကို ထိုထိုကျမ်းဂန်လာ ထောက်ထားချက်နှင့် မျက်တွေ့ လက်တွေ့ ထောက်ထားချက်တို့ကို ရှုဆနိုင်းချိန်ပြီး ယထာဘူတ ကျအောင် ယူနိုင်ကြစေသော်။

ဒုတိယပိုင်း ဤမျှဖြင့် ရပ်နားလိုက်သည်။

---

# တတိယပိုင်း

## အရုဏ်တက်ချိန် စိစစ်ဖော်ပြခဏ်း

ယင်းအရုဏ်တက်ချိန်ကို သိမှတ်နိုင်ရန် ၂-ပိုင်းခွဲ၍ ပြထားသည်။ ၎င်းမှာ–
၁။ အကြမ်းစား အလွယ်သိမှတ်နိုင်ရန် တပိုင်း။
၂။ အသေးစိတ် စိစစ်ခွဲခြား သိမှတ်နိုင်ရန် တပိုင်း–ဟု ၂-ပိုင်း ခွဲခြားထားသည်။

ယင်း ၂-ပိုင်းအနက် နံပါတ် ၁-အကြမ်းစား အလွယ်အနေဖြင့် အရုဏ်တက်ချိန်မှတ်ရန်ကား– နံနက်စော အရှေ့မျက်နှာမှ (အနီရောင်ထွက်ပေါ်လာချိန်ကို) အရုဏ်တက်ချိန်ဟု လူတိုင်းပင် လွယ်ကူစွာ သိမှတ်နိုင်ပေသည်။

## ၂။ အသေးစိတ် စိစစ် ခွဲခြားသိမှတ်နိုင်ရန်ကား

အရုဏ်-ဟူသော ဝေါဟာရသည် "အရုဏ" ပုဒ်ကလာသဖြင့် ယင်း အရုဏပုဒ်၏ စိစစ်ချက် အကျယ်ကို အထက်တွင် ဖော်ပြခဲ့ပေပြီ၊ သို့ရာတွင် အရုဏ်တက်ချိန်ကိုကား မဖော်ပြရသေးပေ၊ ယခုဖော်ပြရန်ကား ယင်း အရုဏ်တက်ချိန်ကို လူများစုသုံး စက်နာရီဖြင့်၎င်း, လူနည်းစုသုံး နေနာရီဖြင့်၎င်း, လက်တွေ့လေ့လာချက်ဖြင့်၎င်း ယှဉ်တွဲကာ ဖော်ပြသွားရန် ဖြစ်သည်။

## အရုဏ်နှင့် ဗုဒ္ဓ

ဤ (အရုဏ်သည်) ဗုဒ္ဓဟူသမျှတို့ပင် ဂရုပြု အသုံးချရသော အဓိကကိစ္စတရပ်ဖြစ်နေ၍ ဒေသနာ အရပ်ရပ်မှာ ဤအရုဏ်ကိစ္စ ပါဝင်လျက်ရှိနေသည်၊ ဥပမာ- သဗ္ဗညုတ ရွှေဉာဏ်တော် ရယူရေးကိစ္စ၊ မဇ္ဈိမဒေသမှ အပြင်ခရီးထွက်ကြွရေးကိစ္စ၊ မဇ္ဈိမဒေသအတွင်း ပြန်ကြွရေးကိစ္စ၊ ပရိနိဗ္ဗာန်ပြုရေးကိစ္စ-စသည်တို့မှာ ဤ အရုဏ်နှင့်ပင် တိုင်းတာဆောင်ရွက်ရသော ကိစ္စထူးတရပ်ဖြစ်နေ၍ ဗုဒ္ဓဟူသမျှတို့ပင် ဂရုပြု အသုံးချရသော အဓိက ကိစ္စတရပ်ဖြစ်နေရာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ အဘို့ ရှောင်လွှဲ၍မရပဲ လေးစားအသုံးပြုနေရသော ကိစ္စထူးဖြစ်တော့သည်။

## အရုဏ်နှင့်နေ

အရုဏ်သည် နေမှလာသော အရောင်ထူးဖြစ်၍ (ဝါ) အရောင်နီထူးဖြစ်၍ နေထွက်ပေါ်လာချိန်နှင့် တွဲစပ်လျက်ရှိတော့သည်၊ နေမပေါ်မီ နေ၏အရောင်

၂-မျိုးက ရှေ့မှပေါ်နှင့်ကြသည်၊ ပဌမ အဖြူရောင် ပေါ်လာ၍ ၎င်း၏နောက်မှ ဒုတိယ အနီရောင် ပေါ်လာတော့သည်၊ အရုဏ်နီရောင် ပေါ်လာလျှင် သူ့နောက်က နေလိုက်လာတော့၍ အရုဏ်ရောင်သည် နေ၏ ရှေ့ပြေးနိမိတ်ရောင်ဟု ဗုဒ္ဓကပင် ဥပမာနဆောင်၍ ဟောညွှန်တော်မူခဲ့လေသည်။

## ဗုဒ္ဓဟော ဥပမာနပြ ဒေသနာတော်

သူရိယဿ ဘိက္ခဝေ ဥဒယတော ဧတံ ပုဗ္ဗင်္ဂမံ၊ ဧတံ နိမိတ္တံ၊ ယဒိဒံ အရုဏုဂ္ဂံ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခုနော အရိယဿ အဋ္ဌင်္ဂိကဿ မဂ္ဂဿ ဥပ္ပါဒါယ ဧတံ ပုဗ္ဗင်္ဂမံ၊ ဧတံ နိမိတ္တံ၊ ယဒိဒံ သီလသမ္ပဒါ။

(မဟာဝဂ္ဂသံယုတ်ပါဠိတော် မဂ္ဂဝဂ် ၂၃-၂၄)

ထို့ပြင် ၎င်းပါဠိတော် ပဌမသူရိယူပမသုတ် ၇၀-မှာ၎င်း၊ ၎င်း အာဒိစ္စသုတ်-၈၉-မှာ၎င်း၊ ယင်း သစ္စသံယုတ် ပဌမသူရိယသုတ် ၃၀၆-နှင့် အခြား ပါဠိတော်များမှာ၎င်း အလားတူ လာရှိလေသည်။

**အဓိပ္ပါယ်ကား။** ။အရုဏ်နီရောင်သည် နေထွက်ပေါ်လာရန် ရှေ့ပြေးနိမိတ်ဖြစ်သလို အရိယာမဂ်ဉာဏ် ပေါ်ထွက်ရန်လည်း သီလသည် ရှေ့ပြေး နိမိတ်ဖြစ်သည်-ဟု ဆိုပေသည်။

## နေသည် တနှစ်လုံး တနေရာတည်းက တပုံစံတည်း သွားမှုသွား

နေသည် တသက်လုံးအတွက် မဆိုထားဘိ တနှစ်အတွင်းမှာ၎င်း၊ တရာသီအတွင်းအတွက်နှင့် တရာသီလုံး အတွက်ပင် အရုဏ်တက်ချိန်နှင့် နေထွက်ချိန်တို့ကို မိမိတို့ လက်ရှိ (လူလုပ်) စက်နာရီတို့ဖြင့် (တပုံစံတည်း) ပုံသေ တထစ်ချ အနေ ညွှန်ပြထားလျှင် သာသနာဝင်ကျမ်း လူများစုသုံး လောကီကျမ်းတို့နှင့်၎င်း၊ မျက်မြင်လက်တွေ့တို့နှင့်၎င်း (ဆန့်ကျင်နေမည်ဖြစ်၍) တပုံစံတည်းလုပ်မိက တာဝန်မကင်း ဖြစ်လာပေမည်။

## လူသုံးအချိန်ပြ စာပိုဒ်များ

တနှစ်မှာ ဆောင်း, နွေ, မိုး-ဟု ဥတု ၃-ပါး၊ (တနည်း) ရတုအားဖြင့် (၆) ပါး၊ လအားဖြင့် ၁၂-လ၊ တလမှာ လဆန်းပက္ခတွက် ၁၅-ရက်၊ လဆုတ်ပက္ခတွက် ၁၅-ရက်၊ တလမှာ ရက် ၃၀၊ ခုနစ်ရက်ကို တပတ်-စသည်ဖြင့် သုံးစွဲနေကြသော အချိန်ပြစာပိုဒ်များကို လူတိုင်းပင် သိရှိနားလည်ပြီး ဖြစ်နေလေပြီ။

ယင်း လက်ခံထားပြီးဖြစ်သော ဥတု ၃-ပါးတွင် တဥတုမှာ ၄-လစီ ရှိနေရာ ယင်း ဥတု ၃-ပါးတို့အလိုက် (နေ) က တလမ်းတည်း မသွားပဲ ၃-လမ်းသွားနေ သည့်ပြင် ဟဥတု ၄-လအတွင်းမှာလည်း (နေက) တဖြေးဖြေး လမ်းပြောင်းလဲ သွားနေပြန်၍ အရုဏ်တက်ချိန်နှင့် နေထွက်ချိန်တို့ကို လူလုပ် စက်နာရီတို့ဖြင့် တပုံစံတည်း တယတိချမှတ်ယူထားရန် မဖြစ်နိုင်ရှိတော့သည်၊ သို့ရာတွင် (ခန့်မှန်း ခြေ) မျှကား ဖြစ်နိုင်ပေသည်။ ဝိနယဉပဒေမှာကား ခန့်မှန်းခြေမျှဖြင့် မဖြစ်နိုင် ပေ၊ တိကျမှု ဝိနယဉပဒေက လက်ခံပေမည်၊ ဥပမာ-သဘာဝနေက မှန်းတည့် လွန်ကာ ၅-မိနစ်၊ ၇-မိနစ်ခန့် ကျော်လွန်နေပြီး စက်နာရီက နေ့ ၁၂-နာရီထိုး ရန် ၅-မိနစ်၊ ၇-မိနစ်လိုသေး၍ ဗုဒ္ဓရဟန်းတော်များ မုံ့, သစ်သီး, နို့ စသည် စားသုံးမိသော် ဝိကာလဘောဇန သိက္ခာပုဒ်နှင့်ငြိ၍ အာပတ်သင့်တော့သည်၊ လူတို့မှာ ထိုသိက္ခာပုဒ် မရှိ၍ ထိုအာပတ်မှ လွတ်နိုင်၏ စသည်တည်း။

## ကျမ်းဂန်လာ နေသွား ခရီးနယ်ကြီး

ကော် စက္ကဝါဠ် အာယာမတော စ ဝိတ္ထာရတော စ ယောဇနာနံ ဒွါဒသ- သတသဟဿာနိ စတုတိံသသတာနိစ ပညာသဉ္စ ယောဇနာနိ။ ပရိက္ခေပတော ပန-

သဗ္ဗံ သတသဟဿာနိ၊ ဆတ္တိံသ ပရိမဏ္ဍလံ။
ဒသစေဝ သဟဿာနိ၊ အឌ္ဍုဍ္ဎာနိ သတာနိစ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပထမတွဲ ဗုဒ္ဓါနုဿတိကထာ လောကဝိဒူအဖွင့် ၁၉၉) (ပါရာဇိကဏ် အဋ္ဌကထာ (ပဌမတွဲ) ၉၁-မှာလည်း အလားတူပင်ပြသည်)။

ဗုဒ္ဓဘုရားပျှင်ကို လောက ၃-ပါးကို သိပုံအမြွက်မှာ နေသွားနေသော စကြ ဝဠာတခု၏အလျား၊ အနံအကျယ်ပမာဏမှာ ယူဇနာအားဖြင့် (၁၂၀၃၄၅၀) ယူဇနာ တသန်း, နှစ်သိန်း, သုံးထောင်, လေးရာ့ငါးဆယ် ယူဇနာရှိ၏။

အဝန်းအားဖြင့် (၃၆၁၀၃၅၀)ယူဇနာ သုံးသန်း,ခြောက်သိန်း,တသောင်း, သုံးရာ့ငါးဆယ် ယူဇနာရှိ၏။

## မိုင်အားဖြင့်တွက်သော်

တယူဇနာမှာ ၁၂-မိုင်နှင့် ၅-ဖာလုံ ကျော်ကျော် ရှိသည်၊ (ဝါ) ၅-ဖာလုံ ၃၂-ပိုလ်နှင့် ဂ-တောင်ရှိ၍ ၎င်းနှုန်းဖြင့် ဖွဲ့ယူသော်-

၁။ စကြဝဠာ၏ အကျယ်မိုင်ကား ၁၅၃၁၆၃၁၈-မိုင်၊ ၃၃-ပိုလ်နှင့် ၄-တောင်ရှိသည်။

၂။ အဝန်းမိုင်ကား- ၄၅၉၄၉၉၀၉-မိုင်၊ ၂၉-ပိုလ်နှင့် ၁-တောင် ရှိသည်။

## နေသွားလမ်း ၃-ကြောင်းပြကျမ်းဂန်

စန္ဒိမ သူရိယာ ဆမာသေ သိနေရုတော ဗဟိ နိက္ခမန္တိ ဆမာသေ အန္တော ဝိစရန္တိ၊ တေဟိ အာသဠ္ဟမာသေ သိနေရုသမီပေန ဝိစရန္တိ၊ တတော ပရေ ဒွေမာသေ နိက္ခမိတွာ ဗဟိ ဝိစရန္တာ ပဌမကတ္တိကမာသေ မဇ္ဈေန ဂစ္ဆန္တိ၊ တတော စက္ကဝါဠာဘိမုခါ ဂန္တွာ တယောမာသေ စက္ကဝါဠ သမီပေန စရိတွာ ပုန နိက္ခမိတွာ စိတြမာသေ မဇ္ဈေန ဂန္တွာ တတော ဒွေမာသေ သိနေရုဘိမုခါ ပက္ခန္ဒိတွာ ပုန အာသဠ္ဟေ သိနေရုသမီပေန စရန္တိ၊ ကတိနေသံ ဝီထိယောတိ။ တ္ဝေ ပန အဇဝီထိ နာဂဝီထိ ဂေါဝီထိ-တိ တိဿော ဝီထိယော ဟောန္တိ။

သူရိယဿ ဥဇုကံ ဂမနံ သီခံ၊ တိရိယံဂမနံ ဒန္တံ သော ကာဠပက္ခဥပေါသထတော ပါဋိပဒဒိဝသေ ယောဇနာနံ သတသဟဿံ စန္ဒမဏ္ဍလံ ဩဟာယ ဂစ္ဆတိ။ အထ စန္ဒော လေခါဝိယ ပညာယတိ၊ ပက္ခဿ ဒုတိယာယ သတသဟဿန္တိ ဧဝံ ယာဝ ဥပေါသထဒိဝသာ သတသဟဿံ သတသဟဿံ ဩဟာယ ဂစ္ဆတိ၊....စန္ဒံ ဟေဋ္ဌာ ကတွာ သူရိယော ဥပရိ ဟောတိ။

(ဒီဃ-ပါထိကဝဂ္ဂအဋ္ဌကထာ အဂ္ဂညသုတ်-၅၁)း

အဓိပ္ပါယ်-

၁။ လနှင့်နေတို့သည် မြင့်မိုရ်တောင်မှ အပြင်ဘက် ဖြစ်သော စကြဝဠာ တောင်ကြီးဘက်သို့ ၆-လတိုင် သွားနေကြသည်။ တဖန် စကြဝဠာတောင်ကြီး ဘက်မှ မြင့်မိုရ်တောင်ရှိရာအတွင်းဘက်သို့ ၆-လတိုင် ပြန်လှည့်လာကြပြန်သည်။

၂။ ယင်း လနှင့်နေတို့သည် ဝါဆိုလ အချိန်မှာ မြင့်မိုရ်တောင်၏ အနီးလမ်းဖြင့် သွားနေကြသည်။ ထို့နောက် ဝါခေါင်နှင့် တော်သလင်း ၂-လမှာ မြင့်မိုရ်တောင်အနီးမှ ခွါထွက်လာကာ စကြဝဠာ တောင်ကြီးရှိရာ အပခေါ် အဝေးဘက်သို့သွားနေရင်း သီတင်းကျွတ်လမှာ အလယ်လမ်းဖြင့် သွားနေကြပြန်သည်။

၃။ ထို့နောက် စကြဝဠာတောင်ကြီးဘက်သို့ ဆက်၍ ဦးတည်သွားနေကြရာ တန်ဆောင်မုန်း နတ်တော်နှင့် ပြာသို ၃-လတို့မှာ စကြဝဠာတောင်ကြီး၏

အနီးလမ်းဖြင့် သွားနေရာမှ တဖန် ယင်းခရီးဘက်မှ တပို့တွဲနှင့်တပေါင်း ၂-လ တို့မှာပြန်ထုတ်လာကြရာ၊ တာကူးလမှာ အလယ်လမ်းဖြင့်သွားနေရာ ထို့နောက် ကဆုန်နှင့် နယုန် ၂-လတို့မှာ မြင့်မိုရ်တောင်ကြီးဘက်သို့ ဦးတည် ထွက်ခွါလာ ပြန်ရာ ဝါဆိုလဘက်ရောက်သော် မြင့်မိုရ်တောင်၏ အနီးဖြစ်သော မူလလမ်း ကြောင်းဖြင့် သွားနေကြတော့သည်။

## သုံးသပ်ရန်

ဤင်းစကားရပ်တို့ကို ထောက်ဆသဖြင့် လနှင့်နေတို့၏ ၁၂-လအတွင်း သွားနေ ကြပုံ လမ်းခရီး၏ အတိုအရှည်ကိုဎင်း၊ အနီးနှင့် အဝေးကိုဎင်း၊ ယင်းတို့၏ သွားလာပြောင်းရွှေ့နေရပုံတို့ကိုဎင်း၊ တလနှင့်တလ သွားလမ်းမတူပုံတို့ကိုဎင်း၊ ထောက်ဆသုံးသပ်သဖြင့် ၁၂-လတွက်မဆိုတားဘိ၊တရာသီခေါ် ၄-လအတွင်း မှာသော်ဎင်း၊ တလ၏ အစပိုင်း၊ အလယ်ပိုင်း၊ အဆုံးပိုင်းတို့မှာသော်ဎင်း၊ အရုဏ်တက်ချိန်၊ နေထွက်ချိန်၊ မွန်းတည့်ချိန်၊ နေဝင်ချိန်တို့ကို တပုံစံတည်း ထား၍ ဖြစ်နိုင်-မဖြစ်နိုင်ပုံကို သုံးသပ်နိုင်ပေသည်။

## နေ-လတို့သွားရာ ခရီး ၃-ကြောင်းတို့၏ အမည်များ

နေ-လတို့သွားရာ ခရီးလမ်းတို့သည် အဇဝီထိခရီးလမ်း၊ နာဂဝီထိခရီးလမ်း၊ ဂေါဝီထိ ခရီးလမ်းဟု ၃-မျိုး ရှိနေသည်။

၁။ အဇဝီထိခရီးလမ်းကို နွေရာသီ၊ နွေဥတု-ဟု ခေါ်သည်။ပါဠိလို ဂိမှာန ဥတု-ဟု ခေါ်သည်။

၂။ နာဂဝီထိခရီးလမ်းကို မိုးရာသီ၊ မိုးဥတု-ဟု ခေါ်သည်။ ပါဠိလို ဝဿာန-ဟု ခေါ်သည်။

၃။ ဂေါဝီထိခရီးလမ်းကို ဆောင်းရာသီ၊ ဆောင်းဥတု-ဟု ခေါ်သည်။ ပါဠိလို ဟေမန္တဥတု-ဟု ခေါ်သည်။ ယင်း နေသွားလမ်း ၃-မျိုးကို ခွဲ၍ ရာသီ ခေါ် ဥတု ၃-မျိုး ဖြစ်ပေါ်လာတော့သည်။

## နေအမြန်နှင့် အနှေးသွားပုံ

နေသည် အဖြောင့် ခရီးသွားနေသော် လျင်မြန်၍၊ ဖီလာ ထောင့်တန်း ခရီးသွားရသော် နှေးကွေးသည်။

## နေသည် တနေ့ယူဇနာတသိန်း ခရီးသွားနှုန်း

ယင်းနေသည် လကွယ်ဥပုသ်နေ့မှစပြီး လဆန်း ၁-ရက်မှာ ယူဇနာအားဖြင့် တသိန်း၊ မိုင်အားဖြင့်မူ ၁၂-သိန်းခွဲကျော်၊ (ဝါ) ၁၂၇၂၆၃၀-မိုင် ၅-ဖာလုံ ၁၈-ပိုလ်နှင့် ၂-တောင် လဝန်းကိုဖြတ်ခွါပြီး ခရီးသွားနေ၏။ ထိုအခါ လဝန်းမှာ ရေးရေးမျှသာ ထင်နေ-မြင်နေရတော့သည်။

အလားတူလဆန်း ၂-ရက်မှာလည်း နေသည် ယူဇနာ(တသိန်းပင်)ဆက်၍ သွားနေပြန်သည်။ ဤနှုန်းဖြင့် လပြည့်နေ့ထိ တနေ့လျှင် ယူဇနာတသိန်းခန့် တသိန်းခန့်၊မိုင်အားဖြင့် တသန်း၊နှစ်သိန်း, ခုနစ်သောင်း, နှစ်ထောင့်, ခြောက်ရာ သုံးဆယ်ကျော်၊ (၁၂၇၂၆၃၀)မိုင်၊ ၅-ဖာလုံ၊ ၁၈-ပိုလ်၊ ၂-တောင်ခွါခွါ သွားတော့သည်။ လ-က အနိမ့်ဘက်ကသွား၍ နေ-က အမြင့်ဘက်က သွားနေသည်၊ နေနှင့်လတို့၏ ထက်အောက်အမြင့်သည် ယူဇနာအနေဖြင့် (တယူဇနာ) ကွာ၍ မိုင်အနေဖြင့် ၁၂-မိုင် ၅-ဖာလုံ၊ ၃၂-ပိုလ်နှင့် ၅-ထောင်ကွာကြ၏။

## မြေနှင့် နေအကွာ

မြင့်မိုရ်တောင်သည် ရေပြင်အထက် ယူဇနာပေါင်း (၈၄၀၀၀) ကွာ၍ မိုင်အားဖြင့် (၁၀၆၀၅၀၀) ကျော်မြင့်သည်။ ၎င်း၏ထက်ဝက်မှာ ယုဂန္ဓရ တောင်ထိပ်ရှိရာ ယင်းတောင်ထိပ်မှ နေလတို့သွားနေကြသဖြင့် မြေမှ အထက် ယူဇနာအားဖြင့် (၄၂၀၀၀)မြင့်၍ မိုင်အားဖြင့်(၅-သိန်း ၃-သောင်းကျော်) မြင့်သည်။ ဝါ၊ (၅၃၄၅၄၅)မိုင် ၃-ဖာလုံ၊ ၂၅-ပိုလ်၊ ၅-တောင် အမြင့်က နေနှင့်လတို့ သွားလာလှည့်ပတ်နေကြသည်။

## လောကဓာတ်ပညာနှင့် ဗုဒ္ဓပညာနှိုင်းဆရန်

ယခုအခါ လောကဓာတ်ပညာခေါ် လောကဓာတ်(အတတ်ဖြင့်)ရေအတွင်း အစိတ်အဝက် သွားလာနိုင်သော ရေငုတ်သင်္ဘောခေါ် (ရေယာဉ်တမျိုး) ပေါ်လာသော်လည်း မိုင်း-၃၀၀-၄၀၀-၅၀၀-နက်သော ရေအတွင်းသို့ သက်ဆင်းသွားလာနိုင်သော ရေယာဉ်မျိုးကား မပေါ်ထွက်နိုင်သေးပေ"

အကယ်၍ မိုင် သုံးရာ လေးရာ ငါးရာနက်သော ရေအတွင်းသို့ ဆင်းသက် သွားလာနိုင်သော (ရေယာဉ်မျိုး) ပေါ်ထွက်လာနိုင်ပါက အများသိထားပြီး ဖြစ်နေသော အင်ဒီယား သမုဒ္ဒရာ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ များအတွင်းရှိ (ရတနာမျိုးစုံတို့ကို) သယ်ယူကြရန် လက်နှေးကြမည် မဟုတ် ကြပေ။

## လေထဲ မိုင် သိန်း သန်းအထိ မသွားနိုင်သေး

ထို့ပြင် မိုင် ဂျ ထောင်သောင်းမျှ မြင့်သောကောင်းကင်ထဲသို့လည်း သွားလာနိုင်သော လေယာဉ်မျိုးလည်း မပေါ်နိုင်သေးပေ။

## မြေ ကျောက် သံထဲသွားနိုင်သောယာဉ်

ထို့ပြင် ယင်းလောကဓာတ်အတတ်ဖြင့် မြေထုထဲဝင်ထွက်နိုင်သော ယာဉ်မျိုးပင် မပေါ်ထွက်နိုင်သေး၍ ကျောက်မြေထဲ ကျောက်ဆောင်ထဲ ဝင်ထွက်နိုင်သောယာဉ်မျိုး ပေါ်ထွက်ရန်နှင့် သံမြေ သံတောင်ထဲဝင်ထွက်နိုင်သော ယာဉ်မျိုး ပေါ်ထွက်နိုင်ရန်အတွက်မှာ လမ်းစပင်မရှိတော့ပေ။

အလားတူ မီးထဲနှင့် လက်နက်မျိုးစုံ ပစ်ဖောက် နေရာထဲသို့ ဝင်ထွက်နိုင်သော ယာဉ်ထူးမျိုး ပေါ်ထွက်နိုင်ရေးအတွက်လည်း လမ်းစမရှိတော့ပေ။

## ဗုဒ္ဓပညာအပိုင်းအစ

အထက်ပါ လောကဓာတ်ပညာမျိုးဖြင့် မသွားလာ မဝင်ထွက်နိုင်သော ရေထဲ လေထဲ မြေထုထဲ ကျောက်ထုထဲ သံထုထဲ သွားလာ ဝင်ထွက်နိုင်သော အတတ်မျိုးကို ဗုဒ္ဓပညာနှင့်ဗုဒ္ဓကား ရသေ့နှင့် ကိုရင်ငယ်တို့ပင် သွားလာ ဝင်ထွက်နိုင်ကြောင်းရှည်စွာလည်း နေနိုင်ကြသဖြင့် အကြီးစားပညာမျိုးမဟုတ်ပဲ ဈာန်နှင့် အဘိညာဏ် ပညာခေါ်(သမာပတ္တိပညာ)အပိုင်းအစမျှသာ ရှိပေသေးသည်တည်း။

## ဗေဒင်ပညာနှင့် ဆိုင်ရာပျား

ဗေဒင်ဟူသောအသံကို မြန်မာတို့ နားမှာ ကြားလိုက်လျှင် လမ်းဘေးနှင့် ဘုရား တံစောင်းတို့မှာ (ဗေဒင်ဆရာ)ဟု ဆိုင်းဘုတ်ဆွဲကာ မဟာဘုတ် သက်ရောက် ဂြိုဟ်သွား သုံးတန်ပေါ် နိတင်စသည်တို့ ဟောပြောကာ အသက်မွေးနေကြသော ဗေဒင်မျိုးကိုဆိုလိုသည်ဟု ယူစွဲသူကများနေကြသည်။

ယင်းဗေဒင်မျိုးကား ဗေဒင် ၄-ပုံထဲမှ ယဇုဗေဒင်၏ အစိတ်အပိုင်းနှင့် ဝေဒင် ၆-ချိုးမှလည်း ဇောတိသတ္ထ၏ အစိတ်အပိုင်းမျှသာ ဖြစ်ချေသည်၊ အမြင့်စား ဗေဒင်ပညာမျိုးမဟုတ်ပေ။

ယခုတင်ပြမည့် ဗေဒင်ပညာ ဆိုင်ရာတို့ကား း'ပိဋကတ်ဗေဒင် တွဲစပ်ယှဉ် လျက်''ဟူသော ဆိုရိုးစကားဝင်အရ ပိဋကတ်ပညာ ပိဋကတ် လုပ်ငန်းတို့နှင့်

ဆက်စပ်သည့်ပြင် ဗုဒ္ဓဘုရားရှင်နှင့် ရဟန္တာများပါ အသုံးပြုနေသော ဗေဒင် ပညာမျိုးကို ပြဆိုရန်ဖြစ်ပေသည်။

## ဝေဒပုဒ် စိစစ်ချက်

ဗေဒင်ပညာသည် (ဝေဒ) ပုဒ်က လာသော စာပိုဒ်ဖြစ်၍ ပါဠိဘာသာ ဝေဒပုဒ်သည် ၁-ဝေဒေါ မန္တော သုတိတ္တယံ ဟူသော အဘိဓာန် ဘာဂကဏ္ဍ ဂါထာနံပါတ် ၁၀၈-အရဖြင့် ပညာ၏အနက်ကို ဆိုကြောင်းလာရှိချက်တရပ်။

၂-ဝေဒေါ ဝေဒနမိတ္တိဝါဟူသော အဘိဓာန်သံကိဏ္ဏဝဂ် ဂါထာနံပါတ် ၇၆၂-အရဖြင့် သိခြင်းနှင့်ခံစားခြင်း၊ ၂-နက်ကို ဟောကြောင်း လာရှိချက် တရပ်။

၃။ ဉာဏေစ သောမနဿေစ ဝေဒေါဆန္ဒသိဓောစ္စတေ-ဟူသော ရှင်းအနေ ကဏ္ဍဝဂ် ဂါထာနံပါတ် ၇၄၇-အရဖြင့်မူ သိမြင်ခြင်း ဝမ်းမြောက်ခြင်းနှင့် ဆန်းဗေဒင်အတတ်-ဟူသော ၃-နက်ကို ဟောကြောင်း လာရှိချက်တရပ်။

၄။ ဝေဒေစ မန္တနေ မန္တော၊ မန္တာ ပညာယ မုစ္စတေ-ဟူသော ရှင်း အနေကဏ္ဍဝဂ် ဂါထာနံပါတ် ၉၀၀-အရဖြင့်မူ ဗေဒင်၊ အဘတ်၊ တိုင်ပင်ခြင်းနှင့် ပညာ-ဟူသော ၃-နက်ကို ဟောကြောင်း လာရှိလေသည်။

အထက်ပါ စကားစုကို ချုပ်လိုက်သော် ယင်း (ဝေဒ) ပုဒ်သည် ဝိဒ်နှင့်ဏ ၂-ပုဒ်မှ ဖြစ်ပေါ်လာရာ ဝိဒ-ဇာနနေ-အရ အသိ တခုခုကိုဖြစ်စေ၊ အတတ်တခုခု ကိုဖြစ်စေ ဖြစ်ပေါ်စေတတ်သောသဘောကို ဝေဒ-ဟူ၍ရင်း ဝေဒေါ-ဟူ၍ရင်း ခေါ်ကြခြင်း ဖြစ်သည်။

## သက္ကဋကျမ်း အလို

၁။ ပုလ္လိင် ဝေဒသဒ္ဒါသည် ပညာကိုရင်း၊ အမိမာသ်ပြုရာ၌ မှတ်သားခြင်းကို ရင်း၊ မိုးနှင့်စပ်သော ပညာကိုရင်း၊ ရိ-တ်ဗေဒင်မျိုး သာမ ဗေဒင်မျိုးနှင့် အာထဗ္ဗနဗေဒင်မျိုးကိုရင်း ဟောဆိုသည်။

၂။ ထို့ပြင် ပုလ္လိင် ဝေဒန္တသဒ္ဒါကား ဥပနိသဒကျမ်း-အရ ဉာဏ်ကျမ်း စသော ဗေဒင်ကျမ်းတို့၏ အထိန်းအချုပ်ကျမ်းမျိုးကိုရင်း၊ အတ္တမနှင့် မဟာတ္တမ ကိုရင်း၊ လောကကြီး၏ အခြေအနေကိုရင်း၊ ဒဿန-၆မျိုး စသည်တို့ကိုရင်း ဟောကြောင်း လာရှိပေသည်။

## ဝေဒင်္ဂပုဒ်

ဤဝေဒင်္ဂပုဒ်ကား ဝေဒနှင့် အင်္ဂ ၂-ပုဒ်တို့ကို တွဲစပ်ထားခြင်းဖြစ်ရာ ယင်း ပုဒ်ကမူ-

ဈန္တာသယ ၅၉၅-၁၉

ကပ္ပေါ ဗျာကရဏံ ဇောတိ၊ သတ္တံ သိက္ခာ နိရုတ္တိစ။
ဆန္ဒောဝိစိတိ စေတာနဲ၊ ဝေဒင်္ဂါနိ ဝဒန္တိ ဆ-

ဟူသော သဂ္ဂကဏ္ဍ ဂါထာနံပါတ် ၁၁၀-လာ အရနှင့် မူလသက္ကဋကျမ်းလာ တို့ အရဖြင့် ဝေဒင် ၆-ကျမ်းကို ဆိုကြောင်းပြသည်၊ ယင်း ၆-ကျမ်းကား သဘာဝအစဉ်အားဖြင့်-

၁။ သိက္ခာ၊ အ-အစရှိသော အက္ခရာ ဝဏ္ဏတို့နှင့် ဌာန် ကရိုဏ်း ပယတ် စသည်တို့ကို ညွှန်ပြသော မူတည်သဒ္ဒါကျမ်း။

၂။ ဗျာကရဏ်၊ ပုဒ် ခတ် ပစ္စည်း ဝိဘတ် စသည်တို့ဖြင့် ပုဒ်တို့၏အနက်ကို ထင်စေအောင် အထက်ဆင့် သဒ္ဒါကျမ်းမျိုး။

၃။ နိရုတ္တိ၊ ဝဏ္ဏာဂမ, ဝဏ္ဏဝိပရိယယ, လိင်္ဂဝိကာရ, ဝိဘတ္တိဝိကာရစသည် တို့ကို ဖော်ပြသော တတိယဆင့် သဒ္ဒါကျမ်းမျိုး။

၄။ ဆန္ဒောဝိစိတိ၊ တလုံးဘွဲ့၊ ၂-လုံးဘွဲ့မှ ၂၆-လုံးဘွဲ့၊ ဥတ္တာဆန်း၊ အနုတ္တာဆန်း စသော ဂါထာဗန္ဓဖွဲ့ကုံးပုံကို ဖော်ပြသော ဆန်းကျမ်း။

၅။ ကပ္ပေါ၊ ယဇ်ပူဇော်, ဟုမ်းပူဇော်ပုံ စသည်ကို ပြသောကျမ်းမျိုး။

၆။ ဇောတိသတ္ထံ၊ ကောင်းကျိုးဘယ်သို့ ဖြစ်လာမည်၊ မကောင်းကျိုး ဘယ်သို့ဖြစ်လာမည် စသည်ဖြင့် မြန်မာတို့အား ကသဲပုဏ္ဏားတို့က ဟောပြော စားနေသော ဗေဒင်ကျမ်းမျိုး။

## ဆိုလိုရင်းကား

ဝေဒ-အရ ပါဠိနှင့် သက္ကဋ ၂-နယ်လုံးက အသိနှင့် အတတ်ပညာတို့ကို ဆိုလို ကြောင်း ထောက်မြင်ကြပြီဖြစ်ရာ ဝေဒင်္ဂမှ ဝေဒင်နှင့် ဗေဒင်ဖြစ်လာရာ ယင်း ဗေဒင် အရပိဋကတ်မှ ဗုဒ္ဓဟော ဗေဒပညာဆိုင်ရာတို့ကို အောက်တွင် ဆက်၍ ဖော်ပြသွားပါအံ့။

## ဗေဒင်ပညာနှင့် ဘုရားလောင်းများ

ဗေဒင်ပညာသည် လောကီယပညာ စာရင်းဝင်ဖြစ်နေရာ လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန်ကို ရှာဖွေနေသော ဘုရားလောင်းများနှင့် မည်သို့ ဆက်စပ်သည်-မဆက်စပ်သည်ကို အောက်ပါ ပါဠိတော်လာချက်တို့ဖြင့် သုံးသပ်ကြည့်ရာ၏။

### ၁။ ပေတဝတ္ထုပါဠိတော်လာ-

ယေ မန္တံ ပရိဝတ္တေန္တိ၊ ဆဠင်္ဂံ ဗြဟ္မစိန္တိတံ။
ဧတေ စဉ္စေ ဝိဇ္ဇာယ၊ တေပိ နော အဇရာ မရာ။

၎င်းကား ခုဒ္ဒကနိကာယ ပေတဝတ္ထုပါဠိတော် ကဏ္ဍပေတဝတ္ထု စာမျက်နှာ ၁၅၀၊ ဂါထာနံပါတ် ၂၁၉-၌ လာရှိပေသည်၊ ၎င်းဂါထာကို ဂေါတမဘုရား အလောင်းတော် ဆဋ္ဌပဏ္ဍိတက သားသေ၍ သောကမီး တောက်နေသော နောင်တော်ကြီး ဝါသုဒေဝ မင်းသားကြီးအား သောကငြိမ်းစေရန် ဟောကြားသော ဂါထာ ဖြစ်သည်။

### အဋ္ဌကထာဖွင့်ချက်

ယင်း အဋ္ဌကထာ စာမျက်နှာ ၉၂-ဂါထာနံပါတ် ၂၁၉-၌-

မန္တန္တိ ဝေဒံ၊ ပရိဝတ္တေန္တီတိ သဇ္ဈာယန္တိ ဝါစေန္တိ စ၊ အထဝါ ပရိဝတ္တေန္တီတိ ဝေဒံ အနုပရိဝတ္တန္တာ၊ ဟောမံ ကရောန္တာ ဇပန္တိ၊ ဆဠင်္ဂန္တိ သိက္ခာ ကပ္ပ နိရုတ္တိ ဗျာကရဏ ဇောတိသတ္တ ဆန္ဒောဝိစိတိ သင်္ခါတေဟိ ဆဟိ အင်္ဂေဟိ ယုတ္တံ၊ ဗြဟ္မစိန္တိတန္တိ ဗြာဟ္မဏာန မဇ္ဈာယ ဗြဟ္မုနာ စိန္တိတံ ကထိတံ၊ ဝိဇ္ဇာယာတိ ဗြဟ္မသဒိသဝိဇ္ဇာယ သမန္နာဂတာ၊ တေပိ နော အဇရာ အမရာတိ အတ္ထော။

**အဓိပ္ပါယ်။** ။မန္တန် ခေါ် ဗေဒင်ပညာကို ဟိန္ဒူဗြာဟ္မဏ တို့သည် အာဂုံ ဆောင်ထားကြ၊ တဆင့်ချပို့ သင်ပြပေးလာကြသည်၊ တနည်းဆိုသော်-ဝေဒ ပညာရပ်ကို အဆင့်ဆင့် အထပ်ထပ် သင်ချပေးမှုကိုလည်း ပြုကြသည်၊ ဟောမ ယဇ်ပူဇော်မှု၊ ဟုမ်းနတ် ပူဇော်မှု အစုစုကိုလည်း ပြုကြသည်၊ ဇပ ခေါ် အစဉ် မပြတ်အောင် ချပို့သင်ပြမှုကိုလည်း ပြုကြသည်၊ ဆဠင်္ဂ ခေါ် သိက္ခာ အစ ဆန္ဒောဝိစိတိ အဆုံးရှိသော ဝေဒင် ၆-ကျမ်းတို့ကို ဗြဟ္မာတို့က ပုဏ္ဏားတို့အား သင်ကြားပေးကြပုံ၊ ဗြဟ္မာနယ်ကလာသော အတတ်ပညာမျိုး ဖြစ်၍ ထိုဗေဒင် ပညာတို့သည် ဆွေးမြေ့ ပျက်စီးခြင်းမှ ကင်းကြသည်-ဟု ဆိုသည်။

ဆိုလိုရင်းကား- သားသေ၍ သောကမီး တောက်လောင် နေသော နောင်တော် ဝါသုဒေဝ မင်းသားကြီးအား ဂေါတမဘုရားလောင်း ညီငယ် ဆဋ္ဌပဏ္ဍိတ သုခမိန်က- သတ္တဝါ ဖြစ်လာက အို၊ နာ၊ သေရမှု မလွတ်နိုင်ပုံ၊ သို့ရာတွင် ဗြဟ္မာနိုင်ငံသုံး သိက္ခာ ကပ္ပစသော ဗေဒင် ပညာမျိုးတို့ကား လူလို အို နာမှု မရှိကြပါ၍ ယင်း ဗေဒင်ပညာတွေကို အားထားပါ-ဟု ဆိုလိုသည်။

ယင်း စကားစုထောက်၍ ဘုရားလောင်းများသည်ပင် ဗုဒ္ဓတရားနှင့်မတွေ့ကြုံ ရသော ကမ္ဘာနှင့် ဘဝတို့၌ ဗေဒင်ကျမ်းများကို လေးစားခဲ့ပုံကို သတိပြုရာ၏။

## ၂။ ဂေါတမဘုရားလောင်း ဇောတိပါလလုလင်

အဟံ တေန သမယေန၊ ဇောတိပါလောတိ ဝိဿုတော။
အဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါန ပါရဂူ။
လက္ခဏေ ဣတိဟာသေစ၊ သဓမ္မေ ပါရမိံဂတော။
ဘူမန္တလိက္ခေ ကုသလော၊ ကတဝိဇ္ဇော အနာဝယော။

ဟု ကဿပဗုဒ္ဓဝံသ ပါဠိတော် စာမျက်နှာ ၃၇၆၊ ဂါထာနံပါတ် ၁၀-၁၁-၌ လာရှိပေသည်။

**အဓိပ္ပါယ်ကား။** ။ဤကမ္ဘာ ကဿပဘုရား လက်ထက်တော်က ဂေါတမ ဗုဒ္ဓအလောင်းတော်သည် ဇောတိပါလ မည်ဟီး သူဌေးကြီး ဖြစ်ရုံမက ဗေဒင် ၃-ပုံ၌ ကမ်းတဘက်ရောက် တတ်မြောက်ခဲ့ပုံ၊ လက္ခဏာကျမ်း ဣတိဟာသ ခေါ် ရှေးဟောင်း ရာဇဝင်နီတိ ပူရမ်ကျမ်းတို့ကိုလည်း တတ်မြောက်ခဲ့ပုံ၊ သဓမ္မခေါ် ပုဏ္ဏားတို့၏ ဓမ္မနှင့် ဝိနယတို့ကိုင်း၊ ဘူမိဗေဒနှင့် အာကာသဗေဒ အတတ်တို့ကိုပါ တတ်ကျွမ်းခဲ့ပုံကို ဗုဒ္ဓက ဟောညွှန် ပြထားခဲ့ပေသည်။

## ၃။ ဂေါတမဘုရားလောင်း ကဿပ သူဌေးလုလင်

အဟံ တေန သမယေန၊ ကဿပေါနာမ ဗြာဟ္မဏော။
အဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါနပါရဂူ။

ဟု ဗုဒ္ဓဝံသ ၃၅၁-တွင် လွန်ခဲ့သော ကပ္ပါပေါင်း (၁၈၀၀) အချိန်က ပွင့်ပေါ် လာသော ပိယဒဿီ ဘုရားလက်ထက် ဂေါတမဗုဒ္ဓ အလောင်းသည် ကဿပ မည်သော ပုဏ္ဏားသူဌေးဖြစ်ခဲ့ပုံ (ကုဋေ့တသိန်းကျော်) တို့ဖြင့် ကျောင်းတော် ဆောက်လုပ်လှူဒါန်းခဲ့ပုံနှင့် ဗေဒင် သုံးပုံ၌ ကမ်းတဘက်ရောက် တတ်မြောက်ပုံ တို့ကို ဟောညွှန်ထားသည်။

## ၄။ ဂေါတမဘုရားလောင်း သုမေဓသူဌေး

ထို့ပြင် လွန်ခဲ့သော ကပ္ပါပေါင်း ၄-အသင်္ချေနှင့် တသိန်းထက် အချိန်က ဗုဒ္ဓ၏ဗျာဒိတ် ဦးစွာခံယူရမည့် ဘဝဖြစ်သော သူဌေးအဖြစ်မှ ကောင်းကင်ပျံ ရသေ့ဖြစ်လာသူ သုမေဓာ သုခမိန်၏ အခြေအနေကို ဗုဒ္ဓဖြစ်လာချိန် ပြန်လည် ဖော်ထုတ်ရမှာ-

အဇ္ဈာယကော မန္တဓရော၊ တိဏ္ဏံ ဝေဒါန ပါရဂူ။
လက္ခဏေ ဣတိဟာသေ စ၊ သဓမ္မေ ပါရမိံ ဂတော။

ဟု ဗုဒ္ဓဝံသပါဠိတော် စာမျက်နှာ ၃၀၇-၌ မိန့်ကြားထားသည်၊ ၎င်း အရဖြင့်လည်း ဘုရားလောင်းများပင် လောကီပိုင်းဆိုင်ရာ ဗေဒင်ပညာ စသည်တို့ကို တတ်မြောက်ကြကြောင်း ဂုဏ်ပြုအဖြစ် ဟောပြခြင်း ဖြစ်ပေသည်။

ဤကား ဘုရားလောင်းများပင် ဗေဒင်ခေါ် စာပေပညာရပ်

များစွာတို့ကို သင်ယူ လေ့လာခဲ့ပုံတို့တည်း။

---

ဗေဒင်ပညာ ကမ်းတဘက်ရောက် တတ်မြောက်သူတို့

ပူးတွဲသင်ယူလေ့ရှိသော ရှေးဟောင်းပညာများ

၁။ ဗြဟ္မာယုသုတ် ပါဠိတော်လာချက်-

မဇ္ဈိမနိကာယ- မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗြဟ္မာယုသုတ် စာမျက်နှာ ၃၃၄-၌-

ဗြဟ္မာယု ဗြာဟ္မဏော တိဏ္ဏံ ဝေဒါနံ ပါရဂူ သ-နိဃဏ္ဍု ကေဋုဘာနံ သာက္ခရပ္ပဘေဒါနံ ဣတိဟာသပဉ္စမာနံ ပဒကော၊ ဝေယျာကရဏော လောကာယတ မဟာပုရိသလက္ခဏေသု အနဝယော။

အဓိပ္ပါယ်-

ဗြဟ္မာယုပုဏ္ဏားသည်- ၁။ နိဃဏ္ဍု၊ အဘိဓာန်ဆိုင်ရာကျမ်းများ။

၂။ ကေဋုဘ၊ အလင်္ကာကျမ်းများ။
၃။ သာက္ခရပ္ပဘေဒ၊ သဒ္ဒါကျမ်းများ။
၄။ ဣတိဟာသပဉ္စမံ၊ ရှေးဟောင်းပုံပြင် ရာဇဝင်, နီတိ, ပုရာဏ်ကျမ်းတို့လျှင် ငါးခုမြောက်ဖြစ်သော။
၅။ ဗေဒင် သုံးပုံတို့၌ ကမ်းတဘက်မြောက် တတ်ခြင်း။
၆။ ပဒက၊ ဗေဒင်ကျမ်းလာ ပုဒ်ရင်းတို့ကို စီစစ်ပြသောကျမ်း။
၇။ ဝေယျာကရဏ၊ ဓာတ်, ပစ္စည်း, ဝိဘတ်, လိင်၊ ပုရိသ်-စသည်တို့ကို ခွဲပြသောကျမ်း။

၈။ လောကာယတ၊ မျက်မြင် လောကဌ် အကျိုးရနိုင်လျှင် မိဘက စ၍ သတ်ဖြတ်နိုင်သည်ဟု-ဆိုသော ရှေးကွန်မြူနစ် ကျမ်းဟောင်း။
၉။ မဟာပုရိသလက္ခဏာ၊ ကမ္ဘာ့မိန်းရှုးတိုင်အဖြစ် ပေါ်ထွက်လာမည့် ဗုဒ္ဓလောင်းအစစ်တို့၏ အမှတ်အသားကို ပြသော ၃၂-ပါးသော မဟာပုရိသ လက္ခဏာကျမ်း။

ဆိုလိုရင်းကား-

အထက်တွင်ဖော်ပြခဲ့ပြီး၊ ဂေါတမဗုဒ္ဓအလောင်းတော် ဃဋပဏ္ဍိတသုခမိန် ဇောတိပါလလုလင်၊ ကဿပလုလင်နှင့် သုမေဓာပဏ္ဍိတတို့အတွက် ညွှန်ပြထား၊ သော တိက္ခံဒေဝါနံ ပါရဂူဘွဲ့ရ ပုဂ္ဂိုလ်မျိုးတို့မှာ ပူးတွဲသင်ကြား တတ်မြောက်ထားသော ရှေးအတတ်ပညာဟောင်း ၉-မျိုးဟု ဆိုလိုသည်။

၂။ စက္ခုသုတ်လာချက်-

ထို့ပြင်- ယင်းမဇ္ဈိမပဏ္ဏာသ ပါဠိတော် စက္ခုသုတ် စာမျက်နှာ ၃၇၇-မှာလည်း-

ဘာဝံ ဟိ စက္ခု တိက္ခံ ဝေဒါနံ ပါရဂူ သန္နိဃဏ္ဍု ကေဋုဘာနံ သာက္ခရပ္ပဘေဒါနံ ဣတိဟာသပဉ္စမာနံ ပဒကော ဝေယျာကရဏော လောကာယတမဟာပုရိသလက္ခဏေသု အနဝယော-

ဟု လာရှိရာ အထက်ပါအတိုင်း သိမှတ်ရာ၏။

၃။ ကာပဋိကလုလင်-

ထို့ပြင်- ၎င်းပါဠိတော် စာမျက်နှာ ၃၀၀-လာ၊ ကာပဋိက လုလင်၏ အရည်အချင်းကို ပြရာ၌လည်း- တိဏ္ဏံ ဝေဒါနံ ပါရဂူ-စသော အထက်ပါ အတတ် ၉-မျိုးတို့ကိုပင် ဖော်ပြထားလေသည်။

၄။ တိကဏ္ဏသုတ် ပါဠိတော်လာချက်-

ထို့ပြင်- အင်္ဂုတ္တရနိကာယ တိကနိပါတ်ပါဠိတော် ဗြာဟ္မဏဝဂ် တိကဏ္ဏ သုတ်စာမျက်နှာ ၁၆၃-မှာလည်း အလားတူ ပညာ ၉-မျိုးပင် ဖော်ပြထား ပေသည်။

၅။ ဒေါဏဗြာဟ္မဏသုတ်လာချက်-

ထို့ပြင်- ပဉ္စင်္ဂုတ္တရ ပါဠိတော် ဒေါဏဗြာဟ္မဏသုတ် စာမျက်နှာ ၁၉၇-မှာလည်း အထက်ပါ ပညာ ၉-မျိုးကို ဖော်ပြထားသည်။

၆။ သေလသုတ်လာချက်-

ထို့ပြင်- ခုဒ္ဒကနိကာယ သုတ္တနိပါတ် ပါဠိတော်ပဟာဝဂ် သေလသုတ် စာမျက်နှာ ၃၆၅-မှာလည်း အထက်ပါအတိုင်း ပညာ ၉-မျိုးတို့ကိုပင် ပေါ်ပြထားသည်။

ဤသည်တို့ကား ဘုရားလောင်းများနှင့် တကွ ရှေးတက္ကသိုလ် ပညာတတ်များနှင့် ပါမောက္ခများသင်ကြားတတ်မြောက်သော ဝေဒင်-၆-ကျမ်း စာရင်းဝင် ဗေဒင်ပညာရပ်များတည်း။

## ဗုဒ္ဓသည် ဗေဒင်ကျမ်းပြု ပုဂ္ဂိုလ်တွေကိုပါ သိမြင်ပုံ

ဟိန္ဒူပုဏ္ဏားတို့သည် ဗေဒင်အတတ်ဖြင့် ငါတို့သာသိ-ငါတို့သာမြတ်သည်ဟု တဘက်စွန်းရောက် အစွဲကြီးလျက်ရှိကြသည်။ သို့ရာတွင် သူတို့သင်ယူထားသော ဗေဒင်ကျမ်းများကို ဘယ်သူတွေ ပြုခဲ့ပါသလဲ ဟု မေးခဲ့လျှင် အဖြေမပေးနိုင်၍ အခက်တွေ့ကြုံရမြဲ ဖြစ်တော့သည်။

ပုံစံကား- ပင်ကို စိတ်ရင်းကောင်း ရှိထားသူ ပေါက္ခရသာတိပုဏ္ဏားသည် ဂေါတမဗုဒ္ဓ၏ ဂုဏ်သတင်းတွေ တရှည်စွာလျှံ့ဝေနေ၍ ဟုတ်-မဟုတ် သိသာနိုင်အောင် တပည့်ရင်း ဗေဒပါရဂူ အမ္ဗဋ္ဌလုလင်ဦးကောင်သောသော ပုဏ္ဏားတစုကိုလွှတ်၍ စုံစမ်းစေရာတွင် တပည့်အမ္ဗဋ္ဌသည် မာနကောင်လွှားချက်ဖြင့် ဗုဒ္ဓအား မလျော်သော စကားတို့ကို လူရိုင်းတဦး အနေ ပြောဆိုနေသဖြင့် ယင်းမာနကျိုးစေရန် ဗုဒ္ဓက အချင်းအမ္ဗဋ္ဌ- သင်တို့သင်ယူထားသည့် ဗေဒင်ပညာတွေကို ဘယ်သူတွေ စတင်ပြုစုသွားကြသလဲဟု မေးရာ၊ မဖြေနိုင်၍ ဗုဒ္ဓကပင် ဖြေဆိုညွှန်ပြသည်မှာ-

> ဝေမေဝ ခေါ တုံ့ အမ္ဗဋ္ဌ ယေ တေ အဟေသုံ ဗြာဟ္မဏာနံ ပုဗ္ဗက ၁ ဣသယော မန္တာနံ ကတ္တာရော၊ မန္တာနံ ပဝတ္တာရော၊ ယေ သမိ ဒ တေရဟိ ဗြာဟ္မဏာ ပေါရာဏံ မန္တပဒံ ဂီတံ ပဝုတ္တံ သမိဟိတံ တဒနု ဂါယန္တိ၊ တဒနုဘာသန္တိ၊ ဘာသိတမနုဘာသန္တိ၊ ဝါစိတ မနုဝါစေန္တိ သေယျထိဒံ-

| | |
|---|---|
| ၁။ အဋ္ဌကော၊ | ၆။ အင်္ဂီရသော၊ |
| ၂။ ဝါမကော၊ | ၇။ ဘာရဒွါဇော၊ |
| ၃။ ဝါမဒေဝေါ၊ | ၈။ ဝါသေဋ္ဌော၊ |
| ၄။ ဝေဿာမိတ္တော၊ | ၉။ ကဿပေါ၊ |
| ၅။ ယမတဂ္ဂိ၊ | ၁၀။ ဘဂုတိ။ |

(ဒီဃနိကာယ သီလက္ခန္ဓဝဂ္ဂပါဠိတော် အမ္ဗဋ္ဌသုတ် စာမျက်နှာ ၆၇) အဝိပ္ပါယ်။ ။အချင်းအမ္ဗဋ္ဌ၊ ဤသဘောသွားအတိုင်း လက်ဦးဆရာဖြစ်ကုန်သော ဗေဒင်ကျမ်းတို့ကို စီရင်ကုန်သော စီရင်ပြီးဗေဒင်ကျမ်းတို့ကို ပို့ချသင်ပြပေးသွားကုန်သော ယင်းဗေဒင်ကျမ်းပြု ရသေ့တို့သည် ရှိခဲ့ကြကုန်၏။ ယခု နောက်ပေါ်ပုဏ္ဏားတို့သည် ရှေးကစီရင်သွား ပို့ချ သင်ပြသွားကြသော ယင်းဗေဒင်ကျမ်းတို့ကို အတုလိုက်၍ သီဆိုကြ ရွတ်ဖတ်ကြကုန်၏။ ရှေးရွတ်ဖတ်နည်း ပို့ချနည်းတို့အတိုင်း အတုလိုက်ကာ ရွတ်ဖတ်ကြ ပို့ချသင်ပြကြကုန်၏။ ယင်း ဗေဒင်ကျမ်းပြုဆရာ ရသေ့တို့ကား အဋ္ဌက-မှ ဘဂု-အထိ ၁၀-ဦးတို့ပင် ဖြစ်ကြသည်-ဟု ဆိုလိုသည်။

## ၂။ တေဝိဇ္ဇသုတ် ပါဠိတော်လာချက်

ယင်း သီလက္ခန္ဓ ပါဠိတော် တေဝိဇ္ဇသုတ် ဝါသေဋ္ဌမာဏဝါနုယောဂပိုင်း စာမျက်နှာ ၂၂၄-နှင့် ၂၂၈-တို့မှာလည်း ရှေးဟောင်း ဗေဒင်ကျမ်းပြု ဆရာတို့၏ အမည်ကို ဟောညွှန်ရာမှာလည်း အထက်ပါ အတိုင်း အဋ္ဌကရသေ့မှ ဘဂုရသေ့အထိ ဤ ၁၀-ဦးတို့ကိုပင် ညွှန်ပြတော်မူသည်။

## ၃။ စင်္ကီသုတ် ပါဠိတော် လာချက်

ထို့ပြင် မဇ္ဈိမနိကာယ မဇ္ဈိမပဏ္ဏာသ ပါဠိတော် ဗြာဟ္မဏဝဂ် စင်္ကီသုတ် စာမျက်နှာ ၃၈၁-မှာလည်း ရှေးဟောင်းဗေဒင်ကျမ်းပြု ဆရာတို့၏ အမည်ကို ဖော်ပြရာမှာ အထက်ပါ အဋ္ဌကရသေ့မှ ဘဂုရသေ့ထိ ဤ ၁၀-ဦးတို့ကိုပင် ဟောညွှန်ထားပေသည်။

## ၄။ ဒေါဏဗြာဟ္မဏသုတ် ပါဠိတော်လာချက်

ထို့ပြင် အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ်ပါဠိတော် စတုတ္ထပဏ္ဏာသက ဗြာဟ္မဏဝဂ် ဒေါဏဗြာဟ္မဏသုတ် စာမျက်နှာ ၁၉-မှာလည်း ရှေးဗေဒင်ကျမ်းပြု ဆရာတို့၏အမည်ကို ဖော်ပြရာမှာလည်း အဋ္ဌကရသေ့မှ ဘဂုရသေ့ထိ ယင်း ၁၀-ဦးတို့ကိုပင် ဟောညွှန်ထားတော်မူလေသည်။

## ဗေဒင်ကျမ်းပြုကြပုံ

တေသံယေဝ ခေါ ဝါသေဋ္ဌ သတ္တာနံ ကေစ္စေ သတ္တာ အရညာယတနေ
ပဏ္ဏကုဋိယော ကရိတွာ တံ စျာနံ အနဘိသမ္ဘုဏမာနာ ဂါမသာမန္တံ နိဂမသာမန္တံ
ဩသရိတွာ ဂန္ထေ ကရောန္တာ အစ္ဆန္တိ-ဟု ဟောတော်မူ၏။
(ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိတော် အဂ္ဂညသုတ်ဗြာဟ္မဏမဏ္ဍလ ၇၈-)

**အဓိပ္ပါယ်**။ ။ဒါယကာ ဝါသေဋ္ဌ-ဟိုရှေးခေတ် သတ္တဝါများ အထည်းမှ ဗြာဟ္မဏအမည်ခံ အချို့တို့သည် တောအရပ် သစ်ရွက်မိုးကျောင်းတို့၌ (မူလရည်မှန်းထားသော) ထိုမဟဂ္ဂတစျာန်တရားမျိုးကို မရနိုင်ကြ၍ ရွာအနီးနှင့် နိဂုံးအနီးတို့သို့ ကပ်မှီးလာကြပြီးလျှင် ဗေဒင်ကျမ်းတို့ကို ပြုစုကာ ချုပ်နေကြကုန်၏။

**ဆိုလိုချက်**။ ။ဗုဒ္ဓတွေ မပေါ်မီကပင် ဗေဒင်ကျမ်းတွေ ရှိခဲ့ပုံ၊ ၎င်းတို့ကို ရသေ့တွေပြုလုပ်ခဲ့ကြပုံကို ဗုဒ္ဓတွေက သိမြင်ကြောင်း ပုဏ္ဏားတွေအား ဟောညွှန်ပြခြင်း ဖြစ်သည်။

## တခဏ်းရပ်ချက်

ဤ ဖော်ပြခဲ့ပါအချက်တို့ကား ဗုဒ္ဓအာလောင်းတွေ ဥစ္စကုလခေါ် အမြင့်စား ဘဝသို့ရောက်တိုင်း ဗေဒင်ပညာတွေ တတ်ခဲ့ပုံ, ဗေဒင်ပညာနှင့်တကွ သဒ္ဒါပညာ အဘိဓာန်ပညာ, အလင်္ကာပညာ, ဆန်းပညာ, ရာဇဝင်ပညာတို့နှင့် ဗုဒ္ဓအစစ်တို့၏ အင်္ဂါလက္ခဏာပြ မဟာပုရိသလက္ခဏာကျမ်း, ဘူမိဗေဒ, အာကာသဗေဒ ပညာတို့ပါ တတ်မြောက်ခဲ့ကြပုံကို သတိပြုမိကြရန်နှင့် ဗေဒင်ပညာနှင့်တကွ ထိုထို ၉-မျိုးသော အတတ်တို့ကို ကျမ်းစာအဖြစ် ဗြာဟ္မာတွေက စပေးခဲ့ပုံ, ထိုနောက် ဟိန္ဒူပုဏ္ဏားတို့ကဆက်၍ ကျမ်းပြုကြပုံ, ကျမ်းပြု ပုဂ္ဂိုလ်တွေသည် အဋ္ဌကရသေ့မှ ဘဂုရသေ့ထိ ၁၀-ဦး ရှိခဲ့ပုံ အမည် သရုပ်, သင်္ချာနှင့် ဟောညွှန်နိုင်ပုံတို့ကို ဖော်ပြပေးသော အခဏ်းဖြစ်ပေသည်၊ထိုအရ ထိုကိစ္စရပ်ကို ဤမျှဖြင့် တခဏ်းသတ်သည်။

## ဆန်းပညာ, သဒ္ဒါပညာနှင့် နတ် ဗြဟ္မာ

**သတိပြုဖွယ်တရပ်ကား**။ ။သဂါထာဝဂ္ဂသံယုတ် ပါဠိတော်လာ ဒေဝတာသံယုတ်, ဒေဝပုတ္တသံယုတ်တို့၌ နတ်သား အမည်ခံသူတို့ ဗုဒ္ဓကို လျှောက်ကြားရာတွင် သဒ္ဒါစည်းမျဉ်းကျ, ဆန်းစည်းမျဉ်းကျ ဖွဲ့ကုံးထားသော ဂါထာဗန္ဓတို့ဖြင့် လျှောက်ထားနိုင်သည်ကို တွေ့ရ၍ နတ်လောကသားတို့ နယ်မှာလည်း ဆန္ဒောဝိစိတိ စေတာနိ၊ ဝေဒင်္ဂါနိ ဝဒန္တိ ဆ-အရ ဝေဒင်္ဂပညာခေါ် ဗေဒင်ပညာစာရင်းဝင် ဆန်းပညာ, သဒ္ဒါပညာ, ဗျာကရဏ်းပညာ, နိရုတ္တိပညာ တို့ပါ လေ့လာဆည်းပူးသော ကိစ္စရှိသည်ကို မှန်းဆနိုင်ပေသည်။

အလားတူပင် ယက္ခသံယုတ်၊ သက္ကသံယုတ်၊ မာရသံယုတ်၊ ဗြဟ္မသံယုတ်တို့မှာလည်း ယက္ခအမည်ခံ, သက္ကအမည်ခံ, မာရအမည်ခံ, ဗြဟ္မအမည်ခံတို့က ဗုဒ္ဓကို လျှောက်ကြားရာမှာလည်း သဒ္ဒါနည်းကျ, ဆန်းနည်းကျ, ဂါထာဗန္ဓ

တို့ဖြင့် ဖွဲ့ကုံး၍ လျှောက်ထားကြသည်ကို တွေ့ရ၍ နတ်နယ်နှင့် ဗြဟ္မာနယ်အထိ ဝေဒင်္ဂပညာကျယ်ပြန့်နေပုံကို သိသာပေသည်။

အနည်းကပ်ဆုံး ပုံစံတခုကား- စာတုမဟာရာဇ် စာရင်းဝင် ဂန္ဓဗ္ဗမျိုးခေါ် (နတ်သဘင်သည်မျိုး) ပဉ္စသိခနတ်သားသည် သိကြားမင်း၏ စေခိုင်းချက်အရ ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်၏ အရှေ့တောင်ရပ်ရှိ ဝေဒိယကတောင်, ဣန္ဒသာလ ဂူ၌ သီတင်းသုံး နေတော်မူသော မြတ်စွာဘုရားအား သိကြား ပရိသတ်၏ ရှေ့မှနေ၍ ဇနီးလောင်း သူရိယဝစ္ဆသာအား အသားပေး စီကုံးသော-

ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ၊ တိမ္ဗရုံ သူရိယဝစ္ဆသေ။
ယေန ဇာတာသိ ကလျာဏီ၊ အာနန္ဒဇနနီ မမ။

စသော ၁၄-ဂါထာတို့ကို နှုတ်ကဆိုရင်း လက်ကဗေလုဝ နတ်စောင်းကို တီးကာ ဗုဒ္ဓူပသညှိတာ၊ ဓမ္မူပသညှိတာ ဂါထာတို့ပါ ဟောညှပ်ဆိုသွားလေသည်။

ယင်း သီဆိုချက်ကို ဗုဒ္ဓကိုယ်တော်တိုင်ကပင် ဒါယကာပဉ္စသိခ- သင်၏ စောင်းသံနှင့် သီဆိုချက်တို့သည် လိုက်ရော၏၊ (ဝါ) အံကိုက်သည်-ဟု ချီးကျူး တော်မူ၏။

၎င်းကိုထောက်ဆသဖြင့် ပဉ္စသိခ နတ်သားအဆင့်ရှိ (နတ်သဘင်သည်) တို့ သည်ပင် ဆန်းပညာ သဒ္ဒါပညာတွေခေါ် ဗေဒင်အတတ်တို့ကို တတ်ထား ကြောင်း သိသာနိုင်ပြန်သည်။

ထို့နောက် သိကြားမင်း ကိုယ်တိုင်က သူ၏သားသစ် ဂေါပိကနတ်သားနှင့် ရဟန်းဘဝမှ ဂန္ဓဗ္ဗနတ်မျိုးမှာ လာဖြစ်နေကြသော နတ်သဘင်သည် သုံးဦးတို့၏ အကြောင်း ဘုရားရှင်အား လျှောက်ထားရာမှာလည်း ဂါထာဖွဲ့ရုံး၍ လျှောက် ထားသဖြင့် သိကြားမင်းပါ ဗေဒင်သင်ထား တတ်ထားကြောင်း သိသာနိုင် တော့သည်။

ထို့ပြင် သဟမ္ပတိဗြဟ္မာ ဘုရားကို လျှောက်ရာမှာရင်း၊ သနင်္ကုမာရဗြဟ္မာ ဘုရားကို လျှောက်ရာနှင့် နတ်တို့အား တရားဟောရာတို့မှာလည်း ဂါထာဗန္ဓ တို့ဖြင့် သီကုံးလျှောက်ထားပုံ, တရားဟောပုံတို့ကို ထောက်ဆ၍လည်း ဗြဟ္မာ လောကအထိ ဗေဒင်ပညာ မကင်းနိုင်ပုံကို သိသာတော့သည်။

**နေ, လ, နက္ခတ်, တာရာဆိုင်ရာ**

ဤနေ လ နက္ခတ် တာရာ တို့သည် သကပက္ခ ပိဋကတ် နယ်ပယ်မှာပင် ဖယ်ထား ချန်ထားမရ အသုံးပြုနေရသလို ပရပက္ခ လောကိယနယ်ကြီး အတွင်း မှာမူ လွန်စွာကျယ်ပြန့်သော လောကသုံး ပစ္စည်းစုတွေ ဖြစ်နေလေတော့သည်။

## ဗုဒ္ဓနှင့် နေ လ နက္ခတ်

သုံးလောကမကိုဋ် ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ် ဘုရားသည် မှုရှိသမျှ လောကီ လောကုတ် အားလုံး တို့ကို သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်စာရင်းဝင် သဗ္ဗညုတဉာဏ်တော်ကို ရမှုနိုင်ရန် နှစ်ကုဋေကုဋေနှင့် ဘဝ ကုဋေကုဋေ ရင်းနှီးနိုင်ရုံဖြင့် မရနိုင်ပုံမက ကပ္ပကုဋေ ကုဋေဖြင့်ပင် ရင်းနှီး မရနိုင်၍ ကမ္ဘာအသင်္ချေ အနန္တတို့နှင့် ရင်းနှီးကြိုးပမ်းနိုင်မှသာ ရမှုနိုင် သိရှိနိုင်သော သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိတော်မူချိန်မှာ လူနှင့်နတ်တို့ကိုမဆိုထား ဘိ ဗြဟ္မာနယ်သားတို့ပင် ဂ နှ သေချာစွာ မသိမြင်နိုင်သော လောကကြီး စတည် ပုံ နေ လ နက္ခတ်တို့စတင် ဖြစ်ပေါ်လာပုံနှင့် ဖြစ်ပေါ်လာချိန်တို့ကိုပါ သိမြင် တော် မူသဖြင့်ဟောညွှန်ပြတော်မူခဲ့သည်မှာ-

ယတော ခေါ တေ ဝါသေဋ္ဌ သတ္တာရသပထဝိံ ဟတ္ထေဟိ အာလုပ္ပကာရကံ ဥပက္ကမိံသု ပရိဘုဉ္ဇိတုံ၊ အထ တေသံ သတ္တာနံ သယံ ပဘာ အန္တရဓာယတိ၊ သယံ ပဘာယ အန္တရဟိတာယ စန္ဒိမသူရိယာ ပါတု ရဟေသုံ၊ စန္ဒိမသူရိယေသု ပါတုဘူတေသု နက္ခတ္တာနိ တာရကရူပါနိ ပါတုရဟေသုံ၊ နက္ခတ္တေသု တာရကရူပေသု ပါတုဘူတေသု ရတ္တိန္ဒိဝါ ပညာယိံသု၊ ရတ္တိန္ဒိဝေသု ပညာယမာနေသု မာသဍ္ဎမာသာ ပညာယိံသု၊ မာသဍ္ဎမာသေသု ပညာယမာနေသု ဥတု သံဝစ္ဆရာ ပညာယိံသု၊ ဧတ္တာဝတာ ခေါ ဝါသေဋ္ဌ အယံ လောကော ပုန ဝိဝဋ္ဋော ဟောတိ- ဟု ဟောတော်မူ၏။

(ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိတော် အဂ္ဂညသုတ် ၇၁)

အဓိပ္ပါယ်။ ။ဒါယကာ ဝါသေဋ္ဌ-ကမ္ဘာဦး သတ္တဝါတွေ မြေဆီကိုလက်တို့ ဖြင့် အလုပ်အလွေးပြုကာ စားသုံးရန် အားထုတ်လာကြကုန်၏၊ ထိုသို့ရသတဏှာ ဇောဝင်လာ၍ ယခင်က မစားခဲ့သော မြေဆီတွေကို စားသုံးလာကြချိန်မှာ ရရှိထားပြီး ကိုယ်ရောင်တွေ ကွယ်သွားကြတော့၏၊ ကိုယ်ရောင်တွေ ကွယ်သွား ကြသော် (အမှောင်အတိ ဖြစ်သွား၍) လနှင့်နေတို့သည် ကောင်းကင်မှ ပေါ် ထွက်လာကြတော့၏၊ လနှင့်နေတို့ ပေါ်ထွက်လာကြသော် နက္ခတ်နှင့်ကြယ် တို့ပါ ထွက်ပေါ်လာကြတော့၏၊ နက္ခတ်နှင့်ကြယ်တို့ပါ ထွက်ပေါ်လာကြသော် ညနှင့်နေ့တို့ပါ ထင်ရှားဖြစ်ပေါ်လာတော့သည်၊ လနှင့်လစဲ့တို့ ထင်ရှားဖြစ်ပေါ် လာကြသော် ဥတုနှင့် (ဝါ) ဥတုသုံးပါးနှင့် နှစ်တို့ပါ အဆင့်ဆင့် ဖြစ်ပေါ်

လာကြတော့၏၊ အချင်းဝါသေဋ္ဌ–ဤသဘောသွားပုံစံဖြင့် ဤသြကာသလောက ကြီးသည် ပေါ်ပေါက်ဖြစ်ပွားလာတော့သည်။

**ဆိုလိုသည်ကား။** ။ဘုရားရှင်၏ ဉာဏ်တော်ဖြင့် လောကကြီးတည်ဆောက် ပုံကိုပြရာတွင် အလင်းအတွက် နေလ ၂–ခုကို အခြေခံပြီး နက္ခတ်နှင့်ကြယ်တာရာ တော့ပေါ်လာပုံ ထိုမှ ညနှင့်နေ့ဖြစ်ပေါ်လာပုံ ညနေ့ကို အခြေခံပြီး ပက္ခနှင့်လတို့ ပေါ်လာပုံ ယင်းသို့ ပေါ်ပေါက်လာသဖြင့် ဆောင်း၊ နွေ၊ မိုးဥတု သုံးပါး နှင့် နှစ်အချိန်တွေပေါ်ဖြစ်ပေါ်လာပုံကို ထုတ်ဖော်ညွှန်ပြသွားခြင်း ဖြစ်သည်။

ယင်းသို့ ကမ္ဘာပျက်သံဝဋ္ဋနှင့် သံဝဋ္ဋဋ္ဌာယီ (အချိန်ရှည်ကြီး) ကုန်ဆုံးပြီး နောက် ကမ္ဘာတည်ဝိဝဋ္ဋနှင့် ဝိဝဋ္ဋဋ္ဌာယီ (အချိန်ရှည်ကြီးအတွင်း) သြကာသ လောကနှင့် သတ္တလောကတို့၏ ရုပ်ဖွေးကြီးပွဲသဖွယ်နှင့် တူနေကြသော နေ–လ နက္ခတ်နှင့် ည–နေ့ ပက္ခ၊ လ– ဆောင်း၊ နွေ၊ မိုးဥတု သုံးပါးနှင့် နှစ်အချိန် တို့ကို(ပိဋကတ်ဗေဒင် တွဲစပ်သည့်လျက်)အရ ပိဋကတ်နှင့်ဗေဒင် ၂-နယ်လုံးကပါ (ပယ်ဆုတ်မရ) အသုံးပြုနေကြရသော ယင်း နေ့– လ– နက္ခတ်-စသည်တို့ကိုစွကို ဗေဒင်ပညာနယ်မှလာချက်တို့ကိုစုရုံးပြီး အမှတ်တရအနေဖြင့် ဖော်ပြပါအံ့။

## ဗေဒင်ပညာနယ်ခန်း

ဗေဒင်ပညာနယ်သည် လောကီနယ်ဖြစ်၍ ယွန်းထွာကျယ်ပြန့်လျက်ရှိရာ ကျယ် ပြန့်ပုံ နမူနာကြည့်ရန်မှာ–

၁။ ဂိုဏ်– ဗေဒင်မျိုးနှင့်စပ်ရာ ကျမ်းပေါင်းများစွာ၊

၂။ ယကျဗေဒင်မျိုးနှင့်စပ်ရာ ကျမ်းပေါင်းများစွာ၊

၃။ ဆာမဗေဒင်မျိုးနှင့်စပ်ရာ ကျမ်းပေါင်းများစွာ၊

၄။ အာတဗ္ဗဏဗေဒင်မျိုးနှင့်စပ်ရာ ကျမ်းပေါင်းများစွာ–

ရှိနေကြသဖြင့် မူရင်းဗေဒင် ၄–ပုံလာတို့၏ ကျယ်ပြန့်ပုံကို သုံးသပ်မိရန် တချက်။

ယခုမှတ် ပုံနှိပ်ထုတ်ဝေထားသော ဟိန္ဒူဗေဒင် ကျမ်းပေါင်း ၃၆၀– ကျော်ရှိနေရာ အမျိုးအားဖြင့်လည်း ဝေဒင်္ဂကျမ်း၊ ဗေဒင် ဥပသိဋ္ဌိတ္တကျမ်း၊ ဝေဒင်္ဂနိတ္တဒိတ္တကျမ်း၊ ဝေဒင်္ဂသုဒ္ဓါဒိတ္တကျမ်း၊ ဝေဒင်္ဂဗုဒ္ဓဝကျမ်း၊ ဝေဒင်္ဂဘာ သာကျမ်း–ဟု ၅-မျိုးရှိနေပြန်၍ ကျယ်ပြန့်လှရာ ယင်းဟိန္ဒူနယ်သုံး ဗေဒင်ကျမ်း တို့ကို (ကားပုံးပြီး) မြန်မာနယ်သုံးဗေဒင်ကျမ်းနှင့် ကျမ်းအခြားတို့မှ ပိဋကတ်နှင့် ဆက်စပ်နေရာအပိုင်းကို ခွဲထုတ်ပြပါအံ့။

## မြန်မာနိုင်ငံသုံး

## အရေးပါသော ဗေဒင်ကျမ်းများ

ဟိန္ဒူနယ်ဖြစ် ဗေဒင်ကျမ်းပေါင်း များစွာတို့မှ ပိဋကတ်နှင့် (ဖြတ်၍မရ) ဆက်စပ်လျက်ရှိနေ၍ မြန်မာပညာရှိအဆက်ဆက်တို့ ရွေးထုတ်လက်ခံထားသော ဗေဒင်ကျမ်းတို့မှာ-

| | |
|---|---|
| ၁။ သူရိယသိဒ္ဓန္တကျမ်း၊ | ၇။ သရသောဓနကျမ်း၊ |
| ၂။ ရာဇမတ္တကျမ်း၊ | ၈။ သရသံဗောဓကျမ်း၊ |
| ၃။ သန္ဒိဋ္ဌာန်ကျမ်း၊ | ၉။ သရသံခိပ်ကျမ်း၊ |
| ၄။ ၎င်းဋီကာကျမ်း၊ | ၁၀။ သရာဘိဓောတကကျမ်း၊ |
| ၅။ သရကျမ်း၊ | ၁၁။ ဘာသုတိကျမ်း၊ |
| ၆။ သရဝိဇ္ဇောဒယကျမ်း၊ | ၁၂။ ဗြိဟာဇ်ကျမ်း- |

စသည်တို့ဖြစ်ရာ ၎င်းကျမ်းတို့ထဲမှ "ဗေဒင်အစ သူရိယသိဒ္ဓန္တက"ဟု ဆိုရိုးရှိသလို သူရိယသိဒ္ဓန္တကျမ်းသည် ကျစ်လစ် သိပ်သည်းသည့်ပြင် အခြေခံလည်းခိုင်လုံသဖြင့် ပိဋကတ်ကိစ္စနှင့်လည်း ဆက်စပ်နေသော နေ-လ-နှစ်-လ-ရက်တို့ဆိုင်ရာမှစ၍ ထုတ်ပြပေအံ့။

### ကမ္ဘာ့လူသားနှင့် ယုဂ် ၄-ခု

ကမ္ဘာ့ရှေ့ပိုင်းတွင် လူသားတို့ တရားအစောင့်များကြ၍ အသက်တွေ (အသင်္ချေ)အထိ ရှည်လျားခဲ့ရာ နှတ်ပြည် ၆-ထပ်ရှိ နှတ်တို့ထက်ပင် အသက်ရှည် နေကြတော့သည်။

သို့ရာတွင် နောက်ပိုင်းတွင် တရားစောင့်မှု (လျော့ကျ) လာသလောက် လူတို့၏အသက်မှာလည်း တဖြည်းဖြည်း (လျော့ကျ တိုနည်းခဲ့ရာ) ပုံမှန်မရှိတော့၍ ဗေဒင်ပညာရှိတို့က မှတ်ယူလွယ်စေအောင် ယုဂ် ၄-ခုတို့ဖြင့် မှတ်သားတိုင်းတာ ယူလာကြတော့သည်။ တိုင်းတာပုံကား-

၁။ တရားအစောင့်များချိန်မှာ ၄-ချောင်းထောက် အနေနှင့်ကပ်၍ ၎င်းခေတ်ကို ကတယုဂ-ခေတ်ဟု သမုတ်ကြသည်။

၂။ တရားအစောင့် လျော့ကျလာချိန်မှာ ၃-ချောင်းထောက် အနေနှင့်ပုံကပ်၍ ၎င်းခေတ်ကို တေတြယုဂ-ခေတ်ဟု သမုတ်ကြသည်။

၃။ ထို့ထက် တရားအစောင့် လျော့ကျလာချိန်မှာ ၂-ချောင်းထောက် အနေနှင့်ပုံကပ်၍ ၎င်းခေတ်ကို ဒွါပရယုဂ-ခေတ်ဟု သမုတ်ကြသည်။

၄။ ထို့ထက် တရားအစောင့် လျော့ကျလာချိန်မှာ (ဝါ) တရားအပျက် များလာချိန်မှာ တစ်ချောင်းထောက်အနေနှင့်ပုံကပ်၍ ၎င်းခေတ်ကို ကလိယုဂ ခေတ်ဟု သမုတ်ကြသည်။ တရားပျက်လာကြသလောက် သက်တမ်းနှစ်တွေပါ သုတ်ယုတ်လာပုံမှာ-

၁။ ကတယုဂခေတ်သက်သည် ၁၇၂၈၀၀၀-နှစ်ရှိ၏။
၂။ တေတြာယုဂခေတ်သက်သည် ၁၂၉၆၀၀၀-နှစ်ရှိ၏။
၃။ ဒွါပရယုဂခေတ်သက်သည် ၈၆၄၀၀၀-နှစ်ရှိ၏။
၄။ ကလိယုဂခေတ်သက်သည် ၄၃၂၀၀၀-နှစ်ရှိ၏။

ယင်း ၄-ခုပေါင်း စတုယုဂနှစ်မှာ ၄၃၂၀၀၀၀-ရှိပေသည်။ ၎င်းနှစ်ပေါင်း ၄၃၂၀၀၀၀-တို့သည် သူရိယနေမင်းကိုအစွဲပြု၍ ဖြစ်ပေါ်လာသောနှစ်တို့ဖြစ်၍ ၎င်းတို့ကို သူရိယသံဝစ္ဆရနှစ်ဟူ၍ (ဝါ) နေ၏နှစ်ပေါင်း ၄၃၂၀၀၀၀-တို့ဟူ၍ ပင် ခေါ်ဆိုရတော့သည်။

ယခုအချိန်ကား (ကလိယုဂ်ခေတ်တွင်း ဖြစ်၍) လက်ရှိ ရောက်ဆဲနှစ်သည် ကလိယုဂ်အတွင်း အဘယ်မျှရောက်နေသည်ကို သိလိုသော်-

ယခုရောက်ဆဲ ၁၃၃၇-ခုကိုတည် ပုဂံခေတ်၌ ဖြိုခဲ့သော သက္ကရာဇ်ကြွင်း ၃၇၃၉-နှင့်နှော (ဝါ) ရောသော် ၅၀၇၆-နှစ်ဖြစ်၏။ ၎င်းသည် ယခုရောက်ဆဲ ကလိယုဂ်နှစ်ပေါင်း ဖြစ်လာ၏။

ထို့ကြောင့် ပညာရှိအချို့က ဆောင်ပုဒ်လင်္ကာလုပ်ထားသည်မှာ "သုံးခွန်း သုံးကိုး၊ ကောဇာတိုးမှာ၊ နှစ်ဆိုးကလိ၊ ပေါ်လာဘိ၏"ဟု လင်္ကာပြုခဲ့၏။

## နေ-လ-နက္ခတ်တို့ သွားလာမှုကြောင့်

## နှစ် ၅-မျိုး ပေါ်လာပုံ

ကလိယုဂ်ခေတ်ထိုးဖြစ်စေကာ နေ-လ နက္ခတ်တို့မှာ အသွားရပ်မှုမရှိကြပဲ အမြဲဖြောင့်သွားမှု ဖောက်ပြန်သွားခြင်းဖုံဖုံဖြင့် သွားလာနေကြသဖြင့် မြေပြင်သုံး ဝေါဟာရနှစ်တွင်မကပဲ အာကာသဝေဟင်သုံး သူရိယသံဝစ္ဆရ၊ စန္ဒြသံဝစ္ဆရ၊ နက္ခတ္တသံဝစ္ဆရဟူသော နှစ်-၅-မျိုးတို့ ပေါ်လာတော့ရာ ယင်း နှစ် ၅-မျိုးသို့ လိုက်ကာ လ ၅-မျိုးနှင့် ရက် ၅-မျိုးတို့ပါ ပေါ်လာပုံတို့ကို တကန့်စီပြသွား ပါအံ့။

နှစ် ၅-မျိုး ပေါ်ပုံဇယား

| ဦးရေ | နှစ်အမည်များ | ရက်အမည် | ယင်းနှစ်ရ -ရက်ပေါင်း | နာရီ | ဗီဇနာ | အခရာ | ဝိခရာ |
|---|---|---|---|---|---|---|---|
| ၁ | နက္ခတ္တသံဝစ္ဆရ နက္ခတ်နှစ် | နက္ခတ်ရက် | ၃၆၆-ရက် | ၁၅ | ၃၁ | ၃၁ | ၂၄ |
| ၂ | သူရိယသံဝစ္ဆရ နေနှစ် | သာဝနရက် | ၃၆၅-ရက် | ၁၅ | ၃၁ | ၃၁ | ၂၄ |
| ၃ | စန္ဒသံဝစ္ဆရ လနှစ် | တိထိရက် | ၃၆၀-ရက် | | | | |
| ၄ | အံသာသံဝစ္ဆရ အံသာနှစ် | အံသာရက် | ၃၆၀-ရက် | | | | |
| ၅ | ဝေါဟာရသံဝစ္ဆရ အများခေါ်နှစ် | သာဝနရက် | ၃၅၄-ရက် | | | | |

နှစ် ၃-မျိုးနှင့် ရက်တိုး-မတိုး မှတ်ဖွယ်တရပ်

ဓမ္မတာကြုံတွေ့နေကြသော ဝါမထပ်နှစ်၊ ဝါငယ်ထပ်နှစ်၊ ဝါကြီးထပ်နှစ်ဟု နှစ် ၃-မျိုးရှိရာ ၂၉-ရက်စီရှိ ၆-လကို(မစုံ ၆-လ)ခေါ်၍ ရက် ၃၀-စီရှိ ၆-လကို (စုံ ၆-လ)စုခေါ်ပြီး ဝါမထပ်နှစ်နှင့် ဝါငယ်ထပ်နှစ် ၂-နှစ်မျိုးမှာ မစုံ ၆-လလုံး ၂၉-ရက်စီ ညီတူဖြစ်နေ၍ ဝါကြီးထပ်နှစ်မှာ နယုန် တလတည်း ၂၉-ရက်မှ ရက် ၃၀-ဖြစ်လာ၍ ထိုနှစ်၌ စုံ ၇-လဖြစ်သွားပုံကို တချက်မှတ်ရာ၏။

လနှင့်ဆိုင်ရာ မှတ်ဖွယ်များ

အကျဉ်းပြလ ၅-မျိုး

အထက်ပါနှစ် ၅-မျိုးရှိသလို ယင်းနှစ်ကို အစွဲပြု၍ လ ၅-မျိုးတို့လည်း ဖြစ်လာရာ ယင်းလ ၅-မျိုးတို့၏အမည်နှင့် ပမာဏတို့မှာ အောက်ပါအတိုင်း ဖြစ်တော့သည်။

၁။ နက္ခတ္တမာသ-နက္ခတ်လ၊ ၎င်းတလမှာ ရက်၃၀-နှင့် ၃၁-နာရီ၊ ၇-ဗီဇ နာ၊ ၃၇-အခရာ၊ ၇-ဝိခရာ ပမာဏ ရှိသည်။

၂။ သူရိယမာသ-နေ၏လ၊ (ဝါ) နေနှင့် တိုင်းတာယူထားသော လကို ဆိုသည်။ ယင်း နေ၏တလမှာ ရက် ၃၀-နှင့် ၂၆-နာရီ၊ ၁၇-ဗိဇနာ၊ ၃၇-အခရာ၊ ၃၇-ဝိခရာ ပမာဏရှိသည်။

၃။ စန္ဒြမာသ-လ၏သ၊ (ဝါ) လဝန်းခရီးဖြင့် တိုင်းတာယူထားသောလကို ဆိုသည်။ ယင်းလဝန်း တလမှာ ၂၉-ရက်နှင့် ၃၁-နာရီ၊ ၅၀-ဗိဇနာ၊ ၆-အခရာနှင့် အကြွင်းသေသပေါင်း ၅၃၂၃၀၃၀၄-ရှိနေ၏။

မှတ်ဖွယ်။ ။သူရိယသိဒ္ဓန္တကျမ်း၌ တရက်ကို ကြမတ်ခေါ် အစိတ်ကလေး ပေါင်း (၄၃၂၀၀၀၀) ၄-သန်း- ၃-သိန်း၊ ၂-သောင်းရှိပုံ ပြထားသည်။ ယခု စက်နာရီခေတ်၌ တရက် ၂၄-နာရီမှာ အသေးဆုံးအချိန်ပြ စက္ကန့်ပေါင်းမှာ ၈၆၄၀၀-မျှသာ ရှိပုံနှင့် အသေးစိတ်ယူပုံချင်း နှိုင်းဆနိုင်တော့သည်။

၄။ အံသာမာသ-အံသာ၏လ၊ (ဝါ) ရာသီ၊ အံသာဖြင့် တိုင်းတာယူ ထားသော လကိုဆိုသည်။ ယင်း အံသာတလမှာ ရက် ၃၀-နှင့် ၂-နာရီ ၃၆-ဗိဇနာ ပမာဏ ရှိသည်။

၅။ ဝေါဟာရမာသ- အများခေါ်မြဲလ၊ ယင်းဝေါဟာရတလမှာ ၂၇-ရက်နှင့် ၁၀-နာရီပမာဏ ရှိသည်။

## အဓိမာသလမှတ်ဖွယ်

ထို့ပြင် လထပ် ဝါထပ်ကိုပြသော အဓိမာသ်ခေါ် အဓိမာသကို ဖေဖင် နယ်၌ အသွန်ကျယ်ပြန့်စွာသုံးလျက်ရှိ၏။ ဝါထပ် ရက်ငင် ပြဿနာကိစ္စ ပေါ် သည်မှာလည်း ဤ(အဓိမာသ)မှ ပေါ်လာခြင်းဖြစ်၍ သိသာရုံဖော်ပြပါအံ့။

ယင်း အဓိမာသဟူသည် အဓိ-လွန်သော၊ ပိုသော၊ မာသ-လ၊ အဓိမာသ- လွန်သောလ၊ ပိုသောလ၊ (ဝါ) လလွန်၊ လပိုဟူ၏။ လွန်ပုံကား- တိထိရက်နှင့် တွက်ယူရသော(စန္ဒြမာသလက)တို၍ ဦးစွာပြည့်နှင့်သည်။ တနင်္ဂနွေဂြိုဟ်ခေါ် နေဖြင့်တွက်ယူရသော (သူရိယမာသလက)ရှည်၍ နောက်မှပြည့်လာသည်။

အချိန်တွေကြာလာ၍ ဗိဇနာစွန်း၊ နာရီစွန်းနှင့် ရက်စွန်းတွေ စုပုံမိ၍ စန္ဒြ မာသလက သူရိယမာသလထက် (တလ) ပိုစွန်းလာချိန်ကို အဓိမာသဟူ၍ငင်း၊ အဓိမာသ်ဟူ၍ငင်း၊ တနည်း- အဓိမာသ်ပိုသည် ဖြိုသည်ဟူ၍ငင်း ဆိုရိုးရှိ လာသည်။

ဥပမာ။ ။လလွန်တွေများလာ၍ သူရိယမာသ ၃၂-လရှိလာချိန်မှာ စန္ဒမာသက ၃၃-လရှိလာ၍ ယင်းအချိန်မျိုးကို အဓိမာသ်ဖြိုသင့် ဖြိုရ၍ အဓိမာသ်ပြိုချိန်ဟု ခေါ်ဆိုလေသည်။

ယင်းသို့ ဖြိုပေးရခြင်းမှာ ၄-လတရာသီအဖြစ် ပေါ်ထွက်သွားနေကြသော ဆောင်း၊ နွေ၊ မိုး-ဟူသော ဆေးဘက်နှင့် စီးပွါးဘက်ဝင် လောကသုံး ရာသီသဘာဝကိုလည်း မထိခိုက်စေရန် လောကရှိမြဲနှင့် သိမြဲဝေါဟာရ အစဉ်ကိုလည်း မကွယ်ပျောက် မပြောင်းလဲစေရန် အာသဠီနက္ခတ်နှင့် ဆိုလာသော ဝါဆိုလကုန်တွင် ၃၃-လဖြစ်လာသော စန္ဒမာသနှင့်ညီမျှသွားနိုင်အောင် ၃၂-လရှိနေသော သူရိယမာသလကို (ဝါခေါင်လအဖြစ်) မကူးပြောင်းစေအောင် (အာကာစုန)ခေါ်ဆွဲထား စောင့်ဆိုင်းထားပြီး ဝါခေါင်လ အမည်အစား (ဒုတိယဝါဆိုလ)ဟူ၍ ပေါင်းယူ သမုတ်လိုက်သဖြင့် အရေအတွက်အားဖြင့် ထိုနှစ်၌ ၁၃-လရှိလာစေကာ အမည်အားဖြင့် ၁၂-မည်သာ ရှိမြဲဖြစ်နေတော့သည်။

ထိုအခါ အချိန်ကြာ၍ (အချိန်ငယ်စွန်းတွေမှ) လဖြစ်လာသော အဓိမာသ်ခေါ် အပိုလကို လချင်းထပ်ပေးလိုက်သည်ကို ဖြိုသည်၊ပျောက်သည်၊ပြိုသည်-ဟု ခေါ်တော့သည်။

**သတိပြုမှတ်ဖွယ်။** ။အဓိမာသ် ပြိုချက်နှင့် ကြုံလာသော လ၏အမည်ကို ၂-လထပ်၍ ခေါ်ဆိုရမည်ဖြစ်သော်လည်း ပြိုရာလတိုင်းမှာ မခေါ်သင့်ကြောင်း အာသဠီနက္ခတ်နှင့်ယှဉ်ရာ ဝါဆိုလမှာသာခေါ်သင့်ကြောင်းကို ပညာရှိလက်သုံး ရာဇမတ္တကျမ်းက- (က) မာမဝါဒီသုဆသေ့က၊ မာသေ ဒသဒွယံ ယဒါ၊ ဒွိရာသဋ္ဌော သဝိညေယျော၊ ဗိသျှဏုသုပ္ပတိကက္ကဋ္ဌေ-ဟု ဆိုထားသည်။

**အနက်ပြန်သော်-**

ဆသုမာခဝါဒီသု၊ တာကူးစသော ခြောက်လတို့တွင်။ ကေမာသေ၊ တလလမှာ။ ဒသဒွယံ၊ လကွယ် ၂-ထပ်သည်။ ယဒါဘဝေ၊ တခါခါကြုံလာရာ၏။ တဒါ၊ ထိုသို့ကြုံလာသောအခါ၌။ သ-သော၊ ထိုလကို။ ဒွိရာသဋ္ဌော၊ ဝါဆိုလ ၂-ထပ်မူရာ၏။ (ဝါ) ပြိုရာ၏ ဟူ၍။ ဝိညေယျော၊ သိမှတ်အပ်၏။ အက္ကေ၊ တနင်္ဂနွေခေါ် နေမင်းသည်။ကက္ကဋ္ဌေ၊ ကရကဋ်ရာသီခေါ် ဝါဆိုလသို့ရောက်လာချိန်မှာ။ ဗိသျှဏု၊ လောကစောင့် ဗိသျှဏုနတ်သည်။ (ဝါ) ဗိသဏိုးနတ်သည်။ သုပ္ပတိ၊ အိပ်နားလေ့ရှိ၏-ဟူ၍ရင်း။

(ခ) အဓိမာသာဓိကော ယတြ၊ ဒွိကုသဋ္ဌော ဘဝေ တဒါ။
အမာဝါသီ ဒွယံ ဒိဋ္ဌာ၊ ဒွိရာသဋ္ဌ ပကပ္ပယေ။

ရင်း ရာဇမတ္တံ ကျမ်းပင်-

အနက်ပြန်သော်-

ယတြ၊ တချိန်ချိန်၌။ အမိကော၊ လွန်သော။ အဓိမာသော၊ အဓိမာသ်သည်။ ပတတိ၊ ကျ၏။ ပြို၏။ တဒါ၊ ထိုအဓိမာသ်ပြိုသော အချိန်၌။ ဒွိရာသင္ဃော၊ ဝါဆို ၂-လသည်။ ဘဝေ၊ ဖြစ်ရာ၏။ အမာ ဝါသိဒ္ဒယံ၊ တရာသိမှာလကွယ် ၂-ထပ်ကို။ ဒိဋ္ဌာ၊ ရှုဆ၍။ ဒွိရာသင္ဃံ၊ ဝါဆို ၂-လကို။ ပကပ္ပတော၊ ပြုပြင်စီရင်သင့်၏-ဟု လာရှိချက်အရ ဝါဆိုလမှာသာ ဝါထပ် လထပ်ကြတော့၏။

**သတိချပ်ဖွယ်။** ။အဓိမာသ်တကြိမ် ပြိုချိန်မှာ လအားဖြင့် ၃၃-လကျော် ရက်အားဖြင့် ၉၉၀-နှင့် ၁၉-နာရီ ၂၄-ဗိဇနာ၊ ၁-ခရာနှင့် အစိတ် သေသပေါင်း (၄၂၀၄၂၄) တို့ ရှိ၏ဟူလို။

## ရက် ၅-မျိုးနှင့် ပမာဏ

ဗေဒင်ကျမ်းတို့သည် (စက်နာရီ) မပေါ်မီ ကမ္ဘာပေါင်း အသင်္ချေအနန္တတို့က ပေါ်လာသဖြင့် ယင်း ဗေဒင်ကျမ်းသုံး နာရီတို့ကား တနေ့ ၆၀-ရှိ၍ အစွန်းတို့မှာ (မိနစ်၊ စက္ကန့် မဟုတ်ဲ) ဗိဇနာ ပြန် ခရာ ဝိခရာ အနုခရာတို့ အဖြစ် သုံးလေ့ရှိ၍ ဗေဒင်ကျမ်း သုံးအတိုင်း ဖော်ပြပေအံ့။

ပါဠိအဘိဓာန် သဂ္ဂကဏ္ဍဂါထာနံပါတ် ၇၄-လာ "ဃဋိကာသဋ္ဌျဟောရတ္တော" အရ သဋ္ဌိဃဋိကာ၊ နာရီ ၆၀-သည်။ အဟောရတ္တော၊ တနေ့နှင့်တညမည်၏။ အရနှင့်လည်း တသားတည်းဖြစ်တော့သည်၊ ယင်း လမ်းစဉ်အရ ရက် ၅-မျိုးတို့ကို ရှင်းပြပါအံ့။

၁။ နက္ခတ္တရက်-ဟူသည် အဿဝနီ ဘရဏီစသော နက္ခတ် ၂၇-လုံးတို့သည် အရှေ့ဥဒည်စွန်းမှ ထွက်ပေါ်လာကြပြီး အနောက် အတ္ထဂ်မမှာဝင်သွားကြရာ နောက်နေ့ အရှေ့ဥဒည်စွန်းမှ ပြန်ထွက်လာချိန် အတွင်းကို (နက္ခတ်ရက် တရက်) ဟုခေါ်သည်၊ ယင်း နက္ခတ် တရက်မှာ အချိန်အားဖြင့် နာရီ ၆၀-မပြည့်ပဲ ၅၉-နာရီ သာသာမျှ ရှိသည်။

သို့ရာတွင် နက္ခတ္တတနှစ်မှာ ရက်ပေါင်း ၃၆၆-ရက်နှင့် ၁၅-နာရီ၊ ၃၁-ဗိဇနာ၊ ၃၁-အခရာ၊ ၂၄-ဝိခရာ၊ (ဝါ) အနုခရာရှိနေ၍ အခြားနှစ်နှင့်လတို့ထက် အချိန်ပိုလေသည်။

၂။ သူရိယရက်-ဟူသည် ဤနေ့နေထွက်မှ နောက်နေ့နေထွက် အတွင်းကို ဆိုသည်၊ နေဖြင့်တိုင်းတာယူသော နေ့ဖြစ်၍ (နေနေ့) ဟူ၍လည်း ခေါ်သည်၊

လူအများတို့ ပြောကြားလေ့ရှိသော အချိန်ဖြစ်၍ (သာဝနနေ့ဟူ၍ငှင်း၊ သာဝန ရက်ဟူ၍ငှင်း) ခေါ်ရိုးရှိနေသည်။

ယင်းသာဝနနေ့ (ဝါ) နေ့နေ့တနေ့မှာ မြန်မာနာရီ ၆ဝ-တိတိ ပမာဏ ရှိသည်၊ ယင်းသာဝန ရက်-လ-တို့ကို ပေါင်း၍ သာဝနနှစ် နေနှစ် တနှစ်ပြည့် ချိန်မှာ ရက်ပေါင်း ၃၆၅-ရက်၊ ၁၅-နာရီ၊ ၃၁-ဗိဇနာ၊ ၃၁-အာရာနှင့် ၂၄-အနုခရာရှိလေသည်။ ၎င်းက နက္ခတ္တနှစ်အောက် အနည်းငယ်တိုသည်။

ထိုနှုန်းအရ တနှစ် ၁၂-ရာသီ တပတ်ကြာချိန်တွင် နေက နက္ခတ်ထက် နောက်ကျကျန်ရစ် ကျန်ရစ်နေတော့သည်၊ နက္ခတ်တို့က အသွားမြန်၍ နေက အသွားနှေးပြန်သည်။

၃။ စန္ဒြရက်(ဝါ)လ၏ရက်၊ ယင်းစန္ဒြရက်ကိုပင် တိထိရက်ဟု ဗေဒင်ကျမ်း၌ ခေါ်တွင်နေသည်။ တိထိ-ဟူသည် (ချဲ့မှုကို)ဆိုသဖြင့် လဆန်းလ၏ အရောင် တောက်ပ တောက်ပလာအောင်ချဲ့မှုနှင့် လဆုတ်၌ လ၏အရောင်မှောင်၊ မှောင် သွားအောင်ချဲ့မှုကို ဆိုသည်။

ဥပမာ။ ။လဝန်း၏မျက်နှာပြင်ကို ၁၅-ပုံအညီပုံထားပြီး လဆန်းပက္ခ၌ ဘနေ့တပုံကျ(အလင်းရောင်)တိုးချဲ့- တိုးချဲ့သွားသလို လဆုတ်ပက္ခ၌ တနေ့တပုံ ကျ(အမှောင်ဓာတ်)တိုးချဲ့-တိုးချဲ့သွားနေမှုကို ဆိုသည်။

ထိုအရ တပုံတိုးချဲ့နေခိုက်အချိန်ကို (တိထိတရက်)ဟု ခေါ်သည်၊ လဆန်း ပက္ခ၌ အလင်း ၁၅-ကြိမ်တိုးချဲ့၍ တိထိရက် ၁၅-ရက်ပြည့်ချိန်မှာ(လပြည့်နေ့) ဟု ခေါ်သည်။

လဆုတ်ပက္ခ၌ အမှောင်ဓာတ် ၁၅-ကြိမ်တိုးချဲ့၍ တိထိရက် ၁၅-ရက်ပြည့် ချိန်ကို (လကွယ်နေ့)ဟု ခေါ်သည်။ ယင်း တိထိရက် တရက်မှာ ၅၉-နာရီ သာသာမျှရှိသည်။ နာရီ ၆ဝ-မပြည့်ပေ၊ ထိုနှုန်းဖြင့် တနှစ်တွင် တိထိရက်ပေါင်း ၃၆ဝ-ရက် ယင်း တိထိရက်နှင့်စပ်၍ ခယရက် ဟူ၍ငှင်း၊ ဒိန္နက်သဲရက်ဟူ၍ငှင်း ဗေဒင်ကျမ်းတွင် အကျယ်ရှိနေသေးသည်။

၄။ အံသာရက် (ဝါ) ရာသီရက်၊ အံသာဟူသည် အစိတ်အပိုင်း အပုံကို ဆိုသည်။ ရှင်းဦးအံ့၊ ဇောင်းကင် ၁၂-ရာသီစက်ဝန်းမှာ ဗေဒင်ကျမ်းများ အခေါ်အားဖြင့် အံသာ ၃၆ဝ-ရှိသည်ဟုခေါ်၍ ယခုခေတ်သုံး စကားဖြင့်မူ ဒီဂရီ ၃၆ဝ-ရှိသည်ဟု ခေါ်လာကြသည်။ နေနှင့် လတို့သည် ယင်းရာသီစက်ဝန်း

အံသာ ၃၆၀-ခရီးမှာ လှည့်ပတ် သွားလာနေကြရာ နေရောင်သည် လအပေါ် အရောင်ထပ်မိချိန်မှာ လကွယ်သည်ဟု ခေါ်သည်။ နေကအသွားမြန်၍ လက အသွားနှေးရာ တနေ့တနေ့မှာ ၁၂-အံသာ (ဝါ) ၁၂-ဒီဂရီနှုန်းဖြင့် လသည် နေမှဝေးကာ ဝေးကာ ကျန်ရစ်ခဲ့၏။ လဆန်းပက္ခ၌ တိထိ ၁၅-ရက်ရှိ၍ အံသာက တနေ့ ၁၂-အံသာဖြင့် ၁၂- ၁၅-လီသော် အံသာ ၁၈၀-ရှိလာရာ ထိုအချိန်မှာ လပြည့်ဖြစ်လာသည်။ ထိုနောက် လဆုတ်ပက္ခ ၁၅-တိထိရက်ကို ၁၂-အံသာဖြင့် ပွားသော် အံသာ ၁၈၀-ရှိလာပြန်၏၊ ထိုအခါ လကွယ်ခေါ်သည်၊ လဆန်း အံသာ ၁၈၀-နှင့် လဆုတ်အံသာ ၁၈၀ ၂-လီပေါင်းသော် ယင်း တိထိရက် ၃၀-မှာ အံသာပေါင်း ၃၆၀-ရှိသည်ဟု ဆိုရပေသည်။

ယင်း အံသာတရက်မှာ ၅၉-နာရီ သာသာရှိ၍ ယင်းအံသာ တနှစ်မှာ ရက်ပေါင်း ၃၆၀-ပင် ရှိတော့သည်။

၅။ ဝေါဟာရရက်ဟူသည် တာကူးလ ၂၉-ရက်၊ ကဆုန်လရက် ၃၀-စသည် ဖြင့် ကလေးကစ လူကြီးအထိ ခေါ်ရိုးခေါ်စဉ်ရက် သာမန်ကိုခေါ်သည်။ ယင်း ဝေါဟာရတရက်မှာ ၄၃-နာရီ၊ ၃-ဗိဇနာနှင့် ၃-ခရာ သေသ ၂၀-ရှိသည်။ ယင်းဝေါဟာရ တနှစ်မှာ ရက်ပေါင်း ၃၅၄-ရက်သာရှိသည်။

## အဓျောဟ ရက်ကိစ္စ

အဓျောဟ-ဟူသည် အဓိ-အဟမှလာ၍ အဓိ-လွန်သော ပိုသော + အဟ-ရက် အဓျောဟ-လွန်သောရက်၊ ပိုသောရက် (ဝါ) ရက်လွန် ရက်ပို-ဟု ဆိုလိုသည်။ ပိုလွန်ပုံကား- ဝေါဟာရနှစ်ထက် စန္ဒြနှစ်က တနှစ် တနှစ်မှာ ၁၁-နာရီ၊ ၃၀-ဗိဇနာ၊ ၇-အခရာနှင့် ၂၄-အနုခရာတို့ ပိုလွန်လာကြသည်။

၎င်းတို့ကိုပေါင်းစု ပေါင်းစုယူလာကာ နာရီ ၆၀-ပြည့်ချိန်မှာ တရက်ဖြစ် လာသည်။ ထိုအချိန်မှာ စန္ဒြနှစ်ထက် ဝေါဟာရနှစ်က တရက်ပိုလာသဖြင့် ထို အချိန်မှာ အဓျောဟခေါ် ရက်လွန်တကြိမ်ပို့ရ ဖို့ရမည့်အချိန်ဖြစ်သည်။

ထိုပိုလွန်သော(တရက်ကို) အလွတ်ချေဖျောက်မပစ်ပဲ အထက်၌ဖော်ပြခဲ့ပြီး အဓိမာသ် လလွန်လပိုနှင့်တွဲ၍ ဝါကြီးထပ်ချိန် ပြုလုပ်ရရာ နယုန်လ၏ ရှိရင်း ၂၉-ရက်မှာ တရက်သွင်းကာ ရက် ၃၀-လုပ်ပြီး ရက်စုံသတ်လျက် လပိုကိုလည်း ဒုတိယဝါဆိုပြုပြီး ဝါကြီးထပ်နှစ် လုပ်လိုက်ရတော့သည်။

## လထပ်ကြပုံ အဖုံဖုံ

မြန်မာ့နိုင်ငံရှိဗေဒင်ပညာ၊ ရခိုင်ပြည်နယ်ရှိ ဗေဒင်ပညာတို့သည် အင်ဒီးယား ခေါ်(မဟာဘာရတ်)နိုင်ငံမှလာကြသော ဗေဒင်ကျမ်းရင်းတို့ကို အမှီပြုကြချင်း တူကြသည်။ သို့ရာတွင် ဒေသရိုးရာနှင့် လိုက်၍ ဝေါဟာရကစ၍ ကွဲလွဲလျက်ရှိနေရာ လထပ်ချင်း၌ ကွဲလွဲကြပုံမှာ–

၁။ မြန်မာ့သွေးမှ ပေါက်ပွားလာကြသော ပိဋကတ်၊ ဗေဒင် စွယ်စုံပညာရှင်တို့အမြင်မှာ ဗုဒ္ဓနှင့် ဗုဒ္ဓဒေသနာ ဝိနယပိဋကတ်တို့နှင့်ပါ ဆန့်ကျင်မှုမရှိပဲ တသားတည်းဖြစ်စေရန် အဓိမာသ်ကိန်းကြုံသောနှစ်မှာ ဝါဆိုလသို့ကျရောက်မှ ပဌမဝါဆိုလ၊ ဒုတိယဝါဆိုလဟု လထပ်မှုကိုပြုရိုးရှိနေသည်။

၂။ ဓညဝတီ ရခိုင်ပြည်သားတို့မှာ လစဉ် ကိန်းကိုမူထားပြီး တာကူးလမှာ ဒွေစိတြဟု ပဌမတာကူး ဒုတိယတာကူးဟူ၍ ၂-လထားကာ လထပ်မှုကို ပြုရိုးရှိနေသည်။

၎င်းအကြောင်းကို ဦးချန်ထွန်းစီရင်သော (ရခိုင်ပက္ခဒိန်ကျမ်းကြီးမှာ၎င်း) ထို့ပြင် စစ်တွေမြို့ နက္ခတ်ဗေဒင်ပညာရှိ အစိုးရပက္ခဒိန်တော်ဆက် အဖွဲ့ဝင် ဦးထွန်းလှခိုင်ရေး စာတမ်းများတွင်၎င်း၊ ထို့ပြင် (အာကစုန သဘာဝစိန္တာကျမ်း)ကိုရေးသားထုတ်ဝေခဲ့သော ရခိုင်တိုင်း ရသေ့တောင်မြို့နယ် တူတျောင်မြို့ အနောက်ဘက်ကျောင်း ဆရာတော် ဦးကုဏ္ဍလမဟာထေရ်၏ ရခိုင်ပြည်နှင့်ဆိုင်သော လထပ်ရက်ငင်တွက်ပုံနည်းသစ်အကြောင်း အခဏ်း ၉-စာမျက်နှာ ၂၂၅-မှာ၎င်း အလားတူတွေ့ရှိရပေသည်။

၃။ ဟိန္ဒူတို့၏လထပ်ချိန်ကား- "ဒွေဗိဆာခါ"ဟု ဆိုသဖြင့် ကဆုန်လမှာ ပဌမကဆုန် ဒုတိယကဆုန်ဟု ကဆုန်လ ၂-ထပ်ပြုကာ လထပ်မှုကို ပြုကြပေသည်။

ယင်းကိစ္စကို ရှေးဗြိတိသျှခေတ်က အင်ဒီးယား ပြည်နယ်ဝင် ယခုချိန်တွင် အနောက်ပါကစ္စတန် ပြည်နယ်ဝင် ဖြစ်သွားသော ပန်ဂျပ်မြို့တော် လာဟိုမြို့မှ ဟိန္ဒူနှင့် အူရဒူ ၂-ဘာသာဖြင့် နှစ်စဉ်ထုတ်ဝေနေသော "ပံကျန္တ ဒိဝါကရ" ပက္ခဒိန်ကြီး၌ ဖော်ပြလျက် ရှိပေသည်။

၄။ တရုပ်တို့မှာမူ- တပို့တွဲနှင့် ဟပေါင်းလ တို့တွင် လထပ်လေ့ ရှိကြပေသည်။

၅။ အင်္ဂလိရ်တို့လတပ်သောနှစ်မှာ မြန်မာတို့ နယုန်လကို ၃၀-လုပ်သလို ဖေဖော်ဝါရီလ ၂၈-ရက်ကို ၂၉-ရက်လုပ်ပြီး ပေရီလမှာပဲ ထပ်ကြမြဲဖြစ်သည်။

သူတို့မှာ ၃၁-ရက်လက ၆-လ၊ ၃၀-ရက်လက ၅-လနှင့် ၂၈-လက တလ ထားပြီး ၎ရက်ကိုပေါင်းယူသော် တနှစ်မှာ ၃၆၄-ရက်သာရှိနေ၍ ၃၆၅-ရက်ရှိသော ဘူရိယသံဝစ္ဆရနှစ်၏ သာဝနရက်ကိုပင် မမှီပဲဖြစ်နေပြန်၍ ၄-နှစ်တကြိမ်ခန့်မှာ လထပ်ပေးနေရပေသည်။

## လထပ်မှုပြဿနာ အလီလီ

အထက်တွင် ပြခဲ့ပြီး နက္ခတ်မှ ဝေါဟာရနှစ်ထိ နှစ် ၅-မျိုးတို့ဖြင့် ညှိနှိုင်း၍ လောကီပညာရှင်တို့က လောကကြီးကို ထိန်းဆောင်သွားနေရာ ၃-၄-နှစ်ကြာတိုင်း ခရာ ဗိဇနာပိုနာရီပိုတို့မှ ရက်ပို၊ ထိုမှလပို အထိ အစွန်းပိုတွေ ထွက်လာတိုင်း လူမျိုးအလိုက် ပဌမ ဒုတိယ ကဆုန်နှင့် ပဌမ ဒုတိယ ဝါဆိုဟု အမိမာသ် ဖြိုတိုင်း လထပ်လျက်ရှိနေကြရာ ကမ္ဘာဆုံးသည် အထိ ထပ်နေကြရပေမည်။

## ဂေါတမဗုဒ္ဓလက်ထက်က လထပ်ခဲ့ပုံအစ

ဗုဒ္ဓ ဖြစ်၍ ဝါ ၂၀-အတွင်းကို ပဌမဗောဓိနယ်ဟု ခေါ်ရာ ယင်း ပဌမဗောဓိနယ်အတွင်းမှာပင် သောတာပန် ကျောင်း ဒါယကာ ဗိမ္ဗိသာရဘုရင်သည် နန်းတွင်းသုံး ဗေဒင်ပညာရှိ ပုရောဟိတ်တို့၏ နှစ်စဉ်တင်ဆက်ကြရသော သုဘာသုဘ၊ တိထိ၊ နက္ခတ် ဂြိုဟ်စသော ဗေဒင်ကိန်းတို့ အရ ရဟန်းတော်များ ဝါဆိုဝါကပ်ချိန်၌ သာမန်နှစ်တို့ကဲ့သို့ပေါ်မြဲ (ဝါဆိုလတွင်) ဝါကပ်မှု မပြုကြပဲ ယင်း ဝါဆိုလကို ငံ့ထားကာ ဒုတိယမြောက် (ဝါဆိုလရောက်မှ) ပဌမဝါဆိုကပ်ရောက်ရေးကို ရဟန်းတော်များမှ တဆင့် လျှောက်ထားခဲ့သည်မှာ-

> တေန ခေါ ပန သမယေန ရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော ဝဿံ ဥက္ကဍ္ဍိတုကာမော ဘိက္ခူနံ သန္တိကေ ဒူတံ ပါဟေသိ၊ ယဒိ ပနာယျာ အာဂမေဇုဏှေ ဝဿံ ဥပဂစ္ဆေယျုန္တိ- ဟု လျှောက်ထားခဲ့လေသည်။
> (ဝိနယ မဟာဝဂ္ဂပါဠိတော် ဝဿူပနာယိကက္ခန္ဓက ၁၉၃)

အဝိပ္ပါယ်ကား။ ။ထိုခေတ် ထိုအချိန်က (ထိုခေတ်အမိမာသ် ဖြိုကိန်းကြုံလာသော ထိုအချိန်က) မဂဓတိုင်းရှင် စစ်သည် ဗိုလ်ခြေ တောင့်တင်းသူ ဗိမ္ဗိသာရသည် ရဟန်းတော်တို့ ဝါကပ်မှု၌ (လောကရေးနှင့် မဆန့်ကျင်စေရန်) ဝါဆို ဝါကပ်မှုကို ပြုရိုးနှစ်စဉ်အချိန်မှာ မပြုသေးပဲ ဆိုင်းငံ့ ထားစေလိုသဖြင့်

အချိန်မှီ ရဟန်းတော်များထံသို့ တမန်စေပြီး လျှောက်ထားစေသည်မှာ–အရှင်မြတ်တို့သည် နောက်လာမည့် ဝါဆိုလသို့ရောက်မှ ဝါဆို ဝါကပ်မှုကို အကယ်၍များ ရွှေ့ဆိုင်းပြုလုပ်နိုင်ကြပါက ကောင်းလှပါသည် ဘုရား-ဟု လျှောက်ကြားစေသည်။

ရဟန်းတော်များက ထိုကိစ္စကို ဘုရားရှင်အား တင်ပြလျှောက်ထားလေသည်၊ ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသည့် အတိုင်း လောက ဓမ္မ ၂-နယ်လုံးကို သိမ်းကြုံးသိမြင်ထားပြီးဖြစ်ရာ မိမိတို့ သာသနဝန်ထမ်းတို့ အနေဖြင့် လောကီကိုငဲ့ပြီး ဆိုင်းငံ့ရေးတဲ့ သမ္မာဒိဋ္ဌိပါဒီ သောတာပန် ကျောင်းဒကာ ဘုရင်အနေဖြင့် လျှောက်ထား၍ ဆိုင်းငံ့ပေးခြင်းက လောကပြစ်မှုလည်း လွတ်သွား၍ ပြန်လည် မိန့်ကြားသည်မှာ-

အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုန္တိ။

**အဓိပ္ပါယ်မှာ**။ ။ရဟန်းတို့ မင်းတို့၏ အလိုကို (ဌာနာနုရူပ) လိုက်လျောရန် ငါဘုရား ခွင့်ပြု၏ ဟု-ဆိုလိုသည်။

ဤကား ဗုဒ္ဓဂေါတမဘုရားရှင် လက်ထက် အနှစ် ၂၀-အတွင်း ပဌမလထပ်နှင့်စပ်၍ တိုးခြင်းဖြစ်ရာ ကျန် ၂၅–နှစ်အတွင်း ၆-ကြိမ်မျှ တိုးနိုင်သေးရာ စာတွင် သီးခြား မလာရှိတော့ပေ။

## မြန်မာနိုင်ငံ၌

မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာ ၁၀၁–ခုနှစ်တွင် သဂေရဇေတ္တရာသို့ သာသနာရောက်သည် ဆို၏၊ ပုဂံသို့မူ သာသနာ ၁၆၀၁–ခုနှစ်ကစ၍ ရောက်စေကာ အင်းဝခေတ် ရောက်ချိန်သည် ဗုဒ္ဓသာသနာ အထွန်းတောက်ဆုံး အချိန် ဖြစ်သဖြင့် ဤလထပ် ပြဿနာသည်-

၁။ အင်းဝ သာလွန်မင်းတရား လက်ထက် လွန်ခဲ့သော နှစ်ပေါင်း ၃၂၀ ကျော်က ရွှေဥမင်ဆရာတော် ဦးဆောင်၍ ရှင်းလင်းပေးရမှု တကြိမ်။

၂။ ကောဇာ ၁၁၅၀- ပြည့်နှစ်က အမရပူရမြို့ ပဒုံမင်းတရားခေါ် ဘိုးတော် ဦးဝိုင်းလက်ထက် မြန်မာပညာရှိတဘက်၊ ပုဏ္ဏားပညာရှိ တဘက် လထပ်ပြဿနာ ကြုံလာ၍ ဘုရင့် အမိန့်ဖြင့် မောင်ထောင် သာသနာပိုင်ထံ အဆုံးအဖြတ် ခံယူစေပြီး ပြေငြိမ်းစေရပုံ တကြိမ်။

မှတ်ဖွယ်။ ။ယင်း ဘိုးတော်မင်းတရားလက်ထက် ဥက္ကဋ္ဌဗဂ်ါလီနှင့် ရှိနေသော
ဗေဒင်ကျမ်း, ဆေးကျမ်း, နက္ခတ်ကျမ်း စသည်တို့ကို အင်ဒီးယားသို့
စေလွှတ်ပြီး ဆောင်ယူစေကြောင်း ရာဇဝင်မှာပင် ပါရှိလေသည်။

၃။ ကောဇာ ၁၂၁၇-ခုနှစ် မန္တလေးမြို့ ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက် လထပ်ပြဿနာကြုံလာပြန်ရာ ညောင်ကန်ဆရာတော်အား ခုံထားပြီး ပြေငြိမ်းစေရပုံ တကြိမ်။

၄။ ကောဇာ ၁၂၄၇-ခုနှစ်တွင် မြန်မာ့ထီးနန်းကို ဖယ်ရှားပြီး အင်္ဂလိပ်တို့ စိုးအုပ်လာရာ နိုင်ငံရေး စီးပွားရေးပါ ဖိလာသည်မှာ အင်ဒီးယား နိုင်ငံကို ဗမာနိုင်ငံ၏အလျှင် နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့၍ စီးပွားရေးစိမ်ချက် အမြင်ကျယ်ချက်မှာ အင်ဒီးယားမှလာသော ဗေဒင်ပညာကို လေးစားနေကြသော မြန်မာတို့အား ဗေဒင်ဖြင့် စီးပွားမှုဖန်တီးရာတွင် အင်္ဂလိပ်လူမျိုး (မစ္စတာကလိန်စီ)သည် ဗေဒင်ပညာ အခြေခံရှိသူ မြန်မာအချို့နှင့် ပုဏ္ဏားအချို့တို့အား ငွေအား အာဏာအားဖြင့် အနှစ်(၂၀၀၀)ပါ ပြက္ခဒိန်ချုပ်ကြီး ထုတ်ဝေလေတော့သည်။ယင်း ကလိန်စီ၏ပြက္ခဒိန်မှာ ၁၂၇၄-ခုနှစ်တွင် (ဝါကြီးထပ်နှစ်)ဟု ထုတ်ပြန်ထားရာ ဗုဒ္ဓဘာသာဝင် မြန်မာပညာရှိသုံး ပြက္ခဒိန်မှာကား ဝါငယ်ထပ်ဟု တွက်ချက်ဖော်ပြ၍ ပူညံပူညံ ဖြစ်လာခဲ့ပုံတကြိမ်။

၎င်းကလိန်စီ၏ ပြက္ခဒိန် ၁၂၇၇-ခုနှစ်တွင် (ဝါငယ်ထပ်)နှစ်ဟု ထုတ်ပြန်ထားရာ မြန်မာပညာရှိသုံး ပြက္ခဒိန်တွင်မူ (ဝါကြီးထပ်) ဖြစ်နေ၍ ပူညံပူညံ ဖြစ်ခဲ့ကြပုံ တကြိမ်။

၅။ ထို့ပြင် သက္ကရာဇ် ၁၂၉၀-ကျော်တွင် မိတ္ထီလာမြို့၌ ဘိုင်းမင်းကြီးအဖြစ် တဘက်ကလုပ်၍ ပြက္ခဒိန်ထုတ်ဝေနေသော (မစ္စတာ-အာရ်ဝင်)ထုတ်ဝေခဲ့သော ၁၉၀၂-ခုနှစ်ထုတ်နှင့် ၁၉၀၉-နှစ်ထုတ် ပြက္ခဒိန်တို့မှာလည်း လထပ်မှားတွေ့ပါနေပုံတို့ကတကြောင်း။

၆။ ထို့ပြင် သက္ကရာဇ် ၁၂၄၉-ခုနှစ် လောက်က အင်္ဂလိပ် အစိုးရက ကင်းဝန်မင်းကြီးအား (အနှစ်တရာပြက္ခဒိန်ချုပ်) လုပ်ပေးရန် စရိတ်ကုန်ကျမှုအတွက် တာဝန်ယူပါသည်ဟု တိုက်တွန်းသော အခါ ကင်းဝန်မင်းကြီးက-“ဟာ- အင်္ဂလိပ်ပြက္ခဒိန်လို ဘယ့်နှယ်အနှစ်တရာ ပြက္ခဒိန်လုပ်ထားလို့ ဖြစ်မလဲ၊ မြန်မာပြက္ခဒိန်က တနှစ်ကို တခါတခါတွက်ရ လုပ်ရတာ နေ-လ နက္ခတ်တာရာဆိုတာ အသွားအလာ (တစံနစ်ထဲ တည်မြဲနေတာ မဟုတ်ဘူး) ရွှေချင်လဲ ရွှေသွားတာဘဲ၊ ဒီခေတ်ပညာရှိတွေက သည်လို ပြက္ခဒိန်မျိုး နှစ်ပေါင်းများစွာ

အတွက် လုပ်ထားခဲ့လျှင် ရွှေလာမည့် ပညာရှိတွေက အပြစ်တင် ခံရပါလိမ့်မယ်ဟုဆိုပြီး (တောင်တော် သာသနာပိုင်) ဆရာတော်များနှင့် တိုင်ပင်ညှိနှိုင်းကြပြီး မလုပ်နိုင်သည့်အကြောင်းများကို အင်္ဂလိပ်အစိုးရအား ပြန်ကြားခဲ့ပုံတကြောင်း။

မှတ်ဖွယ်။ ။တောင်ခွင် ဆရာတော်ကိုကား- အင်္ဂလိပ် အစိုးရက ကောဇာ ၁၂၆၅-ခု တန်ဆောင်မုန်းလဆုတ် ၁၀-ရက် ခရစ် ၁၉၀၃-ခုနှစ် နိုဝင်ဘာလ ၁၃-ရက်တွင် မြန်မာနိုင်ငံ အထက်ပိုင်း သာသနာပိုင်အဖြစ် ဘုရင်ခံ ဆာဟာရှာဘန်းက သာသနာပိုင်ခန့်ခဲ့သည်။တလ ဆွမ်းဆန်အိတ်ကြီး ၂၅-အိတ်ပေးလှူလေသည်။ဆာနတ်အမိန့်ပေးအပ်ထားသော အမိန့်အတိုင်း မဆောင်ရွက်လျှင် သာသနာပိုင်ခန့်လွှာကို ပြန်ရုပ်သိမ်းမည်ဟု ပါရှိသည်။

### ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပက္ခဒိန်တော်ဆက် အဖွဲ့ အစီရင်ခံစာမှ သုံးသပ်ဖွယ်များ

ဝါငယ်-ဝါကြီးထပ် ကိစ္စနှင့် ဗုဒ္ဓနေ့ကိစ္စပါ ပြေလည်မှုများစေရန် အင်းဝ သာလွန်မင်းတရားခေတ် ရွှေဥမင်ဆရာတော်များ သုံးခဲ့သောနည်းဟောင်းများ အမရပူရ ဘိုးတော်မင်းတရားခေတ် မောင်းထောင်သာသနာပိုင်တို့ သုံးခဲ့သော နည်းဟောင်းများနှင့် မန္တလေး ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးခေတ်၌ ညောင်ကန်ဆရာတော်များသုံးခဲ့သော နည်းဟောင်းများကို (ပယ်ရှားပြီး) ကောဇာ ၁၃၂၁-ခုနှစ်မှ ၁၃၇၀-ပြည့်နှစ်ထိ နှစ်ပေါင်း ၅၀-အတွင်း၌-

၁။ ဝါကြီးဝါငယ်ထပ် ရှုပ်ထွေးမှု မရှိတော့ခြင်း။

၂။ ယခင်ချိန် ကမ္ဘာ့ဗုဒ္ဓနေ့နှင့် မြန်မာ့ဗုဒ္ဓနေ့တို့(တလ)ကွာခြားနေမှုလည်း မရှိတော့ပဲ ကမ္ဘာနှင့်မြန်မာတို့ ဗုဒ္ဓနေ့ချင်း လတူရက်တူ ဖြစ်လာနိုင်ခြင်း၊ ဤအကျိုး ၂-ခုတို့ကိုပါ ဖြစ်ပေါ်စေနိုင်သော ပက္ခဒိန် (နည်းသစ်ကို) ရရှိထားကြောင်း တင်ပြထားပေသည်။

### အခက် ၃-ခုနှင့် တိုးနေပုံ

-ထိုသို့ တဘက်တွင် အထက်ပါလိုအပ်သော အကျိုး ၂-ခုတို့ ရရှိနေပါလျက် အခြားတဘက်တွင် မလိုအပ်သောအကျိုး ၃-ခုတို့ (ဝင်ခု)နေသည်မှာ-

ယင်း ၁၃၂၁-ခုနှစ်မှ ၁၃၇၀-ပြည့်နှစ်အထိ အနှစ် ၅၀-အတွင်းမှာ—

၁။ ကမ္ဘာနှင့်တရက်ကွာ ဗုဒ္ဓနေ့ချင်းမတူသော နှစ် ၉-နှစ်ပါဝင်နေခြင်း၊

၂။ ယင်း အနှစ် ၅၀-တွင် ကဆုန်လပြည့် ပက္ခနေ့နှင့် ဝါဆိုလပြည့်ပက္ခနေ့ပေါင်း ၁၀၀-ပါရှိရာ ၂၀-ပက္ခတို့မှာ လပြည့်ပုဏ္ဏမီနက္ခတ်များ မကိုက်ညီပဲ အယုတ်အလွန်ရှိနေခြင်း။

၃။ ယင်းအနှစ် ၅၀-ထဲမှာ (တပေါင်းလ) ကုန်ခါနီးတွင်(သင်္ကြန်ကျ)သောနှစ်သည် ၉-နှစ်ပါဝင်နေခြင်းတို့ ဖြစ်တော့သည်။

## မည်သူမျှမတတ်နိုင် ဖြစ်နေကြပုံ

ယင်းမလိုအပ်သော အကျိုး ၃-မျိုးတို့ (မပေါ်ထွက်အောင်) မည်သည့်တွက်နည်းမျိုးနှင့်မျှတွက်လို့လည်းမရ၊မည်သူမျှလည်းမပေါ်ထွက်အောင် မတတ်နိုင်ဖြစ်နေကြပုံ အကျယ်ကို ထိုအချိန်က ပက္ခဒိန်တော်ဆက်အဖွဲ့ အလှည့်ကျဥက္ကဋ္ဌ မန္တလေးဦးကျော်ငြိမ်းလက်မှတ်ဖြင့် ၁၃၁၇-ခု တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ ၁၉၅၅-ခု နိုဝင်ဘာလ ၂၅-ရက်နေ့စွဲဖြင့် ကိုင်းပြည်သို့ ကြေငြာချက်ထုတ်ခဲ့လေသည်။ ယနေ့တိုင် (နည်းသစ် ပက္ခဒိန်)ကို တရားဝင် အသုံးမပြုနိုင်ဖြစ်နေသေးသည်။

## တတ်နိုင်သောနည်းရှိသည်

ယင်းကိစ္စပြေလည်အောင် တကယ်လုပ်က တကယ်ဖြစ်နိုင်သော(နည်းလမ်း)ရှိနေ၍ လုပ်လိုကလုပ်နိုင်အောင် အောက်ပိုင်းတွင် ဖော်ညွှန်းပါအံ့။

## ဗေဒင်ကိန်းမှ တွက်နည်းကား မှန်ပုံ

သူရိယသိဒ္ဓန္တကျမ်းလာ နေ-လ နက္ခတ်တာရာတို့သည် ကောင်းကင်စက်ဝန်းအံသာ ၃၆၀-မှာ လှည့်ပတ် သွားလာနေချက်မှ လူ့နယ်သုံး ပက္ခ၊ ပုဏ္ဏမီ၊ လ၊ ရက်၊ နာရီ၊ ဗီဇနာ၊ ပြန်ခရာ-စသည်တို့ (ဂဏန်းအနေဖြင့်) ကိန်းမှန်တွက်ဘို့ရန် မူတည်ထားသော—

| | | |
|---|---|---|
| က။ | စတုယုဂ်နှစ်ပေါင်း | ၄၃၂၀၀၀၀-ကို မူတည်၍၊ |
| ၁။ | တိထိရက်ပေါင်း | ၁၆၀၃၀၀၀၀၀၀ |
| ၂။ | နက္ခတ်ရက်ပေါင်း | ၁၅၈၂၂၃၇၈၂၈ |
| ၃။ | သာဝနရက်ပေါင်း | ၁၅၇၇၉၁၇၈၂၈ |

၄။ အံသာရက်ပေါင်း ၁၅၅၅၂၀၀၀၀၀
၅။ ဒိန္နက်သံရက်ပေါင်း ၂၅၀၀၂၂၅၂
၆။ အဓျ ာဟရက်ငင်ပေါင်း ၀၃၇၇၄၀
ခ-၁။ စန္ဒြမာသလပေါင်း ၅၃၄၃၃၃၃၆
၂။ သူရိယမာသလပေါင်း ၅၁၀၄၀၀၀၀
၃။ အဓိမာသလလွန်ပေါင်း ၁၅၉၃၃၃၆ တို့ဖြင့် -
တွက်ကိန်းဆင့်မှုမှာ (မှားသူမရှိ အားလုံးလိုပင်) မှန်ကြပေသည်။

သို့ရာတွင် နေ-လ နက္ခတ်တာရာတို့(ဓမ္မတာနည်းကျ) မှန်ကန်စွာ သွားလာလှည့်ပတ်မှု ဖြစ်ရှိအောင်ကား ဗေဒင်ဆရာ ဟူသမျှတို့ မတတ်နိုင် တော့ပေ။ တတ်နိုင်သောနည်းကား ရှိ၏။

ရှင်းနည်းကား- ဗုဒ္ဓ၏နည်းပင်ဖြစ်သည်၊ ယင်းဗုဒ္ဓ၏နည်းကား-
၁။ တရားကို (ဖျက်)တဲ့နည်းနှင့်၊
၂။ တရားကို (ဖက်)တဲ့နည်းတို့ဖြစ်ရာ-

လောကသားတွေ ကိုယ်စောင့် တရားကို (ဖက်ထားလျှင်) နေ-လ နက္ခတ် တာရာတို့ အလိုလိုအသွားမှန်လာ၍ ရာသီ ဥတုတို့ပါ မှန်လာသဖြင့်, အရေးကြီး ကိစ္စဖြစ်သော အာဟာရခေတ်ဆိုင်ရာ ဆန်၊ စပါး၊ သစ်သီး၊ သစ်ရွက်၊ ဆေးပင်၊ ဆေးရွက်၊ မြေဆီ- မြေလွှာတို့ပါ ကောင်းမွန်လာကြ၍ ရောဂါကင်း ကျန်းမာ ခြင်းပြည့်စုံကြကာ စီးပွားရေးတို့ပါ အဆင်ပြေကြ၍-

၁။ လေမုန်တိုင်းထခြင်း၊
၂။ လေကြီး လေဖျက်ခြင်း၊
၃။ ရေကြီး ရေဖျက်ခြင်း၊
၄။ စပါးခင်း ငါးမျှောင်တောင်ဖျက်ခြင်း၊
၅။ ဂဏန်းအုပ်ဖျက်ခြင်း၊
၆။ တောကြွက်အုပ်ဖျက်ခြင်း၊
၇။ တောငှက်အုပ်ဖျက်ခြင်း၊
၈။ ဖလန့်ဖြူပိုးဖျက်ခြင်း၊
၉။ အသီးအနှံ မအောင်မြင်ခြင်း၊
၁၀။ လူ့အာဟာရဆိုင်ရာ ဩဇာဓာတ်နှင့် ဆီမျိုးစုံ၊ သစ်သီးမျိုးစုံ၊ သစ်ရွက်မျိုးစုံ-စသည်တို့ လူသုံးပစ္စည်းအဖြစ်သို့ မရောက်ရှိနိုင်ခြင်း၊ မြေလျှော လုပ်ခါခြင်းစသော ဘေးဒုက္ခအစုစုတို့မှ (ကင်းလွတ်)နိုင်ကြသည်။

ထိုသို့မဟုတ် (ဝါ) ကိုယ်စောင့်တရားကို (ဖက်မထားကြပဲ) ဖယ်ရှားကြ ဖျက်ဆီးပစ်ကြမည်ဆိုလျှင် အထက်ပါ ၁၀-မျိုးသော အာဟာရချို့တဲ့စေမည့် ဘေးရန်တို့နှင့်တကွ အသက်စည်းစိမ်နှင့် ကျန်းမာရေကို ဖျက်ဆီးမည့် ရောဂါ အမျိုးမျိုးတို့ပါ ပူးကပ်နှိပ်စက်ဘို့မှာ ကမ္ဘာ့ဓမ္မတာပင် ဖြစ်တော့သည်။

ကိုယ်စောင့်တရားဟူသည်–

၁။ ဘယ်အချိန်မှာမှ မကျိုးမပျက်သော ငါးပါးသီလ။

၂။ မချို့ယွင်းသော ဗြဟ္မစိုရ လေးပါး။

၃။ ကျေးဇူးသိမှုနှင့် ရိုသေသင့်ရာကို ရိုသေမှု၊ ဤ ၃-ချက်မျှကို လေးစား လိုက်နာနေကြပါက (တရားဖက်သည်မည်၍) အထက်ပါ ဒုက္ခအားလုံးမှလည်း လွတ်ကင်းကြမည့်ပြင်၊ နေ-လ နက္ခတ်သွားတို့ပါ မှန်ကန်စေနိုင်၍ ဗေဒင်ပညာ ရှင်တွေ (လက်ပြောက်နေကြရသော) ဗေါ်ပြုပြီး အချက်တွေပါ (တချက်ခုတ် ၃ချိဖြင့်) အချက်ပေါင်းများစွာ ခုတ်နိုင် ဖြတ်နိုင်သည်ဟု ရဲရင့်စွာ ကြွေးကြော်ရ ပေသည်။

လူ- ရှင်- ရဟန်း အားလုံးတို့ ကိုယ်စောင့် တရားကို ခိုင်မြဲအောင် မဆုပ် ကိုင်ကြ (မဖက်ထားကြပဲ) မသိမသာမှ သိသိသာသာဖယ်ရှားကြ ပစ်ပယ်နေ ကြလျှင် သုခအစား ဒုက္ခအမျိုးစုံနှင့်သာ ရင်ဆိုင်ရမည်ကို သတိဝင်ကြပါစို့။

## စာတုဒ္ဒသီ ပန္နရသီနှင့် ဝိနယဥပဒေတော်

ဗေဒင်ကျမ်းသုံး ပုဏ္ဏမိ၊ တိထိ၊ စာတုဒ္ဒသီ၊ ပန္နရသီ စာပိုဒ်တို့နှင့် ဗုဒ္ဓဟော ဝိနယဥပဒေတော်လာ- ပုဏ္ဏမိ၊ တိထိ၊ စာတုဒ္ဒသီ၊ ပန္နရသီ စာပိုဒ်တို့သည် (ဖယ်ရှား၍မရ) ဆက်စပ်နေသဖြင့် ယင်းစာ ၃-ပိုဒ်ကား လဝန်းနှင့်ဆက်စပ်၍ (အချက်)ကား နေဝန်းနှင့် ဆက်စပ်နေသည်။ အာသဠ်၊ ကတ္တိကာစသည်တို့ကား နက္ခတ်နှင့် ဆက်စပ်နေတော့သည်။ ထိုသဘာဝအရ ဒွေ မေ ဘိက္ခဝေ ဥပေါ သထာ စာတုဒ္ဒသိကောစ၊ ပန္နရသိကောစ၊ ဣမေ ခေါ ဘိက္ခဝေ ဒွေ ဥပေါ သထာတိ-ဟု ဝိနယမဟာဝဂ္ဂပါဠိတော် ဥပေါသထက္ခန္ဓက စာမျက်နှာ ၁၅၀-၌ ဟောတော်မူထားသည်။

ဤနေရာ၌ ဗုဒ္ဓသည် ဥပုသ်နေ့ကို စာတုဒ္ဒသီ ဥပုသ်နေ့နှင့် ပန္နရသီဥပုသ်နေ့ ဟု ဥပုသ် ၂-နေ့ထားပုံကို မိန့်ကြားသွားတော်မူသည်။

တဖန်- အနုဇာနာမိ ဘိက္ခဝေ သကိံ ပက္ကာ စာတုဒ္ဒသေ ဝါ၊ ပန္နရသေဝါ ပါတိမောက္ခံ ဥဒ္ဒိသိတုန္တိ၊

ဟု ၎င်းဥပေါသထက္ခန္ဓက စာမျက်နှာ ၁၄၂-၌ ဟောညွှန်တော်မူသည်။

ဤနေရာမှာလည်း တပက္ခမှာ တကြိမ်၊ စာတုဒ္ဒသီနေ့နှင့် ပန္နရသီနေ့မှာ ပါတိမောက်ပြဆိုရန် မိန့်ကြားထားလေသည်။

တဖန်- ဒွေ မာ ဘိက္ခဝေ ပဝါရဏာ စာတုဒ္ဒသိကာ စ၊ ပန္နရသိကာ စ၊ ဣမာ ခေါ ဘိက္ခဝေ ဒွေ ပဝါရဏာ၊

ဟု ၎င်းပါဠိတော် ပဝါရဏာက္ခန္ဓက စာမျက်နှာ ၂၂၄-၌ ဟောညွှန်ထားတော် မူလေသည်။

ယင်း ပါဠိတော်မှာလည်း စာတုဒ္ဒသီနှင့် ပန္နရသီ ၂-ရက်ကိုပင် မိန့်ကြားထားလေသည်။ ၎င်းတို့ကား လဝန်းနှင့်တိုင်းတာသော တိထိရက်တို့နှင့် ဆက်စပ်လေသည်။

## နေ့ဝန်းနှင့် တိုင်းတာရာများ

၁။ ဂန္တဗ္ဗံဘိက္ခဝေ သတ္တာဟကရဏီယေန ပဟိတေ-ဟူသော ဝဿူပနာယိကက္ခန္ဓက ၁၉၅-လာ ဝါတွင်း သတ္တာဟဆောင်မူသည် နေ့အရဏ်တို့နှင့် ဆက်စပ်သည်။

၂။ အနုဇာနာမိ ဘိက္ခဝေ ဦနပန္နရသဝဿံ ဒါရကံကာကုဍ္ဍေပကံ ပဗ္ဗာဇေတုန္တိ-ဟူသော ၎င်းပါဠိတော် မဟာခန္ဓက စာမျက်နှာ ၁၁၀-လာ၊ ၁၄-နှစ်ရှယ်သူငယ်အား သာမဏေရ ဝတ်ဆင်ပေးမှုသည် နေ့နှင့်တိုင်းယူ၍ နေ့နှင့်ဆက်စပ်သည်။

၃။ ထို့ပြင် န ဘိက္ခဝေ ဇာနံ ဦနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော-ဟူသော ၎င်းပါဠိတော် ၁၀၉-လာ၊ ၁၉-နှစ် မပြည့်သေးသောသူအား ပဉ္စင်းပြုမပေးအပ်သော ကိစ္စသည်လည်း နေ့နှင့် တိုင်းတာစပ်ယှဉ်သော ကိစ္စဖြစ်လေသည်။

ဤသို့ ဝိနယဥပဒေတော်မှာ နေ့နှင့်စပ်ရာ၊ လနှင့်စပ်ရာ၊ နက္ခတ်နှင့်စပ်ရာ အရုဏ်နှင့်စပ်ရာတို့ အသီးသီးရှိနေကြ၍ ဌာနာရဟ ဌာနာနုရူပအလိုက် သုံးစွဲမှုဒ္ဓအလိုနှင့်ကျနိုင်ပေမည်။

ထို့ပြင် သုတ္တန္တ ဒေသနာတော်လာ ဗုဒ္ဓဝံသပါဠိတော် သုမေဓာ ပတ္ထန ကထာ ၃၂၀-လာ–

၁။ ပုဏ္ဏမာယေ ယထာ စန္ဒော၊ ပရိသုဒ္ဓေါ ဝိရောစတိ။
တထေဝ တွံ ပုဏ္ဏမနော၊ ဝိရောစ ဒသသဟဿိယံ-

မှ ပုဏ္ဏမာယေ အရတို့သည်ငှင်း။

ထို့ပြင် စရိယပိဋကပါဠိတော် ဝေဿန္တရစရိယ ၃၉၂-လာ-

၂။ အန္ဓဒ္ဓမာသေ ပန္နရသေ၊ ပုဏ္ဏမာသေ ဥပေါသထေ။
ပစ္စယံ နာဂမာရုယှ၊ ဒါနံ ဒါတုံ ဥပဂါမိံ-

မှ ပန္နရသေနှင့် ပုဏ္ဏမာသေ အရတို့သည်ငှင်း။

ထို့ပြင် ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိတော် သိင်္ဂါလသုတ် ၁၄၇-လာ-

၃။ နိဟီယတိ ယသော တဿ၊ ကာဠပက္ခေဝ စန္ဒိမာ။
အာပူရေတိ ယသော တဿ၊ သုက္ကပက္ခေဝ စန္ဒိမာ-

မှ စန္ဒိမာအရတို့သည်ငှင်း။

ထို့ပြင် မဇ္ဈိမနိကာယ ဥပရိပဏ္ဏာသ ပါဠိတော် မဟာပုဏ္ဏမသုတ် ၆၆-လာ-

၄။ တေန ခေါ ပန သမယေန ဘဂဝါ တဒဟုပေါသထေ ပန္နရသေ ပုဏ္ဏာယ ပုဏ္ဏမာယ ရတ္တိယာ ဘိက္ခုသံဃပရိဝုတော အဗ္ဘောကာသေ နိသိန္နော ဟောတိ-

လာ ပုဏ္ဏာယ ပုဏ္ဏမာယ အရတို့သည်ငှင်း လနှင့်တိုင်းတာရသော ဒေသနာတော် များ ဖြစ်ပေသည်၊ ယင်း လ နေကိစ္စတို့သည် ဗေဒင်ပညာနှင့် တွဲစပ်လျက်ရှိနေ တော့သည်။

## အဋ္ဌကထာတို့မှ လာချက်များ

၁။ ဒီဃနိကာယ ပါထိကဝဂ္ဂအဋ္ဌကထာ အဂ္ဂညသုတ် စန္ဒိမသူရိယာဒိ ပါတုဘာဝဝဏ္ဏနာ ၃၀-မှ ၃၂-ထိ အဖွင့်တို့သည်လည်း ဗေဒင်ပညာနှင့်တွဲစပ် သော အချက်များ ဖြစ်တော့သည်။

၂။ ထို့ပြင် ၎င်း နိကာယ မဟာဝဂ္ဂအဋ္ဌကထာ မဟာပဒါနသုတ် အဖွင့်မှ များစွာသော စကားစုတို့သည်ငှင်း၊ ၎င်း အဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ်အဖွင့်မှ

များစွာသော စကားစုတို့သည်၎င်း၊ ဥပရိပဏ္ဏာသ အဋ္ဌကထာနှင့်တကွ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ဝိဘင်း အဋ္ဌကထာ၊ သံယုတ် အဋ္ဌကထာ- စသည်တို့မှ များစွာသော စကားစုတို့သည်၎င်း ဗေဒင်ပညာနှင့် တွဲစပ်သော အချက်များ ဖြစ်နေသည်။

## ဋီကာလာချက်များ

၃။ ထို့ပြင် သီလက္ခန်ဋီကာဟောင်း, ဋီကာသစ်လာ များစွာသော စကား စုတို့သည်၎င်း၊ အင်္ဂုတ္တိုရ် ဋီကာလာ, မဟာဋီကာလာ, သာရတ္ထဋီကာလာ, ဝိနယာလင်္ကာရဋီကာလာ,ဇိနာလင်္ကာရ ဋီကာလာနှင့် ပဏ္ဏာသဋီကာလာ များစွာ သော စကားစုတို့သည်လည်း ဗေဒင်ပညာနှင့် တွဲစပ်သော အချက်များဖြစ်နေကြ ပေသည်။

## ဗေဒင်ပညာဆိုင်ရာ တခဏ်းရပ်

အထက်ဖော်ပြခဲ့ပါ ပါဠိတော် အဋ္ဌကထာနှင့် ဋီကာကျမ်းလာတို့တွင် နေ လ နက္ခတ်, ပက္ခ, ပုဏ္ဏမီ, စာတုဒ္ဒသီ, ပန္နရသီ, ဝိသာခါ, အာသဠ္ဍီ, ကတ္တိကာစသော စကားစုတို့သည် လောကီ, ဓမ္မ, ဝိနယဒေသနာတို့နှင့် ဆက်စပ်ပုံတို့ကို ဖော်ပြပြီး ဖြစ်၍ နေနှင့် အရဏ်ကိစ္စကို ဆက်ရန်အတွက် ယင်း ဗေဒင်ပညာဆိုင်ရာ အခဏ်းကို ၎င်းမျှဖြင့် တခဏ်းရပ်လိုက်တော့သည်။

## အထက်၌ပြခဲ့ပြီး ကျမ်းဂန်လာတို့ကို ပေါင်းရုံး၍ပြချက်

နေသွားလမ်းစသည်တို့ကို ဖော်ပြသော အထက်ပါ ကျမ်းဂန်လာချက်တို့ကို ပေါင်းရုံး၍ ဖော်ပြရသော်၊ နေသည်-

၁။ မြေပြင်မှ အထက် ယူဇနာအားဖြင့်(၄၂၀၀၀)၊ မိုင်အားဖြင့် (၅၃၄ ၅၄၅)မိုင်၊ ၃-ဖာလုံ၊ ၂၅-ပိုလ်နှင့် ၅-တောင်၊ (ဝါ) ၇-ပေ တမိုက်အမြင့်က သွားလာနေသည်။

၂။ ၎င်း သွားနေသော ခရီးနယ် အကျယ်မှာ အပြန့် ယူဇနာအားဖြင့် (၁၂၀၃၄၅၀)၊ မိုင်အားဖြင့် (၁၅၁၆၃၅၅)မိုင်ကျော် ရှိသည်။

၃။ ၎င်းသွားနေသောခရီးလမ်း (အဝန်းကြီးမှာ) ယူဇနာအားဖြင့် (၃၆ ၁၀၃၅၀)ယူဇနာရှိ၍ မိုင်အားဖြင့် (၁၅၃၁၆၃၁၇)မိုင်၊ ၃၃-ပိုလ်နှင့် ၄- တောင် ရှိသည်။

၄။ သွားနေပုံမှာ မြင့်မိုရ်တောင် အနီးမှ စကြဝဠာ တောင်ကြီးဘက်သို့ ၆-လ လမ်းစဉ်အတိုင်း ထွက်ခွါသွား၍ တဖန် စကြဝဠာတောင်ကြီး ဘက်မှ မြင့်မိုရ်တောင်ဘက်သို့လည်း ၆-လ လမ်းစဉ်အတိုင်း ပြန်လာသဖြင့် အသွားနှင့် အပြန် ၆-လ ၂-ကြိမ်ပေါင်းသော် တနှစ်ပြည့်သွားတော့သည်။

၅။ ယင်းအသွားနှင့်အပြန် ၂-လမ်းအနက် ပြာသိုလပြည့်ကျော် ၁-ရက်မှ ဝါဆိုလပြည့်နေ့ထိ ၆-လမှာ မြင့်မိုရ်တောင်၏ မြောက်ဘက် မျက်နှာရှိ စကြဝဠာတောင်ကြီးဘက် ဦးတည်ကာ သွားနေခိုက်ကို (ဥတ္တရာယာန-ခရီး)ဟု (ဝါ) ဥတ္တရယာဉ်ခရီးဟု ခေါ်သည်။

တဖန် အပြင်လမ်းမှ (ဝါ) စကြဝဠာတောင်ကြီး ဘက်မှ မြင့်မိုရ်တောင် ဘက်သို့ဦးတည်ပြီး သူ့ဓမ္မတာအရ ပြန်လာနေခိုက်ကို (ဒက္ခိဏာယာနခရီး)ဟု (ဝါ) ဒက္ခိဏယာဉ်ခရီးဟု ခေါ်ဆိုကြသည်။

၆။ က- တဖန် ဝါဆိုလမှာ မြင့်မိုရ်တောင်၏ အနီး လမ်းပေါ်မှာသွား နေ၍ ဝါခေါင်နှင့် တော်သလင်း ၂-လမှာ မြင့်မိုရ်တောင်၏ အနီးမှ ခွါထွက် လာပြီး စကြဝဠာတောင်ကြီးဘက် သွားနေခဲ့သည်။

ခ- ထို့နောက် သီတင်းကျွတ်လမှာ မြင့်မိုရ်တောင်နှင့် စကြဝဠာတောင်ကြီး အကြား ဗဟိုမှာသွားနေ၍ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို ၃-လတို့မှာ စကြဝဠာတောင်ကြီး၏အနီးခေါ် (ဥတ္တရယာဉ်ခရီးမှာ) သွားနေတော့သည်။

ဂ- ထို့နောက် တပို့တွဲနှင့် တပေါင်း ၂-လတို့မှာ စကြဝဠာတောင်ကြီး ဘက်မှ ပြန်ဆုတ်လာ၍ တန်ခူးလမှာ စကြဝဠာ တောင်ကြီးနှင့် မြင့်မိုရ် တောင်၏အကြား ဗဟိုခရီးဖြင့် သွားနေတော့သည်။

ဃ- ထို့နောက် ကဆုန်နှင့် နယုန် ၂-လတို့မှာ မြင့်မိုရ်တောင် ဘက်သို့ (ဥတ္တရာ ယာဉ်ခရီး အဖြစ်) ပြန်ဆုတ်လာ၍ ဝါဆိုလ ရောက်သော် မြင့်မိုရ် တောင်၏အနီးဖြစ်သော ဗဟို လမ်းကြောင်းပေါ်သို့ ပြန်ရောက် သွားလာနေ တော့သည်။

ယင်းသို့ ဖော်ပြချက်တို့အရကို ထောက်ဆကြည့်လျှင် နေ၏ တနှစ်အတွင်း သွားလာနေပုံ အဖုံဖုံတို့ကို သိရှိနိုင်ကြပြီဖြစ်၍ တနှစ်ခေါ် ၁၂-လ၏ ရက်ပေါင်း (၃၆၀)တို့မှာ အရုဏ်တက်ချိန်နှင့် နေထွက်ချိန်တို့ကို (တပုံစံတည်း) ကိန်းသေ တထစ်ချ စံနစ်ချိုးဖြင့် (မဖြစ်နိုင်ပုံကို) ပညာရှိများ သဘော သက်နိုင်တော့ ရာ၏။

## နေသွားမှု တပုံစံတည်း မရနိုင်ပုံ
## ထင်ရှားသော မျက်မြင်ပုံစံတရပ်

ပညာရှိအများ နှိုင်းချိန် သုံးသပ်နိုင်ကြရန် ထင်ရှားသော မျက်မြင်ပုံစံတရပ်ကို တင်ပြရသော် ကမ္ဘာ့နိုင်ငံတိုင်းမှ သက်ဆိုင်ရာ အစိုးရတို့က နေထွက် နေဝင်ချိန်နှင့် လထွက် လဝင်ချိန်တို့ကို စံနစ်တကျ တိုင်းတာ ထားကြသလို မြန်မာနိုင်ငံတော် အစိုးရကလည်း မိမိနိုင်ငံအတွက် ကမ္ဘာ့ တိုင်းတာနည်းစံနစ်အတိုင်း တိကျစွာ ရရှိစေနိုင်သော "Sea level" ခေါ် ပင်လယ်ရေပြင်မှ နေထွက် နေဝင်နှင့် လထွက် လဝင်တို့ကို ၁၂-လလုံး တိုင်းတာယူထားချက်တို့ကို (အများပါသိမြင်နိုင်အောင်)ပုံစံအဖြစ် ကူးယူတင်ပြပါအံ့။

---

## နိုင်ငံတော်အစိုးရ တိုင်းတာချက်

## ၁၉၇၄-ခုနှစ်အတွက် ပုံစံ

ပြည်ထောင်စု မြန်မာနိုင်ငံ ဗဟိုဒေသ(လင်တီတွဒ် မြောက် ၂၀ံ လောင်ဂျီတွဒ် အရှေ့ ၉၇ံ ၃၀) အတွက် ပျမ်းမျှနေထွက်နှင့် နေဝင်ချိန်ပြဇယား

| | နေထွက် | | နေဝင် | | | နေထွက် | | နေဝင် | |
|---|---|---|---|---|---|---|---|---|---|
| နေ့စဉ် | နာရီ | မိနစ် | နာရီ | မိနစ် | နေ့စဉ် | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၆ | ၃၅ | ၁၇ | ၃၂ | ၁၆ | ၀၆ | ၃၈ | ၁၇ | ၄၂ |
| ၂ | ၀၆ | ၃၅ | ၁၇ | ၃၂ | ၁၇ | ၀၆ | ၃၈ | ၁၇ | ၄၂ |
| ၃ | ၀၆ | ၃၅ | ၁၇ | ၃၂ | ၁၈ | ၀၆ | ၃၈ | ၁၇ | ၄၂ |
| ၄ | ၀၆ | ၃၆ | ၁၇ | ၃၄ | ၁၉ | ၀၆ | ၃၈ | ၁၇ | ၄၄ |
| ၅ | ၀၆ | ၃၆ | ၁၇ | ၃၄ | ၂၀ | ၀၆ | ၃၈ | ၁၇ | ၄၄ |
| ၆ | ၀၆ | ၃၆ | ၁၇ | ၃၄ | ၂၁ | ၀၆ | ၃၈ | ၁၇ | ၄၄ |
| ၇ | ၀၆ | ၃၇ | ၁၇ | ၃၆ | ၂၂ | ၀၆ | ၃၈ | ၁၇ | ၄၆ |
| ၈ | ၀၆ | ၃၇ | ၁၇ | ၃၆ | ၂၃ | ၀၆ | ၃၈ | ၁၇ | ၄၆ |
| ၉ | ၀၆ | ၃၇ | ၁၇ | ၃၆ | ၂၄ | ၀၆ | ၃၈ | ၁၇ | ၄၆ |
| ၁၀ | ၀၆ | ၃၇ | ၁၇ | ၃၈ | ၂၅ | ၀၆ | ၃၇ | ၁၇ | ၄၈ |
| ၁၁ | ၀၆ | ၃၇ | ၁၇ | ၃၈ | ၂၆ | ၀၆ | ၃၇ | ၁၇ | ၄၈ |
| ၁၂ | ၀၆ | ၃၇ | ၁၇ | ၃၈ | ၂၇ | ၀၆ | ၃၇ | ၁၇ | ၄၈ |
| ၁၃ | ၀၆ | ၃၈ | ၁၇ | ၄၀ | ၂၈ | ၀၆ | ၃၆ | ၁၇ | ၅၀ |
| ၁၄ | ၀၆ | ၃၈ | ၁၇ | ၄၀ | ၂၉ | ၀၆ | ၃၆ | ၁၇ | ၅၀ |
| ၁၅ | ၀၆ | ၃၈ | ၁၇ | ၄၀ | ၃၀ | ၀၆ | ၃၆ | ၁၇ | ၅၀ |
| | | | | | ၃၁ | ၀၆ | ၃၆ | ၁၇ | ၅၂ |

## ဖေဖော်ဝါရီလ

| | နေထွက် | | နေဝင် | | | နေထွက် | | နေဝင် | |
|---|---|---|---|---|---|---|---|---|---|
| နေ့စဉ် | နာရီ | မိနစ် | နာရီ | မိနစ် | နေ့စဉ် | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၆ | ၃၆ | ၁၇ | ၅၂ | ၁၅ | ၀၆ | ၂၉ | ၁၈ | ၀၀ |
| ၂ | ၀၆ | ၃၆ | ၁၇ | ၅၂ | ၁၆ | ၀၆ | ၂၉ | ၁၈ | ၀၀ |
| ၃ | ၀၆ | ၃၅ | ၁၇ | ၅၄ | ၁၇ | ၀၆ | ၂၉ | ၁၈ | ၀၀ |
| ၄ | ၀၆ | ၃၅ | ၁၇ | ၅၄ | ၁၈ | ၀၆ | ၂၇ | ၁၈ | ၀၁ |
| ၅ | ၀၆ | ၃၅ | ၁၇ | ၅၄ | ၁၉ | ၀၆ | ၂၇ | ၁၈ | ၀၁ |
| ၆ | ၀၆ | ၃၃ | ၁၇ | ၅၅ | ၂၀ | ၀၆ | ၂၇ | ၁၈ | ၀၁ |
| ၇ | ၀၆ | ၃၃ | ၁၇ | ၅၅ | ၂၁ | ၀၆ | ၂၅ | ၁၈ | ၀၂ |
| ၈ | ၀၆ | ၃၃ | ၁၇ | ၅၅ | ၂၂ | ၀၆ | ၂၅ | ၁၈ | ၀၂ |
| ၉ | ၀၆ | ၃၂ | ၁၇ | ၅၇ | ၂၃ | ၀၆ | ၂၅ | ၁၈ | ၀၂ |
| ၁၀ | ၀၆ | ၃၂ | ၁၇ | ၅၇ | ၂၄ | ၀၆ | ၂၃ | ၁၈ | ၀၃ |
| ၁၁ | ၀၆ | ၃၂ | ၁၇ | ၅၇ | ၂၅ | ၀၆ | ၂၃ | ၁၈ | ၀၃ |
| ၁၂ | ၀၆ | ၃၁ | ၁၇ | ၅၈ | ၂၆ | ၀၆ | ၂၃ | ၁၈ | ၀၃ |
| ၁၃ | ၀၆ | ၃၁ | ၁၇ | ၅၈ | ၂၇ | ၀၆ | ၂၁ | ၁၈ | ၀၅ |
| ၁၄ | ၀၆ | ၃၁ | ၁၇ | ၅၈ | ၂၈ | ၀၆ | ၂၁ | ၁၈ | ၀၅ |

## မတ်ချ်လ

| | နေထွက် | | နေဝင် | | | နေထွက် | | နေဝင် | |
|---|---|---|---|---|---|---|---|---|---|
| နေ့စဉ် | နာရီ | မိနစ် | နာရီ | မိနစ် | နေ့စဉ် | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၆ | ၂၁ | ၁၈ | ၀၅ | ၁၇ | ၀၆ | ၀၆ | ၁၈ | ၁၀ |
| ၂ | ၀၆ | ၁၉ | ၁၈ | ၀၆ | ၁၈ | ၀၆ | ၀၆ | ၁၈ | ၁၀ |
| ၃ | ၀၆ | ၁၉ | ၁၈ | ၀၆ | ၁၉ | ၀၆ | ၀၆ | ၁၈ | ၁၀ |
| ၄ | ၀၆ | ၁၉ | ၁၈ | ၀၆ | ၂၀ | ၀၆ | ၀၄ | ၁၈ | ၁၁ |
| ၅ | ၀၆ | ၁၆ | ၁၈ | ၀၇ | ၂၁ | ၀၆ | ၀၄ | ၁၈ | ၁၁ |
| ၆ | ၀၆ | ၁၆ | ၁၈ | ၀၇ | ၂၂ | ၀၆ | ၀၄ | ၁၈ | ၁၁ |
| ၇ | ၀၆ | ၁၆ | ၁၈ | ၀၇ | ၂၃ | ၀၆ | ၀၁ | ၁၈ | ၁၂ |
| ၈ | ၀၆ | ၁၄ | ၁၈ | ၀၇ | ၂၄ | ၀၆ | ၀၁ | ၁၈ | ၁၂ |
| ၉ | ၀၆ | ၁၄ | ၁၈ | ၀၈ | ၂၅ | ၀၆ | ၀၁ | ၁၈ | ၁၂ |
| ၁၀ | ၀၆ | ၁၄ | ၁၈ | ၀၈ | ၂၆ | ၀၅ | ၅၈ | ၁၈ | ၁၃ |
| ၁၁ | ၀၆ | ၁၁ | ၁၈ | ၀၈ | ၂၇ | ၀၅ | ၅၈ | ၁၈ | ၁၃ |
| ၁၂ | ၀၆ | ၁၁ | ၁၈ | ၀၉ | ၂၈ | ၀၅ | ၅၈ | ၁၈ | ၁၃ |
| ၁၃ | ၀၆ | ၁၁ | ၁၈ | ၀၉ | ၂၉ | ၀၅ | ၅၆ | ၁၈ | ၁၄ |
| ၁၄ | ၀၆ | ၀၉ | ၁၈ | ၀၉ | ၃၀ | ၀၅ | ၅၆ | ၁၈ | ၁၄ |
| ၁၅ | ၀၆ | ၀၉ | ၁၈ | ၁၀ | ၃၁ | ၀၅ | ၅၆ | ၁၈ | ၁၄ |
| ၁၆ | ၀၆ | ၀၉ | ၁၈ | ၁၀ | | | | | |

### စဉ်းစားဖွယ်အချက်စု

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ ဗဟိုဒေသမှ ထုတ်ဝေသော ၁၉၇၄-ခု၊ ဂျန်နဝါရီလမှ ဒီဇင်ဘာလထိ ၁၂-လတို့၌ နေ့စဉ် နေထွက်-နေဝင် အချိန်ပြဇယားနှင့် ၁၉၇၅-ခုနှစ်၊ ၁၂-လအတွက် နေ့စဉ် နေထွက်-နေဝင် အချိန်ပြဇယားတို့မှာ (ပုံစံတူ)ဖြစ်နေသည်ကို တွေ့နေရပေသည်။

အထက်တွင် ဖော်ပြခဲ့ပြီး မြန်မာပြက္ခဒိန်ဥပဒေ၊ ဗေဒင်ဥပဒေတို့အရ တနှစ်နှင့်တနှစ် တပုံစံတည်း ပုံစံတူ မဖြစ်နိုင်သည်ကို အဆိုရှိနေ၍ စဉ်းစားဖွယ်အချက် ဖြစ်နေသည်။

သို့ရာတွင် ဗုဒ္ဓ၏ ဝိနယဥပဒေလာ (အရုဏ်ကိစ္စနှင့်) ငြိစွန်းချက်မရှိ၍ ၎င်းကို ဥပေက္ခာ ပြုနိုင်ပေသည်။

## စာဆိုနှင့် လက်တွေ့ ခြားနားပုံကို နမူနာတင်ပြချက်

၁၉၇၅-ခုနှစ်၊ နိုင်ငံတော်သုံး ဂျန်နဝါရီလ နေထွက် - နေဝင် အချိန်နှင့် လက်တွေ့လေ့လာချက် ဂျန်နဝါရီလ၌ နေထွက်-နေဝင်ချိန် ၂-မျိုးတို့ကို သိသာနိုင်ရန် ဇယားဖြင့်ပြသော်-

ဂျန်နဝါရီလ

| | နိုင်ငံတော်သုံးချိန် | | | | လက်တွေ့လေ့လာတွေ့ရှိချိန် | | | |
|---|---|---|---|---|---|---|---|---|
| | နေထွက် | | နေဝင် | | နေထွက် | | နေဝင် | |
| ရက်စွဲ | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁ | ၀၆ | ၃၅ | ၁၇ | ၃၂ | ၆ | ၃၉ | ၅ | ၄၄ |
| ၂ | ၀၆ | ၃၅ | ၁၇ | ၃၂ | ၆ | ၃၉ | ၅ | ၄၄ |
| ၃ | ၀၆ | ၃၅ | ၁၇ | ၃၂ | ၆ | ၃၉ | ၅ | ၄၆ |
| ၄ | ၀၆ | ၃၆ | ၁၇ | ၃၄ | ၆ | ၄၀ | ၅ | ၄၆ |
| ၅ | ၀၆ | ၃၆ | ၁၇ | ၃၄ | ၆ | ၄၀ | ၅ | ၄၆ |
| ၆ | ၀၆ | ၃၆ | ၁၇ | ၃၄ | ၆ | ၄၀ | ၅ | ၄၈ |
| ၇ | ၀၆ | ၃၇ | ၁၇ | ၃၆ | ၆ | ၄၁ | ၅ | ၄၈ |
| ၈ | ၀၆ | ၃၇ | ၁၇ | ၃၆ | ၆ | ၄၁ | ၅ | ၄၈ |
| ၉ | ၀၆ | ၃၇ | ၁၇ | ၃၆ | ၆ | ၄၁ | ၅ | ၅၀ |
| ၁၀ | ၀၆ | ၃၈ | ၁၇ | ၃၈ | ၆ | ၄၁ | ၅ | ၅၀ |
| ၁၁ | ၀၆ | ၃၈ | ၁၇ | ၃၈ | ၆ | ၄၁ | ၅ | ၅၀ |
| ၁၂ | ၀၆ | ၃၈ | ၁၇ | ၃၈ | ၆ | ၄၁ | ၅ | ၅၂ |
| ၁၃ | ၀၆ | ၃၈ | ၁၇ | ၄၀ | ၆ | ၄၂ | ၅ | ၅၂ |
| ၁၄ | ၀၆ | ၃၈ | ၁၇ | ၄၀ | ၆ | ၄၂ | ၅ | ၅၂ |
| ၁၅ | ၀၆ | ၃၈ | ၁၇ | ၄၀ | ၆ | ၄၂ | ၅ | ၅၄ |

## ဇန်နဝါရီလအဆက်

| | နိုင်ငံတော်သုံးအချိန် | | | | လက်တွေ့လေ့လာတွေ့ရှိချိန် | | | |
|---|---|---|---|---|---|---|---|---|
| | နေထွက် | | နေဝင် | | နေထွက် | | နေဝင် | |
| ရက်စဉ် | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် | နာရီ | မိနစ် |
| ၁၆ | ၀၆ | ၃၈ | ၁၇ | ၄၂ | ၆ | ၄၂ | ၅ | ၅၄ |
| ၁၇ | ၀၆ | ၃၈ | ၁၇ | ၄၂ | ၆ | ၄၂ | ၅ | ၅၄ |
| ၁၈ | ၀၆ | ၃၈ | ၁၇ | ၄၂ | ၆ | ၄၂ | ၅ | ၅၄ |
| ၁၉ | ၀၆ | ၃၈ | ၁၇ | ၄၄ | ၆ | ၄၂ | ၅ | ၅၅ |
| ၂၀ | ၀၆ | ၃၈ | ၁၇ | ၄၄ | ၆ | ၄၁ | ၅ | ၅၅ |
| ၂၁ | ၀၆ | ၃၈ | ၁၇ | ၄၄ | ၆ | ၄၁ | ၅ | ၅၆ |
| ၂၂ | ၀၆ | ၃၈ | ၁၇ | ၄၆ | ၆ | ၄၁ | ၅ | ၅၆ |
| ၂၃ | ၀၆ | ၃၈ | ၁၇ | ၄၆ | ၆ | ၄၁ | ၅ | ၅၇ |
| ၂၄ | ၀၆ | ၃၈ | ၁၇ | ၄၆ | ၆ | ၄၁ | ၅ | ၅၇ |
| ၂၅ | ၀၆ | ၃၇ | ၁၇ | ၄၈ | ၆ | ၄၁ | ၅ | ၅၇ |
| ၂၆ | ၀၆ | ၃၇ | ၁၇ | ၄၈ | ၆ | ၄၁ | ၅ | ၅၈ |
| ၂၇ | ၀၆ | ၃၇ | ၁၇ | ၄၈ | ၆ | ၄၁ | ၅ | ၅၈ |
| ၂၈ | ၀၆ | ၃၆ | ၁၇ | ၅၀ | ၆ | ၄၃ | ၅ | ၅၈ |
| ၂၉ | ၀၆ | ၃၆ | ၁၇ | ၅၀ | ၆ | ၄၃ | ၅ | ၀၀ |
| ၃၀ | ၀၆ | ၃၆ | ၁၇ | ၅၀ | ၆ | ၄၃ | ၅ | ၀၀ |
| ၃၁ | ၀၆ | ၃၆ | ၁၇ | ၅၂ | ၆ | ၄၃ | ၅ | ၀၀ |

### နှိုင်းယှဉ်ကြည့်ရန်

ကိန်းသေပုံစံ လုပ်ထားချက်နှင့် နေ· လတို့ သွားလာမှုအလိုက် (တလမျှ) လက်တွေ့လေ့လာကြည့်လျှင်ပင် ၃-ရက်လျှင်တမျိုး၊ ၂-ရက်လျှင်တမျိုး၊ ၄-ရက်လျှင် တမျိုးအနေ၊ နေသွားမှု၏ ပြောင်းလဲပုံတို့ကို မျက်မြင်တွေ့နိုင်တော့သည်။

ထိုနမူနာအရ နေ·လ နက္ခတ်တို့၏သွားနေမှုကို ကိန်းသေ တပုံစံတည်းထား လျှင် အမှားသာများမည်ကို အောက်ပါ ပုံစံတို့ဖြင့်လည်း သိနိုင်ပြန်သည်။

နေလတို့သည်(တလအတွင်းမှာပင်)အချိန်ပြပြောင်းလဲနေရာ နောက်တဘက် ကူးသွားသော် ၂-လဘက်၊ ၃-လဘက်စသည် ကူးသွားသော်၊ တနှစ်ဘက် ကူးသွားသော် အချိန်ပြတွေပါ ပြောင်းလဲနေသည်မှာ သေချာလှ၍ အောက်ပါ ကမ္ဘာသုံး ဂျန္နဝါရီလ၏ ပြောင်းလဲနေပုံကို ကြည့်ပါဦးလော။

၁။ ၁၉၇၄-ခုနှစ် ဂျန္နဝါရီ လဆန်း ၁-ရက်နေ့ နံနက်မှာ ၆-နာရီနှင့် ၃၅-မိနစ်တွင် နေထွက်လာကြောင်းတင်ပြရာ လက်တွေ့ လေ့လာကြည့်သော်-

၂။ ၁၉၇၅-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်နေ့ နံနက်မှာကား ၆-နာရီ နှင့် ၃၉-မိနစ် အချိန်မှ နေထွက်လာ၍ တနှစ်အကြာမှာ ဤလ ဤရက် ဤ အချိန်တွင် ၄-မိနစ်ခေါ် စက္ကန့်ပေါင်း (၂၄၀)ခန့် ကွာခြားနေ၏။

၃။ တဖန် ၁၉၇၄-ခုနှစ် ဂျန္နဝါရီ လကုန်ဖြစ်သော ၃၁-ရက် နေ့တွင် နံနက် ၆-နာရီနှင့် ၃၀-မိနစ်မှာနေထွက်ခဲ့ရာ ယခု ၁၉၇၅-ခုနှစ် ယင်းလကုန် ၃၁-ရက်နေ့တွင်မူ နံနက် ၆-နာရီနှင့် ၄၃-မိနစ်မှာ နေထွက်လာ၍ ၅-မိနစ် ကွာနေလေပြီ၊ စက္ကန့်အားဖြင့်သော် (၃၀၀)မျှ ကွာခြားနေလေပြီ။

၄။ တဖန် ၁၉၇၄-ခုနှစ် ဖေဖွာရီလဆန်း ၁-ရက် နံနက်တွင် ၆-နာရီ ၃၆-မိနစ်မှာ နေထွက်ခဲ့ရာ ယခု ၁၉၇၅-ခုနှစ် ဖေဖွာရီလဆန်း ၁-ရက်မှာမူ နံနက် ၆-နာရီနှင့် ၄၃-မိနစ်မှာ နေထွက်လာ၍ တနှစ်အကြာမှာ ၇-မိနစ် ကွာသွားလေပြီ၊ စက္ကန့်အားဖြင့်မူ (၄၂၀)မျှ ကွာဟနေကြလေပြီ။

ယင်းပုံစံတွေကို ထောက်ဆ၍ တနှစ်ခေါ် ရက်ပေါင်း ၃၆၀- ကြာချိန် တိုင်းမှာ ထိုမျှကွာခြားလျက် ရှိနေ၍ (နှစ်စဉ်အတွက်) နေထွက် နေဝင်ချိန်နှင့် အရုဏ်တက်ချိန်တို့ကို ကိန်းသေလက်ာပြုလုပ်လျှင် မှန်ဘို့ရာမလွယ်ကူလှပေ။

## ထောက်ဆရန် နောက်ပုံစံတရပ်

ကမ္ဘာသုံးဖြစ်နေသော ခရစ်သက္ကရာဇ်၏ ပဌမလခေါ် (ဂျန္နဝါရီလ)သည် မြန်မာပက္ခဒိန်သုံး နတ္တော်လမှာတလှည့် ပြာသိုလမှာတလှည့် ဖြစ်နေသည့်ပြင် လဆန်းမှာတလီ လဆုတ်မှာတလှည့် (အတည်မကျ) ဖြစ်နေတော့၍ (တလလုံး ကိုပင်)ပုံမှန်အချိန်ထားလို့မရချက်ကိုထောက်ဆ၍ တရက်၊ တရက်အချိန်အတွင်း ကို ဟိုနှစ်နှင့် ဤနှစ် တပုံစံတည်းထား၍ မဖြစ်နိုင်ပုံကို သိသာအောင် ၁၉၆၀-

ပြည့်နှစ်မှ ယခုရောက်ဆဲ ၁၉၇၅-ခုနှစ်ထိ ၁၆-နှစ်အတွင်း ဂျန္နဝါရီ လဆန်း ၁-ရက် ပြောင်းလဲနေပုံတို့ကို ကြည့်ကြပါဦးစို့-

၁။ ၁၉၆၀-ပြည့်နှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၂၀-ပြည့်နှစ် ပြာသိုလဆန်း ၄-ရက်မှာ လာကြုံသည်။

၂။ ၁၉၆၁-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၂၂-ခုနှစ် ပြာသို လဆုတ် ၁-ရက်မှာ လာကြုံသည်။

၃။ ၁၉၆၂-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၂၃-ခုနှစ် နတ္တော် လဆုတ် ၁၀-ရက်မှာ လာကြုံသည်။

၄။ ၁၉၆၃-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၂၄-ခုနှစ် ပြာသို လဆန်း ၇-ရက်နေ့မှာ လာကြုံသည်။

၅။ ၁၉၆၄-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၂၅-ခုနှစ် ပြာသို လဆုတ် ၃-ရက်နေ့မှာ လာကြုံသည်။

၆။ ၁၉၆၅-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၂၆-ခုနှစ် နတ္တော် လဆုတ် ၃-ရက်နေ့မှာ လာကြုံသည်။

၇။ ၁၉၆၆-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၂၇-ခုနှစ် ပြာသို လဆန်း ၁၀-ရက်နေ့မှာ လာကြုံသည်။

၈။ ၁၉၆၇-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၂၈-ခုနှစ် နတ္တော် လဆုတ် ၅-ရက်နေ့မှာ လာကြုံသည်။

၉။ ၁၉၆၈-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၂၉-ခုနှစ် ပြာသို လဆန်း ၂-ရက်နေ့မှာ လာကြုံသည်။

၁၀။ ၁၉၆၉-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၃၀-ပြည့်နှစ် ပြာသိုလဆန်း ၁၄-ရက်နေ့မှာ လာကြုံသည်။

၁၁။ ၁၉၇၀-ပြည့်နှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၃၁-ခုနှစ် နတ္တော်လဆုတ် ၈-ရက်နေ့မှာ လာကြုံသည်။

၁၂။ ၁၉၇၁-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၃၂-ခုနှစ် ပြာသို လဆန်း ၅-ရက်နေ့မှာ လာကြုံသည်။

၁၃။ ၁၉၇၂-ခုနှစ် ဂျန္နဝါရီလဆန်း ၁-ရက်သည် ၁၃၃၃-ခုနှစ် ပြာသို လဆုတ် ၁-ရက်နေ့မှာ လာကြုံသည်။

၁၄။ ၁၉၇၃-ခုနှစ် ဇန္နဝါရီလဆန်း ၁-ရက်သည် ၁၃၃၄-ခုနှစ် နတ္တော်လဆုတ် ၁၂-ရက်နေ့မှာ လာကြုံသည်။

၁၅။ ၁၉၇၄-ခုနှစ် ဇန္နဝါရီလဆန်း ၁-ရက်သည် ၁၃၃၅-ခုနှစ် ပြာသိုလဆန်း ၉-ရက်နေ့မှာ လာကြုံသည်။

၁၆။ ၁၉၇၅-ခုနှစ် ဇန္နဝါရီလဆာန်း ၁-ရက်သည် ၁၃၃၆-ခု နတ္တော်လဆုတ် ၄-ရက်နေ့မှာ လာကြုံသည်။

ယင်းပုံစံတို့ကိုထောက်ဆသဖြင့် ကမ္ဘာ့နှစ်ဆန်း ၁-ရက်ခေါ် ဇန္နဝါရီလဆန်း ၁-ရက်သည် (တချိန်တည်းမဖြစ်နိုင်ပဲ)မြန်မာသုံး နတ္တော်နှင့်ပြာသိုလ ၂-လမှာ ပြောင်းလဲကြုံရခြင်းတို့ကြောင့် နေထွက်နှင့် နေဝင်ကိစ္စတို့ကို ကိန်းသေပုံစံကား မဖြစ်နိုင်တော့ပေ။

ထိုနည်းမခြား- မြန်မာတို့၏ နှစ်သစ်ကူးချိန်မှာလည်း တာကူးနှင့် ကဆုန် ၂-လတွင် ပြောင်းလဲနေခြင်း၊ လဆုတ်ပြောင်းလဲနေရသည့်ပြင် ၁၃[illegible]၀-ပြည့်အတွင်းမှာ တပေါင်းလ၌ သင်္ကြန်ကျဘို့ရန် ၉-ကြိမ်မျှ ကြုံလာဘို့ရှိနေပြန်၍ (သမ္ဘေသင်္ဂါရာ အနိစ္စာ)အရ အတွင်းသို့သာ ဝင်ကြသောအရာတွေဖြစ်၍ နိစ္စအနေဖြင့် သတ်မှတ်ရန်မဖြစ်နိုင်သော ကိစ္စဟု သဘောပေါက်ရာ၏။

## နေထွက်ချိန်ပြောင်းလျှင် အရုဏ်တက်ချိန်လည်း ပြောင်းလဲပုံ

နေသည် ရာသီနှင့်လတို့အလိုက် လမ်း ၃-မျိုးဖြင့် သွားလာ လှည့်ပတ်နေသဖြင့် နေထွက်ချိန်ပြောင်းနေသလို အရုဏ်တက်ချိန်သည်လည်း နေ၏ အခြေအနေအတိုင်း လိုက်ပါပြောင်းလဲလျက် ရှိတော့သည်။

## အရုဏ်တက်ချိန်သိနိုင်ရန် တိုင်းတာနည်း ၄-မျိုး

ယင်း အရုဏ်တက်ချိန်ကို ခန့်မှန်းသိသာ နိုင်အောင် တိုင်းတာနည်းရှာရာ ၄-မျိုး တွေ့ရပေသည်။ ၎င်း ၄-မျိုးတို့ကား-

၁။ စက်နာရီဖြင့် တိုင်းတာယူချက် တမျိုး။
၂။ နေနာရီဖြင့် တိုင်းတာယူချက် တမျိုး။
၃။ ငှက်သတ္တဝါတို့ဖြင့် တိုင်းတာယူချက် တမျိုး။
၄။ မျက်မြင်အနေဖြင့် လေ့လာတိုင်းတာယူချက် တမျိုးဟု ပေါင်း ၄-မျိုး တွေ့ရှိရပေသည်။

## ၁။ စက်နာရီဖြင့် တိုင်းတာယူပုံ

တညကို ပုရိမယံပိုင်း၊ မဇ္ဈိမယံပိုင်း၊ ပစ္ဆိမယံပိုင်း-ဟု ပါဠိလို အားဖြင့်၎င်း၊ ရှေ့ပိုင်း၊ အလယ်ပိုင်း၊နောက်ပိုင်းဟု မြန်မာလို အားဖြင့်၎င်း၊ ၃-ပိုင်းထားရှိပုံ၊ ယင်းအပိုင်းကို စက်နာရီအားဖြင့် ၄-နာရီစီ ရှိကြပုံ။

တဖန်- ပစ္ဆိမယံခေါ် နောက်ဆုံးပိုင်းကို တဆင့်ထပ်ပြီး အသေးစိတ်က ၃-ပိုင်းအဖြစ်ခွဲခြားပြန်ပုံ၊ ယင်း အသေးစိတ်တပုံလျှင် စက်နာရီအားဖြင့် တနာရီနှင့် မိနစ် ၂၀-စီရှိပုံ၊ နောက်ဆုံးပုံအရဖြစ်သော တနာရီနှင့် မိနစ် ၂၀-တို့ကို မျက်မြင်အချိန်ဖြင့်ညှိသော် နံနက်စော ၄-နာရီ မိနစ် ၂၀-မှ နံနက် ၆-နာရီထိ ၁-နာရီနှင့် မိနစ် ၂၀-အတွင်းမှာတချိန် ၂-မျိုးကို ခွဲခြားယူဘို့ ရှိနေသည်။

ယင်းအချိန် ၂-မျိုးကား (ပစ္စူသ)အချိန်နှင့် (အရုဏုဂ္ဂမန)အချိန် ၂-မျိုးတို့ပင် ဖြစ်သည်။ ယင်းအချိန် ၂-မျိုးသဘောတို့ကို အထက်၌ ရှင်းပြချက်ပေးထားခဲ့ပြီး ပို၍ရှင်းစေရန် ထပ်၍ရှင်းပြပါဦးအံ့။

ဖော်ပြပါ ၄-နာရီ မိနစ် ၂၀-မှ ၆-နာရီအကြား ၁-နာရီနှင့် မိနစ် ၂၀ ပမာဏအတွင်းမှာ-

၁။ ၅-နာရီနှင့် မိနစ် ၄၀-ခန့်တွင် ပစ္စူသချိန် စလာသည်။
၂။ ၅-နာရီနှင့် မိနစ် ၅၀-ခန့်တွင် အရုဏသီခါခေါ် အရုဏ်ဦး စလာတတ်သည်။
၃။ ၅-နာရီနှင့် မိနစ် ၅၅-ခန့်တွင် အရုဏုဂ္ဂမနခေါ် အရုဏ် တက်လာတတ်သည်။
၄။ ၆-နာရီနှင့် မိနစ် ၄၀-ခန့်တွင် နေထွက်လာတတ်သည်။

ဤကား- ညတာရှည်သော နတ္တော်လဆုတ် ၁၂-၁၃-မှ ပြာသိုလအတွင်း ရေဒီယိုအချိန်ပြစက်နာရီနှင့် အရုဏ်တက်ချိန်ကို တိုင်းတာကြည့်ချက်တည်း။

သို့ရာတွင် ကျန် ၁၁-လတို့မှာ နေ၏ အခြေအနေသို့လိုက်၍ ဤပုံစံအတိုင်း မဟုတ်တော့ပဲ မိနစ်ပိုင်းမျှ ကွာခြားသွားနေကြမည်ကိုလည်း ကြိုတင် ထောက်ရှုသတိပြုအပ်ပေသည်။

## ၂။ နေနာရီဖြင့်တိုင်းတာယူပုံ

နေသည် ကမ္ဘာသားအားလုံး တို့၏ (နာရီကြီး ဖြစ်နေ၍) အချိန်မှန်ကို တွက်ချက်ယူလိုသော ကမ္ဘာသားတိုင်းပင် ဤနေကို (ပင်မ မူတည်ထားပြီး)

တိုင်းတာယူလျက် ရှိနေကြသည်။ ယခုခေတ်လူသုံး စက်နာရီ အားလုံးတို့သည်လည်း ဤနေကို (ပင်မ-မူတည်ထားပြီး) အချိန်ပြ (နေကလေးများသဖွယ်) ထားကာ လူသုံးစက်နာရီတို့ကို စီမံပြုလုပ်ထားကြလေသည်။

လူလုပ်စက်နာရီ၏ ဒိုင်ခွက်က(သေးငယ်)လှသည်၊ နေနာရီကြီး၏ (ဒိုင်ခွက်ကမူ) ယူဇနာပေါင်း (၃-သန်း ၆-သိန်းကျော်)ရှိ၍ မိုင်အားဖြင့် သိန်းပေါင်း (၄၅၅)သိန်းကျော်ရှိနေ၍ ကြီးလှသည်။

လူလုပ်စက်နာရီ၏ လက်တံကား နာရီဒိုင်ခွက်ကလေး ပေါ်မှာသာ (တပ်စံတည်း)သွားနေသည်။ ဘာမ္ဘာ့တန်ဆာ (နေနာရီကြီးကမူ) မိုင်ပေါင်း(၄၅၅) သိန်းကျော်ရှိ အာကာသဒိုင်ခွက်ကြီးပေါ်မှာ ၃-လမ်းပြုပြီးသွားနေရ၊ ပြန်လာရ၍ (တပ်စံတည်း) မရနိုင်ပေ။

သို့ရာတွင် ယင်းနေကိုမှီ၍ ပြုလုပ်ထားသော (အရိပ်-နေနာရီကမူ) နေနှင့် ယှဉ်တွဲလျက်ရှိနေ၍(တထစ်ချ)မှန်ကန်လျက်ရှိနေသည်၊ပိဋကတ်ဆိုင်ရာ ကျမ်းဂန်တို့ကလည်း ယင်းလူလုပ် (အရိပ်-နေနာရီကို) အသုံးပြုကြရန် ညွှန်ကြားထားသဖြင့် သိသာအောင် တင်ပြရသော်-

## ကျမ်းဂန်လာနေနာရီ

ကက္ကုစ္စကေန ပန နကတ္တဗ္ဗံ၊ ကာလပရိစ္ဆေဒဇာနနတ္ထံ ကာလထမ္ဘော ယောဇေတဗ္ဗော၊ ကာလန္တရေဝ ဘတ္တကိစ္စံ ကာတဗ္ဗံ။

(ဝိနယ-ပါစိတျာဒိ အဋ္ဌကထာ ဘောဇနဝဂ်-၉၈)

**အဓိပ္ပါယ်မှာ။** ။အရုဏ်တက်မှ မွန်းတိချိန် အထိကို (ကာလအချိန်)ဟုခေါ်သည်။ (ဝါ) ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့ အာဟာရမှီဝဲနိုင်သော အချိန်ပိုင်းဟု ခေါ်သည်။ ယင်း(ကာလ) အရသည် မွန်းလွဲသော (ဝိကာလ)အရနှင့်ပူးကပ်နေသဖြင့် ကာလအချိန် လွန်-မလွန် (ဝါ) မွန်းလွဲ-မလွဲ အတိအကျအမှန်ကို လူလုပ်စက်နာရီတို့ဖြင့် တိုင်းတာ၍(တိကျစွာ)မသိနိုင် မမြင်နိုင်ပေ၊ နေကို မျက်စိဖြင့်ကြည့်၍ အပြေမှန်ကို မယူနိုင်ကြပေ။

ယင်းကာလနှင့် ဝိကာလအခွဲခေါ် (မွန်းလွဲနှင့် မလွဲကိုစ္စ)အတိအကျ သိမြင်နိုင်အောင်ကား သဘာဝ အချိန်ပြနှင့် အချိန်တိုင်းဖြစ်သော တိုင်ကိုဖြစ်စေ၊ ငုတ်တိုင်တခုခုကို ဖြစ်စေ (နေနာရီအဖြစ်) စီမံထူစိုက်ပြီး တိုင်းတာယူသော်-

ကာလနှင့် ဝိကာလအတိအကျကို (ဝါ)မွန်းမလွဲချိန်နှင့် မွန်းလွဲချိန် အတိအကျကို ယင်း(နေနာဠိဇယား) ဖော်ပြပေးနိုင်ပေသည်။

ထို့ပြင် ဝေဒနယ်ခေါ် ဗေဒင်နယ်သုံး ခရာ-ပြန်-ဗိဇနာပါဒ်နှင့် နာဠိတို့ကို အသေးစိတ် ဖော်ပြသိမြင်နိုင်တော့သည်။

## နေနာဠိပြကျမ်းဂန်များ

၂။ ရတနာပုံ နေပြည်တော် ဒက္ခိဏာရာမ ဆရာတော်ရေး- ပါစိတျာဒိ ယောဇနာ ၇၈-၌မူ ကာလထမ္ဘောတိ ကာလဿ ဇာနနတ္ထာယ ထူဏော-ဟု ဖွင့်၏။

ဌေကော ဣန္ဒခီလောထ၊ ထမ္ဘော ထူဏော ပုမိတ္ထိယံ-ဟူသော အဘိဓာန် အရ ထူဏာနှင့်ထမ္ဘ အနက်တူ၊ တိုင်တခု ငုတ်တခုကို ဆိုလိုသည်။

**သတိပြုဖွယ်တရပ်။** ။အဋ္ဌကထာ၌ ကာလပရိစ္ဆေဒဇာနနတ္ထံ-ဟု ဆိုထား၍ ကာလဿ-၏အစား "ကာလပရိစ္ဆေဒဿ"ဟု ယောဇနာပြုက ပို၍ သင့်လေမည် လော-ဟု သုံးသပ်မိသည်။ ကာလပရိစ္ဆေဒအရနှင့် ဇာနနတ္ထအရတို့ကို လူသာမန် တို့ပါ သိလွယ်နိုင်အောင် ထို့ထက် ပေါ်လွင်သော ဖွင့်ပြချက်မျိုး ဖွင့်ပြနိုင် သေးသည်ဟု ယူဆမိပေသည်။

၃။ ကင်္ခါဋီကာသစ် ဗုဒ္ဓနာဂဆရာကမူ ၎င်း ၃၈၈-၌-

ကာလပရိစ္ဆေဒ ဇာနနတ္ထဉ္စ ကာလထမ္ဘော ယောဇေတဗ္ဗော-ဟု စ-သဒ္ဒါ လျှောက်ပြီး အဋ္ဌကထာဆရာပြချက်အတိုင်းပင် ဖော်ပြထားလေသည်။

၄။ ရတနာပုံခေတ် သစ်ဆိမ့်ဆရာတော်ရေး ကင်္ခါယောဇနာ မဟာဋီကာ (စတုတ္ထတွဲ) ၇၆-မှာကား ကာလပရိစ္ဆေဒ ဇာနနတ္ထဉ္စ ကာလထမ္ဘော ယော ဇေတဗ္ဗော-ဟု ကင်္ခါဋီကာသစ်နှင့် ထပ်တူဖော်ပြထားလေသည်။ ထို့ပြင် ၅-ခုဒ္ဒသိက္ခာ ဋီကာသစ်နှင့် ၆-ဝိနယာလင်္ကာရဋီကာ ဆရာတို့ကလည်း စ-ပုဒ် လျှောက်ပြီး အဋ္ဌကထာလာချက်အတိုင်းပင် ဖွင့်ပြထားကြလေသည်။

## နေနာဠိလေ့လာရန်

အထက်ဖော်ပြပါ အဋ္ဌကထာ-ဋီကာနှင့် ယောဇနာကျမ်းတို့တွင် ဖော်ပြ ထားသော နေနာဠိ၏သဘောမှာ နေရောင်ရသော နေရာဟူသမျှမှာ (တိုင်၊ ငုတ်၊ ဝါးလုံး၊ ဝါးခြမ်း၊ ဖွဲထီးသံချောင်း)စသော တခုခုကို (မတ်မတ်)စိုက် ထူပါ၊ ယင်းစိုက်ထူထားသော တိုင်၊ ငုတ်၊ ဝါးလုံး ဝါးခြမ်းတို့၏ (အရိပ်ကို)

ကြည့်လျှင် (အတည့်နှင့် အစောင်း) ၂-မျိုး ပေါ်မည်။ ယင်း ၂-မျိုးအနက် (အတည့်)သည် မွန်းတည့်ဖြစ်၍ (အစောင်းသည်) မွန်းမတည့်ခင်နှင့် မွန်းလွဲပြီး အချိန် ၂-မျိုးကိုပြသည်။

ယင်းအစောင်း ၂-မျိုးအနက် (နံနက်ပိုင်းဖြစ်က)အနောက်ဘက်ဟွက်သော အစောင်းရိပ်သည် (ကာလ)နှင့်စပ်သော (အစောင်းရိပ်)ဖြစ်သည်၊ မွန်းလွဲပိုင်း ဖြစ်က (အရှေ့ဘက် ထွက်သော) အစောင်းရိပ်သည် (ဝိကာလ) နှင့်ဆိုင်သော (အစောင်းရိပ်)ဖြစ်သည်။

ဧင်းတိုင်ရိပ် ငုတ်ရိပ်တို့သည် နေနှင့်တိုက်ရိုက်တွဲစပ်ယူထားသော အရိပ်ဖြစ်၍ (တထစ်ချမှန်ကန်သော) အချိန်ပြအရိပ် ဖြစ်သည်။ မိနစ် စက္ကန့်မလွဲအောင် ဖော်ပြနိုင်စွမ်း ရှိပေသည်။

စက်နာရီမှာ ထိုထိုနိုင်ငံတွေရှိ စက်ရုံအမျိုးမျိုးမှ ထုတ်လုပ်သော နာရီမျိုး ဖြစ်၍ စက်ရုံများသလောက် နာရီချင်း အချိန်ပြချက်ချင်း မတူနိုင်ကြပေ၊ နာရီ မျိုးတရာရှိက (တရာလုံးပင်) အချိန်မတူနိုင်ကြပေ။

သို့ရာတွင် (နေနာရီ)အဖြစ် စိုက်ထူထားသော ငုတ်တိုင်တို့၏ အရိပ်တို့မှာ တလောင်မက၊ တသိန်းပင် စိုက်ထူထားစေကာ မွန်းတည့်အဖြစ် သိဘို့ဖြစ်စေ၊ မွန်းလွဲနှင့် မွန်းမလွဲအဖြစ် သိဘို့ဖြစ်စေ (မမှား မတိမ်းကြပဲ) ပုံစံတမျိုးတည်း အနေကိုသာ မြင်တွေ့နိုင်ကြပေသည်။

## ညအချိန်အတွက် နေနာရီ

ညဘက်၌ နေမရှိစေကာ နေ့ဘက် နေရှိချိန်က နေမှ တိုင်းယူထားသော အချိန်ကို (စက်ကောင်းသော) စက်နာရီတခုခုဖြင့် ကူးယူထားလျှင် နေမှပြနေ သောအချိန်ကို အတိအကျရရှိနိုင်သဖြင့် ညဘက်မှာလည်း (နေနာရီကို) အသုံး ပြုနိုင်ပေသည်။

## စက်နှင့်နေတို့ ဒိုင်ကွက်ချင်း ခြားနားပုံ

နေ့နှင့်ည ၁၂-နာရီစီအတွက် စက်နာရီက ဒိုင်ကွက် (အဝိုင်းပတ်)ပုံ ပြုထား သည်။ ယင်းအဝိုင်းပတ်ပေါ်မှာ နေ့အတွက် ၁၂-နာရီနှင့် ညအတွက် ၁၂- နာရီကို ကြည့်ရှုအသုံးပြုနေကြသည်။

နေနာရီအဘို့ (စက်ဝိုင်းတဝက်ဖြင့်) နေ့နှင့်ည ၁၂-နာရီကို ကြည့်ရှုအသုံးပြုနိုင်ပေသည်။ အကြောင်းကား- မြေအထက် မိုးကုတ်စက်ဝိုင်းကြီးမှာ မြေပြင်ကြီးကခံစား၍ လောကဓာတ်(စက်ဝိုင်းကြီးတခုလုံးကို) မမြင်နိုင်ကြပဲ အပေါ်ပိုင်း (စက်ဝိုင်းတခြမ်းကိုသာ မြင်နိုင်ကြ၍ ယင်းနေနာရီအတွက် (စက်ဝိုင်းတခြမ်းဖြင့်ပင်) နေ့နှင့်ညအတွက် ၁၂-နာရီစီကို ခွဲယူနိုင်ပေသည်။




## နာရီ ၂-မျိုး အချိန်ကွာမည်

တနေ့ကို ၁၂-နာရီအပြစ် ပိုင်းခြား အသုံးပြုရာ၌ စက်နာရီ၏ (ဒိုင်ခွက်ပေါ်မှာ) နာရီ၏လက်တန်သွားရာ အမှတ်ပြ (ဂဏန်းခွက်ပေါ်)ရောက် ရောက်သွားချိန်နှင့် နေနာရီ၏ (ဒိုင်ခွက်ပေါ်မှာ) အရိပ်လက်တန်သည် အမှတ်ပြ (ဂဏန်းခွက်ပေါ်ရောက် ရောက်သွားချိန်တို့မှာ တူညီကြမည် မဟုတ်ကြပေ။

အကြောင်းကား- စက်၏သွားပုံနှင့် နေ၏သွားပုံတို့ မတူကြသဖြင့် (သံလက်တန်)နှင့်(အရိပ်လက်တန်)တို့မှာလည်း သွားပုံချင်းမတူညီနိုင်ကြတော့ပေ။ ထို့ကြောင့် နေနှင့် စက်တို့၏ သဘောခြားနားနေပုံကို သိမြင်နိုင်ရန် စက်မှန် စက်နာရီ ၂-လုံးထားကာ တလုံးက အစိုးရစီမံထားသော (ရေဒီယိုအချိန်)နှင့် ယူပြီး နေ့စဉ် တိုင်းပြည်ကို ကြေငြာပေးနေသော ရေဒီယိုချိန်ပြ စက်နာရီက တလုံး။

နေ့အချိန်မှာ နေနာရီက မှတ်ယူထားသော နေအချိန်ပြ စက်နာရီကတလုံး ထားပြီး တိုက်ဆိုင်ကြည့်လျှင် အချိန်ပြပုံချင်းကွာခြားချက်ကို နေ့စဉ်ပင် တွေ့မြင်နေရပါလိမ့်မည်။

ယင်းသို့ အချိန်ပြချင်း ကွာခြားရသည်မှာ နေနာရီက ရာသီနှင့် လတို့သို့ လိုက်ပြီး နေကသွားနေရ၍ လူလုပ် စက်နာရီကဲ့သို့ (တပုံစံတည်း) မဖြစ်နိုင်၍ ကွာခြားရခြင်းဖြစ်သည်။

## အချိန်ကွာခြားချက်ကြောင့် လူနှင့် ရဟန်းတို့၌ တာဝန်မဲ့-တာဝန်ရှိ ကွာခြားပုံ

နေကလာသော အချိန်နှင့် ရေဒီယိုကလာသော အချိန်တို့ ကွာခြားချက်ကြောင့် လူတို့မှာ တာဝန်မရှိကြပေ၊ သို့ရာတွင် ဗုဒ္ဓ သာသနာဝန်ထမ်း ရှင်နှင့် ရဟန်းတို့မှာကား- ယာဝကာလိက အစာနှင့် ယာမကာလိကအစာ ၂-မျိုး ဆိုင်ရာ ဝိနယဥပဒေတော်ကရှိနေ၍ တာဝန်မဲ့လုပ်၍ မရနိုင်ပဲ ဖြစ်နေကြသည်။

## နေ့-ည ၂-မျိုးလုံး သုံးနိုင်ပုံ

နေ့ဘက်နေဖြင့် တိုင်းတာယူပြီး စက်နာရီပေါ် (ကူးပြောင်းယူထားသော အချိန်)သည် နေ့နှင့်ည ၂-မျိုးလုံး သုံးနိုင်၍-

၁။ နံနက်အစောပိုင်း ပစ္စူသချိန်ကိုရင်း၊
၂။ အရုဏ်ဦးပြချိန်ကိုရင်း၊
၃။ အရုဏ်တက်ချိန်ကိုရင်း၊
၄။ နေထွက်ချိန်ကိုရင်း၊
၅။ မွန်းတည့်ချိန်နှင့် မွန်းလွဲချိန်ကိုရင်း၊
၆။ ညနေ ဆည်းဆာချိန်နှင့် နေဝင်ချိန်တို့ကိုပါ တိုင်းတာသုံးနိုင်၍ ဝိနယဥပဒေနှင့် စွန်းငြိချက်မရှိပဲ ကင်းလွတ်နိုင်ပေသည်။

ရေဒီယိုချိန်ဖြင့် ပြထားသော စက်နာရီသည် အရုဏ် တက်ချိန်နှင့်ရင်း၊ မွန်းတည့်-မွန်းလွဲချိန်နှင့်ရင်း စွန်းငြိနိုင်၍ ဝိနယဥပဒေတော်နှင့် လွတ်-မလွတ်ကို သတိမူဘို့ လိုပေသည်။

## နေထွက်နှင့်နေဝင်ချိန် ဝိနယဥပဒေနှင့် မပတ်သက်

နေထွက်ချိန်နှင့် နေဝင်ချိန်သည် နာရီ မိနစ်တွေ မည်မျှလွဲချော်နေစေကာ သာသနာ့ဝန်ထမ်းတို့အဘို့ ဝိနယဥပဒေနှင့် မပတ်သက်ကြပေ။

## အရုဏ်နှင့်မွန်းတည့်မွန်းလွဲချိန် အရေးကြီးသည်

သို့ရာတွင် အရုဏ်တက်ချိန်၊ မွန်းတည့်ချိန်နှင့် မွန်းလွဲချိန် ၃-ချိန် တို့သည် သာသနာ့ဝန်ထမ်းတို့ အဘို့ ဝိနယဥပဒေတော်က လမ်းညွှန်လျက်ရှိ၍ အရေးကြီးကြပေသည်။

ဤကား- နေမှ ကူးယူသော နေနာရီဖြင့် တိုင်းတာယူပုံတည်း။

## ၃။ ငှက်သတ္တဝါတို့ဖြင့် တိုင်းတာယူပုံ

အရုဏ်တက်ချိန်ကို စက်နာရီ၊နေနာရီတို့ အဆင်မပြေရာဌာနနှင့် အဆင်မပြေ ချိန်တို့မှာငင်း နာရီတွေရှိစေကာ မိုးမှောင်ကျနေချိန် မိုးသည်းထန်စွာ ရွာသွန်း နေချိန်၊ နှင်းတွေထူထဲစွာဖုံးအုပ်နေချိန်တို့မှာငင်း အရုဏ်ရောင်နီကို မမြင်နိုင်ကြ တော့ပေ။

ထိုသို့ကြုံတွေ့နေရချိန်တို့မှာ အကူအညီရနိုင်သော အရာကား- နေရောင်ဖြင့် အစာရှာစားကြရသော သတ္တဝါတို့ အထဲမှ ငှက်သတ္တဝါများသည် အိပ်တန်း ပြုရာ သစ်ပင်၊ တောအုပ်တို့နှင့် ဝေးရာမှာ အစာရှာလေ့ရှိကြသော သတ္တဝါ တွေအထဲမှ ကျီးငှက်နှင့် ဆက်ရက်ငှက် (ဇရက်ငှက်)တို့၏ အကူအညီဖြင့်လည်း အရုဏ်တက်ချိန်ကို ခန့်မှန်းနိုင်ကြပေသည်။

ယင်း ကျီး၊ ဇရက်ငှက်တို့သည် ညနေ ၇-နာရီမှ နံနက်စော ၄-နာရီခန့်ထိ ၉-နာရီမျှ အိပ်နားကြရ၍ အိပ်ရေးဝကာ နိုးလာကြစဉ် မိုးရွာ-မိုးမှောင်နှင့် ဆီးနှင်းတွေအုပ်ဖုံးနေစေကာ (ပစ္စူသအရောင်ခေါ်) နေ၏(ရောင်ဖြူ-အလင်း) ပေါ်ထွက်လာလျှင် သူတို့၏ပိတ်ထားသော (မျက်ခွံကို) ထိုနေရောင်ဖြူက (ထိုး နှက်သဖြင့်) မှိတ်နေ၍မရတော့ပဲ မျက်စိတွေပွင့်လာကြရာ ပါးစပ်ကပါ အလင်း လာကြောင်း မြည်တွန်လာကြတော့သည်။

အစတွင် ကကောင်နှစ်ကောင်က အော်လိုက်ရာ မရှေးမနှောင်းမှာပင် ထို အနီးဝန်းကျင်ရှိ သစ်ပင်တို့မှ ကျန်ငှက်သတ္တဝါတို့ပါဝိုင်းအုံကာ မြည်တွန်လာ ကြ၍ ဆူညံလျက် ရှိလာတော့သည်။ ယင်းငှက်သံတို့သည် ထိုလို အချိန်တွင် (နေ့စဉ်)အော်ညံမြဲဖြစ်နေ၍ (ပစ္စူသချိန်နှင့် အရုဏ်ဦး) အရုဏ်တက်ချိန်တို့ကို မျက်စိဖြင့် မကြည့်ရှုရပဲနှင့် (အလွယ်တကူပင်) သိမြင်နိုင်တော့သည်။

ယင်းအချက်ကို ထောက်ဆပြီး ရှေးပညာရှိ အဆက်ဆက်တို့ သည်လည်း လက်တွေ့ကြုံတွေ့ချက်တို့ကို ကျမ်းဂန်တို့မှာပင် ထည့်သွင်း ဖော်ပြသွားကြပုံကို အောက်ဘင် သုံးသပ်ကြည့်နိုင်တော့သည်။

နန္ဒိ မုခိယာတိ ရတ္တိယာ အရုဏာသာ ဥဂ္ဂတတ္တာဝေ အရုဏပ္ပဘာယ သူရိယာ လောကူပဇီဝိနော သတ္တေ နန္ဒာပနမုခိယာဝိယ ရတ္တိယာ ဇာတာယ ဝိဘာယနာယာတိ အတ္ထော-ဟု လာရှိသည်။

(ဥဒါနအဋ္ဌကထာ-နန္ဒဝဂ် ယသောဇသုတ်အဖွင့် ၁၆၀)

**အဓိပ္ပါယ်ကား-**

နန္ဒိမုခိယာဆိုသည်မှာ- ညအခြေအနေ (ဝါ)ပစ္ဆိမယံခေါ် ညနောက်ပိုင်း ထဲက နောက်ဆုံးအပိုင်းရောက် ည၏ အခြေအနေ ဖြစ်လာသည်မှာ အရုဏ် တက်လာချက်ကြောင့်ပင် အရုဏ်ရောင်ခေါ် နေရောင်ဖြင့် အသက်မွေး ရှာမှီး နေကြရသော သတ္တဝါတွေမှာ ရွှင်ပြကြသောမျက်နှာ ရှိလာကြသလို ည၏ အခြေအနေမှာလည်း အမှောင်မှကင်း၍ အလင်းဘက်သို့ ကူးထွက်လာချိန်ကို ဆိုလိုသည်။

**ဆိုလိုချက်။** ။ပစ္စူသရောင်နှင့် အရုဏ်နီရောင် တို့သည် နေ၏အရောင် ဖြစ်၍ ယင်း နေ၏အရောင်ဖြင့် အသက်မွေး နေကြရသော သတ္တဝါတွေ နိုးကြားရွှင်ပြလာကြပုံကို ဥပမာဆောင်၍ ပြထားခြင်းဖြစ်သည်။

ထို့ထက်အကျဉ်း ဆိုလိုချက်မှာ- ပစ္စူသနှင့် အရုဏ်ရောင် တက်လာလျှင် ငှက်အပါအဝင် သတ္တဝါတွေနိုးကြားလာကြသည်-ဟု ဆိုလိုသဖြင့် မိုးမှောင် တွေကျနေစေကာ အရုဏ်ရောင်သာ တက်လာ- ထွက်လာလျှင် နေရောင်ဖြင့် အစာရှာကြသည့် ငှက်စသော သတ္တဝါတွေ နိုးလာကြသည်။ ယင်းတို့ နိုးလာ ကြလျှင် မြည်အော်လာကြမည်။မြည်အော်လာကြလျှင် လင်းလာပြီဟု (ဒီပ်ရာ တွင်းကပင်)သိနိုင်သည်ဟု ဆိုလိုသည်၊ ထို့ထက် ထင်ရှားသော ကျမ်းဂန်လာ ချက်တို့ကို အောက်တွင် ဆက်၍ရှုပါဦးလော့။

## ၂။ အဋ္ဌသာလိနီ အဋ္ဌကထာ နိဒါနကထာ ၃၇-၃၈-၌

တ္တောကံ ကာလံ စန္ဒိမ သူရိယာဒယော အတ္တနော ပဘာယ ဝိရောစိတုံ နသက္ကိံသု၊ ရတ္တိန္ဒိဝပရိစ္ဆေဒေါ နပညာယိတ္ထ၊ ဒိဝါ သူရိယာ လောကေန ဝိယ သတ္တာ နိစ္စံ ဗုဒ္ဓါ လောကေနေဝ ဝိစရိံသု၊ သာယံ ပုပ္ဖိတာနံ ကုသုမာနံ၊ပါတော ရဝနက သကုဏာနဉ္စ ဝသေန လောကော ရတ္တိန္ဒိဝ ပရိစ္ဆေဒံ သလ္လက္ခေသိ-ဟု လာရှိသည်။

အဝိပ္ပါယ်မှာ-

မင်္ဂလဘုရား ပွင့်ပေါ်နေချိန်အတွင်းမှာ ဘုရား၏ကိုယ်ရောင်တော်အလင်းကြောင့် လနှင့်နေ စသည်တို့မှာ လောကကို မိမိတို့အရောင်ဖြင့် မထွန်းလင်းနိုင်ကြ၊ မတောက်ပနိုင်ကြကုန်၊ ညနှင့် နေ့-ဟု ခွဲခြားပြသော အချိန်ဟုလည်း မထင်ရှားတော့ပြီ၊ နေ့အခါမှာ နေရောင်ကထွန်းလင်းပေးနေသလို ထိုအချိန်က မင်္ဂလဘုရား၏ အရောင်အလင်းဖြင့်ပင် သတ္တဝါတွေမှာ အမြဲတစေ လှည့်လည်နေကြရကုန်၏။

ညချမ်းဘက် အချိန်အခါအဖြစ် ညပွင့်ပန်းနှင့် နေ့ပွင့်ပန်းတို့ကို ထောက်ဆ၍ ၎င်း၊ နံနက်ဘက် အချိန်အခါအဖြစ် နံနက်ခင်း တွန်မြူးလေ့ရှိသော ငှက်တို့၏ အခြေအနေကိုထောက်ဆ၍၎င်း၊လောကသားစုသည် ညပဲ-နေ့ပဲဟု(ဝါ)ဒီအချိန်ဟာညပဲ၊ ဒီအချိန်ဟာနေ့ပဲဟု အမှတ်ပြုနေကြရတော့သည်ဟု ဆိုလိုသည်။

၎င်း၌ ပါတော ရဝနက သကုဏာနဉ္စ အရသည် လိုရင်းဖြစ်သည်။

ဆိုလိုသည်မှာ- မင်္ဂလဘုရား ကိုယ်ရောင်တော်ကြောင့် နေရောင်ကွယ်နေ၍ နေ့နှင့်ညမကွဲပဲ တူနေချိန်မှာပင် (ဝါ) တူနေအောင် ဗုဒ္ဓ၏ အလင်းရောင်က လွှမ်းမိုးပိထားချိန်မှာပင် ငှက်တို့မှာ(ဓမ္မတာအရ)အစာရှာသွားလာရေးအတွက် ဘုရား၏အရောင်မှ နေရောင်ကို ခွဲခြားပြီး သိနိုင်ပုံကို ပြည့်ထားချက် အရအမှောင်လွှမ်းမိုးသော နံနက်စော အမှောင်ထဲသို့ နေ၏အဖြူရောင်နှင့် အနီရောင်တို့ဝင်လာချိန်မှာ ကျီးငှက်နှင့် ဇရက်-စသော ငှက်မျိုးတို့မှာ နေအရှိန်ကြောင့် ငံရောင်လာချိန်မှာ အလွယ်ဖြင့်သိနိုင်သော သဘာဝရှိကြပုံ ထင်ရှားသည်ဟု ဆိုလိုသည်။

## ၃။ ထို့ပြင် အလားတူပြည့်သော ကျမ်းကား

> သာယံ ပုပ္ဖနက ကုသုမာနံ ပါတောစ ·ရဝနကသကုဏာဒီနဉ္စ ဝသေန
> လောကော ရတ္တိန္ဒိဝပရိစ္ဆေဒံ သလ္လက္ခေသိ-ဟု

ဗုဒ္ဓဝံသအဋ္ဌကထာ မင်္ဂလဗုဒ္ဓဝံသ ၁၇၃-၌ လာရှိ၏။

၎င်းအဋ္ဌကထာမှ ပါတောစ ရဝနက ·သကုဏာဒီနဉ္စ ဝသေန-အရသည် လိုရင်းဖြစ်ရာ နံနက်ချိန်ပဲဟု သိဘို့ရာကား- နံနက်စော တွန်မြူးလေ့ရှိကြသော ငှက်မျိုးနှင့် အခြားသတ္တဝါမျိုးတို့၏ (မြည်သံဖြင့်) နံနက်ပဲ နေ့ပဲဟု သိရှိနိုင်ပုံကိုပြသဖြင့် အထက် အဋ္ဌသာလိနီနှင့် အလားတူဟု သိရာ၏။

ဤသို့ ပစ္စုပ္ပန်သခေါ် မိုးသောက်စ မိုးလင်းစပြု နေရောင်ဖြူနှင့် အရုဏ်ခေါ် နေရောင်နီတို့တက်လာချိန်တို့ကို နာရီမကြည့်ရပဲ မျက်စိမဖွင့်ရပဲ အိပ်ရာထဲကပင် သိနိုင်ရေးအတွက် အကူအညီအဖြစ် ကျီးနှင့် ဇရက်-စသော ငှက်သတ္တဝါတို့၏ (အသံအကူအညီဖြင့်လည်း) သိနိုင်ကြပါသေးသည်ဟု ဆိုလိုသည်။

## ၄။ မျက်မြင်အနေဖြင့် တိုင်းတာယူပုံ

အရုဏ်တက်ကိစ္စကို မှန်ကန်စွာ သိမှတ်နိုင်ရေးအတွက် သုတေသနပြုလုပ်ကြရာတွင် ဤနံပါတ် ၄-လာ မျက်မြင် အနေဖြင့် တိုင်းတာယူချက်သည် ပို၍ တိကျမှု လေးနက်မှုရှိပုံကို တွေ့ရပေသည်။

ယင်း မျက်မြင် လက်တွေ့အနေဖြင့် သုတေသနပြုရာမှာ သဘာဝ အခြေအနေကိုလေ့လာမှုနှင့် နာရီ ၂-မျိုးတို့ကို လေ့လာမှု ၂-ခုတို့အနက် သဘာဝ အခြေအနေကို ဦးစွာလေ့လာမှုက ပို၍အရေးကြီးပုံကိုတွေ့ရှိရ၍ ၎င်းကို ဦးစွာ တင်ပြပါအံ့။

### က-သဘာဝအခြေအနေဟူသည်

အရုဏ်တက်ကိစ္စသည် အရှေ့မျက်နှာဘက် နေထွက်ရာမှာ ပေါ်လာသဖြင့် ယင်းအရှေ့မျက်နှာ၏ (သဘာဝ အခြေအနေကို) စတင်လေ့လာဘို့ လိုသည့် အတိုင်း လေ့လာကြည့်သော်-

၁။ အရုဏ်ရောင်သည် (အနီရောင်သာ) ဖြစ်ကြောင်း ရှေး(-ဒုတိယပိုင်း အခဏ်း ၁)မှာ အကျယ် ဖော်ပြထားချက်အတိုင်း ယင်း အနီရောင်ကိုစောင့်၍ သုတေသနပြုနေရာ ယင်းအနီရောင်က ဦးစွာပေါ်မလာပဲ (အမှောင်ရောင်ကိုသာ) ဦးစွာတွေ့ရှိရပေသည်။

၂။ ယင်းတွေ့ရှိသော အမှောင်ရောင်ကို စောင့်၍ သုတေသနပြုနေစဉ် ယင်း အမှောင်ထဲမှ (အလင်းဖြူရောင်နု) စတင်ပေါ်လာသည်ကို တွေ့ရှိရပြန်သည်။

၃။ ယင်းတွေ့ရှိသော အလင်းဖြူရောင်နုကို စောင့်၍ သုတေသနပြုနေစဉ် အလင်းဖြူရင့်ရောင် ဖြစ်လာသည်။ ယင်း အလင်းဖြူရောင်ရင့်ထဲမှ (အနုစား အနီရောင်ကလေး)၊ (ဝါ) အနီပျော့ရောင်ကလေး ပေါ်လာသည်ကို တွေ့ရှိရပြန်သည်။

၄။ ယင်း အနီပျော့ရောင်ကလေး ကြည့်နေစဉ် ယင်း အနီပျော့ရောင်၏ နောက်မှ (အနီရင့်ရောင်)တဖြည်းဖြည်းလိုက်လာသည်ကို တွေ့ရှိရပြန်သည်။

၅။ ယင်း အနီရင့်ရောင် ပြန့်ကျယ်လာသော် ၎င်း၏နောက်မှ အလင်းဖြူ ရောင်က ပို၍ ပို၍ ပြန့်ကျယ်လာသဖြင့် အရုဏ်ရောင်ခေါ် အနီရင့်ရောင်သည် အောက်ခြေမှာနေခဲ့ပြီး အလင်းဖြူရောင်ကြီးကသာ ကောင်းကင်ပြင်ကြီးတခုလုံး လိုလိုမှာ လင်းဖြူလျက် ရှိလာတော့သည်။

၆။ ယင်း အလင်းဖြူရောင်ကြီး ပို၍ ပြန့်ကျယ်လာချိန်မှာ နောက်နားက (နေသည်) ပြူထွက်လာနေတော့သည်။ ယင်းနေ၏ (အနီးမှာကား) ရောင်နီ ရောင်က တောက်ပလျက် ရှိနေပေသည်။

၇။ ယင်း(နေဝန်း)မြင့်တက်လာလေလေ အနီရောင်သည် မှေးမှေးသွားပြီး (အလင်းဖြူရောင်ကြီးကသာ) ပို၍ပို၍ လင်းတောက်လာတော့သည်။ ထိုအခါ (နေ့အသွင်သို့) ရောက်ရှိလာတော့သည်။

## သုတေသနပြု၍ တွေ့ရှိသော အရောင်တို့ကို ကျမ်းဂန်လာတို့နှင့် ယှဉ်တွဲပြချက်

နံပါတ်-၁ (အပြောင်ရောင်သည်) ပစ္ဆိမယာမ်တခုလုံး၌ ရှိနှင့်နေသော ည, အပြောင်တုပင် ဖြစ်သည်။

နံပါတ်-၂ (အလင်း ဖြူရောင်နုသည်) ပစ္ဆိမယာမ်၏ တတိယပိုင်း အချိန်ကို လွန်မြောက်ပြီး ထွက်ပေါ်လာသော(ဒုဗ္ဗလပစ္စူသ-သမယ)ခေါ် အမှောင်ထုကို စ၍ ပယ်ဖျောက်ချိန် (ဝါ) (မိုးသောက်စ) အခါသို့ ရောက်လာချိန် ဖြစ်သည်။

နံပါတ်-၃ (အလင်း ဖြူရင့်ရောင်သည်) ဗလဝပစ္စူသ သမယ ရောင်ခေါ်သည်။

နံပါတ်-၄ (အနီပျော့ရောင်ကလေးသည်) အရုဏသီသ တနည်း၊ အရုဏ် သီသ တနည်း၊ အရုဏဂ္ဂခေါ် အရုဏ်ဦး၊ အရုဏ်ညွန့် အချိန်သို့ ရောက်လာချိန် ဖြစ်သည်။

နံပါတ်-၅ (အနီရင့်ရောင်သည်) အရုဏောဒယ (ဝါ) အရုဏုဂ္ဂမနကာလ (ဝါ) အရုဏုဂ္ဂမနဝေလာ (ဝါ) ဗလဝအရုဏောဒယခေါ် အရုဏ်တက်ချိန် ရောက်လာခြင်းဖြစ်သည်။

မှတ်ပုံ။ ။၎င်းကိုပင် အရုဏုဂ္ဂမမှီ-ဟူ၍၎င်း၊ အရုဏုဂ္ဂမနေ-ဟူ၍ ၎င်း၊ အရုဏုဂ္ဂမနကာလေ-ဟူ၍၎င်း၊ (ဝါ) သမယေ (ဝါ) ဝေလာယံ-

ဟူ၍ရှင်း၊ အရုဏော ဥဂ္ဂတေ-ဟူ၍ရှင်း၊ တနည်း၊ ဥဂ္ဂတေ အရုဏော-ဟူ၍ ရှင်း၊ ကျမ်းဂန်တို့၌ လျော်သလို သုံးစွဲလျက်ရှိကြတော့သည်။

နံပါတ်-၆ အရသည် နေထွက်လုနီးအချိန်ကို ပြခြင်းဖြစ်သည်။
နံပါတ်-၇ အရသည် နေထွက်လာချိန်ကို ဖော်ပြခြင်းဖြစ်သည်။
နံပါတ်-၈ အရကား သိသာနိုင်ပြီ။

## လက်တွေ့သုံးသပ် သုတေသနပြုကြည့်ရန် အခြားသဘာဝ အခြေအနေတရပ်

ဖော်ပြပါအရတို့ကား နံနက်ပိုင်း(နေထွက်ချိန်)တဝိုက်၌ မျက်မြင် လက်တွေ့ သုတေသနပြုချက်တို့ဖြစ်ရာ မည်သူမဆိုလေ့လာကြည့်က တွေ့နိုင်သော သဘာဝ အခြေအနေစုတို့ပင် ဖြစ်သည်။ ဆက်၍သုံးသပ်ရန် အခြားသဘာဝ အခြေအနေ တရပ်တို့ကား အောက်ပါအတိုင်း ဖြစ်တော့သည်။

## ညနေပိုင်း သုတေသနပြုချက်

ညနေပိုင်း (နေဝင်လုချိန်ကို) မျက်မြင် လက်တွေ့ သုတေသနပြုကြည့်လျှင် နေ့စဉ် မြင်တွေ့နိုင်သော သဘာဝ ဓမ္မတာတို့မှာ-

၁။ တနေ့လုံးမှာ အလင်းဖြူရောင်ကြီးက ထွန်းတောက်လျက် ရှိနေသည်။

၂။ ညနေခင်း နေဝင်ခါနီးချိန်သို့ ရောက်သော် နေ၏ အနီးတဝိုက်တွင် (အနီရောင်စု)ပေါ်ထွက်လာလျက် ရှိတော့သည်။

၃။ နေဝန်းမှာလည်း နံနက်ပိုင်း (နေထွက်ခါစလိုပင်) နီတွေးလျက်ရှိလာသလို နေလုံးကွယ်သွားသည်အထိ (အနီရောင်က) ခပ်လှမ်းလှမ်းအထိ ထွက်ပေါ်လျက် ရှိနေသေးသည်။

၄။ နေဝင်သွားပြီး မိနစ် ၅၀-ခန့်အထိ နေဝင်ရာတဝိုက်နှင့် ခပ်လှမ်းလှမ်းအထိမှာ (အနီရောင်က) ဆက်ပြီးတောက်ပလျက် ရှိနေပေသည်။

၅။ ယင်းအနီရောင်၏ ပတ်ဝန်းကျင်မှာကား (အလင်း အဖြူရောင်က) လွှမ်းလျက် ရှိနေပေသည်။

၆။ ယင်းအနီရောင် ပျောက်ကွယ်သွားပြီးနောက်မှာပင် (အလင်းဖြူရောင်ကမူ) ဆက်၍ ရှိနေသေးသည်။

၇။ တဖြည်းဖြည်း ညဥ့်ဘက်အရောက်များလာမှ အလင်းဖြူရောင်ပါ ကွယ်ပျောက်သွားပြီး (အမှောင်ရောင်က)ပို၍ပို၍ လွှမ်းမိုးသွားတော့သည်။

**သုံးသပ်ပွယ်။** ။ညနေဘက်နေဝင်ချိန်မှာ (အနီရောင်နှင့် အဖြူရောင်တို့) နေရာယူပုံနှင့် နံနက်နေထွက်ဘို့အတွက် (အဖြူရောင်နှင့် အနီရောင်တို့) နေရာယူပုံတို့ကို မျက်မြင် လက်တွေ့ သုံးသပ်ကြည့်လျှင် (ရှေ့နှင့် နောက်) အနေအပြန်ယူလိုက်လျှင် နံနက်စောနှင့် ညနေပိုင်းတို့မှာ(အရောင်နေရာယူပုံချင်း)တူညီချက်အနေကို တွေ့ရှိရတော့သည်။

ထိုတွေ့ကြုံချက်အရ မျက်မြင်ရှိနေသော(သဘာဝကို) ချုံး၍ကြည့်လိုက်လျှင် နံနက်ပိုင်းမှာ အမှောင် အဖြူ-အနီ အလင်းအဖြစ် (အစဉ်သဘာဝ) ရှိနေသလို ညနေပိုင်းမှာကား- အလင်း၊ အဖြူ၊ အနီ၊ အဖြူနှင့်အမှောင်အဖြစ် (အစဉ်သဘာဝ) ရှိနေပုံကို တွေ့မြင်ရပေသည်။

ယင်း မျက်မြင် လက်တွေ့ကို ပုံစံပြု၍သုံးသပ်လျှင် (အရုဏ်တက် ကိစ္စ၌) အမှောင်မှ အရောင် ၃-မျိုး ထွက်ပေါ်ပုံအစဉ်ကို သိမြင်သဘော သက်နိုင်ကြရာ၏။ ဆက်၍လည်း ရှင်းပြပါဦးအံ့-

## သုံးသပ်သုတေသနပြုကြည့်ရန် အခြားသဘာဝအခြေအနေများ

၁။ ရေနံဆီမီးခွက်ထွန်းညှိထားချိန်မှာ ၎င်းမီးတောက်မီးလျှံကို ကြည့်စမ်းပါ၊ မီးတောက်နှင့် ၎င်း၏အနီးတွင် (အနီရောင်)ရှိနေ၍ ခပ်ကွာကွာမှာ အဖြူရောင်ဖြာလင်း၊ (ဝါ) အလင်းဖြူရောင်ရှိနေသည်။၎င်း၏ အလင်းမရောက်နိုင်ရာမှာကား (အမှောင်ရောင်)လွှမ်းလျက် ရှိနေသည်ကို တွေ့မြင်ရပါမည်။

၂။ အလားတူ မှန်အိမ်မီး မှာ၎င်း၊ ဖယောင်းတိုင်မီး မှာ၎င်း၊ မီးချစ်ဆံမီးနှင့် ရေနံမီးဖိုကမီးမှာ၎င်း၊ ထင်းမီးဖိုကမီးမှာ၎င်း၊ ဖွဲမီးဖိုမီး၊ သစ်ရွက်ခြောက်မီး၊ အဝတ်လောင်မီး၊ စက္ကူလောင်မီး၊ အိမ်၊ ကျောင်း၊ လောင်မီး စသည်တို့မှာ၎င်း၊ အထက် ရေနံဆီမီးခွက်မှာ ထင်လာသော နီ- ဖြူ- မှောင် ၃-ရောင်တည်ရှိနေပုံအတိုင်း တွေ့မြင်နိုင်ကြတော့သည်။

၃။ နောက်ဆုံးပုံစံအနေဖြင့် ထင်းမီးစ၊သစ်သားမီးသွေး၊ကျောက်မီးသွေး စသည်တို့က(မီးခဲကို)အမှောင်တွင်းမှာ ထားကြည့်လျှင် အထက်ပါပုံစံအတိုင်း အနီးမှာ (နီရောင်) ကွာသွား ဝေးသွားလျှင် (လင်းဖြူ ရောင်) ဖြစ်လာပြီး မီးရောင်မရောက်သောနေရာတို့မှာ (အမှောင်ရောင်) ရှိနေတော့သည်တို တွေ့မြင်နိုင်ကြပေသည်။

ယင်း မျက်တွေ့လက်တွေ့ သဘာဝအရတို့ကို ထောက်ရှုပြီး (အရောင်) တို့၏ အနီးအဝေး သဘာဝကို၎င်း၊ နေ၏ နံနက်ပိုင်းသဘာဝနှင့် ညနေပိုင်းသဘာဝကို၎င်း ဉာဏ်ဝင်ကာ သုံးသပ်သိမြင်နိုင်ကြစေသော်။

## နပုလ္လိင်အရဏ္ဏပုဒ်၌သုံးသပ်ဖွယ်

သေတာရဏ္ဏာဠ ပဌမံ၊ ဒုတိယံ နန္ဒိယာဝဋ္ဋံ။
တတိယံ တမ္ဗဝဏ္ဏာဠ၊ စတုတ္ထံ ဂဒြဘံ မုခံ။

ငင်းဂါထာကား ရှေးနှစ်ပေါင်း ၃၅၀-ကျော်က(ရှေးပညာရှိအချို့) သိကုံးထားသော အရဏ္ဏနှင့်စပ်သော ဂါထာဖြစ်သည်။

အဓိပ္ပါယ်ချုပ်မှာ- နံနက်စော၌ ပဌမအဖြူနုရောင်လာသည်၊ ဒုတိယ မှာဖြူရင့်ရောင်ခေါ် ဇလပ်ဖြူရောင်လာသည်၊ တတိယအချိန် အနီနုရောင်လာ၍ စတုတ္ထအချိန်မှာ အနီရင့်ရောင်ခေါ်မြည်း ခံတွင်းရောင်ဟု ဆိုသည်။

## ငင်း၌ အရဏ္ဏဠအရ စိစစ်ဖွယ်

၁။ ပုလ္လိင်-အရဏ္ဏသဒ္ဒါသည် ကိဋ္ဌိရတ္တော- ဟူသော အဘိဓာန်စာကိုအရစဉ်းငယ်နီရောင်ခေါ် အနီပျော့ရောင်၊ ရောင်နီကိုဆိုကြောင်း လာသည်။

၂။ အဘိဓာန် ဋီကာနှင့် သက္ကဋ အမရကောသ အဘိဓာန်၊ သဒ္ဒတ္ထကောဿတုဘ အဘိဓာန်တို့ကမူ ယင်းပုလ္လိင်(အရဏ္ဏ) သဒ္ဒါသည် အနီရောင်ကိုငင်း၊ နေကိုငင်း၊ နေနတ်သားကိုငင်း ဟောကြောင်း ရှေ့၌ အကျယ်ပြခဲ့ပြီ။

၃။ ဤဂါထာလာ၌ "အရဏံ"ဟု (နပုလ္လိင်)နှင့် ပြထား၍ အနီရောင်ကိုဆိုလိုသလား၊ နေကိုဆိုလိုသလား-ဟု စိစစ် သုံးသပ်ဖွယ်ဝင်လာသည်။

## တောင်ဖီလာ ဆရာတော်အဆို

ရှေးနှစ်ပေါင်း ၃၂၀-ကျော်ချိန် သာလွန်မင်းတရား၏ ဆရာတော် ဝိနယာလင်္ကာရဋီကာ ၂-စောင်ပြု တောင်ဖီလာဆရာတော်ကမူ ငင်းရေးဝိနယာလင်္ကာရဋီကာ ပဌမတွဲ စာမျက်နှာ ၂၇-တွင် ငင်းဂါထာကို ရှေး(ခုဒ္ဒသိက္ခာနိသျ)ရေးဆရာတော်တပါး ရေးသားသည်ဟု ဖော်ပြကာ ငင်းဂါထာသည် ပါဠိတော်အဋ္ဌကထာဋီကာတို့မှာမလာ၊မပါရှိကြောင်းသာ ရေးသားသွားသည်။(အရဏံ) ဟု နပုလ္လိင်ဖြင့် ရေးသားထားချက်အရကို စိစစ်ပြဆိုချက် လုံးဝမတွေ့ရပေ။

ယင်းဋီကာကိုအမှီပြု၍ ရေးသား ကြသော နောက်ပညာရှင် အချို့တို့သည်လည်း (အရဏံ)ပုဒ်အရကို ဘာမျှ(တို့ပြ)မသွားကြပဲ တောင်ဖီလာဆရာတော်မိန့်သံအတိုင်းသာ ပုံတူမိန့်ဟသွားကြပုံကိုသာ တွေ့ရှိပေသည်။

ထိုသို့ ရှေးပညာရှိတို့ မစိစစ် ကွင်းရှောင်သွားသော (နပုလ္လိင် အရုဏံ)ပုဒ် အရကို အောက်ပါအတိုင်း စိစစ်ပြရတော့သည်။

ဝင်းဂါထာသည် အရောင် ၄-မျိုးကို ဖော်ပြပေးချက်ဖြစ်ရာ ပဌမရောင် အဖြူနု၊ ဒုတိယရောင်က အဖြူရင့်၊ တတိယရောင်က အနီနု၊ စတုတ္ထရောင်က အနီရင့်အဖြစ် ညွှန်ပြထားခြင်းဖြစ်သည်။

ထိုအရ ၎င်း ၄-ရောင်တို့သည် ဘယ်ကလာသည့်အရောင်တို့နည်းဟုမေးသော် နေကလာသောအရောင်ဖြစ်နေ၍ ယင်းဂါထာပါ အရုဏံပုဒ်၏ အရတို့လည်း (နေ)ကိုသာယူရန် ရှိနေတော့သည်။

## နပုလ္လိင်ဟော နေ ရှိ-မရှိ

နေကိုယူလိုက်လျှင် နေဟော အရုဏပုဒ်နှင့် အနီရောင်ဟော အရုဏပုဒ် တို့က (ပုလ္လိင်)နှင့်သာ ရှိနေကြပြန်၍ လိင်အနေဖြင့် မဆန့်ကျင်ပေဘူးလော-ဟု မေးသော် မဆန့်ကျင်ပါ-ဟု ဖြေရတော့သည်။

မည်သို့ မဆန့်ကျင်ပါသလဲ-ဟုမေးသော် နေသည်(အဒိတိအနွယ်) တနည်း၊ အဒိတိနတ်သမီး၏ (အပစ္စ)သားဟု ကျမ်းဂန်တို့က (နပုလ္လိင်နှင့်) နေကိုဆိုထားကြ၍ ဤ (အရုဏံ) ပုဒ်မှာ နပုလ္လိင်ဖြင့် ပြထားချက်ကြောင့် မဆန့်ကျင်ပါဟု ဆိုလိုပေသည်။

## ဝင်းဂါထာ အနက်ပြန်ဆိုသော်

စ၊ နံနက်ဘက်၌ တွေ့မြင်ကြရသော နေ၏အရောင် ပေါ်ထွက်လာပုံအစဉ်ကို ရှင်းပြပါဦးအံ့။ အရုဏံ၊ နေသည်။ (ဝါ) အဒိတိအနွယ်၊ အဒိတိနတ်သမီး၏ (အပစ္စ)၊ သားဖြစ်သောနေသည်။ ပဌမံ၊ ရှေးဦးစွာ (ဝါ) ရှေးဦးအစချိန်၌။ သေတော၊ အရောင်ဖြူစပေါ်လာ၏။ ဒုတိယံ၊ နှစ်ခုမြောက် အချိန်၌။ နန္ဒိယာဝဋ္ဋံ၊ ဇလပ်ပန်းပွင့်ရောင်ဖြူ တက်လာ၏(ဝါ)အဖြူရင့်ရောင်ဖြစ်လာ၏။ စ၊အဖြူမှ အနီဘက်အရောင် ပြောင်းသွားပုံကို ညွှန်ပြဦးအံ့။ တတိယံ၊ သုံးခုမြောက် အချိန်၌။ တမ္ဗဝဏ္ဏံ၊ ကြေးနီရောင်အဆင်း ဖြစ်လာရှိလာ၏။ စတုတ္ထံ၊ လေးခု မြောက်အချိန်၌။ ဂဒြဘမုခံ၊ မြည်း၏ ခံတွင်းရောင်သဖွယ် အနီရင့်ရောင်ဖြင့် လာရှိ၏။

**ဆိုလိုချက်။** ။အရုဏခေါ် နေသည် နံနက်စောစောက စ၍ နေဝန်း ထွက်ပေါ်လာသည်အထိ "ပဘံ ကရော" အရောင်ကို ဖြစ်ပေါ်စေ သည်မှာ–

၁။ ပဌမ- ပစ္ဆူသအချိန်၌ အဖြူနုရောင်ခေါ် အလင်းဖြူရောင် စပေါ်လာ၏။

၂။ ဒုတိယ- ပစ္ဆူသအချိန်၌ အဖြူရင့်ခေါ် အလင်းဖြူရောင်တို့ ပေါ်လာ၏။

၃။ တတိယ- အရုဏသိသ အချိန်၌ အနီနုရောင်များ ပေါ်ထွက်လာကြ၏။

၄။ စတုတ္ထ- အရုဏုဂ္ဂမနအချိန်၌ အနီရင့်ရောင်များ ပြန့်ကျယ်လာတော့သည်-ဟု ဆိုလိုသဖြင့် ဤကျမ်းလာ လက်တွေ့ သုတေသနပြုချက်တို့နှင့် ကိုက်ညီနေရာ ရှေးနှစ်ပေါင်း (၃၅၀)ကျော်က ဖော်ပြသွားသော ယင်း(ခုဒ္ဒသိက္ခာနိသျှရေး) ပညာရှိကို ကျွန်ုပ်တို့ ချီးကျူးရပေတော့သည်။

## ၁။ အခြားထောက်ဆရန် ပုံစံတရပ်

အရုဏပ္ပဘာရဠ္ဌိတေ ဂဂနပ္ပဒေသေ ဩသဓိတာရကာ ဝိယ
စ အတိမနောဟရာယ သိရိယာ ဝိရောစတိ။

(ဒီဃနိကာယ မဟာဝဂ္ဂအဋ္ဌကထာ မဟာနိဒါနသုတ်အဖွင့် ၄၃)

၎င်းအဋ္ဌကထာလာ အရုဏအရသည် အရုဏ်ရောင်နီကို မဆိုလိုပဲ နေ၏ အဖြူရောင်နှင့်သာဆိုင်ကြောင်းကို ဩသဓိတာရကာ ဝိယ-ပုဒ်ဖြင့်ပင် လရောင်နှင့် ကြယ်ရောင်တို့ကို ဥပမာဆောင်ပြချက်ဖြင့် (အနီရောင်)မဖြစ်နိုင်ပဲ (အဖြူရောင်သာ)ဖြစ်သင့်ပုံကို သိသာပေသည်။

ထို့ပြင် ယင်းစာပိုဒ်တို့ဖြင့် (ပင်မ) ဖွင့်ပြရာကလည်း (ဥဏ္ဏာ)ခေါ် မျက်မှောင်တော်ကြားရှိ (အမွေးဖြူ)မှ ထွက်ပေါ်လာသော အရောင်ကို ဆိုနေခြင်းကပင် ထင်ရှားနေတော့သည်။

## ၂။ ဗြဟ္မာယု သုတ်လာချက်တရပ်

ထို့ပြင် မဇ္ဈိမနိကာယ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ ဗြာဟ္မဏဝဂ်၊ ဗြဟ္မာယုသုတ်အဖွင့် (၂၆၄) မှာလည်း ၎င်းပါဠိစုပင် လာသဖြင့် ၎င်းလာ (အရုဏပ္ပဘာ)အရကိုလည်း အနီရောင် (မယူသင့်ပဲ) အဖြူရောင်ကိုသာ) ယူသင့်တော့သည်။

## ၃။ လက္ခဏသုတ် ပါဠိတော်လာချက်တရပ်

ထို့ပြင် ပါတိကဝဂ္ဂပါဠိတော် လက္ခဏသုတ် (၁၃၇)မှာလည်း ဥဏ္ဏာ စ ဘမုကန္တရေ ဇာတာ ဟောတိ ဩဒါတာ မုဒုတူလသန္နိဘာ-ဟု ဥဏ္ဏာအရောင်ကို (ဩဒါတာ)အဖြူ၊ မုဒုတူလသန္နိဘာ ဝါဂွမ်းနုသဖွယ်ဟု ဗုဒ္ဓကိုယ်တိုင်ကပင်မိန့်ဟထားသောကြောင့် ယင်းနှင့်စပ်သောအရောင်ကို(အဖြူရောင်သာ)ဖြစ်သင့်ကြောင်း ထင်ရှားပေတော့သည်။

ဤကား နံပါတ် ၄-မျက်မြင်အနေဖြင့် တိုင်းတာရာ၌ သဘာဝနှင့် နာရီ ၂-မျိုးအနက် သဘာဝအခြေအနေအရဖြင့် တိုင်းတာယူပုံကိုပြရာ၌ အရုဏပုဒ်မှ အရုဏော အရုဏံ-ဟု သဒ္ဒါဥပဒေ လိင် ၂-မျိုးခေါ် အသွင် ၂-မျိုးဖြင့် ပြထားသော ကျမ်းလာစကားအရကို သဘာဝဖြင့် တိုင်းပြခဏ်းနှင့် အသိခံကပ်သော (အရုဏ) ၂-ပုဒ်အရကိုပါ ထည့်သွင်းရှင်းလင်း တင်ပြချက်ပေတည်း။

## ခ။ နာရီအနေဖြင့် တိုင်းတာယူပုံ

အရုဏ်တက်ကိစ္စကို မျက်မြင် အနေဖြင့် တိုင်းတာယူရာ၌ သဘာဝ အခြေအနေဖြင့် တိုင်းတာယူပုံကို အထက်၌တင်ပြခဲ့သလို နာရီအနေဖြင့်လည်း တိုင်းတာ၍ သိနိုင်ပုံကို တင်ပြရန်ရှိနေပြန်သည်။

ယင်းနာရီဖြင့်တိုင်းတာရာ၌ ရာသီဥတုနှင့် ၁၂-လတို့ ပြောင်းလဲနေသလောက် နေသွားလမ်းကလည်း ပြောင်းလဲနေပြန်၍ နံနက်စော အရုဏ်တက်ချိန်အတွက် (ပေတန်အနေ) ထားရှိရမည်။ (နာရီမှာလည်း) ပြောင်းလဲလျက် ရှိပေသည်။

ထိုမူတည် အခြေခံကို သိရှိထားပြီးနောက် ညတာအရှည်ဆုံး ဖြစ်သော (ပြာသိုလကို) ပုံစံပြုကာ နာရီ ၂-မျိုးတို့ဖြင့် တိုင်းတာပုံကို ဖော်ပြပါအံ့။

နာရီကို ရေဒီယိုနာရီနှင့် နေနာရီဟု ၂-မျိုးခွဲကာ အချိန်ကို တိုင်းတာရပေသည်။ ထိုအရ ပဋမနိုင်ငံသုံး ရေဒီယိုက ညွှန်ပြပေးနေသော အချိန်ကို စက်နာရီတလုံးဖြင့် ဦးစွာ မှတ်ယူထားရပေမည်။

**သတိပြုဖွယ်။** ။ရေဒီယိုနှင့်နေနာရီကို အမှီမပြုပဲ သာမန်နာရီတွေ များစွာရှိသေးရာ ၎င်းနာရီနှင့်ပေါင်းသော် နာရီ ၃-မျိုးဖြစ်ပေမည်။

ထို့နောက် အထက်တွင်ဖော်ပြခဲ့ပြီး နေကပြညွှန်သော (အရိပ်ဖြင့်) တိုင်းတာယူထားချက်ကို အခြားစက်နာရီတလုံးဖြင့် မှတ်ယူထားသော နာရီတလုံးအား

ဖြင့် နာရီ ၂-လုံးထားပြီး (ဝါ) ၃-လုံးထားပြီး တိုင်းတာမှ ပို၍ သိသာနိုင်ပေသည်။

ယင်း နာရီ ၂-မျိုးဖြင့် (ဝါ) ၃-မျိုးဖြင့် ၄-၅-ရက်ဆက်ကာ တိုင်းတာကြည့်ပါက နေ့ပိုင်း-ညပိုင်း ၂-ပိုင်းလုံး၌ နာရီချင်း အချိန်ပြခြားနားနေပုံကို တွေ့ရှိလာလိမ့်မည်။ ရက်ကြာလေ လပြောင်းလေ ပို၍သိမြင်လာတော့သည်။

## နာရီ ၂-မျိုး အချိန်ကွာခြားကြပုံ

ပုံစံ- ၁၃၃၆-ခုနှစ်၊ ပြာသိုလတွင် နံနက် ၇-နာရီက စ၍ (နေနာရီ)မှ အရိပ်ဖြင့်ပြနေသော နေနာရီအရကို စက်နာရီဘလုံးမှာ ကူးယူထားကြည့်သော် မိနစ် ၂၀၊ ၂၅-မိနစ်ခန့် ကွာနေသည်ကို တွေ့ရပေသည်။ ဥပမာ- ရေဒီယိုနာရီက နံနက် ၇-နာရီခွဲရှိနေချိန်မှာ နေနာရီမှာ ၇-နာရီနှင့် ၅-မိနစ်သာရှိနေ၍ ရေဒီယိုနာရီက ၂၅-မိနစ် အရှေ့ရောက်နေတော့သည်။

အလားတူ- ရေဒီယိုနာရီက မွန်းတည့် ၁၂-နာရီခွက်ပေါ် ရောက်နေချိန်တွင် နေနာရီမှာ ၁၁-နာရီနှင့် ၃၅-မိနစ်သာရှိနေသေး၍ သီလယူထားသူတို့အတွက် ၂၅-မိနစ်ခန့် စားနိုင်ချိန် ရရှိပေမည်။

ယင်းသို့ ကွာခြားသွားခြင်းကား- ပြာသိုလအချိန်မှာ စက်နာရီက ဒိုင်ခွက်ခရီးမှာ သွားနေသလို နေက(အာကာသဒိုင်ခွက်ကြီး)ခရီးမှာသွားမှုတို့ ခြားနားခြင်းကြောင့် ဖြစ်သည်ဟု သဘောပေါက်ထားရန် ဖြစ်သည်။ နေနာရီပြအချိန်သည် ဝိနည်းနှင့်လျော်သည်။

ကျန် ၁၁-လတို့မှာလည်း ရာသီနှင့်လတို့အလိုက် နေသွားမှုက ပြောင်းလွဲနေမည်ဖြစ်၍ ရေဒီယိုအချိန်နှင့် နေပြအချိန်တို့ မတူကွဲလွဲနေမည်ဖြစ်ရာ နေထွက်၊ နေဝင်ချိန်ကား ဗုဒ္ဓသာသနာ့ ဝန်ထမ်းများအတွက် တာဝန်မရှိကြပဲ အရုဏ်တက်အချိန်နှင့် မွန်းတည့်အချိန် (ဤ ၂-ချိန်တို့ သည်သာ) ဗုဒ္ဓဝိနယဥပဒေတော်နှင့် ပတ်သက်နေ၍ နေနာရီနှင့် အရုဏ်ကို၅၊ မွန်းတည့်ကိစ္စကို တိုင်းတာယူခြင်းသည် ဗုဒ္ဓ၏ ဝိနယဥပဒေတော်နှင့် အသင့်လျော်ဆုံးဖြစ်နေရာ မိမိတို့စေတနာ သဒ္ဓါအလိုက် ရေဒီယိုနာရီနှင့် နေနာရီ ၂-မျိုးအနက် မိမိတို့လိုက်လိုရာ လိုက်နိုင်ကြတော့သတည်း။ ဤကား နာရီဖြင့် တိုင်းတာယူပုံ ဖော်ပြချက်တည်း။

တိုင်းတာယူချိန်၌ အလင်းရောင် ၂-မျိုး မရောထွေးအောင် သတိပြုဖွယ်၊

အရုဏ်တက်ရာဘက်တွင် (အလင်းရောင်ကို) တိုင်းတာယူချိန်၌ လ,မှလာသောအလင်းရောင်နှင့် နေ,မှလာသောအလင်းရောင် ၂-မျိုးတို့ရောထွေးတတ်ရာ (ပစ္စုူသချိန်)အတွက် မရှင်းမလင်း ဖြစ်တတ်သည်။

ထို့ကြောင့် ယင်းကိစ္စရှင်းလင်းပြတ်သားစွာသိနိုင်အောင် အချိန်ကိုပိုင်းခြားရွေးယူရပေသည်။ ပိုင်းခြားပုံကား- (လဆုတ်-ပက္ခမှာ) နေဝင်ချိန်က စ၍ နေထွက်သည်အထိ (လရောင်ရှိနေ၍) လဆုတ်ပက္ခ၌ အရုဏ်ကိစ္စ (မတိုင်းတာပဲ) လဆန်းပက္ခ၌သာ တိုင်းတာက (ပစ္ဆိမယံအချိန်၌) လရောင်လုံးဝမရှိပဲ အမှောင်ထုသာရှိနေတော့၍ လရောင်နှင့်နေရောင် ရောထွေးချက် လုံးဝမရှိတော့ပေ။

ထိုအရ လဆန်းရက်၌ တိုင်းတာယူမှုသည် (ပစ္ဆိမယံချိန်၌) လရောင်ကင်းပြီး အမှောင်ထုသာရှိနေ၍ ထိုလဆန်းရက်၌ တိုင်းတာယူသင့်ပေသည်။

ၛင်းအမှာစကားကား- ပစ္စုူသရောင်နှင့် လရောင်တို့ ရောနှောနိုင်ပုံကိုသာ ရည်ရွယ်၍ ဆိုလိုခြင်းဖြစ်သည်။ အရုဏ်ရောင်နှင့် လရောင်ကား ရောထွေးခြင်း မရှိနိုင်ပါဟု သတိပြုရာ၏။

## တိုင်းတာယူပုံ နမူနာ
## ၁၃၃၆-ခု၊ ပြာသိုလဆန်း ၆-ရက်၊ သောကြာနေ့
## ( ၁၇-၁-၇၅ )

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
|---|---|---|---|---|---|---|
| နာရီ ၂-မျိုး | ပစ္စုူသ ချိန် | အရုဏသိခါ ချိန် | အရုဏ်ရင့် တက်ချိန် | နေထွက်လာ ချိန် | မွန်းတည့် ချိန် | နေဝင် ချိန် |
| ရေဒီယို နာရီ | ၅-၃၅ | ၅-၄၅ | ၅-၅၀ | ၆-၄၂ | ၁၂-နာရီ | ၅-၅၄ |
| နေနာရီ | ၅-၁၀ | ၅-၂၀ | ၅-၂၅ | ၆-၁၇ | ၁၁-၃၅ | ၅-၂၉ |

ပြာသိုလဆန်း ၆-ရက်မှ ၉-ရက်ထိ၊ ဂျန္နဝါရီ ၁၇-မှ ၂၀-ရက်ထိ ဤပုံစံအတိုင်း တွေ့နေရသည်။

## နေထွက်နေဝင်နှင့် မွန်းတည့်ချိန် ပြောင်းလဲပုံသတိပြုရန်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
|---|---|---|---|---|---|---|
| ရေဒီယိုနာရီ | ၅-၃၅ | ၅-၄၅ | ၅-၅၀ | ၆-၄၁ | ၁၁-၅၉ | ၅-၅၆ |
| နေနာရီ | ၅-၁၀ | ၅-၂၀ | ၅-၂၅ | ၆-၁၆ | ၁၁-၃၄ | ၅-၃၁ |

## သတိပြုရန်

ပြာသိုလဆန်း ၁၀-ရက်မှ လဆုတ် ၁-ရက်ထိ နေထွက်ချိန်တို့၏ မွန်းတည့်နှင့် နေဝင်ချိန် မတူညီကြပေ။

ပြာသိုလဆုတ် ၂-ရက်မှ ၈-ရက်ထိ နေထွက်ချိန်တို့၏ မွန်းတည့်နှင့် နေဝင်ချိန်မတူ ကွဲပြားသည်။

## ပြာသိုလဆုတ် ၂-ရက်နေ့ ပုံစံကြည့်ပါ

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
|---|---|---|---|---|---|---|
| ရေဒီယိုနာရီ | ၅-၃၇ | ၅-၄၇ | ၅-၅၂ | ၆-၄၃ | ၁၁-၁၇ | ၆ |
| နေနာရီ | ၅-၁၂ | ၅-၂၂ | ၅-၂၇ | ၆-၁၈ | ၁၁-၄၂ | ၅-၃၅ |

၎င်းပုံစံကိုထောက်ဆ၍ ပစ္စူသချိန်၊ အရုဏ်တက်ချိန်နှင့် နေထွက်ချိန်၊ မွန်းတည့်ချိန်၊ နေဝင်ချိန်တို့ကို နာရီ ၂-မျိုးဖြင့် တိုင်းတာကြည့်က (ခြားနားနေချက်ကို) မျက်မြင်သုတေသနအရဖြင့် သိမြင်နိုင်သလို နာရီ ၂-မျိုးနှင့် ဗုဒ္ဓ၏ ဝိနယဥပဒေတော်ကိုပါ နှိုင်းဆနိုင်ကြပေတော့သည်။

**သတိပြုဖွယ်။** ။အရုဏ်ရင့်ရောင် တက်ပြီးနောက် နေချက်ချင်း မထွက်လာသေးပေ၊ အရုဏ်နှင့်နေထွက်ကြားမှာ (အလင်းဖြူရောင်ကြီး) ဝင်လာပြီးမှ နေထွက်လာသည်၊ နေထွက်ချိန်ကစပြီး တနေ့လုံးမှာလည်း အနီ

ရောင်မရှိ၊ အလင်းပြုရောင်ကြီးသာ ရှိနေပုံကို (မျက်မြင်) သတိပြုရာ၏။

**လက်တွေ့သုတေသနပြုချက်က မှန်းဆချက်ထက်ခိုင်လုံသည်**

လူသုံး စက်နာရီတွေနှင့် ရေဒီယိုပြစက်နာရီတို့မှာ ဗုဒ္ဓ၏ဝိနယဥပဒေတော်ကို (မူထားပြီး) စီစဉ်ချက်မျိုးမဟုတ်၍ ခန့်မှန်းချက်သဘောသို့ဝင်နေသည်၊ လူတို့မှာ မှန်းတည့်ကိစ္စနှင့်အရုဏ်ကိစ္စ၌ ပြဿနာမရှိကြ၍ လွတ်လပ်ကြသည်။မည်သည့်အစာကိုမဆို မည်သည့်အချိန်မှာဖြစ်ဖြစ် စားသုံးနိုင်ကြသည်။နေထွက်-နေဝင်ချိန်များ၌လည်း ဘာပြစ်မှုမရှိကြပေ။

**နာရီ ၂-မျိုး မထားနိုင်သူတို့အဘို့**

နာရီ ၂-မျိုး မထားနိုင်သူတို့အတွက် နာရီဖြင့် မှန်းဆချက်ထက် လက်တွေ့မျက်မြင် သုတေသနပြုချက်က ခိုင်လုံသည်။ ထိုအရ အရုဏ်ရောင်ခေါ် ရောင်နီလာ-မလာကို အရှေ့ဘက်ကောင်းကင်ကို မျက်စိနှင့် တိုက်ရိုက်ကြည့်၍ ဖြစ်စေ၊ နာရီကောင်ခေါ် ကျီးငှက်,ဇရက်တို့၏ နိုးကြားချက်အသံတို့ဖြင့် တွဲစပ်၍ဖြစ်စေ လက်တွေ့သိနိုင်၍(နာရီအစား) ကိုယ်ပိုင်မျက်စိနှင့် နားတို့ဖြင့် (ဂရုပြု)တိုင်းတာကြည့်က ၄-၅-ရက်အတွင်းမှာ (တသက်လုံးအတွက်) သဘောမှန်ကို တွေ့ရှိနိုင်ပေသည်။

**၁။ ဘုရားကိုယ်တိုင် မျက်စိဖြင့်ကြည့်ပြီး အသုံးပြုပုံ**

> ဘဂဝါ ပန န တာဝ ပဝိဋ္ဌော၊ ပဝိသိဿာမီတိ နိက္ခန္တတ္တာ ။ပ။ တေဒဟောသီတိ ဂါမသမီပေ ဌတွာ သူရိယံ ဩလောကေန္တဿ တေ-ဒဟောသိ၊ အတိပ္ပဂေါခေါတိ အတိဝိယ ပဂေါခေါ၊ န တာဝ ကုလေသု ယာဂုဘတ္တံ နိဋ္ဌိတံ။ (ပါထိကဝဂ္ဂ အဋ္ဌကထာ ပါထိကသုတ်-၁)။

ဤ၌ သူရိယံဩလောကေန္တဿ-ဟု လာရှိချက်အရ ဘုရားရှင်ကိုယ်တိုင်ပင်စောသေး-မစောသေးအတွက် နေ၏ အခြေအနေကို (မျက်စိဖြင့်) မော့ကြည့်ကြောင်းလာရှိသဖြင့် ဤအရုဏ်တက် မတက်ကိုလည်း (နာရီအစား)မျက်စိဖြင့် (မော့ကြည့်ပါကလည်း) ကောင်းကင် တဝိုက်၌ အနီရောင်သန်းနေချက်ကို အလွယ်ဖြင့် သိမြင်နိုင်သည် ဟူ၏။

**၂။ ဥဒေါင်းမင်း နေကြည့်ပုံ**

ထို့ပြင် ဒုကနိပါတ ဇာတ်အဋ္ဌကထာ မောရဇာတ်တော် ၃၀-၌လည်း–

> သော ပဘာယ ရတ္တိယာ ပဗ္ဗတမတ္ထကာ နိသိန္နော သူရိယံ ဩလော

ကေတွာ၊ သာယံ ပဗ္ဗတမတ္ထကေ နိသီဒိတွာ အတ္ထင်္ဂတံ သူရိယံ ဩလောကေန္တော ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ-

ဟု-လာရှိရာမှာလည်း ဥဒေါင်းမင်းသည် အနှစ် ၇၀၀-တိုင်တိုင် နံနက်နှင့် ညနေတိုင်းမှာ (နေကို မော့ကြည့်ပြီးမှ) ပရိတ်ရွတ်ပုံ လာရှိပေသည်။

## ၃။ အင်္ဂုတ္တရ အဋ္ဌကထာလာပုံ

ထို့ပြင် အင်္ဂုတ္တရ ဧကနိပါတအဋ္ဌကထာ ရူပါဒိဝဂ္ဂဝဏ္ဏနာ ၁၉-မှာလည်း-

(က) သုဝဏ္ဏမောရောပိ နိစ္စကာလံ သူရိယဿ ဥဒယကာလေ သူရိယ မဏ္ဍလံ ဥလ္လောကေတွာ အတ္တနော ရက္ခံ ကရောန္တော-ဟူ၍ရှင်း။

(ခ) သာယနှသမယေ ဝသနဋ္ဌာနံ ပဝိသန္တော အတ္ထင်္ဂတံ သူရိယမဏ္ဍလံ ဩလောကေတွာပိ ဣမံ ဂါထံ ဝဒတိ-ဟူ၍ရှင်း။

နံနက်-နေ့ည ၂-ကြိမ် (အမြဲ) နေကို (မော့ကြည့်ပြီး)မှ ပရိတ်တော်ကို ရွတ်ဆိုခဲ့ကြောင်း လာရှိပေသည် တရပ်။

ယင်းထုံးများကိုထောက်ဆပြီး တိရစ္ဆာန်ဖြစ်သော (ဥဒေါင်းငှက်သည်ပင်) နှစ်တွေရာချီပြီး (နေ့စဉ်) နေကို (မော့ကြည့်ကာ) မိမိ၏ အကာအကွယ်ကို လုပ်သွားနိုင်သေးရာ ကိစ္စသေချာရုံ ရှေ့ပိုင်း၌ ၁၀-ရက်ခန့် နံနက် ၄-နာရီနှင့် ၆-နာရီအကြား အရုဏ်တက်သဘာဝကို လေ့လာကြည့်က သဘောပေါက်နိုင်သဖြင့် (နှစ်တွေရာချီ လေ့လာဘို့မလိုပဲ) ၃-ရက်ခြား ၄-ရက်ခြား လေ့လာသွားပါက အရုဏ်နှင့်စပ်၍ အမှန်ကိုသိမြင်ရေး ဖြစ်ရှိနိုင်၍ နာရီကိုပင် မျက်စိနှင့်ကြည့်နိုင်သေးရာ တံခါးဖွင့်ပြီး အရုဏ်ရောင်ကို ကျောင်းပေါက ကြည့်ရှုရေးအတွက် ဝန်မလေးသင့်ကြဟူသတည်း။

## အရုဏ်တက်ချိန် သိမြင်လွယ်အောင် တနှစ်အတွင်း ၁၂-လအစဉ်လို အရုဏ်တက်လာချက်ပြင်ရအင်ကို ဘွားဘွားကြီးထင်နိုင်ကြအောင် ဇယားတင်၍ပြထားခြင်း ကြိုတင်သိထားဖွယ်များ

၁။ အရုဏ်ရောင်သည် နေကလာသောအရောင်ဖြစ်၍ အရုဏ်ကိစ္စကို ချိန်ဆလိုသော် နေကိစ္စကိုပါ ပူးတွဲချိန်ဆနိုင်ဘို့ လိုပေသည်။

၂။ နေ၏သဘာဝစုကို သိမြင်မှုများလာ ကျယ်လာသလောက် အရုဏ်ကိစ္စအတွက် သိမြင်မှုမှာလည်း ကျယ်လာ-လွယ်လာပေတော့သည်။

၃။ အရုဏ်က အကျိုးဆင့်မှာရှိ၍ နေကအကြောင်းဆင့်မှာ ရှိနေသဖြင့် ယင်းအကြောင်းဆင့်ရှိ အခြေအနေတို့ကို အရှိကိုအရှိအတိုင်း ခွဲခြားသိမြင်ထားပါက အကျိုးဆင့်ရှိ အရုဏ်အရကို အလွယ်ဖြင့်ပင် သိမြင်နိုင်ကြမည်။

**ဆိုလိုသည်မှာ-** ပင်မအကြောင်းရင်း နေ၏သဘာဝတို့ကို ခပ်ကျယ်ကျယ် လေ့လာသိရှိထားပါက အကျိုးဖြစ်သော အရုဏ်ကိစ္စ အတွက် မကျယ်ဝန်းတော့၍ သိမြင်ရန်မခက်တော့ဟု ဆိုလိုသည်။

ထိုအရ အရုဏ်ကိစ္စကို ပိုင်းပိုင်း ခြားခြား သိလိုလျှင် နေကိစ္စကို ဦးစွာ ပိုင်းပိုင်းခြားခြားသိရှိထားရန်လိုနေ၍ ဒုတိယဆင့်မှာရှိနေသောအရုဏ်ကိစ္စကို ဤအခိုက်၌ ခေတ္တဖုံးအုပ်ထားပြီး ပဌမဆင့်မှာရှိနေသော နေ၏ကိစ္စကို ထင်းထင်းကြီးမြင်နိုင်ကြအောင် ယင်းနေ၏သဘာဝစုကို တခုစီအနေ ဖော်ပြသွားပေအံ့။

### နေ၏ကိစ္စများ

၁။ နေသည် တနှစ်အတွင်း စက်နှာရီတိုလို (တနေရာတည်းက) သွားနေသည် မဟုတ်ပဲ၊ ၆-လက လူတို့နှင့် ဝေးရာဘက်ခေါ် စကြဝဠာတောင်ကြီးဘက်သို့ တဖြေးဖြေး ခွါထွက်သွားပြီး နောက် ၆-လက ယင်းဝေးရာဘက်မှ နီးရာဘက်ခေါ် လူ့နယ်ဘက်သို့ တဖြေးဖြေး ပြန်ဆုတ်လာသော လုပ်ငန်းကိစ္စပေါ်မှာ ရှိနေသည်။

၂။ ယင်း ၆-လစီအတွင်း (အနီးနှင့်အဝေး) ခရီး ၂-လမ်းသို့ ဖြတ်သန်းသွားနေစဉ်မှာလည်း အစပိုင်း, အလယ်ပိုင်း, အဆုံးပိုင်း အနေအားဖြင့်ရှင်း၊ အစပိုင်းမှာပင်(တလ)ခေါ် ရက်(၃၀)ခရီးကိုတရက်ပြီးတရက် ဖြတ်သန်းရာမှာ တလလုံး မဆိုထားဘိ တပါတ်ခေါ် ၇-ရက် ခရီးစဉ်မှာပင်ငုံး တရက်နှင့်တရက် မတူနိုင်တော့၍ ၆-လခေါ် ရက်ပေါင်း (၁၈၀) ခရီးလမ်းစဉ်ကို ဖြတ်သန်းနေချိန်မှာလည်း ဟိုလနှင့်ဤလ နေနှင့် ယှဉ်တွဲရပုံ အခြေအနေသည်ရှင်း၊ ဟိုရက်နှင့် ဤရက် ယှဉ်တွဲရပုံ အခြေအနေသည်ရှင်း မတူခြားနားလျက် ရှိမည်ကို ကြိုတင်မြင်ထားသင့်သည်။

စကြဝဠာ တောင်ကြီးဘက် သွားနေခိုက် (ဥတ္တရာယာဉ်လမ်း) သွားသည်ခေါ်၍ မြင့်မိုရ်တောင်သို့ ပြန်လာခိုက် (ဒက္ခိဏယာဉ်လမ်း) သွားသည်ဟုခေါ်သည်။

ထို့ပြင် အဝေးဘက် ခွါထွက်ခိုက် ၆-လခေါ် ရက်ပေါင်း (၁၈၀) ခရီးကို ဖြတ်သန်းနေစဉ်မှာ တရက်နှင့်တရက်ဝေးသွား၊ ကွာသွားချက်ချင်းမှာလည်း အစရက်မှ အဆုံး (၁၈၀) ရက်ထိ တရက်နှင့်တရက် မတူညီနိုင်ကြသလို အဝေးဘက်ခရီးမှ အနီးဘက်ခရီးသို့ ပြန်လာသော ၆-လခေါ် ရက်ပေါင်း (၁၈၀) ခရီးကို တရက်ပြီးတရက် ဖြတ်သန်းပြန်လာချိန်မှာလည်း တရက်နှင့်တရက် အခြေအနေချင်း မတူနိုင်ကြမည်ကို ဉာဏ်ဖြင့်ငုံ၍ ကြည့်ထားရာ၏။

ယင်း အချက်တို့ကို ထောက်ဆ၍ တနှစ်အတွင်း ထွက်တလီ ဝင်တလှည့် အချိန်ပြ လ-ရက်တို့ကို ဖြတ်သန်းနေစဉ်မှာ–

၁။ ၁၂-လစဉ်မှ တလနှင့်တလ အခြေအနေသည်ရင်း၊
၂။ အစဦးလ၏ ရက် (၃၀) အခြေအနေတို့သည်ရင်း၊
၃။ အထွက် ၆ လမှ ရက် (၁၈၀) အခြေအနေတို့သည်ရင်း၊
၄။ အပြန် ၆-လမှ ရက် (၁၈၀) အခြေအနေတို့သည်ရင်း၊
၅။ တနှစ်လုံးမှရက် (၃၆၀) တို့၏ အချင်းချင်း အခြေအနေတို့သည်ရင်း၊ (တပုံစံတည်း) မဖြစ်နိုင်ကြ၍ လတိုင်း, ရက်တိုင်းမှာ အခြေအနေတမျိုးစီ (တပုံစံစီ) ဟု ဉာဏ်ဖြင့် ခြုံငုံကြည့်ထားရန်လိုပေသည်။

## (က) အထွက်ခရီး ၆-လ၌ နေဖြတ်သွားပုံ

ဝါခေါင်လမှ ပြာသိုလ အထိ (၀၁) ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလ အထိ ၆-လတို့မှာ မြင့်မိုရ်တောင် အနီးမှ (နေဝန်း) စခွါပြီး အဝေးခရီးခေါ် စကြဝဠာတောင်ကြီးဘက်သို့ ခွါထွက်သွားနေသော အထွက်ခရီးနယ်ရှိ ၆-လတို့ ဖြစ်ကြသည်။

## ၆-လ၌ နေသွား ၃-လမ်း ခြားနားပုံ

၁။ ယင်း အဝေးသွား ၆-လထဲမှ ဝါခေါင်နှင့် တော်သလင်း ၂-လတို့သည် မြင့်မိုရ်တောင်၏ အနီးမှ အဝေးဘက်ခေါ် စကြဝဠာတောင်ကြီးဘက်သို့ စတင်၍ခွါလာချိန်ဖြစ်သော ပထမဆင့်ခရီးလမ်းနယ်ဝင် ၂-လတို့ ဖြစ်ကြသည်။

၂။ သီတင်းကျွတ်လသည် အဝေးနှင့် အနီး ခရီး ၂-သွယ်တို့၏ ကြားခရီးနယ်အဖြစ် နေဝန်းဖြတ်သွားသော ဒုတိယဆင့်ခရီးလမ်းနယ်ဝင် ၁-လပိုင်း ဖြစ်သည်။

၃။ ထို့နောက် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို ၃-လတို့သည် ကြားခရီးကိုကျော်ကာ အဝေးရှိ စကြဝဠာတောင်ကြီး အနီးမှာ ရောက်နေ သွားနေကြသော တတိယဆင့် ခရီးလမ်းနယ်ဝင် ၃-လတို့ ဖြစ်ကြသည်။

## (ခ) အပြန်ခရီး ၆-လ၌ နေဖြတ်သွားပုံ

၁။ တပို့တွဲနှင့် တပေါင်း ၂-လတို့သည် စကြဝဠာ တောင်ကြီးဘက်မှ မြင့်မိုရ်တောင်ဘက်သို့ ပြန်ဆုတ်လာသော ပထမဆင့် အပြန်ခရီးနယ်ဝင် ၂-လတို့ ဖြစ်ကြသည်။

၂။ တန်ခူးလသည် စကြဝဠာတောင်နှင့် မြင့်မိုရ်တောင် ၂-ခုတို့၏ ကြားခရီးအဖြစ် ဖြတ်သွားသော ဒုတိယဆင့်အပြန်ခရီးနယ်ဝင် ၁-လချိန်ဖြစ်သည်၊ (တနည်း) အပြန်ခရီး၌ မဇ္ဈိမခရီးလမ်းချိန်ဟု ဆိုလိုသည်၊ သီတင်းကျွတ်လ ကြုံပုံနှင့် ဆင်တူသည်။

၃။ ကဆုန်လနှင့် နယုန် ၂-လတို့ကား ယင်း အလယ်ခရီးလမ်းမှ မြင့်မိုရ်တောင်ဘက်သို့ ရွေ့ရှုပြန်လာနေသော နေဝန်း၏တတိယဆင့် အပြန်ခရီးနယ်ဝင် ၂-လတို့ ဖြစ်သည်။

၄။ ဝါဆိုလသည်ကား- နေဝန်း၊ အဝေးဘက်၊ မထွက်ခင်ချိန်မှာလည်း မြင့်မိုရ်တောင်၏ အနီးကပ် လှည့်ပတ်ရာ (ပုံမှန်နေရာလမ်း) ဖြစ်နေသလို အဝေးမှ ပြန်လာချိန်မှာလည်း အလားတူ မြင့်မိုရ်တောင် အနီးကပ် (ပုံမှန်နေရာလမ်းအဖြစ်) နေဝန်းလှည့်ပတ်ရာ ဌာနနှင့်မာသတို့ သတိပြုဘွယ် ၂-ရပ်ဖြစ်သည်။

က-သီတင်းကျွတ်လသည် နေဝန်းအဝေးသို့ ထွက်ခွါချိန်မှာ အလယ်လမ်းခရီးနယ်အဖြစ် ထားရှိသလို (ဝါ) ကြုံကြိုက်သလို တန်ခူးလသည်လည်း နေဝန်းအဝေးမှ ပြန်လာချိန်မှာ အလယ်ခရီး နယ်အဖြစ် ထားရှိသောလ ၂-ခု ဖြစ်ပုံတရပ်။

ခ-ဝါဆိုလသည် နေဝန်းအဝေးနယ် မထွက်ခွါခင် ပုံမှန် လှည့်ပတ်ရာ ယူနည်း (အချိန်ပြ လ) ဖြစ်သလို နေဝန်းအဝေးနယ်မှ ပြန်လာချိန်မှာလည်း မြင့်မိုရ်တောင်၏ အနီးမှာ ပုံမှန်လှည့်ရာ (မူတည်လ) ဖြစ်ပုံကို သတိပြုရန်တရပ်။

ယင်း ၂-ရပ်တို့သည် အရုဏ်တက်ချိန်နှင့် နေထွက်ချိန်တို့ ခွဲပြချိန်မှာ အထောက်အကူ တရပ်ဖြစ်ပေသည်။

## နေသွားရာနယ်ပယ် စသည် ရှင်းလင်းချက်-

နေသည် အထက်ဖော်ပြပါ အဝေးဘက်ထွက်ခွါနေချိန် ၆-လ အဝေးမှ မူလ နေရာပြန်လာချိန် ၆-လအားဖြင့် ၁၂-လလုံး လှည့်ပတ်လျက်ရှိနေရာ တလ မှာ မည်မျှသွားနေ၍ ၆-လမှာ မည်မျှသွားနေသည်ကိုင်း၊ တရက်မှာမည်မျှ သွားနေ၍ တနာရီမှာမည်မျှ၊ တမိနစ်မှာ မည်မျှ တစက္ကန့်မှာ မည်မျှသွားနေ သည်တို့ကိုင်း သိရှိထားရန်နှင့် နေသွားရာနယ်ကြီးက မည်မျှကျယ်ဝန်းနေသည် တို့ကိုပါ သိရှိထားမှ ၁၂-လစဉ်၌ အရှက်တက်ကိစ္စ၊ နေထွက်ကိစ္စ စသည်တို့ကို တွက်ဆယူရာမှာ အထောက်အကူ ဖြစ်ပေမည်၊ ထို့ကြောင့် နေသွားလမ်း ပမာဏကစ၍ ဖော်ပြပါအံ့။

## နေသွားလမ်း ပမာဏ

နေသည် ကောင်းကင်ခရီးတွင် မြင့်မိုရ်တောင်အနီး ယုဂန္ဓိုရ်တောင်ထိပ်နှင့် အညီ အမြင့်မှသွားနေရာ ရှေးသုံး ယူဇနာကိန်းအနေ ယခုခေတ်သုံး မိုင်ကိန်း အနေတို့ဖြင့် ယှဉ်တွဲသိရှိထားပါက နေသွားခရီးကို တွက်ယူပုံနှင့် တွက်ပြထား ပြီးတို့ကို သုံးသပ်သိရှိရန် အထောက်အကူ ဖြစ်ပေသည်။

ထို့ကြောင့် သိမြင်လွယ်ကူမှုကို အခြေခံအဖြစ်ထားပြီး အောက်ပါအစဉ် အတိုင်း ဖော်ပြသွားပါအံ့-

## နေသွားနေသော ခရီးမှာ

(က) ၁။ မြေပြင်မှ အထက် အမြင့် အားဖြင့် ယူဇနာနှုန်း အနေပြသော်- ၄၂၀၀၀-ယူဇနာမြင့်သည်။

၂။ မိုင်နှုန်းအနေ ပြသော် (၅၃၄၅၄၅) မိုင်နှင့်၃-ဖာလုံ ၂၅-ပိုလ်၊ ၅-တောင် ပမာဏမြင့်သည်။

(ခ) ၁။ နေသွားရာနယ်၏အလျား၊ အနံအကျယ်ပမာဏမှာ ယူဇနာနှုန်းဖြင့် ပြသော် (၁၂၀၃၄၅၀) ခေါ် တသန်း နှစ်သိန်း သုံးထောင် လေးရာ့ငါးဆယ် ယူဇနာရှိသည်။

၂။ မိုင်နှုန်းဖြင့်ပြသော် (၁၅၃၁၆၃၁၈)မိုင်နှင့် ၃၃-ပိုလ် ၄-တောင် ပမာဏရှိသည်။

## အဝန်းကြီး ပမာဏမှာ

(ဂ) ၁။ ယူဇနာနှုန်းဖြင့် (၃၆၁၀၃၅၀) ယူဇနာပမာဏရှိသည်။

၂။ မိုင်နှုန်းအားဖြင့် (၄၅၉၄၉၉၀၉) မိုင်နှင့် ၂၉-ပိုလ် ၁-တောင် ပမာဏရှိသည်။

## တနေ့တလစသည်၌ နေသွားနှုန်းများ

(ဃ) ၁။ နေသည် ယူဇနာနှုန်းဖြင့် တနေ့မှာ ယူဇနာ (၁၀၀၀၀၀)တသိန်း သွားနေသည်။
၂။ မိုင်နှုန်း အားဖြင့် တနေ့မှာ (၁၂၇၂၆၃၀) မိုင်နှင့် ၅-ဖာလုံ၊ ၁၈-ပိုလ်၊ ၂-တောင် ပမာဏ သွားနေ၏။

## တ လ သွား နှုန်း

(င) ၁။ တလခေါ် ရက် ၃၀-၌ ယူဇနာနှုန်းဖြင့် (၃၀၀၀၀၀၀) ယူဇနာ (သုံးသန်း) ပမာဏ သွားနေ၏။
၂။ မိုင်နှုန်းအားဖြင့် တလမှာ (၁၇၁၇၈၉၂၀) မိုင်နှင့် ၃-ဖာလုံ၊ ၂၅-ပိုလ်၊ ၅-တောင် ပမာဏသွားနေ၏။

## ၆ – လ သွား နှုန်း

(စ) ၁။ ၆-လ ခေါ် ရက်ပေါင်း ၁၈၀-မှာ ယူဇနာနှုန်းဖြင့် (၁၈၀၀၀၀၀၀) ယူဇနာ ၁၈-သန်းခေါ် တကုဋေနှင့်ရှစ်သန်း ပမာဏသွားနေ၏။
၂။ မိုင်နှုန်းအားဖြင့် ယင်း ၆-လမှာ (၂၂၃၀၇၃၅၂၂) ခေါ် ၂၂-ကုဋေ သုံးသန်း ခုနစ်သောင်း သုံးထောင် ငါးရာ နှစ်ဆဲ့နှစ်မိုင် ၅-ဖာလုံ၊ ၃၂-ပိုလ်၊ ၈-တောင် ပမာဏသွားနေ၏။

## နာရီ မိနစ် စက္ကန့် နှုန်း

(ဆ) ၁။ နေသည် တနာရီမှာ ယူဇနာနှုန်းဖြင့် (၄၁၆၆) ယူဇနာနှင့် တဂါဝုတ်၊ ၃-ကောသ၊ ၆-ဥသဘ၊ ၁၃-တာနှင့် ၂-တောင် ပမာဏ သွားနေ၏။
၂။ ယင်း တနာရီမှာ မိုင်နှုန်းအားဖြင့် (၅၃၀၂၆) မိုင်နှင့် ၂-ဖာလုံ ပမာဏ သွားနေ၏။

(ဇ) ၁။ နေသည် တမိနစ်မှာ ယူဇနာနှုန်းဖြင့် (၆၉) ယူဇနာနှင့် ၁-ဂါဝုတ်၊ ၂-ကောသ၊ ၆-တာ၊ ၆-တောင် ပမာဏသွားနေ၏။
၂။ ယင်း တမိနစ်မှာ မိုင်နှုန်းအားဖြင့် (၈၈၃) မိုင်နှင့် ၆-ဖာလုံ၊ ၆-ပိုလ်၊ ၇-တောင် ပမာဏ သွားနေ၏။

(စျ) ၁။ နေသည်(တစက္ကန့်)မှာ ယူဇနာနှုန်းဖြင့် တယူဇနာနှင့် ၂-ကောသ၊ ၈-ဥသဘ ပမာဏသွားနေ၏။

၂။ ယင်း (တစက္ကန့်) မှာ မိုင်နှုန်းအားဖြင့် (၁၄) မိုင်နှင့် ၅-ဖာလုံ၊ ၂၈-ပိုလ်၊ ၇-တောင်၊ ၂-မိုက် ပမာဏသွားနေပေသည်။

**ခရီးအနိုးနှင့်အဝေးကြောင့် နေ့နှင့်ည အချိန်မတူညီကြပုံ**

အထက်တွင် ဖော်ပြခဲ့ပြီး နေသွားရာ ခရီးအဝန်းကြီးမှာ ယူဇနာနှုန်း အနေဖြင့် ၃-သန်း ၆-သိန်းကျော်၊မိုင်နှုန်းအနေဖြင့် ၄-ကုဋေ ၅-သန်း၊၉-သိန်းကျော် ခရီးကြီးမှာ နေဝန်းကြီးသွားနေရာ အဝေးသွားခရီး အခြေအနေနှင့် အနီးသွား ခရီးအခြေအနေတို့ မတူခြားနားနေချက်ကြောင့် ယင်းဖြတ်သွားရာ ၁၂-လတို့၏ နေ့နှင့်ညတို့မှာ အချိန်(အတို-အရှည်)မတူမျှကြပုံ ပို၍သိသာထင်ရှားအောင် အပြင်သွားလမ်း ၆-လနှင့် အတွင်းသွားလမ်း ၆-လတို့ကို မူတည်ပြီး နေ၏ (တနေ့ခရီး) ယူဇနာနှုန်းဖြင့် (တသိန်း) မိုင်နှုန်းဖြင့် (၁၂) သိန်းကျော်တို့ကို ရက်ပေါင်း ၁၈၀-ခေါ် ၆-လ ၂-လီတို့၌ သွားလာပုံ မတူကြ၍ အခြေအနေ မတူဖြစ်လာပုံတို့ကို ယင်း ၆-လတို့ကို မူထားပြီး တဆင့် ရှင်းပြဦးအံ့။

**ဝါခေါင်မှ ပြာသိုလအထိ ၆-လတို့၌**

၁။ ဝါခေါင်လကုန်ချိန်မှာ မြင့်မိုရ်တောင်မှ ယူဇနာပေါင်း ၃-သန်းကွာလာ၍ မိုင်အားဖြင့် ၁၇-သန်းကျော် ကွာဝေးချိန်သို့ နေဝန်းရောက်ရှိနေပြီ။

၂။ တော်သလင်း လကုန်ချိန်မှာ မြင့်မိုရ်တောင်မှ ယူဇနာပေါင်း ၆-သန်း ကွာလာ၍ မိုင်အားဖြင့် ၃-ကုဋေ ၄-သန်းကျော်ကွာဝေးချိန်သို့ နေဝန်းရောက်ရှိနေလေပြီ။

၃။ သီတင်းကျွတ်လကုန်ချိန်မှာ မြင့်မိုရ်တောင်မှ ယူဇနာပေါင်း ၉-သန်း ကွာလာ၍ မိုင်အားဖြင့် ၅-ကုဋေ၊ တသန်းကျော် ကွာဝေးချိန်သို့ နေဝန်း ရောက်ရှိနေလေပြီ။

၄။ တန်ဆောင်မုန်းလကုန်ချိန်မှာ မြင့်မိုရ်တောင်မှ ယူဇနာပေါင်း ၁၂-သန်း ကွာလာ၍ မိုင်အားဖြင့် ၆-ကုဋေ ၈-သန်းကျော် ကွာဝေးချိန်သို့ နေဝန်း ရောက်ရှိလာနေလေပြီ။

၅။ နတ်တော်လကုန်ချိန်မှာ မြင့်မိုရ်တောင်မှ ယူဇနာပေါင်း ၁၅-သန်းကွာလာ၍ မိုင်အားဖြင့် ၈-ကုဋေ၊ ၅-သန်းကျော် ကွာဝေးချိန်သို့ နေဝန်းရောက်ရှိနေလေပြီ။

၆။ ပြာသိုလ ကုန်ချိန်မှာ မြင့်မိုရ်တောင်မှ ယူဇနာပေါင်း ၁၈-သန်း (ဝါ) တကုဋေနှင့် ၈-သန်း ကွာလာ၍ မိုင်အားဖြင့် ၁၀-ကုဋေနှင့် ၂-သန်း ကျော်ကွာဝေးချိန်သို့ (ဝါ) ကွာဝေးရာသို့ နေဝန်းရောက်ရှိနေလေပြီ။

## နေ့တာညတာပါ ပြောင်းလဲကြပုံ

ယင်းသို့ မြင့်မိုရ်တောင်မှ နေဝန်း ကွာဝေးသွားသလောက် ကွာဝေးမှုကြောင့် (လတို့မှာ) နေ့တာ (တိုတိုလာ၍) တနေ့ ၁၂-နာရီနှုန်းထားသော စက်နာရီတို့မှာပင်၊ တနေ့ ၃၀-နာရီနှုန်းထားသော ရှေးသုံးနာရီတို့မှာပင်၊ ပုံစံတွေအဆင့်ဆင့်အဖုံဖုံ ပြောင်းလဲကုန်ကြ၍ နေ့တာအချိန်တွေလည်း ညဘက်သို့ ဝင်ဝင်သွားတော့ရာ နံနက်အရုဏ်တက်ချိန်နှင့် နေထွက်ချိန်တို့ပါ ချုပ်ကိုင်၍ မရတော့ပဲ ပြောင်းလဲကုန်ကြတော့သည်။

ဤကား အဝေးသွား ခရီးဝင် ဝါခေါင်လမှ ပြာသိုလအထိ ၆-လတို့၌ နေဝန်းထွက်ခါနေချိန်တွင် တလမှ နောက်တလသို့ ရောက်ချိန်တိုင်း မူလသွားနေရာ မြင့်မိုရ်တောင်အနီးမှ ခရီးဝေးကွာသွားပုံတို့ကို သဲကွဲစွာသိသာနိုင်အောင် ယူဇနာ၊ မိုင်နှုန်း ၂-နှုန်းတို့ဖြင့် အဝေးသွား ၆-လအတွက် ကွက်ကွက်ကွင်းကွင်း ထင်အောင် တင်ပြပေးခြင်းတည်း။

အလားတူ အနီးသွားခရီးဝင် ၆-လတို့၌ (ဝါ) တပို့တွဲလမှ ဝါဆိုလထိ ၆-လတို့၌ အဝေးဆုံးမှ တဖြည်းဖြည်းပြန်နီးလာရာမှာလည်း နီးပုံခရီးချင်းမတူပုံကို သိရှိဘို့လိုသေးရာ ဆက်၍ တင်ပြပါအံ့။

### အနီးခရီးပြန်လာ ၆-လ၌ အနီးခရီးချင်း မတူပုံများ

၁။ တပို့တွဲနှင့်တပေါင်းလတို့၌ စကြဝဠာတောင်ကြီးဘက်မှ မြင့်မိုရ်တောင်ဘက်သို့ ပြန်ဆုတ်လာချိန်မှာ မြင့်မိုရ်တောင်နှင့် ယူဇနာအားဖြင့် ၁၈-သန်းခေါ် တကုဋေနှင့် ရှစ်သန်းကွာ၍ မိုင်အားဖြင့် ၁၀-ကုဋေနှင့် ၂-သန်းကျော် ကွာဝေးရာသို့ရောက်ရှိနေရာ ယင်းယူဇနာနှင့်မိုင်တို့ ကုဋေချီဝေးရာမှ ပြန်ဆုတ်လာချိန်မှာ တနေ့ကို ယူဇနာ(တသိန်း)နှုန်း၊ မိုင်အားဖြင့် တသန်း၊ ၂-သိန်းကျော်နှုန်းဖြင့်ပြန်လာရာ တပို့တွဲလကုန်ချိန်မှာ ယူဇနာပေါင်း ၃-သန်းရှိလာ၍ မိုင်အားဖြင့် ၁၇-သန်းကျော် ရှိလာလေပြီ။

၂။ တဖန် ဆက်သွားနေရာ တပေါင်းလကုန်ချိန်မှာ ယူဇနာပေါင်း ၆-သန်းခရီးရောက်လာ၍ မိုင်အားဖြင့် ၃-ကုဋေ၊ ၄-သန်းကျော်ဝေးကွာရာခရီးသို့ ရောက်ရှိနေပေပြီ။

၃။ ထို့နောက် တာကူးလကုန်ချိန်မှာ ယူဇနာ ၉-သန်း ခရီးသို့ ရောက်လာ၍ မိုင်အားဖြင့် ၅-ကုဋေ၊ တသန်းကျော်ခရီးသို့ ရောက်ရှိနေပေပြီ။

၄။ ထို့နောက် ကဆုန်လကုန်ချိန်မှာ ယူဇနာပေါင်း ၁၂-သန်းခရီးသို့ရောက်လာ၍ မိုင်အားဖြင့်မူ ၆-ကုဋေ၊ ရှစ်သန်းကျော်ခရီးသို့ ရောက်ရှိနေပေပြီ။

၅။ ထို့နောက် နယုန်လကုန်ချိန်မှာ ယူဇနာပေါင်း ၁၅-သန်း ခရီးသို့ ရောက်လာ၍ မိုင်အားဖြင့်မူ ရှစ်ကုဋေ၊ ငါးသန်းကျော် ခရီးသို့ ရောက်ရှိနေပေပြီ။

၆။ ထို့နောက် ဝါဆိုလချိန်မှာ ယူဇနာပေါင်း ၁၈-သန်းခေါ် တကုဋေနှင့် ရှစ်သန်းခရီးသို့ ရောက်နေ၍ မိုင်အားဖြင့်မူ ၁၀-ကုဋေနှင့် ၂-သန်းကျော် ခရီးသို့ ရောက်ရှိနေပေပြီ။

ယင်း ဖြတ်သန်းလာသော ခရီးပမာဏအနေတို့ကို ထောက်ဆကြည့်လျှင်ပင် အပြန်ခရီး ၆-လ တို့၌ တလနှင့် တလ နီးလာပုံချင်း မတူပုံကို တွေ့မြင်နိုင်ရာ ယင်းမတူကြသလောက် နေ့ညပြ နာရီတို့က မတူကြတော့၍ နေ့တာနှင့်ညတာ တွေ အတိုအရှည်ဖြစ်လာမှု ပေါ်လာတော့ရာ နေထွက်ပေါ်မှုနှင့် အရုဏ်ထွက်ပေါ်မှုတို့ပါ တလနှင့်တလ၊ တပက္ခနှင့် တပက္ခ၊ တပတ်နှင့် တပတ်၊ တရက်နှင့် တရက်တို့ ကွဲလွဲခြားနားချက်တွေ (ဓမ္မတာအတိုင်း) အသီးသီး ဖြစ်ပေါ်နေတော့၏။

·ဤကား-အဝေးသွားခရီး ၆-လတို့၌ နေဝန်းနှင့်(ဝေးဝေး)သွားသလောက် နေ့တာတို့၏ ညတာက(ရှည်ရှည်)လာသလို ယခု အနီးပြန်ခရီး ၆-လမှာလည်း နေဝန်းနှင့် (နီးနီး)လာသလောက် နေ့တာကပြန်ရှည်လာပြီး ညတာက(တိုတို) သွားပုံနှင့် အသွားခရီး (အလယ်လမ်း) ကြုံ၍ အပြန်ခရီးမှာလည်း (အလယ်လမ်း)အဖြစ်ကြုံကြသော သီတင်းကျွတ်လနှင့် တာကူးလတို့မှာ နာရီ ၂-ပျိုးလုံး နေ့နှင့်ညပါ(တူညီ)ကြတော့ရာ တူညီပုံကို အောက်တွင် တွေ့ပေလတံ့။

**သတိပြုဖွယ်။** ။၆-လသွားခရီး ယူဇနာ ၁၈-သန်း၊ မိုင်အားဖြင့် ၁၀-ကုဋေကျော်နှင့် ၆-လအပြန်ခရီးပြ ယူဇနာနှင့်မိုင်တို့သည် တဲ့တဲ့ကြီး သွားနေသော ခရီးတွေ မဟုတ်ကြပေ၊ စက်ဝိုင်းကြီးပေါ်မှာ လှည့်ပတ်သွားနေသောခရီးတွေဟု သတိပြုပါလေ၊ အောက်၌ အကျယ်ရှင်းပြလတံ့။

## နာရီ ၂-မျိုး အချိန်ချင်း ညှိနှိုင်းပြချက်

ရှေးအစဉ်လာသုံး နာရီအချိန်ပြပမာဏနှင့် ယခုခေတ်သုံးနာရီတို့၏ အချိန်ပြပမာဏမှာ သတ်မှတ်ချက်ချင်းမတူကြ၍ အရေအတွက်ပြထားချက်ချင်း မတူညီ

ကြရာ ဂဏန်းပညာဖြင့် ခွဲခြားယူလျှင် နာရီ ၂-မျိုး၏(တနာရီပြ)ပမာဏချင်း ခန့်မှန်းသိမြင်နိုင်၍ ဂဏန်းနယ်သုံးနည်းဖြင့် ညှိနှိုင်းပြပါအံ့။

### တနေ့တွက်နာရီ ၂-မျိုးပမာဏ

၁။ တနေ့ခေါ် တရက်အတွက် ရှေးသုံး နာရီက နေ့အတွက်နာရီ ၃၀၊ ညအတွက်နာရီ ၃၀-အားဖြင့် တနေ့နှင့် တညခေါ် (တရက်အတွက်) ရှေးသုံး အနေဖြင့် နာရီ ၆၀-သတ်မှတ်ထားရှိသည်။ သတိပြုဖွယ်- ၎င်းနာရီ ၆၀-ထား ချက်သည် ဗေဒင်ပညာနယ်သုံးဖြစ်၍ ယင်း စံနစ်သည် ဗေဒင် ပညာနယ်နှင့် ဆက်စပ်လျက် ရှိပေသည်။

၂။ အနှစ် ၂၀၀-အတွင်မှာ ပေါ်လာသော ယခုခေတ်သုံး စက်နာရီတို့၏ အချိန်ပမာဏမှာ နေ့အတွက် ၁၂-နာရီ၊ ညအတွက် ၁၂-နာရီ နေ့-ည ၂-ခု ပေါင်း တရက်လုံးအတွက် ၂၄-နာရီအဖြစ် သတ်မှတ်ထားရှိပေသည်။

### တနာရီအတွက် နာရီ ၂-မျိုး ညှိနှိုင်းချက်

တနေ့မှာ ရှေးသုံးကနာရီ ၃၀၊ ယခုခေတ်သုံးက ၁၂-နာရီထားရှိရာ ယင်း အချိန်ပြ ၂-မျိုးကို ညှိနှိုင်းလိုက်သော်–

နာရီ ၃၀-ကို ၁၂-နာရီဖြင့် စားကိန်းပြုလိုက်လျှင် တပုံမှာ ၂-နာရီ ဦးစွာ ပေါ်လာသည်။ အကြွင်း ၆-ရှိသေးရာ ရှေးသုံး တနာရီမှာ အသေးစိတ်ပြ (ဗိဇနာ)အားဖြင့် ၆၀-ရှိ၍ အကြွင်း ၆-ကို ၆၀-ဖြင့် မြှောက်သော် (၃၆၀) ရမည်။ ၎င်းကို ၁၂-ပုံပြုထားသော ၁၂-နာရီဖြင့်ထပ်၍စားသော် ၃၀-ရမည်။ ယင်း ၃၀-သည် ဗိဇနာပင်ဖြစ်၍ ယခုခေတ်သုံး စက် ၁-နာရီမှာ ရှေးခေတ်သုံး ၂-နာရီနှင့် ဗိဇနာ ၃၀- ပမာဏရှိနေသည်။

### အပြင်မှာ ဂဏန်းပမာဏချင်း မတူစေကာ အချိန်ပမာဏမှာ တူညီပုံ

ယင်းစက်နာရီ ၁-နာရီမှာ ရှေးနာရီ ၂-နာရီနှင့် ၃၀ ဗိဇနာစွန်းရှိစေကာ အချိန်ပမာဏချင်းကား ညီမျှတူညီနေပေသည်။ အကြောင်းကား- တနေ့အပုံ ၃၀-နှင့် ၁၂-ပုံတို့ကို ညှိနှိုင်းပြထားခြင်းကြောင့် ဖြစ်သည်။

### ၁၂-လတို့၏ နာရီချင်း တွဲယှဉ်ပြချက်

ယင်းနာရီ ၂-မျိုးတို့၏ သဘာဝပမာဏ အရတို့ကို သိမြင်ထားခဲ့သော အထက်၌ဖော်ပြခဲ့ပြီး ၁၂-လတို့၌ နေ၏ခရီးဝေးသွားနှင့်ကြုံသော ၆-လတို့မှာ

နေ့တာနေ့ဟာ (တိုတိုသွား၍) ခရီးနီးသွားနှင့်ကြုံသော ဖေ-လတို့မှာ နေ့တာအဆင့်ဆင့် (ရှည်ရှည်လာပုံကို) ပိုင်းခြားသိမြင်နိုင်အောင် ၁၂-လနှင့် နာရီ ၂-မျိုးတို့ ပိုင်းခြားရှိနေပုံကို ခွဲဝေပြပါအံ့။

## နေအဝေးသွား ကြုံရ-ဒုရ (ဖေ-လ)

ဝါခေါင်လမှ ပြာသိုလထိ ယင်း ဖေ-လတို့မှာ နေဝန်း အဝေးသွားချိန်နှင့် ကြုံတွေ့ရသောလများဖြစ်ကြ၍ နေနှင့် (ဝေးဝေး) ကွာသွားသလောက် နေ့အချိန်ခေါ် နေ့တာတို့မှာ(တိုတို)လာကြပြီး၊ ညတာဘက်သို့ နေ့ဘက်သုံး(နာရီတွေ)အမှောင်ချိန်ဘက်သို့ ပါဝင် သွားသဖြင့် ညအချိန်ခေါ် ညတာတို့မှာ (ရှည်ရှည်)လာကြပုံကို အာရုံထင်လွယ်စေရန် ယင်းနေဝန်း အဝေးသွားချိန်နှင့် ကြုံရသော ဝါခေါင်လမှ ပြာသိုလထိ ဖေ-လတို့၌ နာရီ ၂-မျိုးတို့ (အတိုး-အဆုတ်)ရှိနေပုံတို့ကို ဦးစွာ ဇယားခင်း၍ ရှင်းပြပါဦးအံ့။

———

## နေ၏ အဝေးသွားကြုံရ ဒူရ ၆-လ ဇယား

| ၁ | ၂ | ၃ |
|---|---|---|
| ဝါခေါင်လ၌ | တော်သလင်းလ၌ | သီတင်းကျွတ်လ၌ |
| ၁။ ရှေးနာရီနေ့ ၃၄-နာရီ ၎င်း ည ၂၆ နာရီ<br>၂။ စက်နာရီ နေ့ ၁၃-နာရီ ၃၀-မိနစ်၊ ၎င်းည ၁၀-နာရီနှင့် ၃၀-မိနစ် | ၁။ ရှေးနာရီ နေ့ ၃၂-နာရီ၊ ၎င်းည ၂၈-နာရီ<br>၂။ စက်နာရီ နေ့ ၁၃-နာရီ ၃၀-မိနစ်၊ ၎င်း ည ၁၀-၃၀-မိနစ် | ၁။ ရှေးနာရီ နေ့ ၃၀-နာရီ၊ ၎င်း ည ၃၀-နာရီ<br>၂။ စက်နာရီ နေ့ ၁၂-နာရီ၊ ၎င်း ည ၁၂-နာရီ |

| ၄ | ၅ | ၆ |
|---|---|---|
| တန်ဆောင်မုန်းလ၌ | နတ်တော်လ၌ | ပြာသိုလ၌ |
| ၁။ ရှေးနာရီနေ့ ၂၈-နာရီ ၎င်း ည ၃၂-နာရီ<br>၂။ စက်နာရီ နေ့ ၁၀-နာရီနှင့် ၄၀-မိနစ်၊ ၎င်း ည ၁၃-နှင့် ၂၀-မိနစ် | ၁။ ရှေးနာရီ နေ့ ၂၆-နာရီ၊ ၎င်း ည ၃၄-နာရီ<br>၂။ စက်နာရီ နေ့ ၁၃-နှင့် ၁၀-မိနစ်၊ ၎င်း ည ၁၀ - နှင့် ၅၀-မိနစ် | ၁။ ရှေးနာရီ နေ့ ၂၄-နာရီ၊ ၎င်း ည ၃၆-နာရီ<br>၂။ စက်နာရီ နေ့ ၁၀-နာရီ ၃၀-မိနစ် ၎င်း ည ၁၃-နာရီ ၃၀-မိနစ် |

## နေ၏ အနီးသွားကြုံရ အာသန္န ၆-လ ဇယား

| ၁ | ၂ | ၃ |
|---|---|---|
| တပို့တွဲလ၌ | တပေါင်းလ၌ | တန်ခူးလ၌ |
| ၁။ ရှေးနာရီ နေ့ ၂၆-နာရီ ၎င်း ည ၃၄-နာရီ | ၁။ ရှေးနာရီ နေ့ ၂၀-နာရီ၊၎င်း ည ၃၂-နာရီ | ၁။ ရှေးနာရီ နေ့ ၃၀-နာရီ၊၎င်း ည ၃၀-နာရီ |
| ၂။ စက်နာရီ နေ့ ၁၀-နာရီနှင့် ၅၀-မိနစ်၊ ၎င်း ည ၁၃-နှင့် ၁၀-မိနစ် | ၂။ စက်နာရီ နေ့ ၁၃-နှင့် ၂၀-မိနစ်၊ ၎င်း ည ၁၀-၄၀- မိနစ် | ၂။ စက်နာရီ နေ့ ၁၂-နာရီ၊၎င်း ည ၁၂-နာရီ |
| ၄ | ၅ | ၆ |
| ကဆုန်လ၌ | နယုန်လ၌ | ဝါဆိုလ၌ |
| ၁။ ရှေးနာရီ နေ့ ၃၂-နာရီ ၎င်း ည ၂၈-နာရီ | ၁။ ရှေးနာရီ နေ့ ၃၄-နာရီ၊ ၎င်း ည ၂၆-နာရီ | ၁။ ရှေးနာရီ နေ့ ၃၆-နာရီ၊၎င်း ည ၂၄-နာရီ |
| ၂။ စက်နာရီ နေ့ ၁၃- နှင့် ၄၀-မိနစ်၊၎င်းည ၁၀-နှင့် ၂၀-မိနစ် | ၂။ စက်နာရီ နေ့ ၁၃-၅၀-မိနစ်၊ ၎င်း ည ၁၀ - နှင့် ၁၀-မိနစ် | ၂။ စက်နာရီ နေ့ ၁၄-နှင့် ၃၀-မိနစ် ၎င်းည ၉-နှင့် ၃၀-မိနစ် |

## အထက်ပါအချက်ကိုခြုံ၍ ဆစ်ပိုင်းပြချက်

၁။ နေ့သည် မြေပြင်အထက် ယူဇနာအားဖြင့် ၄၂၀၀၀၊ မိုင်အားဖြင့် (၅၃၄၅၇၅)မိုင်နှင့် ၃-ဖာလုံ၊ ၂၅-ပိုလ်၊ ၅-တောင်ရှိ အမြင့်မှ ဤလောက ကြီးကို (အလင်း)ပေးနေသည်။

၂။ ယင်း နေသွား-လာ လှည့်ပတ်ရာ နယ်(အကျယ်မှာ) မြင့်မိုရ်နှင့် စကြ ဝဠာအကြား (အထက်၌ပြခဲ့ပြီး) ယူဇနာအားဖြင့် ၁၂-သိန်း၊ ၃-ထောင်ကျော် မိုင်အားဖြင့် ၁၅-သန်း၊ ၃ သိန်း၊ ၁-သော ်င်းကျော် နယ်အတွင်းမှာ ခွါထွက် လိုက် ပြန်လာလိုက်လုပ်ကာ သွားလာနေ၏။

၃။ ၎င်းလှည့်ပတ်ရာ အဝန်း အဝိုင်းကြီး ပမာဏမှာ ယူဇနာအားဖြင့် ၃၆-သိန်း၊ တသောင်းကျော်ရှိ၍ မိုင်အားဖြင့် ၄၅၉-သိန်းနှင့် ၄-သောင်း ၉-ထောင်ကျော်ရှိ၍ အဝန်းကြီးထဲမှာ ၆-လစီခွဲ၍ အထွက်အဝင် လုပ်နေသည်။

၄။ ယင်း နေသည် (တရက်မှာ) ယူဇနာအားဖြင့် (၁၀၀၀၀၀) တသိန်း ကျသွားနှုန်းရှိ၍ မိုင်အားဖြင့် ၁၂-သိန်း၊ ၇-သောင်း၊ ၂-ထောင်ကျော် ရှိနေ သည်။

၅။ နေ့နှင့်ညခွဲယူသော် နေ့ဘက်၌ ယူဇနာ ၅-သောင်းအထိသွားနေသလို ညဘက်မှာလည်း ယူဇနာ ၅-သောင်းအထိပင်သွားနေရာ မိုင်အားဖြင့် နေ့ဘက် မှာ ၆-သိန်း၊ ၃-သောင်း၊ ၆-ထောင်၊ ၃-ရာကျော်ရှိသလို ညဘက်မှာလည်း အလားတူ ၆-သိန်း၊ ၃-သောင်း၊ ၆-ထောင်၊ ၃-ရာကျော် ပမာဏ သွားနေ လေသည်။

၆။ ထိုနှုန်းအရ (တလ) သွားခရီးမှာ ယူဇနာအားဖြင့် သိန်း ၃၀-သွား သဖြင့် မိုင်အားဖြင့် ၁၇၁-သိန်းနှင့် ၇-သောင်း၊ ၈-ထောင်၊ ၉-ရာကျော် ရှိနေပေသည်။

၇။ ထိုနှုန်းအရ (၆-လ)သွား ခရီးမှာ ယူဇနာအားဖြင့် သိန်းပေါင်း ၁၈၀-ရှိ၍၊ မိုင်အားဖြင့် သိန်းပေါင်း ၂၂၃၀-နှင့် ၇-သောင်း၊ ၃-ထောင်၊ ၅-ရာကျော် ရှိနေပေသည်။

၈။ ထိုနှုန်းသွားအရ (တနာရီမှာ) ယူဇနာအားဖြင့် (၄၁၆၆) ယူဇနာ သွားနေ၍ မိုင်အားဖြင့် (၅၃၀၂၆)မိုင်ကျော် သွားနေသည်။

၉။ တဖန် (တမိနစ်မှာမူ) ယူဇနာအားဖြင့် (၆၉) ယူဇနာသွားနေ၍ မိုင် အားဖြင့် (၈၈၃)မိုင်ကျော် သွားနေသည်။

၁၀။ တဖန် (တစက္ကန့်)မှာမူ ယူဇနာအားဖြင့်(၁)ယူဇနာကျော်သွားနေ၍ မိုင်အားဖြင့် (၁၄)မိုင်နှင့် ၅-ဖာလုံ၊ ၂၉-ပိုလ်၊ ၇-တောင်နှင့် ၂-မိုက်ခေါ် တပေပမာဏမျှ သွားနေလေသည်။

## ၆-လ ထွက် ဝင် ခရီးသွားပုံ

၁။ အထက် နံပါတ် ၂-လာ နေဝန်းလှည့်ပတ်ရာနယ် (အကျယ်) ယူဇနာအားဖြင့် ၁၂-သိန်း၊ ၃-ထောင်ကျော်၊ မိုင်အားဖြင့် ၁၅-သန်း၊ ၃-သိန်း၊ ၁-သောင်းကျော်ရှိ၍ လှည့်ပတ်ရာ အဝန်းကြီး ပမာဏမှာ ယူဇနာအားဖြင့် ၃၆-သိန်း တသောင်းကျော်၊ မိုင်အားဖြင့် ၄၅၉-သိန်းနှင့် ၄-သောင်း၊ ၉-ထောင်ကျော်ရှိ နယ်ကြီးအတွင်းမှာ ၆-လထွက်ခွါ၍ ၆-လ ပြန်ဝင်လာပုံမှာ– ဥပမာပြရသော် ယခုခေတ်သုံးအသံသွင်းဓာတ်ပြားရှိ(အပ်ကြောင်းများ)ကဲ့သို့ အပ်ကြောင်းအစနေရာဓာတ်ပြား၏ အလယ်ကွက်လပ်(နံဘေးမှ)စပြီး တဖြည်းဖြည်း ဓာတ်ပြားဝိုင်း(နခမ်း)ဘက်မှာ ဆုံးသွားသလို မြင့်မိုရ်တောင်ခါးပန်းမှ စထွက်၍ တဖြေးဖြေး ဓာတ်ပြားပေါ်ရှိ အပ်ကြောင်းများအပေါ် (အပ်က) သွားနေသလို နေဝန်းသည်လည်း အလားတူ မြင့်မိုရ်တောင်ကို လှည့်ပတ်ကာ ယူဇနာအားဖြင့် ၃၆-သိန်း တသောင်းကျော်၊ မိုင်အားဖြင့် ၄၅၉-သိန်းနှင့် ၄-သောင်း၊ ၉-ထောင်ကျော်ရှိ စကြဝဠာ ဓာတ်ပြားနယ်ကြီး ပေါ်မှာ အပ်ကြောင်းတွေပေါ် အပ်သွားနေသလို အကြိမ်ကြိမ်လှည့်ပတ်ကာ ၃-လမ်း ပိုင်းခြားပြီး သွားနေပေသည်။

## ၃-လမ်း ပိုင်းခြားပုံ

၁။ နေသည် မြင့်မိုရ်တောင် အနီးမှ ထွက်ခွါရာတွင် အစပိုင်း၊ အလယ်ပိုင်း၊အဆုံးပိုင်းဟု လမ်း ၃-လမ်းရှိနေသည်။ အစပိုင်းထွက်ခွါချိန်သည် ဝါခေါင်လဆန်း ၁-ရက်ဖြစ်၍ ယင်းဝါခေါင်လဆန်း ၁-ရက်နေ့သွား ယူဇနာ တသိန်းခရီးနှင့်ဝါခေါင်လဆန်း ၂-ရက်နေ့သွား ယူဇနာတသိန်းခရီးတို့မှာ အရေအတွက် တသိန်းချင်း (တူစေကာ) ဓာတ်ပြားစက် အပ်ကြောင်းပေါ်က အပ်ကြောင်း လမ်းတို့မှာ ဓာတ်ပြားတချပ်ပေါ်မှာရှိကြစေကာ အပ်ကြောင်းတပတ် ပမာဏချင်းမှာ (မတူကြသလို) ဝါခေါင်လဆန်း ၁-ရက်နေ့သွား ခရီးပမာဏနှင့် ၂-ရက်နေ့သွား ခရီးပမာဏတို့မှာ အပ်ကြောင်းလမ်း အကျဉ်းနှင့် အကျယ်ကွာ၍ အတိုနှင့်အရှည်ပမာဏချင်း မတူညီကြသလို အကျဉ်း အကျယ်၊ အတို အရှည် ပမာဏတို့ မတူညီနိုင်ကြတော့ပေ။

၂။ ယင်းသဘာဝအရ ဝါခေါင်လကွယ်နေ့ရောက်၍ ရက်ပေါင်း ၂၉-ရက်၊ တနည်း ၃၀-ရက်ရှိလာချိန်မှာ ယူဇနာပေါင်း ၂၉-သိန်း၊ (ဝါ) သိန်း ၃၀-ရှိလာ၍ လဆန်း ၁-ရက်နေ့က အခြေအနေနှင့် လုံးဝမတူကြတော့ပေ။

အလားတူ ဝါခေါင်လကုန်၍ တော်သလင်း လဆန်း ၁-ရက်နှင့် တော်သတင်းလကွယ်နေ့ အချိန်တို့မှာလည်း ဓာတ်ပြား အပ်ကြောင်းချင်း တဖြည်းဖြည်း (တို-ရှည်) ကွာကွာ သွားသလို ကွာသွားလျက်ရှိနေ၍ တလအတွင်းရှိရက် ၃၀-တို့၌ နေအထပ်ထပ်လှည့်သွားချက် ပမာဏချင်း(မတူညီကြ၍) ယင်းရက် ၃၀ တို-ရှည် ပမာဏချင်းမှာလည်း (မတူညီကုန်ကြ)ဟု သိမြင်နိုင်သည်။ ယင်း ဝါခေါင်နှင့် တော်သလင်း ၂-လတို့ ရောက်နေချိန်သည် နေဝန်းအထွက်ခရီး၏ (အစလမ်းချိန်)ဟု သိမှတ်ရာ၏။

၃။ ယင်းအစ ၂-လတို့ကုန်၍ ၃-လမြောက်ဖြစ်သော သီတင်းကျွတ်လသို့ ရောက်ရှိချိန်အရ (အလယ်လမ်းချိန်)သို့ ရောက်ရှိနေချိန်ဟု သိမှတ်ရာ၏၊ ထိုလကုန်ချိန်တွင် လ,အားဖြင့် ၃-လ၊ ရက်အားဖြင့် ၉၀-ရှိနေ၍ နေဝန်းသွားခဲ့သော ခရီးယူဇနာပေါင်းလည်း သိန်း ၉၀-ရှိလာလေပြီ၊ မိုင်အားဖြင့် ၂၂၃၀-သိန်းနှင့် ၇-သောင်း၊ ၃-ထောင်၊ ၅-ရာကျော်ခရီးသို့ ရောက်ရှိနေလေပြီ၊ တာကူးလသည်လည်း ဤအလယ်လမ်းချိန်နှင့် တိုက်ဆိုင်ပေယတံ့။

၄။ ထို့နောက် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို ၃-လတို့မှာ(အဆုံးပိုင်းလမ်း)ဖြစ်သော စကြဝဠာတောင်ကြီးဘက်သို့ နေဝန်းဆက်၍ ခွါထွက်ရာ ၃-လတို့ ဖြစ်ပေသည်။ ယင်း ၃-လ၊ ရက် ၉၀-မှာလည်း ယူဇနာအားဖြင့် သိန်း ၉၀-ရှိပြန်၍ မိုင်အားဖြင့် ၂၂၃၀-သိန်းနှင့် ၇-သောင်း၊ ၃-ထောင်၊ ၅-ရာကျော် ခရီးသို့ ရောက်ရှိနေလေပြီ။

## အပြန်ခရီး ကြုံတွေ့ပုံ

၅။ နေဝန်းသည် (အဆုံးပိုင်းလမ်းသို့)ရောက်ရှိနေပြီဖြစ်၍ မြင့်မိုရ်တောင်ရှိရာဘက်သို့ ပြန်ဆုတ်ရတော့မည်။ ထိုအချိန်သည် (ပြာသိုလ) ကုန်ချိန်သို့ ရောက်ရှိနေလေပြီ။

၆။ ပြာသိုလ ကုန်သွားသဖြင့် ဝါခေါင်လဆန်း ၁-ရက်မှ ပြာသိုလကုန်အထိ လအားဖြင့် ၆-လ၊ ရက်အားဖြင့် ၁၈၀-ရှိလာရာ အကျယ်သွား (အပ်ကြောင်းများကဲ့သို့)အတိုမဟုတ်ပဲ အရှည်ပမာဏတို့ဖြင့်သာ တွက်ယူရပေမည်။

၇။ ယခု အမျှည်ပမာဏလမ်းကြောင်းတို့မှ အတိုပမာဏရှိလမ်းကြောင်းတို့ အတိုင်း လှည့်ပတ်ကာ ပြန်လာရမည့်အချိန်နှင့် ကိစ္စဖြစ်နေပြီ။

၈။ ယင်းသဘာဝအရ ပြာသိုလကုန်သွားသဖြင့် တပို့တွဲလဆန်း ၁-ရက်က စ၍ ပြန်ရမည့်အချိန်တွင် ခရီးဝေးယူဇနာ သိန်း ၉၀-ရှိ၍ မိုင်အားဖြင့် သိန်းပေါင်း ၂၂၇၀-နှင့် ၇-သောင်း၊ ၃-ထောင်၊ ၅-ရာကျော်ခရီးမှ ပြန်ဆုတ်ရမည် ဖြစ်ရာ နယုန်လထိ ၅-လ ရက်အားဖြင့် ၁၅၀၊ ယူဇနာအားဖြင့် သိန်းပေါင်း ၁၅၀၊ မိုင်အားဖြင့် ၈၅၈-သိန်းနှင့် ၉-သောင်း၊ ၄-ထောင်၊ ၆-ရာကျော်ခရီးကို အပြန်ခရီးဖြစ်၍ တဖြေးဖြေး(ကျဉ်းကျဉ်းသွားကာ)ပြန်ဆုတ်ရမည်ဖြစ်၍ ယင်း တပို့တွဲလဆန်းတရက်မှ တပေါင်းလကုန်ထိ ၂-လ ရက်အားဖြင့် ၆၀၊ခရီးပမာဏ အားဖြင့် ယူဇနာသိန်းပေါင်း ၆၀၊ မိုင်အားဖြင့် သိန်းပေါင်း ၃၄၃-သိန်းနှင့်၊ ၅-သောင်း၊ ၇-ထောင်၊ ၈-ရာကျော်ခရီးသို့ ပြန်ဆုတ်ရောက်ရှိနေချိန်ဖြစ်သည်။ ယင်း ၂-လခရီးကိုလည်း (အတိုဘက်သွား)ခရီးအဖြစ် တွက်ယူရပေမည်။ ယင်း တပို့တွဲနှင့် တပေါင်း ၂-လခရီးသည် အပြန် ခရီးတွင် (အစပိုင်းခရီးလမ်း) ဖြစ်သည်။

၉။ ယင်း တပေါင်းလကုန်သွား၍ တာကူးလဘန်းသို့ ရောက်လာချိန်တွင် အပြန်ခရီးထွက်ခွါစဉ်က (အလယ်လမ်းအဖြစ် သတ်မှတ်ခဲ့သောနေရာသို့ တဖန် ပြန်ရောက်ရှိလာချိန်ဖြစ်ရာ၊ယင်း တာကူးလဆန်းတရက်မှ လကုန်အထိ အချိန်ကို (အလယ်လမ်းမှာ)သွားနေချိန်ဟု (တနည်း)အလယ်ပိုင်းခရီးလမ်းမှာ သွားနေ ချိန်ဟု မှတ်ယူရာ၏။

ယင်းအပြန်ခရီး၌ တပို့တွဲလမှ တာကူးလအထိ ၃-လကုန်ချိန်တွင် ရက်ပေါင်း ၉၀၊ ခရီးပမာဏမှာ ယူဇနာအားဖြင့် သိန်း ၉၀၊ မိုင်အားဖြင့် သိန်းပေါင်း ၂၂၇၀-နှင့် ၇-သောင်း၊ ၃-ထောင်၊၅-ရာကျော် ခရီးသို့ ရောက်ရှိနေလေပြီ။

၁၀။ ယင်းတာကူးလကုန်၍ ကဆုန်လဆန်း ၁-ရက်မှ နယုန်လကွယ်ထိ ၅-လ ရောက်ချိန်မှာ အတွင်းခရီးဘက်သို့ ယူဇနာအားဖြင့် သိန်းပေါင်း ၁၅၀-ရှိ၍ မိုင်အားဖြင့် သိန်းပေါင်း ၈၅၈-သိန်းနှင့် ၉-သောင်း၊ ၄-ထောင်၊ ၆-ရာကျော် ခရီးသို့ ပြန်ရောက်လာပေပြီ။

ယင်းယူဇနာသိန်းပေါင်း ၁၅၀၊ မိုင်အားဖြင့် သိန်းပေါင်း ၈၅၈-သိန်းနှင့် ၉-သောင်း၊ ၄-ထောင်၊ ၆-ရာကျော်ခရီးတို့ကို တွက်ယူရာ၌ ခေတ်ပြားပေါ်က အပ်ကြောင်းတွေရှိနေသလို (အကျယ်မှာအကျဉ်းဘက်သို့) နောက်ပြန်တိုင်းယူ ရသလို တိုင်းယူရမည်ဖြစ်၍ အသွားခရီး တိုင်းယူရမှုနှင့်မတူပဲ (ပဋိလောမ) ပြောင်းပြန်တိုင်းယူနည်းအတိုင်း တိုင်းယူရပေမည်။

၁၁။ ထို့နောက် နယုန်လကုန်၍ ဝါဆိုလဆန်း ၁-ရက်သို့ရောက်လာသော် မြင့်မိုရ်တောင်အနီးဘက်သို့ရောက်လာ၍ မူလသွားမြဲလမ်းအစသို့ ပြန်ရောက်လာပေပြီ။ ဝါဆိုလပြည့်ချိန်တွင် မူလသွားမြဲ သွားလမ်းပေါ်သို့ ပြန်ရောက်လာ၍ အပြန်လမ်း၏အဆုံးပိုင်းသို့ ရောက်ရှိနေလေပြီ။

## နေအလင်း အားအကောင်းဆုံးအချိန်

ယင်း ဝါဆိုလပြည့်ချိန်သည် နေလမ်း၏ (မူတည်လမ်း)သို့ ရောက်ရှိချိန်ဖြစ်၍ လူ့နယ်နှင့်နီးသော မြင့်မိုရ်တောင် ခါပန်းပေါ်က နေဝန်းသွားနေခွင့်ကြုံသဖြင့် (နေ့ဘက်မှာ)အလင်းဓာတ်က အားကောင်းသလို လပြည့်ချိန်ဖြစ်လာ (ညဘက်မှာလည်း) လဝန်း၏အလင်းဓာတ် အားကောင်းချိန်နှင့် ဆုံနေကြုံနေ၍ (နေ့ရောညပါ)ဤလောကကြီးမှာ အလင်းဓာတ် (အားအကောင်းဆုံး)အချိန်ဖြစ်ပေသည်။

## အလင်းရှင်ဘုရားလောင်းများ လူ့ပြည်၌ ပဋိသန္ဓေယူချိန်

ဤသို့ လောက၏ဓာတ်မီးကြီးသဖွယ်ဖြစ်သော နေဝန်းကြီးသည် (၁၁)လ ခရီးပြင်းနှင့်နေရာမှ အနားယူချိန်ဖြစ်သော ၁၂-လမြောက် ဝါဆိုလမှာ လူ့လောကအနီးမှ အလင်းပေးခွင့်ကြုံချိန်ဖြစ်၍ လူ့လောကကြီးကို အမှောင်တွေခွင်းကာ အလင်းဓာတ်ကြီးအပြည့်အဝ ပေးရချိန်နှင့်ကြုံခိုက်၊ လဝန်းကလည်း ညဘက်တွင် အမှောင်ခွင်း၍ အလင်းဓာတ်ကြီး အပြည့်အဝ ပေးရချိန်နှင့် ကြုံခိုက်၊ ရာသီအားဖြင့် ကရကဋ်ရာသီ၊ နက္ခတ်အားဖြင့် အာသဠ် နက္ခတ်နှင့် ယှဉ်ချိန်တွင် လောကသုံးပါးတို့၏ အထွတ်ဖြစ်လာမည့် သမ္မာသမ္ဗုဒ္ဓ ဘုရားလောင်းတို့ပင် ဤလ-ဤနက္ခတ် ယှဉ်ချိန်တွင် ပဋိသန္ဓေယူကြောင်း ကျမ်းဂန်တို့က ညွှန်ပြကြသည်။

## ပါဠိ ကျမ်းဂန်လာများ

၁။ ဗုဒ္ဓဝံသအဋ္ဌကထာ-ဂေါတမဗုဒ္ဓဝံသဝဏ္ဏနာ စာမျက်နှာ ၃၁၈-နှင့် ၃၁၉-တို့၌-

> မဟာသတ္တော မဟာမာယာယ ဒေဝိယာ ကုစ္ဆိသ္မိံ ဥတ္တရာသာဠ္ဟ-နက္ခတ္တေန ပဋိသန္ဓိံ ဂဏှိ-ဟု လာရှိချက် တာ။

၂။ ထို့ပြင် ဒီဃနိကာယ-မဟာဝဂ္ဂအဋ္ဌကထာ မဟာပဒါနသုတ် ဗောဓိသတ္တဓမ္မတာဝဏ္ဏနာ စာမျက်နှာ ၂၃-မှာလည်း-

ယထာစ အမှာကံ ဘဂဝါ၊ ဝေံ သောပိ အာသဠှိပုဏ္ဏမာယံ ဥတ္တရ
သာဠ္ဌနက္ခတ္တေနေဝ ပဋိသန္ဓိံ အဂ္ဂဟေသိ-ဟုလာရှိချက်တခု။

၃။ ထို့ပြင် မဇ္ဈိမနိကာယ- ဥပရိပဏ္ဏာသအဋ္ဌကထာ- အစ္ဆရိယအဗ္ဘုတ သုတ် စာမျက်နှာ ၁၂၄-မှာလည်း-

သော ဗောဓိသတ္တော ပဋိသန္ဓိံ ဂဏှန္တော ပန အာသဠှိပုဏ္ဏမာယံ-
ဥတ္တရာသာဠ္ဌနက္ခတ္တေန အဂ္ဂဟေသိ၊

ဟု လာရှိချက် တခု၊ ယင်း ၃-ကျမ်းလာ အရတို့မှာလည်း ဝါဆိုလပြည့် ဥတ္တရာသာဠ္ဌနက္ခတ်နှင့် ယှဉ်ချိန်မှာပင် ဘုရားလောင်း ပဋိသန္ဓေ ယူကြောင်း တပုံစံတည်း ဆိုထားလေသည်။

## တောထွက်တော်မူချိန်မှာလည်း ဝါဆိုလပြည့်

ထို့ပြင် သက်တော် ၂၉-နှစ်ရှယ် ရောက်၍ ရာဟုလမာတာ အမူးရှိသော မောင်းမပေါင်း(သုံးသောင်း)ခြံရံနေသော နန်းစည်းစိမ်စွန့်ပစ်ပြီး ရဟန်းပြုရန် တောထွက်ချိန်သည်လည်း ဤဝါဆိုလပြည့်နေ့ပင် ဖြစ်ကြောင်းကို-

မဟာပုရိသော ဥတ္တရာသာဠ္ဌနက္ခတ္တေနေဝ မဟာဘိနိက္ခမနံ နိက္ခမိ-
ဟု ဒီဃနိကာယ-မဟာဝဂ္ဂအဋ္ဌကထာ မဟာပဒါနသုတ် စာမျက်နှာ ၁၈-၌ပင် လာရှိလေသည်။

## ဓမ္မစကြာ ဟောကြားချိန်

ထို့နောက် ၆-နှစ်ကြာ ဒုက္ကရစရိယမှ မဇ္ဈိမပဋိပဒါ အကျင့်သို့ ကူးပြောင်း ကျင့်သုံး၍ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်ရှိလာချိန် တရားဦး ဓမ္မစကြာကို ဟောညွှန်သောအချိန်မှာလည်း ဤဝါဆိုလပြည့်နေ့မှာပင် ဟောညွှန်ကြောင်းကို ဝိနယ-မဟာဝဂ္ဂအဋ္ဌကထာ-မဟာခန္ဓက-ပဗ္ဗဇ္ဇာကထာ- ၂၄၆ ၌-

အာသဠှိပုဏ္ဏမာယ အဋ္ဌာရသဟိ ဒေဝတာကောဋိဟိ သဒ္ဓိံ သောတာ
ပတ္တိဖလေ ပတိဋ္ဌိတာယ ဟောိ ဘိက္ခုတိ-

ဟု လာရှိသဖြင့် ဤ ဝါဆိုလပြည့်နေ့မှာပင် ဓမ္မစက္ကသုတ်ကို ဟောညွှန် ကြောင်းနှင့် အာဒိကမ္မိက အရိယာခေါ် ဗုဒ္ဓတဆူပေါ်လာချိန် လူသားထဲမှ အစဦးဆုံးအရိယာအဆင့်သို့ စတင်ကူးတက်နိုင်သူတို့မှာလည်း ဤဝါဆိုလပြည့် အခါတော်နေ့မှာပင် ကူးတက်ကြောင်းကို သိရှိအပ်ပေသည်။

အထက် မဟာပဒါနသုတ် အဖွင့်မှာလည်း ဓမ္မစက္ကသုတ် ဟောချိန်ကို ဤ ဝိနယအဋ္ဌကထာနှင့် အလားတူပင် ပြညွှန်ထားပေသည်။

## ယမကပါဋိဟာရိယ တန်ခိုးတော်ပြချိန်

ထိုသို့ ဘုရားဖြစ်တော်မူလာပြီး ၆-ဝါရအချိန်မှာ အလွန်ဆိုးဝါး ယုတ်မာကြ၍ ဗုဒ္ဓပျက်စီးကြောင်းကို အစုအသင်းကြီးဖြင့် ပြုလုပ်နေကြသည့် မိစ္ဆာဒိဋ္ဌိအဖွဲ့ကြီးနှင့် သာဝကစာရင်းဝင် ဗုဒ္ဓကိုမြတ်နိုးနေကြသော ဘုရင်ကအစ တောကျေးလက်သား အပါအဝင် ဗုဒ္ဓပရိသတ်ကြီးအား တန်ခိုးပြာဋိဟာပြရသော အခါသည်လည်း ဤဝါဆိုလပြည့်နေ့ပင် ဖြစ်ကြောင်းကို–

၁။ ရာဇာ သတ္ထာရံ ပုစ္ဆိ ဘန္တေ ကဒါ ပါဋိဟာရိယံ ကရိဿထာတိ၊ ဣတော စတုမာသစ္စယေန အာသဠိပုဏ္ဏမာယံ-ဟူ၍ရှင်း။
၂။ သတ္ထာ အာသဠိပုဏ္ဏမဒိဝသေ အန္တော နဂရံ ပါဝိသိ၊ ရညောပိ ဉယျာနပါလော ကဏ္ဍောနာမ-သတ္ထာ ပါဋိဟိရံ ကရောန္တော ဝ ကတ္ထ နုခေါ အတီတဗုဒ္ဓါ ဣဒံ ပါဋိဟိရံ ကတွာ ဝဿံ ဥပေန္တီတိ အာဝဇ္ဇေတွာ တာဝတိံသဘဝနေ ဝဿံ ဥပဂန္တွာ မာတု အဘိဓမ္မပိဋကံ ဒေသေန္တီတိ-ဟူ၍ရှင်း။

ဓမ္မပဒအဋ္ဌကထာ- ဒုတိယတွဲ၊ ဗုဒ္ဓဝဂ်- ဒေဝေါရောဟဏဝတ္ထု စာမျက်နှာ ၁၃၄-မှ ၁၄၀-အတွင်း အကျယ်လာရှိလေသည်။

ဆိုလိုသည်မှာ ဘုရားဖြစ်လာ၍ ၆-ဝါရချိန် (ဗုဒ္ဓတို့ဓမ္မတာအရ) တန်ခိုးတော်ပြရန် ကျရောက်လာချိန် သည်လည်း ဤဝါဆိုလပြည့်နေ့ပင် ဖြစ်သည်ဟု ဆိုလိုသည်။

## ဝါဆို ဝါကပ်ချိန်

ထို့နောက် သာသနာတော်မှာ သာသနာ့အမွေ ခံယူလာကြသော ဥပသမ္ပဒရဟန်းတော်တွေ တိုးပွားလာချိန်မှာ မိုးတွင်း၌ ငှက်များနှင့် တိတ္ထိယပရိဗိုဇ်တို့သည်ပင် မိုးခိုမှု၊ မိုးကြောင့် ဆိတ်ငြိမ်ရာယူမှုတို့ ပြုလုပ်ကြသလို ဗုဒ္ဓသာဝက ဥပသမ္ပဒရဟန်းတို့သည်လည်း "ဝဿာဝါသ"ခေါ် မိုးခိုမှု၊ (ဝါ) မိုးကာလနေရာယူမှုတို့ ပြုလုပ်ရန်အကြောင်း ပေါ်လာချိန်မှာ ဘုရားရှင်ရွေးချယ်ပေးသော ဝဿာဝါသ အချိန်မှာလည်း–

ဒွေမာ ဘိက္ခဝေ ဝဿူပနာယိကာ ပုရိမိကာ၊ ပစ္ဆိမိကာ၊ အပရဇ္ဇုဂတာယ အာသဠိယာ ပုရိမိကာ ဥပဂန္တဗ္ဗာ၊ မာသဂတာယ အာသဠိယာ ပစ္ဆိမိကာ ဥပဂန္တဗ္ဗာ၊ ဣမာခေါ ဘိက္ခဝေ ဒွေ ဝဿူပနာယိကာတိ-

ဟု ဝိနယ-မဟာဝဂ္ဂပါဠိတော် ဝဿူပနာယိကက္ခန္ဓက စာမျက်နှာ ၁၉၂-၌ လာရှိလေသည်။

**အနက်ပြန်သော်-** ဘိက္ခဝေ၊ ဥပသမ္ပဒဘိက္ခုတို့၊ (ဝါ)ရဟန်းတို့။ ဝဿူပနာယိကာ၊ ဝါကပ်ကိစ္စတို့သည်။ (ဝါ) မိုးလ၌မိုးကပ်ပြုရန် ကိစ္စနှင့် အချိန်တို့သည်။ ပုရိမိကာ၊ ပုရိမဝါကပ်တကိစ္စ။ (ဝါ) ရှေ့ပိုင်းမိုး မိုးကပ်ပြုရန်တကိစ္စ။ ပစ္ဆိမိကာ၊ ပစ္ဆိမဝါကပ်တကိစ္စ။ (ဝါ) နောက်ပိုင်းမိုး မိုးကပ်ပြုရန် တကိစ္စ။ ဣမာ၊ ဤယခုညွှန်ပြအပ်ကုန်သော။ ဒွေ၊ ၂-ကိစ္စတို့ ဖြစ်ကုန်၏။

အာသဠှိယာ၊ ဝါဆိုလ၏။ အပရဇ္ဇုဂတာယ၊ အထွက်တရက်နေ့ခေါ် ဝါဆိုလဆုတ်တရက်နေ့၌။ ပုရိမိကာ၊ ပုရိမဝါကို။ (ဝါ) ရှေ့ပိုင်းမိုး မိုးကပ်မှုကို။ ဥပဂန္တဗ္ဗာ၊ မိုးကပ်သင့်၏ မိုးကပ်ပါလော။

အာသာဠှိယာ၊ ဝါဆိုလဆုတ်တရက်မှ။ မာသဂတာယ၊ တလလွန်မြောက်ချိန် ဝါခေါင်လဆုတ်တရက်နေ့၌။ပစ္ဆိမိကာ၊ ပစ္ဆိမဝါကို၊ ဝါသို့။ (ဝါ) နောက်ပိုင်းမိုး မိုးကပ်မှုကို။ ဥပဂန္တဗ္ဗာ၊ မိုးကပ်သင့်၏ မိုးကပ်ပါလော။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝဿူပနာယိကာ၊ ဝါကပ်ကိစ္စ ၂-ခုတို့ဟူသည်၊ မိုးလ၌ မိုးကပ်မှုပြုရန်ကိစ္စနှင့် အချိန်တို့ဟူသည်။ ဣမာ ခေါ ဒွေ၊ ဤဖော်ပြအပ်သော ၂-ကိစ္စ၊ ၂-ချိန်တို့ပေတည်း။

## အထူးသတိပြု မှတ်ဖွယ်

သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၏ အနောက်ရပ် တခေါ်မျှရှိ ဒေဝဒတ် မြေမျိုရာဌာနမှ တခေါ်ခန့်ပင်ရှိ ၎င်းမှ အရှေ့တောင်ကဏ္ဍ ဥယျာဉ်၌ တန်ခိုး ပြမှုကိုအကြောင်းပြု၍ (အာသာဠ္ဍီ-ဝါဆိုလပြည့်နေ့)အတွက် သီးခြားတဆင့် မှတ်ဖွယ်တို့ကား-

၁။ ဗုဒ္ဓတဆူပေါ်တိုင်း တိတ္ထိတွေ ရေထဲဆင်းသေရသည်အထိ ဖုံးကွယ်မရ ဗုဒ္ဓတို့အား အရှုံးပေးရသော နေ့သည်လည်း ဤဝါဆိုလပြည့်နေ့ပင်တည်း။

၂။ ဗုဒ္ဓဘက်မှ ရဟန်းတော်များသာမက၊ ရှင်သာမဏေနှင့် ဘိက္ခုနီမ၊ သာမဏေရီမနှင့် လူဒါယကာတို့ပါ တိတ္ထိတို့အား တန်ခိုးဖြင့် လှမ်းမိုးပြရန် ဘုရားထံခွင့်ပန်ကြဘိုကြိုလာသောအချိန်သည်လည်း ဤဝါဆိုလပြည့်နေ့ပင် ဖြစ်တော့သည်။

၃။ လူဒါယကာ အနာဂါမ်အဆင့်ရှိ အသိဉာဏ်ရ စူဠအနာထပိဏ္ဍိက ဒါယကာသည် ယင်းဗုဒ္ဓတန်ခိုးတော်ပြပွဲကြီးသို့ ကြည့်ရှုရောက်လာကြသော လူပရိသတ်၏ ပမာဏမှာ ၂၄-ယူဇနာရှိ၍ မိုင်အားဖြင့်ကြည့်သော်- ၂၉၅-မိုင်ခွဲခန့်

ရှိနေပေသည်။ ထိုမျှ များပြားလှသော ပရိသတ်ထုကြီးကို သိတင်းကျွတ်လပြည့်နေ့ထိ ရက်ပေါင်း ၉၀-တိုင် အာဟာရဒါနပြုမှု စသည်တို့ကို တာဝန်ယူထားသူဖြစ်ရာ ယင်းလူထုကြီးအား ဗုဒ္ဓတဆူပေါ်ခိုက် ဒါနစပြုခွင့်ရချိန်သည်လည်း ဤဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။

၄။ ဗုဒ္ဓသည် လူ့ပြည်မှ ၇-ဝါမြောက်ဝါဆိုရန် နတ်ပြည်သို့ကြွသွားသောနေ့သည်လည်း ဤဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။

၅။ ဗုဒ္ဓသည် လူ့နယ်ကိုခွါ၍ တာဝတိံသာနတ်နယ်၊ နတ်ပြည်မှာ ဝါကပ်ရန် ထွက်ခွါချိန်သည်လည်း ဤဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။

၆။ ဗုဒ္ဓတဆူ ပေါ်လာချိန် အဘိဓမ္မာတရားစု စတင်ပေါ်လာချိန်သည်လည်း ဤဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။

၇။ တဝါတွင်းလုံး မကျိန်းစက်ပဲ ထိုင်လျက်သာ ရက် ၉၀-တိုင် တရားဟောရန် ဗုဒ္ဓတိုင်း၏ ဆောင်ရွက်ကြရသော နေ့မှာလည်း ဤဝါဆို လပြည့်နေ့ပင် ဖြစ်ပေသည်။

ဤသို့စသော ဝါဆိုလပြည့်နှင့်စပ်၍ သိမှတ်ဖွယ်ရာတွေသည် များစွာရှိပေသေးသည်။

ဤယမက ပါဋိဟာရ တန်ခိုးတော်ပြသောအချိန်သည် ဝါဆိုလပြည့်နေ့ဖြစ်ကြောင်း အတိုချုပ်ကို ဒီဃ-မဟာဝဂ္ဂအဋ္ဌကထာ မဟာပဒါန သုတ်မှာလည်း လာရှိပေသည်။

ဖော်ပြပါအချက်စုကား နေဝန်းကိုအကြောင်းပြု၍ ဝါဆိုလပြည့်နေ့အချိန်သည် လောကဘက်မှလည်း နေအလင်းနှင့် လအလင်းတို့ နေ့နှင့်ညပါ လောကကြီးကို အလင်းမခတ် အပြည့်အဝပေးနေသလို ဓမ္မဘက်မှလည်း သုံးလောကသားတို့အား ဓမ္မအလင်းပေးမည့် ဗုဒ္ဓလောင်းလျာတို့ နောက်ဆုံးသန္ဓေယူချိန်သည်၎င်း၊ ဗုဒ္ဓအဖြစ်ရောက်၍ တရားဦးဓမ္မစကြာ ဟောသောအချိန်သည်၎င်း၊ နှောင့်ယှက်မှုအမြဲပေးနေကြသော တိတ္ထိတို့အား ဗုဒ္ဓစွမ်းရည်ပြ ယမက တန်ခိုးပြာဋိဟာပြ၍ လမ်းပြရန်အချိန်သည်၎င်း၊ နတ်ပြည်သို့တရားဟောကြွရန် အချိန်သည်၎င်း၊ အဘိဓမ္မာတရားကို စတင်ဟောညွှန်ရန် အချိန်သည်၎င်း၊ လူသားထဲမှ ဗုဒ္ဓပွင့်ပေါ်လာခိုက် ဦးစွာအရိယာနယ် ကူးတက်ချိန်သည်၎င်း၊ ရဟန်းတော်တို့ ဝါဆိုဝါကပ်ချိန်သည်၎င်း၊ ဗုဒ္ဓတို့ဟောမြွက်ကြမည့် ဓမ္မနှင့်ဝိနယတို့ ထွန်းတောက်စအချိန်သည်၎င်း ဤဝါဆိုလပြည့်ခေါ် အချိန်ထူးမှာ စုပြုံကြပုံကို သိသာရုံ ဆက်ပိုင်း၍ ဖော်ပြခြင်း ဖြစ်ပေသည်။

## မြန်မာပညာရှင်ကြီးများ၏ ကုံးဖွဲ့သီကြူးချက်များ

ရောက်ဆဲ ၁၃၃၇-ခုနှစ်မှ ရှေး အနှစ် (တရာအတွင်း) ပေါ်ထွက်လာကြသော ရဟန်းစသော စာဆိုတော်စာရင်းဝင် ပညာကျော်ကြီးများတို့ အထက်ပါ ဝါဆို လပြည့်နေ့ကို ကုံးဖွဲ့သီကြူး သွားပုံကို့မှာ အောက်ပါ အတိုင်း ဖြစ်ပေသည်။

### ၁။ လယ်တီဆရာတော်ကြီး၏ သီကြူးချက်

၁။ သောင်းခွင်စကြဝဠာ၊ နတ်ပြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည့်၊ ဝါဆိုလပြည့်၊ ကြက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သနွေယူသည်၊ နတ်လူငြိမ်းဘို့၊ ကိန်းပါကို။

၂။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဘွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီဖြင့်၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ပြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရှမ်းတယ်ကို။

၃။ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လုံသည်၊ စုံမြိုင်ပင်ရိပ်ခမ်းမှာကို။

### ၂။ မန်လည်ဆရာတော်ကြီး၏ သီကြူးချက်

၁။ အဥ္စနမင်း၊ ဖြိုးကြွင်းကောဇာ၊ နှစ်ဝေါဟာလျှင်၊ သချ်ာတွက်ဖွဲ့၊ ခြောက်ဆဲ့ခွန်နှစ်၊ သက္ကရာဇ်အတို၊ ဝါဆိုပုဏ္ဏမီ၊ ယံစန္ဒီနှင့်၊ အာသာဠ်နတ်၊ စင်နက္ခတ်တို့၊ ယှဉ်လတ်တုံလျှင်း၊ ကြက်မင်းဒိနေ၊ သန်းခေါင်ပေ့တွင်၊ မာယာဖုယား၊ ရှစ်သောင်းဖျား၏၊ ပတ္တမြားလိုင်ဂူ၊ ဝမ်းမဥ္ဇူဝယ်၊ တိဟိတ်ပဋိသန်၊ ဆုံးစွန်မြတ်လောင်း၊ စံနေအောင်းသည်၊ နတ်ပေါင်းသာခု ယူသတည်း။

၂။ ရှေးကတစ္ဆ၊ ပဝေဏီဖြင့်၊ နည်းမှီထုံးစံ၊ အနှုန်းခံမှ၊ သဟံပြဟ္မာ၊ ခွင့်ပန်ထွာ၍၊ ယူဇနာဆဲ့ရှစ်၊ ကွာလစ်ခွန့်တာ၊ မိဂဒါသို့၊ ဒေစာချီထ၊ နေ့ချင်းကြွပြီး၊ ပုဏ္ဏရက်ဝါ၊ လနွယ်တာ၌၊ မင်္ဂလာချမ်းမြေ့၊ စနေနေ့ဝယ်၊ ဘုန်းဟော့မြတ်မွန်၊ မြတ်ရွှေဉာဏ်ဖြင့်၊ အပြန်သုံးခါ၊ ခြင်းရာဆဲ့နှစ်၊ စတုသစ်တည့်၊ ဖွင့်လှစ်နန်နက်၊ ဓမ္မစက်ကို၊ ဘဝဂ်နရက်၊ အောက်ထက်ကြေငြာ၊ ဟောလှည့်ကာလျှင်၊ ဗာရာဏသီ၊ ဝါကပ်မှီ၏။ (သတိ) ဝါဆိုလသည် နွေကုန် မိုးစဖြစ်၍ နွယ်တာလ-ဟု ခေါ်ကြသည်။

၃။ ကိုးဆဲ့ခုနှစ်၊ သက္ကရာဇ်ဝေါဟာ၊ နှစ်ကောဇာတွင်၊ ဝါဆိုပုဏ္ဏမီ၊ နေ့စန္ဒီဝယ်၊ ညရီလွန်လျှင်း၊ သန်းခေါင်တွင်း၌၊ မြင်းကဏ္ဍက၊ မတ်ဆန္နနှင့် ထွက်ကြွပြီးခါ။

## ၃။ ကျီးသဲလေးထပ် ဆရာတော်ကြီး၏ သိကြူးချက်

၁။ ဘိုးတော် အဥ္စနမင်းတရား၊ ဖြိုခွင်းသွားသည့်၊ ၈၆၄၅၊ နှစ်အမျာ ကို၊ ဖြိုသွားသည့်နောက်၊ ၆၇-ခု ရောက်စေ့၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ ဥတ္တရာသဠ်နက္ခတ်နှင့် လ-နတ်ဂြဟ်၊ ယှဉ်စံထွန်းထိန်၊ သန်းခေါင်ချိန်မူ၊ သန္ဓေတော်ဖြူ ယူလေသည်။

၂။ မဟာသက္ကရာဇ်ခေါ်မူ၊ ၁၀၃-ခုကြုံတွေ့၊ ဝါဆိုလပြည့်၊ စနေနေ့ညနေဝင်စချိန်တွင်၊ ဒွေမေ ဘိက္ခဝေ အန္တာ၊ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ အစဖြာမိန့်ဟ၊ ဓမ္မစက္ကပဝတ္တနသုတ်ကို၊ ဟောထုတ်တော်မူလေသည်။

၃။ ကောဇာတိုလျှောက်၊ ၉၇-ခု အရောက်၊ ဝါဆိုလပြည့်၊ ထွန်းတောက်ဖြာလျှံ၊ တနင်းလာနေ့၊ သန်းခေါင်ယံအခါ၊ ဥတ္တရာသဠ်နက္ခတ်နှင့်၊ စန်းမြတ်ဝင်ဆိုက်၊ ယှဉ်ပြိုင်သောအခိုက်၊ အမိုက်ကိုဖယ်လျက်၊ တောထွက်တော်မူလေ၏။

ဤကား ရဟန်း နယ်ဘက်မှ အမည်ထင်ပေါ် မထေရ်ကျော်တို့၏ ဝါဆိုလပြည့်နေ့နှင့်စပ်၍ ဓမ္မသိကြူးချက် အချို့ဖြစ်သည်။

## လူ့နယ်ဘက်မှ အမည်ထင်ပေါ် ပညာကျော်တို့၏ ရာသီချိန်တို့၌ သိကြူးပုံတို့ကား

## ၁။ နေမျိုးသခ်ယဘွဲ့ခံ နန်းတွင်းခေါ် ဦးမင်း၏သိကြူးချက်

သိဝံယံပိုင်မှတ်၊ သုံးလူ့နတ်လဲ၊ မြိုင်ရပ်ကယ်ခန်းဝါ၊ မိဂဒါဝယ်၊ သေချာနဲ့နက်၊ ဓမ္မစက်ကို၊ ဖန်မြွက်ကာသ်နှုတ်ခြွေ၊ ဗျာခွန်းတော်ခြွေလို့၊ စုံခြေသသ၊ ထုံပေါင်းခတဲ့၊ လ-ဠဒ္ဒရာ-စသည်ဖြင့် သိကြူးထားလေသည်။

## ၂။ လှိုင်မင်းသား၏ဆရာ ဉာဏ်ဝန်ကြီးမင်း ဦးဖြေ၏ သိကြူးချက်

ရာသီကဏ္ဍ၊ ကာရကဟု၊ ရက်လဝါဆို၊ ဥဒေါင်းညိုလဲ၊ ဗဟိုမဇ္ဈေ၊ လယ်ချက်ငွေမှာ၊ အနွှေဝီထိ၊ ခရီးမိုလို့၊ ဆောင်သည့်ဝေယန်၊ ဘုံဗိမာန်နှင့်၊ ကြယ်ရံပြုဗ္ဗာ၊ တည့်မှန်းပဲသာတော့တယ်- စသည်ဖြင့် သိကြူးထားလေသည်။

## ၃။ ကဝိပညာကျော်၏ သိကြူးချက်

ကရကဋ်မှာတော့၊ လထပ်တဲ့ဝါဆို၊ လယ်ပုဇွန်ရုပ်ပုံထူးပါလို့၊ ဆင်ဆဒ္ဒန်တာရာမြူးရတယ်၊ ထူးတဲ့လကို။ ပြုဗ္ဗာသဠ် ရောင်စုံစတော့၊ သမ္ဗုဒ္ဓမြတ်အလို၊ ဝါဆိုကြရှင်ရဟန်း-ဟု သိကြူးထားတော့သည်။

## ၄။ မင်းကြီး မဟာမင်းထင်၏ စာတော်ဖတ် ဦးကြော့၏ သိကြူးချက်

ပြုဗ္ဗာသဠ် တည့်မွန်းနှင့်၊ လှည့်ထွန်းလှည့်ကြုံလာ၊ ပြည့်ဝန်းသည့် ပုဏ္ဏမာငယ်၊ ကဋ္ဌရာပုံ့ပြူး၊ ထွန်းသုံးလူ့ မိဂဒါဝယ်၊ ဓမ္မစကြာ ဟောရလထူး-စသည်ဖြင့် သိကြူးထားလေသည်။

## ၅။ ကာဗျဇောတိပညာကျော်၏ သိကြူးချက်

ဝဿာန်ခါဆန်းရတုမို့၊ ပန်းမှုံလုလိပ်ပြာ၊ ထက်နန်းထုရိပ်သာမှာ၊ ကိတ်ဘာရာစံခင်း၊ ကဋ္ဌ-နယ်ဘုံသာတွင်၊ ခိုးလျှံဖြာ ထွန်းရောင်ပလင်း-ဟု ချီလာပြီး- ကြယ်ပြုဗ္ဗာချိန်မင်းမို့၊ သိမ်အတွင်း ပဉ္စင်းတော်ခံ၊ ဝတ်ပန်းရန် တာရကရယ်နှင့် ဘဂဝါပသုံးသည့် အခါ-ဟု သိကြူးထားလေသည်။

## ၆။ စာရေးတော်ကြီး ဦးမောင်မောင်ကလေး၏ သိကြူးချက်

ဝါဦးပြင်ပြင့် သွင်တနဲ၊ မင်ခဲ ဈာန်ကြွပုံ့သလို-အစချီပြီး ဖက်နွှန်းမသွေ ဗွေကာသဠ်၊ တာရာဂဇ၊ ငွေလပြုဗ္ဗာသာဠ်၊ သာစုံခတဲ့ သဗျမှန်ငယ်၊ ပဝရနိဗ္ဗာန် ရည်သန်ပွားလို့၊ ကြိမ်ငါးပဉ္စသင်္ဂါယနာ၊ တင့်ထူးကေရာ၊ ရှင်တော်မြတ်နှင့် ပလ္လင့်လျာကို သင့်မင်္ဂလာ မြှောက်ချီးချိန်ပလေး။

## ၇။ သက်တော်ရှည် ကင်းဝန်မင်းကြီး၏ သိကြူးချက်

၁။ ငါဆိုကရကဋ်၊ လပြာသာဒ်၊ တည့်မတ်အာသဠ်၊
၂။ ပုန်းညက်ငုံကင်း၊ စမွယ်သင်း၊ ပဉ္စင်းခါတော်မှီ-ဟု အကျဉ်းမျှဆိုထားသည်။

## ၈။ စာဆိုတော်တဦး၏ သိကြူးချက်

၁။ နွေတာ နွယ်တာ၊ နတ်လောင်းဖြာ၊ ဝါဆိုတွင်သကား။
၂။ ရာသီကရကဋ်၊ ခေါ်ပညတ်၊ ပွဲမြတ်ပဉ္စင်းထား၊
၃။ ဥတ္တရာသဠ်၊ စန်းယှဉ်ပြန်၊ ပန်း-မာလ်ပုန်းညက်ကား။

၄။ သုံးဘုံသူ့သက်၊ နေထွက်စက်၊ ကြံလျက်လမြတ်ထား- ဟုကင်းဝန်မင်းကြီးဆန်ဆန် သိကြူးသွားလေသည်။

## ၉။ ကဝိဉာဏ်ကျော် ဦးသူတော်၏ သိကြူးချက်

ပဋ္ဌင်းခံပွဲ သိမ်၊ ရှေကမ္ဗဝါနှင့်၊ တိဗ္ဗေဝဋ္ဌာ အထက်ဖြူဟွာ သိကြားငယ်တို့၊ စိန္တေယျာ မြွက်ကာကြားစဉ်က၊ ဓမ္မစကြာတရား ဗုဒ္ဓါပြန်ခဲ့၍၊ ပြုဗ္ဗာသင့် အခြေကောင်းပါတိ၊ နေမစောင်းတစောင်း၊ မြန်မာပြည်အဝှန်းက၊ အသရေကောင်းသည် ဖြူဟွာပြည်ကိုညွန်းပြီး ဂဏန်းစည်ရှမ်းသံ နာခံကြဦးစို့-ဟုသိကြူးသွားသည်။

## ၁၀။ ပညာကျော်တဦး၏ မှတ်တမ်းမှ

ဗုဒ္ဓလောင်းလျာ၊ တုသိတာမှ၊ မာယာဝမ်းတိုက်၊ မိုကြုံကြိုက်နှင့်၊ အမိုက်တဏှာ၊ အဝိဇ္ဇာကို၊ ပယ်ခွါရှာလမ်း၊ တောရပ်မြန်းချိန်၊ ဉာဏ်ဝရဇိန်ပြည့်ဝ၊ သမ္ဗုဒ္ဓအစစ်၊ ဖြစ်ကြုံတင့်သော်၊ လမ်းဖွင့်အစ၊ ဓမ္မစကြာ၊ ဟောညွှန်ရာကာလ၊ ကြုံရလွန်ဝင့်၊ တန်ခိုးဖွင့်ကာ၊ ပြာဋိဟာနှင့်၊ ဒေဝါဝတိ၊ ဝါကပ်ချိန်ပြင်၊ စတင်ဟောရ၊ ဘိဓမ္မပေါ်လာ၊ သချ်ာဖော်ပြ၊ (ဤ ၆-ချိန် သမယတွင်) ဗုဒ္ဓဟူသမျှ၊ စွမ်းဆောင်ပြုရသည့်၊ ဝါဆိုလပုဏ္ဏမီ၊ အာသဠ္ဌိနက္ခတ်၊ စန်းယှဉ်လတ်၍၊ ထူးမြတ်သိဖွယ်၊ မှတ်တမ်းသွယ်သည်၊ အံ့ဘွယ်ရှိစွ၊ မြတ်ဗုဒ္ဓတို့တကား။

အထက် ဖော်ပြအပ်သည် တို့ကား ( ဝါဆိုလ အချိန်သည် ) လောကဘက်မှလည်း နေ၏ ပူနေသာ ရောက်နေခိုက်ဖြစ်၍ အလင်းဓာတ်အားကောင်းစွာဖြင့် လောကကြီးကို တောက်ပေးနေချိန်၊ လဝန်းကလည်း ပုဏ္ဏမီချိန်ဖြစ်၍ လောကကြီးကိုအားကောင်းစွာဖြင့် တောက်ပေးနေချိန်မှာ ဓမ္မဘက်မှလည်း သုံးလောကအလင်းရှင်ကြီးဖြစ်သော ဗုဒ္ဓသည် လောကသုံးပါးအား ဓမ္မအလင်းပေးရန် မိဘ်ဝမ်းပဋိသန္ဓေယူခန်း, တောရပ်ကြွခန်း, ဗုဒ္ဓဖြစ်လာ၍ တရားဟောညွှန်ခန်း, တန်ခိုးပြပွဲကြီးဆင်နွှဲခန်း, နတ်လောကပြန်ခန်း, အဘိဓမ္မာဒေသနာစတင် ဟောပြခန်း-စသည်တို့မှာ ဤဝါဆိုလပြည့် ပုဏ္ဏမီနေ့မှာသာပြုလုပ်မြဲရှိသည်ကို ထူးခြားလှ၍ ပါဠိကျမ်းဂန်တို့နှင့် တကွ ပညာကျော် လူရှင် ရဟန်းတို့ကပါ ဂုဏ်ပြုချီးကြူးပုံတို့ကို သိသာရုံ ဖော်ပြခြင်း ဖြစ်ပေသည်။

## ၁၂-လကို အချိန်ပြ နာရီတို့နှင့်ညှိနှိုင်းပြချက်

ဤကျမ်းစာသည် အရုဏ်တက်ချိန် ကိစ္စကို အဓိကဖော်ပြရမည့် ကျမ်းစာဖြစ်သည့်အတိုင်း ယင်း အရုဏ်တက်ချိန်သည် နေထွက်ချိန်နှင့် ပူးတွဲနေပြန်၍

ယင်းအရုဏ်နှင့်နေ ၂-ကိစ္စကို တပါတည်း ချိန်ဆနိုင်စေရန် အစဉ် လှည့်ပတ် ပေါ်လာနေသော ၁၂-လတို့ကို နာရီနှင့်ညှိနှိုင်းပြရန် တာဝန်တရပ် ဝင်လာ ပြန်သည်။

## ၁၂-လ အသုံးပြုပုံ ၂-မျိုး

အထက်၌ ဖော်ပြခဲ့သော ၆-လ ၂-လီခွဲ၍ ၁၂-လတို့ကို ညွှန်ပြခဲ့သည်ကား နေ၏အဝေးနှင့်အနီး ဆက်ဆန်ပုံတို့ကို သိနှင့်ထားရန် ကြိုတင် ရှင်းပြထား ခြင်း ဖြစ်သည်။

ယခုဖော်ပြရမည့် ၁၂-လကိစ္စကား ဘယ်လမှာ (နေ့အတွက်) နာရီပမာဏ ဘယ်မျှရှိ၍၊ (ညအတွက်) နာရီပမာဏ ဘယ်မျှရှိနေကြပုံကို ခွဲခြားပြရမည့်ကိစ္စ ဖြစ်ပေသည်။

## ၁၂-လစဉ်ပုံ ၂-မျိုး

အထက်တွင် (ဝါခေါင်လကစ၍) ၁၂-လစဉ် ပြခဲ့သည်ကား နေသွားမှုကို မူတည်၍ နေသွားလမ်း(အစ) ဝါခေါင်လက စပြရခြင်းဖြစ်သည်။

**ယခုပြရမည့်အစီအစဉ်ကား**–စိတ္တော ဝေသာခါ ဇေဋ္ဌောစာ၊ သာဠ္ဟော ဒွိသုစ သာဝဏော-ဟူသော အဘိဓာန်လာရှိချက် အရနှင့်ရှင်း၊ ရှင်းဋီကာလာ မေသာ ဒိကော ဒွါဒသ ကောဋ္ဌာသော ရာသိနာမ၊ အာဒိနာ-ဥသဘ၊ မေထုန၊ ကက္ကဋ္ဌ၊ သီဟ၊ ကညာ၊ တုလာ၊ ဝိစ္ဆိက၊ ဓနု၊ မကာရ၊ ကုမ္ဘ၊ မီနေ သင်္ကျာ တိ-ဟူသော ဗေဒနယ်သုံး ကောင်းကင်ရာသီ စက်ဝန်းအရနှင့်ငုံး လျော်စွာ ဖော်ပြရန်ရှိ၍ ဗေဒင်နယ်သုံး မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကံ၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်-ဟူသော ခေါ်စဉ်အတိုင်း ဟာကူး၊ ကဆုန်-စသော အစဉ်ဖြင့် ပြဆိုရန်ဖြစ်ပေသည်။

တာကူးစသော ၁၂-လတို့အတွက် ရှေးနာရီလင်္ကာ။
၁။ ပ-သံ-တာ-ရှည်၊ တီး-သံ-မည်၊ လက်-စီ-ကံ-စ-ရေး။
၂။ တဆယ်တိုးလို့ တံပိုးတင်၊ ညဥ့်လျှင် အကြွင်းဆေး။

ယင်း လက်သုံးလင်္ကာဟောင်းအရအတိုင်း ရှေးအစဉ်အလာသုံး နာရီချိန်ကို ဖော်ပြရန်ဖြစ်သည်။

ယင်းလင်္ကာသည် (ဗေဒင်အစ-သူရိယသိဒ္ဓန္တ)ဆိုရိုးအတိုင်း သက္ကဋ-သူရိယ သိဒ္ဓန္တကျမ်းနှင့် ရာဇမတ္တန်ကျမ်း၊ သန္နိဋ္ဌကျမ်းတို့လာကို အလွယ်တကူမှတ်ယူရန် မြန်မာလို လင်္ကာလုပ်ထားခြင်းဖြစ်သည်။

## လက်ာ၏ အကျဉ်းချုပ် အဓိပ္ပါယ်ကား

တာကူးလကစ၍ ပ-သံ-တာ-ရှည်အတိုင်း စဉ်ချသွားလျှင် တပေါင်းလမှာ အဆုံးလက်ာ ၆-ရေး ဆုံးမည်၊ ၎င်း၏အဓိပ္ပါယ်ကား-ဂဏန်း၏အစား အက္ခရာဖြင့် နေ့နံလိုက်၍ယူရန် ယူပုံ ပ-၅ ခု၊ သံ-၆ ခု၊ တာ-၇ ခု၊ ရှည်-ဂ ခု စသည် ယူရန်၊ နံပါတ် ၂ လက်ာအရက ယင်း ပ-အရ ၅-ကို ၁၀-တိုးပါဆို၍ ၁၀-တိုးသော် ၅-နှင့် ၁၀-ပေါင်း ၁၅-ဖြစ်လာချိန် တံပိုးထပ်တင်ပါဆိုသဖြင့် ၁၅-၂-လီလုပ်သော် ၃၀-ဖြစ်လာသည်။ တနေ့ နာရီပေါင်း ၆၀-စီထား၍ နေ့အတွက် ၃၀-ရှိလျှင် ညအတွက်လည်း ၃၀-ရှိမည်။ သံ-အရ ပ-လုပ်သည့်အတိုင်း တံပိုးတင်လိုက်လျှင် ၃၂-ရှိလာ၍ နေ့ ၃၂၊ ည ၂ဂ-ထားပြီး၊ ၂-ခု ပေါင်းလျှင် ၆၀-နာရီသာ ရှိရမည်ကို ဆိုလိုသည်။ယင်းကိစ္စသိမြင်လွယ်အောင် တာကူး၊ ကဆုန်စသော ၁၂-လတို့၌ ပဌမ ရှေးသုံးနာရီဖြင့် နေ့ဘယ်နှစ်နာရီရှိ၍ ညမှာ ဘယ်နှစ်နာရီရှိပုံကို ဇယားခင်း၍ ပြပါအံ့။

### (က) ရှေးသုံးနာရီနှင့် ၁၂-တို့ တွဲပြချက်

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
|---|---|---|---|---|---|---|
| လအမည် | တာကူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း |
| လက်ာ | ပ | သံ | တာ | ရှည် | တီး | သံ |
| ဂဏန်း | ၅ | ၆ | ၇ | ဂ | ၇ | ၆ |
| | နာရီ | နာရီ | နာရီ | နာရီ | နာရီ | နာရီ |
| | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည |
| | ၃၀-၃၀ | ၃၂-၂ဂ | ၃၄-၂၆ | ၃၆-၂၄ | ၃၄-၂၆ | ၃၂-၂ဂ |

| | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|
| လအမည် | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| လင်္ကာ | မည် | လက် | စီ | ကံ | စ | ရေး |
| ဂဏန်း | ၅ | ၄ | ၃ | ၂ | ၃ | ၄ |
| | နာရီ | နာရီ | နာရီ | နာရီ | နာရီ | နာရီ |
| | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည |
| | ၃၀-၃၀ | ၂၈-၃၂ | ၂၆-၃၄ | ၂၄-၃၆ | ၂၆-၃၄ | ၂၈-၃၂ |

(ခ) ခေတ်သုံးစက်နာရီနှင့် ၁၂-လတို့တွဲပြချက်

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
|---|---|---|---|---|---|---|
| လအမည် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း |
| နေ့နှင့်ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည |
| နာရီ | ၁၂-၁၂ | ၁၃-၁၀<br>၄၀-၂၀ | ၁၃-၁၀<br>၅၀-၁၀ | ၁၄-၉<br>၃၀-၃၀ | ၁၃-၁၀<br>၃၀-၃၀ | ၁၃-၁၀<br>၄၀-၂၀ |

| | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
|---|---|---|---|---|---|---|
| လအမည် | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| နေ့နှင့်ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည | နေ့-ည |
| နာရီ | ၁၂-၁၂ | ၁၁-၁၂<br>၄၀-၂၀ | ၁၁-၁၃<br>၅၀-၁၀ | ၁၀-၁၄ | ၁၀-၁၃<br>၁၀-၅၀ | ၁၀-၁၃<br>၄၀-၂၀ |

**စက်နာရီနှင့် ၁၂-လတို့၌ နေထွက်နေဝင်ချိန်ကို**
**အကြမ်းစား တိုင်းတာပြချက်**

၁။ တာကူးလမှာ နေသွားလမ်း ဗဟိုဖြစ်နေ၍ နေ့အချိန် ၁၂-နာရီရှိသလို ညအချိန်လည်း ၁၂-နာရီပင်ရှိ၍ နေ့ နှင့် ည အချိန်ညီမျှကြသည်။ ထိုအရ (ယေဘုယျသဘောဖြင့်) နံနက် ၆-နာရီမှာ နေထွက်သင့်သလို ညနေ ၆-နာရီမှာ နေဝင်သင့်ပေသည်။

၂။ ကဆုန်လမှာ နေဝန်းအဝေးမှ အနီးဘက်ပြန်လမ်းပေါ်ကျ၍ (နေသွားအလိုက်)နေ့အချိန် ၁၃-နာရီနှင့် မိနစ် ၄၀-ရှိလာ၍ ညအချိန်အတွက် ၁၀-နာရီနှင့် မိနစ် ၂၀-သာရှိတော့ရာ တာကူးလကဲ့သို့ နံနက် ၆-နာရီအချိန်နှင့် ညနေ ၆-နာရီအချိန်တို့မှာ နေထွက်-နေဝင်ရန် မဖြစ်နိုင်တော့ပေ။

ထိုအရ နေ့တာရှည်လာပြီး ညတာတိုသွားရပေမည်။ (ထိုသဘာဝအတိုင်း တွက်ဆလျှင် နံနက် ၅-နာရီနှင့် မိနစ် ၄၀-မှာ နေထွက်ဘို့မျှသည်)။ ညနေ ၆-နာရီနှင့် မိနစ် ၄၀-မှာ နေဝင်ဘို့ ရှိနေသည်။ဤကား-နေလမ်းနှင့် ဤလမှာ ရရှိသောနာရီကို ပျမ်းမျှကာ အကြမ်းစား တွက်ယူမှုသာဖြစ်သည်။ အနုစား နည်းလို အောက်တွင် ဖော်ပြပေလတံ့။

၃။ ထို့နောက် နယုန်လမှာလည်း(နေသွားလမ်းအလိုက်) အနီးခရီးဘက် ပြန်လာ၍ နေ့အချိန် ၁၃-နာရီနှင့် မိနစ် ၅၀-ရှိလာ၍ ညအချိန်အတွက် ၁၀-

နာရီနှင့် ၁၀-မိနစ်သာရှိတော့ရာ ဤလဥ္ဂ နံနက် ၅-နာရီနှင့် မိနစ် ၅၀-မှာ နေထွက်ဘို့ရှိ၍ ညနေဥ္ဂ ၆-နာရီနှင့် ၅၀-မိနစ်မှာ နေဝင်ဘို့ရှိနေပေမည်။

၄။ ထို့နောက် ဝါဆိုလမှာလည်း (နေသွားလမ်း အလိုက်) နေ့အချိန် ၁၄-နာရီနှင့် မိနစ် ၃၀-ရှိလာ၍ ညအချိန်အတွက် ၉-နာရီနှင့် မိနစ် ၃၀-သာ ရှိတော့မည်။ ဤလဥ္ဂ နေ့တာ အရှည်ဆုံးနှင့် ညတာအတိုဆုံးဖြစ်၍ နံနက် ၅-နာရီခွဲမှာ နေထွက်ဘို့ရှိ၍ ညနေ ၆-နာရီခွဲမှာ နေဝင်ပေရာ၏။

၅။ ထို့နောက် ဝါခေါင်လမှာလည်း (နေသွားလမ်း အလိုက်) (ဝါ) နေဝန်းအပြင်ခရီးသို့ စတင်ထွက်ခွါသောလမ်းပေါ်ကျသောလဖြစ်သည်အလိုက် နေ့အချိန်တိုစပြုသောလဖြစ်၍ နေ့အချိန် ၁၃-နာရီနှင့် မိနစ် ၃၀-ရှိသင့်၍ ည အချိန်အတွက် ၁၀-နာရီနှင့် မိနစ် ၃၀-ပင် ရှိပေတော့မည်။ ထိုအရ ဤလဥ္ဂ နံနက် ၅-နာရီနှင့် ၄၀-မိနစ်မှာ နေထွက်ရန်ရှိ၍ ညနေဘက်ဥ္ဂ ၆-နာရီနှင့် ၄၀-မိနစ်မှာ နေဝင်ရန် ရှိပေသည်။

၆။ ထို့နောက် တော်သလင်းလမှာလည်း (နေသွားလမ်း အလိုက်) နေ့အချိန် ၁၃-နာရီနှင့် ၄၀-မိနစ်ဖြစ်လာ၍ ညအချိန်အတွက် ၁၀-နာရီနှင့် ၂၀-မိနစ် ရှိတော့မည်။ ထိုအရ ဤလဥ္ဂ နံနက် ၅-နာရီ ၅၀-မိနစ်မှာ နေထွက်လာ၍ ညနေ ၄-နာရီနှင့် မိနစ် ၅၀-မှာ နေဝင်ရန် ရှိပေသည်။

၇။ ထို့နောက် သီတင်းကျွတ်လမှာကား (နေသွားလမ်းအလိုက်) (ဝါ) နေအပြင်သွားလမ်း၏ဗဟိုမှာ ရောက်နေ၍ တာကူးလကဲ့သို့ပင် နေ့အချိန် ၁၂-နာရီရှိသလို ညအချိန်မှာလည်း ၁၂-နာရီပင် ရှိပေမည်။ ဤလဥ္ဂ နံနက် ၆-နာရီမှာ နေထွက်ရန်ရှိ၍ ညနေ ၆-နာရီမှာလည်း နေဝင်ရန် ရှိပေမည်။

၈။ ထို့နောက် တန်ဆောင်မုန်းလမှာလည်း (နေသွားလမ်း အလိုက်)နေ့အချိန် ၁၁-နာရီနှင့် ၄၀-မိနစ်ရှိ၍ ညအချိန် ၁၂-နာရီနှင့် မိနစ် ၂၀-ရှိပေမည်။ ဤလဥ္ဂ နံနက် ၆-နာရီ မိနစ် ၅၀-မှာ နေထွက်၍ ညနေ ၅-နာရီ ၅၀-မိနစ်မှာ နေဝင်ရန် ရှိပေသည်။

၉။ ထို့နောက် နတ်တော်လမှာလည်း (နေသွားလမ်း အလိုက်) နေ့အချိန် ၁၀-နာရီနှင့် ၅၀-မိနစ်ရှိ၍ ညအချိန် ၁၃-နာရီနှင့် ၁၀-မိနစ်ရှိပေမည်။ ဤလဥ္ဂ နံနက် ၇-နာရီခန့်မှာ နေထွက်၍ ညနေ ၅-နာရီခန့်တွင် နေဝင်ပေမည်။

၁၀။ ထို့နောက် ပြာသိုလသည်ကား နေသွားလမ်းအဆုံးသို့ ရောက်နေ၍ (နေသွားလမ်းအလိုက်) နေ့အချိန် ၁၀-နာရီသာရှိတော့၍ ညအချိန် ၁၄-နာရီ ရှိပေတော့မည်။ဤလ၌ နံနက် ၇-နာရီ ၁၀-မိနစ်ခန့် နေထွက်၍ ညနေ ၅-နာရီ ၁၀-မိနစ်ခန့်တွင် နေဝင်သည်။

၁၁။ ထို့နောက် တပို့တွဲလမှာလည်း အဝေးမှ နေပြန်ဆုတ်သောလဖြစ်၍ (နေသွားလမ်းအလိုက်) နေ့အချိန် ၁၀-နာရီနှင့် ၁၀-မိနစ်ရှိတော့၍ ညအချိန် ၁၃-နာရီနှင့် မိနစ် ၅၀-ရှိပေသည်။ ဤလ၌ နံနက် ၇-နာရီ ၂၀-မိနစ်ခန့်တွင် နေထွက်၍ ညနေ ၅-နာရီ ၂၀-မိနစ်ခန့်တွင် နေဝင်ရာ၏။

၁၂။ ထို့နောက် တပေါင်းလမှာလည်း နေ၏အနီးဘက် အပြန်လမ်းဖြစ်၍ (နေသွားလမ်းအလိုက်) နေ့အချိန် ၁၀-နာရီနှင့် မိနစ် ၄၀-ရှိ၍ ညအချိန် ၁၃-နာရီနှင့် ၂၀-မိနစ် ရှိတော့မည်။ ဤလ၌ နံနက် ၇-နာရီခွဲခန့်တွင် နေထွက်၍ ညနေ ၅-နာရီခွဲခန့်တွင် နေဝင်ရာ၏။

## သတိပေး မှာကြားချက်

အထက်ဖော်ပြချက်တို့သည် ပြခဲ့ပြီးသောဇယားတို့ကို စုရုံးပြီး ၁၂-တို့၌ နေသွားလမ်းအရကိုထောက်ဆကာ ရှေးနာရီနှင့် ခေတ်သုံးစက်နာရီတို့၏ အခြေအနေတွေ အဖုံဖုံပြောင်းလဲလျက် ရှိပုံများကို သိသာရုံ အကြမ်းစားအနေဖြင့် ဖော်ပြချက်မျှဖြစ်၍ ထိုအတိုင်း အတိအကျဟု မယူဆသေးရန် သတိပြုကြရန် ဖြစ်သည်။

အကြောင်းကား–နေဝန်းသည် ၁၂-လတွင်း အဝေးတလှည့် အနီးတလှည့် အထွက်နှင့်အဝင်ပြုလုပ်ရာမှာ ပုံစံတွေ ရက်ပေါင်း ၁၈၀၊ ၂-လီ ၃၆၀-၌ လူတို့၏ ပကတိ မျက်စိဖြင့် အတိအကျမြင်သိရန် မဖြစ်နိုင်၍ပင် ဖြစ်သည်။ ထိုသို့ မဟုတ် ဒိဗ္ဗစက္ခုရ ပုဂ္ဂိုလ်အနေဖြင့် တွက်ဆပြသော် မှန်ကန်မှု နီးစပ်ပေမည်။ ထို့ထက် ဗုဒ္ဓစက္ခုဖြင့်ရှုဆပြီး ပြောဆိုချက်မျိုးဖြစ်ပါမူ အမှန်ဆုံးဖြစ်ရှိပေမည်။

## အမှန်၏ အနီးကပ်ဆုံးဖော်ပြရေး

အောက်၌ အရဏ်တက်ချိန်ကို တွက်ဆဖော်ပြခဏ်းတွင် လက်တွေ့စသည်နှင့် ပူးတွဲ၍ဖော်ပြရန်ရှိနေ၍ ယင်းအရဏ်တက်ဖော်ပြခဏ်းကိုသာ သတိပြု၍ မှတ်ယူကြစေသတည်း။

## အရုဏ်တက်ချိန် မှန်ကန်စွာသိမြင်နိုင်ရန် တိုင်းတာနည်း ပေါ်ပြခဏ်း

အရုဏ်တက်ကိစ္စ မှန်ကန်စွာသိမြင်လိုသူတိုင်း တွက်ဆသုံးနိုင်ရန် အောက်ပါ ၂-ချက်တို့ကို အလွယ်ဖြင့်သိမြင်အောင် လေ့လာထားဘို့လိုသည်။ ၎င်း ၂-ချက်တို့ကား –

၁။ ၁၂-လတို့၏ နေ့ညရှိ နာရီများ။
၂။ ၁၂-လ ညတို့ရှိ ယာမ် ၃-ယာမ်နှင့် နာရီများ။

ယင်း ၂-ချက်တို့ဖြစ်၍ အစဉ်အတိုင်း ဇယားခင်း၍ တင်ပြသွားအံ့။

### ၁။ ၁၂-လ တို့၏ နေ့ညရှိနာရီများ

| ဦးရေ | လအမည် | နေ့နာရီ | ညနာရီ | ဦးရေ | လအမည် | နေ့နာရီ | ညနာရီ |
|---|---|---|---|---|---|---|---|
| ၁ | တာကူး | ၁၂ | ၁၂ | ၇ | သီတင်းကျွတ် | ၁၂ | ၁၂ |
| ၂ | ကဆုန် | ၁၃-၄၀ | ၁၀-၂၀ | ၈ | တန်ဆောင်မုန်း | ၁၁-၄၀ | ၁၂-၂၀ |
| ၃ | နယုန် | ၁၃-၅၀ | ၁၀-၁၀ | ၉ | နတ်တော် | ၁၀-၅၀ | ၁၃-၁၀ |
| ၄ | ဝါဆို | ၁၄-၃၀ | ၉-၃၀ | ၁၀ | ပြာသို | ၁၀- | ၁၄- |
| ၅ | ဝါခေါင် | ၁၃-၃၀ | ၁၀-၃၀ | ၁၁ | တပို့တွဲ | ၁၀-၁၀ | ၁၃-၅၀ |
| ၆ | တော်သလင်း | ၁၃-၄၀ | ၁၀-၂၀ | ၁၂ | တပေါင်း | ၁၀-၄၀ | ၁၃-၂၀ |

## ၂။ ၁၂-လတို့ရှိ ယာမ်၃-ယာမ်နှင့် နာရီများ

ယာမ် ၃-ယာမ် | ပစ္ဆိမယာမ်၃-ပိုင်း၏နာရီများ

| လနှင့်ည | ပုရိမယာမ်၏ နာရီ | မဇ္ဈိမယာမ်၏ နာရီ | ပစ္ဆိမယာမ်၏ နာရီ | ပဌမပိုင်း နာရီ | ဒုတိယပိုင်း နာရီ | တတိယပိုင်း နာရီ |
|---|---|---|---|---|---|---|
| တာကူးလည | ၄ | ၄ | ၄ | ၁-နာရီ ၂၀-မိနစ် | ၁-နာရီ ၂၀-မိနစ် | ၁-၂၀-မိနစ် |
| ကဆုန်လည | ၃-၂၆-၄၀-စက္ကန့် | ၃-၂၆-မိနစ် ၄၀-စက္ကန့် | ၃-၂၆-မိနစ် ၄၀-စက္ကန့် | ၁-၀-၅၃ | ၁-၀-၅၃ | ၁-၀-၅၃ |
| နယုန်လည | ၃-၂၃-မိနစ် ၂၀-စက္ကန့် | ၃-၂၃-မိနစ် ၂၀-စက္ကန့် | ၃-၂၃-မိနစ် ၂၀-စက္ကန့် | ၁- | ၁-၇-၄၀ | ၁-၇-၄၀ |
| ဝါဆိုလည | ၃-နာရီ ၁၀-မိနစ် | ၃-နာရီ ၁၀-မိနစ် | ၃-နာရီ ၁၀-မိနစ် | ၁-၃-၂၀ | ၁-၃-၂၀ | ၁-၃-၂၀ |
| ဝါခေါင်လည | ၃-နာရီ ၃၀-မိနစ် | ၃-နာရီ ၃၀-မိနစ် | ၃-နာရီ ၃၀-မိနစ် | ၁-၁၀-မိနစ် | ၁-၁၀-မိနစ် | ၁-၁၀-မိနစ် |
| တော်သလင်းလည | ၃-၂၆-မိနစ် ၄၀-စက္ကန့် | ၃-၂၆-မိနစ် ၃၀-စက္ကန့် | ၃-၂၆-မိနစ် ၃၀-စက္ကန့် | ၁-၀-၅၀ | ၁-၀-၅၀ | ၁-၀-၅၀ |
| သီတင်းကျွတ်လည | ၄ | ၄ | ၄ | ၁-၂၀-မိနစ် | ၁-၂၀-မိနစ် | ၁-၂၀-မိနစ် |
| တန်ဆောင်မုန်းလည | ၄-၆-၄၀-စက္ကန့် | ၄-၆-၄၀-စက္ကန့် | ၄-၆-၄၀-စက္ကန့် | ၁-၂၂-၁၃ | ၁-၂၂-၁၃ | ၁-၂၂-၁၃ |
| နတ်တော်လည | ၄-၂၃-၂၀-စက္ကန့် | ၄-၂၃-၂၀-စက္ကန့် | ၄-၂၃-၂၀-စက္ကန့် | ၁-၂၇-၂၆ | ၁-၂၇-၂၆ | ၁-၂၇-၂၆ |
| ပြာသိုလည | ၄-နာရီ ၄၀-မိနစ် | ၄-နာရီ ၄၀-မိနစ် | ၄-နာရီ ၄၀-မိနစ် | ၁-၃၃-မိနစ် | ၁-၃၃-မိနစ် | ၁-၃၃-မိနစ် |
| တပို့တွဲလည | ၄-၃၆-၄၀-စက္ကန့် | ၄-၃၆-၄၀-စက္ကန့် | ၄-၃၆-၄၀-စက္ကန့် | ၁-၃၂-မိနစ် | ၁-၃၂-မိနစ် | ၁-၃၂-မိနစ် |
| တပေါင်းလည | ၄-၂၆-၄၀-စက္ကန့် | ၄-၂၆-၄၀-စက္ကန့် | ၄-၂၆-၄၀-စက္ကန့် | ၁-၂၀-၅၃ | ၁-၂၀-၅၃ | ၁-၂၀-၅၃ |

## နောက်တဆင့်သိထားရန်အချက်များ

အထက်ပါဇယား ၂-ခုပါ အချက်တို့ကို သိထားပြီး နောက် ၁၂-လ (နေဝင်ချိန်) မတူကြပြန်၍ ယာမ် ၃-ခု အချိန်သတ်မှတ်ချက်လည်း မတူပဲ ဖြစ်လာပြန်သည့်ပြင် ပစ္ဆိမယာမ် ၃-ပိုင်း၏ အချိန် သတ်မှတ်ချက်မှာလည်း မတူ ပြောင်းလဲသွားပြန်၍ (အရုဏ်တက်ချိန်) သတ်မှတ်ရေးပါ ပြောင်းလဲ သွားတော့သည်။

ထို့ကြောင့် ၁။ ယာမ် ၃-ခု အချိန်သတ်မှတ်ရပုံကိုင်း၊
၂။ ပစ္ဆိမယာမ် ၃-ပိုင်း၌ နာရီရပုံနှင့် ကာလပိုင်းခြားပုံကိုင်း၊
၃။ ပစ္ဆိမယာမ် နံပါတ် ၃-အပိုင်း အခြေအနေပြောင်းသလို ပစ္စူသချိန်နှင့် အရုဏ်တက်ချိန်ပြ အခြေအနေတို့ကိုင်း- ဆက်၍ သုံးသပ်ပါဦး။

### ၁။ ယာမ် ၃-ခု အချိန်သတ်မှတ်ရပုံ

နေသွားမှုကို အကြောင်းရင်းခံ၍ ၁၂-လတို့၌ နေဝင်ချိန်တို့မှာလည်း တပုံစံတည်းမလာပဲ၊ ပုံစံအမျိုးမျိုး ရှိနေရာ ယင်း နေဝင်ချိန် ပုံစံတွေပြောင်း သလောက် ယာမ် ၃-ယာမ် (အချိန်) ခွဲခြား မှတ်ယူရပုံချင်းမှာလည်း မတူကွဲ ပြားလျက် ရှိပြန်တော့သည်။

**ပုံစံပြရသော်-**

(က) တာကူးလ၌ ညနေ ၆-နာရီနေဝင်သဖြင့် ၆-နာရီကျော်မှ စ၍ ညဘက်အဖြစ် သတ်မှတ်ကာ ထိုတာကူးလညဘက်ရရှိသော ၁၂-နာရီကို ၃-ပိုင်း ခွဲ၍ ယာမ် ၃-ခု လုပ်ယူတော့သည်၊ ယင်း ၁၂-နာရီကို ၃-ပိုင်းပြုသော် တပိုင်းမှာ ၄-နာရီစီရမည်၊ တဖန် ပုရိမယာမ်အချိန်ကို ၇-နာရီမှ ၁၀-နာရီအထိ ပိုင်း၍ မဇ္ဈိမယာမ်ကို ၁၁-နာရီမှ သန်းခေါင်ကျော် ၂-ချက်တီးထိ ပိုင်းခြား သည်၊ ပစ္ဆိမယာမ်ချိန်ကို ၃-ချက်တီးမှ နံနက် ၆-နာရီထိ ပိုင်းခြားသည်။

### ၂။ ပစ္ဆိမယာမ်၌ ၃-ပိုင်းထပ်ခွဲပုံ

(ခ) ပစ္ဆိမယာမ်အဖြစ် ပိုင်းခြားထားသော ၃-ချက်တီးမှ ၆-နာရီထိ ၄-နာရီကို ၃-ပိုင်းခွဲသော် နာရီအားဖြင့် ၁-နာရီနှင့် မိနစ် ၂၀-စီရသည်၊ ယင်း ရသော နာရီတို့ကို ၃-ချက်တီးနှင့် ၆-နာရီကြားကို နာရီခွဲဝေလိုက်သော်-

၁။ ၃-နာရီနှင့် မိနစ် ၂၀-မှာ ပစ္ဆိမယာမ်၏ ပဌမပိုင်းချိန်၊
၂။ ၃-နာရီ မိနစ် ၂၀-ကျော်မှ ၄-နာရီ မိနစ် ၂၀-ထိ ၎င်း၏ ဒုတိယ ပိုင်းချိန်၊
၃။ ၄-နာရီ မိနစ် ၂၀-ကျော်မှ ၆-နာရီထိ ၎င်း၏ တတိယပိုင်းချိန်။

အညွှန်း– ၎င်း ပစ္ဆိမယာမ်၌ ၃-ပိုင်းကို ဤကျမ်းစာ (ဒုတိယပိုင်း) စာမျက်နှာ (၁၁၃) ၌ "နာရီအချိန်နှင့်တွဲ၍ ရှင်းပြချက်"အခဏ်း ပစ္ဆိမယာမ် ၃-ပိုင်း ခွဲခြားပုံအပိုင်း၌ တကြိမ် ဖော်ပြပေးခဲ့ပေပြီ။

## ပစ္စူသနှင့် အရုဏ်တက်ချိန်

(ဂ) ယင်း ၂-ချိန်တို့သည် (ဤပစ္ဆိမယာမ်၏ တတိယပိုင်းထဲမှာ) ဝင်နေ၍ အထက်ပါ တာကူးလ ညနေ ၆-နာရီတိတိမှာ နေဝင်သော် ယင်း ၆-နာရီ ကျော်ကစ၍ ပုရိမ, မဇ္ဈိမယာမ် ၃-မျိုးနှဲပြီး တဖန်ပစ္ဆိမကို ၃-ပိုင်းထပ်ခွဲကာ ယင်း (တတိယပိုင်းပြ အချိန်တွင်းမှာပင်) ပစ္စူသချိန်နှင့် အရုဏ်တက်ချိန် ထုတ်ယူရပုံကို ဤတာကူးလ အခြေအနေကို ပုံစံထား၍ သိသာရုံ ခွဲခြား ပြခြင်းတည်း။

## ကျန် ၁၁-လတို့၌ နိုင်ချိန်ရန်အညွှန်း

၂။ အထက် တာကူးလမှာ ညဘက်၌ ၁၂ နာရီ အတိအကျရ၍ ၎င်းရသော နာရီအလိုက် ယာမ် ၃-ပါး ခွဲယူပုံ၊ နာရီချိန်တွဲပြပုံ၊ တဖန် ပစ္ဆိမယာမ်ကို ၃-ပိုင်း ထပ်ခွဲယူပုံ၊ နာရီချိန်တွဲပြပုံနှင့် ယင်း ပစ္ဆိမယာမ်၏ ၃-ပိုင်းအနက် တတိယပိုင်း အချိန်အတွင်းမှာ ပစ္စူသချိန်နှင့် အရုဏ်တက်ချိန်တို့ ရှိနေပုံကို သိမှတ်ထားပြီး–

(က) ညဘက်၌ ၁၂-နာရီ မရရှိပဲ ၁၀-နာရီနှင့် မိနစ်စွန်း ၁၀-၂၀ ၃၀-ထိရရှိနေကြသော ကဆုန်, နယုန်, ဝါခေါင်, တော်သလင်းလတို့၏ ညဘက် ယာမ် ၃-ပါး ပိုင်းခြားချိန်မှာ ညနေ ၆-နာရီကျော်မှ ပိုင်းခြားလို့ မရတော့ပဲ ထိုထိုလတို့၏ နေဝင်ချိန်ပြ နာရီမိနစ်က ပုရိမယာမ်ချိန်ကို စ၍ ပြရတော့မည့်ပြင် တညတာတွက် ၁၀-နာရီသာသာမျှ ရနေ၍ တာကူးလကဲ့သို့ တယာမ်မှာ ၄-နာရီ ထိ မရနိုင်တော့ပဲ (အထက်တွင်ဇယားနှင့် ပြထားပြီးအတိုင်း) ၃-နာရီ ၂၆-မိနစ် ကျော်သာ ရတော့မည်ကို၎င်း၊ ပစ္ဆိမယာမ်၏ တတိယပိုင်း အချိန်မှာလည်း တာကူးလကဲ့သို့ ၁-နာရီနှင့် ၂၀-မိနစ် မရနိုင်တော့ပဲ ၁-နာရီနှင့် ၈-မိနစ်သာ သာမျှသာ ရနိုင်တော့မည်ကို၎င်း၊ ယင်း ပစ္ဆိမယာ် တတိယပိုင်း အတွင်း၌

ပစ္စုပ္ပန်ချိန်နှင့် အနာဂတ်ချိန်တို့ (အတိုးအဆုတ်) ကွာ ရှိနေကြသည်ကိုင်း၊ မျှော်ခေါ် သုံးသပ်နိုင်ရာ၏။

(ခ) ထို့ပြင် ညဘက်၌ ၉-နာရီခွဲသာ အချိန်ရနေသော ဝါဆိုလ၌ ယာမ် ၃-ပါးစသည်တို့ ပိုင်းခြားရပုံတွေမတူ၊ ကွဲလွဲကြပုံကိုင်း။

(ဂ) ထို့ပြင် ညဘက်၌ ၁၂-နာရီနှင့် မိနစ် ၂၀-ရရှိသော တန်ဆောင်မုန်းလ ၁၃-နာရီနှင့် ၁၀-မိနစ်၊ ၂၀-မိနစ်၊ ၅၀-မိနစ် ရရှိကြသော နတ်တော်လ၊ တပို့တွဲလနှင့် တပေါင်းလတို့၌ ယာမ် ၃-ပါးစသည်တို့ ပိုင်းခြားရပုံတွေမတူ ကွဲလွဲကြပုံတို့ကိုင်း။

(ဃ) ထို့ပြင် ညဘက်၌ ၁၄-နာရီထိ ရရှိနေသော ပြာသိုလ၌ ယာမ် ၃-ပါး စသည်တို့ ပိုင်းခြားရပုံတွေမတူ ကွဲလွဲကြပုံတို့ကိုင်း ညာဏ်ခြုံ၍ သိမြင်နိုင်ကြစေသော်။

## နှိုင်းချိန်ရန် ထောက်ဆဖွယ်တရပ်

ယခုချိန် ဂမ္ဘာအဝှမ်းသုံး လ, ရက်, နာရီ, ပြက္ခဒိန်အဆင့် ရောက်နေသော ဂျန္နဝါရီလအစ ဒီဇင်ဘာလအဆုံး ထားသော ကမ္ဘာ့ပြက္ခဒိန်မှာလည်း နေဝင်ချိန်ကိုပြရာတွင် ၁၂-လလုံးမတူပုံနှင့် ပိုင်းခြားပုံတို့ကို ထောက်ရှုရန် နမူနာပြရလေသော်–

## ၁၉၇၄-ခုဒ္ဓ

၁။ ဂျန္နဝါရီလ ၁-ရက်နေ့ နေဝင်ချိန် ၅-နာရီနှင့် ၃၂-မိနစ် ၁၅-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၄၀-မိနစ်၊ လကုန် ၃၀-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၅၀-မိနစ် ရှိနေသည်။

၂။ ဖေဖွာရီလ ၁-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၅၂-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၆-နာရီတိတိ၊ လကုန် ၂၈-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၅-မိနစ် ရှိနေသည်။

၃။ မာချ်လ ၁-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၅-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၁၀-မိနစ်၊ လကုန် ၃၁-ရက်နေ့ ၆-နာရီ ၁၄-မိနစ် ရှိနေသည်။

၄။ ဧပရီလ ၁-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၁၄-မိနစ်၊ ၁၅-ရက်နေ့ ၆-နာရီ ၁၈-မိနစ်၊ လကုန် ၃၀-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၂၃-မိနစ် ရှိနေသည်။

၅။ မေလ ၁-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၂၄-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၂၈-မိနစ်၊ လကုန် ၃၁-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၂၀-မိနစ် ရှိနေသည်။

၆။ ဂျွန်လ ၁-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၃၆-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၄၀-မိနစ်၊ လကုန် ၃၀-ရက်နေ့ နေဝင်ချိန် ၈-နာရီ ၄၃-မိနစ် ရှိနေသည်။

၇။ ဂျူလိုင်လ ၁-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၄၃-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၄၃-မိနစ်၊ လကုန် ၃၁-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၃၀-မိနစ် ရှိနေသည်။

၈။ ဩဂုတ်လ ၁-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၃၈-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၂၉-မိနစ်၊ လကုန် ၃၁-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၁၇ မိနစ် ရှိနေသည်။

၉။ စက်တင်ဘာလ ၁-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၁၅-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၆-နာရီ ၄-မိနစ်၊ လကုန် ၃၀-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၅၀-မိနစ် ရှိနေသည်။

၁၀။ အောက်တိုဘာလ ၁-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၄၈-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၃၈-မိနစ်၊ လကုန် ၃၁-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၂၆-မိနစ် ရှိနေသည်။

၁၁။ နိုဝင်ဘာလ ၁-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၂၆-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၂၀-မိနစ်၊ လကုန် ၃၀-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၁၉-မိနစ် ရှိနေသည်။

၁၂။ ဒီဇင်ဘာလ ၁-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၁၉-မိနစ်၊ ၁၅-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၂၃-မိနစ်၊ လကုန် ၃၁-ရက်နေ့ နေဝင်ချိန် ၅-နာရီ ၃၁-မိနစ် ရှိနေသည်။

### ဓမ္မတာသဘာဝကို ညာဏ်ပြု၍ ဆင်ခြင်ထားရန် ကမ္ဘာ့ပြက္ခဒိန် ပြထားချက်

အထက်ပါ ၁၂-လလုံးနှင့် တလရှိရက် ၃၀-၃၁-ရက်လုံးတို့ကို အကုန်အစင် ဖော်ပြထားသော ကမ္ဘာ့ ပြက္ခဒိန်အဖြစ် ပြထားရမှာလည်း(နေ၏သွားလာမှု

အခြေအနေကြောင့်) တလ၏ ၁၅-ရက်အတွင်းမှာပင် (နေဝင်ချိန်ချင်း)မတူညီ ရှိနေသည်ကိုဆင်ခြင်မိကာ မြန်မာသုံး "ပ-သံ-တာ-ရှည်၊ တီး-သံ-မည်၊ လက်၊ စီ၊ ကံ၊ စ၊ ရေး" ဟူသော သူရိယသိဒ္ဓန္တကျမ်းလာ ၁၂-လနေ့တာနှင့် ညတာပြ နာရီလက်ာသည်လည်း တလလုံးအတွက် တပုံစံတည်းယူရန်မဟုတ်ပဲ (ဥပလက္ခဏာ နည်း)ခေါ် မှတ်ယူလွယ်ရုံ ရှေးပြေးအကြမ်းနမူနာပြ လက်ာမျိုးသာ ဖြစ်သည် ဟု ဆင်ခြင်သုံးသပ်ကာ အတိုးနှင့်အဆုတ်ပြုလုပ်ရန် ဉာဏ်ချိန်ခွင် သင်ထားပြီး (ဂဏန်းဖြင့်)တွက်ယူခဏ်းသည်(သစ္စာ ၄-ပါးကဲ့သို့)တကယ် အတိအကျမဟုတ် ပဲ (ယေဘုယျသုံးမျှသာ ပါတကား)ဟု ဉာဏ်ခြုံ ဉာဏ်ငုံထားနိုင်ကြစေသော်။

**အရှဏ်တက်ချိန်မှန် သိရှိရန် ၉၉-ရာနှုန်းထိ မှန်ကန်မှုကိုရနိုင်သော**

**စံနစ်ထူးကို ဖော်ပြခဏ်း**

နေဝန်းသွားမှု အခြေအနေမှန်ကို တိကျစွာမသိနိုင်၍ နေထွက်နေဝင်ချိန်၊ အရှဏ်တက်ချိန်တို့ ကမ္ဘာ့ပက္ခဒိန်နှင့်တကွ မြန်မာ့ ပက္ခဒိန်တို့ပါ အတိအကျ အနေဖြင့် မဖော်ပြနိုင်ကြသဖြင့် မှန်းဆ ခန့်မှန်းချေ အနေဖြင့်သာ ဖော်ပြထားရ ပုံတို့ကို အထက်တွင်ပုံစံတို့ဖြင့် အဖုံဖုံ တင်ပြထားခဲ့ပေပြီ။

ယခုကား ထိုသို့မှန်းဆချက် ခန့်မှန်းချက်မျိုးမဟုတ်ပဲ တရာမှာ ၉၉-ရာခိုင် နှုန်းအထိ မှန်ကန်မှုကို ရရှိစေနိုင်သော စံနစ်ထူးကို ဖော်ပြဘို့ကြံလာရာ ယင်း စံနစ်ထူးကို သိနိုင်ရေးအတွက် အောက်ပါအချက်တို့ကို ဦးစွာလေ့လာသိရှိထား ဘို့ လိုပေသည်။

**ဦးစွာလေ့လာ သိရှိထားရန်အချက်များ**

(က) ၁။ နေသွားမှုအကြောင်းပြု၍ ၁၂-လတို့၌ နေ့-ည အတို-အရှည် ရှိနေပုံပြထားသော အထက်ပါ ဇယားတို့ကိုင်း။

၂။ နေ့-ည အတို-အရှည်လိုက်၍ နေထွက်ချိန်နှင့် နေဝင်ချိန်တို့ ပြောင်း လဲပုံပြ ဇယားတို့ကိုင်း။

၃။ ယင်း အချက်တို့ကြောင့် တည်၍ ရှိနေကြသော ယာမ် ၃-ယာမ်တို့၏ ပုရိမယာမ်ကစ၍ ပိုင်းခြားယူရပုံ အရတို့ကိုင်း။

ယင်းအချက်တို့ကြောင့် ပစ္ဆိမယာမ်၏ ၃-ပိုင်းတို့အနက် တတိယပိုင်းသတ် မှတ်ရေး အခြေအနေတို့ကိုင်း၊ ပဌမဆင့် သင်ခဏ်းစာများ အဖြစ် သဲကွဲစွာ သိမြင်အောင် ဦးစွာလေ့လာထားရန် ဖြစ်သည်။

## ဒုတိယဆင့် လေ့လာရန်

(ခ) ၁။ ထို့နောက်- ဤကျမ်းစာ တတိယပိုင်း စာမျက်နှာ(၁၀၅)မှာ ပြဆိုထားသော "အရုဏ်တက်ချိန် သိနိုင်ရန် တိုင်းတာနည်း ၄-မျိုး"အဖြစ် ပြဆိုထားချက်ထဲမှ နံပါတ် ၄-ဖြစ်သော မျက်မြင်အနေဖြင့် လေ့လာတိုင်းတာပုံ အခဏ်းကို သတိပြုကာ လေ့လာသိရှိထားဘို့ လိုပေသည်။

၂။ ထို့ပြင် ယင်းတိုင်းတာနည်း ၄-မျိုးထဲမှ နံပါတ် ၃-ဖြစ်သော ငက် သတ္တဝါတို့ဖြင့် တိုင်းတာယူပုံ အခဏ်းကိုလည်း ပူးတွဲလေ့လာထားဘို့ လိုပေသည်။

၃။ ထို့နောက် ရောက်နေသောအချိန်ကို နှိုင်းဆဝေဖန်နိုင်အောင် နာရီ ၂-လုံးထားဘို့ လိုပေသည်။ တလုံးက နိုင်ငံသုံး၊ ရေဒီယိုအချိန်နှင့် တိုက်ယူထားရန်ကတလုံး၊ အထက်တွင် ပုံနှင့်တကွ ပြထားခဲ့ပြီး နေနာရီမှကူးယူထားသော နာရီကတလုံး ယင်း ၂-လုံးရှိမှ ညဘက်ပစ္ဆိမယာမ်၏တတိယပိုင်းချိန်မှာ ရေဒီယိုပြအချိန်နှင့် နေနာရီပြအချိန် ၂-မျိုးတို့၏ အခြေအနေနှင့် အချိန်ခွဲခြားယူချိန်၌ သဘာဝမှန်ကိုသိရှိဘို့ အထောက်အကူရဘို့ ဖြစ်ပေသည်။

## အခြေခံလုံလောက်ပြီး

ဖော်ပြပါ ကြိုတင်လေ့လာရန် ညွှန်ပြထားသော (က) အမှတ်ဆိုင်ရာ ၄-ချက်နှင့် (ခ) အမှတ်ဆိုင်ရာ ၃-ချက် ပေါင်း ၇-ချက်တို့ကို ပိုင်နိုင်စွာသိရှိထားပါက အရုဏ်တက်ချိန်မှန် ၉၉-ရာခိုင်နှုန်းထိ မှန်ကန်အောင် တိုင်းတာနိုင်တော့ပေမည်။

## နမူနာအားဖြင့် တိုင်းတာကြည့်စို့

၁။ ဝါဆိုလသည် နေ့တာအရှည်ဆုံးဖြစ်၍ ညတာအတိုဆုံးဖြစ်သွားသလို ပြာသိုလသည်လည်း နေ့တာအတိုဆုံးဖြစ်၍ ညတာအရှည်ဆုံး ဖြစ်ရလေသည်။

၂။ ထိုသို့ဖြစ်ရခြင်းကား- ဝါဆိုလမှာ နေဝန်းအတွင်း အနီးဆုံး ခရီးဘက်ရောက်လာ၍ နေ့တာရှည်ပြီး ညတာတိုရလေသည်။ ပြာသိုလမှာ နေဝန်း အပြင်ခရီး အဝေးဆုံးဘက်သို့ ရောက်နေ၍ နေ့တာတိုပြီး ညတာရှည်ရလေသည်။

၃။ ထိုအရ ဝါဆိုလ၌ နေ့ဘက် ၁၂-နာရီမဟုတ်တော့ပဲ ၁၄-နာရီနှင့် မိနစ် ၃၀-ရှိနေ၍ ညဘက်မှာ ၉-နာရီနှင့် မိနစ် ၃၀-သာရှိတော့သည်။ ထို့ကြောင့် နေ့ချိန်ရှည်၍ ညချိန် တိုသွားရသည်။

၄။ ပြာသိုလမှာ နေ့ဘက် ၁၀-နာရီသာရှိတော့၍ ညဘက်မှာ ၁၄-နာရီထိ ရှိတော့သည်။ ထို့ကြောင့် နေ့ချိန်တိုပြီး ညချိန် ရှည်ရလေသည်။

ထိုအခြေအနေအရ ဝါဆိုနှင့် ပြာသို ၂-လတို့၌ အရုဏ်တက်ပုံကို တွက်ပြကြစို့။

## ဝါဆိုလအရုဏ်တက်ချိန်တွက်ပုံ

၁။ ဝါဆိုလမှာ ညဘက် ၉-နာရီနှင့် မိနစ် ၃၀-သာရှိ၍ ၎င်းကို ယာမ် ၃-ယာမ်အတွက် အချိန်ခွဲဝေလိုက်သော် တပတ်အတွက် ၃-နာရီနှင့် ၁၀-မိနစ်စီ ရကြမည်။

၂။ ၎င်း ၃-နာရီနှင့် ၁၀-မိနစ်ကို ယာမ် ၃-ယာမ်ပိုင်းသော် ညနေ နေဝင်ချိန်ကစ၍ ပိုင်းခြားရမည်ဖြစ်၍ ဘယ်နှစ်နာရီမှာ နေဝင်သည်ကိုသိဘို့ လိုလာပြန်သည်။ ထိုအရ ဝါဆိုလမှာ ၆-နာရီနှင့် မိနစ် ၃၀-မှာ နေဝင်သည်ဆိုချက်အရ ပုရိမယာမ်ကို ညနေ ၆-နာရီနှင့် ၃၁-မိနစ်ကစ၍ ပုရိမယာမ်ပိုင်း စရမည်ဖြစ်ရာ ထိုအချိုးအတိုင်း ပုရိမ၊ မဇ္ဈိမ၊ ပစ္ဆိမယာမ်-ဟု မှတ်သည် ယာမ်ကြီး ၃-ယာမ်ထားပြီး ပစ္ဆိမယာမ်ကို ၃-ပိုင်းထပ်ခွဲပြီး တတိယပိုင်းမှာ အရုဏ်ချိန်ကို တိုင်းတာယူရပေမည်။

**မှတ်သားဖွယ်။** ။ဘယ်လမှာပဲ ဖြစ်စေ အရုဏ်တိုင်းယူ ချိန်သည် ပစ္ဆိမယာမ်၏ တတိယပိုင်းမှာချည်း တိုင်းတာရမြဲ ဖြစ်သည်ကို စွဲမြဲစွာ မှတ်ထားရာ၏။

## တိုင်း တာ ပုံ

၁။ ယင်း ပစ္ဆိမယာမ်၏ တတိယပိုင်းချိန်သည် သန်းခေါင်ကျော်သွားပြီး အစော ၄-နာရီနှင့် ၅-နာရီခွဲကြားမှာ တိုင်းတာယူရမည်ဖြစ်၍ ထိုအစော ၄-နာရီတွင် ရေဒီယိုနာရီနှင့် နေနာရီ ၂-လုံးတို့ဖြင့် အသင့်ရှိနေရပေမည်။

၂။ ထိုအချိန်မှာ အရှေ့လောကဓာတ်ဘက်သို့ မျက်နှာမူပြီး စောင့်ကြည့်နေသော်- ပဌမအမှောင်ရောင်ကြီးကိုသာ တွေ့ရပေမည်။

၃။ မိနစ် ၂၀-နှင့် ၅၀-အတွင်းမှာ (အလင်းဖြူရောင်နု) စပေါ်လာမည်။ ၎င်းကို (ပစ္စူသရောင်နု)ဟု ခေါ်သည်၊ ရှေး၌ ရှင်းပြခဲ့ပြီး။

၄။ ကို့နောက် ပစ္စူသရောင်နုမှ တဖြေးဖြေး (ပစ္စူသရောင်ရင့်) ခေါ် အဖြူရောင်ရင့်သည် ပိုပိုလာပေမည်။

၅။ ထို့နောက် ယင်း ပစ္စူသရောင်ရင့်ခေါ် အဖြူရောင်ရင့်ထဲသို့ (အနီနုရောင်ကလေး)တစတစပေါ်ထွက်လာမည်၊ ၎င်းကို (အရုဏသိခါ-တနည်း၊ အရုဏဂ္ဂါ)ဟု ခေါ်သည်။ မြန်မာလို (အရုဏ်ဦး)ဟု ခေါ်သည်။

၆။ ထို့နောက် အနီနုရောင်မှ အနီရင့်ရောင်သို့ ကူးလာမည်။ ၎င်းကို (အရုဏ်ကြီး) တက်လာပြီဟု ဆိုသည်။

၇။ ထို့နောက် အနီရင့်ရောင်ခေါ် အရုဏ်ကြီးနောက်က (အဖြူအလင်းရောင်ကြီး)ပို၍ပို၍ ပေါ်လာတက်လာသည်။ ၎င်းသည် နေထွက်လု နီးလာချိန်ကို ပြသည်။

၈။ ထို့နောက် နေထွက် ပေါ်လာတော့သည်။

## စက္ကန့်မိနစ်ပါ မလွဲမမှားနိုင်သော တိုင်းတာချက်

အထက်ပါ နံပါတ် ၁-မှ ၈-အထိတို့ကို နံပါတ် ၁-အချိန်ကစ၍ နာရီ ၂-လုံးဖြင့် မျက်မြင်မှတ်သား တိုင်းတာယူခဲ့သော်၊ တကယ်လက်တွေ့ မြင်ရသော အမှောင်ရောင်၊ အဖြူနုရောင်၊ အဖြူရင့်ရောင်၊ အနီနုရောင်၊ အနီရင့်ရောင်၊ အဖြူအလင်းရောင်ကြီးနှင့် နေထွက်ပေါ်လာသည်တို့ကို (တနာရီခွဲအတွင်းမှာ)တွေ့မြင်နိုင်၍ ယင်းတွေ့မြင်လာချက်နှင့် နာရီ ၂-လုံးပြအချိန်တို့ဖြင့် စက္ကူပေါ်မှာ (ရေးမှတ်လိုက်လာလျှင်) နာရီ မဆိုထားဘိ၊ မိနစ်၊ စက္ကန့်ပါမလွဲပုံကို တွေ့ရှိနိုင်၍-

၁။ ပစ္ဆိမယာမ်၏ တတိယပိုင်းအချိန်ကိုငှ်း။
၂။ ပစ္စူသချိန်၏ အစနှင့် ကာလပမာဏကိုငှ်း။
၃။ အရုဏ်နီရောင်နုနှင့် ရောင်ရင့်တို့ ပေါ်လာချိန်နှင့် ပေါ်လာပုံအစနှင့် ကာလပမာဏကိုငှ်း။

၄။ ယင်း အရုဏ်နီရောင်ရင့်နှင့် နေထွက် ပေါ်လာချိန်တို့၏ ကြားကာလပမာဏကိုငှ်း၊ မရှုပ်မထွေး သဲကွဲထင်ရှားစွာ သိမြင်နိုင်တော့သည်။

**သတိ။** ။အနည်းဆုံး ၅-ရက် ၇-ရက်မျှ (ဆက်၍) လက်တွေ့ လေ့လာကြည့်လျှင် အရုဏ်တက်သဘာဝနှင့် တက်ချိန်အတိအကျတို့ကို အမှန်အတိုင်းသိမြင်မှု ခိုင်လုံလာ၍ ဤနည်းသည် (၁၀၀)မှာ (၉၉)ရာခိုင်နှုန်းထိ မှန်ကန်နိုင်ကြောင်း တွေ့မြင်ပါလိမ့်မည်။

## ပိုမိုခိုင်လုံစေသော အထောက်အကူတခု

အထက်တွင် အကျယ်ဖော်ပြထားပြီးဖြစ်သော တိုင်းတာချက် ၄-မျိုးထဲမှ နံပါတ် ၃-ဖြစ်သော ကျီးနှင့်ဇရက်တို့၏ (မြည်အော်သံ)နှင့် ပူးတွဲလေ့လာလျှင် ပို၍ သံသယကင်းနိုင်သည်။ ကင်းနိုင်ပုံကား-

နံနက်တိုင်းမှာ အစာကို ရှာဖွေစားနေကြရသော ယင်း ကျီးနှင့်ဇရက်တို့မှာ အစာရှာထွက်ရန် ပဌမအိပ်ရာမှ နိုးလာရေးအတွက် (နှိုးစက်အဖြစ်) ပြုပေးနေသောအရာတခု ရှိသည်။ ၎င်းကား- (နေရောင်ပင်) ဖြစ်သည်။

ထိုသဘာဝအရနေမှ ပဌမဦးဆုံးလာသော (အရောင်)ကား (ပစ္စူသ)ဝေါ် အဖြူရောင်နုနှင့် အဖြူရောင်ရင့်တို့ဖြစ်သည်။ ထို့နောက် (ဒုတိယအရောင်ကား) အရုဏ်နီနုနှင့် အရင့်ရောင်တို့ ဖြစ်ကြသည်။

ယင်းနေမှလာသော အဖြူရောင် ၂-မျိုးနှင့် အနီရောင် ၂-မျိုးတို့ တဆက်တည်း ထွက်လာမြဲဖြစ်ရာ ၎င်း ၄-ရောင်တို့ ထွက်ပေါ်လာလျှင် ကျီးနှင့် ဇရက်တို့၏ မျက်ခွံမှမျက်စိတို့ကို(ထိုးနှက်တော့သဖြင့်)ယင်းငှက်သတ္တဝါတို့မှာ ဆက်၍ လူတို့လိုမှိန်းနေ အိပ်နေရန်မဖြစ်တော့ပဲ (ထကြတော့ဟေ့- နေရောင်လာပြီ) ဟု ပြောသည့်သဘောမျိုးဖြင့် တကောင်နှစ်ကောင်ကစပြီး အနီးသစ်ပင်များပေါ်ရှိ ကျီးနှင့် ဇရက်အားလုံးတို့ပါ မြည်ကြ အော်ကြ၍ ဆူညံလာတော့သည်။

## ဆို လို ချက်

ပစ္ဆိမယာမ်၏ တတိယပိုင်းအချိန်မှာ ပစ္စူသနေရောင်နှင့် အရုဏ နေရောင်နုရင့် ၄-မျိုးတို့လာမြဲဖြစ်သည်။ ယင်းနေရောင် ၄-မျိုးတို့လာလျှင် ကျီးနှင့်ဇရက်တို့ နိုးလာကြ၍ မြည်အော်ကြတော့သည်။ ၎င်းတို့မြည်အော်လာချိန်သည် ပစ္စူသနှင့် အရုဏ်တက်လာချိန်ဖြစ်၍ ငှက်တွေ ဆူညံလာချိန်နှင့် ပစ္စူသနှင့် အရုဏ်တက်လာချိန်တို့သည် အချိန်တူဖြစ်ကြ၍ အရုဏ်တက်ချိန်မှန်ကို တိုင်းတာနေသူတို့အတွက် အထောက်အကူတခု ဖြစ်နေသည်ဟု ဆိုလိုသည်။

## မိုးရွာ မိုးမှောင်ကျ ဆီးနှင်းကျချိန် ပို၍အကူအညီ ဖြစ်နေပုံ

ပစ္စူသချိန်နှင့် အရုဏ်တက်ချိန်မှာ မိုးရွာနေ၊ မိုးမှောင်ကျနေ၊ ဆီးနှင်းကျနေခဲ့သော် လူ့မျက်စိဖြင့် အဖြူနှင့်အနီ နေရောင် ၂-မျိုးလုံးကို မမြင်ရပေ၊ သို့ဖြစ်စေကာ ငှက်သတ္တဝါတို့မှာ သူ့ဓမ္မတာအရ မျက်ခွံမှာလာတိုးသော ယင်းနေ

ရောင်ကြောင့် အိပ်တန်းမှ မနိုးမဖြစ် နိုးလာကြ၍ (ပါးစပ်ကပါ) မြည်အော်မှု ပြုလာကြရသဖြင့် (အရုဏ်တိုင်းတာသူ) တို့အတွက် နေ၏ အဖြူနီရောင်ခေါ် ပစ္စူသရောင်လာချိန်နှင့် အရုဏ်ရောင်တက်လာချိန်တို့ကို (မျက်စိဖြင့်)တိုင်းတာ လို့မရ ဖြစ်နေစေကာ (နားဖြင့်) တိုင်းတာယူရန် အထောက်အကူတခု ရနေ တော့၍ လက်တွေ့သုတေသန ပြုလုပ်သူတို့အတွက် ထိုအချိန် ထိုနာရီအတွင်း ပစ္စူသချိန် ဟုတ်လေမလား၊ အရုဏ်တက်လာချိန် ဟုတ်လေမလားဟု မျက်တွေ့ မရနိုင်၍ သံသယဖြစ်ရေးကို ယင်း (ငှက်တို့အသံက) သံသယကို ဖယ်ရှားရန် သာကေတရပ် ဖြစ်တော့သည်။

(မင်္ဂလာဘုရားလက်ထက် ဗုဒ္ဓ အလင်းထဲမှ နေအလင်းကို ငှက်တွေ ခွဲယူသိ နိုင်ပုံ ရှေး၌ ပြခဲ့ပြီ။)

## မိုးမှောင် မကျနေ့-ကျနေ့ အော်မြည်မြဲ

မိုးမှောင်နှင့် ဆီးနှင်းတို့သည် အမြဲကျနေသည်မဟုတ်၍ ၎င်းတို့ မရှိမကျနေ့ မှာ၎င်း၊ ၎င်းတို့ ရှိလာ-ကျလာနေ့မှာ၎င်း၊ ပစ္စူသနှင့် အရုဏခေါ် နေ၏အဖြူ ရောင်နှင့် အနီရောင်တို့ အမှောင်အတွင်းဝင်လာလျှင် ဓမ္မတာဖြင့် နိုးကြရသော ကျီးနှင့်ဇရက်ငှက်တို့မှာ အော်လာမြဲ-မြည်လာမြဲကို လက်တွေ့သုတေသနပြုဘူးသူ တို့၌ တွေ့ရှိလျက် ရှိနေသည်။

## ဓမ္မတာအသံနှင့် နာရီ ၂-မျိုး ပူးတွဲကြည့်ချက်

ဖော်ပြပါ သဘာဝအရုဏ်အမှန်ကို ရရှိ သိမြင်ရေးအတွက် ပစ္ဆိမယာမ် တတိယ ပိုင်းအချိန်၌ ပစ္စူသအချိန်နှင့်အရုဏ်တက်ချိန်တို့ကို နာရီ ၂-မျိုးတို့ဖြင့် တိုင်းတာ ယူနေချိန်တွင် ၁-နာရီပြန်၊ ၂-ပစ္စူသရောင် ပေါ်လာချိန်၊ ၃-အရုဏ်ရောင် ပေါ်လာချိန်တို့ ညှိနှိုင်းနေချိန်နှင့် ၄-နေ့စဉ်မြည်လာသော ဓမ္မတာငှက်သံတို့ကို ပူးတွဲချိန်ဆကြည့်လျှင် မျက်မြင်ကိုယ်တွေ့ ဖြစ်ပါလိမ့်မည်။

## ၁၀၀-မှာ ၉၉-ရာခိုင်နှုန်းထိ မှန်သောနည်း

ဖော်ပြပါအတိုင်း ပစ္ဆိမယာမ်တတိယပိုင်းအချိန်မှာ နာရီ ၂-မျိုးနှင့် ပစ္စူသ အနုအရင့်နှင့် အရုဏအနုအရင့်တို့ အမှောင်ကြီးထဲ ဝင်လာပုံကို တိုင်းတာနေ ချိန်တွင် ဓမ္မတာငှက်သံတို့ကိုပါ ပူးတွဲတွက်ဆသော် အမှားနည်းကာ တရာမှာ ၉၉-ရာခိုင်နှုန်းထိ မှန်နိုင်သောနည်းဟု ဆိုရပေတော့သည်။

## အညွှန်း

ဤစိနစ်ဖြင့်တွက်ယူလျှင် ဘယ်နှစ်၊ ဘယ်ရာသီ၊ ဘယ်လ၊ ဘယ်ရက်မှာမဆို အမှားနည်းပြီး ဒါမှန်မျှားအောင် တွက်ဆ နိုင် တော့ သည် ဖြစ်၍၊ ပြာသိုလ အတွက် ထပ်၍ဖော်ပြရန် မလိုတော့ပေ။

## ချွင်းချက်

ပစ္စုသနှင့် အရုဏ်တက်ချိန်မှာ လရောင်ရှိနေလျှင် ပစ္စုသ အဖြူရောင်နှင့် လမှအဖြူရောင်တို့ (လူ့မျက်စိမှာ)ရောထွေး သံသယဖြစ်ဘို့ရှိနေ၍ သန်းခေါင် ကျော်မှာ လရောင်မရှိသော လဆန်း ၁-ရက်မှ ၈-ရက်အတွင်းမှာ တိုင်းတာ ယူလျှင် လရောင်နှင့်နေရောင် အဖြူရောင် ၂-ခုဟို(မရောထွေးတော့ပဲ) နေရောင် တမျိုးထဲသာတွေ့မည်ဖြစ်၍ လဆန်း ၁၀-ရက်မှ လဆုတ် ၁၃-၁၄-ရက်အတွင်း တိုင်းတာမှု (မပြုရန်) ချွင်းချက်အဖြစ် မှာကြားအပ်ပေသည်။

သို့ရာတွင် နေရောင်ဖြင့်နိုးရ၊ အစာရှာစားကြရသော ကျီး, ဇရက်-စသော တိရစ္ဆာန်တို့မှာကား—

၁။ လရောင်နှင့် နေရောင်ကိုလည်း ခွဲသိနိုင်ကြသည်။

၂။ တညလုံးနှင့် တနေ့လုံးမှာ ဘုန်းကံကြောင့် တလစပ် လင်းထိန်နေစေ နိုင်သော မင်္ဂလာဘုရား ပွင့်ပေါ်ချိန်မှာ ယင်းငှက်တို့သည် ဘုရား၏အရောင်နှင့် နေ၏အရောင်တို့ကို ခွဲခြားယူပြီး အိပ်ကြ, နိုးကြ, အစာရှာထွက်ကြကြောင်းကို ကျမ်းဂန်လာပုံကို ရှေး ဒုတိယပိုင်း၌ ဖော်ပြခဲ့လေပြီ။

## အရုဏ်တက်ချိန် တွက်နည်းပြခဏ်း ရပ်ဆိုင်းခြင်း

မူလပိုင်းကစ၍ တင်ပြခဲ့သော အရုဏ် တက်ချိန်တို့ ဖော်ပြကြသည့် ဝါဒ အမျိုးမျိုးတို့ အခြေအနေတို့ကို စိစစ်ပြခဲ့လေပြီ၊ ထိုထိုဝါဒတို့ဖြင့် ဗုဒ္ဓဟော အရုဏ်ချိန် ဟတ်မိ-မဟပ်မိကိုလည်း စာရှုသူတို့သိခဲ့ကြလေပြီ။

## အမှန်နည်းကို ဗုဒ္ဓဝါဒီတိုင်း အလိုရှိပေမည်

ထိုအခြေအနေအရ အရုဏ်တက်ချိန် သိနိုင်ရေး စံနစ်မှန်ကို လေ့လာအသုံး ပြုသူတိုင်း သိရှိနိုင်ကြစေရန်နှင့် သာမန်အမှန်မျိုးမဟုတ်ပဲ ၁၀၀-မှာ ၉၉-ထိ (ဝါ) (တရာလုံး-ရာနှုန်းပြည့်)မှန်နိုင်သောစံနစ်မှန်ကို အခြေခံဇယားအမျိုးမျိုး တို့ပါ ဖော်ပြတိုင်းတာပြမှု ပြည့်စုံလောက်ပြီဖြစ်၍ ဤကျမ်းစာအတွက် အဓိက

အချက်ဖြစ်သော အရဏ်တက်ချိန်မှန် သိမြင်နိုင်သော ခန့်မှန်း တင်ပြပေးရေး ကိစ္စသည် လုံလောက်တမျှဖြစ်နေ၍ ၎င်းကိစ္စကို ဤမျှဖြင့် ရပ်ဆိုင်း တန့်နား လိုက်တော့သည်။

## ဤကျမ်းစာပါအချက်စုကို ချုံးပြခြင်း

ဤကျမ်းစာကို လေ့လာရာ၌ လွယ်ကူစေရန် မူလပိုင်း၊ ပဌမပိုင်း၊ ဒုတိယပိုင်း၊ တတိယပိုင်း-ဟု ၄-ပိုင်းခွဲခြားကာ ဖော်ပြထားသည်။ ယင်း ၄-ပိုင်း စလုံး၏ အဓိကစိစစ် ဖော်ပြချက်မှာ အရဏ်ကိစ္စပင်ဖြစ်ရာ ၄-ပိုင်း၌ ယင်း အရုဏ်ကိစ္စ ပါဝင်ကြပုံမှာ-

၁။ မူလပိုင်း၌ အရဏ်တက်ကိစ္စ သုတေသနပြုရခြင်း၏ ရှေးပြေးအကြောင်း များဖြစ်ကြသော နံနက်တိုင်းမှာ ၂-ကြိမ်ကျ တုံး၊ ခေါင်းလောင်း၊ ကြေးစည် များကို ထိုးနှက်ချက်တို့တွင် ဒုတိယအကြိမ် တုံး၊ ခေါင်းလောင်း၊ ကြေးစည် တို့ကို ထိုးနှက်ချိန်သည် အရဏ်တက်ချိန်ကို ညွှန်ပြသော တုံး၊ ခေါင်းလောင်း၊ ကြေးစည်များဖြစ်ကြ၍ ယင်းဒုတိယ တုံး၊ ခေါင်းလောင်းသံပေးချိန်နှင့် အရဏ် တက်ချိန်တို့သည် မူသေကိုက်မရ၍ သံသယဖြစ်ဖွယ်ရှိနေကြောင်းကို၎င်း၊ ရှေး ပညာရှိအချို့တို့၏ အရဏ်တက်ချိန်ပြ လင်္ကာများအရမှာလည်း မတူညီပဲ ဖြစ်နေ ကြပြန်၍၎င်း ယင်းကိစ္စစုကို အမှန်သိရှိနိုင်ရေးအတွက် သံလျင်မြို့ပေါ်ရှိ ထိုကိစ္စ အပေါ် စိတ်ဝင်စားမှုရှိသည့်အပြင် ကျမ်းဂန်တို့နှင့်ညှိနှိုင်းသော အရည်အချင်းရှိ ဆရာတော်များ ပေါင်းဆုံ စုရုံးကြပြီး ဆွေးနွေးကြပုံနှင့် ကျမ်းဂန်အလာတို့ ကိုပါ ကိုးကားထုတ်ပြကြပုံများကို ဖော်ပြထားလေသည်။

၂။ ပဌမပိုင်း၌ ၁၃၃၆-ခုနှစ်၊ နတ္တော်လဆန်း ၃-ရက်နေ့ သံလျင်တောရ တွင် အရဏ်ကိစ္စ သုတေသနပြုဆရာတော်များ ဆွေးနွေးတိုင်ပင်ကာ အသီးသီး မိန့်ကြားသွားခဲ့ကြသော မှတ်တမ်းအကျဉ်းကို ကျမ်းဂန်လာချက်တို့နှင့် ညှိပြ ကာ အကျယ်ထုတ်ဖော် ရှင်းပြထားချက်များ၊ အရဏပုဒ်၏အရကို ကျမ်းဂန် စုံတို့က ဆိုမြွက်ချက်တို့ကို မှတ်သားဖွယ် ဖော်ပြထားလေသည်။

၃။ ဒုတိယပိုင်း၌ နံနက်ပိုင်းအချိန်ပြ ပုဒ် ၁၀-မျိုးတို့ကို ပိုင်းခြားစိစစ် ပြထားခြင်း၊ ပစ္စူသပုဒ်ကို မိုးသောက်ယံ၊ မိုးသောက်ခါ၊ မိုးသောက်ထအခါ၊ မိုးသောက်စအခါ၊ မိုးသောက်ခါနီး၊ လင်းအားကြီး အနက်များကို ရှင်းလင်း ဖော်ပြခြင်း၊ နေ့ည ပိုင်းခြားပုံကျမ်းဂန်လာ အဖုံဖုံ၊ အဇ္ဇအရ၊ အဇ္ဇတန အရ၊ အဇ္ဇတနီ အရတို့အား စိစစ်ပြခြင်း၊ ပဘာ၊ သာယန္ဟ-ပုဒ်တို့ကို ခွဲဝေစိစစ်ပြခြင်း၊ ကာလသေယဝနှင့် ပဋိကစ္စေဝပုဒ်တို့ကို ရှင်းလင်းပြထားလေသည်။

၄။ တတိယပိုင်း၌ အရှက်တက်ချိန် စိစစ်ပြခက်း၊ အရှက်နှင့်ဗုဒ္ဓ၊အရှက်နှင့် နေ၊ နေ၌မှက်သားဖွယ်ရာ အကျယ်ပြထားခက်း၊ ၁၂-လတို၌ နေသွားနေပုံ၊ ပြန်လာပုံတို့ပြ ဇယားအဖုံဖုံ၊ ဗေဒင်ပိုင်း၌ ဘုရားလောင်းများနှင့် ဗေဒင်ပညာ များ၊ ဗေဒင်ပညာတတ်သူတိုင်း အခြားပညာ ၉-မျိုးတို့ပါ သင်ကြားခဲ့ပုံများ၊ ကမ္ဘာ့ဗေဒကျမ်းများ ပြုခဲ့ကြသော ကျမ်းပြုဆရာကြီး ၁၀-ဦးတို့အား ဖော်ပြ ခက်း၊ နတ်နှင့်ဗြဟ္မာတွေမှာ ဗေဒင် ၆-ကျမ်းဝင် ပညာများ ပါတ်ထားကြပုံ၊ နေ-လ-နက္ခတ်-တာရာဆိုင်ရာများနှင့် နေ၊ လ၊ နက္ခတ်တို့ကြောင့် နှစ် ၅-မျိုး လ ၅-မျိုးနှင့် ရက် ၅-မျိုးထိ ဖြစ်လာကြပုံ၊ လူမျိုးအလိုက် ဝါထပ် လထပ်ချိန်၊ တာကူး-ကဆုန်၊ နယုန်-ဝါဆိုဟု ခြားနားနေကြပုံ၊ နေနာရီပုံစံနှင့်တကွ လေ့လာ ရန် ပြည့်နှန်းထားခြင်း၊ အချုပ်အားဖြင့် အရှက်တက်ချိန် မှန်ကို သိမြင်နိုင်ရန် တိုင်းတာနည်း ၄-နည်းတို့ကို ထုတ်ပြထားပြီး နံပါတ် ၄-နည်းကို လက်တွေ့ သုတေသနပြုရန် အထူးတိုက်တွန်းထားခြင်းတို့ကို ဖော်ပြထားလေသည်။

အထက်ပါ ၄-ပိုင်းတို့ဖြင့် အရှက်အရကို အသေးစိတ်သိမြင်ပြီးဖြစ်၍ အရှက် အတွက် သုတေသနပြုချက်ကို ဤမျှဖြင့် ရပ်နားလိုက်တော့သည်။

# နိဂမနံ

ဝိနယံ နိမ္မိလနာယ၊ ပတ္တေ ကာလေ သမာဂမံ။
မန္တနုဋ္ဌိဒံ ကတ္ထာဝ၊ နိဋ္ဌာပိတံ ပမောဒယံ။

## ကျမ်းပြီးအဆုံး ချုပ်နိဂုံး

ဝိနယံ၊ ဝိနယဟုသတ်မှတ် ဒေသနာတော် မြတ်ကို။ ဝိနယံ၊ မျက်မှောက်မျက်ကွယ် ၂-သွယ်ဌာန ဟူသမျှ၌ ကျင့်ရမချွတ် စောထွင်၍မိန့်ကြား သာသနာ့အသက်ဟုထင်ရှား ဝိနယကျင့်ဝတ် တရားကို။ နိမ္မိလနာယ၊ ဆုတ်ယုတ်ပျက်ပြား တန်ခိုးမှိန်ကာ ညှိုးမိန်၍မသွားလွယ်စေခြင်းငှာ။ နိမ္မိလနာယ၊ ကာလရှည်လျား ခေတ်အဆက်ဆက်များကို ကျော်လွှားဖြတ်သန်းလျက် သွားခဲ့ရလေ၍ ချိန့်ကစင့်ကလျား အဆိုးတွေလွှမ်းသဖြင့် ညှိုးခွေကာနွမ်းကျ၍ မသွားပါရစေခြင်းငှာ။ ကာလေ၊ ကလိယုဂ ဝိပ္ပတ္တိသမယနယ်တွင်းသို့။ ကာလေ၊ သာသနာ ၂၅၁၈-ခု၊ ကောဇာ ၁၃၃၆-ခု၊ ရတုဟေမန္တ ၂-ခုမြောက် မာသ နတ္တော်လဆန်းဘက် သုံးရက်နေ့ဝေါဟာ တနင်းလာနေ့ ချိန်အခါသို့။ ပတ္တေ၊ ရောက်ရှိလာချိန်မှာ။ သမာဂမံ၊ ညီညွတ်သမူစုရုံး ပေါင်းဆုံပြုကာ။ ဣဒံ-ကမ္မံ၊ အရဏ်နှင့်ဆိုင်ရာ ကျမ်းဂန်လာအဝဝ မြွက်ကြားထားပုံတွေ ဖော်ညွှန်းပြသည့် ဤကိစ္စဤကဏ္ဍကို။ မန္တနံ၊ ဆရာတော်အများ စိတ်ဝင်စားကြကာ တပါးစီအလှည့်ကျကျမ်းဂန်အဆိုတွေနှင့်ညှိပြကာ အဌကထာဋီကာ အလိုတွေပါသွင်းပြု တိုင်ပင်မှုကိစ္စကို။ ကတ္ထာဝ၊ ပဌမအကြိမ်အနေ ပြုလုပ်ခဲ့ကြလေပြီ။ ကတ္ထာဝ၊ အရှိန်ရနေ တကြိမ်စတင်ခဲ့လေပြီး နောက်မှာကား။ ၈၊ အချင်းချင်းညှိဆ အကြိမ်ကြိမ်မန္တနတို့ဖြင့် အဓိအငနှင့် အပြည့်အဝရှိလာကြစေရန် ဖန်တီးချက်အတန်တန်ကို။ ကတ္ထာဝ၊ လ,အတော်ကြာမျှ အမှန်နည်းသို့ကျအောင် ဝိနယနှင့် တိုင်းတာပြုလုပ်နေကြကုန်လေရာ။ ကာလေ၊ နှစ်ကူးသွားချိန်အခါသို့။ ကာလေ၊ ၁၃၃၆-ခုနှစ်မှ သာသနာ ၂၅၁၉-ခုနှစ်၊ကောဇာ ၁၃၃၇-ခုနှစ်ဘက် ကူးတက်ပြောင်းလာသမဏာအရှင်တွေ ဘဂဝါအလိုနှင့်(သုံးလတာ)အခါခိုနေကြမည့် ဝါဆိုလပြည့်အင်္ဂါနေ့ ချိန်တော်သာသို့။ ပတ္တေ၊ ရောက်လာခဲ့လေသော်။ ဣဒံ-ပကရဏံ၊ ယခင်ဆွေးနွေးခဲ့ ပေါင်းစု ယခုကျမ်းစာတခု အရာရောက်ရှိလာသော (အရဏတ္ထပဋ္ဋိကာ) အမည်တင့်လွှမ်း ဋီကာခေါ်ကျမ်းသည်။ ပမောဒယံ၊ ဝမ်းမြောက်ကြည်သာ လန်းရွှင်စွာ။ ပမောဒယံ၊ ကြိမ်ခါခါရှုဆ သုံးသပ်ညှိနှိုင်းခွင့်လည်း

ရကြ ကျမ်းဂန်စုံမှလည်း ပေါ်ပြခွင့်ရကြသည့်ပြင် အံရဏ်တက်ချိန်အရကို တိတိကျကျနှင့် သိရှိကြစေရန် လမ်းပြနိုင်ပြန် တိုင်းတာတွက်ယူနည်း စံနစ်မှန်ကိုပါ ကာလံနှင့်လျော်ကန်စွာ အများအတွက် မားမားကြီးပေါ်ထုတ်မြွက်ကာ ပြဿန်နိုင်ကြ၍ ဟဒယကြည်တင့် ဝမ်းမြောက်ခွင့်ရရှိကြကာ။ နိဋ္ဌာပိတံ၊ ခရီးဖုံးရပ်ကာ ပြီးဆုံးသတ်လိုက်လေပြီ။ နိဋ္ဌာပိတံ၊ သာသနာမှန် အတွက် အမှားရန်စွယ်တွေကို ပျက်စေ-ပျက်စေနိုင်သော ဓမ္မလက်နက် အဖြစ် လျော်စွာ ပေါ်လာထွက်နိုင်၍ အော်....ပျော်စွာ-ပျော်စွာဆက်ကာ ခရီးတထုံးရပ်စေသည့်အနေဖြင့် အပြီးအဆုံးသတ်ရန် ဆိုကြ-ကြုံရတုံလေပြီ။

**မှတ်ဖွတ်-** ဤဂါထာပါ ပတ္တော၊ ကာလေ၊ ဣဒံနှင့်ကတွာဝပုဒ်တို့ကို အထပ်ထပ် အနက်ပေးခြင်းသည် (ကေတုဘကျမ်းလာ)အတ္ထာလင်္ကာရာဝဗောဓပိုင်းရှိ (ဒီပကအလင်္ကာမျိုး)မှ မဇ္ဈေဒီပက အလင်္ကာနည်းဖြင့် အနက် ဖော်ထုတ်ခြင်းဖြစ်သည်။ ပုဒ်ထားကျဉ်းပြီး အနက်သွား ကျယ်ပြန့်စေသော နည်းဟူလို။

## ပတိ မာ နံ

သုဒေန္တံ သာဓကောစိက္ခံ၊ နာနာဂန္ထေဟိ စာနိတံ။
အရဏ္ဏတ္ထံ ပကာသေန္တံ၊ နေတ္တုဘယေဟိ ဘေဒေမန္တိ။

### မျှော်ရှုချက်

စ၊ ကျမ်းစာပြီးလေ မျှော်ရှုချက်အနေကို ခွဲဝေ၍ပြပါဦးအံ့။ စ၊ ဝမ်းသာစီးလျက် ကျမ်းစာကြီးပြီးသည့်နောက် အများထံရောက်၍ တခေါက်အစ ဆုံးပေါက်ကျအောင် ဖတ်ရှုကြရသော် နည်းနှင့်ဂန္ထ စုံလတ် ဤကျမ်းကူးမြတ်ကို မှတ်ရှုစရာလွန်များ ဗဟုသုတ အစုံပွားစေမည့် လက်ကိုင်ထားစရာ ကျမ်းစာအလား စေတနာမှ ထားနိုင်ကြပါလေမည်လားဟု မျှော်ရှုကာနေချက် ဇောစိတ်သန် ငွါးငွါးတက်ကို ဆက်၍တခါ ပေါ်ပြလိုက်ပါဦးအံ့။ နာနာဂန္ထေဟိ၊ ကျမ်းဂန်အစုံစုံတို့မှ။ နာနာဂန္ထေဟိ၊ သကပက္ခဆိုင်ရာ ပိဋကတ် ကျမ်းဂန်လာတို့နှင့်တကွ ပရပက္ခဆိုင်ရာ သက္ကဋတဖြာ၊ ပရာကရိတက တခန်း၊ ဟိန္ဒီ၊ အင်္ဂလိပ်ကျမ်းတို့အပြင် ဗေဒင်ခဏ်းစပ်ရာ မှတ်ဖွယ်အဖြာဖြာတွေ ပါရှိနေ၍ လမ်းမှန်ကိုခြုံယူနိုင်စေသည့် ကျမ်းဂန်အစုံစုံတို့မှ။ အာနိတံ၊ ဆောင်ယူ ပြထားအပ်သော၊ (ဝါ) ဆောင်ယူ ပြထားသဖြင့်။ သာဓကောစိက္ခံ၊ မမှောက် မမှားကြရအောင် ထောက်ထားချက် အဝဝ ကျမ်းဂန္ထ အဖုံဖုံတို့ကိုပါ ခြုံငုံ၍ ပြဿန်ထားသည့် မျိုးခြား ဗဟုသုတ အဝဝပေါ်မြွက် ပြဿန်ချက်ကို။ သုဒေန္တံ၊ ပွင့်ပွင့်လင်း

လင်းနှင့် ရှင်းရှင်းကြီးသာ ပေးထားပါပေ ထသော။ အရဏတ္တံ၊ အရဏ်၏ အနက်အဓိပ္ပါယ်စုံ အကုန်တမျှ သိမှတ်ဖွယ် အ၀၀ကို။ ပကာသေန္တံ၊ ပြည့်နှံ ပေးနေထသော။ ပကာသေန္တံ၊ ၄-ပိုင်းထိ ခွဲခြားစိတ်ဖြာ၍ အများထုံနိုင်ကြ အောင် ဇယားအဖုံဖုံတွေနှင့်ပါ ထုတ်ဆင့်ပြည့်နှံပေးနေထသော။ ဣမံ-ဂန္ထံ၊ အရ ဏတ္ထ ပဋိကာ ဋီကာခေါ်လတ် ဤကျမ်းစာမြတ်ကို။ နေတ္တုဘာယေဟိ၊ မျက်စိ ၂-မျိုးတို့ဖြင့် (၀ါ) မံသမျက်စိကတဖြာ ပညာမျက်စိကတဘက် ပြောင်လက် တောက်ပသော မျက်စိ ၂-ဘက်တို့ဖြင့်။ ဘာဒေ-ဘာဒေထ၊ ခွဲခြားကာကြည့်မြင် နိုင်ကြပါကုန်လော။ ဘာဒေ-ဘာဒေထ၊ အစွဲထားချက်တွေကိုလည်း ပယ်ရှား အလွဲမှားကွက်တွေဘက်သို့လည်း လည်ထွက်၍မသွားမိစေအောင် ဉာဏ်အားဖြင့် ချုပ်ကိုင်ကာ အလွဲနှင့်အယူတတ်တို့ကို တိုးဝင်၍မရှုပ်ကြစေအောင် ခွဲထုတ်ပိုင်ပိုင် ပြုစီမံနိုင်ကြစေကုန်သော်။ ဣတိ၊ ဤမှာပင် အရဏတ္ထ ပဋိကာဋီကာကျမ်း တခန်းရပ်ကာ အပြီးသတ်လိုက်လေပြီ။

သာသနာ ၂၅၁၉
ကောဇာ ၁၃၃၇-ခု၊ ဝါဆိုလပြည့်၊ အင်္ဂါနေ့၊
ကမ္ဘာ ၁၉၇၅-ခု၊ ဂျူလိုင် ၂၂-ရက်။

စုပေါင်းကျမ်းပြု
အရဏ သုတေသန
ဆရာတော်များ၊ သံလျင်မြို့။

# အလှူရှင်များ

| အမည် | နေရပ် | ကျပ်ငွေ | အုပ်ရေ |
|---|---|---|---|
| ဘိုကုန်းဆရာတော်နှင့် တပည့်များ | သံလျင်မြို့ | ၃၀၀ | ၃၀ |
| ဘုံကျော် ဆရာတော် | သံလျင်မြို့ | ၂၀၀ | ၂၀ |
| နန်းဦး ဆရာတော် | သံလျင်မြို့ | ၂၀၀ | ၂၀ |
| သနပ္ပင်မြို့နယ် မိုဃ်းခိုင်လေး ဆရာတော် | | ၅၀ | ၅ |
| ကဝမြို့နယ် သောင်ကြီးရွာ ဆရာတော် | | ၅၀ | ၅ |
| နာယက ဦးလှမောင်-ဒေါ်သန်းတင် | | ၁၂၀ | |
| ဦးသန်းမောင်-ဒေါ်အေးကြည် ၁၀၈၊ မြန်မာ့ဂုဏ်ရည်လမ်း | ရန်ကုန် | ၅၀ | ၅ |
| ဦးစံငြိမ်း လက်သမားဆရာကြီး ကျောက်တန်းမြို့ | | ၅၀ | ၅ |
| ဦးသိန်းဝင်းဦး-ဒေါက်တာ ဒေါ်အမာခင် ကျိုက္ခမီမြို့ | | ၁၀၀ | ၁၀ |
| ဦးသိမ်းမောင်-ဒေါ်လှရွှေ ၃၃၊ ၁၁-လမ်း၊ ဖ ဆ ပ လ ရန်ကုန် | | ၃၀ | ၃ |
| ဦးစိန်ဝင်း-ဒေါ်အောင်ကြည် | | ၃၀ | ၃ |
| ဦးသိန်းဟန်-ဒေါ်သန်းသန်းငွေ အငြိမ်းစား ဂါတ်ဗိုလ်ကြီး (ပုဂံ ရေချိုး ပဲခူးပေါ် သာသနာပြု ဗြဟ္မစိုရ်ပင်ရင်းဌာန) အမှတ် ၂၄၃၊ မဟာဇေယျလမ်း၊ ပြည်ထောင်စုရပ်ကွက်၊ ပဲခူးမြို့ | | ၁၀ | ၁ |
| ဦးဘဦး | ပဲခူး | ၁၀၀ | ၁၀ |
| ဦးငွေရှိန်-ဒေါ်တင်မြင့် | ပဲခူး | ၃၀ | ၃ |
| ဦးကြည်-ဒေါ်ချစ် | ပဲခူး | ၁၀ | ၁ |
| ဦးမြအေး-ဒေါ်တင်လှိုင် | ပဲခူး | ၁၀ | ၁ |
| ဦးထွန်းကြည်-ဒေါ်စန်းမြင့် | ပဲခူး | ၁၀ | ၁ |
| ဒေါ်အုန်းကြည် | သနပ္ပင် | ၁၀ | ၁ |
| ဒေါ်သန်းစိန် | သုံးအိမ်စုရွာ | ၁၀ | ၁ |
| ဒေါ်သန်းရှင် ပန်းလှိုင်ရပ် (၂၁) လမ်း၊ | ပဲခူး | ၁၀ | ၁ |
| ဦးစန္ဒာဝရ ပန်းတောင်းဘုန်းကြီးရွှေနံ့သာပြည်တော်အေး ဘုရားကျောင်း | ပဲခူး | ၁၀ | ၁ |

[illegible]ာသယ ၅၉၅-၃၃

| အမည် | နေရပ် | ကျပ်ငွေ | အုပ်ရေ |
|---|---|---|---|
| ဦးကြင်စံ-ဒေါ်အုန်းမြင့် စက်ကုန်း ကန်းနားလမ်း | သနပ်ပင်မြို့ | ၅၀ | ၅ |
| ဒေါ်စိမ်းညွန့် ဗိုလ်ကုန်းရပ်ကွက်၊ ဘုန်းဝိဇ္ဇာလမ်း | ပဲခူး | ၁၀ | ၁ |
| ဦးထွန်းရှင် ပြည်တော်သာရပ်ကွက် (၂) လမ်း | ပဲခူး | ၁၀ | ၁ |
| ဦးပု မှော်ကန် (၇) လမ်း | ပဲခူး | ၁၀ | ၁ |
| ဦးမောင်မောင်-ဒေါ်စန်းရီ ဆ-ရ-လ (၁) လမ်း | ပဲခူး | ၁၀ | ၁ |
| ဒေါ်မြတင် မိသားစု ရွှေအောင်ရိုး ၁-လမ်း | ပဲခူး | ၅၀ | ၅ |
| ဒေါ်အုန်းရှင် မိသားစု ကုက္ကိုတန်းမင်းရွာ | ပဲခူးခရိုင် | ၂၀ | ၂ |
| ဦးအုန်းခိုင်-ဒေါ်တင်တင် ကန်းနားလမ်းဇိုင်းဂနိုင်းတောင်ပိုင်း | ပဲခူး | ၁၀ | ၁ |
| ဦးမြင့်သိန်း-ဒေါ်ရင်မြ သမီး မြကေသွယ် နှင့် မသန္တာ (ဓာတ်ဆီဆိုင် မန်နေဂျာ) | သနပ်ပင်မြို့ | ၁၀ | ၁ |
| ဦးကျော်မင်း-ဒေါ်သိန်းမြင့် သမီး သိန်းသိန်းဌေး (ခ)မသီတာကျော်မင်း ပြည်တော်သာ ၁-လမ်း | ပဲခူး | ၁၀ | ၁ |
| ဒေါ်တင်ဝင်း(ကျောင်းဆရာမ)ပြည်တော်သာ ၁-လမ်း | ပဲခူး | ၁၀ | ၁ |
| ဦးလှသိန်း-ဒေါ်ညွန့်မေ နှင့် ဒေါ်စန်း မိသားစု ဆ-ရ-လ ၄-လမ်း | ပဲခူး | ၅၀ | ၅ |
| ဦးလှမောင်-ဒေါ်ညွန့်ရွှေ မှော်ကန် ၁-လမ်း | ပဲခူး | ၃၁၀ | ၃၁ |
| ဦးဘိုးတုပ်-ဒေါ်စိန်မြင့် မိုးခိုင်ကြီးရွာ | ပဲခူးခရိုင် | ၂၀ | ၂ |
| ဦးသိန်းရွှေ-ဒေါ်နှင်းရွှေ မှော်ကန် ၆-လမ်း | ပဲခူး | ၁၀ | ၁ |
| ဒေါ်သန်းမြ၊ ဒေါ်ခင်အေး၊ မောင်ကြည်လှ မှော်ကန် ၆-လမ်း | ပဲခူး | ၂၀ | ၂ |
| ဗုဒ္ဓ၏ တရားစစ်များ ပြန့်ပွားရေး အဖွဲ့ခွဲ (၁) မုဒုံ | မဟာဂါမ ဘီလူးကျွန်း | | ၅၀ |
| ဗုဒ္ဓ၏တရားစစ်များ ပြန့်ပွားရေးအဖွဲ့ခွဲ (၂) | မော်လမြိုင်မြို့ | | ၂၀ |
| ဗုဒ္ဓ၏တရားစစ်များ ပြန့်ပွားရေးအဖွဲ့ခွဲ(၆)တောင်သာမြို့နယ် | ဆီမီးကန်ရွာ | | ၅၀ |

| အမည် | ကျပ်ငွေ |
| --- | --- |
| ဦးဖိုးလစ်-ဒေါ်သန်းစိန်၊ သမီး ဒေါ်ညွန့်ရှင် | ၁၂ |
| ဦးဘဝင်း-ဒေါ်စု မိသားစု | ၁၂၀ |
| ဦးမြ-ဒေါ်စိန်မှတ် မိသားစု | ၆၀ |
| ဦးပု-ဒေါ်ညွန့် မိသားစု | ၁၂ |
| ဦးပန်းရုံ-ဒေါ်အေးကြွယ် မိသားစု | ၆၀ |
| ဦးထွန်းတင်-ဒေါ်တဆုပ် ကမာရွတ် | ၆၀ |
| မမျိုးမျိုးအေး တ/ဥက္ကလာပ | ၆၀ |
| ဦးမြမောင်-ဒေါ်တင်မေ မိသားစု | ၁၂၀ |
| ဦးအောင်စည်-ဒေါ်သန်း မိုယ်းခိုင်ကြီးရွာ | ၁၂၀ |
| ဒေါ်လှမြင့် တာမွေ | ၆၀ |

ဆရာတော် ပူဇော်ပွဲတွင် လှူဒါန်းကြသော

## အလှူရှင်များ

| | | |
| --- | --- | --- |
| နာယက ဦးလှမောင်-ဒေါ်သန်းတင် မိသားစု | ရန်ကုန် | ၃၀၀၀ |
| ဦးဘဝင်း-ဒေါ်စု မိသားစု | ရန်ကုန် | ၃၀၀၀ |
| ဒေါ်လုံး မိသားစု | သံလျင် | ၃၀၀၀ |
| ဦးမြရှိန်-ဒေါ်ကျင်ရင် မိသားစု | ရန်ကုန် | ၃၀၀၀ |
| ကရုပ်ပိရွာ၊ ကွမ်လှာရွာ အဖွဲ့ | မွန်ပြည်နယ် | ၃၀၀၀ |
| ဆီမီးကန်ရွာ အဖွဲ့ | မြင်းခြံခရိုင် | ၃၀၀၀ |
| ဦးဖိုးလစ်-ဒေါ်သန်းစိန် သမီး ဒေါ်သန်းရှင် | | ၃၀၀၀ |